
ထေရဝါဒဗုဒ္ဓဘာသာမော်ကွန်းဝင်

# ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်



ဒေါက်တာမြတ်မြတ်ထွန်း (Ph.D)

ရေးသားပြုစုသည်

သာသနာ ၂၅၅၁ ကောဇာ ၁၃၆၉ အေဒီ ၂၀၀၇

ထေရဝါဒဗုဒ္ဓဘာသာမော်ကွန်းဝင်

# ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်

ဒေါက်တာမြတ်မြတ်ထွန်း (Ph.D)

ရေးသားပြုစုသည်

သာသနာ ၂၅၄၉ ကောဇာ ၁၃၆၉ အေဒီ ၂၀၀၇

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၆၆၇၃
ရက်စွဲ ၂၄-၁-၀၈
သုတေသနစာကြည့်တိုက်


## ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ**

ဦးထွန်းမြအောင် (၀၃၈၄၅)
ဒုတိယညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

**ပုံနှိပ်သူ**

ဦးရှိန်ဘီး (မြဲ-၀၆၇၅၉)
အမှတ် ၈၇၊ ကျွန်းရွှေမြိုင်လမ်း၊
သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့သစ်။

**ပုံနှိပ်ခုနှစ်**

၂၀၀၇-ခုနှစ်၊ အောက်တိုဘာလ

**အုပ်ရေ**

၁၀၀၀

# မာတိကာ


- စာမိတ်ဆက် က
- နိဒါန်း ဈ

**အခန်း (၁) သင်္ဂါယနာတင်ပွဲများ**

၁။ သင်္ဂါယနာဟူသောဝေါဟာရ ၁

၂။ စာပေကျမ်းဂန်လာ သင်္ဂါယနာတင်ပွဲများ ၉

၃။ ပထမသင်္ဂါယနာတင်ပွဲ ၂၆

၄။ ပထမသင်္ဂါယနာတင်ရသည့်အကြောင်း ၂၇

၅။ ပထမသင်္ဂါယနာတင်ရန်ပြင်ဆင်ပုံ ၃၄

၆။ ဒုတိယသင်္ဂါယနာတင်ပွဲ ၃၈

၇။ အစမ္မဝတ္ထုဆယ်ပါး ၃၈

၈။ အရှင်ယသ၏ကြိုးပမ်းမှုများ ၄၀

၉။ တတိယသင်္ဂါယနာတင်ပွဲ ၄၄

၁၀။ တတိယ သင်္ဂါယနာအတွက် တင်ကြိုဆောင်ရွက်မှုများ ၄၄

၁၁။ တတိယသင်္ဂါယနာတင်ပွဲ၏မဟာနာယက
အရှင်မောဂ္ဂလိပုတ္တတိဿ ၄၇

၁၂။ တတိယသင်္ဂါယနာ၏ဒါယကာ အသောကမင်း ၅၀

မာတိကာ


၁၃။ တတိယသင်္ဂါယနာတင်ရသည့်အကြောင်းရင်း ၅၂

၁၄။ တတိယသင်္ဂါယနာတင်ပွဲမှရရှိသောအကျိုးကျေးဇူးများ ၅၈

၁၅။ စတုတ္ထသင်္ဂါယနာတင်ပွဲ ၆၀

၁၆။ စတုတ္ထသင်္ဂါယနာတင်ပုံအကြောင်း
အထောက်အထားများ ၆၀

၁၇။ စတုတ္ထသင်္ဂါယနာတင်ရာ၌ဝဋ္ဋဂါမဏိမင်း၏
အထောက်ပံ့ ပါမပါ ၆၄

၁၈။ စတုတ္ထသင်္ဂါယနာတင်ရာကာလ ၆၇

၁၉။ စတုတ္ထသင်္ဂါယနာတင်ရာဌာန ၇၀

၂၀။ စတုတ္ထသင်္ဂါယနာတင်ပွဲ၏သံဃမဟာနာယက
အရှင်မဟာ ဓမ္မရက္ခိတ ၇၁

၂၁။ စတုတ္ထသင်္ဂါယနာ၌ပါဝင်သော သံဃာအရေအတွက် ၇၃

၂၂။ စတုတ္ထသင်္ဂါယနာတင်ပွဲတွင် ပေထက်အက္ခရာ
တင်ခဲ့သော ပိဋကတ်ပါဠိတော်များ ၇၄

၂၃။ စတုတ္ထသင်္ဂါယနာတင်ပွဲတွင် ပေထက်အက္ခရာ
တင်ခဲ့သော အဋ္ဌကထာ ကျမ်းများ ၇၇

၂၄။ ပဉ္စမသင်္ဂါယနာတင်ပွဲ ၈၁

၂၅။ ပဉ္စမသင်္ဂါယနာ၏ဒါယကာ မင်းတုန်းမင်းကြီး
(ဖွား၁၈၁၄–လွန်၁၈၇၈) ၈၁

၂၆။ ပဉ္စမသင်္ဂါယနာတင်ပွဲ၏ သံဃမဟာနာယကသုံးပါး ၈၅

၂၇။ ပဉ္စမသင်္ဂါယနာတင်ရာ၌ပါဝင်သော
ပိဋကတ်ပါဠိတော် ကျမ်းစာများ ၈၇

မာတိကာ

၂၈။ ကျောက်ထက်အက္ခရာတင်ပွဲနှင့်
ပဉ္စမသင်္ဂါယနာတင်ပွဲ သီးခြားစီဖြစ်ပုံ ၉၀

**အခန်း(၂) ဆဋ္ဌသင်္ဂါယနာ တင်ရန်အတွက် ကြိုတင်ကြိုးပမ်း ဆောင်ရွက်ချက်များ**

၁။ ဆဋ္ဌသင်္ဂါယနာတင်ရခြင်းအကြောင်း ၉၃
၂။ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံ သာသနာရေးအခြေအနေ ၉၇
၃။ နိုင်ငံတော်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ၁၀၉
၄။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ၁၁၀
၅။ နိုင်ငံတော်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့်
တိပိဋကစာရွေးချယ်ရေးစာမေးပွဲ ၁၁၄
၆။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့နှင့်
တိပိဋကစာရွေးချယ်ပွဲ ၁၂၁
၇။ ဆဋ္ဌသင်္ဂါယနာတင်ပရိက်များပြုလုပ်ခြင်း ၁၂၄
၈။ ဆဋ္ဌသင်္ဂါယနာတင်ရန်တာဝန်ကို
ဗုဒ္ဓသာသနာအဖွဲ့သို့ လွှဲအပ်ခြင်း ၁၂၈
၉။ ဆဋ္ဌသင်္ဂါယနာတင်ရန် ရှေ့ပြေးအဖွဲ့ဖိတ်ခေါ်ဆွေးနွေးခြင်း ၁၃၈
၁၀။ ဩဝါဒါစရိယသံဃနာယကအဖွဲ့ ၁၄၁
၁၁။ ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃာအဖွဲ့ ၁၄၂
၁၂။ ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃာ့အဖွဲ့ခွဲများ ၁၄၅
၁၃။ ပိဋကတ်တော်များမြန်မာပြန်ခြင်း ၁၄၈

၁၄။ ပါဋိဝိသောဓကအဖွဲ့. ၁၅၅
၁၅။ ပဋိဝိသောဓကအဖွဲ့. ၁၆၁
၁၆။ ဩသာနသောဓေယျအဖွဲ့. ၁၆၂
၁၇။ ဥပတ္ထမ္ဘကအဖွဲ့. ၁၆၂
၁၈။ ပါဠကနှင့် ဘာဏကအဖွဲ့. ၁၆၃
၁၉။ ဆဋ္ဌသင်္ဂါယနာ အာဂုံပြန်စည်းကမ်း ၁၆၃
၂၀။ ပုစ္ဆကနှင့် ဝိဿဇ္ဇက ၁၆၇

## အခန်း(၃) ဆဋ္ဌသင်္ဂါယနာတင်ရာ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ

၁။ ဆဋ္ဌသင်္ဂါယနာတင်ရာဒေသ ၁၆၉
၂။ ရန်ကုန်မြို့၏နောက်ခံသမိုင်းအကျဉ်း ၁၇၀
၃။ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ၁၇၄
၄။ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ၁၇၅
၅။ ဆဋ္ဌသင်္ဂါယနာတင်အဆောက်အဦးစီစဉ်ရေးအဖွဲ့. ၁၈၁
၆။ ဆဋ္ဌသင်္ဂါယနာတင်အဆောက်အဦးများ ဆောက်လုပ်ရန် မြေနေရာ ရရှိရန် ကြိုးပမ်းဆောက်ရွက်ခြင်း ၁၈၃
၇။ ဆဋ္ဌသင်္ဂါယနာတင် အဆောက်အဦးကြီးဆောက်လုပ်ရန် ဆောင်ရွက်ခြင်း ၁၈၄
၈။ ဆဋ္ဌသင်္ဂါယနာတင်အဆောက်အဦး၏ လုပ်ငန်းဆောင်ရွက်မှု ၁၈၅

၉။ ဆင္ဗသင်္ဂါယနာတင်လိုဏ်ဂူတော် ၁၈၆
၁၀။ ဆင္ဗသင်္ဂါယနာတင်လိုဏ်ဂူကြီး၏
ပုံသဏ္ဍာန်နှင့် အနေအထား ၁၈၇
၁၁။ သိမ်အဖြစ်သမုတ်ခြင်း ၁၉၀
၁၂။ အာဂန္တုကျောင်းဆောင်လေးဆောင် ၁၉၂
၁၃။ ဆွမ်းစားကျောင်းဆောင် ၁၉၃
၁၄။ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ်ရုံး ၁၉၄
၁၅။ သံဃာ့ဆေးရုံ ၁၉၅
၁၆။ ပိဋကတ်တိုက် ၁၉၇
၁၇။ ဗုဒ္ဓယဉ်ကျေးမှုပြတိုက် ၁၉၉
၁၈။ သုတေသနစာကြည့်တိုက် ၂၀၁
၁၉။ ပိဋကတ်ပုံနှိပ်တိုက် ၂၀၃
၂၀။ မဟာသိမ်တော်ကြီး ၂၀၄

**အခန်း(၄) ဆဋ္ဌသင်္ဂါယနာတင်ပွဲ**

၁။ ဆဋ္ဌသင်္ဂါယနာစမ္မသဘင်ဖွင့်ပွဲ ၂၀၇
၂။ ဆဋ္ဌသင်္ဂါယနာသန္နိပါတများ ၂၁၀
၃။ ပါဠိတော်သင်္ဂါယနာပထမသန္နိပါတ ၂၁၂
၄။ ပါဠိတော်သင်္ဂါယနာဒုတိယသန္နိပါတ ၂၁၃
၅။ ပါဠိတော်သင်္ဂါယနာတတိယသန္နိပါတ ၂၁၉
၆။ ပါဠိတော်သင်္ဂါယနာစတုတ္ထသန္နိပါတ ၂၂၇

မာတိကာ


၇။ ပါဠိတော်သင်္ဂါယနာပဉ္စမသန္နိပါတ ၂၃၇

၈။ ဆဋ္ဌသင်္ဂါယနာနှင့်သာသနာ၂၅၀၀ပြည့်
အောင်ပွဲကျင်းပခြင်း ၂၄၂

၉။ အဋ္ဌကထာများနှင့် ဋီကာသင်္ဂါယနာ
ဓမ္မသဘင်ကျင်းပခြင်း ၂၄၄

၁၀။ အဋ္ဌကထာသင်္ဂါယနာပထမသန္နိပါတ ၂၄၅

၁၁။ အဋ္ဌကထာသင်္ဂါယနာဒုတိယသန္နိပါတ ၂၅၀

၁၂။ အဋ္ဌကထာသင်္ဂါယနာတတိယသန္နိပါတ ၂၅၂

၁၃။ အဋ္ဌကထာသင်္ဂါယနာစတုတ္ထသန္နိပါတ ၂၅၈

၁၄။ ဋီကာသင်္ဂါယနာပထမသန္နိပါတ ၂၆၀


၁၅။ ဋီကာသင်္ဂါယနာဒုတိယသန္နိပါတ ၂၆၁

၁၆။ ဆဋ္ဌသင်္ဂါယနာဓမ္မဝိနယအမိန့်တော်ပြန်တမ်း ၂၆၃

**အခန်း(၅) ဆဋ္ဌသင်္ဂါယနာဝေါဟာရများ**

– နိဂုံး ၂၇၃


– ကျမ်းကိုးစာရင်း ၂၇၉




သီရိမင်္ဂလာကမ္ဘာအေးစေတီတော်




အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး




မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီး




ဆဌသံဂီတိမဟာပါသာဏလိုဏ်ဂူတော်ကြီး




ဆဌသံဂီတိကာရကဆရာတော်ကြီးများ သီတင်းသုံးရာအဆောင်ကြီး



ဗုဒ္ဓသာသနာ့ဆေးရုံ



ဆွမ်းချက်ဆောင်ကြီး



# စာမိတ်ဆက်

မြတ်စွာဘုရားရှင်၏ အဆုံးအမ သာသနာတော်သည် နှစ်ပေါင်း ၂၅၅၀ တိုင် သက်တမ်းကြာရှည်ခဲ့ပြီ ဖြစ်ပါသည်။ ပိဋကတ်တော်စာပေ ပို့ချသင်ယူမှုနှင့် ပိဋကတ်တော်လမ်းညွှန်ချက်များနှင့် လျော်ညီစွာ လိုက်နာ ကျင့်သုံးအားထုတ်မှုတို့မှတစ်ဆင့် ဝိမုတ္တိဓမ္မရသအသီးအပွင့်များကိုလည်း နှစ်ပေါင်း ၂၅၅၀ တိုင် လူသားတို့ခံစား ကြဆဲပင်ဖြစ်ပါသည်။

သာသနာတော်စတင်ပေါ်ထွန်းလာခဲ့သည်မှ ယနေ့ကာလတိုင် မြတ်စွာဘုရားရှင် ၄၅ ဝါပတ်လုံး ဟောကြား ချီးမြှင့်တော်မူခဲ့သော **သုတ်၊ ဝိနည်း၊ အဘိဓမ္မာ=ဓမ္မဝိနယဒေသနာတော်**များကို ခေတ် အဆက်ဆက် လက်ဆင့်ကမ်းလျက် တာဝန်ရှိရှိ ထိန်းသိမ်းလာခဲ့ကြပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် (၃)လအကြာတွင် ဓမ္မဝိနယဒေသနာတော်များ အဓမ္မဝါဒီတို့၏ အန္တရာယ်မှ ကာကွယ်ရန်နှင့် စုစုစည်းစည်း သန့်သန့်ရှင်းရှင်းတည်ရှိစေရန် ရည်ရွယ်ချက်ဖြင့် အရှင်မဟာ ကဿပမထေရ်ကြီးအမှူးရှိသော ရဟန္တာအရှင်မြတ်ကြီးများက သံဃာ့အဖွဲ့ အစည်း၏ ပဓာနတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူခဲ့ကြသကဲ့သို့ အဇာတသတ်မင်းအမှူးပြုသော လူဒါယကာများဖက်ကလည်း သံဃာတော် အရှင်သူမြတ်များက ပဓာနတာဝန်ကို ထမ်းဆောင်တော်မူကြရာတွင် ကြောင့် ကြကင်းစွာ ထမ်းဆောင်ခွင့်ရရှိအောင် ပစ္စည်းလေးပါးဖြင့် ကူညီပံ့ပိုးခဲ့ ကြပါသည်။

ဆရာနှင့်ဒကာတို့ ဟန်ချက်ညီစွာ ပေါင်းစပ်ဆောင်ရွက်ကြသဖြင့် မူလရည်မှန်းချက်ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင် သည့်အခါ ဓမ္မဝိနယဒေသနာတော်များ၏ စွမ်းအားသည်လည်း မြတ်စွာ ဘုရားရှင်သက်တော်ထင်ရှားရှိနေဘိသကဲ့သို့ သတ္တလောကကို ဆက်လက် အကျိုးဖြစ်ထွန်းစေခဲ့ပါသည်။

ဓမ္မဝိနယဒေသနာတော်များလာ ဆုံးမလမ်းညွှန်ချက်များကား အများအားဖြင့် လောကလူသားတို့၏ ပင်ကိုယ်သဘာဝစရိုက်နှင့် ဆန့်ကျင်လျက်ရှိနေပါသည်။ ညစ်နွမ်းမှုကိလေသာတောတွင် မော်လျက် ပျော်လျက်မိုက်ပြီးမိုက်လျက်ရှိသော ပုထုဇဉ်သတ္တလောကသည် စက်ဆုပ်ရွံ့ရှာဖွယ်ကိလေသာကို သာယာမက်မောဖွယ်အဖြစ် ခံစားလျက် ဖက်တွယ်ထားသည်။ ဓမ္မဝိနယဒေသနာတော်များက ယင်းသို့ မက်မောဖက်တွယ်ခြင်းကို မှားယွင်းကြောင်း သာယာမက်မောဖက်တွယ်မှုများကို ခဝါချ ပစ်ရန်လိုကြောင်း လမ်းညွှန်သည်။ ဓမ္မဝိနယဒေသနာတော်သခင် မြတ်စွာဘုရားရှင်ကို ချစ်ခင်မြတ်နိုးအားကိုးယုံကြည်သော ပုထုဇဉ်လူသားသည် ဒေသနာ တော်သခင်ကိုလည်း မစွန့်ပစ်နိုင်၊ မိမိ၏ ရိုးတွင်းချဉ်ဆီစွဲ မူလစရိုက်ကိုလည်း ခဝါမချနိုင်၊ ဒေသနာတော် သခင်မြတ်စွာဘုရားရှင် ကိုယ်တိုင်လည်း သက်ရှိထင်ရှားမရှိတော့သည်မှာ ကာလများစွာကြာမြင့်ခဲ့ပြီ၊ ဓမ္မဝိနယ ဒေသနာတော်များသည်လည်း လက်ဆင့်ကမ်းခရီး ဖြတ်သန်းလာခဲ့ရသည်မှာ ကာလများစွာ ကြာမြင့်ခဲ့ပြီ။ ထိုသည့်အခါ ပုထုဇဉ်လူသားသည် မူရင်းဒေသနာတော်များကို မိမိအကြိုက်၊ စရိုက်တို့နှင့် လိုက်လျောညီထွေ ရှိအောင် သာသာထိုးထိုးပြုပြင်ယူတော့သည်။ မိမိနေထိုင်ရာ ဒေသ၊ စရိုက်၊ လူမှုဆက်ဆံရေး၊ ပထဝီဝင်အနေအထားနှင့် လိုက်လျောညီထွေရရှိအောင် ပြုပြင်ယူတော့သည်။ ဤနည်းဖြင့် ဓမ္မဝိနယ ဒေသနာရေးရာ သဘောတရားအယူအဆများ ကွဲ၍ကွဲ၍လာသည်။ ဦးဆောင်သူများက အကြိုက်စရိုက်ညီသော နောက်လိုက်တပည့် များစွာဖြင့် လူစုဂိုဏ်းထောင်တော့သည်။ ဤတွင် ဗုဒ္ဓဘာသာသမိုင်း၌ ဂိုဏ်းကွဲအသီးသီးများ ပေါ်ထွန်းလာသည် ဟူသော ဖြစ်ရပ်မှာ အဆန်းမဟုတ် တော့ချေ။

အမှန်တကယ် ထူးဆန်းသည်မှာကား ရှင်တော်ဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ရှင်တော်ဘုရား ၏ ဓမ္မဝိနယဒေသနာတော်များကို ဆံချည်တစ်မျှင်ခန့်စာမျှ တိမ်းစောင်းလွဲမှားမှု မရှိရလေအောင်၊ မူရင်းအရှိအတိုင်း ဆက်လက်ရပ်တည်ပေါ်ထွန်းနိုင်အောင် ကျားကုတ်ကျားခဲ ထိန်းသိမ်း

တော်မူလာခဲ့ကြသော ကိလေသာ ကင်းစင်ရဟန္တာထေရ် အရှင်မြတ်ကြီးများပင်ဖြစ်သည်။ ထိုအရှင်မြတ်ကြီးများကား မိမိတို့ကိုယ်တိုင် ကိလေသာ အညစ်အကြေးမှန်သမျှကို ခဝါချပယ်ရှင်းပြီးသူများ ဖြစ်ကြ သည့်အလျောက် ကိလေသာကင်းစင်ရေးကို အားပေးလမ်းညွှန်သော ဓမ္မဝိနယဒေသနာတော်များ၏ ပင်ကိုယ်အရည်အသွေး၊ စွမ်းအားနှင့် အနှစ်သာရများကို အမှန်တကယ် ကိုယ်တွေ့ဉာဏ်ဖြင့် သိရှိခံစားကြပြီး သူများဖြစ်ကြသည်။ ထို့ကြောင့် ဓမ္မဝိနယဒေသနာတော်များကို မူရင်းအတိုင်း ထိန်းသိမ်းလက်ဆင့်ကမ်းရန် စွမ်းအားရှိသမျှ ကြိုးပမ်းအားထုတ် တော်မူခဲ့ကြသည်။ ဓမ္မဝိနယဒေသနာတော်များ တိမ်းစောင်းချုတ်ချော်စေမည့် အန္တရာယ်များဖြစ်ပေါ်လာတိုင်း အရှင်မြတ်ကြီးများတစ်ပါးနှင့်တစ်ပါး ချိန်းချက်စုစည်း၍ မူရင်းဓမ္မဝိနယဒေသနာတော်များကို ထိပါးမှု မရှိရလေအောင် အုပ်စုဖွဲ့အားယူလျက် ကာကွယ်ထိန်းသိမ်းတော်မူခဲ့ကြပါသည်။

မြတ်စွာဘုရားရှင်၏ မူရင်းဒေသနာတော်တွင် ကိလေသာ ဟူသော စိတ်အညစ်အကြေးကို မည်သည့်နေရာတွင်မျှ မျက်နှာသာ ပေးထားခြင်း မရှိပေ။ အခြေခံသစ္စာလေးချက် ဒေသနာတော်အရ ကိလေသာ=တဏှာသည် ပယ်အပ်သော၊ ပယ်ရှားရသော တရားသာဖြစ်သည်။ ဗုဒ္ဓဘာသာ အယူအဆတွင် ကိလေသာကို တစ်စုံတစ်ခုသောအတိုင်း အတာအထိ မျက်နှာသာ ပေးထားပြီဆိုလျှင် ထေရဝါဒဗုဒ္ဓဘာသာမမည်တော့ချေ။ ထေရဝါဒ ဗုဒ္ဓဘာသာက ကိလေသာကို မည်သည့်နေရာတွင်မျှ မျက်နှာသာပေးရိုးထုံးစံမရှိ။

မူရင်းဓမ္မဝိနယဒေသနာတော်များကို မူရင်းအတိုင်း သန့်ရှင်းစင်ကြယ်စွာ တည်ရှိရလေအောင် အရှင်မြတ်ကြီးများက ကြောင့်ကြစိုက်ကာကွယ်စောင့်ရှောက်တော်မူခဲ့ကြသဖြင့် ဗုဒ္ဓဘာသာကို မွေးဖွားသန့်စင်လာခဲ့သော အိန္ဒိယတိုက်၌ ပထမသံဂါယနာမှ တတိယသံဂါယနာအထိ (၃)ကြိမ်တိုင်တိုင် ဓမ္မဝိနယဒေသနာတော်များကို ခိုင်မာသန့်စင်အောင် အားထုတ်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

စတုတ္ထသံဂါယနာခေတ်ရောက်ရှိသော် အိန္ဒိယတောင်ပိုင်းမှ တစ်ဆင့်ဖြတ်ကူး၍ သီဟိုဠ်ကျွန်းသား ထေရ်အရှင်မြတ်ကြီးများက ဓမ္မဝိနယ ဒေသနာတော်များကို မူရင်းအတိုင်း သန့်ရှင်းခိုင်မာ တည်တံ့ရေးကို ရင်မြေ ကတုတ်လုပ်၍ ကြိုးပမ်းအားထုတ်တော်မူခဲ့ကြသည်မှာလည်း အံ့ဩ ဝမ်းမြောက်ဖွယ်ပင်ဖြစ်ပါသည်။

အဆိုပါကာလအတွင်း ထေရဝါဒမှ အခြားသော ဂိုဏ်းကွဲများစွာ သည်လည်း သူ့နည်းသူ့ဟန်နှင့် နေရာဒေသအလိုက် သံဂါယနာတင် လုပ်ငန်းများကို ဆောင်ရွက်ကြမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။ သမိုင်း အထောက်အထားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မြတ်ဗုဒ္ဓကို ချစ်မြတ်နိုး၍ မြတ်ဗုဒ္ဓ၏ ဒေသနာတော်များကို ဦးထိပ်ထားကြသူများဖြစ်ကြသည့် အလျောက် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း ညီရင်းအစ်ကို ပီသစွာ အသိ အမှတ်ပြုရမည်သာဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ ဓမ္မဝိနယဒေသနာတော်များကား ရှည်လျားလှသော ခရီးစဉ်ကြီးတစ်လျှောက် နေရာဒေသ မျိုးစုံကိုလည်း ဖြတ်သန်းခဲ့ရသည်။ အခြေအနေမျိုးစုံကိုလည်း ဖြတ်သန်းခဲ့ရသည်။ အမှောင်ကာလတွင် ငုတ်လျှိုး ဖြတ်သန်းခဲ့ရသကဲ့သို့ အလင်းကာလတွင်လည်း ဦးမော့ ဖြတ်သန်းခဲ့ရသည်။ လင်းတစ်ချီ မှောင်တလှဲ့ဖြင့် ဖြတ်သန်းရသော်လည်း ရောက်ရှိရာနေရာ ဒေသမှန်သမျှ၌ ဝိမုတ္တိဓမ္မရသတို့ကို ဖြန့်ဝေပေးခဲ့သည်ချည်းသာ ဖြစ်ပါ သည်။ ဓမ္မဝိနယအလင်းရောင်သည် သတ္တလောကအား မည်သည့်နည်းနှင့်မျှ စွန်းထင်းမှုမပေးခဲ့ပါချေ။ ဗုဒ္ဓဘာသာ တည်းဟူသော အကြောင်းတရား ကြောင့် မည်သည့်နေရာတွင်မျှ စစ်မက်ဖြစ်ပွားခဲ့ခြင်းမရှိ။

အိန္ဒိယတိုက်ကို ဗဟိုချက်မ ပြုလျက် ပြန့်ပွားခဲ့သော ဓမ္မဝိနယ ဒေသနာတော်များသည် အရှေ့တောင် အာရှသို့လည်း ရောက်ရှိခဲ့ပါသည်။ အထူးသဖြင့် သီဟိုဠ်ကျွန်းနှင့် မြန်မာနိုင်ငံတို့၏ ထေရဝါဒဗုဒ္ဓဘာသာ ကူးလူးဆက်ဆံမှုတို့မှာ ပိုမိုအားကောင်းခဲ့ပါသည်။ သထုံမှတစ်ဆင့် ပုဂံသို့ ကူး၍ မြန်မာတစ်နိုင်ငံလုံး ပြန့်ပွားခဲ့သော ထေရဝါဒဓမ္မဝိနယ ဒေသနာ

တော်၏ အလင်းရောင်က 'ထေရဝါဒဗုဒ္ဓဘာသာမြန်မာ'ဟူသော အမည်နာမကို ထွန်းလင်းစေခဲ့ပါသည်။ ထိုသို့ ထွန်းလင်းခွင့်ရရှိသည်နှင့် အမျှ ၁၈၇၁ ခုနှစ်တွင် ရတနာပုံ မန္တလေးမြို့၌ ပဉ္စမသံဂါယနာကို ကျင်းပနိုင်ခဲ့ပြီးနောက် အနှစ်(၈၀)ခန့်အကြာ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့၌ မြန်မာနိုင်ငံအပြင် အခြားထေရဝါဒဗုဒ္ဓဘာသာ (၄)နိုင်ငံနှင့် နိုင်ငံစုံ ပါဝင်သောနိုင်ငံတကာ ဗုဒ္ဓဘာသာဝင်များ စုစည်းကျင်းပသည့် ဆဋ္ဌသင်္ဂါယနာကို (၂)နှစ်ကြာ ကျင်းပနိုင်ခဲ့ပါသည်။

ဆဋ္ဌသံဂါယနာတင်ပွဲ ကျင်းပခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်မျှသာ ရှိသေးသော်လည်း ယခုအခါတွင် ယင်းနှင့်ပတ်သက်သည့် အထောက်အထားအချက်အလက်တို့ကို တစ်စုတစ်စည်း ပြည့်ပြည့်စုံစုံ လေ့လာမှတ်သားရန်မှာမူ မျိုးဆက်သစ်သုတေသီတို့အတွက် ခက်ခဲလျက်ရှိကြောင်း တွေ့မြင်ရပါသည်။ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏ လိုဏ်ဂူတော်ကြီး အရှေ့ဘက်ကပ်လျက်နေရာ၌ သာသနာရေးဝန်ကြီး ဌာနက ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက်ကို ၂၀၀၀ ပြည့်နှစ်တွင် တည်ဆောက်၍ သံဂါယနာများအဆက်ဆက်ကျင်းပပုံနှင့် ဆဋ္ဌသံဂါယနာ ဆောင်ရွက်ပုံတို့ကို ရုပ်ကြွရုပ်ပုံကားချက်များ ရှင်းလင်းချက်များဖြင့် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ပြသထားသော်လည်း ကမ္ဘာအေးကုန်းမြေတွင် ရောက်ရှိလည်ပတ်ဖူးသူများသာ လေ့လာခွင့်ရရှိကြပါသည်။ ၎င်းအပြင် ပြခင်းပစ္စည်းများဖြင့်သာ ပြသရသည့်အတွက်ကြောင့် မျိုးဆက်သစ် သုတေသီများအား လုံလောက်သော သမိုင်း အချက်အလက်တို့ကို ပြည့်စုံစွာ ပေးနိုင်ခြင်းမရှိပါ။

ထို့ကြောင့် ရန်ကုန်တက္ကသိုလ်၊ အရှေ့တိုင်းပညာဌာန၊ ပါရဂူဘွဲ့ကြိုးကြပ်ရေးအဖွဲ့ဝင်အနေဖြင့် ပါရဂူတန်း ကျမ်းစာတင်သွင်းမည့် ဆရာမဒေါ်မြတ်မြတ်ထွန်းအား နှောင်းခေတ်သုတေသီတို့အတွက် ဆဋ္ဌသံဂါယနာလေ့လာချက် ကျမ်းစာအား ပြည့်ပြည့်စုံစုံ ကျိုးကြောင်းဆီလျော်စွာ သုံးသပ်တင်ပြနိုင်ရန် တိုက်တွန်းအားပေးခဲ့ ပါသည်။ မိမိ၏ တွန်းအားပေးချက်အရပြင်ပစာပေပညာရှင် ဦးအောင်မွန် (မြတ်ဆုမွန်)၊ ရန်ကုန်တက္ကသိုလ်၊

အရှေ့တိုင်းပညာဌာန၊ ပါမောက္ခ(အငြိမ်းစား)များဖြစ်ကြသော ဆရာကြီး ဦးတင်လွင်၊ ဆရာမကြီး ဒေါ်တင်တင်မြင့်၊ ဆရာမကြီး ဒေါ်ခင်သိန်းနှင့် သက္ကဋစာပေပညာရှင် ဒေါက်တာလှထွန်းတို့ကလည်း ဝိုင်းဝန်းအကြံပြု ကူညီခဲ့ကြပါသည်။ ၎င်းအပြင် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွှန့်နှင့် စာကြည့်တိုက်မှူး ဒေါ်လှလှ သန်းတို့ကလည်း ဤကျမ်းစာဖြစ်မြောက်ရေးအတွက် ကိုယ်ရောစိတ်ပါ ကူညီပံ့ပိုးခဲ့ကြသဖြင့် အောင်မြင်ပြီးမြောက်သော ပါရဂူဘွဲ့ယူ ကျမ်းစာ တစ်စောင်အဖြစ် ပေါ်ထွက်ခဲ့ပါသည်။

အမှာစာရေးသူ မိမိအနေဖြင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာ တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် တာဝန် ထမ်းဆောင်နေသူဖြစ်ရာ မူလကပင် ဆဋ္ဌသံဂါယနာနှင့် စပ်လျဉ်းသော ပြည့်စုံသည့် သမိုင်းသုတေသနလေ့လာချက် ကျမ်း တစ်စောင် ပေတစ်ဖွဲ့ ရှိစေချင်ခဲ့သည်မှာ ကြာပြီဖြစ်ပါသည်။ မိမိ၏ အားပေးတိုက်တွန်းချက်အရ ထွက်ပေါ်လာခဲ့သော ဤသုတေသန ကျမ်းစာသည် ပါရဂူဘွဲ့အတွက် တင်သွင်းရသော ကျမ်းစာဖြစ်သဖြင့် သုတေသနပါရဂူဘွဲ့ယူ ကျမ်းစာ ဂုဏ်အင်္ဂါနှင့် လျော်ညီစွာ မူလအင်္ဂလိပ် ဘာသာဖြင့် ပြုစုထားသော ကျမ်း တွင် စာမျက်နှာအလိုက် အောက်ခြေမှတ်စုများ၊ ရှင်းလင်းချက်များ၊ ရည်ညွှန်းကျမ်းစာများဖြင့် အသေးစိတ် ပြည့်ပြည့်စုံစုံ ရှင်းပြထားပြီး သုတေသီတို့ ထပ်မံလေ့လာရန် လိုအပ်ပါက ဆက်လက်ရှာဖွေ သုတေသန ပြုလုပ်နိုင်သော အချက်အလက်များကိုပါ ထည့်သွင်းထားပါသည်။

သို့ရာတွင် ထေရဝါဒဗုဒ္ဓဘာသာသံဂါယနာအဆက်ဆက်နှင့် ဆဋ္ဌသံဂါယနာအကြောင်းကို ပြည့်ပြည့် စုံစုံ တစ်ထိုင်တည်း ဖတ်ရှုလိုမည့် စာဖတ်သူများအတွက်မှာမူကား အဆိုပါအောက်ခြေမှတ်စုနှင့် ရည်ညွှန်း ကိုးကားချက်များမှာ ဝန်လေးဖွယ်ဖြစ်မည်စိုး၍ ဤစာအုပ်တွင် နုတ်ပယ် ထားပါသည်။ သုတေသနနည်းဖြင့် အသေးစိတ် လေ့လာလိုသူ သုတေသီ များအား အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော မူရင်းဘွဲ့ယူကျမ်းစာကို ဆက်စပ်လေ့လာ ကြပါရန် အကြံပြုအပ်ပါသည်။

ဆဋ္ဌသံဂါယနာတင်ဓမ္မသဘင်ကြီးက စီမံဖန်တီးပံ့ပိုးဖော်လိုက်သော ယနေ့မြင်တွေ့ရသည့် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေတွင် စေတီပုထိုးနှင့် သာသနိကအဆောက်အဦးကျောင်းဆောင်ကြီးများ၊ လိုဏ်ဂူတော်ကြီး၊ ပိဋကတ်တိုက်၊ ပုံနှိပ်တိုက်၊ သံဃာ့ဆေးရုံ၊ မဟာသိမ်တော်ကြီး၊ အုပ်ချုပ်ရေးရုံး စသည်တို့မှာ အတိတ်တစ်ချိန်က ဤနေရာဒေသတွင် ဗုဒ္ဓသာသနာတော်နှင့် စပ်လျဉ်း၍ ထူးခြားဂုဏ်မြောက်သော သာသနာပြု လုပ်ငန်းကြီးများကို ဆောင်ရွက်ခဲ့ဘူးကြောင်း သက်သေခံလျက်ရှိပါသည်။

ဆဋ္ဌသံဂါယနာသာသနာပြုသမိုင်းမှတ်တိုင်ကြောင့် မြန်မာကို ကမ္ဘာက သိခဲ့ပါသည်။ ထေရဝါဒဗုဒ္ဓ ဘာသာနိုင်ငံအချင်းချင်း ညီညွတ်စုစည်းနိုင်ခဲ့ကြပါသည်။ နှစ်ပေါင်း ၂၅၀၀ အတွင်း ဖြတ်သန်းလာခဲ့ရသော မြတ်ဗုဒ္ဓ၏ ဓမ္မဝိနယဒေသနာ ပိဋကတ်တော်ကျမ်းစာ အဖုံဖုံတို့ကို မူရင်း မပျက်အောင် စုစည်းညှိနှိုင်းသန့်စင် ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။ ကမ္ဘာအနှံ့သို့ မြန်မာအက္ခရာရေးပိဋကတ်တော်ကျမ်းစာများကို ဖြန့်ဝေနိုင်ခဲ့ပြီးဖြစ်သကဲ့သို့ အင်္ဂလိပ်ဘာသာဖြင့် ဖြန့်ဝေရန်ကိုလည်း ဆက်လက်ကြိုးစားအားထုတ်လျက်ရှိပါသည်။

သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနအနေဖြင့် ဤကျမ်းစာကို အများပြည်သူတို့လက်ဝယ်ရောက်ရှိအောင် ပို့ဆောင် အားထုတ်ခွင့်ရပါသဖြင့် အထူးကုသိုလ်ယူ ကြည်နူးဝမ်းမြောက်ရပါကြောင်း ဖော်ပြအပ်ပါသည်။

ဒေါက်တာမျိုးမြင့်
ညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ရက်စွဲ၊ ၂၀၀၇-ခုနှစ်၊ ဧပြီလ (၃၀)ရက်၊ တနင်္လာနေ့
၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့

## နိဒါန်း

ဗုဒ္ဓပရိနိဗ္ဗာန်ပြုတော်မူသည့်အခါမှစ၍ အေဒီ ၁၉၅၁ ခုနှစ်၊ သာသနာတော်နှစ် ၂၅၀၀ တိုင်သည့်အထိ သာသနာ့သမိုင်း တစ်လျှောက်တွင် ထေရဝါဒဗုဒ္ဓဘာသာဝင်များက 'သင်္ဂါယနာ' ဟူသော သာသနာ့မော်ကွန်းတင် လုပ်ငန်းကြီးကို ခြောက်ကြိမ်တိုင်တိုင် ပြုလုပ်ကျင်းပကာ သာသနာ့သမိုင်း မှတ်တိုင်ကြီးခြောက်တိုင်ကို စိုက်ထူခဲ့ပြီးဖြစ်သည်။

ဤသို့လျှင် သာသနာတော်အနှစ် ၂၅၀၀ ခရီး၌ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အဖို့ ခြောက်ကြိမ်သာ ကြုံဆုံခဲ့ရသည့် သာသနာ့မှတ်တမ်းတင် ဝေါဟာရဖြစ်နေသည့်အတွက် ထို 'သင်္ဂါယနာ' ဟူသောဝေါဟာရသည် သဒ္ဒါနည်းအားဖြင့် အနက်အဓိပ္ပါယ် ကြံဆရာတွင် လွယ်လင့်တကူ သိနိုင်စွမ်းသော်လည်း အဓိပ္ပါယတ္ထ အနေအားဖြင့်ကား အလွန်ကျယ်ဝန်း နက်ရှိုင်းပုံကို မှန်းဆသိနိုင်ပေသည်။ အနှစ် ၂၅၀၀ ကျော် သာသနာတော်ခရီး တစ်လျှောက်တွင် သင်္ဂါယနာတင်ရန် ဖြစ်ပေါ်ခဲ့သော အကြောင်းရပ်များကို လေ့လာပါက သင်္ဂါယနာ၏ အနက်အဓိပ္ပါယ် ကျယ်ဝန်းနက်ရှိုင်းပုံနှင့် ထိုသင်္ဂါယနာ တင်ပွဲ၌ အံ့မခန်းအောင်များပြားလှသော လုပ်ငန်းအဆင့်ဆင့်တို့ကိုလည်း တွေ့မြင်ကြရပေလိမ့်မည်။ ထို့ပြင် ဗုဒ္ဓဘုရားရှင် ထားရစ်တော် မူခဲ့သော မူလသာသနာတော်တည်တံ့ခိုင်မြဲပြန့်ပွားရေးအတွက် သင်္ဂါယနာ တင်ပွဲတို့ကို ခဲယဉ်းပင်ပန်းကြီးစွာ မည်သို့ထိန်းသိမ်းခဲ့ပုံ ကိုလည်း အနှစ်သာရ အားဖြင့် တစ်ပါတည်းတွေ့ရပေမည်။

ဗုဒ္ဓမြတ်စွာ ထားရစ်တော်မူသော သာသနာတော်တည်း ဟူသော ရေစီးကြောင်းကြီးသည် တဖြောင့်တည်း စီးဆင်းရန်ဖြစ်သော် လည်း ရံခါ ရှေ့ကပိတ်ဆို့ခံရသဖြင့် တဖြောင့်တည်းစီးဆင်းရာမှ ကောက်ကောက် ကွေ့ကွေ့ ဝေ့ဝိုက်ကာ စီးဆင်းခဲ့ရသည်လည်းရှိ၏။ ရံခါ ရှေ့မှ လမ်းကြောင်းပြောင်းအောင် ကြိုးပမ်းမှုတို့ကြောင့် ထို အတားအဆီးတို့ကို တအားနင်းကျော်ဖြတ်သန်း၍ စီးဆင်းခဲ့ရသည် လည်းရှိ၏။ ဤသို့ဖြင့် သာသနာတော်ရေစီးသည် ဖြောင့်ချည် တစ်လှည့်၊ ကွေ့ချည်တစ်ဖုံ၊ ကောက်ချည်တစ်ခါ အသွင်အမျိုးမျိုးဖြင့် နှစ်ပေါင်း ၂၅၀၀ ကျော်ကာလအတွင်း သက်ဆက်ရှင်သန် စီးဆင်း ခဲ့ရသည်။ ဤသို့ သာသနာတော်ရေစီး၏ ကြုံတွေ့ခဲ့ရသော အခက် အခဲနှင့် အဆီးအတားတို့ကို ကျော်ဖြတ်ရာ၌ 'သင်္ဂါယနာ'သည် အရေး ပါသော သာသနာတော်ဆိုင်ရာလုပ်ငန်းကြီးတစ်ရပ် ဖြစ်လာသည်။ သင်္ဂါယနာကို အခြေတည်လျက် သာသနာ့အခက်အခဲ အကြပ်အတည်း တို့ကို ဖြေရှင်း ကျော်လွှားခဲ့ရသဖြင့် သင်္ဂါယနာတင် အကြောင်းကို လေ့လာခြင်းသည် သာသနာတော်ခရီး တစ်လျှောက် ကြုံတွေ့ခဲ့ရသော အခက်အခဲတို့ကို မည်သို့မည်ပုံ ဖြေရှင်းကျော်လွှားရခြင်း အကြောင်းကို လေ့လာရခြင်းနှင့် အတူပင်ဖြစ်တော့သည်။

သာသနာတော်ကြီး သက်ဆက်ရှင်သန်နိုင်ရေးအတွက် ပဓာန အခန်းကဏ္ဍတစ်ရပ်ဖြစ်သော ထိုသင်္ဂါ ယနာတင်ပွဲအသီးသီးတို့၌ စုစည်းမိကြသော သာသနာတော်ဂိုဏ်းသား ရဟန်းတော်တို့၏ အင်အားသည်လည်း တစ်ကြိမ်သောအခါက တစ်စည်းတစ်လုံးတည်း ရှိခဲ့သော်လည်း နောင်အခါ၌ နှစ်စုကွဲလာ၏။ ထို့ထက် ကာလကြာ လာသော် အစုစုအကွဲကွဲဖြစ်လာ၏။ ဤသို့ဖြင့် သံဃဂိုဏ်းကွဲ၊

သာသနာဂိုဏ်းကွဲများ ဖြစ်လာရသည်။ ဤသို့ ကွဲပြားလာသော သံဃာ့ဂိုဏ်းတို့ကလည်း သူတို့ဂိုဏ်းအလိုက် သူတို့ဂိုဏ်းအတွင်း၌ ဖြစ်ပေါ်လာသော သာသနာ့အကြပ်အတည်းကို စုဝေးဖြေရှင်းကြရာမှ သီးခြားသင်္ဂါယနာတင်ပွဲများ ပေါ်ထွန်းခဲ့ရလေသည်။ ထေရဝါဒ ဂိုဏ်းသားတို့ အဖို့မှာကား သာသနာတော်ခရီး အနှစ် ၂၅၀၀ ကျော် ကာလအတွင်း သင်္ဂါယနာငါးကြိမ် ပြုလုပ်ကျင်းပခဲ့ရသလို အခြား ဗုဒ္ဓဘာသာဂိုဏ်းများအတွင်း၌လည်း သင်္ဂါယနာတင်ပွဲများ အကြိမ်ကြိမ်ရှိကြပေလိမ့်မည်။ ထေရဝါဒမဟုတ်သော သီးခြားဂိုဏ်းတို့မှ သင်္ဂါယနာတင်ခဲ့ခြင်း အကြောင်းတို့ကို ပါဠိ၊ အဋ္ဌကထာစသော ထေရဝါဒပိဋကတ်ပါဠိစာပေ၌ မှတ်တမ်းတင် ဖော်ပြထားခြင်း မတွေ့ရ ပေ။ ဤကျမ်းတွင် ထေရဝါဒဗုဒ္ဓဘာသာဂိုဏ်းသားတို့၏ နောက်ဆုံးအကြိမ် တင်အပ်သော ဆဋ္ဌသင်္ဂါယနာ တင်ပွဲအကြောင်းကို အထူးအားထားလေ့လာ တင်ပြခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

**အခန်း(၁)**အနေဖြင့် သင်္ဂါယနာတင်၏ သဘောအဓိပ္ပါယ်နှင့် သေရဝါဒဗုဒ္ဓဘာသာဝင် ဂိုဏ်းသားတို့၏ သင်္ဂါယနာတင်ပွဲများ အကြောင်းကိုတင်ပြရာတွင် ဆဋ္ဌသင်္ဂါယနာမတိုင်မီ ထေရဝါဒ ဗုဒ္ဓဘာသာ ဂိုဏ်းဝင်များ၏ သင်္ဂါယနာတင်ပွဲကျင်းပခဲ့ပုံများကို လေ့လာတင်ပြပါမည်။

**အခန်း(၂)**တွင် ဆဋ္ဌသင်္ဂါယနာတင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ကိုလိုနီခေတ်နှောင်း လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံသားတို့၏ သာသနာတော်ပေါ်တွင် ထားရှိသော သဘောထားများ၊ ဆဋ္ဌသင်္ဂါ ယနာတင်ရန်အတွက် ဆွေးနွေးရာတွင် ထေရဝါဒနိုင်ငံအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပုံ၊ ပိဋကတ်

တော်များ သုတ်သင်တည်းဖြတ်ရာတွင်ပါဝင်သော သံဃာတော်များ၏ လုပ်ငန်းစဉ်များနှင့် ဆဋ္ဌသင်္ဂါယနာတင်ရန်အတွက် သာသနိက အဆောက်အအုံများ တည်ဆောက်ပုံတို့ကို ဖော်ပြမည် ဖြစ်ပါသည်။

**အခန်း(၃)**တွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပါဠိတော်သန္နိပါတကို ငါးပိုင်း ပိုင်း၍ လည်းကောင်း၊ အဋ္ဌကထာသန္နိပါတကို လေးပိုင်း ပိုင်း၍လည်းကောင်း၊ ဋီကာသန္နိပါတကို နှစ်ပိုင်းပိုင်း၍လည်းကောင်း ဆဋ္ဌသင်္ဂါယနာတင်ခဲ့ကြပုံကို ကြိုးစား၍ တင်ပြသွားမည် ဖြစ်ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲသည် လွန်ခဲ့သော အနှစ်ငါးဆယ် ကာလ အတွင်း ဤနိုင်ငံ၌ ကျင်းပခဲ့သည်ဆိုသော်လည်း ထိုသင်္ဂါယနာ တင်ပွဲနှင့် စပ်လျဉ်းသော အထောက်အထား မှတ်တမ်းများ ရရန်လုပ်ငန်းမှာ အထူး ခဲယဉ်းကြောင်းကို ဤကျမ်းစာအတွက် အချက်အလက် ရှာဖွေစဉ်အခါ၌ ကိုယ်တွေ့ တွေ့ကြုံရပါ သည်။

ဤကျမ်းစာဖြစ်မြောက်ရေးအတွက် လိုအပ်သော အထောက်အထား များကို ရှာဖွေရာတွင် ဆဋ္ဌသင်္ဂါ ယနာတင်စဉ်အခါက ပဓာနကျသော အခန်းမှ ပါဝင်တော်မူခဲ့ကြသည့် မစိုးရိမ် ဆရာတော်၊ ညောင်ရမ်း ဆရာတော်ကြီး စသော မဟာနာယကဆရာတော် ဘုရားကြီးများ၊ သင်္ဂါယနာတင်ပွဲ၌ အရေးပါလှသော ပုစ္ဆကဖြစ်တော်မူသော မဟာစည် ဆရာတော် ဘုရားကြီးနှင့် ဝိသဇ္ဇက မင်းကွန်းတိပိဋကရေဆရာတော် ဘုရားကြီးနှစ်ပါး၊ သင်္ဂါယနာတင်ပွဲကြီး ဖြစ်မြောက်အောင်မြင်ရေး အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ကြသော မန္တလေးမြို့မှ ဝိဇ္ဇာ လင်္ကာရဆရာတော်ကြီးနှင့် ရန်ကုန်မြို့၊ ဗားဂရာ ဆရာတော်ကြီးနှစ်ပါး စသည့် ဆရာတော် ကြီးများမှာ ဘဝနတ်ထံ ပျံလွန်ခဲ့ကြပြီးဖြစ်ပါ၍ သင်္ဂါယနာတင်ပွဲအကြောင်း သိသင့်သိထိုက် မှတ်သားသင့်မှတ်သား

ထိုက်သော အချက်အလက် အဆစ်အပိုင်းတို့ကို ကျနသေချာစွာ နှိုက်နှိုက်ချွတ်ချွတ် လေ့လာမေးမြန်းစုံစမ်းမှုအခွင့်အရေးမရရှိခြင်းမှာ ဤကျမ်းစာပြုစုရာ၌ အားနည်းချက်တစ်ရပ် အဖြစ်ရှိခဲ့ပါသည်။ သို့ပါသော် ဆဋ္ဌသင်္ဂါယနာ တင်ပွဲတွင် တစ်စိတ်တစ်ပိုင်းအားဖြင့် ပါဝင်ဆောင်ရွက်ခဲ့ဖူးသော သံဃာတော် အရှင်သူမြတ်ကြီးအချို့ထံ ဆည်းကပ် မေးမြန်းရာ ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ်ကြီး၏ ပါမောက္ခချုပ် ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ(D.Litt) ဆရာတော်ဘုရားကြီးထံမှ သင်္ဂါယနာတင် အတွေ့အကြုံအချို့ကို မှတ်သားနာယူခွင့်ရခဲ့ပါသည်။

ထိုဆဋ္ဌသင်္ဂါယနာတင်ပွဲအကြောင်းနှင့် စပ်လျဉ်း၍ ရေးသားပြုစုထားသော စာအုပ် စာတမ်း အထောက်အထားများတွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကာလအတွင်းက သင်္ဂါယနာ သတင်းလွှာနှင့် The Sanga,yana, Monthly Bulletin စာစောင်အဖြစ် ထုတ်ဝေခဲ့သော ဆဋ္ဌသင်္ဂါယနာ တင်ပွဲမှတ်တမ်းကြီးနှင့် ဆဋ္ဌသင်္ဂါယနာ တင်ပွဲကာလက ထုတ်ဝေခဲ့သော သာသနာ့ရောင်ခြည်စာစောင်အချို့ကိုသာ ဤကျမ်းစာ၌ ခေတ်ပြိုင်မှတ်တမ်းအဖြစ် အားကိုး အားထားပြုရေးသားခဲ့ရပါသည်။

သို့ပါသော် ဆဋ္ဌသင်္ဂါယနာတင်စဉ်အခါက ဖွဲ့စည်းခဲ့သော ကော်မတီအဖွဲ့အစည်း အဆင့်ဆင့်တို့၏ စတင်ဖွဲ့စည်းသည်မှ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ပြီးမြောက်သည်အထိ ဆောင်ရွက်ပုံအလုံးစုံတို့ကို မှတ်တမ်းတင် အစီရင်ခံထားသည့် ဆဋ္ဌသင်္ဂါယနာတင်ပွဲဆိုင်ရာ ဗုဒ္ဓသာသနာအဖွဲ့အစီရင်ခံစာ၊ ၁၉၆၂ ခုနှစ်၊ မူရင်းမှတ်တမ်းကို သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ရရှိသည့်အတွက်

ဆဋ္ဌသင်္ဂါယနာတင် ပါဝင်ဆောင်ရွက်ခဲ့သော အဖွဲ့ဝင်များ၏ ဆောင်ရွက်ပုံတို့ကို အပြည့်အစုံနီးပါး တင်ပြနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာတင်ပွဲအပါအဝင် မြန်မာနိုင်ငံ၏ သာသနာရေးရာတို့ကို သုတေသနပြု မှတ်တမ်းတင်ထားသော John Frank Brohm ၏ Burmese Religion and The Burmese Religious Revival (1957) Ph.D ဘွဲ့ယူကျမ်း၊ E. Michael Mendelson ၏ Sangha and State in Burma (1957) အမည်ရှိ Ph.D ဘွဲ့ယူကျမ်းနှင့် Donald Eugene Smith's ၏ Religion and Politics in Burma (1965) ကျမ်းသုံးစောင်တို့ကို သာသနာရေး ဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာန (ယခု သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန) ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမျိုးမြင့်ထံမှ ရရှိခဲ့ပါသဖြင့် ထိုပညာရှင်တို့၏ တင်ပြချက်တို့ကို ဤကျမ်းစာ၌ ထည့်သွင်းဖော်ပြနိုင်ခဲ့ပါသည်။

❀

# အခန်း(၁)

## သင်္ဂါယနာတင်ပွဲများ

### ၁။ 'သင်္ဂါယနာ' ဟူသောဝေါဟာရ

'သင်္ဂါယနာ'ဟူသော ပါဠိဝေါဟာရကို ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့က 'ပိဋကတ်တော်များကို သံဃာတော်အများ စုပေါင်း ညှိနှိုင်းရွတ်ဆိုသည်' ဟူသော အနက်အဓိပ္ပါယ်ဖြင့် သိနားလည်ထားကြ သော်လည်း၊ ပထမသင်္ဂါယနာတင်ပွဲမှစ၍ စတုတ္ထသင်္ဂါယနာတင်ပွဲ တိုင်အောင် သင်္ဂါယနာတင်ပွဲများအကြောင်း မှတ်တမ်းတင်ခဲ့ကြသည့် ဝိနယပိဋက စူဠဝဂ္ဂပါဠိတော်၊ ပါရာဇိက ကဏ္ဍအဋ္ဌကထာ၊ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာနှင့် ဒီပဝံသစသော ပါဠိစာပေကျမ်းဂန်များအရ 'သင်္ဂါယနာ' ဝေါဟာရသည် အနက်အဓိပ္ပာယ် အမျိုးမျိုးရှိပြီးလျှင်၊ ဗုဒ္ဓသာသနာ ပါဠိ စာပေသမိုင်း၌လည်း အလွန်အရေးပါ၍ ကြီးမားသော စွမ်းအားရှိသည့် ဝေါဟာရဖြစ်ကြောင်း တွေ့ရှိရပါသည်။

သင်္ဂါယနာအကြောင်းကို ရှေးဦးဖော်ပြသော ပါဠိကျမ်းစာမှာ ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်ဖြစ်သည်။ ထိုစူဠဝါပါဠိတော်၊ ပဉ္စသတိကက္ခန္ဓက အခန်းတွင် အရှင်မဟာကဿပ မထေရ်ကြီးက အဓမ္မဝါဒီတို့အား မကြီးမီ ဓမ္မဝါဒီတို့ အားကောင်းဆဲအခါ၌ ဓမ္မနှင့် ဝိနယကို သင်္ဂါယနာ တင်ရန် အကြံဖြစ်ပုံကို 'ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါ ယေယျာမ'ဟု ဖော်ပြထားရာ (ဝိ၊၄။၃၈၁)။ ထိုဝါကျပါ 'သင်္ဂါယ' ဟူသော ပုဒ်သည် 'သင်္ဂါယနာတင်ပွဲ' ကို ရည်ညွှန်းပြောဆိုသော ဝေါဟာရ ဖြစ်လေသည်။

အေဒီ-၄ရာစု၌ ပြုစုသော ဒီပဝံသကျမ်း၊ စတုတ္ထပရိစ္ဆေဒ (ဂါထာ-၃)၌ 'ဝရံ ဝရံ ဂဟေတွာန၊ အကာသိ ဓမ္မသင်္ဂဟံ' ဟူ၍ လည်းကောင်း၊ (ဂါထာ-၄)၌ 'အကာသိ ဓမ္မသင်္ဂဟံ၊ တိဏ္ဏံ မာသာနံ အစ္စယေ' ဟူ၍လည်းကောင်း၊ (ဂါထာ-၅)၌ 'သတ္တမာသေဟိ နိဋ္ဌာသိ၊ ပဌမော သင်္ဂဟော အယံ' ဟူ၍လည်းကောင်း သင်္ဂါယနာတင်ပွဲ အကြောင်းကို 'သင်္ဂဟ'ဟူသောပုဒ်ဖြင့် သုံးစွဲထားကြောင်း တွေ့ရ ပါသည်။

ပထမသင်္ဂါယနာတင်ပွဲမှစ၍ တတိယသင်္ဂါယနာတင်ပွဲအထိ သင်္ဂါယနာတင် အကြောင်းကို အကျယ်တဝင့်ဖော်ပြထားသောကျမ်းမှာ ပါရာဇိကကဏ္ဍအဋ္ဌကထာဖြစ်သည်။ ဝိနယပိဋက၊ ပါရာဇိက ကဏ္ဍ ပါဠိတော်တွင် သင်္ဂါယနာတင်ခြင်း အကြောင်းကို ဖော်ပြမထားခဲ့သော် လည်း၊ ပါရာဇိကဏ်ပါဠိတော်ကိုဖွင့်ဆိုသော အဋ္ဌကထာ၌ အရှင်မဟာ ဗုဒ္ဓဃောသ မထေရ်မြတ်က 'ပဌမမဟာသင်္ဂီတိ နာမ စေသာ ကိဉ္စာပိ ပဉ္စသတိကသင်္ဂီ တိက္ခန္ဓကေ ဝုတ္တာ၊ နိဒါန ကောသလ္လတ္ထံ ပန ဣဓာပိ ဣမိနာ နယေန ဝေဒိတဗ္ဗာ'(ထိုပထမ သင်္ဂါယနာ တင်ခြင်းအကြောင်း ကို စူဠဝဂ္ဂပါဠိတော်၊ ပဉ္စသတိက သင်္ဂီတိက္ခန္ဓက၌ ဆိုခဲ့ပြီး ဖြစ်သော် လည်း၊ နိဒါန်း၌ ကျွမ်းကျင်သူ (နိဒါနကောသ လတ္ထ)၏ အဖြစ် အကျိုးငှာ ဤအဋ္ဌကထာ အစ၌လည်း ဤသို့အားဖြင့် သိထိုက်သေး၏) ဟု စကားပလ္လင်ခံကာ ပထမမှ တတိယတိုင်အောင် သုံးတန်သော သင်္ဂါယနာတင်ပွဲ အကြောင်းတို့ကို ဗာဟိရနိဒါန ကထာ ဟူသော ခေါင်းစဉ်ဖြင့် မကျဉ်းမကျယ် ထည့်သွင်းရေးသားခဲ့ပါသည်။

ပိ၊ ဋ္ဌ၊ ၁။၄-၇၈။

ပါရာဇိကကဏ်အဋ္ဌကထာ၌ ဖော်ပြထားသော 'သင်္ဂါယနာ' ဝေါဟာရ အသုံးအနှုန်းတို့ကို တင်ပြရသော် အရှင်မဟာကဿပ မထေရ်ကြီးသည် ရဟန်းတော်တို့အား 'ဟန္ဒ မယံ အာဝုသော ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယေယျာမ'ဟု ဓမ္မ, ဝိနယတို့အား သင်္ဂါယနာတင်ရန် အသိပေး အကြောင်းကြားသော စကားတွင် သင်္ဂါယနာတင်ပွဲ အကြောင်းကို 'သင်္ဂါယ'ဟူသော ဝေါဟာရဖြင့် သုံးနှုန်းထားကြောင်း တွေ့ရသည်။ (ဝိ၊ ဌ၊ ၁။ ၁၆)။ ထို့ပြင် 'သင်္ဂါယ'ဟူသောပုဒ်ကို ဝိနည်း အဋ္ဌကထာမှာပင် သင်္ဂါယေယျံ၊ သင်္ဂါယနတ္ထံ၊ သင်္ဂါယေယျာမ၊ သင်္ဂါယိဿာမ၊ သင်္ဂါယာမ၊ သင်္ဂါယိတွာ၊ သင်္ဂါယိတုကာမော၊ သင်္ဂါယိတဗ္ဗော'ဟူ၍လည်း အမျိုးမျိုးသုံးနှုန်းထားကြောင်း တွေ့ရသည်။ ဤအဋ္ဌကထာမှာပင် အရှင်အာနန္ဒာ မပါဘဲ သုတ်, အဘိဓမ္မာတို့ကို သင်္ဂါယနာတင်၍ မရနိုင်ပုံအကြောင်းကို ပြောဆိုသော အခါ၌ သင်္ဂါယနာတင်ရန်ကိစ္စကို 'သင်္ဂီတိ' ဟူသောပုဒ်ကို သုံးစွဲ၍ 'အာနန္ဒံ ဝိနာ သင်္ဂီတိ နသက္ကာ ကာတုံ'ဟု ဖော်ပြထားပြန်၏။(ဝိ၊ဌ၊၁။ ၇။) ထို 'သင်္ဂီတိ'ပုဒ်ကိုလည်း ဝိနည်းအဋ္ဌကထာ၌ 'သင်္ဂီတိက္ခန္ဓက ဓမ္မသင်္ဂီတိ၊ သင်္ဂီတိယံ၊ သင်္ဂီတဉ္စ၊ အသင်္ဂီတဉ္စ၊ သင်္ဂီတံ၊ ပဌမမဟာသင်္ဂီတိ' စသည်ဖြင့် အမျိုးမျိုးသုံးနှုန်းထားကြောင်း တွေ့ရပြန်ပါသည်။ ဤအဋ္ဌအထာမှာပင် အရှင်မဟာကဿပ မထေရ်က အဇာတသတ် မင်းအား မိမိတို့သင်္ဂါယနာ တင်မည့် အကြောင်း မိန့်ဆိုရာတွင်လည်း သင်္ဂါယနာတင်ရန် ကိစ္စကို 'သင်္ဂဟ' ဟူသောပုဒ်ကိုလည်း ဝိနည်း အဋ္ဌကထာ၌ 'ဓမ္မဝိနယသင်္ဂဟံ၊ သင်္ဂဟံ၊ ဓဝံမဟာဝိဘင်္ဂ သင်္ဂဟံ၊ သင်္ဂဟမာရုဠှံ၊ ဝိနယသင်္ဂဟာဝသေန၊ သုတ္တသင်္ဂဟော၊ တိဝဂ္ဂသင်္ဂဟာနိ၊ ပဥ္စဒသဝဂ္ဂ သင်္ဂဟာနိ၊ ဥဒ္ဒါနသင်္ဂဟ၊ ဝဂ္ဂသင်္ဂဟ၊ ပေယျာလသင်္ဂဟ၊ သင်္ဂဟပ္ပဘေဒ၊ စသည်ဖြင့် အမျိုးမျိုးသုံးစွဲထားကြောင်း တွေ့ရသည်။

အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသသည် သုတ္တန္တပိဋက၊ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂအဖွင့် သီလက္ခန္ဓဝဂ္ဂဋ္ဌကထာကျမ်းတွင် ပထမသင်္ဂါယနာတင်ပွဲအကြောင်းကို 'ပဌမမဟာသင်္ဂီတိကထာ' ဟူသော ခေါင်းစည်းဖြင့် ရေးသားတော်မူခဲ့ပါသည်။ (ဒီ၊ဋ္ဌ။၁။၃-၂၆)။ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ၌ သင်္ဂါယနာတင်ပွဲ အကြောင်း ဖော်ပြရာတွင် သင်္ဂီတိ၊ သင်္ဂါယေယျံ၊ သင်္ဂါယနတ္ထံ၊ သင်္ဂါယာမ၊ သင်္ဂီတိံ၊ ဓမ္မသင်္ဂီတိယာ၊ ဓမ္မသင်္ဂီတိံ၊ သင်္ဂါယေယျာမ၊ သင်္ဂါယိတုံ၊ ဓမ္မသင်္ဂါဟက၊ သင်္ဂါယိဿာမ၊ သင်္ဂဟံ၊ ဓမ္မသင်္ဂါဟကတ္ထေရာ၊ သင်္ဂဟမာရုဠှေ၊ သင်္ဂါယိတုကာမော' စသည်ဖြင့် 'သင်္ဂီတိ၊ သင်္ဂါယ၊ သင်္ဂဟ' ပုဒ်သုံးမျိုးတို့ကို အမျိုးမျိုးလှယ်၍ သုံးစွဲထားကြောင်းတွေ့ရသည်။

အထက်၌ ဖော်ပြခဲ့သော (၁) ဝိနယပိဋက စူဠဝဂ္ဂပါဠိတော်၊ (၂) ပါရာဇိကဏ်အဋ္ဌကထာ၊ (၃) သုတ္တပိဋက ဒီဃနိကာယ် သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာနှင့် (၄)ဒီပဝံသတို့လာ အထောက်အထားများအရ သင်္ဂါယနာတင်ပွဲ အကြောင်းကို (၁) သင်္ဂါယ၊ (၂) သင်္ဂီတိ၊ (၃) သင်္ဂဟ ဟူသောပုဒ်တို့ဖြင့် ရေးသား မှတ်တမ်းတင်ခဲ့ကြကြောင်း တွေ့ရသည်။

ထို 'သင်္ဂါယ'၊ 'သင်္ဂီတိ'နှင့် 'သင်္ဂဟ' ပုဒ်သုံးပုဒ်ကို ပါဠိအဘိဓာန် ကျမ်းများ၌ အောက်ပါအတိုင်း အနက်ဖွင့်ဆိုထားကြပါသည်။

၁။ သင်္ဂါယ = [သံ+ ဂေ + အ]။ ပေါင်းရုံး၍ ရွတ်ဆို-သင်္ဂါယနာတင်-၏။

= အညီအညွတ်သီဆို၏၊ အညီအညွတ် ရွတ်၏၊ သင်္ဂါယနာတင်၏။

= to chant, rehearse.

= to chant proclaim (cp-sangara), to rehearse, to establish the text of the B. Scriptures.

၂။ သင်္ဂီတိ = [သံ + ဂေ + တိ] ။ ပေါင်းစုရွတ်ဖတ်-သံဂါယနာ။ သီဆိုအပ်သောသီချင်း (သီချင်းသံ)

= သံပြိုင်သီဆိုခြင်း၊ ပေါင်း၍ရွတ်ဆိုခြင်း၊ သင်္ဂါယနာတင်ခြင်း။

= a chant, chorus

= 1. a song, chorus, music-

2. proclamation (cp.sangara), rehearsal, general convocation of the Buddhist clergy in order to settle questions of doctrine and to fix the text of the scriptures.

၃။ သင်္ဂဟ = [သံ + ဂဟ+ အ] (၁) သင်္ဂြိုဟ်ထောက်ပံ့၊ (၂) သင်္ဂဟဝတ္ထု (၃) အကျဉ်းအားဖြင့် ပေါင်းရုံး-သိမ်းကျုံး၊ (၄) သင်္ဂါယနာ၊ (၅) နိကာယ်၊ (၆) အဋ္ဌကထာ

= ပေါင်းယူခြင်း၊ အကျဉ်းအားဖြင့်ယူခြင်း၊ ရေတွက်ခြင်း၊ ချီးမြှောက်ခြင်း၊ ထောက်ပံ့ခြင်း။

1. taking collecting;

2. conjunction, assemblage;

3. a compilation, abridgment;

4. favour, kindness.

'အကျဉ်းချုံးခြင်း'၊ 'ကောင်းစွာဖြစ်ခြင်း'၊ 'တည်ကြည်ခြင်း' စသော အနက်တို့ကို ဆောင်သည်။ ဤနေရာ၌ 'စုပေါင်းခြင်း'၊ ညီညွတ်ခြင်း၊ အနက်တို့ကို ယူသင့်ပေသည်။ 'ဂါ'သည် 'ရွတ်ဆိုခြင်း'၊ 'သီဆိုခြင်း' အနက်တို့ကို ဟောသည်။ ဤနေရာ၌ 'သီဆိုခြင်း'ကို မဆိုလို၊ 'ရွတ်ဆိုခြင်း' အနက်ဟောဖြစ်သည်။ 'အန'သည် နာမ်သဘောကိုပြသော နောက်ဆက်ကိတ် ပစ္စည်းဖြစ်၏။ ယင်းပစ္စည်းကြောင့် 'ယ်'အာဂုံဝင်လာသော အခါ 'သံဂါယန'ဖြစ်၏။ ယင်းကို ဣတ္ထိလိင် '-ါ' ပစ္စည်း ဆက်လိုက်သောအခါတွင် 'သံဂါယနာ' ဟူသောပုဒ် ဖြစ်လာသည်။ 'သံဂါယနာ'နှင့် 'သင်္ဂါယနာ'မှာကား နိဂ္ဂဟိတ် သက်သက်နှင့် နိဂ္ဂဟိတ်ကို နာသိကပြုထားခြင်းမျှသာ ကွဲလွဲပေသည်။ 'တစုတပေါင်းတည်း ရွတ်ဆိုခြင်း'ဟု ဆိုလိုပေသည်။ ဆိုလိုသည်မှာ ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်က လေးဆယ့် ငါးနှစ်ပတ်လုံး ဟောညွှန်ပြသခဲ့သော ဓမ္မနှင့် ဝိနယတို့ကို စိတ်တူကိုယ်တူ တပေါင်းတစုစည်း ရွတ်ဆိုမှတ်တမ်းတင်ခြင်းပင် ဖြစ်သည်။ ပါဠိစာပေတွင် 'သင်္ဂါယန'ပုဒ်ကို 'ဓမ္မ' ဟူသောပုဒ်နှင့်တွဲ၍ 'ဓမ္မသင်္ဂါယန'ဟု လည်း သုံးစွဲ၏။

ဗုဒ္ဓဝံသအဋ္ဌကထာ၌ **'ဓမ္မသင်္ဂါယနတ္တံ ကာရိတေ...ဝုတ္တာ'** (ဗုဒ္ဓဝံသ၊ ဋ္ဌ။၁၃။) -ဟူ၍ သုတ်, ဝိနည်း, အဘိဓမ္မာသင်္ဂါယနာတင်ခြင်းကို ဖော်ပြထားသည်။

ရံခါ သင်္ဂါယနာတင်ပွဲအကြောင်းကို ဖော်ပြရာ၌ 'ဓမ္မ'ပုဒ်ကို 'သင်္ဂီတိ'ပုဒ်နှင့် တွဲ၍လည်း **'ဓမ္မသင်္ဂီတိ'**ဟု သုံးစွဲကြောင်း တွေ့ရပြန်ပါသည်။

ပါရာဇိကဏ်အဋ္ဌကထာ၌ 'တေန ဟာယသ္မတာ သဟာပိ ဝိနာပိ နသက္ကာ ဓမ္မသင်္ဂီတိကာတုံ'(ဝိ၊ ဋ္ဌ၊ ၁။၆။)-ဟူ၍ သုတ်၊ ဝိနည်း၊

အဘိဓမ္မာတရားတော်တို့ကို တပေါင်းတည်းရွတ်ဆို သင်္ဂါယနာတင်ခြင်းကို ဖော်ပြထားသည်။

ရံခါ ထိုသင်္ဂါယနာတင်ပွဲကြီးအကြောင်းကို ဖော်ပြရာ၌ 'ဓမ္မသဘာယ'ဟူ၍ လည်း သုံးနှုန်းကြောင်း တွေ့ရသည်။

ပါရာဇိကဏ်အဋ္ဌကထာမှာပင် ရဟန္တာအရှင်မြတ်ငါးရာတို့ ဒုတိယနေ့ဆွမ်းစားအပြီး သပိတ် သင်္ကန်းတို့ သိမ်းပြီး၍ သင်္ဂါယနာတင်ပွဲ၌ စည်းဝေးကြပုံအကြောင်းကို 'အထ ခေါ ထေရာ ဘိက္ခူ ဒုတိယဒိဝသေ ကတဘတ္တကိစ္စာ ပတ္တစီဝရံပဋိသာမေတွာ **ဓမ္မသဘာယံ** သန္နိပတိတာ' (ဝိ၊ ဋ္ဌ၊ ၁။၁ဝ။)-ဟူ၍ ဖြစ်သည်။

သင်္ဂါယနာဟူသော ဝေါဟာရ၏ သမိုင်းစဉ်ကို လေ့လာကြသော ပညာရှင်အချို့ကမူ 'သင်္ဂါယနာ'သည် (၁) ဓမ္မဝိနယတို့ကို သဘောတူရာပေါင်းစုခြင်း၊ (၂) အညီအညွတ် မေးဖြေပြောကြားခြင်းနှင့် (၃) စုပေါင်းရွတ်ဆိုခြင်းတို့ဖြစ်သည်။

သို့ပါ၍ 'သင်္ဂါယနာ'ဟူသော ဝေါဟာရတွင်-

၁။ ဓမ္မဝိနယတို့ကို သဘောတူရာစုပေါင်းခြင်း၊

၂။ ဓမ္မဝိနယတို့ကို အညီအညွတ် မေးဖြေပြောကြားခြင်း၊

၃။ ဓမ္မဝိနယတို့ကို စုပေါင်းရွတ်ဆို အတည်ပြုခြင်း

ဟူသော အနက်တို့ကို ဖော်ဆောင်သည်။

## ၂။ စာပေကျမ်းဂန်လာ သင်္ဂါယနာတင်ပွဲများ

စာပေမှတ်တမ်းများ၌တွေ့ရသော သင်္ဂါယနာတင်ပွဲများအကြောင်းကို လေ့လာရာ ရှေးဦးစွာ ဆဋ္ဌသင်္ဂါယနာတင်စာတော်မူ၌လာရှိသည့် နိဒါန်းများအရ ဆဋ္ဌသင်္ဂါယနာတင်ပွဲ မတိုင်မီက တင်ခဲ့သည့်

သင်္ဂါယနာ တင်ပွဲငါးခုအကြောင်းကို တင်ပြလိုပေသည်။ ယင်း သင်္ဂါယနာတင်ပွဲ ငါးခုတို့မှာ–

၁။ အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာမထေရ်ကြီး ငါးရာတို့သည် ရာဇဂြိုဟ်ပြည် ဝေဘာရတောင်စောင်း သတ္တပဏ္ဏိ လိုဏ်ဂူဝတွင် အဇာတသတ်မင်းကို အမှီပြု၍ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီး သုံးလအကြာတွင် တင်အပ်သော ပထမသင်္ဂါယနာ တင်ပွဲ၊

၂။ အရှင်မဟာယသအမှူးရှိသော ရဟန္တာမထေရ်ကြီးခုနစ်ရာ တို့သည် ဝေသာလီပြည် ဝါလိကာရာမကျောင်းတိုက်တွင် ကာလာ သောကမင်းကို အမှီပြု၍ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး အနှစ်တစ်ရာ အကြာတွင် တင်အပ်သော ဒုတိယသင်္ဂါယနာတင်ပွဲ၊

၃။ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ဦးစီးသော ရဟန္တာ မထေရ်ကြီးတို့သည် ပါဋလိပုတ်ပြည် အသောကာရာမကျောင်းတွင် သီရိဓမ္မာသောကမင်းကို အမှီပြု၍ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး အနှစ် ၂၃၅–နှစ် အကြာတွင် တင်အပ်သော တတိယသင်္ဂါယနာတင်ပွဲ၊

၄။ အရှင်မဟာဓမ္မရက္ခိတအမှူးရှိသော ရဟန္တာမထေရ်ကြီး ငါးရာတို့သည် သီဟိုဠ်ကျွန်း မာတုလဇနပုဒ် အာလောကလိုဏ်ဂူတွင် ဝဋ္ဋဂါမဏိမင်းကို အမှီပြု၍ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး အနှစ် ၄၅၀ အရတွင် တင်အပ်သော စတုတ္ထသင်္ဂါယနာတင်ပွဲနှင့်

၅။ ဘုရားကြီးဆရာတော် အရှင်ဇာဂရာဘိဝံသ အမှူးရှိသော သမုတိသံဃာ ၂၄၀၀ တို့သည် မြန်မာနိုင်ငံ၊ မန္တလေးမြို့၊ မြေနန်း ပြသာဒ်တော်ကြီးအတွင်း၌ မင်းတုန်းမင်းကြီးကို အမှီပြု၍ မြတ်စွာ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး အနှစ် ၂၄၀၀ အကြာတွင် တင်အပ်သော ပဉ္စမသင်္ဂါယနာတင်ပွဲ ဟူ၍ ဖြစ်သည်။

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ပါဠိစာပေမှတ်တမ်းတို့တွင် ဆင္ဂသင်္ဂါယနာတင်ပွဲ မတိုင်မီက (က) ရာဇဂြိုဟ်၌တင်သော ပထမ သင်္ဂါယနာ၊ (ခ) ဝေသာလီပြည်၌တင်သော ဒုတိယသင်္ဂါယနာ၊ (ဂ) ပါဋလိပုတ် ပြည်၌တင်သော တတိယသင်္ဂါယနာဟူ၍ သင်္ဂါယနာ တင်ပွဲ ၃–ကြိမ်ကျင်းပခဲ့ကြောင်း ဖော်ပြထားပြီး၊ ဗုဒ္ဓဘာသာဝင်တို့၏ စာပေမှတ်တမ်းများ၌ ထိုသင်္ဂါယနာ၃–ကြိမ်တင်သည့်ကာလနှင့် အချိန်မရွေးမနှောင်းတွင် အခြားသော သင်္ဂါယနာပွဲတို့လည်း တင်ခဲ့ ကြောင်း ဖော်ပြထားသည်။

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ပါဠိစာပေတွင် ရာဇဂြိုဟ်ပြည်၌ ပထမသင်္ဂါယနာတင်ပွဲ ကျင်းပခဲ့ခြင်းအကြောင်း ဖော်ပြထားသကဲ့သို့ မြောက်ပိုင်း ဗုဒ္ဓဘာသာဝင်တို့၏ သက္ကတစာပေတို့တွင်လည်း သင်္ဂါ ယနာတင်ပွဲ တစ်ကြိမ်ကျင်းပခဲ့ကြောင်း ဖော်ပြထားသည်။ တရုတ် ရဟန်းတော် ယွမ်ကျန့် (Hiuen Tsiang အေဒီ ၅၉၆–၆၆၄)၏ မှတ်တမ်းတွင် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ပထမသင်္ဂါယနာ တင်ပွဲကို မကျေနပ်၍ မဟာသံဃိကဂိုဏ်းဝင် ရဟန်းတော်တို့က ရာဇဂြိုဟ်ပြည် နှင့် လီ ၂၀ ကွာသော အရပ်၌ စင်ပြိုင်သင်္ဂါယနာတစ်ခုကို တင်ခဲ့ကြောင်း ဖော်ပြထားသည်။ ဤအချက်ကို ပညာရှင်များက လက်မခံကြပေ။ အကြောင်းမှာ ယွန်ကျန့်၏ တင်ပြချက်သည် ဝေသာလီပြည်၌ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဒုတိယသင်္ဂါယနာ တင်ပွဲကို စင်ပြိုင် တင်သော မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏ သင်္ဂါယနာတင်ပွဲ ဖြစ်စဉ်နှင့် ရောထွေးနေသောကြောင့်ဖြစ်သည်။

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ပါဠိစာပေနှင့် မြောက်ပိုင်း ဗုဒ္ဓဘာသာဝင်တို့၏ သက္ကတစာပေ နှစ်ရပ်စလုံးတွင် ဒုတိယသင်္ဂါယနာ

တင်ပွဲအကြောင်းကို ဖော်ပြထားကြသော်လည်း၊ ထေရဝါဒတို့၏ ပါဠိစာပေ၌ ဝဇ္ဇီပြည်သားရဟန်းတို့၏ အကပ္ပိယဝတ္ထုခေါ် အဓမ္မဝတ္ထု ၁၀-ပါးကျင့်သုံးခြင်းကို အကြောင်းပြု၍ အရှင်သဗ္ဗကာမိမထေရ် အစရှိသော တိပိဋကဓရပဋိသမ္ဘိဒါပတ္တ ဆဠဘိညရဟန္တာကြီး ၇၀၀ ပါးတို့ ဝေသာလီပြည်၌တင်သော ဒုတိယသင်္ဂါယနာတင်ပွဲ အကြောင်း ဖြစ်ပြီး မဟာယာနဗုဒ္ဓဘာသာဝင်တို့၏ စာပေ၌ကား ဝဇ္ဇီပုတ္တကရဟန်း တို့ကြီးမှူး၍ ကောသမ္ဗီပြည်၌ တင်သော ဒုတိယသင်္ဂါယနာတင်ပွဲ အကြောင်းဟူ၍ ဒုတိယသင်္ဂါယနာ တင်ပွဲ ၂-ခုကို တစ်နေရာစီ၌ ကျင်းပခဲ့ကြောင်း ဖော်ပြထားခြင်းဖြစ်သည်။ သို့ဖော်ပြကြရာတွင် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ မှတ်တမ်းများဖြစ်ကြသော ဝိနယပိဋက စူဠဝဂ္ဂပါဠိတော်၊ ဒီပဝံသ၊ မဟာဝံသနှင့် နိကာယသင်္ဂဟ ကျမ်းတို့၌ ကောသမ္ဗီပြည်၌ စင်ပြိုင်ဒုတိယ သင်္ဂါယနာတင်သော ဝဇ္ဇီပုတ္တက ရဟန်းတို့အကြောင်း ကို မိမိတို့ ထေရဝါဒသံဃာတို့က ဝဇ္ဇီပုတ္တကတို့၏ အဓမ္မဝတ္ထု ၁၀-ပါးကို စစ်ဆေး၍ ဥဗ္ဗာဟိက သမ္မုတိကမ္မဝါစာဖြင့် ယင်းအဓမ္မဝတ္ထုကို ငြိမ်းစေရန် ဆုံးဖြတ်တော်မူခဲ့ကြကြောင်း၊ ယင်း နောက် ဝဇ္ဇီပုတ္တကရဟန်းဆိုးတို့အား ဝေသာလီ ပြည်မှ မောင်းထုတ်ခဲ့ကြ ကြောင်း၊ ယင်းဝဇ္ဇီပုတ္တက ရဟန်းဆိုးတို့က ပစ္စန္တရာဇ် တိုင်းတစ်ပါး သွားပြီး မိမိတို့အလိုအတိုင်း သင်္ဂါယနာ တင်ကြရာမှ မဟာသံဃိက မည်သော ဂိုဏ်းကြီးကို ထူထောင်လိုက်ကြကြောင်း စသည်ဖြင့် ဖော်ပြ ထားပါသည်။

ဒီပဝံသကျမ်း ပဉ္စမပိုင်း၌ တစ်သောင်းအရေအတွက်ရှိသော ယိုဝဇ္ဇီပုတ္တကရဟန်းတို့ ဝေသာလီပြည်မှ ထွက်ခဲ့၍ ကောသမ္ဗီပြည်၌

စင်ပြိုင်သင်္ဂါယနာတင်ပြီး၍ မူလသာသနာကို မိမိထင်သလို ပြုမှု ကြောင်းတို့ကိုလည်း အောက်ပါအတိုင်း ဖော်ပြထားသည်။

(ဂါထာ-၃၀)။ ။ဒုတိယသင်္ဂါယနာတင်မထေရ်တို့က နှင်ထုတ်လိုက်သော ဝဇ္ဇီတိုင်းသား ယုတ်ညံ့သော ရဟန်းတို့သည် (ဒုတိယ သင်္ဂါယနာဆိုင်ရာမထေရ်တို့မှ) တပါးသော အသင်းအပင်းကို ရကုန်၍ များစွာသော အဓမ္မဝါဒီပုဂ္ဂိုလ်တို့ (ဖြစ်လေကုန်၏)။

(ဂါထာ-၃၁)။ ။တစ်ထောင်သော ထိုရဟန်းတို့သည် စုရုံးစည်းဝေးကုန်၍ တရားကို ပေါင်းစုခြင်း သင်္ဂါယနာတင်ခြင်းကို ပြုကြကုန်၏။ ထို့ကြောင့် ဤရဟန်း တစ်ထောင်၏ သင်္ဂါယနာကို မဟာသင်္ဂီတိဟူ၍ ခေါ်ဆိုအပ်၏။

(ဂါထာ-၃၂)။ ။မဟာသင်္ဂီတိခေါ် မဟာသင်္ဂါယနာကို တင်ကုန်သော ရဟန်းတို့သည် သာသနာတော်၌ မလျော်သည်ကို ပြုလေကုန်၏။ မူလရင်းဖြစ်သော ပထမသင်္ဂါယနာမှ အစီအစဉ်ကို ဖျက်ကုန်၍ တမျိုးတမည် ပေါင်းစုသင်္ဂါယနာ တင်ခြင်းကို ပြုလေကုန်၏။

(ဂါထာ-၃၃)။ ။ထိုမဟာသံဃိကဂိုဏ်းသားရဟန်း တို့သည် မူလက အခြားတစ်နေရာ၌ ပေါင်းစုသင်္ဂါယနာတင်ထားသော သုတ်ကို အခြားတစ်နေရာ၌ ပေါင်းစုသင်္ဂါယနာတင်ကြကုန်၏။ ဝိနည်းပိဋကကိုလည်းကောင်း၊ နိကာယ်ငါးရပ်တို့၌လည်းကောင်း၊ အနက်ကိုလည်းကောင်း၊ ဒေသနာပါဠိကို လည်းကောင်း ဖျက်ပစ် ကုန်၏။

(ဂါထာ-၃၄)။ ။ထိုမဟာသံဃိကဂိုဏ်းသား ရဟန်းတို့သည် မဥ္စသိရိဘုရား စသောအမည်ကို လည်းကောင်း၊ ဝတ်ရုံပုံအသွင်သဏ္ဌာန်ကိုလည်းကောင်း၊ ဆိုင်းအိတ်စသော အသုံးအဆောင်ပရိက္ခရာကို

လည်းကောင်း၊ သွားဟန်၊ ထိုင်ဟန်စသော အသွင်အပြင်နှင့် သင်္ကန်း ချုပ်ခြင်းစသော အပြုအမူ အမူအရာတို့ကို လည်းကောင်း၊ ပကတိမူလ အခြေအနေကို စွန့်၍ ထိုအလုံးစုံကို တမျိုးတမည် ပြုလေကုန်၏။

(ဂါထာ-၅၁)။ ။၁၇-ပါးသော ဂိုဏ်းကွဲတို့သည် ပျက်စီး ကွဲပြားသော အယူဝါဒ ရှိကုန်၏။ တစ်ခုသော ထေရဝါဒသည်သာလျှင် မပျက်မစီး မကွဲပြားဘဲရှိပေသည်။ ထိုဂိုဏ်းတို့သည် ဝါဒတရား မကွဲ ပြားသော ထေရဝါဒနှင့်တကွ အလုံးစုံဆိုလျှင် ၁၈-ပါးရှိကုန်၏-ဟူ၍ ဖြစ်သည်။

အေဒီ ၁၈-ရာစုတွင်ပြုစုသော မဲထီးဆရာတော် အရှင်ပရမ (အေဒီ ၁၇၄၂-၁၇၉၇)၏ ဝံသဒီပနီကျမ်း၌ 'ဝဇ္ဇီတိုင်းသားရဟန်း တို့ကား မူလသင်္ဂါယနာတင်သည်ကိုဖျက်၍ တပါးသော အခြင်း အရာဖြင့် သင်္ဂါယနာ တင်ဟန်ပြုသည်။ ဤဝဇ္ဇီတိုင်းသား သင်္ဂါယနာတင်သည် လည်း သာသနာတော်နှင့် အနုလောမမဖြစ်၊ ပဋိလောမသာ ဖြစ်သည်။ ဤစကားသည် ဒီပဝင်တွင်လာသည်' ဟူ၍ ဒီပဝံသလာ စကားရပ်တို့ကို ကိုးကား၍ ရေးသားထားပါသည်။

ဤနေရာ၌ ဒုတိယသင်္ဂါယနာတင်ချိန်က ဂိုဏ်းကြီး ၁၈-ဂိုဏ်း ကွဲခဲ့သည်ဆိုရာ ထိုစဉ်က မဟာသင်္ဂီတိကခေါ် မဟာသံဃိက ဂိုဏ်းကြီး တစ်ခုသာ ထေရဝါဒမူလဂိုဏ်းမှ ခွဲထွက်ခဲ့ခြင်းဖြစ်ပြီး၊ ကျန်ဂိုဏ်းကွဲ များမှာ ဒုတိယသင်္ဂါယနာတင်ပြီးသည်မှစ၍ တတိယသင်္ဂါယနာမတင်မီ အချိန်အထိ နှစ်ပေါင်း ၁၃၆-နှစ်အတွင်း ဖြည်းဖြည်းချင်း ကွဲပြား လာကြခြင်းသာ ဖြစ်လေသည်။

မဟာသံဃိကဂိုဏ်းကဦးဆောင်၍ ကောသမ္ဗီပြည်၌တင်သည် ဆိုသော စင်ပြိုင်ဒုတိယ သင်္ဂါယနာ တင်ပွဲအကြောင်းကို မြောက်ပိုင်း

ဗုဒ္ဓစာပေတို့၌ မည်သို့မျှ မှတ်တမ်းတင်ထားခြင်း မရှိဟု ပညာရှင်တို့ ရေးသားကြသည်။ သို့သော် အရှင်ယသမထေရ်တို့ ဦးစီးသော ဝေသာလီပြည်၌တင်သည့် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဒုတိယ သင်္ဂါယနာတင်ပွဲအကြောင်းကိုကား မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏ မှတ်တမ်းများတွင် ရေးသားဖော်ပြခဲ့ကြသည်။ အေဒီ ၁၇-ရာစုတွင် ပြုစုသော တာရာနာထ၏ အိန္ဒိယနိုင်ငံ ဗုဒ္ဓဘာသာ သမိုင်းကျမ်း၌ 'အရှင်ယသမထေရ်တို့ ဝေသာလီပြည်၌တင်သော ဒုတိယသင်္ဂါယနာကို လိစ္ဆဝီပြည်ဇာတိနန္ဒိမင်းက ဒါယကာခံယူကာ သုသုမ္ဗုရိဝိဟာရ၌ ပြုလုပ်ကြောင်း၊ ထိုသင်္ဂါယနာပွဲသို့ ရဟန္တာ ၇၀၀-ပါး တက်ရောက်ကြောင်း' စသည်ဖြင့် ဖော်ပြထားသည်။ တရုတ်မှတ်တမ်း၊ တိဘက် မှတ်တမ်းတို့၌လည်း ဝေသာလီပြည်၌တင်သော ဒုတိယ သင်္ဂါယနာကို ဦးဆောင်သည့် သဗ္ဗကာမိမထေရ်၊ ခုဇ္ဇသောဘိတမထေရ်၊ ဝါသဘဂါမိက မထေရ်၊ သာဠှမထေရ်၊ ရေဝတမထေရ်၊ သမ္ဘုတသာဏဝါသီမထေရ်၊ ယသမထေရ်နှင့် သုမနမထေရ် စသည့်မဟာထေရ်တို့၏ ကြွရောက်ရာ ဌာနများကို ဖော်ပြရာတွင် ကွဲလွဲမှုများရှိကြောင်းတွေ့ရသည်။ ထို့ပြင် ပါဠိစာပေ၌ ဒုတိယသင်္ဂါယနာကို ဘုရားပရိနိဗ္ဗာန်စံပြီး နှစ်၁၀၀-တွင် တင်ကြောင်း ဖော်ပြထားသော်လည်း၊ မြောက်ပိုင်းဗုဒ္ဓစာပေတို့၌ အနှစ် ၁၁၀-တွင် တင်ကြောင်း ဖော်ပြထားကြသည်။ ထို့ပြင် ဒုတိယသင်္ဂါယနာ တင်ရခြင်းသည် မထုရာမြို့နေ ပညာတတ်ပုဏ္ဏား၏သား ပါဠှလိပုတ် ပြည် မထုရာမြို့ ကုက္ကဋရာမ ကျောင်းနေ မဟာဒေဝမထေရ်၏ အယူဝါဒ ၅-ချက်ကြောင့် ဒုတိယသင်္ဂါယနာတင်ရသည်ဟူ၍ ဖော်ပြ ထားသည်။ မည်သို့ပင်ဆိုစေကာမူ ဝေသာလီပြည်၌ ဒုတိယသင်္ဂါယနာ တင်သည့် အချိန်မှစ၍ ဗုဒ္ဓသာသနာ၌ ဂိုဏ်းကွဲများ စတင်ဖြစ်ပေါ်

ခဲ့ပြီးလျှင်၊ ထိုသို့ ဂိုဏ်းကွဲပြားမှုကြောင့်ပင် စင်ပြိုင်သင်္ဂါယနာတင်ပွဲများ ဖြစ်ပေါ် လာရခြင်းမှာလည်း ရှင်းလင်းသိသာသော အကြောင်းရပ်များ ဖြစ်သည်။

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ မှတ်တမ်းတွင် ဘုရားရှင် ပရိနိဗ္ဗာန် စံပြီး ၂၃၅–နှစ်အကြာတွင် ပါဋလိပုတ်ပြည် အာသောကာ ရာမကျောင်း တော်၌ အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ရဟန္တာ ၁၀၀၀ တို့သည် အသောကမင်း(၃၀၀–၂၃၂ ဘီစီ)ကို အမှီပြု၍ တတိယသင်္ဂါယနာ တင်ပွဲကို ကျင်းပခဲ့ကြောင်းကို ထေရဝါဒပါဠိ စာပေ၌ နေရာများစွာပေး၍ ဖော်ပြခဲ့ကြသည်။ အထူးသဖြင့် ဝိနည်းပိဋကဆိုင်ရာ အဖွင့်ကျမ်းများ၌ ဤသင်္ဂါယနာတင်ပွဲကို ပို၍ အသားပေး ရေးသားထားသည်။ ဤ တတိယသင်္ဂါယနာတင်ပွဲ၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် ကထာဝတ္ထုပါဠိတော်ကို ဟောကြား၍ ဂိုဏ်းကွဲ၊ ဝါဒကွဲများကို စစ်ဆေး ဖယ်ရှားသုတ်သင် တော်မူခဲ့သည်။ ထိုစဉ်အခါက ဘုရားသာသနာတော် တွင် ထေရဝါဒဗုဒ္ဓသာသနာနှင့်အတူ အခြားဂိုဏ်းကွဲ ၁၇–ဂိုဏ်း သည်လည်း အထင်အရှား တည်ရှိနေကြောင်းသိရ၏။ ထိုဂိုဏ်းကြီး ၁၈–ဂိုဏ်း၌ သဗ္ဗတ္ထိဝါဒ (Sarva,stiva,da) စသော ဂိုဏ်းကွဲများသည် မိမိတို့ သဘောတူရာစုရုံး၍ ရာဇဂြိုဟ်ပြည်အနီး နာဠန္ဒာမြို့၌ စင်ပြိုင် သင်္ဂါယနာတင်ပွဲ တစ်ရပ်ကို ကျင်းပခဲ့ကြောင်း တွေ့ရသည်။ နာဠန္ဒာ၌ တင်သော သင်္ဂါယနာကို အရှင်ဥပဂုတ်(ဥပဂုတ္တ) ဦးဆောင်သော သံဃာ ၅၀၀ တို့ တင်သည်ဟု ဖော်ပြသည်။

အသောကမင်းကြီး၏ တတိယသင်္ဂါယနာတင်ပွဲတင်ပြီး သည့် နောက် အနှစ် ၄၀၀ ခန့်အကြာတွင် အေဒီ ၂–ရာစု ကုသျှန်မင်း ကနိသျှက (Kanishka) လက်ထက် အိန္ဒိယအနောက်မြောက်ဘက်

ဂန္ဓာရ (Gandha,ra) ပြည်၌ တင်အပ်သော မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့၏ သင်္ဂါယနာတင်ပွဲကြီးသည် သာသနာသမိုင်း၌ ထင်ရှား၍ အသိများလေသည်။ ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ ပါဠိစာပေ၌မူ ကနိဿျမင်းတင်သော ထိုသင်္ဂါယနာတင်ပွဲအကြောင်းကို စိုးစဉ်းမျှ ဖော်ပြထားခြင်းမရှိပေ။ တိဘက် မှတ်တမ်းများ၌ 'ဤသင်္ဂါယနာတင်ပွဲသည် တတိယသင်္ဂါယနာတင်ပွဲဖြစ်ကြောင်း၊ ရဟန်းများစွာ ပါဝင်ကြောင်း၊ ကသျှမီယာ (Ksahmir)နိုင်ငံ ကရ်ဏိကဝနဝိဟာရ (Karnikavana)ရှိ ဇလန္ဓရ ကျောင်းတိုက်၌ ကျင်းပကြောင်း၊ တိဘက်မှတ်တမ်းအလိုအရ ဤသင်္ဂါယနာတင်ပွဲသို့ ရဟန္တာ ၅၀၀-ပါး၊ ဗောဓိသတ္တ ၅၀၀ ပါးနှင့် ပုထုဇဉ်ပဏ္ဍိတ်များစွာ ပါဝင်ကြောင်း၊ ဤသင်္ဂါယနာတင်ပွဲ၌ ဝိနည်းပိဋကတ်ကို အခြားသောဂိုဏ်းကြီး ၁၈-ဂိုဏ်းတို့၏ အယူအဆများနှင့် နီးနှော၍ သန့်စင်ခဲ့ကြောင်း၊ ဤသင်္ဂါယနာတင်ပွဲမှစ၍ပင် မဟာယာန စာပေသည် ဤလောကသို့ သက်ဝင်ရောက်ရှိလာရကြောင်း' စသည်ဖြင့် ဖော်ပြထားသည်။

သီရိလင်္ကာနိုင်ငံ၊ ဝဋ္ဋဂါမဏိမင်း (၈၈-၆၇ ဘီစီ) လက်ထက်၌ တင်သော စတုတ္ထသင်္ဂါယနာတင်ပွဲအကြောင်းကို ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဒီပဝံသ၊ မဟာဝံသကျမ်း၊ ဝဇိရဗုဒ္ဓိဋီကာ၊ သာရတ္ထဒီပနီဋီကာ၊ ဝိမတိဝိနောဒနီဋီကာ စသည့် ပါဠိစာပေကျမ်းဂန်များတွင် ဖော်ပြခဲ့ကြသော်လည်း မြောက်ပိုင်း ဗုဒ္ဓဘာသာဆိုင်ရာကျမ်းဂန် စာပေတို့၌ ဤစတုတ္ထသင်္ဂါယနာတင်ပွဲအကြောင်းစပ်၍ဖြစ်စေ၊ စင်ပြိုင်တင်သော သင်္ဂါယနာတင်ပွဲအကြောင်းဖြစ်စေ တစ်စုံတစ်ရာ ဖော်ပြထားသည်ကို မတွေ့ရပေ။

မြန်မာနိုင်ငံ၊ မင်းတုန်းမင်းကြီး (အေဒီ ၁၈၅၃-၁၈၇၈) လက်ထက် အေဒီ ၁၈၆၈-ခုနှစ်တွင် ပဉ္စမသင်္ဂါယနာတင်ကြောင်းကိုလည်း

မြန်မာရာဇဝင်စာပေ အထောက်အထားများ၌သာ ဖော်ပြထားသည်။ မြောက်ပိုင်း ဗုဒ္ဓဘာသာဆိုင်ရာစာပေတို့၌ကား ဤသင်္ဂါယနာတင်ပွဲအကြောင်း မတွေ့ရပေ။

အထက်၌ဖော်ပြခဲ့သော သင်္ဂါယနာတင်ပွဲများနှင့် စပ်လျဉ်း၍ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ လက်ခံထားသည့် (၁) ရာဇဂြိုဟ်၌ တင်သော ပထမသင်္ဂါယနာ၊ (၂) ဝေသာလီပြည်၌ တင်သော ဒုတိယသင်္ဂါယနာ၊ (၃) ပါဋလိပုတ်ပြည်၌တင်သော တတိယသင်္ဂါယနာ၊ (၄) သီရိလင်္ကာနိုင်ငံ၌တင်သော စတုတ္ထသင်္ဂါယနာ၊ (၅) မန္တလေးမြို့၌ တင်သော ပဥ္စမသင်္ဂါယနာဟူသော သင်္ဂါယနာ ၅ ကြိမ်ကို မြောက်ပိုင်းဗုဒ္ဓဘာသာဝင်များ၏ စာပေတို့၌ (၁) ရာဇဂြိုဟ်၌တင်သော ပထမသင်္ဂါယနာ၊ (၂) ဝေသာလီပြည်၌ ဒုတိယသင်္ဂါယနာတို့ကိုသာ အသိအမှတ်ပြုပြီး မှတ်တမ်းတင်ဖော်ပြထားသည်။ ထို့နည်းတူ မြောက်ပိုင်းဗုဒ္ဓဘာသာဝင်တို့ တင်ခဲ့သည်ဆိုသော (၁) ရာဇဂြိုဟ် မြို့နှင့် လီ ၂၀ အကွာ၌ တင်သော သင်္ဂါယနာ-(စင်ပြိုင်ပထမ သင်္ဂါယနာ)၊ (၂) ကောသမ္ဗီမြို့၌တင်သော သင်္ဂါယနာ (စင်ပြိုင် ဒုတိယသင်္ဂါယနာ)၊ (၃) နာလန္ဒာတွင်တင်သော သင်္ဂါယနာ (စင်ပြိုင်တတိယသင်္ဂါယနာ)၊ (၄) ဂန္ဓာရပြည်၌တင်သော သင်္ဂါယနာ (စတုတ္ထသင်္ဂါယနာ)ဟူသော သင်္ဂါယနာ ၄-ကြိမ် တို့တွင် လည်း ထေရဝါဒဗုဒ္ဓဘာသာစာပေ၌ (၁) ကောသမ္ဗီပြည်၌တင်သော သင်္ဂါယနာ (စင်ပြိုင်ဒုတိယသင်္ဂါယနာတင်ပွဲ) ကိုသာ မှတ်တမ်းတင် ထားကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံ၌ ပုဂ္ဂိုလ်ဝန်ထောက် ဦးတင်၏ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၌ ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာတို့ရေတွက်လေ့ရှိသော သင်္ဂါယနာတင်ပွဲအစဉ်ကိုပင် ကနိဿျကမင်းတင်သော သင်္ဂါယနာကို

အကြောင်းပြု၍ ပြုပြင်ရန် လိုအပ်ကြောင်းကို အောက်ပါအတိုင်း ရေးသားခဲ့သည်။

အိန္ဒိယရာဇဝင်တွင် မြှာသောကမင်းကို တတိယသင်္ဂါယနာတင်၊ ကနိသျှကမင်းကို စတုတ္ထသင်္ဂါယနာတင်ဟူ၍ အသေအချာဆိုသည်။ ထိုအဆိုအတိုင်းယူသော် သီဟိုဠ်ကျွန်းတွင် ဝဋ္ဋဂါမဏိမင်းတင်သော သင်္ဂါယနာသည် အစဉ်အတိုင်းယူလျှင် ပဉ္စမသင်္ဂါယနာနောက်မှ မန္တလေးက တင်ရသဖြင့် ဆဋ္ဌသင်္ဂါယနာတင်စင်စစ် ဖြစ်သင့်သည်ဟူ၍ မင်းတုန်းမင်း၏ ပဉ္စမသင်္ဂါယနာတင်ပွဲကိုပင် ဆဋ္ဌသင်္ဂါယနာ တင်ပွဲအဖြစ် သတ်မှတ်သင့်ကြောင်း ရေးသားခဲ့သည်။

ကုန်းဘောင်ခေတ်နှောင်း၌ ထင်ရှားသော စလေဦးပုည(အေဒီ ၁၈၁၂–၆၇)၏ သာသနာလျှောက်စာတမ်း၌ သင်္ဂါယနာ ၁၀–ကြိမ် တင်ကြောင်း ဖော်ပြထားပြီး၊ ယင်း သင်္ဂါယနာတင်ပွဲတို့မှာ–

၁။ အရှင်မဟာကဿပ ဦးဆောင်၍ အဇာတသတ်မင်း လက်ထက်တင်သော ပထမသင်္ဂါယနာ၊

၂။ အရှင်မဟာယသ ဦးဆောင်၍ ဝေသာလီပြည့်ရှင် ကာဠာသောကမင်း လက်ထက် တင်သော ဒုတိယသင်္ဂါယနာ၊

၃။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် ဦးဆောင်၍ ပါဋလိပုတ်ပြည်၌ အသောကမင်း လက်ထက် တင်သော တတိယသင်္ဂါယနာ၊

၄။ သီဟိုဠ်ကျွန်း မာလဲဇနပုဒ် အာလောကလိုဏ်ဂူတွင် ဝဋ္ဋဂါမဏိ မင်းလက်ထက် တင်သော စတုတ္ထသင်္ဂါယနာ၊

၅။ ယိုးဒယားလူမျိုးတို့၏နေရာ ယောနကတိုင်း၊ သာဂလပြည်၌ မိလိန္ဒမင်း လက်ထက်တင်သော ပဉ္စမသင်္ဂါယနာ၊

၆။ အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ မဟာဗောဓိရွာသား အရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းမှ ပိဋကတ်တော်တို့ကို မာဂဓ ဘာသာ အဋ္ဌကထာပြုစု၍ သထုံပြည်သို့ယူဆောင်ကာ သာသနာပြုခြင်း ဟူသော ဆဋ္ဌသင်္ဂါယနာ၊

၇။ သထုံပြည်ရှိ ပိဋကတ်တော်တို့ကို အရိမဒ္ဒနပုရပုဂံသို့ အရှင်အရဟံ လမ်းပြသဖြင့် အနော်ရထာမင်း (အေဒီ ၁၀၄၄–၁၀၇၇) သယ်ဆောင်ကာ အရည်းကြီးတို့ကို နှိမ်နှင်း ပယ်ရှားသာသနာပြုခြင်း ဟူသော သတ္တမသင်္ဂါယနာ၊

၈။ သက္ကရာဇ် ၈၈၈–ခုနှစ်က ရှမ်းတို့ဖျက်၍ ပျက်ခဲ့ရသော သာသနာကို ရတနာမြို့၊ အင်းဝမြို့တွင် တပြက်သာမြို့သား အရှင် တိသာသနဓဇနှင့် ဒုတိယဓဇောဝန် ဆရာတော်တို့ ဦးဆောင်ကာ သန့်စင်ရှင်းလင်းခြင်းဟူသော အဋ္ဌမသင်္ဂါယနာ၊

၉။ အင်းဝကို ရာမညတိုင်း တလိုင်း(မွန်)တို့ သိမ်းယူ၍ ညှိုးနွမ်း ခဲ့ရသော သာသနာကို ရတနသိဃ်ရွှေဘိုဌ် အတုလဆရာတော်တို့ အသစ်ပြုစုရသော နဝမသင်္ဂါယနာ၊

၁၀။ စဉ့်ကူမင်းလက်ထက် (အေဒီ ၁၇၇၆–၁၇၈၁) ၌ အတင်ဂိုဏ်း၊ အရုံဂိုဏ်း ပြဿနာကို ဖြေရှင်းနိုင်ခဲ့ပြီး၊ တစ်နိုင်ငံလုံး အရုံဂိုဏ်းသာ ဖြစ်စေခဲ့သော ဒသမသင်္ဂါယနာ–ဟူ၍ သင်္ဂါယနာ ၁၀– ကြိမ်တင်ခဲ့ ကြောင်း ဖော်ပြထားသည်။

ဦးပုည၏ သာသနာလျှောက်စာတမ်းအရ သင်္ဂါယနာတင်ပွဲ ၁၀–ကြိမ်တို့တွင် ပထမသင်္ဂါယနာ၊ ဒုတိယသင်္ဂါယနာ၊ တတိယ သင်္ဂါယနာနှင့် စတုတ္ထသင်္ဂါယနာတင်ပွဲမှာ ပါဠိစာပေ၌ ထင်ရှားပြီး ဖြစ်၍ ဤနေရာ၌ အထူးဝေဖန်ရန် မလိုပေ။ ကျန်သင်္ဂါယနာတင်ပွဲ ၆–ကြိမ် တို့ကို အကျဉ်းချုံး လေ့လာသော် အောက်ပါအတိုင်းဖြစ်သည်။

မဟာဝိဇ္ဇမှတ်ပုံတင် ၂၁

၁။ ယိုးဒယားပြည် ယောနကတိုင်း သာဝတ္ထိမြို့တွင် ကျင်းပသော ပဥ္စမသင်္ဂါယနာပွဲသည် ထိုင်းနိုင်ငံ၌ ကျင်းပသော သင်္ဂါယနာတင်ပွဲဟု ပညာရှင်တို့ ယူဆကြသည်။ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သော သင်္ဂါယနာ တင်ပွဲဟူရာတွင် ပါဠိစာပေသည် အေဒီ ၁၄၇၂–ခုနှစ်တွင် ထိုင်းနိုင်ငံ မြောက်ပိုင်းရှိ ဇင်းမယ် (Chiengmai) မြို့သို့ ဘုရင် တိလောကရာဇ် (Tilokara,t) လက်ထက်တွင် ရောက်ရှိခဲ့ပြီးနောက် ဇင်းမယ်မြို့မှာပင် အေ ၁၄၇၅–ခုနှစ်တွင် ပါဠိပိဋကတ်တော်များ သန့်စင်ကာ သင်္ဂါယနာတင်ခဲ့ကြောင်းနှင့် ထိုစဉ်က ထိုင်းနိုင်ငံ၌ ထင်ရှားသော မင်္ဂလတ္ထဒီပနီစသော ပါဠိကျမ်းစာများ ပေါ်ထွန်းခဲ့ကြောင်းတို့ကို စည်သူဂါမဏိ၏ ဇင်းမယ်ရာဇဝင်၌ ဖော်ပြခဲ့သည်။ ဤနေရာ၌ ဇင်းမယ် (Chiengmai) ကို ရှေးမြန်မာရာဇဝင်စာပေတို့တွင် 'ယွန်း'ဟု ခေါ်သည်။ ထို'ယွန်း' ဟူသော ဝေါဟာရသည် ပါဠိဝေါဟာရ 'ယောနက'မှ ဖြစ်သည်ဟု ပညာရှင်တို့ ယူဆကြသည်။

တိုးတက်ရေးမဂ္ဂဇင်းပါ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ရာဇဝင်နိတိဆောင်းပါးတွင် ထိုင်းနိုင်ငံ၌ သင်္ဂါယနာတစ်တန် တင်ပြန်သည်ကို အောက်ပါအတိုင်း ဖော်ပြထားပြန်ပါသည်။

အေဒီ ၁၇၈၂ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၁၄၄–ခုနှစ်တွင်ပင် ချောဖရာချက်ကရီသည် ဗန်ကောက်တွင် အခြားနန်းဆက်တစ်ဆက် တည်ထောင်အုပ်စိုးသည်။ သာသနာတော်ကို ပြုပြင်ရန် ပိဋကတ်တော်ကို သင်္ဂါယနာအသစ်တင်တော်မူသည်။ သင်္ဂါယနာတင်ပြီး ပိဋကတ်တော်များကိုထားရန် ပိဋကတ်တိုက်တော် အထူးဆောက်လုပ်သည်။ ယခု နန်းစံလျက်ရှိသော ယိုးဒယားဘုရင်မှာ ချောဖရာချက်ကရီ အဆက် ဆိုသည်–ဟူ၍ဖြစ်သည်။

၂၆၆၁၇

၂။ သထုံပြည်သို့ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာများကို သီဟိုဠ်မှ ဆောင်ယူခြင်းကြောင့် ဖြစ်ရသော ဆဋ္ဌသင်္ဂါယနာတင်ပွဲ အကြောင်းမှာ အကြောင်းခံဖြစ်သော အရှင်မဟာဗုဒ္ဓဃောသ သထုံသို့ အဋ္ဌကထာဆောင်ယူခြင်း အကြောင်းကို ပညာရှင်များ လက်သင့် မခံဘဲ၊ အနောက်နိုင်ငံသား ပညာရှင် Spence Hardy နှင့် မြန်မာနိုင်ငံမှ ဆရာကြီး ဦးလူဖေဝင်းတို့က လက်ခံတင်ပြကြခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

၃။ ပုဂံပြည်သို့ သထုံပြည်မှ ပိဋကတ်တော်တို့ကို ရှင်အရဟံ လမ်းပြ၍ အနော်ရထာမင်း ဆောင်ယူခြင်းကြောင့် ဖြစ်ရသော သတ္တမသင်္ဂါယနာတင်ပွဲအကြောင်းတွင် ရှေးရှေးမဟာရာဇဝင်ကြီး နှင့်ဝံသဒီပနီ၊ သာသနာလင်္ကာရစသော သာသနာဝင်ကျမ်းများ၌ သထုံမြို့မှ ပုဂံသို့ ပိဋကတ်စာပေတို့ ဆောင်ယူခြင်းကို ဖော်ပြထားကြ သော်လည်း ခေတ်ပြိုင်မှတ်တမ်း(ကျောက်စာ) မရှိ၍ ဤအချက်ကို ပညာရှင်တို့ လက်ခံခြင်းမရှိကြပေ။ ထို့နည်းတူ အရည်းကြီး ၆-သောင်း ကို ပယ်ရှင်းခြင်းနှင့် စပ်လျဉ်း၍ ရှေးရှေးမဟာ ရာဇဝင်ကြီးများက ဖော်ပြသော်လည်း ခေတ်ပြိုင်မှတ်တမ်းမရှိ၍ ခေတ်သစ်ပညာရှင်တို့ လက်မခံကြပေ။

၄။ အင်းဝတွင် မြန်မာသက္ကရာဇ် ၈၈၈-ခု (အေဒီ ၁၅၂၆)၌ သိုဟန်ဘွားကြောင့် သာသနာပျက်ရသည်ကို အရှင်တိသာသနဓဇတို့ ပြုပြင်ရာမှဖြစ်သော အဋ္ဌမသင်္ဂါယနာတင်ပွဲ နှင့်စပ်လျဉ်း၍ သာသန ဝံသကျမ်း အချို့၌ ဤအကြောင်းကို တွေ့ရသော်လည်း အပြည့်အစုံ မဟုတ်ပေ။ ထို့ပြင် ရှမ်းတို့ဖျက်သော သာသနာမှာ အင်းဝဒေသ တစ်ဝိုက်သာဖြစ်၍ ကျန်ဒေသတို့တွင် သာသနာထွန်းလင်းနေဆဲဖြစ်၍

ထိုစဉ်က သင်္ဂါယနာတင်ပွဲတစ်ခု ဆင်နွှဲရလောက်အောင် သာသနာ ပြုပြင်မှု လိုအပ်လိမ့်မည်မဟုတ်ဟု ယူဆပါသည်။

၅။ အင်းဝခေတ် နောက်ဆုံးနှင့် ကုန်းဘောင်ခေတ်အစတွင် မွန်တို့ဖျက်၍ အင်းဝပျက်ရာတွင် သာသနာလည်းညှိုးနွမ်း၍ အတုလ ယသဆရာတော်တို့က အလောင်းမင်းလက်ထက်၌ သာသနာသန့်ရှင်း ရသည်ဆိုသော နဝမသင်္ဂါယနာတင်ပွဲနှင့် စပ်၍ကား၊ ထိုစဉ်က အတုလ ဆရာတော်တို့ သာသနာပြုပုံအကြောင်း သာသနဝံသကျမ်းအချို့၌ အချက်အလက်အနည်းငယ်ကို တွေ့ရပြီး၊ သာသနာသန့်ရှင်းအောင် ဆောင်ရွက်သော အချက်အလက်တို့ကို မတွေ့ရပေ။ ထို့ပြင် မွန်တို့ ဒေသတွင်လည်း ဓမ္မစေတီမင်း လက်ထက်ကပင် သာသနာ သုတ်သင် ရှင်းလင်းပြီးဖြစ်၍ မွန်တို့ကို သာသနာဖျက်ဟုစွပ်စွဲ၍ ရမည်မဟုတ်၊ လူမျိုးရေးအစွဲကြောင့် မြန်မာသံဃာ၊ မြန်မာဘုရား စသည်ကိုသာ ဖျက်ခြင်းမျှဖြစ်၍ သာသနာတော်ကြီးတစ်ခုလုံးကို ထိခိုက်နစ်နာစေ သည်ဟု ယူဆရန် မသင့်သဖြင့် ထိုအချိန်၌ သင်္ဂါယနာတင်ပွဲ ဖြစ်လောက် သည်ဟု မယူဆပေ။

၆။ ကုန်းဘောင်ခေတ်၊ စဉ့်ကူမင်းလက်ထက်၌ အတင်ဂိုဏ်း၊ အရုံဂိုဏ်းပြဿနာ ပြေလည်ခြင်း ကြောင့်ဖြစ်သော သမသင်္ဂါယနာ တင်ပွဲနှင့်စပ်၍ မော်ဘီမြို့ ဝန်ဆောင်ဆရာတော် အရှင်ကုမာရက မြန်မာနိုင်ငံဝယ် စဉ့်ကူမင်းလက်ထက်၌ မင်း ၇–ဆက်တိုင် မပြီးပြတ်နိုင် ခဲ့သော အတင်၊ အရုံ အဓိကရဏ်းတွင် အတင်အဓမ္မဝါဒီ (သာသနာ့ အညစ်အကြေး)တို့ကို မင်း၏အကူအညီဖြင့် အပြီးအပြတ် နှိမ်နင်းနိုင်ခဲ့ သည်။ ဓမ္မမှန်ကန်တည့်မတ်မှုကိုလည်း ပြုနိုင်ခဲ့သည်။ ထို့ကြောင့် ရှေးဆရာမြတ်တို့က ဤအတင်၊ အရုံ ဝိနိစ္ဆယကို စတုတ္ထ သင်္ဂါယနာ

ဟုပင် အမည်ပေးထားခဲ့ပါသည်ဟု ရေးသားခဲ့သဖြင့် ဤဒသမသင်္ဂါယနာ တင်ပွဲကိုကား အသိအမှတ်ပြုရုံသာမက အကျယ်တဝင့် ထုတ်ဖော်ရန် လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေတို့တွင်လည်း မိမိတို့ဒေသ၌ သင်္ဂါယနာ တင်ပွဲကျင်းပပုံကို ရေးသားမှတ်ထားကြောင်းတွေ့ရသည်။ မြန်မာနိုင်ငံအနောက် မြောက်ဘက်ရှိ ရခိုင်ပြည်နယ်တွင် ဝေသာလီခေတ်(အေဒီ ၃၇၀-၉၉၄) ကျောက်လှေခါးမြို့၌ အေဒီ ၆၃၈-ခုနှစ်က သိရိဓမ္မဝိဇယမင်းလက်ထက် စူဠရေဝတမထေရ် အမှူးပြုကာ သင်္ဂါယနာတင်ခဲ့ကြောင်း သိရသည်။ ဤသင်္ဂါယနာတင်ပွဲတွင် သီဟိုဠ်မှ သံဃာအပါး ၁၀၀၀၊ ရခိုင်ပြည်နယ်မှ သံဃာအပါး ၂၀၀၀ ပါဝင်သည်။ ဝေသာလီမြို့ တော်အတွင်း နန်းတော်ကုန်း၏ မြောက်ဘက် ရွှေတောင်ခေါ်သော သရက်ချို တောင်ကုန်း၏ ထိပ်ပြင်၌ မြေညီလျှက် အရပ်လေးမျက်နှာတွင် ကျောင်းကြီး၅-ဆောင် ဆောက်လုပ်၍ ပင့်သံဃာတို့ သီတင်းသုံးတော်မူကြသည်။ သင်္ဂါယနာ တင်ပွဲကို ၃-နှစ်ကြာ ကျင်းပ၍၊ ပိဋကတ်တော်တို့ကို ကြေးပုရပိုက်၌ ရေးထိုးထားသည်။ ကြေးချပ်ရေ-၅၀၀၀ ရှိသည်။ ထိုကြေးချပ်တို့ကို ဝေသာလီမြို့အနီး စေတီတစ်ဆူတွင် ဌာပနာခဲ့သည်။ ထိုရခိုင်မင်း သိရိဓမ္မဝိဇယ၏ ပိဋကတ်တော်တို့ကို ကြိုးတန်းပိဋကတ်ဟု ခေါ်ကြသည်။ ဆိုလိုသည်မှာ ဝဋ္ဋဂါမဏိမင်း၏ စတုတ္ထသင်္ဂါယနာမှုအတိုင်း အပိုအလိုမရှိ ပုံတူကူးထားသောကြောင့်ဖြစ်သည်။

ထိုဝေသာလီမြို့၌ သင်္ဂါယနာတင်ခဲ့သော သိရိဓမ္မဝိဇယမင်း အကြောင်းကို အေဒီ ၇၂၉-နှစ်ထိုး ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ရှစ်သောင်းဘုရားရှိ အာနန္ဒစန္ဒကျောက်စာတွင် သက္ကတဘာသာ

နှစ်ဂါထာ (အမှတ်–၃၉၊ ၄၀)တို့ဖြင့် အောက်ပါအတိုင်း ဖော်ပြထား
သည်။

39- Srī dharma jayasaṃ yakto.
Lokā, nugrahata tparaḥ
tatpascā, dabhavaddhīraḥ
Srīdharma vajayo, nṛpaḥ

[မြန်မာပြန်– ထို့နောက် ဘုန်းကျက်သရေ တရားဓမ္မ အောင်မြင်ခြင်းဂုဏ်တို့နှင့် ပြည့်စုံပြီး လူတို့အား ချီးမြှောက်ထောက်ပံ့မှုကိုသာ အာရုံစူးစိုက်ပြုလေ့ရှိသော တည်ကြည် ရဲရင့်သည့် ဂြီဓမရဝိဇယမင်းသည် မင်းဖြစ်လေ၏။]

40- S´ṭratiṃ ṣadabdā. nyu.pabhujya rājyaṃ
dharmeṇa nītya. ca jayena caiva
ratnatrayānusma raṇā.bhiyogā.
tsa devalokaṁ tusitaṁ prayāth.

[မြန်မာပြန်– (ထိုမင်းသည်) တရားဓမ္မ၊ နိုင်ငံရေးကျွမ်းကျင်မှု၊ အောင်မြင်ခြင်း ဂုဏ်တို့ကြောင့်ပင် ၃၆–နှစ်တိုင်အောင် မင်းစည်းစိမ်ကို ခံစားပြီး၍ ရတနာသုံးပါးကို အစဉ်အောက်မေ့ခြင်းကုသိုလ်နှင့် ယှဉ်သောကြောင့် တုသိတာနတ်ပြည်သို့ ကြွမြန်းလေ၏။]

ဝေသာလီခေတ် သီရိဓမ္မဝိဇယမင်းတင်သော သင်္ဂါယနာကို ပဥ္စမသင်္ဂါယနာဟု ခေါ်တွင်ပြီး၊ မင်းရင်ဖြူမင်းလက်ထက်တွင် အရှင်ဥတ္တမသီရိ အမှူးရှိသော ရဟန္တာအရှင်မြတ် ၈၀၀–တို့ စုပေါင်းရွတ်ဆိုပြီး၊ ၁၁–ကြိမ်မြောက် သင်္ဂါယနာကို တင်ခဲ့ကြောင်းကို (အရှင်) ပညာမေဓာ၏ သင်္ဂါယနာ မော်ကွန်း(ပေမူ)တွင် ဖော်ပြထားကြောင်း

မှတ်တမ်းရှိသည်။ ထိုသံဂါယနာမော်ကွန်း (ပေမူ)မှာ အေဒီ ၁၈၉၈–ခုနှစ်တွင် ဆေးဆရာငမဲ ကူးယူခဲ့ခြင်းဖြစ်သည်။ ထိုသီရိ ဓမ္မဝိဇယမင်းနှင့် မင်းရင်ဖြူတို့ အကြား၌တင်ခဲ့သော သင်္ဂါယနာတင်ပွဲများ အကြောင်းတို့ကိုကား အထောက်အထား တစ်စုံတစ်ရာ မတွေ့ရပေ။

## ၃။ ပထမသံဂါယနာတင်ပွဲ

ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့က ၁၉၅၄–ခုနှစ်တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၌ တင်အပ်သော သင်္ဂါယနာတင်ပွဲကို ဆဋ္ဌသင်္ဂါယနာတင်ပွဲဟု သတ်မှတ်ခဲ့သည်။ 'ဆဋ္ဌသင်္ဂါယနာတင်ပွဲ' ဟု ဆိုရာတွင် ဆဋ္ဌ–ဟူသည် ခြောက်ကြိမ် ပြည့်မြောက်သော' အနက်ကို ဟောသည်ဖြစ်ရာ၊ ထိုဆဋ္ဌသင်္ဂါ ယနာတင်ပွဲမတိုင်မီက ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ တင်ခဲ့သည့် သံဂါယနာတင်ပွဲ ငါးကြိမ် ရှိခဲ့ကြောင်းကို ဝန်ခံဘိသို့ ရှိနေသဖြင့်၊ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ လက်ခံထားသော ပထမသင်္ဂါယနာ၊ ဒုတိယ သင်္ဂါယနာ၊ တတိယသင်္ဂါယနာ၊ စတုတ္ထ သင်္ဂါယနာနှင့် ပဉ္စမသင်္ဂါယနာတင်ပွဲတို့၏ အကြောင်းကို အကျဉ်းမျှ တင်ပြလိုပေသည်။

ပထမသင်္ဂါယနာတင်ပွဲကို မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသည့်နှစ်၊ ဝါခေါင်လမှာပင် အိန္ဒိယနိုင်ငံ၊ ဗိဟာရ်(Bihar) ပြည်နယ်အတွင်း ပတ္နာ(Patna)မြို့မှ အရှေ့တောင်ဘက် ၆၂–မိုင် အကွာ ရှေးက မဂဓတိုင်းမြို့တော် ရာဇဂြိုဟ် (Rājagriha) မြောက်ပိုင်းရှိ ဝေဘာရ(Vebhāra)တောင်၏ အရှေ့ဘက် တောင်ခြေရင်း၌ တည်ရှိသော သတ္တပဏ္ဏိ (Sattapanni) လိုဏ်ဂူဝတွင် အဇာတသတ်မင်း စီမံအပ်သည့် မဏ္ဍပ်၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ပထမသင်္ဂါယနာတင်ပွဲ၏ မဟာသင်္ဂီတိနာယကမှာ ဓုတင်္ဂဓောဒဂ် အရှင်မဟာကဿပ မထေရ်ကြီးဖြစ်ပြီး၊ ဓောဒဂ်ငါးတန်ရ အရှင်အာနန္ဒာ ဝိနယဓောဒဂ် အရှင်ဥပါလိတို့ အပါအဝင် ရဟန္တာအရှင်မြတ်ငါးရာတို့က ဓမ္မသင်္ဂါဟကမထေရ်တို့အဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ပထမသင်္ဂါယနာတင်ပွဲကို အာသဝေါကင်းကွာ ဆဋ္ဌာဘိညာပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ်တို့ တင်ခဲ့သောကြောင့် 'ထေရိကာသင်္ဂါယနာ'ဟုလည်းကောင်း၊ ရဟန္တာမထေရ်အရေအတွက် အပါးငါးရာ ပါဝင်သောကြောင့် 'ပဉ္စသတသင်္ဂါယနာ' ဟူ၍လည်းကောင်း ခေါ်တွင်ခဲ့ကြသည်။

## ၄။ ပထမသင်္ဂါယနာတင်ရသည့်အကြောင်း

ပထမသင်္ဂါယနာတင်ရသည့်အကြောင်းကို ပါဠိပိဋကတ်စာပေအနေဖြင့် အစောဆုံး တွေ့ရသည်မှာ ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်၊ ပဉ္စသတိကက္ခန္ဓကၡ္ဓဖြစ်သည်။ ထိုကျမ်း၌ မှတ်တမ်းတင်ထားသည်မှာ ဤသို့ဖြစ်သည်။

၃၄၇။ ထိုအခါ အရှင်မဟာကဿပသည် ရဟန်းတို့ကို ငါ့ရှင်တို့။ ငါသည် အခါတစ်ပါး၌ ငါးရာမျှသော သံဃာတို့နှင့်အတူ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ခရီးရှည်သွား၏။ ငါ့ရှင်တို့။ ထိုအခါ ငါသည် လမ်းမှဖဲ၍ တစ်ခုသောသစ်ပင်ရင်း၌ ထိုင်၏။

ထိုအခါ တစ်ယောက်သော တက္ကတွန်းသည် ကုသိနာရုံပြည်မှ မန္ဒာရဝမည်သော နတ်ပန်းကိုယူ၍ ပါဝါပြည်သို့ ခရီးရှည်သွား၏။

ငါ့ရှင်တို့။ ငါသည် အဝေးမှလာသော ထို တက္ကတွန်းကိုမြင်၍ 'ငါ့ရှင်၊ ငါတို့၏ဆရာ ဘုရားကိုသိပါ၏လော'ဟု မေး၏။ 'ငါ့ရှင်၊ အိမ်း၊

သိပါ၏၊ ရဟန်းဂေါတမသည် ယနေ့ ပရိနိဗ္ဗာန်စံပြီး၍ (၇)ရက်ရှိပြီ။ ထိုအရပ်မှ အကျွန်ုပ်သည် ဤမန္ဒာရဝမည်သော နက်ပန်းကို ယူခဲ့ပါ၏ ဟုပြော၏။

ငါ့ရှင်တို့။ ထိုသို့ပြောရာ၌ တဏှာမကင်းသေးသည့် အချို့သော ရဟန်းတို့သည် 'ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန် လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေပြီ။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် ပြုတော်မူခဲ့လေပြီ။ လောက၏ ပညာမျက်စိသည် အလွန်လျင်မြန်စွာ ကွယ်ခဲ့လေပြီ'ဟုဆိုကာ လက်မောင်းတို့ကို မြှောက်ချီ၍ ငိုကြွေး မြည်တမ်းကုန်၏။ ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျကုန်၏။ ရှေးရှု လူးလိမ့် ကုန်၏။ ထိုထိုဤဤ လူးလိမ့်ကုန်၏။ ဤသို့ မြည်တမ်း၍ ငိုကြွေးလူးလှိမ့်ကြကုန်၏။

ရာဂကင်းပြီးသော ရဟန်းတို့သည်ကား 'ပြုပြင်ရသော သင်္ခါရ တရားတို့သည် မမြဲသောသဘော ရှိကုန်၏။ ဤ(သင်္ခါရတရားတို့)၌ ထို (မြဲခြင်း)ကို အဘယ်မှာ ရနိုင်ပါအံ့နည်း'ဟု အောက်မေ့ ဆင်ခြင် လျက် သည်းခံနိုင်ကုန်၏။

ငါ့ရှင်ဝို့၊ ထိုအခါ ငါသည် ရဟန်းတို့ကို 'ငါ့ရှင်တို့၊ တန်ကြ တော့၊ မစိုးရိမ်ကြလင့်၊ မငိုကြွေးကြလင့်၊ ချစ်ခင်မြတ်နိုးသော လူအားလုံး တို့နှင့် ရှင်လျက်ကွဲကွာခြင်း၊ သေ၍ ကွဲကွာခြင်း၊ ဘဝခြားလျက် ကွဲကွာ ခြင်း ဤသို့ (ကွဲကွာခြင်းများ)ကို ရှေးမဆွကပင် မြတ်စွာဘုရား ဟောကြား ခဲ့ပြီ မဟုတ်ပါလော။'

'ငါ့ရှင်တို့။ ဤအရာ၌ အသစ်ပေါ်လာခြင်း ထင်ရှားဖြစ်ပေါ် လာခြင်း၊ ပြုပြင်ပေးရခြင်း၊ ပျက်စီးခြင်း သဘောရှိသော အရာဝတ္ထုကို

မပျက်စီးစေပါလင့်-ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာ ရနိုင်ပါအံ့နည်း၊ ဤသို့ ရနိုင်ရန် အကြောင်းမရှိချေ' ဟု ဆိုခဲ့၏။ ငါ့ရှင်တို့။ ထိုအခါ သုဘဒ်(=သုဘဒ္ဒ) မည်သော တောထွက်ရဟန်းကြီးသည် ထို ပရိသတ်၌ ထိုင်နေ၏။

ငါ့ရှင်တို့။ ထိုအခါ သုဘဒ်မည်သော တောထွက်ရဟန်းကြီး သည် ထိုရဟန်းတို့အား-

'ငါ့ရှင်တို့။ မသင့်၊ မစိုးရိမ်ကြလင့်၊ မငိုကြွေးကြကုန်လင့်၊ ငါတို့ သည် ထိုရဟန်းကြီးမှ ကောင်းစွာ လွတ်ခဲ့ကုန်ပြီ။ 'ဤအမှုသည် သင်တို့ အား အပ်၏၊ ဤအမှုသည် သင်တို့အား မအပ်'ဟု ငါတို့သည် နှိပ်စက်ခံ ရကုန်၏။ ယခုမူကား ငါတို့ပြုလုပ်လိုရာကို ပြုလုပ်ကုန်အံ့၊ မပြုလုပ် လိုရာကို မပြုလုပ်ကုန်အံ့' ဟု ပြောဆို၏။

ငါ့ရှင်တို့။ ငါတို့သည် မသူတော်တရား မထွန်းကားမီ၊ သူတော် တရားမကွယ်ပမီ၊ ဝိနည်းမဟုတ်သောတရား မထွန်းကားမီ၊ ဝိနည်း တရားမကွယ်ပမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမရှိမီ၊ ဓမ္မဝါဒီတို့ အားမနည်း မီ၊ အဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမရှိမီ၊ ဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမနည်းမီ၊ ဓမ္မနှင့်ဝိနယကို သင်္ဂါယနာတင်ကုန်အံ့ (စုပေါင်းရွတ်ဆို ကုန်အံ့)'ဟု ပြောဆို၏။

အထက်၌ပြခဲ့သော ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်အရ သုဘဒ္ဒ ရဟန်းအိုကြီး၏-

'ကောင်းစွာလွတ်ကြရကုန်ပြီ။ ငါတို့သည် (ဝါ) ငါတို့ကို ဤအမှု သည် သင်တို့အား အပ်၏၊ ဤအမှုသည် သင်တို့အားမအပ်၊ ဤသို့ ချုပ်ချယ်အပ်ကုန်သည် ဖြစ်ကြရကုန်၏။ ယခုအခါ၌မူကား ငါတို့သည် (ဝါ) ငါတို့ကို အကြင်အမှုကိုပြုရန် အလိုရှိကုန်အံ့၊ ထိုအမှုကို ပြုနိုင်

ကုန်တော့အံ့၊ အကြင်အမှုကိုပြုရန် အလိုမရှိပါက ထိုအမှုကိုမပြုဘဲ နေနိုင်ကုန်တော့အံ့'-ဤသို့ပြောပြီ-ဟူသောစကားများအရ ပထမသင်္ဂါယနာတင်ရန် ဖြစ်ပေါ်လာရကြောင်း တွေ့ရသည်။ အချို့သော ပညာရှင်တို့ကမူ သုဘဒ္ဒ၏ စကားမျှဖြင့် ပထမသင်္ဂါယနာတင်ရန်အကြောင်းဖြစ်ပေါ်ခြင်းမဟုတ်၊ အခြားသော အကြောင်းများလည်းရှိကြောင်းရေးသားကြသည်။

ဤနေရာ၌ စဉ်းစားဖွယ်မှာ ဘုရားရှင်သည် သာသနာတော်ကိုတည်ထောင်ခဲ့၏။ ဤသာသနာဝယ် ဓမ္မ၊ အဓမ္မ၊ ဝိနယ၊ အဝိနယစသည်တို့ကိုလည်း လမ်းညွှန်ပြသခဲ့၏။ သာမဏေစည်းမျဉ်း၊ ဘိက္ခုစည်းမျဉ်း၊ လူ့စည်းမျဉ်းအစရှိသည်တို့ကို ချမှတ်ပေးတော်မူခဲ့၏။ သတ်မှတ်ပိုင်းခြားထားသော စည်းမျဉ်းတို့မှ သွေဖီလျှင် သင့်ရောက်သော အာပတ်နှင့် ကုစားပုံတို့ကိုလည်း ထုတ်ဖော် မိန့်ကြားတော်မူခဲ့၏။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံသော အခါ၌ ဓမ္မကို အဓမ္မ၊ ဝိနယကို အဝိနယ-စသည်ဖြင့် မိမိတို့စိတ်ကြိုက် ပြုပြင်လိုသူတို့ ပေါ်ထွန်းလာပါက ထိုသူတို့အား မည်သည့်ပုဂ္ဂိုလ်က ဘုရားရှင်ပမာ ရှင်းလင်းဆုံးမပေးနိုင်မည်နည်း။ ဤအရေးသည် သံဃာတစ်ပါးတည်း၊ နှစ်ပါး၊ သုံးပါး စသည်ဖြင့် ဆောင်ရွက်ရမည့်အရေးမဟုတ်ဘဲ သံဃာအဖွဲ့အစည်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ရမည့် အရေးဖြစ်၏။ ထိုသို့သာသနာတော်တွင် ထင်သလိုနေ ထင်သလိုပြုမည့်ပုဂ္ဂိုလ်(တနည်း) အဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမကြီးမီ နှိမ်နင်းရမည့်အရေးသည် အခြားမည်သည့်အရေးနှင့်မျှမတူပေ။ ထိုသို့သော အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့အားကြီး၍ နောက်လိုက်ပုဂ္ဂိုလ် များပြားလာပါက သင်းကွဲသည်အထိ သံဃာတို့ ဖြစ်လာနိုင်သည်။

ထို့ကြောင့် ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်လာ သုဘဒ္ဒ၏ စကားတို့သည် ညီညွတ်လျက်ရှိသော သံဃာတော်အစုအဝေးကို သင်းခွဲနိုင်သော စကားဖြစ်သည့်အပြင်၊ သာသနာတော်၏ အသက်ပမာဖြစ်သော ဝိနည်းတော်ကို ပြိုကွဲအောင် ပစ်ခွင်းလိုက်သော မြားကြီးတစ်စင်းဖြစ်သည့်အတွက် ထိုသုဘဒ္ဒ၏စကားအရ ပထမသင်္ဂါယနာ တင်ပွဲကို ကျင်းပရခြင်းသည် မငြင်းကွယ်နိုင်သော အချက် ဖြစ်လေ သည်။ ထိုသို့ သုဘဒ္ဒ၏စကားအရ သင်္ဂါယနာတင်ပွဲကို ကျင်းပရ ပြီးလျှင် အခြားသော ကိစ္စရပ်များကိုလည်း ထည့်သွင်း ဆောင်ရွက်ခဲ့သည်ဟု ယူဆသင့်ပေသည်။

ဒီပဝံသကျမ်း၊ စတုတ္ထပရိစ္ဆေဒ၊ ဂါထာ–၂၄၌ ပထမသင်္ဂါယနာတင်ရခြင်းအကြောင်းကို ဖော်ပြရာတွင် သုဘဒ္ဒ၏စကားကြောင့် တင်ရသည်ဆိုသောအချက်ကို မဖော်ပြဘဲ 'လူအပေါင်း၏ ယုံမှားသံသယကို ပယ်ဖျောက်ရန်၊ သာသနာတော်အစွန့်ရှည်စွာ တည်တံ့ရန်' သင်္ဂါယနာတင်သည်ဟူ၍ ဖော်ပြထားရာ၊ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကြောင့် ပထမသင်္ဂါယနာ တင်ရခြင်းမျိုးမဟုတ်ဘဲ ဓမ္မလမ်းကြောင်းအရ တင်သင့်တင်ထိုက်၍ တင်ခြင်းသဘော သက်ဝင်အောင် ဖော်ပြထားကြောင်း တွေ့ရသည်။

ဒီပဝံသကျမ်းနောက်၌ ပေါ်ထွန်းလာသော ဝိနယပိဋက၊ ပါရာဇိက ကဏ္ဍအဋ္ဌကထာတွင် ပထမသင်္ဂါယနာကို အကြောင်းနှစ်ရပ်ကြောင့် တင်ရကြောင်း ဖော်ပြထားသည်။ ပထမအကြောင်းမှာ ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်၌ လာသည့်အတိုင်း သုဘဒ္ဒပြောကြားသော စကားကို အမှတ်ရသဖြင့် သင်္ဂါယနာတင်သော အကြောင်းနှင့် ဒုတိယအကြောင်းမှာ 'အရှင်မဟာကဿပမထေရ်ကြီးသည် မိမိကို ဘုရား

ရှင်က ကိုယ်တော်တိုင် ဝတ်ရုံဆင်မြန်းသော ပိုက်ဆံလျှော် ပံ့သကူ သင်္ကန်းကို ကိုယ်တော်နှင့် ထပ်တူပြုကာ ချီးမြှောက်ပေးအပ်ခဲ့ရာ ထိုချီးမြှောက်ခဲ့မှုကို သင်္ဂါယနာတင်ခြင်းမှတစ်ပါး အခြားသော အကြွေး ဆပ်ခြင်းဖြင့် မဆပ်နိုင်၊ ထိုကြွေးပြေစေခြင်းငှာ သင်္ဂါယနာတင်၍ ဆပ်မည်ဟူသော အကြောင်းကြောင့် တင်ခြင်းဖြစ်သည်ဟု ဖော်ပြ ထားသည်။

အရှင်မဟာကဿပသည် ဤသို့အကြောင်းဖြစ်ပုံ နှစ်ရပ်ရှိခဲ့ သော်လည်း သံဃာတော်တို့အား သင်္ဂါယနာတင်ရန် မိန့်ကြားရာ၌ သုဘဒ္ဒ၏စကား(တနည်း) သုဘဒ္ဒကဏ္ဍကိုသာ ရည်ညွှန်းကိုးကား အကြောင်းပြမိန့်ဆိုကြောင်း ပါရာဇိကကဏ္ဍ အဋ္ဌကထာနှင့် ခုဒ္ဒကပါဌ အဋ္ဌကထာတို့၌ ဖော်ပြထားခဲ့သည်။ ဤအချက်ကို မဟာဝံသကျမ်း၊ တတိယပရိစ္ဆေဒ၊ ဂါထာအမှတ်–၇ တွင်လည်း ထပ်တူဖော်ပြခဲ့သည်။

ပညာရှင်အိုလ်ဒင်ဘတ် (Oldenberg)ကမူ ထိုပါရာ ဇိကဏ် အဋ္ဌကထာလာ အရှင်မဟာကဿပ၏ သင်္ဂါယနာတင်ရန် အကြောင်း ဖြစ်ပုံနှစ်ရပ်တွင် ဝိနယပိဋကေ၊ စူဠဝဂ္ဂလာ သုဘဒ္ဒပြောသော စကားရပ် သည်။ ဒီဃနိကာယ်၊ မဟာဝဂ္ဂလာ မဟာပရိနိဗ္ဗာနသုတ္တ (ဒီ၊ ၂။ ၆၁။ )၌ မတွေ့ရသည့်အတွက် 'ဝိနယပိဋကေ၊ စူဠဝဂ္ဂလာ သုဘဒ္ဒစကားကြောင့် ပထမသင်္ဂါယနာတင်ရသည်' ဟူသော အကြောင်းပြချက်သည် အဓိပ္ပာယ် ကင်းမဲ့ကြောင်း ဝေဖန်ရေးသားခဲ့သည်။

ဤနေရာ၌ ထိုပါရာဇိကကဏ္ဍအဋ္ဌကထာလာ 'ပဋ္ဌမတ္တေဟိ ဘိက္ခု သတေဟိ တိ သဗ္ဗံ သုဘဒ္ဒကဏ္ဍံ' ဟူသော စကားကို အရှင် ဇနကာဘိဝံသ ဆရာတော်ကြီးက ပါရာဇိကဏ် ဘာသာဋီကာ တွင် အောက်ပါအတိုင်း ရှင်းလင်းဖော်ပြထားသည်။

'ပဥ္စမတ္တောဟိ ဘိက္ခုသတေဟိ'တွင် သုဘဒ္ဒကဏ္ဍ မဆုံးသေးသောကြောင့် 'ဉတ္တိ'ဟု အာဒိအနက်ဟော ဉတ္တိသဒ္ဒါဖြင့် ညွှန်ပြ၍ 'သဗ္ဗကဏ္ဍံ'ဟု မိန့်သည်။ သဗ္ဗနှင့်တွဲသော ဉတ္တိသဒ္ဒါကို အာဒိအနက်ဟောဟု အမြဲမှတ်ပါ။ 'သုဘဒ္ဒကဏ္ဍ- သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီးနှင့်ဆိုင်သော အခဏ်း'ဟူသည် ပဥ္စသတိကသံဂီတိက္ခန္ဓက၌လည်းကောင်း၊ သုတ်မဟာဝါ ပရိနိဗ္ဗာနသုတ်၌လည်းကောင်း၊ လာသော 'အထ ခေါ အာယသ္မာ မဟာကဿပေါ (ပေ) န တံ ကရိဿမ'ဟူသော အခဏ်းတည်း။ ထိုအခဏ်းကို ဤနေရာသို့ ဆောင်ယူ၍ အကျယ်သိပါလေ-ဟူလို့'။

ပါမောက္ခဖိနော(Prof.Finot)နှင့် ဒေါက်တာအိုဗာမီလာ (Dr.Obermiller)တို့ကလည်း 'ပဥ္စသတိကက္ခန္ဓကသည် မူလက မဟာပရိနိဗ္ဗာနသုတ်တွင်ပါဝင်သည်။ သို့သော် နောက်ဆရာတို့က နေရာ ရွှေ့ပြောင်း၍ စူဠဝဂ္ဂတွင် ထည့်သွင်းခဲ့သည်။ ထို့ကြောင့် အိုလ်ဒင်ဗတ် Oldenberg ပြောသကဲ့သို့ မဟုတ်ပါဟု ချေပထားကြသည်။ ထိုထက် ခိုင်မာသော အထောက်အထားတစ်ခုမှာ ပထမသင်္ဂါယနာအကြောင်း ပါဝင်သော မဟာပရိနိဗ္ဗာနသုတ်ကို မြောက်ပိုင်းဗုဒ္ဓဘာသာကျမ်း တစ်ကျမ်းဖြစ်သည့် မူလသဗ္ဗတ္ထိဝါဒ သံယုတ္တာဝတ္ထုတွင် တွေ့ရှိရသည်ဟူသော အချက်ဖြစ်၏။

တိဘက်ဝိနယ(ခေါ်)ဒူလဝါ Dulva ကျမ်း၌ ဘုရားရှင်နှင့်တကွ အရှင်သာရိပုတ္တရာ၊ အရှင်မဟာ မောဂ္ဂလာန်စသော ဘုရားရဟန္တာတို့ လွန်တော်မူကြသည့်နောက်တွင် ဓမ္မ၊ ဝိနယကို ဟောကြားမည့်သူ ရှိတော့မည်မဟုတ်၊ ဘုရားရှင်ဟောကြားခဲ့သော တရားတော်တို့သည် အခိုးအငွေ့သဖွယ် ပျက်ပြယ်တော့မည်ဟူသော ယူဆချက်ကို ပယ်ဖျက်

ရန် အရှင်မဟာကဿပမထေရ်ကြီးသည် ပထမသင်္ဂါ ယနာကို တင်ခဲ့သည်-ဟူ၍ ပညာရှင် ရော့ဟီးလ် W.W.Rockhillက ဖော်ပြထားသည်။

## ၅။ ပထမသင်္ဂါယနာတင်နှင့် အစီအစဉ်

ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်၌ အရှင်မဟာကဿပမထေရ်ကြီးသည် သုဘဒ္ဒ တောထွက်ကြီး၏ မဖွယ်မရာစကားကိုကြား၍ သင်္ဂါယနာတင်ရန် ဆုံးဖြတ်ချက် ချတော်မူပြီးလျှင် ရဟန်းတို့အား သင်္ဂါယနာတင်ရန် မိန့်ကြားတော်မူခဲ့သည်။ ထိုအခါ အရှင်မဟာကဿပမထေရ်ကြီးက သင်္ဂါယနာတင်ပွဲ အတွက်-

(က) သင်္ဂီတိကာရကသံဃာ ၄၉၉-ပါးတို့အား ရွေးချယ်ခြင်း၊

(ခ) ထိုသင်္ဂီတိကာရကသံဃာတို့တွင် အရှင်အာနန္ဒာအား ပါဝင်စေ၍ သံဃာ ၅၀၀-ပါး ဖြစ်စေခြင်း၊

(ဂ) သင်္ဂါယနာတင်ရန်နေရာဌာနအဖြစ် ရာဇဂြိုဟ်ကို ရွေးချယ်ခြင်း၊

(ဃ) ထိုသင်္ဂါယနာတင်ရာ ရာဇဂြိုဟ်၌ ဝါတွင်းတွင် သင်္ဂီတိကာရကမထေရ် ၅၀၀-ပါးမှ တစ်ပါး အခြားမည်သည့် သံဃာမျှ ဝါမကပ်ရန် အရှင်မဟာကဿပက ညွှတ်ထား ခြင်း-

စသည်ဖြင့် တိုင်ပင်ညှိနှိုင်းကြကြောင်းတို့ကို ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်၌ တွေ့ရပါသည်။

ထိုသို့ စူဠဝဂ္ဂပါဠိတော်လာ ပထမသင်္ဂါယနာတင်ရန် ပြင်ဆင်ပုံတို့ကို အခြားကျမ်းဂန် စာပေများတွင် ဖော်ပြထားပုံတို့မှာ ကွဲပြားခြားနားမှုများ ရှိနေကြောင်းတွေ့ရသည်။ အချို့သောနေရာတွင် စူဠဝဂ္ဂ

ပါဠိတော်မှာ လာသည်ထက်ချဲ့၍လည်းကောင်း၊ အခြားအချက်အလက်တို့ကို ထည့်၍လည်းကောင်း ဖော်ပြထားကြောင်း တွေ့ရ သည်။

ပမာအားဖြင့် တင်ပြရလျှင်–

သင်္ဂီတိကာရက အရှင်မြတ်ငါးရာကို ရွေးချယ်ရာတွင် စူဠဝဂ္ဂပါဠိတော်၌ 'ဧကေနူနပဉ္စ အရဟန္တ သတာနိ ဥစ္စိနိ'ဟု [တစ်ပါးယုတ်သော (၄၉၉)ပါးသော ရဟန္တာအရှင်မြတ်တို့ကို ရွေးချယ်ခဲ့ပြီ]ဟု ဖော်ပြထားသည်ကို ဝိနယပိဋက၊ ပါရာဇိကကဏ္ဍအဋ္ဌကထာနှင့် သုတ္တပိဋက၊ ခုဒ္ဒပါဌအဋ္ဌကထာတို့၌ အလုံးစုံအင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား၏ ဆုံးမကြောင်း ပရိယတ်ကို ဆောင်နိုင်ကုန်သော၊ အရာမက များစွာလည်း ဖြစ်ကုန်သော၊ အထောင်မက များစွာလည်းဖြစ်ကုန်သော၊ ပုထုဇဉ် ရဟန်း၊ သောတာပန် ရဟန်း၊ သကဒါဂါမ်ရဟန်း၊ အနာဂါမ်ရဟန်း၊ သုက္ခဝိပဿက ရဟန္တာရဟန်းတို့ကို ရှောင်ကြဉ်၍ ပိဋကတ်သုံးပုံ ဟူသော အလုံးစုံသော ပရိယတ္တိအပြားကို ဆောင်နိုင်ကုန်သော၊ ပဋိသမ္ဘိဒါသို့ ရောက်ကုန်ပြီးသော၊ ကြီးသောအာနုဘော် ရှိကုန်သော၊ များသောအားဖြင့် မြတ်စွာဘုရားရှင်သည် ဧတဒဂ်ရာထူးသို့ တင်အပ်ကုန်ပြီးသော တေဝိဇ္ဇာအစရှိသော အပြားရှိကုန်သော၊ တစ်ပါးဖြင့် ယုတ်လျော့သော ငါးရာအတိုင်းအရှည် ရှိကုန်သော ရဟန္တာတို့ကိုသာ ပိုင်းခြား၍ ရွေးချယ်တော်မူပြီဟု ပြဆိုထားကြောင်း တွေ့ရသည်။

ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်၌ ပထမသင်္ဂါယနာတင်ပွဲကျင်းပပုံ အစီအစဉ်နှင့် စပ်လျဉ်း၍ ဖော်ပြထားသည်မှာ–

အရှင်မဟာကဿပ မထေရ်ကြီးသည် သံဃာတော်တို့အား ဝိနည်းနှင့်စပ်၍ အရှင်ဥပါလိမထေရ် အားမေးရန်၊ ဓမ္မနှင့်စပ်၍ အရှင်အာနန္ဒာမထေရ်အား မေးရန်၊ ရှေးဦးခွင့်ပန် အသိပေးပါသည်။

ထို့နောက် အရှင်မဟာကဿပမထေရ်ကမေး၍ ဝိနည်းဆိုင်ရာ ဝိဘင်းနှစ်မျိုးလုံး အရှင်ဥပါလိဖြေပုံ၊ ဓမ္မဆိုင်ရာ နိကာယ်ငါးမျိုးလုံး အရှင်အာနန္ဒာဖြေပုံတို့ကို ဖော်ပြထားသည်။ ထို့နောက် သံဂီတိကာရက သံဃာတော်တို့က အရှင်အာနန္ဒာကို (၁)ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်နှင့် စပ်၍လည်းကောင်း၊ (၂) မြတ်စွာဘုရားရှင်၏ မိုးရေခံသင်္ကန်းကို ခြေဖြင့်နင်း၍ ချုပ်ခြင်းနှင့် စပ်၍လည်းကောင်း၊ (၃) မြတ်စွာဘုရားရှင်၏ ကိုယ်တော်ကို မာတုဂါမတို့၏ မျက်ရည်ဖြင့် လိမ်းကျံခြင်းနှင့် စပ်၍လည်းကောင်း၊ (၄) မြတ်စွာဘုရားရှင်၏ အာယုကပ်ပတ်လုံး တည်တော်မူရန် မပန်ကြားခြင်းနှင့် စပ်၍လည်းကောင်း၊ (၅) မဟာ ပဇာပတိဂေါတမီအား သာသနာတော်ဓမ္မဝိနယ၌ မာတုဂါမ၏ ရဟန်းပြုခွင့်ရရန် လုံ့လပြုမိခြင်းနှင့် စပ်၍လည်းကောင်း၊ (၆) အရှင်ဆန္နအား ဘုရားရှင်ဒဏ်ထားသော ဗြဟ္မဒဏ်နှင့်စပ်၍ လည်းကောင်း မေးမြန်းကြပုံတို့ကို ဖော်ပြထား ပြန်ပါသည်။

ပါရာဇိကဏ်အဋ္ဌကထာ၌မူ အဋ္ဌကထာ အရှင်မဟာ ဗုဒ္ဓဃောသက ထိုပထမသင်္ဂါယနာတင်ပွဲ အခမ်းအနားအကြောင်းကို အကျယ်တဝင့် ရှင်းလင်းရေးသားရာတွင် အရှင်မဟာကဿပမထေရ်ကြီးသည် အရှင်အာနန္ဒာမထေရ်ရောက်ရှိ၍ သံဃာ့ပရိသတ်စုံညီသည့်အခါ သံဃာတော်တို့အား ဓမ္မဝိနယနှစ်ဌာန၌ မည်သည့်တရားကို ရှေးဦးစွာတင်ရမည် နည်းဟူသော အမေးရှိတော်မူပုံမှ စတင်ဖော်ပြထားသည်။ ထိုအခါ သံဃာတော်တို့က 'ဝိနယသည် ဘုရားသာသနာတော်၏ အသက်ဖြစ်သည်။ ဝိနည်းတည်သော် သာသနာ တည်သည်မည်ပါသည်။ သို့ပါ၍ ဝိနည်းကို ရှေးဦးတင်တော်မူပါဘုရား' ဟု လျှောက်ထားကြပုံကိုလည်း ဖော်ပြသည်။ ထို့နောက် ဝိနည်းအရာနှင့် စပ်၍

အရှင်ဥပါလိသည် ဝိနယပရိယတ်ကိုမှီ၍ ဘုရားလက်ထက် အခါကပင် ဧတဒဂ်အရာထားတော်မူခဲ့ခြင်းခံရသဖြင့် ထိုအရှင် ဥပါလိကို ဝိနည်းနှင့် စပ်၍ ဖြေကြားစေခြင်းငှာထားကြပါစို့ဟု အရှင်မဟာကဿပက သံဃာတော်တို့အား အသိပေးပုံကိုလည်း ဖော်ပြထားသည်။ ထိုအခါ အရှင်ဥပါလိမထေရ်သည် လက်ဝဲဘက် ပခုံးထက်၌ သင်္ကန်းကိုတင်ပြီး တရားဟောပလ္လင်ထက်၌ ဆင်စွယ်တို့ဖြင့် စီရင်အပ်သော လေးထောင့်ယပ်ကိုကိုင်ကာ အရှင်ကဿပမထေရ် ဝိနယနှင့်စပ်ဆက်၍ မေးတိုင်းကို ဖြေဆိုတော်မူကြောင်း ဖော်ပြထားသည်။ အရှင်ဥပါလိမထေရ်၏ အဖြေဆုံးသောအခါ သင်္ဂီတိကာရက ရဟန္တာမထေရ် ငါးရာတို့က စုပေါင်း ရွတ်ဆိုကာ ဝိနယသင်္ဂါယနာ တင်တော်မူကြသည်။ အရှင်ဥပါလိ သည် ဆင်စွယ် လေးထောင့်ယပ်ကိုချ၍ ဓမ္မာသန ပလ္လင်ထက်မှဆင်း၍ ရဟန်းတို့အားရှိခိုးပြီး မိမိနေရာသို့ ရောက်လျှင် ဓမ္မသင်္ဂါယနာတင်ရန် အရှင်အာနန္ဒာသည် ဆင်စွယ်လေးထောင့်ယပ်ကိုကိုင်၍ ဓမ္မာသန ပလ္လင်ထက်မှ အရှင်ဥပါလိနည်းတူ အရှင်မဟာကဿပ မထေရ်ကြီး၏ ဓမ္မနှင့်စပ်သော အမေးတို့ကို ဖြေဆိုတော်မူကြောင်း ဖော်ပြထားပါသည်။

ထိုပထမသင်္ဂါယနာတင်ပွဲမှာပင် အရှင်အာနန္ဒာမထေရ်သည် နိကာယ်ငါးရပ်ဟူသော ဗုဒ္ဓဝစနကို ရသအားဖြင့် ၁ ပါး၊ ဓမ္မ+ဝိနယ အားဖြင့် ၂ ပါး ပဌမ+မဇ္ဈိမ+ပစ္ဆိမဟူသော ဗုဒ္ဓဝစနအားဖြင့် ၃ ပါး၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ရှိပုံတို့ကို ခွဲဝေပြခဲ့ကြောင်းနှင့် သုတ်အတိုအရှည်မှစ၍ ဘုရားစကားတော်တို့ကို စီကာစဉ်ကာ စနစ်ခွဲဝေကာ နေရာတကျ စုစည်းထား ရှိခဲ့ကြောင်းတို့ကို ပါရာဇိကဏ် အဋ္ဌကထာ၌ ရှင်းလင်းဖော်ပြ ထားပါသည်။ ပထမသင်္ဂါယနာတင်ပွဲကို ဝါခေါင်လပြည့်ကျော်(၅)ရက်မှ

စတင်၍ တပေါင်းလပြည့်ကျော်(၅)ရက်နေ့အထိ ၇–လတိုင်တိုင် ကျင်းပခဲ့ပါသည်။

## ၆။ ဒုတိယသံဂါယနာတင်ပွဲ

ဒုတိယသံဂါယနာတင်ပွဲကို မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်လွန်မူပြီးနောက် အနှစ်တစ်ရာအကြာ အိန္ဒိယနိုင်ငံ၊ ရှေးခေတ်က လိစ္ဆဝီနိုင်ငံ၏မြို့တော် ဝေသာလီ ဝါလိကာရာမကျောင်း အရှင်မဟာယသကို အမှူးထား၍ ရဟန္တာခုနစ်ရာတို့သည် ဝေသာလီပြည့်ရှင် ကာလာသောကမင်းကို ဒါယကာပြု၍ ကျင်းပခဲ့ပါသည်။ ထိုဒုတိယ သင်္ဂါယနာတင်ပွဲတွင် ရဟန္တာအရှင်မြတ် ခုနစ်ရာတို့ပါဝင်တော်မူသောကြောင့် ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်၌ 'သတ္တသတိကသံဂါယနာ'ဟု ဖော်ပြထားခဲ့သည်။

## ၇။ အဓမ္မဝတ္ထုဆယ်ပါး

ဒုတိယသင်္ဂါယနာတင်ပွဲအကြောင်းကို ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်၌ ဖော်ပြထားရာတွင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီး အနှစ်တစ်ရာရှိသော် ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဝေသာလီပြည်၌ ဝတ္ထုဆယ်ပါးတို့ကို ပြကုန်၏။ ယင်း ဆယ်ပါးတို့မှာ–

၁။ သိင်္ဂီလောဏကပ္ပသည် အပ်၏။

(အလိုရှိသောအခါ ယာဝကာလိကနှင့်ရောနှော၍ သုံးဆောင်အံ့ဟု သားချိုဗူးဖြင့် ဆားကို ဆောင်ထားခြင်းသည် အပ်၏ ဟူသော တမျိုးတဖုံ ကြံဆနည်း။ သန္နိဓိပါစိတ်အာပတ်မှ မလွတ်၍ မအပ်ပါ။ ဝိ၊ ၂။ ၁၁၆။ ဝိ၊ ၄။ ၅၀၅၊ ၅၀၆။)

၂။ ဒွင်္ဂုလကပ္ပသည် အပ်၏။

(အရိပ် လက်နှစ်သစ်ထွက်အောင် နေမွန်းလွဲသွားသော်လည်း ယာဝကာလိကကို စားကောင်းသည်ဟူသော တမျိုးတဖုံ ကြံဆနည်း။ ဝိကာလဘောဇနေပါ စိတ်အာပါတ်မှ မလွတ်၍ မအပ်ပါ။ ဝိ၊ ၂။ ၁၁၆။ ဝိ၊ ၄။ ၅၀၅)

၃။ ဂါမန္တရကပ္ပသည် အပ်၏။

(ပဝါရိတ်သင့်သောရဟန်းက အခြားရွာသို့သွားလျှင် အတိရိတ်ဝိနည်းကံမပြုဘဲ စားကောင်းသည်ဟူသော တမျိုးတဖုံကြံဆနည်း။ အနတိရိတ္တပါစိတ်အာပတ်မှ မလွတ်၍ မအပ်ပါ။ ဝိ၊ ၂။ ၁၁၁။ ၁၁၄။ ဝိ၊ ၄၊ ၃။ ၉၅)

၄။ အာဝါသကပ္ပသည် အပ်၏။

(မဟာသိမ်ကြီး တစ်သိမ်တည်းဝယ် ကျောင်းဆောင်အများရှိရာ ထိုကျောင်းအသီးသီးမှာ သံဃာကံပြုကောင်းသည် ဟူသော တမျိုးတဖုံကြံဆနည်း။ ဝဂ္ဂကမ္မ ဖြစ်၍ပင် ကံပျက်သဖြင့် မအပ်ပါ။) (ဝိ၊ ၂၊ ၁၀၉)

၅။ အနုမတိကပ္ပသည် အပ်၏။

(ရောက်လာမှ ဆန္ဒယူမည်–ဟု နှလုံးသွင်း၍ သံဃာမစုံခင် ကြိုတင်ကံပြုပြီးနောက်မှ ဆန္ဒယူခြင်းငှာ အပ်သည်ဟူသော တမျိုးတဖုံကြံဆနည်း။ ဝဂ္ဂကမ္မ ဖြစ်၍ပင် ကံပျက်သဖြင့် မအပ်ပါ။)

၆။ အာစိဏ္ဏကပ္ပသည် အပ်၏။

(ဆရာဥပဇ္ဈာယ်တို့၏ အလေ့အကျက်ဖြစ်က ဝိနည်းနှင့်ညီညီ မညီညီအပ်တော့သည်သာဟူသော တမျိုးတဖုံကြံဆနည်း။ အချို့သော ဆရာဥပဇ္ဈာယ်တို့၏ အယူ၊ အလုပ်၊ အကျင့်သည် တရားနှင့်လျော်၏။ အချို့သော ဆရာဥပဇ္ဈာယ်တို့၏ အယူ၊ အလုပ်၊

အကျင့်သည် တရားနှင့်မလျော် ဝိနည်းနှင့်မညီသဖြင့် ဆရာဥပဇ္ဈာယ်တို့၏ အယူအတိုင်း၊ အလုပ်အတိုင်း၊ အကျင့်အတိုင်းမအပ်ပါ။ ဝိနည်းနှင့်ညီမှ အပ်သည်။ ပါရာဇိကဏ်ဘာသာ ဋီကာ၊ ၁။ ၁၉၈။)

၇။ အမထိတကပ္ပသည် အပ်၏။

(နို့ဓမ်းဖြစ်ကာနီး ရက်တက်မဟုတ်သော နို့ရည်ကို ပဝါရိတ်သင့်ပြီးသော ရဟန်း၊ အတိရိတ်ဝိနည်းကံမပြုဘဲ သောက်ကောင်းသည်ဟူသော တမျိုးတဖုံ ကြံဆနည်း။ အနတိရိတ္တပါစိတ်အာပါတ်မှ မလွတ်၍ ပဝါရိတ်သင့်သော ရဟန်း၌မအပ်ပါ။)

၈။ ဇဠောဂိကိုသောက်ခြင်းသည် အပ်၏။

(သေရည်အစစ်မဖြစ်သေးသော သေန(စိမ်ရည်)ကို သောက် ကောင်းသည် ဟူသော တမျိုးတဖုံ ကြံဆနည်း။ သုရာပါနပါစိတ် အာပါတ်မှ မလွတ်၍ မအပ်ပါ။ ဝိ၊ ၂။ ၁၄၄။)

၉။ အဆာမရှိသော နသီဒိုင်သည် အပ်၏။

(အမြိတ်အဆာမပါသော နိသီဒိုင်အပ်သည်ဟူသော တမျိုးတဖုံကြံဆနည်း။ အဆာမရှိသော နိသီဒိုင် မအပ်ပါ။)

၁၀။ ရွှေ၊ ငွေသည် အပ်၏ဟု ဖြစ်ကြ၏။

(ရဟန်းတို့အား ရွှေ၊ ငွေ အပ်သည်ဟူသော တမျိုးတဖုံ ကြံဆနည်း။ ရွှေ၊ ငွေကို အလှူခံခြင်း၄ာ မည်သည့်ပရိယာယ် နှင့်မျှ ရဟန်းတို့အား မအပ်ပါ။)

## ၈။ အရှင်ယသ၏ ကြိုးပမ်းမှုများ

ထိုအချိန်၌ ကာကဏ္ဍကပုဏ္ဏား၏သားဖြစ်သော အရှင်ယသသည် ဝဇ္ဇီတိုင်းအတွင်း ဒေသစာရီလှည့်လည်ရာမှ ဝေသာလီပြည်သို့ရောက်၍ မဟာဝုန်တောတွင် သီတင်းသုံးနေခဲ့၏။ ထိုအခါ ဝေသာလီပြည်ရှိ

ဝဇ္ဇီတိုင်းသားရဟန်းတို့က ဥပုသ်နေ့၌ ကြေးခွက်ကိုရေဖြင့် ပြည့်စေပြီး၊ ရဟန်းသံဃာတို့၏ အလယ်၌ထား၍ ဒါယကာတို့အား ကျပ်ဒင်္ဂါး စသည်တို့ကို ထည့်၍ လှူစေကုန်၏။ ဤသို့ ရဟန်းတို့ငွေအလှူခံ သည်ကို အရှင်ယသတွေ့သော် မအပ်ကြောင်းပြော၏။ ဝဇ္ဇီတိုင်းသား ရဟန်းတို့က အရှင်ယသ ပြောသည်ကို မနာယူကြဘဲ မိမိတို့ရသော အလှူငွေမှ အရှင်ယသသို့ပင် ခွဲဝေ၍ပေးကြ၏။ အရှင်ယသကား လက်မခံခဲ့ပေ။ ထိုအခါအရှင်ယသအား ဝဇ္ဇီတိုင်းသားရဟန်းတို့က အလှူရှင်ဖြစ်သော ဝေသာလီပြည်သူ ပြည်သားဒါယကာတို့အား ဆဲရေးစွပ်စွဲသည်ဟူ၍ ပဋိသာရဏီယကံ ပြုကြ၏။ အရှင်ယသသည် ဝေသာလီပြည်သားတို့အား ဝိနည်းတရားကို ရှင်းပြ၍ ရွှေ၊ ငွေ မခံကောင်းကြောင်း ပြောလေရာ ဝဇ္ဇီတိုင်းသားရဟန်းတို့က အရှင်ယသ အား ဥပက္ခေပနီယကံ ပြုကြပြန်၏။ အရှင်ယသလည်း ကောင်းကင်သို့ ပျံတက်ကာ ကောသမ္ဗီပြည်၌ တည်လေ၏။

အရှင်ယသသည် ပါဝါပြည်သား ရဟန်းတို့နှင့် အဝန္တိဒက္ခိဏာ ပထ တိုင်းသား ရဟန်းတို့ကို ဝဇ္ဇီတိုင်းသားရဟန်းတို့၏ အဓမ္မမှုကိုသိ စေ၏။ ထိုအခါ သာဏအရပ်၌နေသော အရှင်သမ္ဘူတသည် အဟော ဂင်္ဂါ တောင်၌နေလေရာ ထိုအရပ်သို့အရှင်ယသ ကြွရောက်ပြီး ဝဇ္ဇီတိုင်း သား ရဟန်းတို့၏ အဓမ္မဝတ္ထု ဆယ်ပါးတို့ကို ပြောကြားပြီး၊ ထိုအဓမ္မမှု တို့ အားမကြီးမီ ရှင်လင်းသုတ်သင်ရန် လျှောက်ထားခဲ့၏။ အရှင်သမ္ဘူ တသည် ပါဝေယျကတိုင်းသား ရဟန်း ၆၀–ပါး၊ အဝန္တိဒက္ခိဏာ တိုင်းသား ရဟန္တာ ၈၈–ပါးတို့ကို ပင့်၍ အဟောဂင်္ဂါ တောင်အရပ်၌ စည်းဝေး ကြ၏။ ထိုအခါ သောရေယျမြို့၌ သီတင်းသုံးနေသော အရှင်ရေဝတကို သဟဇာတိမြို့၌ အပင့်သွားကြ၏။ ထိုအရှင်ရေဝတအား ဝဇ္ဇီတိုင်းသား

ရဟန်းတို့ကျင့်သော အဓမ္မဝတ္ထုဆယ်ပါးကို အရှင်ယသက ရှင်းပြခဲ့၏။ အရှင်ရေဝတကလည်း ဝဇ္ဇီတိုင်းသားရဟန်းတို့၏ အဓမ္မဝတ္ထုဆယ်ပါးကို ပယ်ရှားရန်လိုလားကြောင်း ဝန်ခံစကား မိန့်ကြားတော်မူ၏။

ထိုအခါ ဝဇ္ဇီတိုင်းသားရဟန်းတို့က အရှင်ယသ၏ သံဃာတော်တို့ကိုစုရုံးပြီး မိမိတို့အားရှင်းလင်းရန် ပြုနေသည်ဟူသော သတင်းကို ကြားသိသော်၊ မိမိတို့ကလည်း သံဃာပရိသတ်စုရုံးအံ့ဟူသော အကြံဖြင့် သက်န်းပရိက္ခရာစသည်ကိုယူ၍ အရှင်ရေဝတ ထံတော်သို့ ချဉ်းကပ်ခဲ့ကြ၏။ အရှင်ရေဝတသည် ဝဇ္ဇီတိုင်းသားတို့၏ အလှူကို လက်မခံဘဲ ရှိသော်၊ အရှင်ရေဝတ၏တပည့် အရှင်ဥတ္တရထံသို့ ချဉ်းကပ် စည်းရုံးခဲ့ကြပြန်၏။

အရှင်ယသ၊ အရှင်ရေဝတတို့သည် ဝဇ္ဇီတိုင်းသာရဟန်းတို့၏ အဓမ္မဝါဒကို ဖြေရှင်းရန် ဝါတော် ၁၂၀–ရှိသော သဗ္ဗကာမိမထေရ်ကြီးကို ဝေသာလီပြည်သို့ ပင့်ဆောင်ခဲ့ကြ၏။ သံဃာပရိတ်သတ်စုညီသော အခါ ကြွရောက်လာသည့်သံဃာအရေအတွက် များပြားသည့် အတွက် အဓမ္မဝတ္ထုဆယ်ပါးကို စိစစ်ဖြေရှင်းရန် ဥဗ္ဗာဟိတကမ္မဝါစာဖြင့် ပါစိနတိုင်းသား ရဟန်းလေးပါး၊ ပါဝေယျကတိုင်းသားရဟန်းလေးပါး တို့ကို ရွေးချယ်ပြီး ရှင်းလင်းစိစစ်ကြရ၏။ ဝဇ္ဇီတိုင်းသားတို့၏ အဓမ္မဝတ္ထုဆယ်ပါးသည် 'တရားမဟုတ်၊ ဝိနည်းမဟုတ်၊ ဘုရား၏ အဆုံးအမ ကင်းပုံ'တို့ကို အထင်အရှားသိစေခဲ့သည်။ သံဃာ့ပရိသတ်တွင် အရှင်ရေဝတက ဤအဓမ္မဝတ္ထုဆယ်မျိုးကို တစ်မျိုးချင်း စိစစ်၍ အရှင် သဗ္ဗကာမီအား မေးခဲ့၏။ အရှင်သဗ္ဗကာမီကလည်း ဖြေခဲ့၏။ ထိုသို့ အရှင်ရေဝတနှင့် အရှင်သဗ္ဗကာမိတို့ အမေးအဖြေပြုသော ဝိနယ

သင်္ဂါယနာကိုပင် ရဟန္တာ ၇၀၀–ပါးတို့ ပါဝင်ကြသည်ဖြစ်၍ သတ္တသတိက သင်္ဂါယနာဟု ဆိုအပ်ကြောင်း ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်၌ ဖော်ပြထားပေ၏။

ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်လာ ထိုသတ္တသတိကသင်္ဂါယနာ အကြောင်းကို အရှင်မဟာဗုဒ္ဓဃောသ မထေရ်သည် စူဠဝဂ္ဂ အဋ္ဌကထာ၌ အကျဉ်းမျှသာ ဖွင့်ဆိုထားတော် မူခဲ့ပြီးလျှင် ပါရာဇိကဏ် အဋ္ဌကထာ၌ မူကား ဗာဟိရနိဒါနကထာတွင် 'ဒုတိယ သင်္ဂီတိကထာ' ဟူသောခေါင်းစဉ်ခွဲဖြင့် ရှင်းလင်းဖွင့်ဆိုရေးသား ထားတော်မူခဲ့ပါသည်။ ထိုသို့ဖွင့်ဆိုရာ၌ အချို့သောနေရာတို့တွင် စူဠဝဂ္ဂပါဠိတော်နှင့် ကွဲလွဲနေကြောင်း တွေ့ရသည်။

ပမာအားဖြင့်– ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်၌ အဓမ္မဝတ္ထု ဆယ်ပါးတို့ကို သံဃပရိသတ် ၇၀၀ တို့ အလယ်၌ သံဃာရှစ်ပါးကို ရွေးချယ်စိစစ်ကြပြီး၊ အရှင်ရေဝတမေး၍၊ အရှင်သဗ္ဗကာမိက ဖြေဆို ကြောင်း ဖော်ပြထား၏။ ပါရာဇိကဏ်အဋ္ဌကထာ၌မူကား အဓမ္မဝတ္ထု ဆယ်ပါးကို သံဃပရိတ်သတ် ၁၂–သိန်းတို့ အလယ်၌ သံဃာရှစ်ပါးကို ရွေးချယ်၍ ဖြေရှင်းခဲ့ကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် စူဠဝဂ္ဂ ပါဠိတော်၌ ဤသို့ သံဃာပရိသတ် အပါး–၇၀၀ တို့၏ အလယ်၌ ဖြေရှင်းခဲ့၍ သတ္တသတိကသင်္ဂါယနာဟုခေါ်ကြောင်း ဖော်ပြထားပြီး ပါရာဇိကဏ်အဋ္ဌကထာ၌ သံဃာ၁၂–သိန်းမှ သံဃာ ၇၀၀–ပါးကို ရွေးချယ်ပြီး နိကာယ်ငါးရပ်(တနည်း) ဓမ္မ၊ ဝိနယတို့ကို အမေးအဖြေ ပြုကြသော သတ္တသတိက သင်္ဂါယနာဟုခေါ်ကြောင်း ဖော်ပြထားပါသည်။

ပါရာဇိကဏ်အဋ္ဌကထာ၌ ဒုတိယသင်္ဂါယနာတင်ပွဲကျင်းပပုံကို ဖော်ပြထားသည်မှာ– ဝဇ္ဇီတိုင်းသား ရဟန်းတို့၏ အဓမ္မဝတ္ထုဆယ်ပါး

နှင့်စပ်သည့် အဓိကရဏ်းငြိမ်းပြီးသည့်နောက် ကြွရောက်တော်မူလာကြသော ရဟန်းတော် ၁၂-သိန်းတို့က 'ဓမ္မကိုလည်းကောင်း၊ ဝိနယကိုလည်းကောင်း၊ သင်္ဂါယနာတင်ကြပါစို့' ဟု တိုင်ပင်ကြပြီး၊ တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခုနစ်ရာတို့ကိုရွေးချယ်ပြီး ဝါလိကာရာမကျောင်း၌ စည်းဝေးကြကာ အရှင်မဟာကဿပမထေရ်ကြီး သင်္ဂါယနာတင်သည်နှင့်တူစွာ ခပ်သိမ်းသော သာသနာ၏ အညစ်အကြေးတို့ကို သုတ်သင်ပြီး၍ ဘုရားစကားတော်တို့ကို သုံးပုံသော ပိဋကအားဖြင့်လည်းကောင်း၊ ငါးရပ်သောနိကာယ်အားဖြင့်လည်းကောင်း၊ ကိုးပါးသောအင်္ဂါအားဖြင့် လည်းကောင်း၊ ၈၄၀၀၀ သော ဓမ္မက္ခန္ဓာအားဖြင့်လည်းကောင်း ခွဲဝေသတ်မှတ်ကာ ရှစ်လတိုင်တိုင် သင်္ဂါယနာတင်တော်မူကြ၏။ ဤသို့ ရဟန္တာ ၇၀၀-တို့ပြုအပ်သော သင်္ဂါယနာတင်ပွဲဖြစ်၍ သတ္တသတိကသံဂါယနာဟုလည်းကောင်း၊ ရှေ့က တစ်ကြိမ်တင်ခဲ့ ဖူးသော ပထမသင်္ဂါယနာကိုထောက်ဆ၍ ဒုတိယသံဂါယနာဟုလည်းကောင်း ခေါ်ဝေါ်ကြ ၏-ဟူ၍ဖြစ်သည်။

## ၉။ တတိယသင်္ဂါယနာတင်ပွဲ

ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး ၂၃၅-နှစ် အကြာတွင် အိန္ဒိယနိုင်ငံ၊ မာဂဓတိုင်း၏မြို့တော် ပါဋလိပုတ်ပြည်၊ အသောကာရာမကျောင်းတော်၌ အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ရဟန္တာ ၁၀၀၀ တို့သည် သိရိဓမ္မာသောကမင်းကြီးကို အမှီပြု၍ တတိယသင်္ဂါယနာတင်ပွဲကို ကိုးလတိုင်တိုင်ကျင်းပခဲ့ကြပါသည်။

## ၁၀။ တတိယသင်္ဂါယနာအတွက် တင်ကြိုဆောင်ရွက်ချက်များ

ဒီပဝံသနှင့် ပါရာဇိကဏ်အဋ္ဌကထာတို့၌ ဒုတိယသင်္ဂါယနာတင်ပွဲ ပြီးဆုံးသည့်အခါ အရှင်သဗ္ဗကာမီ အစရှိသော ဒုတိယ

သင်္ဂီတိကာရက မထေရ်များသည် 'နောင်သာသနာ သန့်ရှင်းရေးကြီးကို တစ်ကြိမ်ပြုရမည်' ဟူ၍ တတိယသင်္ဂါယနာတင်ပွဲအတွက် အမြော်အမြင် ကြီးမားစွာဖြင့် တင်ကြိုဆောင်ရွက်တော်မူခဲ့ပုံတို့ကို ဖော်ပြထားသည်။ ယင်းဆောင်ရွက်ချက်များသည် တတိယသင်္ဂါယနာတင်ပွဲအတွက် တင်ကြိုဆောင်ရွက် ချက်များဖြစ်သကဲ့သို့ တတိယသင်္ဂါယန တင်ပွဲကြီး၌ ဦးဆောင်ရမည့် အရှင်မောဂ္ဂလိပုတ္တတိဿ၏ ဘဝတစ်စိတ်တစ်ဒေသကို ဖော်ပြထားချက်ဖြင့်လည်းကောင်း တွေ့ရသည်။ ဤအကြောင်းကို အကျဉ်းမျှတင်ပြပါမည်။

ဒုတိယသင်္ဂါယနာတင်ပွဲကြီး ပြီးလတ်သောအခါ သင်္ဂီတိကာရက မထေရ်တို့သည် နောင်အခါ၌ သာသနာတွင် ဤသို့သောဘေးရန်မျိုး ဖြစ်ဦးမည်လော–ဟု ရှုမြင် မျှော်လတ်သော်၊ ထိုအခါမှ နှစ်ပေါင်း ၁၁၈–နှစ်ကြာမြင့်သောအခါ ပါဋလိပုတ်မြို့တွင် ဓမ္မာသောကမင်းဖြစ်၍ ဇမ္ဗူဒိပ်ကို အုပ်ချုပ်လတ္တံ့၊ ထိုမင်းသည် သာသနာကိုကြည်ညို၍ ကြီးစွာ လာဘ်လာဘများစွာဖြင့် ပူဇော်လတ္တံ့၊ သာသနာပတိတ္ထိ တို့သည် ထိုလာဘ်လာဘကို တောင့်တ၍ သာသနာတွင်းသို့ ဝင်ရောက်ကာ ရဟန်းပြုကြပြီးလျှင် မိမိတို့၏ မိစ္ဆာအယူကို ပြကြခြင်းကြောင့် သာသနာတော်အားနည်းခြင်းသို့ရောက်ကာ သာသနာ၌ ဘေးရန် ဖြစ်ပေါ် လတ္တံ့ဟု သိမြင်တော်မူကြ၏။

နောင်အခါ သာသနာ့ဘေးရန်ဖြစ်ဦးမည်ကို သိမြင်ကြသော သင်္ဂီတိကာရကမထေရ်တို့က 'ဤသို့ သာသနာ့ဘေးရန်ဖြစ်သော အခါ၌ ငါတို့အသက်ထင်ရှား ရှိမည်လော'ဟု စဉ်းစားကြပြန်သည်။ 'သာသနာ ဘေးရန်ဖြစ်ပေါ်လာသောအခါ၌ မထေရ်တို့ ထင်ရှားရှိကြမည်မဟုတ်၊ (တနည်း) မထေရ်တို့ထင်ရှား မရှိသောအခါသို့ ရောက်မှ ထိုဘေးရန်များ

ဖြစ်လိမ့်မည်'ဟု သိကြပြန်၏။ ထိုအခါ 'ငါတို့မရှိသော် ငါတို့ကိုယ်စား အဘယ်သူသည် ဤဘေးရန်ကို ငြိမ်းအေးစေရန် စွမ်းနိုင်ပါမည်နည်း'ဟု ကြံကြပြီးလျှင်၊ ဗြဟ္မာနှင့်တကွ နတ်ပြည်ခြောက်ထပ်၊ လူ့ပြည်-စသည့် ဌာနတို့ကိုကြည့်ရှု၍ သာသနာ့ဘေးရန်ငြိမ်းနိုင်မည့် ပုဂ္ဂိုလ်ကို ရှာဖွေကြရာ ဗြဟ္မာ့ပြည်၌ သက်တမ်းကုန်လုဖြစ်ပြီး အထက်ဗြဟ္မာ့ပြည်သို့ တဖန်တက်လှမ်းရန် ဈာန်သမာဓိအားထုတ်နေသော တိဿမဟာဗြဟ္မာကို တွေ့မြင်ကြ၏။ မထေရ်မြတ်တို့က ထိုတိဿဗြဟ္မာသည် သာသနာ့ဘေးရန်ကို ငြိမ်းနိုင်စွမ်းရှိကြောင်း သိကြသော် ထိုတိဿဗြဟ္မာကို ဗြဟ္မာ့ပြည် သက်တမ်းစေ့ပါက လူ့ပြည် ပါဋလိပုတ်ပြည်ရှိ မောဂ္ဂလိပုဏ္ဏား၏ အိမ်၌ဖြစ်စေမည်။ အရွယ်ရောက်လျှင် မန္တာန်သင်ရန်ဟု အကြောင်းပြ၍ ရဟန်းပြုပေးကြမည်။ ရှင်ဖြစ်သော် အဓမ္မဝါဒီတိတ္ထိတို့၏ ဘေးရန်ကို နှိမ်နင်း၍ သာသနာကို ချီးမြှောက်စေအံ့-ဟု အကြံဖြစ်တော်မူကာ တိဿမဟာဗြဟ္မာထံသွား၍ အကြောင်းစုံကို ပြောပြ၍ တောင်းပန်ကြ၏။ တိဿမဟာဗြဟ္မာကလည်း 'ငါသည် သာသနာ့ဘေးရန်ကို သုတ်သင်၍ သာသနာကိုချီးမြှောက်နိုင်သူဖြစ်ရမည်တကား' ဟု ဝမ်းမြောက်ကာ မထေရ်တို့အား အလိုရှိတိုင်းဖြစ်ပါစေမည်ဟု ဝန်ခံကတိပြုခဲ့၏။

ထိုအခါ၌က သီတင်းဝါငယ်ရွယ်သေးသော်လည်း ပိဋကတ်သုံးပုံဆောင် ပဋိသမ္ဘိဒါပတ္တ အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီ ရဟန္တာအရှင်မြတ်နှစ်ပါးတို့ကို ဒုတိယသင်္ဂီတိကာရက မထေရ်မြတ်တို့က 'ငါ့ရှင်တို့သည် အဓိကရဏပြုရာသို့ ရောက်မလာသည်ကို ဒဏ်ထားသောအားဖြင့် ငါ့ရှင်တို့သည် တိဿမဟာဗြဟ္မာ မောဂ္ဂလိပုဏ္ဏား၏ အိမ်၌ ပဋိသန္ဓေယူ၍ မွေးဖွားခဲ့သော် သင်တို့တွင် တစ်ပါးက ထိုအိမ်မှ

ထုတ်ခဲ့၍ ရှင်ပြုပေးလော့၊ တစ်ပါးက ထိုမောဂ္ဂလိပုတ္တတိဿလောင်းလျာ ရှင်သာမဏေအား ဗုဒ္ဓဝစနတို့ကို သင်ကြားပေးလော့-ဟု မိန့်ဆိုကာ တာဝန်ပေးခဲ့ကြ၏။ သဗ္ဗကာမီထေရ်အစရှိသော ဒုတိယသင်္ဂီတိကာရက မထေရ်တို့သည် ဒုတိယသင်္ဂါယနာကိုပြု၍ သာသနာကို သုတ်သင် ရှင်းလင်းကာ နောင်အခါ သူတော်ကောင်းတို့ တရားပွားစေရန် ဆောင်ရွက်တော်မူကြပြီးလျှင် အနုပါဒိသေသ နိဗ္ဗာနဖြင့် အေးမြချမ်းငြိမ်းတော်မူခဲ့ကြလေပြီ။ ဤတွင် ပါရာဇိကကဏ် အဋ္ဌကထာလာ ဒုတိယသင်္ဂီတိကထာအခန်း ပြီးဆုံးပါသည်။

## ၁၁။ တတိယသင်္ဂါယနာတင်ပွဲ၏ မဟာနာယက အရှင်မောဂ္ဂလိပုတ္တတိဿ

တတိယသင်္ဂါယနာကိုကြီးမှူးသော မထေရ်မြတ်ဖြစ်သည့် အရှင်မောဂ္ဂလိပုတ္တတိဿအကြောင်းကို ဒီပဝံသ၊ ပါရာဇိကကဏ် အဋ္ဌကထာ၊ ကထာဝတ္ထုပါဠိတော် အဋ္ဌကထာ စသည်တို့၌ ထိုအရှင်၏ အကြောင်း ထေရုပ္ပတ္တိတို့ကို ကျယ်ကျယ်လွင့်လွင့် ဖွင့်ဆိုရေးသားထားခဲ့သည်။

ပါရာဇိကကဏ်အဋ္ဌကထာ၊ ဒုတိယသင်္ဂီတိကထာ၏ အဆုံးပိုင်း၌ အရှင်သဗ္ဗကာမီ အစရှိသော ဒုတိယ သင်္ဂီတိကာရကမထေရ်တို့ စီမံထားကြသည့်အတိုင်း တိဿဗြဟ္မာကြီးသည် ဗြဟ္မာ့ပြည်မှစုတေ၍ လူ့ပြည်၌ ဖြစ်ကာ ပါဋလိပုတ်ပြည် မောဂ္ဂလိပုဏ္ဏားအိမ်၌ ပဋိသန္ဓေယူသည်မှစ၍ ရဟန္တာအရှင်သိဂ္ဂဝမထေရ်သည်လည်း ဒုတိယသင်္ဂီကာရကမထေရ်တို့ စီမံထားသည့်အတိုင်း ခုနစ်နှစ်ပတ်လုံး ဆွမ်းခံပြီး၊ အရှင်မောဂ္ဂလိ ပုတ္တတိဿလောင်းလျာ ၁၆-နှစ်အရွယ်သို့

ရောက်သောအခါ ဗုဒ္ဓမန္တာန် သင်ကြားပေးမည်ဟူ၍ပြောဆိုကာ သာသနာဘောင်သို့ သွတ်သွင်းပေးခဲ့၏။ ထို့နောက် အရှင်စဏ္ဍဝဇ္ဇီကလည်း ရှေးရှေးကထားခဲ့သော ကတိအတိုင်း ပိဋကတ်သုံးပုံကို အဋ္ဌကထာနှင့်တကွ သင်ကြားပေးခဲ့၏။ ထို့နောက် အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီ ဥပဇ္ဈာယ်ဆရာတို့ပြန်လွန်ပြီး အရှင်မောဂ္ဂလိပုတ္တတိဿလည်း အခါတစ်ပါး၌ ကမ္မဋ္ဌာန်းကိုပွား၍ ရဟန္တာအဖြစ်သို့ရောက်ခဲ့၏။ များစွာသောသူတို့အား သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတို့ကို ပို့ချပေးခဲ့၏။

ပဉ္စပကရဏအဋ္ဌကထာပါ ကထာဝတ္ထုအဋ္ဌကကာ၊ နိဒါနကထာ ၌ မြတ်စွာဘုရားရှင်သည် ဓမ္မသင်္ဂဏီ၊ ဝိဘင်္ဂ၊ ဓာတုကထာနှင့် ပုဂ္ဂလ ပညတ္တိပါဠိတော်တို့ကို ဟောတော်မူပြီး၍ ကထာဝတ္ထုဒေသနာကို ဟော်တော်မူရန် အလှည့်သို့ရောက်လေရာ 'နောင်အခါ၌ ငါ၏ သာဝကဖြစ်သော ပညာကြီးသော မောဂ္ဂလိပုတ္တတိဿသည် ဖြစ်ပေါ် လာသော သာသနာတော်၏ အညစ်အကြေးကိုသုတ်သင်၍ တတိယသင်္ဂါယနာကိုတင်သော် ရဟန်းအပေါင်း၏အလယ်၌နေ၍ မိမိ၏အယူဝါဒ၌ ငါးရာသောသုတ်တို့ကို လည်းကောင်း၊ သူတစ်ပါး တို့၏ အယူဝါဒ၌ ငါးရာသောသုတ်တို့ကိုလည်းကောင်း၊ ဤသို့ သုတ်ပေါင်း တစ်ထောင်ကိုပေါင်း၍ ဤကထာဝတ္ထုကို အကျယ် ဝေဖန်ဟောလိမ့်မည်'ဟု မြင်တော်မူလျက် အခြေခံမူ ရှစ်ချက်မျှဖြင့် တစ်ဘာဏဝါရ မပြည့်တပြည့် မာတိကာမျှသာ ဟောတော်မူခဲ့လေသည်။ ကထာဝတ္ထု အဋ္ဌကထာလာ နိဒါနကထာစကားအရ ဆိုလျှင် အရှင်မောဂ္ဂလိပုတ္တတိဿသည် ဗျာဒိတ်ရပုဂ္ဂိုလ်ဟု ဆိုသင့်နေပေသည်။

ဤနေရာ၌ ကထာဝတ္ထုအဋ္ဌကထာတွင် အရှင်မောဂ္ဂလိပုတ္တတိဿကို ဘုရားရှင်က တင်ကြို သိမြင်ဟန် ရေးသားထားသည်။ တတိယသင်္ဂါယနာတင်ပွဲကို အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်နှင့်အတူ လက်တွဲ၍ ဆောင်ရွက်ခဲ့ရသည့် အသောကမင်းကို မူကား ထူပဝံသကျမ်းလာ ဓာတ်တော်ရှာဖွေခန်း၌ အသောကမင်းသည် အဇာတသတ်မင်းနှင့် အရှင်မဟာကဿပတို့တည်ထားခဲ့သော ဘုရားရှင်၏ ဓာတ်တော်တို့ကို ကျောက်စေတီအတွင်းမှ ရှာဖွေရရှိသောအခါ ထိုကျောက်စေတီအတွင်း 'နောင်အခါ အသောကမင်းသည် ဤဓာတ်တော် တို့ကို ပျံ့နှံ့အောင်ပြုလတ္တံ့'ဟု ရွှေပြားကမ္ပည်းစာတစ်ခု ရေးသားပါရှိလေရာ အသောကမင်းက 'ငါ့ကို ရှင်မဟာကဿပမြင်လေပြီ'ဟု လက်ပန်းခတ်ကြောင်း ဖော်ပြထား၏။ ထူပဝံသကျမ်း၌ ဓာတ်တော်နှင့် သက်ဆိုင်နေသဖြင့် အရှင်မဟာ ကဿပမထေရ်က အသောကမင်းကို ကြိုတင်သိမြင်ဟန် ရေးသားထားလေသည်။ မည်သို့ပင်ဆိုစေကာမူ တတိယသင်္ဂါယနာတင်ပွဲကို ဦးဆောင်ခဲ့ကြသော အရှင်မောဂ္ဂလိပုတ္တတိဿနှင့် အသောကမင်းတို့ကို ဘုရားလက်ထက်အခါကပင် နောင်အခါ သာသနာ့အကျိုး ဆောင်ပုဂ္ဂိုလ်များအဖြစ် ကြိုတင်သိမြင်ခြင်းခံခဲ့ရသည်မှာ ငြင်းကွယ်ရန် အကြောင်းမရှိပေ။

ပါဠိစာပေအထောက်အထားတို့၌ အသောကမင်းကြီး၏ တတိယသင်္ဂါယနာတင်ပွဲ၌ အရှင်မောဂ္ဂလိ ပုတ္တတိဿသည် ဦးဆောင်ဦးရွက်ပြုခဲ့ကြောင်းတွေ့ရသော်လည်း အသောကာဝဒါနစသော မြောက်ပိုင်းဗုဒ္ဓ စာပေ၌ကား အရှင်မောဂ္ဂလိပုတ္တတိဿနေရာတွင် အရှင်ဥပဂုတ္တ(ရှင်ဥပဂုတ်)ကို ထည့်သွင်းထားကြောင်း တွေ့ရသည်။

Bu-ston ၏ ဗုဒ္ဓသာသနာဝင်၌ကား တတိယသင်္ဂါယနာ တင်စဉ် က အသောကမင်း၏ ဆရာအမည်ကို နာဂသေနနှင့် မနောဇ (Manojña) ဟု ဖော်ပြထားသည်။

## ၁၂။ တတိယသင်္ဂါယနာ၏ ဒါယကာအသောကမင်း

တတိယသင်္ဂါယနာ၏ ဒါယကာကို အသောကမင်းဟု ထေရဝါဒဆိုင်ရာ ပါဠိစာပေတို့တွင် ဖော်ပြထားသည်။ အသောကမင်းအကြောင်းကို လေ့လာသူများက အသောကမင်းသည် အိန္ဒိယနိုင်ငံသမိုင်း၌ အမှန်တကယ်ပေါ်ထွန်းခဲ့သည်မှာ မှန်ကန်သော် ငြားလည်း၊ ယင်း၏ အတ္ထုပ္ပတ္တိနှင့်စပ်၍ အောက်ပါအတိုင်း အထောက်အထားသုံးမျိုး ကွဲပြားနေပြီး၊ ထိုအထောက်အထားတို့မှာ တစ်ခုနှင့်တစ်ခု အကြောင်း အရာခြင်း အနည်းငယ်စီ ကွဲပြားလျက်ရှိကြောင်း တွေ့ရသည်ဟု တင်ပြကြပါသည်။ အသောက်မင်း၏အကြောင်းကို တင်ပြထားသော အထောက်အထား သုံးမျိုးဆိုသည်မှာ–

၁။ ပါဠိစာပေဆိုင်ရာအထောက်အထား

၂။ အသောကမင်းရေးထိုးခဲ့သော ကျောက်စာအထောက်အထားနှင့်

၃။ မြောက်ပိုင်းဗုဒ္ဓဘာသာဆိုင်ရာ စာပေထောက်အထားတို့ ဖြစ်သည်။

အထက်ပါအထောက်အထားသုံးမျိုးတို့တွင် အသောကမင်း တတိယသင်္ဂါယနာတင်ပုံအကြောင်းကို ပါဠိစာပေဆိုင်ရာ အထောက်အထားတို့တွင်သာ အများဆုံးတွေ့ရပြီး အသောကမင်းရေးထိုးထားသော ကျောက်စာများနှင့် မြောက်ပိုင်းဗုဒ္ဓဘာသာဆိုင်ရာ စာပေ အထောက်အထားတို့တွင် တတိယသင်္ဂါယနတင်ပွဲ အကြောင်းကို မတွေ့ရပေ။

ပါဠိစာပေဆိုင်ရာအထောက်အထားများအရ၊ အသောကမင်းသည် ဘုရားရှင်လက်ထက်အခါက ဝိဋူဋဘမင်း၏ စစ်ထိုးမှုကြောင့် ကပိလဝတ်ပြည်မှ တိမ်းရှောင်သွားခဲ့ကြသော သာကီဝင်မင်းတို့သည် မောရိယနိုင်ငံကို တည်ထောင်ခဲ့ကြရာ၊ ထိုမောရိယမင်းဆက်မှ စန္ဒဂုတ် (Candragupta)\၏မြေး၊ ဗိန္ဒုသာရ (Bindusa,ra) \ သားတော်ဖြစ်ပြီး ဘုန်းတန်ခိုး အလွန်ကြီးမား၍ စကြဝတေးမင်းနှယ် ဇမ္ဗူဒိပ်ကိုပင် အစိုးရပုံ၊ ထို့နောက် တူတော်သူ နိဂြောဓသာမဏေကို အကြောင်းပြု၍ သာသနာတော်အတွင်းသို့ ရောက်ရှိခဲ့ပြီး တတိယ သင်္ဂါယနာတင်ပုံ၊ ကိုးတိုင်းကိုးဌာနသို့ သာသာနာပြုစေလွှတ်ပုံ၊ သီဟိုဠ် ကျွန်း၌ သာသနာ ထွန်းကားအောင် ပြုစုပေးခဲ့ပုံ-စသည်ဖြင့် သာသနာတော်ကို သန့်ရှင်း တည်တံ့ပြန့်ပွားအောင် စွမ်းအားရှိသမျှ ဆောင်ရွက်ခဲ့ပုံတို့ကို သိရှိရသည်။

အသောကမင်းရေးထိုးခဲ့သော ကျောက်စာအထောက်အထားများ အရမူ အသောကမင်းသည် စစ်ဘုရင်အဖြစ်မှ တရားမင်းအဖြစ် ပြောင်းလဲခဲ့ပုံ၊ သတ္တဝါများကိုသတ်၍ ယဇ်ပူဇော်မှုကို ပိတ်ပင်ပုံ၊ သာသနာ ပြန့်ပွားအောင်ဆောင်ရွက်ပုံတို့ကို သိရသည်။

မြောက်ပိုင်းဗုဒ္ဓဘာသာဆိုင်ရာ အသောကာဝဒါနကျမ်းအရ အသောကမင်းသည် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဗျာဒိတ် ပေးခြင်းခံရသောမင်းဖြစ်ပုံ၊ အသောကမင်းကို သာကီဝင် ဗိမ္ဗိသာရမင်းမှ ဆင်းသက်လာပုံ၊ အသောကသည် ဖွားစဉ်အခါက အသောက (a-soka)ဟူသော အမည်ကိုရပြီး ညီတစ်ဦး ဖွားမြင်လာသောအခါမှ ဝီတသောက (Vītasokā)ဟုအမည်ရပုံ၊ တက္ကသိုလ်ပြည် (Taks ṣilā)ကို ရှေးဦးစွာ စစ်ခင်း၍ အနိုင်ရခဲ့ပုံ ခမည်းတော် ဗိန္ဒုသာရမင်း နတ်ရွာစံလျှင် အသောကမင်းနန်းရလာပုံ စစ်ကိုလိုလား လွန်းသဖြင့် အသောကမင်းကို ပြည်သူတို့က စဏ္ဍာသောက(Caṇḍās´oka) ဟု

ခေါ်ကြပုံ၊ အသောကမင်းကို သမုဒြာ(Samudra)သာမဏေချွတ်၍ အကျွတ်တရားရပုံ၊ အသောကမင်းသည် အရှင်ဥပဂုတ္တနှင့်အတူ ၈၄၀၀၀ သော မြို့ရွာအသီးသီး၌ သာသနာပျံ့နှံ့အောင် ဆောင်ရွက်ပုံတို့ကို သိရသည်။ ဒိဗျာဝဒါနကျမ်း (Divyāvadāna) ကျမ်းအရ အသောက မင်းကြီးသည် အိန္ဒိယမြောက်ပိုင်းရှိ ဘုရားရှင်ဖွားတော်မူရာ လုမ္ဗိနီ၊ ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာနှင့်အခြားသာသနိကဌာနများသို့ အရှင် ဥပဂုတ္တနှင့်အတူ ကြွချီတော်မူကြောင်း သိရသည်။

## ၁၃။ တတိယသင်္ဂါယနာတင်ရသည့်အကြောင်းအရင်း

တတိယသင်္ဂါယနာတင်ရသည့်အကြောင်းအရင်းကို လေ့လာသောအခါ ပါဠိစာပေ အထောက်အထားများအရပင် အကြောင်းအရင်း နှစ်ရပ် ကွဲပြားနေကြောင်း အောက်ပါအတိုင်း တွေ့ရသည်။

၁။ အေဒီ ၅-ရာစုတွင်ရေးသားခဲ့သော ဒီပဝံသကျမ်း၊ ပဥ္စမ ပရိစ္ဆေဒ(ဂါထာ ၂၅-၁၀၅)အရ ဒုတိယသင်္ဂါယနာတင်ခဲ့ပြီးသည့် နောက် မဟာသံဃိကစသော ဂိုဏ်းကွဲများ ပေါ်ထွန်းခဲ့ရာမှ သာသနာတော် အတွင်း အယူအဆ အမူအကျင့်တို့ရောနှောကာ ရှုပ်ထွေးလာသဖြင့် တတိယသင်္ဂါယနာတင်ရကြောင်း ဖော်ပြထားသည်။ ကထာဝတ္ထု ပါဠိတော်အဖွင့် အဋ္ဌကထာကလည်း ဒီပဝံသ ကျမ်းလာအတိုင်း လက်ခံ ဖော်ပြထားသည်။

၂။ ပါရာဇိကဏ်အဋ္ဌကထာနှင့် မဟာဝံသ၊ ပဥ္စမပရိစ္ဆေဒ(ဂါထာ ၄၁-၂၇၈)တို့၌ အသောကမင်းသည် မိမိ၏တူတော်သူ နိဂြောဓ သာမဏေအား အကြောင်းပြု၍ သာသနာကို အလွန်အကျူး ချီးမြှောက် ခဲ့ခြင်းကြောင့် သာသနာပဖြစ်သော တိတ္ထိများ လာဘ်ပေါ်များစေရန် သာသနာတွင်းသို့ ဝင်ရောက်ခဲ့ကြရာမှ သာသနာတော်အတွင်း ရောနှော

ရှုပ်ထွေးလာသဖြင့် တတိယသင်္ဂါယနာ တင်ရကြောင်း ဖော်ပြထားသည်။

ဤနေရာ၌ ပါရာဇိကကဏ်အဋ္ဌကထာ၊ နိဒါနကထာ၌ တတိယသင်္ဂါယနာတင်ရခြင်းအကြောင်းကို အကျဉ်းမျှ ထုတ်နုတ်တင်ပြလိုပါသည်။ အသောကမင်းသည် တူတော်နိဂြောဓ သာမဏေကို အကြောင်းပြုကာ ဦးစွာ ခြောက်သောင်းသောရဟန်းတို့အား ဆွမ်းဝတ်ပြုခဲ့၏။ ထို့နောက် အသောကာရာမကျောင်းကြီး နှင့်တကွ ဇမ္ဗူဒိပ်ကျွန်းလုံးရှိ ၈၄၀၀၀–သောမြို့တို့တွင် စေတီပေါင်း ၈၄၀၀၀၊ ကျောင်းပေါင်း ၈၄၀၀၀ စသည် ဆောက်လုပ်လှူဒါန်းခဲ့၏။ ဤမျှ စွန့်ကြဲလှူဒါန်းခြင်းကြောင့် သံဃနာယက အရှင်မောဂ္ဂလိပုတ္တ တိဿကပင် 'မြတ်စွာဘုရား၏ သာသနာ၌ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိနေစဉ်အခါကပင် မင်းကြီးနှင့်တူသော ပစ္စည်းလေးပါး ဒါယကာ တစ်စုံတစ်ယောက်မျှ မရှိဘူးခဲ့'ဟု မိန့်ကြားခဲ့သည် ဟူ၏။ အသောကမင်းက 'မိမိလှူဒါန်းသော ဤမျှသောကုသိုလ်မှုတို့ကြောင့် သာသနာ့အမွေခံ ဖြစ်ပါပြီလော'–ဟု အရှင်မြတ်တို့အား မေးလျှောက်ရာ အရှင်မြတ်တို့က 'မိမိ၏ရင်မှဖြစ်သော သား၊ သမီးကို သာသနာ့ဘောင်သို့ သွင်းမှသာလျှင် သာသာနအမွေခံဖြစ်မည်'ဟု မိန့်ဆိုကြသဖြင့် သားတော် မဟိန္ဒနှင့် ၁၈–နှစ် အရွယ် သမီးတော် သံဃမိတ္တာတို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့၏။ အသောကမင်းသည် ကောန္တတိဿမထေရ် ပရိနိဗ္ဗာန်ပြုရာကိုအကြောင်းပြု၍ ရဟန်းတို့အား ဆေးပစ္စည်း တစ်သိန်းလှူ၏။ နိဂြောဓသာမဏေအား နေ့စဉ်အခွန်ရငွေမှ တစ်သိန်း၊ ဘုရားစေတီတို့၌ နံ့သာအလှူအတွက် တစ်သိန်း၊ တရားအား ရည်ရွယ်၍ အလှူအတွက် တစ်သိန်း၊ သံဃာတို့အား တစ်သိန်းစသည်ဖြင့် နေ့စဉ်လှူခဲ့၏။

အသောကမင်းသည် ဗုဒ္ဓသာသနာကို အလွန်အကျူးကြည်ညို၍ ချီးမြှောက်ထောက်ပံ့ လှူဒါန်းခြင်းကြောင့် ခမည်းတော် ဗိန္ဒုသာရမင်းလက်ထက်ကပင်ရှိခဲ့သော တိတ္ထိခြောက်သောင်းတို့မှာ လာဘ်လာဘလျော့နည်းခဲ့ကြသည်။ ထိုတိတ္ထိတို့သည် လာဘ်လာဘပေါများ လာစေရန် မိမိတို့ဘာသာ ခေါင်းရိတ်၊ သင်္ကန်းဝတ်ရုံကြပြီး သာသနာ့ဘောင်သို့ ဝင်ခဲ့ကြကုန်၏။ ထိုတိတ္ထိတို့သည် မိမိတို့၏ အယူဝါဒတို့ကိုပင် ဤကား ဘုရားရှင်ဟောကြားအပ်သော ဝိနည်း၊ ဤကားသုတ္တန် စသည့်ဖြင့် ပြကြကုန်၏။ ရဟန်းစစ်၊ ရဟန်းကောင်းတို့၏ ကျောင်းများသို့ လှည့်လည်သွားရောက်ကြကာ ဥပုသ်ပြုရာ၊ ပဝါရဏာပြုရာ၊ သံဃကံပြုရာ၊ ဂဏကံပြုရာသို့ ဝင်ကြကုန်၏။ ရဟန်းတို့ကား ထိုတိတ္ထိတို့နှင့် သိမ်အတူ မဝင်ကြကုန်။ ဤသို့ဖြစ်ပုံ အချင်းအရာကို ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ် သိမြင်တော်မူသောအခါ သာသနာတော်အတွင်း၌ မကြာမီ အဓိကရဏ်းဖြစ်တော့မည်ဟူ၍ သိရှိပြီးလျှင်၊ သံဃာအပေါင်းအား ထိန်းသိမ်းရန် အရှင်မဟိန္ဒလက်သို့ အပ်နှင်း၍ ဟိမဝန္တာရှိ အဟောဂင်္ဂါ တောင်အရပ်သို့ တပါတည်းကြွသွားခဲ့၏။ တိတ္ထိတို့ သာသနာအတွင်းသို့ ဝင်ရောက်လာမှုကို အကြောင်းပြု၍ အသောကာရုံကျောင်းကြီးမှာပင် သံဃာတို့သည် ၇-နှစ်တိုင် ဥပုသ်မပြုဘဲ နေခဲ့ကြ၏။

ဤသို့သံဃာတော်တို့ သိမ်မဝင် ကံမပြုဘဲနေကြသည်ကို အသောကမင်းကြားသိလျှင် အမတ်တစ်ဦးအား အသောကာရုံ ကျောင်းသို့ စေလွှတ်၍ သံဃာ့အဓိကရဏ်းကို ငြိမ်းစေပြီး သံဃာတို့အားလည်း ဥပုသ်ကို ပြန်လည်ပြုစေရန် ဆောင်ရွက်ခဲ့ဟု မှာကြားလိုက်၏။ ထို အမတ်ကား အဘယ်သို့နည်းဖြင့် ဤအဓိကရဏ်းကြီး ငြိမ်းစေရန်

ဆောင်ရွက်ရမည်ကို မင်းကြီးအားမမေးဝံ့ခဲ့သဖြင့် အစိုးရရုံးတို့၌ ခိုးသူတို့ကိုသတ်၍ အမှုကိစ္စကို ငြိမ်းစေသကဲ့သို့ပင် အသောကာရုံ ကျောင်း၌ ဥပုသ်ပြုရန် ငြင်းပယ်သောသံဃာတို့အား ထေရ်ကြီးမှစ၍ ခေါင်းဖြတ်သတ်ပြီးလျှင် ထိုအဓိကရဏ်း ငြိမ်းစေရန် ဆောင်ရွက်ခဲ့ လေ၏။ ထိုသို့ ရဟန်းကောင်းတို့ကိုသတ်၍ မိုက်မဲစွာပြုသည်ကို အသောကမင်း၏ညီတော် တိဿမထေရ်တွေ့လျှင် ထိုအမတ်အား တား၍ မင်းကြီးထံသတင်းကြားစေရာ မင်းကြီးလည်း အလွန်တရာ တုန်လှုပ်ချောက်ချားသွားခဲ့သည်။ ထိုအမတ်၏ ပြုမှုမှုတို့သည် မိမိ၌ တာဝန်ရှိပါမည်လောဟူ၍လည်း သံသယဝင်ခဲ့သည်။ ထို့နောက် ဤ အဓိကရဏ်းကို ဖြေရှင်းရန် အဟောဂင်္ဂါအရပ်၌ သီတင်းသုံးနေသော အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်အား သာသနာတော်ချီးမြှောက်ရန် ကြွတော်မူပါ–ဟု ပင့်ခေါ်ကာ ၇–ရက်ပတ်လုံး မင်းဥယျာဉ်၌ ဘုရား အယူဝါဒ(=သမယဝါဒ)ကို မင်းကြီး သင်ယူခဲ့၏။ ပြီးလျှင် ရဟန်း ယောင်တို့အားခေါ်၍ စစ်ဆေး မေးမြန်း သောအခါ ရဟန်းယောင်တို့တွင် သဿတအယူရှိသူ၊ ဧကစ္စသဿတ အယူရှိသူ၊ ဥစ္ဆေဒအယူရှိသူ၊ အဓိစ္စသမုပ္ပန္နအယူရှိသူ စသည်ဖြင့် အယူအမျိုးမျိုးရှိသူတို့ကို ဆွဲထုတ်လေရာ ထိုသူတို့မှာ အရေအတွက်အားဖြင့် ခြောက်သောင်း ရှိကုန်၏။ ထိုခြောက်သောင်းသော ရဟန်းတု ရဟန်းယောင်တို့မှ အပဖြစ်သော ရဟန်းတို့ကိုခေါ်၍မေးရာ ဝိဘဇ္ဇဝါဒ အယူရှိကြောင်း ဖြေကြားဝေဖန်စိစစ်ပြီးသည့်နောက် ဝိဘဇ္ဇဝါဒခေါ် ဘုရားအယူရှိသော **အရှင်ကောင်း**တို့သာ သာသနာတော်၌ တည်ရှိနေပြီဖြစ်၍ သာသနာ သန့်ရှင်းပြီးဖြစ်လေသည်။

ထိုအခါ၌ သံဃာတော်ခြောက်သန်းတို့စည်းဝေး၍ ဥပုသ်ပြုကြ၏။ ထိုအစည်းအဝေး၌ အရှင်မောဂ္ဂလိ ပုတ္တတိဿသည် ထေရဝါဒမှ တစ်ပါး အခြားအယူဝါဒတို့ကို နှိမ်နင်းလျက် ကထာဝတ္ထု ပါဠိတော်ကို ဟောတော်မူ၏။ ထို့နောက် ခြောက်သန်းသောသံဃာတို့မှ ပိဋကတ် သုံးပုံဆောင် ပဋိသမ္ဘိဒါပတ္တရဟန္တာ အပါးတစ်ထောင်တို့အား ရွေးနုတ် စုပေါင်း၍ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ–ဟု ပိဋကတ် သုံးပုံတို့ကို သင်္ဂါယနာတင်ခဲ့၏။ ထိုသင်္ဂါယနာကို ရှေးအခါက တင်ခဲ့ပြီးသော သင်္ဂါယနာနှစ်ကြိမ်ကို အစွဲပြု၍ 'တတိယသင်္ဂါယနာ' ဟုခေါ်ဆို၏။ ထိုတတိယသင်္ဂါယနာတင်သည်မှာ ကိုးလကြာမြင့်၏။ သင်္ဂါယနာ တင်ပြီးသောအခါ ပထဝီမြေကြီးသည် အကြိမ်များစွာ လှုပ်ခဲ့လေသည်။

ဤသို့လျှင် တတိယသင်္ဂါယနာတင်ရခြင်းအကြောင်း နှစ်ချက် တို့တွင် သာသနာတော်အတွင်း ဂိုဏ်းကွဲများပေါ်ထွန်းခဲ့ခြင်းကြောင့် တတိယသင်္ဂါယနာတင်ရခြင်းနှင့်စပ်၍ ယင်းဂိုဏ်းကွဲများတွင် ဒုတိယ သင်္ဂါယနာတင်ပွဲပြီးသည့်နောက် မူလထေရဝါဒဂိုဏ်းကို ဆန့်ကျင်ကာ မဟာသံဃိကဂိုဏ်းဟု ဦးစွာပေါ်ထွန်းခဲ့သည်။ ထိုမှတဖန်–

၁။ မဟာသံဃိကဂိုဏ်း
၂။ ဂေါကုလိကဂိုဏ်း
၃။ ဧကဗျောဟာရိကဂိုဏ်း
၄။ ပဏ္ဏတ္တိဝါဒဂိုဏ်း
၅။ ဗာဟုလိယဂိုဏ်း
၆။ စေတိယဂိုဏ်း
၇။ မဟိံသာသကဂိုဏ်း
၈။ ဝဇ္ဇိပုတ္တကဂိုဏ်း

၉။ ဓမ္မုတ္တရိယဂိုဏ်း
၁၀။ ဘဒြယာနိကဂိုဏ်း
၁၁။ ဆန္နာဂါရိကဂိုဏ်း
၁၂။ သမိတိယဂိုဏ်း
၁၃။ သဗ္ဗတ္ထိဝါဒဂိုဏ်း
၁၄။ ဓမ္မဂုတ္တိကဝါဒဂိုဏ်း
၁၅။ ကဿပိကဂိုဏ်း
၁၆။ သင်္ကန္တိကဝါဒဂိုဏ်း

၁၇။ သုတ္တဝါဒဂိုဏ်းဟူ၍ ဘုရားရှင်၏ သာသနာတော်တွင် ဒုတိယသင်္ဂါယနာ တင်ပြီးသည်မှစ၍ နှစ်ပေါင်း(၁၀၀)ကျော်အတွင်း ဂိုဏ်းပေါင်း (၁၇)ဂိုဏ်း ကွဲပြားခဲ့ကြလေသည်။ အထက်ပါဂိုဏ်းကွဲ (၁၇)ဂိုဏ်းနှင့် မူလဖြစ်သော ထေရဝါဒဂိုဏ်းတို့ပေါင်းသော် (၁၈)ဂိုဏ်း ဖြစ်ကြလေ၏။ ကထာဝတ္ထုအဋ္ဌကထာ၌ ထိုဂိုဏ်းကွဲ(၁၈)ဂိုဏ်းမှ တပါး (၁)ပုဗ္ဗသေလိယ၊ (၂)အပရသေလိယ၊ (၃)ရာဇဂိရိက၊ (၄)သိဒ္ဓတ္ထိက၊ (၅)ဟေမဝတနှင့် (၆)ဝါဇိရိယ-ဟူသည့် ဂိုဏ်းကွဲများ ရှိကြောင်း ဖော်ပြထားသည်။

တတိယသင်္ဂါယနာတင်ရခြင်း အကြောင်းရင်းနှစ်ချက်တွင် သာသနာတွင်း၌ လာဘ်လာဘပေါများသဖြင့် လာဘ်လာဘကို မျှော်ကိုးကာ သာသနာအတုအယောင်များ ပေါ်ထွန်းလာ၍ သာသနာ ညစ်နွမ်းရခြင်း အကြောင်းသည် လက်ငင်းအကြောင်းဖြစ်လေသည်။ သာသနာအတွင်း ဂိုဏ်းကွဲပြားမှုဟူသောအကြောင်းသည်ကား ဒုတိယသင်္ဂါယနာ တင်ပွဲ ပြီးသည့်အချိန်မှစ၍ တတိယသင်္ဂါယနာ တင်ပွဲကျင်းပရသည့် အချိန်အထိ နှစ်ပေါင်း ၁၃၆-နှစ်အတွင်း တဖြည်းဖြည်းခြင်း အယူအဆ

ကွဲပြားလာရာမှ နောက်ဆုံး၌ မူလ ထေရဝါဒ အယူအဆနှင့် လုံးဝ ဆန့်ကျင်သော အယူအဆများ သာသနာတွင်း ဖြစ်ထွန်းခဲ့ခြင်းဖြစ်ရာ၊ ဤအချက်သည် တတိယသင်္ဂါယနာတင်ရန် အခြေခံကျသော မူလ အကြောင်းဖြစ်ပါသည်။ ထိုဂိုဏ်းကွဲများ၏ အယူအဆအချို့ကို ပမာဏ အားဖြင့်ပြရလျှင် ရဟန္တာများသည် ရဟန္တာအဖြစ်မှ လျှောကျနိုင်သည်ဟု စွပ်စွဲခဲ့ကြသည်။ အရှင်မောဂ္ဂလိပုတ္တတိဿသည် ထိုအယူများကြောင်း ကထာဝတ္ထု ပါဠိတော်၊ ပရိဟာနိကထာ၌ ရှင်းလင်းတော်မူခဲ့ရပါသည်။ ထို့ပြင် ရဟန္တာသည် လူအမည်၊ ရွာအမည် စသည်ကို မသိမှုကြောင့် အဝိဇ္ဇာမကုန်သေး၊ ဝိစိကိစ္ဆာရှိသေးသည်-စသည့်ဖြင့် စွပ်စွဲရာ ဤ အချက်များယွင်းကြောင်းကို ကထာဝတ္ထုပါဠိတော်၊ အညာဏ ကထာ၊ ကင်္ခါကထာ စသည်၌ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရှင်းလင်းခဲ့ရသည်။ ထို့ပြင် ရဟန္တာသည် အချို့သောသံယောဇဉ်တို့ကို မပယ်ရှားနိုင်ကြောင်း အယူအဆနှင့်စပ်လျဉ်း၍ ထိုအယူ မှားယွင်းပုံကိုလည်း ကထာဝတ္ထု ပါဠိတော်၊ သံယောဇနကထာ၌ ရှင်းလင်းတော်မူခဲ့ပါသည်။ ဤသို့ ဂိုဏ်းကွဲအသီးသီး၏ ဝါဒကွဲ အယူကွဲများစွာတို့ကို ကထာဝတ္ထု ပါဠိ တော်၌ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ် ရှင်းလင်းခဲ့ရခြင်းကိုလည်း သင်္ဂါယနာ၏ အရေးပါသော လုပ်ငန်းအဖြစ် မှတ်ယူနိုင်ပါသည်။

## ၁၄။ တတိယသင်္ဂါယနာတင်ပွဲမှရရှိသော အကျိုးကျေးဇူးများ

တတိယသင်္ဂါယနာတင်ပွဲကိုဦးဆောင်သူ အရှင်မောဂ္ဂလိပုတ္တ တိဿမထေရ်သည် ဝိဘဇ္ဇဝါဒီခေါ် ထေရဝါဒဂိုဏ်းမှ မထေရ်တစ်ပါး ဖြစ်ရာ၊ တတိယသင်္ဂါယနာတင်ပွဲသည်လည်း ထေရဝါဒမှတပါး ပရပ္ပဝါဒ ခေါ် အခြားသောဂိုဏ်းတို့မပါဘဲ ထေရဝါဒဂိုဏ်းကသာ ဦးဆောင်၍ တင်ခဲ့သော သင်္ဂါယနာတင်ပွဲဖြစ်သည်။ သို့ဖြစ်၍ ထိုသင်္ဂါယနာ၏

အကျိုးကျေးဇူးကို ရရှိရာတွင်လည်း ထေရဝါဒ ဂိုဏ်းကသာ ရရှိမည်မှာ ဧကန်ဖြစ်သည်။ ဤသင်္ဂါယနာတင်ပွဲကြောင့် ထေရဝါဒဂိုဏ်းအနေဖြင့် အောက်ပါအကျိုးတရားနှစ်ရပ်ကို အထင်အရှားရရှိခဲ့သည်။ ယင်းတို့မှာ–

၁။ အဘိဓမ္မာပိဋကကို ဖြည့်စွက်နိုင်ခြင်း၊

၂။ ထေရဝါဒဗုဒ္ဓသာသနာ အိန္ဒိယနိုင်ငံတွင်သာမက ပြည်ပနိုင်ငံများသို့ပါ ပျံ့နှံ့ခြင်းတို့ပင် ဖြစ်သည်။

အထက်ပါအကျိုးနှစ်ရပ်တွင် အဘိဓမ္မပိဋက ပြည့်စုံအောင် ဖြည့်စွက်နိုင်ခဲ့ခြင်းမှာ ကထာဝတ္ထုပါဠိတော်ကို ထည့်သွင်းနိုင်ခြင်းပင် ဖြစ်သည်။

တတိယသင်္ဂါယနာတင်ပွဲပြီးသည့်နောက် အသောကမင်းကြီး၏ သာသနာပြန့်ပွားစေလိုသော ဆန္ဒအတိုင်း အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် အောက်ပါကိုးတိုင်းကိုး ဌာနသို့ တာဝန်ခံမထေရ်တို့ကို ဦးဆောင်စေကာ သာသနာပြုစေလွှတ်ခဲ့ကြောင်း ပါဠိစာပေအထောက်အထားများအရ သိရသည်။

၁။ မဇ္ဈန္တိကမထေရ်ကို ကသ္မီရနှင့် ဂန္ဓာရတိုင်းသို့

၂။ မဟာဒေဝမထေရ်ကို မဟိသာမဏ္ဍလသို့

၃။ ရက္ခိတမထေရ်ကို ဝနဝါသီသို့

၄။ ဓမ္မရက္ခိတမထေရ်ကို အပရန္တသို့

၅။ မဟာဓမ္မရက္ခိတမထေရ်ကို မဟာရဋ္ဌသို့

၆။ မဟာရက္ခိတမထေရ်ကို ယောဒေသသို့

၇။ မဇ္ဈိမမထေရ်ကို ဟိမဝန္တာသို့

၈။ သောဏနှင့် ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘူမိသို့

၉။ မဟိန္ဒမထေရ်ကို တမ္ဗပဏ္ဏိသို့ ဖြစ်ကြလေသည်။

## ၁၅။ စတုတ္ထသင်္ဂါယနာ

သာသနာလင်္ကာရစာတမ်းတွင် ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး အနှစ်–၄၅၀ အရောက် သီရိလင်္ကာနိုင်ငံ၊ မလယဇနပုဒ်၊ မတုလမြို့အနီး၊ အာလောကလိုဏ်၌ အဘယဝဋ္ဋဂါမဏိမင်း နန်းစံ ၆–နှစ်အရ၌ အရှင်မဟာဓမ္မရက္ခိတမထေရ် အမှူးရှိသော ရဟန္တာမထေရ် ၅၀၀ တို့သည် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံပါဠိတော်တို့ကို ပေထက် အက္ခရာ တင်ကြောင်း ရေးသားထားသည်။ ဤသို့ ပေထက်အက္ခရာ တင်ရေးသည်ကိုပင် ပေါတ္ထကာရုဠ္ဟသင်္ဂီတိ စတုတ္ထသင်္ဂါယနာတင် သည်နှင့် တူသည်ဟူ၍ မှတ်ယူနိုင်ကြောင်းကို သာရတ္ထ ဒီပနီ ဋီကာ၊ ဝဇိရဗုဒ္ဓိဋီကာနှင့် ဝိမတိဝိနောဒနီဋီကာ– ဝိနယဋီကာတို့၌လည်း ဖော်ပြထားကြသည်။

## ၁၆။ စတုတ္ထသင်္ဂါယနာတင်ပုံအကြောင်း အထောက်အထားများ

ပိဋကတ်ပါဠိတော်တို့ကို ပေထက်အက္ခရာတင်၍ကျင်းပသော စတုတ္ထသင်္ဂါယနာအကြောင်း ဖော်ပြထားသော ပါဠိကျမ်းစာတို့ကို ပညာရှင်တို့က အောက်ပါအတိုင်း ဖော်ပြကြသည်–

၁။ အေဒီ ၄–ရာစုရေး ဒီပဝံသ၊
၂။ အေဒီ ၆–ရာစုရေး မဟာဝံသ၊
၃။ အေဒီ ၆–ရာစုရေး ဝဇိရဗုဒ္ဓိဋီကာ၊
၄။ အေဒီ ၁၂–ရာစုရေး သာရတ္ထ ဒီပနီဋီကာ
၅။ အေဒီ ၁၂–ရာစုရေး ဝိမတိဝိနောဒနီဋီကာ၊
၆။ အေဒီ ၁၄–ရာစုရေး နိကာယသင်္ဂဟနှင့်
၇။ အေဒီ ၁၄–ရာစုရေး သဒ္ဓမ္မသင်္ဂဟ– တို့ဖြစ်သည်။

› အထက်ဖော်ပြပါ ကျမ်းတို့တွင် ဒီပဝံသကျမ်းသည် ရှေးဦးဆုံး ပေါ်ထွန်းခဲ့သော ကျမ်းဖြစ်၍ ဒီပဝံသကျမ်းလာ စတုတ္ထသင်္ဂါယနာ အကြောင်းကို ဦးစွာတင်ပြလိုပါသည်။

ဒီပဝံသကျမ်း၊ အခန်း–၂၁၊ ဂါထာအမှတ်–၂၀၊ ၂၁ တို့တွင် စတုတ္ထ သင်္ဂါယနာအကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားသည်။

၂၀–ပိဋကတ္တယပါဠိံ စ၊ တဿ အဋ္ဌကထမ္ပိ စ။
မုခပါဌေန အာနေသုံ၊ ပုဗ္ဗေ ဘိက္ခူ မဟာမတိ။
၂၁–ဟာနိံ ဒိသွာန သတ္တာနံ၊ တဒါ ဘိက္ခူ သမာဂတာ။
စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ ပေါတ္ထကေသု လိခါပယုံ။

ဒီပဝံသကျမ်း၌ ဖော်ပြထားသည့်အတိုင်းပင် စတုတ္ထသင်္ဂါယနာ တင်ပုံ အကြောင်းအရာတို့ကို မဟာဝံသကျမ်း၊ အခန်း–၃၀၊ ဂါထာ အမှတ်–၁၀၂၊ ၁၀၃ တို့တွင်လည်း ဖော်ပြထားလေသည်။

အထက်ဖော်ပြခဲ့သော ဒီပဝံသနှင့် မဟာဝံသကျမ်းတို့အဆိုအရ ထိုမထေရ်မြတ်တို့သည် ပါဠိတော် နှင့် အဋ္ဌကထာတို့ကို နှုတ်ထက်မှ ပေထက်သို့ အက္ခရာတင်ခဲ့ကြောင်းကိုသာ သိရှိရပြီး၊ ဤသို့ ပြုမူခြင်းကို သင်္ဂါယနာတင်သည်ဟူ၍ကား အတိအကျမဖော်ပြထားခဲ့ပေ။

ဝဇိရဗုဒ္ဓိဋီကာစသော ဝိနည်းဋီကာကျမ်းတို့တွင်ကား ပထမ၊ ဒုတိယ၊ တတိယ–ဟု ရှေးရှေးက ရဟန္တာအရှင်မြတ်တို့ သင်္ဂါယနာ သုံးကြိမ် တင်ခဲ့ပြီးသည့်နောက် ဆဋ္ဌာဘိညာ ပဋိသမ္ဘိဒါပတ္တ ဖြစ်တော်မူ ကြသော ရဟန္တာအရှင်မြတ်တို့၏ ပေထက်အက္ခရာတင်ခြင်းကို လေးကြိမ် မြောက်တင်အပ်သော စတုတ္ထသင်္ဂါယနာနှင့် တူပေ၏–ဟူသော အဓိပ္ပါယ် ဖြင့် ရေးသားဖော်ပြထားသည်မှာ–

'ပေါရာဏာကေတိ မဟာထေရေဟိတိ သင်္ဂီတိတ္တယတော ပဋ္ဌာ ပေါတ္ထကာသင်္ဂီတိကာရကေဟိ ဆဠဘိညာပဋိသမ္ဘိဒါဒိဂုဏာ သမဂ္ဂ လေဟိ မဟာထေရေဟိ။ စတုတ္ထသင်္ဂီတိသဒိသာဟိ ပေါတ္ထကာရောဟ သင်္ဂီတိ- 'ဟူ၍ ဖြစ်ပါသည်။

အရှင်ထေရဓမ္မကိတ္တိ ရေးသားသော သဒ္ဓမ္မသင်္ဂဟကျမ်း၊ အခန်း(၅)၌မူ စတုတ္ထသင်္ဂါယနာတင်ပွဲကို အသောကမင်းကြီး သားတော် ရှင်မဟိန္ဒ၏တပည့် အရိဋ္ဌမထေရ် အမှူးပြုသော အရှင်မြတ်များ တင်ခဲ့သည့် ပိဋကတ်သုံးပုံ သင်္ဂါယနာတင်ပွဲကို ဆိုလိုကြောင်း ပြဆို ထားသည်။ ထိုကျမ်း၏ အခန်း(၆)တွင် ပိဋကတ်တို့ကို ပေထက်အက္ခရာ တင်သည့် သင်္ဂါယနာပွဲကိုကား ပဉ္စမသင်္ဂါယနာ တင်ပွဲအဖြစ် ပြဆိုထား ပြန်ပါသည်။ ထိုသဒ္ဓမ္မသင်္ဂဟကျမ်း၊ ဆဋ္ဌအခန်း၌ ပြဆိုထားသော ပေထက်အက္ခရာတင်သည့် စတုတ္ထသင်္ဂါယနာ တင်ပွဲအကြောင်းမှာ ဤသို့ဖြစ်သည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် နတ်ရွာစံပြီးနောက် ဝဋ္ဋဂါမဏိ အဘယမင်းသည် လင်္ကာဒီပ၌ မင်းဖြစ်ခဲ့သည်။ ထိုမင်းသည် အဘယ ဂိရိမဟာ ဝိဟာရကျောင်းကြီးကို ဆောက်လုပ်ပြီးလျှင် ဓာတ်တော်တို့ကို ဌာပနာ၍ မဟာစေတီကြီးကို တည်ခဲ့သည်။ ပြီးနောက် မဟာတိဿ အမှူးရှိသော သံဃာတို့အား အပ်နှင်းခဲ့သည်။ ထိုအခါ၌ လင်္ကာဒီပ၌ နေထိုင်ကြသော သံဃာအပေါင်းတို့က သတ္တဝါတို့၏ ဆုတ်ယုတ်ခြင်း ဖြစ်မည်ကိုမြင်၍ ပိဋကတ်သုံးပုံဆောင် ပဋိသမ္ဘိဒါမဂ်လေးပါးနှင့် ပြည့်စုံသော ရဟန္တာအရှင်မြတ်တို့သည်လည်း ကြွရောက်တော်မူလာ ကြကုန်၏။ ထိုရဟန္တာအရှင်မြတ်တို့သည် အညီအညွှတ် စုဝေးကြစဉ် ဝဋ္ဋဂါမဏိ မင်းသည် မဟာဝိဟာရကျောင်းသို့ရောက်လာသောအခါ

မထေရ်တို့က 'ရှေးအခါက ရဟန်းတော်များသည် ပိဋကတ်ပါဠိတော်နှင့် အဋ္ဌကထာ တို့ကို နှုတ်ငုံဆောင်နိုင်ကြ၏။ ရှေးကတင်ခဲ့သော သင်္ဂါယနာ သုံးတန်ကိုလည်း နှုတ်ဖတ်သရဇ္ဈာယ်၍သာ တင်ခဲ့ကြကုန်၏။ ဤ နည်းဖြင့် ပိဋကတ် ဓမ္မက္ခန္ဓာအပေါင်းတည်စေရန် သာသနာအနှစ် ငါးထောင်တည်ရန် စွမ်းနိုင်ကြသည် ဖြစ်ပြီး အနာဂတ်ကာလ၌ကား သာသနာဆုတ်ယုတ်လိမ့်မည်။ သို့ဖြစ်၍ နှုတ်ထက်၌ အာဂုံရထားသော ပိဋကတ်တို့ကို ပေ၌ ချရေးရန်သင့်ကြောင်း' မိန့်ကြားကြသည်။ ထိုအခါ မင်းကြီးက 'အရှင်ဘုရားတို့ အလိုရှိရာမိန့်ကြားပါ'ဟု လျှောက်ထားသော အခါ မထေရ်တို့က မင်းကြီးအား မင်္ဂလာပ်အလိုရှိကြောင်း၊ ပေရွက်များ အလိုရှိကြောင်း မိန့်ကြားရာ ဝဋ္ဋဂါမဏိ မင်းကြီးက မင်္ဂလာပ်နှင့် ပေရွက်တို့ ပြည်စုံအောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုအခါ သိန်းပေါင်းများစွာ သော ရဟန်းတော်တို့မှ ပိဋကတ်သုံးပုံဆောင် ပဋိသမ္ဘိဒါပတ္တာဆဠဘိညာ တေဝိဇ္ဇရဟန္တာအရှင်မြတ် ၁၀၀၀ တို့ကို ရွေးချယ်ပြီး စုဝေးတော်မူကြ သည်။ ထိုအခါ ရှေးရှေးက အရှင်မဟာကဿပ၊ အရှင်ယသ၊ အရှင် မောဂ္ဂလိပုတ္တတိဿ၊ အရှင်မဟိန္ဒမထေရ်တို့ သင်္ဂါယနာတင်ခဲ့ကြသည့် နည်းအတိုင်း ဝိနည်းပိဋက၌ ကျွမ်းကျင်သောအရှင်တို့က ဝိနည်းပိဋက ကို ပေထက်သို့လည်းကောင်း၊ သုတ္တန်ပိဋကကို ကျွမ်းကျင်သော အရှင်တို့က သုတ္တန်ပိဋကကို ပေထက်သို့လည်းကောင်း၊ အဘိဓမ္မာ ပိဋကကို ကျွမ်းကျင်သောအရှင်တို့က အဘိဓမ္မာပိဋကတို့ကို ပေထက်သို့ လည်းကောင်း၊ ထို့ပြင် အလုံးစုံသော ထေရဝါဒကို လည်းကောင်း၊ ခပ်သိမ်းသော အဋ္ဌကထာနှင့်တကွ ပေထက်၌ ရေးကြ၍ သင်္ဂါယနာ တင်ကြကုန်၏။ ရေးပြီးသည်၏အဆုံး မဟာ ပထဝီမြေကြီးသည် တုန်လှုပ်ခဲ့၏။ လောက၌ များစွာသော အံ့ဖွယ်တို့ ဖြစ်ပေါ်လာ၏။ ဤသို့

သင်္ဂါယနာတင်ရာ၌ ကြာမြင့်သော ကာလမှာ (၁)နှစ်ဖြစ်သည်ဟု ဆိုပါသည်။

သံဃရာဇာအရှင်ဒေဝရက္ခိတရေးသားသော နိကာယသင်္ဂဟ ကျမ်း၌ စတုတ္ထသင်္ဂါယနာတင်ခြင်း အကြောင်းနှင့်စပ်၍–

ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်တော်မူပြီး ၄၃၉–နှစ်တွင် ဝဋ္ဋဂါမဏိ မင်းသည် အိန္ဒိယတောင်ပိုင်းမှ ဝင်လာသော တမေလ်စစ်ကိုရှုံး၍ တောတွင်း၌ ပုန်းခိုဝင်နေရစဉ် ၅၀၀ သော ရဟန္တာမထေရ်တို့သည် မာတုလဇနပုဒ်၊ အလောကလိုဏ်ဂူတွင် ဇနပုဒ်အကြီးအကဲ ပုဂ္ဂိုလ် တစ်ဦး၏ အစောင့်အရှောက်ဖြင့် ပိဋကတ်သုံးပုံတို့ကို ပေထက်အက္ခရာ တင်၍ သံဂါယနာပွဲကို ဆင်ယင်ပြုတော်မူခဲ့ကြကြောင်း ရေးသား ဖော်ပြထားပါသည်။

## ၁၇။ စတုတ္ထသင်္ဂါယနာတင်ရာ၌ ဝဋ္ဋဂါမဏိမင်း၏ အထောက် အပံ့ ပါ,မပါ

စတုတ္ထသင်္ဂါယနာတင်ပွဲကို ဝဋ္ဋဂါမဏိမင်း၏ လက်ထက်အခါ ၌ တင်ကြောင်း ဖော်ပြထားကြသော်လည်း ထိုစတုတ္ထသင်္ဂါယနာတင်ပွဲ ကို ဝဋ္ဋဂါမဏိမင်းက သာသနာ့ဒါယကာအဖြစ် ပါဝင်ကြောင်းကို သဒ္ဓမ္မ သင်္ဂဟကျမ်း၌ အနည်းငယ်ဖော်ပြထားသည်မှအပ အခြားကျမ်းတို့၌ ဝဋ္ဋဂါမဏိမင်းအကြောင်းကို ပဓာနထား၍ ရေးသားခဲ့သည်ကို မတွေ့ ရပေ။

သဒ္ဓမ္မသင်္ဂဟကျမ်း၊ အခန်း–၆ တွင် ဝဋ္ဋဂါမဏိမင်းသည် မဟာဝိဟာရကျောင်းတိုက်သို့သွား၍ သံဃာတော်များထံချဉ်းကပ်ခဲ့ရာ ထိုအခါ၌ သံဃာတော်တို့က မင်းကြီးအား 'ပိဋကတ်တော်တို့ကို နောက်ကာလ၌ နှုတ်ငုံဆောင်နိုင်ရန် ခဲယဉ်းလာလိမ့်မည်ဖြစ်ကြောင်းနှင့်

ထိုပိဋကတဲတော်တို့ကို ပေထက်၌ အက္ခရာတင်ထားလိုကြောင်း မိန့်ကြားတော်မူသည်။ ထိုအခါ ဝဋ္ဋဂါမဏိမင်းက 'တပည့်တော် မည်သို့ ပြုလုပ်ပေးရမည်နည်း'ဟု မေးလျှောက်ရာ 'သင်္ဂါယနာတင်ရန် မဏ္ဍပ်၊ ပိဋကတ်တော်ရေးကူးရန် ပေရွက် စသည်ပြုလုပ်ပေးရန်'ဟု ပြောဆိုသော် မင်းကြီးက 'ကောင်းပါပြီ'ဟု ဝန်ခံပြီး မဏ္ဍပ်နှင့် ပေရွက်တို့ကို ပြည့်စုံအောင် ဆောင်ရွက်ပေးခဲ့ကြောင်းတို့ကို ရေးသားထားပါသည်။ ဤအချက်ကိုထောက်ပါက ဝဋ္ဋဂါမဏိမင်းကို စတုတ္ထသင်္ဂါယနာ၏ ဒါယကာတစ်ဦးအနေဖြင့် သတ်မှတ်နိုင် မည်လော ဆိုသည်ကိုလည်း စဉ်းစားရန်ရှိလေသည်။

စစ်ကိုင်းခရိုင်၊ ဆားတောင်ရွာမှ ဆရာဦးရှမ်းရေးသားသည့် သံဂီတိဝံသကထာ၌လည်း စတုတ္ထသင်္ဂီတိကာရကမထေရ်တို့သည် ဝဋ္ဋဂါမဏိမင်းနှင့်တိုင်ပင်၍ ပေထက်အက္ခရာတင်ပုံ အကြောင်းကို အောက်ပါအတိုင်း ရေးသားထားပါသည်။

ဝဋ္ဋဂါမဏိမင်းကြီး နန်းစံ ၆–နှစ်တွင် ယခင်ရှေးမဆွ သီဟိုဠ်ကျွန်းသို့ ကြွခဲ့ကြသော အရှင်မဟိန္ဒ ကိုယ်တော်မြတ်၏ တပည့်သား အဝင်အပါ ရဟန္တာကြီးငါးရာတို့သည် နောင်လာလတ္တံ့သော ခေတ်အခါ သာသနာတော်အားနည်းလျက် ရဟန္တာကြီးငါးရာတို့သည် နောက်နှင့် နောက်ကို တစ်ယောက်ထက်တစ်ယောက် ကွယ်ပျောက်တိမ်မြုပ် သာသနာတော် ဆုတ်မည်ကို မြင်တော်မူသောကြောင့် ယခုအခါ ဘုရားရှင်၏ နှုတ်ကပါဠ်တော် ဓမ္မက္ခန္ဓာ သုတ်, ဝိနည်း တရား အဘိဓမ္မာပါဠိတော်နှင့် အဋ္ဌကထာတို့ကို ပေထက်အက္ခရာ တင်ထားမှ ဘုရားရှင်သာသနာ ငါးထောင်တိုင်ကြာမည်ကို မြော်ခကြည့်ရှု ဆင်ခြင်တော်မူကြပြီးလျှင် ယခင် ဝဋ္ဋဂါမဏိမင်းကြီးအား တိုင်ပင်ပြောကြား

လျက် ဘုရားဟောဒေသနာ သုတ်, ဝိနည်း, အဘိဓမ္မာတို့ကို အဋ္ဌကထာ ကျမ်းကြီးအစုံအလင်နှင့်တကွ ရေးသားတော်မူကြပြီးမှ ပါဠိပဒ အလာ အသွား အမှားအချော်မရှိရအောင် သုံးကြိမ်သုံးတန် တည်းပြတ် တိုက် ဆိုင်တော်မူအပ်သော ပါဠိတော်, အဋ္ဌကထာမူမှန်တို့ကို ပေထက် ရေးကူးသည်–ဟူ၍ ဖြစ်ပါသည်။

သို့ပါသော် ဝဋ္ဋဂါမဏိမင်းသည် စတုတ္ထသင်္ဂါယနာတင်ပွဲတွင် သာသနာ့ဒါယကာအဖြစ် မပါဝင်ခဲ့ခြင်း အကြောင်းနှင့်စပ်၍ ဆရာကြီး ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ–လန်ဒန်)က အောက်ပါအတိုင်း အကြောင်းနှစ်ရပ် တင်ပြထားပါသည်။ ပထမအကြောင်းမှာ– ဝဋ္ဋဂါမဏိမင်းကသာ ဤ စတုတ္ထသင်္ဂါယနာတင်ပွဲကို အားပေးခဲ့ပါက ရှေးသင်္ဂါယနာ သုံးတန် ကဲ့သို့ မင်းနေပြည်ဖြစ်သော အနုရာဓမြို့တော်မှ ၆၅–မိုင်ကျော် ကွာဝေး သော ကျောက်တောင်များတည်ရှိရာ မလယဒေသ မာတုလမြို့အနီး၌ ကျင်းပရခြင်း၊ ဒုတိယအကြောင်းမှာ စတုတ္ထသင်္ဂါယနာကို ထေရဝါဒ မဟာဝိဟာရဝါသီအရှင်မြတ်များက ဦးဆောင်၍ ပြုလုပ်ခဲ့သည်ဖြစ်၍ ထိုမဟာဝိဟာရ ဝါသီရဟန်း တော်တို့နှင့် ဝဋ္ဋဂါမဏိမင်းမှာ မသင့် မမြတ် ရှိနေခြင်းတို့ပင်ဖြစ်သည်။

မဟာစည်ဆရာတော်ကြီး၏ ဝိသုဒ္ဓိမဂ်မြန်မာပြန်ကျမ်း၏ နိဒါန်း တွင်လည်း ပိဋကတ်သုံးပုံကို ပေထက်အက္ခရာတင်ခြင်းအကြောင်းကို ပြဆိုရာ၌–

'မဟာဝိဟာရဝါသီမထေရ် တို့သည် အနုရာဓမြို့တော်မှ ၆၈–မိုင်ကွာဝေးသော မလယဇနပုဒ် မာတုလမြို့အနီး အာလောက လိုဏ်ဂူ၌ သီတင်းသုံးလျက် ထိုနယ်ပယ်၏ အကြီးအကဲဖြစ်သူ၏ အစောင့်အရှောက်ကို ယူကုန်၍ ပေထက်အက္ခရာတင်ခြင်းကိစ္စကို

ဆောင်ရွက်တော်မူကြကုန်လေသည်။ ဤအကြောင်းကို သောက်ဆ၍ ထိုစဉ်အခါက မဟာဝိဟာရဝါသီမထေရ်တို့သည် မင်းနှင့် မင်း၏ အမတ်ကြီးတို့ထံမှ ထောက်ပံ့ကူညီခြင်းကို မရကုန်ဘဲ မိမိတို့၏အား အစွမ်းဖြင့်သာလျှင် ပိဋကတ်သုံးပုံ ပေထက်အက္ခရာတင်ခြင်း ကိစ္စကို ဆောင်ရွက်တော်မူခဲ့ကြသည်ဟူ၍ သိအပ်, မှတ်ယူအပ်ပေ၏' ဟု ရေးသားထားခဲ့သည်။

## ၁၈။ စတုတ္ထသင်္ဂါယနာတင်ရာကာလ

စတုတ္ထသင်္ဂါယနာကို ဝဋ္ဋဂါမဏိမင်းက သာသနာ့ဒါယကာ အဖြစ် တာဝန်ယူ၍ သင်္ဂါယနာတင်ခဲ့ပါက ထိုသင်္ဂါယနာတင်သော ကာလကို အတိအကျရေတွက်ရန်ကိစ္စမှာ ခဲယဉ်းမည်မဟုတ်သော်လည်း ဝဋ္ဋဂါမဏိမင်းက လုံးလုံးတာဝန်ယူ၍ သင်္ဂါယနာတင်ခဲ့ခြင်း မဟုတ်သည့် အတွက်ဒီပဝံသ၊ မဟာဝံသ စသောမှတ်တမ်းများ၌ စတုတ္ထသင်္ဂါယနာ တင်ရာကာလကို တိတိကျကျဖော်ပြထားခြင်း မရှိခဲ့ပေ။

သဒ္ဓမ္မသင်္ဂဟကျမ်း၌ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီး ၄၃၃-ခုနှစ်တွင် စတုတ္ထသင်္ဂါယနာတင်ကြောင်းနှင့် ထိုသင်္ဂါယနာ တင်ချိန်မှာ တစ်နှစ်ကြာမြင့်ကြောင်း ဖော်ပြထားသည်။ ဘိုးတော်မင်း လက်ထက် သီဟိုဠ်မှ ဆက်သော သန္ဒေသကထာတွင်လည်း စတုတ္ထ သင်္ဂါယနာ တင်သောနှစ်ကို ၄၃၃ ခုနှစ်ဟုပင် ဖော်ပြထားသည်။ နိကာယသင်္ဂဟ ကျမ်း၌မူ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီး ၄၃၉ ခုနှစ်တွင် စတုတ္ထသင်္ဂါယနာတင်ကြောင်း ဖော်ပြထားသည်။ မင်းတိုင်ပင်အမတ် မဟာဓမ္မသင်္ကြန်၏ သာသနာလင်္ကာရကျမ်းနှင့် မဲထီးဆရာတော်၏ ဝံသဒီပနီတို့၌ ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီး အနှစ် ၄၅၀ ပြည့်နှစ်တွင် စတုတ္ထ သင်္ဂါယနာတင်ကြောင်း ဖော်ပြထားကြသည်။

ဖော်ပြပါကျမ်းတို့တွင် ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး (က) ၄၃၃-ခုနှစ်၊ (ခ) ၄၃၉-ခုနှစ်၊ (ဂ) ၄၅၀ ပြည့်နှစ်ဟု သုံးမျိုးပြရာ၌ ဘုရားရှင်ပရိနိဗ္ဗာန်စံသော နှစ်ကို ၄၈၃ ဘီစီဟု မှတ်ယူပြီး ခေတ်သုံးပြက္ခဒိန်နှစ်သို့ ထိုသာသနာနှစ်သုံးမျိုးကို ဖလှယ်ပါက-

| သာသနာနှစ် | ဘီစီ |
|---|---|
| ၄၃၃ | ၅၀-ဘီစီ |
| ၄၃၉ | ၄၄-ဘီစီ |
| ၄၅၀ | ၃၃-ဘီစီ |

ဟူ၍ အသီးသီး ဘီ၊ စီ (ခရစ်မပေါ်မီ) နှစ်များကို ရရှိလာသည်။

ဝဋ္ဋဂါမဏိမင်း၏ နန်းတက်နှစ်ကို ဒေါက်တာမာလလသေကရ (Dr. G.P. Malalasekera)၏ ပါဠိနာမအဘိဓာန် (The Dictionary of Pa.li Proper Names)တွင် ၂၉-ဘီစီမှ ၁၇-ဘီစီဟု ဖော်ပြထားသည်။ ဤနေရာ၌ ဝဋ္ဋဂါမဏိမင်းသည် ၂၉-ဘီစီမှ ၁၇-ဘီစီအထိ (၁၂)နှစ် နန်းစံသည်ဆိုရာတွင် မူလ နန်းတက်စက (၅)လခန့်နန်းစံခဲ့ရသော ကာလကိုချန်၍ ဖော်ပြခဲ့ခြင်းဖြစ်သည်။ စင်စစ် ဝဋ္ဋဂါမဏိမင်းသည် ပထမနန်းရပြီးစက (၅)လခန့် နန်းစံခဲ့ပြီး ဒမိဠသူပုန်တို့ရန်ကြောင့် (၁၄)နှစ်နှင့် (၇)လ နန်းမှဆင်း၍ တောတွင်း၌ ပုန်းအောင်းနေရရှာသည်။ ထို့နောက် (၁၄)နှစ်လွန်မှ နန်းပြန်တက်ရခြင်း ဖြစ်သည်။ သို့ပါ၍ ဝဋ္ဋဂါမဏိမင်း၏ နန်းသက်တွင် နန်းစံနှစ်ထက် တောတွင်း၌ စံနေရသောနှစ်က ပို၍များလေသည်။

ဝဋ္ဋဂါမဏိမင်း၏ နန်းစံသောကာလအရပ်ရပ်ကို တွက်ချက်ကြည့်လျှင်-

(၁) ပထမနန်းစံကာလ ၅–လ = ၄၄–ဘီစီအတွင်း

(၂) တော၌ပုန်းခိုနေသောကာလ ၁၄–နှစ်၊ ၇–လ = ၄၄–ဘီစီမှ ၂၉–ဘီစီ

(၃) ဒုတိယအကြိမ်နန်းစံကာလ ၁၂–နှစ်၊ –လ = ၂၉–ဘီစီမှ ၁၇–ဘီစီ

စုစုပေါင်း – ၂၇–နှစ်၊ ၂–လ =၄၄ -ဘီစီမှ ၁၇–ဘီစီ ဖြစ်သည်။

ဝဋ္ဋဂါမဏီမင်း၏ မိဘပေးခဲ့သော အမည်ရင်းမှာ ဂါမဏီအဘယဖြစ်သည်။ (၅)လခန့် မင်းပြုပြီး စည်းစိမ်နစဉ်မှာပင် နန်းမှ လျှော၍ (၁၄)နှစ်နှင့် (၇)လ တောခိုနေရပြီးနောက် မင်းအဖြစ်ကို တဖန် ပြန်၍ရခဲ့၏။ ဤသို့ မင်းအဖြစ်ကို တစ်ပတ်ပြန်ရသောကြောင့် မူလ မိဘပေးအမည် 'ဂါမဏီအဘယ'တွင် 'ဝဋ္ဋ'(တပတ်ပြန်)ဟူသော ပုဒ်တစ်ခုကို တိုး၍ 'ဝဋ္ဋဂါမဏီအဘယ' ဟု ခေါ်တွင်ခြင်းဖြစ်သည်။

ဝဋ္ဋဂါမဏီမင်း၏ ပထမနန်းစံ ၄၄–ဘီစီမှ နတ်ရွာစံသည့် ၁၇–ဘီစီအတွင်း စတုတ္ထသင်္ဂါယနာတင်ခဲ့ခြင်းဖြစ်၍ အထက်၌ စတုတ္ထ သင်္ဂါယနာတင်ကာလအဖြစ် ဖော်ပြခဲ့ကြသော သာသနာနှစ်သုံးမျိုး တွင် (က) သာသနာနှစ် ၄၃၃ (၅၀–ဘီစီ)သည် ဝဋ္ဋဂါမဏီမင်း နန်းမတက် သေးမီကာလဖြစ်နေကြောင်း တွေ့ရသည်။ (ခ) သာသနာနှစ် ၄၃၉ (၄၄–ဘီစီ)နှင့် (ဂ) သာသနာနှစ် ၄၅၀ (၃၃–ဘီစီ)နှစ်မျိုးတို့တွင် သာသနာ ၄၃၉ (၄၄–ဘီစီ)မှာ ဝဋ္ဋဂါမဏီမင်း နန်းစွန့်၍ တောရခိုနေ ရသော ရှေးဦးနှစ်ဖြစ်ပြီး တိုင်းပြည်မငြိမ်မသက် ဖြစ်နေချိန် ထိုကာလ အတွင်း သင်္ဂါယနာတင်ရန် ခဲယဉ်းပေလိမ့်မည်။ သာသနာ ၄၅၀ (၃၃–ဘီစီ) မှာ ဒမိဠ သူပုန်တို့၏ အုပ်ချုပ်မှု အောက်သို့ လုံးဝရောက်နေ သော ကာလဖြစ်သော်လည်း တိုင်းပြည်ရေးရာ ခေတ္တငြိမ်သက်နေခိုက်

ဖြစ်၍ ထိုသာသနာ ၄၅၀(၃၃-ဘီစီ)တွင် စတုတ္ထ သင်္ဂါယနာတင်သော ကာလဟုမှတ်ယူလျှင် မှတ်ယူနိုင်မည် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**၁၉။ စတုတ္ထသင်္ဂါယနာတင်ရာဌာန**

စတုတ္ထသင်္ဂါယနာတင်ရာဌာနကို ကျမ်းအသီးသီး၌ 'သီရိလင်္ကာ၊ မလယဇနပုဒ်၊ မာတုလမြို့အနီး အာလောကလိုဏ်ဂူ'ဟု တညီတညွတ်တည်း ဖော်ပြကြသည်။

သီရိလင်္ကာသည် အိန္ဒိယနိုင်ငံ၏ အရှေ့တောင်ထောင့်တွင် တည်ရှိပြီး အရင်းကားကား အဖျားချွန်းချွန်း အဝန်းငယ်ငယ်နှင့် သရက်သီးပုံသဏ္ဌာန်ကျွန်းစွယ်ကလေးသာဖြစ်သည်။ ထိုကျွန်းသည် ၂၇၀-မိုင် ရှည်လျားပြီး အနံမှာ မိုင် ၁၄၀ ရှိသည်။ စုစုပေါင်း စတုရန်းမိုင် ၂၅,၃၃၂ ကျယ်ဝန်းသည်။

စတုတ္ထသင်္ဂါယနာတင်ရာ မလယဇနပုဒ်သည် သီဟိုဠ်ကျွန်း၏ တောင်ဘက်ခြမ်း အလယ်ပိုင်း၌တည်ရှိပြီး စင်စစ် ကျောက်တောင်များပေါများရာ ကုန်းမြင့်ဒေသဖြစ်သည်။ ထိုဒေသသည် ဆွမ်းခံဂေါစရဂါမ် ပြည့်စုံခြင်း၊ နေရာကျောင်းသခ်မ်းလုံလောက်ခြင်း၊ ကိစ္စပြီးမြောက်အောင် ချီးမြှင့်အားပေးသူရရှိခြင်း၊ ဝိသဘာဂပုဂ္ဂိုလ်တို့၏ အနှောင့်အယှက် အဆီးအတားမှ ကင်းဝေးနိုင်ခြင်း၊ ဤလေးခုတို့နှင့် ပြည့်စုံသည်ဖြစ်၍ ထိုမလယဒေသကို စတုတ္ထသင်္ဂါယနာတင်ရာဌာနအဖြစ် သင်္ဂီတိကာရကမထေရ်တို့ ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင် ဗြာဟ္မဏတိဿ သူပုန်ဘေး၊ စောဠတိုင်းသား ဒမိဠတို့၏ ဘေးရန်တို့ကြောင့် သီရိလင်္ကာမှ သံဃာအပါး (၇၀၀)တို့ မဇ္ဈိမဒေသ အိန္ဒိယသို့ ကြွတော်မူကြရာတွင် သံဃာအပါး (၆၀)တို့သည် 'သေချင် သေပါစေ၊

မိမိတို့ဒေသမှ မစွန့်'ဟူသော ဆန္ဒဖြင့် ဤမလယဒေသမှာပါ သီတင်းသုံးခဲ့ခြင်းကြောင့် ဤမလယဒေသတွင် သာသနာအတွက် အသက်စွန့်သော အရှင်မြတ်များရှိနေခြင်းကြောင့် သင်္ဂါယနာတင်ရန် ရွေးချယ်ခြင်းလည်း ဖြစ်သည်။

မလယဒေသ၌ အာလောကလိုဏ်ကို သီဟိုဠ်ဘာသာဖြင့် (Aiulenat Aluvihāra) စသည်ဖြင့်လည်း ခေါ်ဝေါ်သည်။ ထိုအလုလိုဏ်ဂူသည် မတလေ(Matale)ခေါ် ယခုခေတ်၌ ကန္ဒီမြို့၏ မြောက်ဘက်တွင် တည်ရှိသည်။

## ၂၀။ စတုတ္ထသင်္ဂါယနာတင်ပွဲ၏ သံဃမဟာနာယက အရှင်မဟာဓမ္မရက္ခိတ

စတုတ္ထသင်္ဂါယနာတင်ပွဲ၏ သံဃမဟာနာယကကို အရှင်မဟာဓမ္မရက္ခိတဖြစ်ကြောင်း ဆဋ္ဌသင်္ဂါယနာမှတ်တမ်းအချို့တွင် ဖော်ပြထားသည်။

ပါဠိစာပေပညာရှင် ဒေါက်တာမလလဆေကရ (Dr. G.P. Malalasekera)၏ ပါဠိနာမ အဘိဓါန် (Dictionary of Pāli Proper Name)တွင် မဟာဓမ္မရက္ခိတဘွဲ့မည်တူ မထေရ် ၄-ပါး ရှိကြောင်း ဖော်ပြထားသည်။ ထို၄-ပါးတွင် ပထမအရှင်မဟာဓမ္မရက္ခိတ မထေရ်သည် အသောကမင်းကြီးလက်ထက်က အသောကာရာမ၌ သီတင်းသုံးနေတော်မူပြီး မဟာရဋ္ဌတိုင်းသို့ သာသနာပြုကြွတော်မူခဲ့သော ရဟန္တာအရှင်မြတ်ဖြစ်သည်။ ဒုတိယ အရှင်မဟာဓမ္မရက္ခိတ မထေရ်ကား ရှေးမူလအဋ္ဌကထာကျမ်းပြုဆရာတော်ကြီး တိပိဋကမဟာဓမ္မရက္ခိတ မထေရ်ဖြစ်သည်။ တတိယအရှင်မဟာဓမ္မရက္ခိတ မထေရ်မှာ သီရိလင်္ကာ

ရောဟဏအရပ်ရှိ တုလာစာရဝိဟာရနေ မထေရ်ကြီးဖြစ်သည်။ စတုတ္ထ အရှင်မဟာဓမ္မရက္ခိတမှာ ယောနက မဟာဓမ္မရက္ခိတမထေရ်ဟု ခေါ်တွင်သော အသောကမင်းလက်ထက်က အပရန္တကအရပ်သို့ သာသနာပြုကြွတော်မူသော မထေရ်ကြီးဖြစ်သည်။ ဒေါက်တာမာလလသေကရ (Dr. Malalasekera) ၏ ဖော်ပြချက်တွင် သီရိလင်္ကာ၌ စတုတ္ထသင်္ဂါယနာတင်ပွဲတွင် ဦးစီးနာယကပြုသော အရှင်မဟာဓမ္မရက္ခိတအကြောင်းကိုဖော်ပြရာ၌ ထိုစတုတ္ထ သင်္ဂါယနာတင်ပွဲ၌ အကြီးအမှူးပြုသည်ဆိုသော အရှင်မဟာဓမ္မရက္ခိတအကြောင်းမပါရှိပေ။

စတုတ္ထသင်္ဂါယနာတင်ပွဲ၏ သံဃမဟာနာယကအကြောင်းနှင့် စပ်လျဉ်း၍ ရေးမှတ်တမ်းတို့ကို ပြန်လည်စိစစ်သောအခါ ဒီပဝံသကျမ်း၌ စတုတ္ထသင်္ဂါယနာတင်ပွဲတွင် ပိဋကတ်တော်တို့ကို ပေထက်အက္ခရာတင်သော မထေရ်တို့အကြောင်းဖော်ပြရာ၌ 'ဘိက္ခုမဟာ မတိ= များမြတ်သော + ပညာရှိသော ဘိက္ခုရဟန်းတော်'ဟူ၍သာ ဖော်ပြထားသည်။ မဟာဝံသကျမ်း၌လည်း ဤနည်းနှင်နှင် ဖော်ပြထားပြန်သည်။ ထို့ပြင် နိကာယ သင်္ဂဟကျမ်းတွင် အရှင်ဥပါလိမှစ၍ အရှင်ဒါသက၊ အရှင်သောဏက၊ အရှင်သိဂ္ဂဝ၊ အရှင်မောဂ္ဂလိ ပုတ္တတိဿ၊ အရှင်မဟိန္ဒ၊ အရှင်ဣဋ္ဋိယ၊ အရှင်ဥတ္တိယ၊ အရှင်သမ္ဗလ၊ အရှင်ဘဒ္ဒသာလ၊ အရှင်အရိဋ္ဌ၊ အရှင်တိဿဒတ္တ၊ အရှင်ကာလသုမန၊ အရှင်ဒီဃနာမ၊ အရှင်ဒီဃသုမန၊ အရှင်ကာလသုမန၊ အရှင်မဟာနာဂ၊ အရှင်ဗုဒ္ဓရက္ခိတ၊ အရှင်တိဿ၊ အရှင်ဒေဝ၊ အရှင်သုမန၊ အရှင်စူဠနာဂ၊ အရှင်ဓမ္မပါလိတ၊ အရှင်ခေမ၊ အရှင်ဥပတိဿ၊ အရှင်ဖုဿဒေဝ၊ အရှင်သုမန၊ အရှင်ပုပ္ဖနာမ၊ အရှင်မဟာသီဝ၊ အရှင်ဥပါလိ၊ အရှင်မဟာနာဂ၊ အရှင်အဘယ၊ အရှင်တိဿ၊ အရှင်ဖုဿနာမ၊ အရှင်စူဠာဘယ၊

အရှင်တိဿ၊ အရှင်ဒေဝ၊ အရှင်သိဝတ္တေရ– ဟူသော ဤမဟာထေရ်အဆက်ဆက်တို့ နှုတ်တက်ဆောင်ရွက်ခဲ့သော ပိဋကတ်သုံးပုံ ပါဠိတော်တို့ကို ငါးရာသော ရဟန္တာမထေရ်တို့သည် ပေထက်အက္ခရာတင်သံဂါယနာကို ပြုတော်မူကြောင်း ဖော်ပြထားသည်။ ဤနည်းအတူ သဒ္ဓမ္မသင်္ဂဟ ကျမ်းတွင်လည်း ထိုစတုတ္ထ သင်္ဂါယနာတင်ပွဲသို့ သံဃာအပါး ၁၀၀၀ တက်ရောက်ကြောင်း ဖော်ပြခြင်းမှအပ သံဃမဟာနာယက ပုဂ္ဂိုလ်၏ ဘွဲ့နာမံကိုကား ဖော်ပြထားခြင်းမရှိပေ။

မြန်မာသာသနာဝင်ကျမ်းများဖြစ်သော မဲထီးဆရာတော်၏ ဝံသဒီပနီ၊ မင်းတိုင်ပင် အမတ်ကြီး မဟာဓမ္မသင်္ကြံ၏ သာသနာလင်္ကာရစာတမ်း စသည်တို့တွင်လည်း စတုတ္ထသင်္ဂါယနာမဟာ နာယကမထေရ်၏ ဘွဲ့အမည်ကို ဖော်ပြထားခြင်းမပြုခဲ့ကြပေ။

## ၂၁။ စတုတ္ထသင်္ဂါယနာ၌ပါဝင်သော သံဃာအရေအတွက်

စတုတ္ထသင်္ဂါယနာတွင်ပါဝင်သော သင်္ဂီတိကာရကမထေရ်တို့၏ အရေအတွက်နှင့် စပ်လျဉ်း၍ နိကာယသင်္ဂဟ၊ သာသနာလင်္ကာရ၊ ဝံသဒီပနီ စသည့်ကျမ်းများ၌ ရဟန္တာမထေရ် ၅၀၀ ပါးဖြစ်ကြောင်း ရေးသားမှတ်တမ်းတင်ထားကြပါသည်။

သဒ္ဓမ္မသင်္ဂဟကျမ်း၊ အခန်း(၆)၌မူ "စတုတ္ထသင်္ဂါယနာတင်ရန် သိန်းပေါင်းများစွာဟု ဆိုအပ်သော ရဟန်းတော်တို့မှ ပိဋကတ်သုံးပုံဆောင် ပဋိသမ္ဘိဒါပတ္တာလေးပါးရှိကုန်သော၊ တေဝိဇ္ဇအစရှိသော ရဟန်းတို့တွင် တစ်ထောင်အတိုင်းအရှည်ရှိသော ရဟန်းတို့ကိုယူပြီး" ဟု ဖော်ပြထားသဖြင့် ရဟန္တာမထေရ် ၁၀၀၀ ပါဝင်ကြောင်း သိရပြန်ပါသည်။

## ၂၂။ စတုတ္ထသင်္ဂါယနာတင်ပွဲတွင် ပေထက်အက္ခရာတင်ခဲ့သော ပိဋကတ်ပါဠိတော်များ

စတုတ္ထသင်္ဂါယနာတင်ပွဲတွင် ပိဋကတ်ပါဠိတော်တို့ကို ပေထက် အက္ခရာတင်ခဲ့သည်ဆိုရာတွင် မည်သည့်ကျမ်းစာပါဠိတော်များ ပါဝင် ကြောင်းကို တိတိကျကျ ရှင်းရှင်းလင်းလင်း ဖော်ပြထားသော အထောက် အထားကို မတွေ့ရပေ။ အရှင်မဟာဗုဒ္ဓဃောသ၏ ပါရာဇိကဏ် အဋ္ဌကထာ၊ ဗာဟိရနိဒါနတွင် ဖော်ပြထားသော ပထမသင်္ဂါယနာတင် ပိဋကတ်ပါဠိတော် ကျမ်းစာများစာရင်းမှာ–

၁။ ပါရာဇိက ပါစိတ္တိယ, မဟာဝဂ္ဂ, စူဠဝဂ္ဂ, ပရိဝါရ– ဟူသော ဝိနယပိဋက၊

၂။ (က) ဗြဟ္မဇာလသုတ်အစရှိသော သုတ်ပေါင်း (၃၄)သုတ် ပါရှိသည့် ဒီဃနိကာယ၊

(ခ) မူလပရိယာယသုတ် အစရှိသော သုတ်ပေါင်း (၁၅၂)သုတ် ပါရှိသည့် မဇ္ဈိမနိကာယ၊

(ဂ) ဩဃတရဏသုတ် အစရှိသော သုတ်ပေါင်း(၇၇၆၂) သုတ်ပါရှိသည့် သံယုတ္တ နိကာယ၊

(ဃ) စိတ္တပရိယာဒါနသုတ် အစရှိသော သုတ်ပေါင်း (၉၅၅၇) သုတ်ပါရှိသည့် အင်္ဂုတ္တရ နိကာယ၊

(င) ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန, ဣတိဝုတ္တက, သုတ္တနိပါတ, ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာ, ဇာတက, နိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ္ဂ, အပဒါန, ဗုဒ္ဓဝံသနှင့် စရိယာပိဋက ဟူ၍ ၁၅–ကျမ်း ပါရှိသည့် ခုဒ္ဒကနိကာယ နိကာယ်ငါးရပ်–ဟူသော သုတ္တပိဋက၊

၃။ ဓမ္မသင်္ဂဏီ ဝိဘင်္ဂ, ဓာတုကထာ, ပုဂ္ဂလပညတ္တိ, ကထာဝတ္ထု, ယမကနှင့် ပဋ္ဌာနဟူသော အဘိဓမ္မပိဋက–ဤသို့ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်ရှိလေသည်။ ထိုနိကာယ်ငါးရပ် ပိဋကတ်သုံးသွယ် တို့ကို ကျမ်းစာအုပ် အရေအတွက်အားဖြင့် ပြရလျှင်–

| | |
|---|---|
| ၁။ ဝိနယပိဋက | ၅–ကျမ်း |
| ၂။ သုတ္တပိဋက | ၃၆–ကျမ်း |
| (က) ဒီဃနိကာယ် | ၃–ကျမ်း |
| (ခ) မဇ္ဈိမနိကာယ် | ၃–ကျမ်း |
| (ဂ) သံယုတ္တနိကာယ် | ၄–ကျမ်း |
| (ဃ) အင်္ဂုတ္တရနိကာယ် | ၁၁–ကျမ်း |
| (င) ခုဒ္ဒကနိကာယ် | ၁၅–ကျမ်း |
| ၃။ အဘိဓမ္မာပိဋက | ၇–ကျမ်း |
| စုစုပေါင်း | ၄၈–ကျမ်း |

ဖြစ်သည်။

အထက်ပါအတိုင်း ပါရာဇိကဏ်အဋ္ဌကထာ၊ နိဒါနကထာ၌ လာသည့် ပိဋကတ်ပါဠိတော် ကျမ်းစာရင်းတွင်ပါဝင်သော ခုဒ္ဒကနိကာယ်ဝင် (၁၅)ကျမ်းကို မင်းတုန်းမင်းကြီးလက်ထက် တင်ခဲ့သော ပဉ္စမသင်္ဂါယနာနှင့် လွတ်လပ်ရေးရသည့် ခေတ်တွင်တင်သော ဆဋ္ဌသင်္ဂါယနာတို့တွင် နေတ္တိ, ပေဋကောပဒေသနှင့် မိလိန္ဒပဉှာ–ဟူသော သုံးကျမ်းဖြည့်စွက်ထားကြောင်း တွေ့ရသည်။ ထိုကျမ်း သုံးကျမ်းသည် ပထမ, ဒုတိယ, တတိယ သင်္ဂါယနာခေတ်တွင် မတွေ့ရဘဲ၊ ပဉ္စမ, ဆဋ္ဌသင်္ဂါယနာတင်သောခေတ်တို့တွင် တွေ့ရသဖြင့်၊ စတုတ္ထသင်္ဂါယနာ ခေတ်တွင် ပိဋကတ်တော်စာရင်း၌ ဝင်ခဲ့,မဝင်ခဲ့ကို လေ့လာရန် လိုအပ်

ပါသည်။ အကယ်၍ ထိုကျမ်းသုံးကျမ်းသည် စတုတ္ထသင်္ဂါယနာခေတ်၌ ပိဋကတ်စာရင်းသို့ မဝင်သေးပါက စတုတ္ထ သင်္ဂါယနာ တင်စဉ်အခါက ပါဠိတော်ကျမ်းစာအုပ် အရေအတွက်မှ ပါရာဇိကဏ် အဋ္ဌကထာ နိဒါန်းလာအတိုင်း (၄၈)ကျမ်းဖြစ်ပြီး၊ ထိုကျမ်းသုံးကျမ်းသည် စတုတ္ထ သင်္ဂါယနာခေတ်၌ ပါဝင်ပြီး ဖြစ်ပါမူကား စတုတ္ထသင်္ဂါယနာတင်ပွဲ၌ သင်္ဂါယနာတင်ခဲ့သော ပါဠိတော်ကျမ်းစာအုပ် အရေအတွက်မှာ (၅၁)ကျမ်း ဖြစ်ပေလိမ့်မည်။

ထိုနေတ္တိ၊ ပေဋကောပဒေသနှင့် မိလိန္ဒပဉှာကျမ်းသုံးစောင် တို့သည် ပညာရှင်တို့၏ လေ့လာချက်များအရ အေဒီ ၅-ရာစု အရှင် မဟာ ဗုဒ္ဓဃောသခေတ်မတိုင်မီကပင် ရှိခဲ့ပြီးဖြစ်ကြောင်းသိရသည်။ နေတ္တိကျမ်းသည် အရှင်မဟာဗုဒ္ဓဃောသ၏ ပါရာဇိကဏ်အဋ္ဌကထာ၊ ဝေရဉ္ဇကဏ္ဍဝယ် သာတ္ထံ, သဗျဉ္ဇနံ-ပုဒ်တို့ကို ဖွင့်ရာ၌ ကိုးကားဖော်ပြ ထားသည်ကိုထောက်လျှင် အရှင်မဟာဗုဒ္ဓဃောသ မတိုင်မီကပင် ထင်ရှားရှိခဲ့ကြောင်း ထင်ရှားလေသည်။

ထို့အတူ ပေဋကောပဒေသကျမ်းသည်လည်း အရှင်မဟာ ဗုဒ္ဓဃောသ၏ ပါရာဇိကဏ် အဋ္ဌကထာ၊ အဋ္ဌသာလိနီ၊ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာတို့တွင် ဈာန်ခဏ်းကို ဖွင့်တိုင်း 'ပေဋကေ'ဟု အကိုးပါရှိ သည်ကို ထောက်လျှင် ပေဋကောပဒေသကျမ်းသည်လည်း အရှင်မဟာ ဗုဒ္ဓဃောသ မတိုင်မီကပင် ရှိခဲ့ကြောင်းမှာ ယုံမှားဖွယ်မရှိပေ။

မိလိန္ဒပဉှာကျမ်းသည် အရှင်မဟာဗုဒ္ဓဃောသ၏ ပါရာဇိကဏ် အဋ္ဌကထာ၊ သီလက္ခန္ဓ ဝဂ္ဂအဋ္ဌကထာ၊ ပါထိကဝဂ္ဂအဋ္ဌကထာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ သံယုတ္တ အဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ စသည်တို့တွင် မိလိန္ဒ ပဉှာပါဠိ

တော်လာ စကားရပ်တို့ကို ကိုးကား၍ ဖြေရှင်းရေးသားထားကြောင်း တွေ့ရပြန်ပါသဖြင့်၊ ထိုမိလိန္ဒပဥှာကျမ်းသည်လည်း အရှင်မဟာ ဗုဒ္ဓဃောသ၏ အဋ္ဌကထာ ကျမ်းများမတိုင်မီက တည်ရှိခဲ့ကြောင်းမှာ ထင်ရှား နေပေသည်။

ထိုနေတ္တိ, ပေဋကောပဒေသနှင့် မိလိန္ဒပဥှာသုံးကျမ်းသည် အရှင်မဟာဗုဒ္ဓဃောသ ပေါ်ထွန်းသော အေဒီ ၅–ရာစုမတိုင်မီကပင် ရှိခဲ့ပြီး ဖြစ်သော်လည်း၊ ခရစ်မပေါ်မီ ၃၃–ဘီစီခန့်ကာလကတင်ခဲ့သော စတုတ္ထ သင်္ဂါယနာတင်ကာလ၌ ပေါ်ထွန်းခဲ့ခြင်း ရှိ၊မရှိကိုကား အတိအကျ ဝေခွဲ ဆုံးဖြတ်ရန် မလွယ်ကူသည့်အတွက် စတုတ္ထသင်္ဂါယနာ တင်စဉ်အခါ က နေတ္တိ၊ ပေဋကောပဒေသနှင့် မိလိန္ဒ ပဥှာသုံးကျမ်း မပါဝင်ဘဲ၊ ရှေး သင်္ဂါယနာ သုံးတန် တင်စဉ်ကကဲ့သို့ပင် ပါဠိတော် (၄၈)ကျမ်းကိုသာ ပေထက်အက္ခရာ တင်ခဲ့ကြောင်း မှတ်ယူသင့်ပေသည်။

ဆဋ္ဌသင်္ဂါယနာ ခေတ်တွင်ကား ထိုနေတ္တိ, ပေဋကောပဒေသနှင့် မိလိန္ဒပဥှာကျမ်းတို့ကို ပိဋကတ်တော်စာရင်း၌ မထည့်သွင်းရန် သီရိလင်္ကာ မှ ဆရာတော်ကြီးအချို့နှင့် မြန်မာနိုင်ငံမှ ဆရာတော်ကြီးအချို့တို့ ကန့်ကွက် သည့်ကြားမှပင် ဆဋ္ဌသင်္ဂီတိကာရကမထေရ်တို့က ဆဋ္ဌမူပိဋကတ် ပါဠိ တော်စာရင်း၌ ထည့်သွင်းခဲ့ကြသည်။

## ၂၃။ စတုတ္ထသင်္ဂါယနာတင်ပွဲတွင် ပေထက်အက္ခရာတင်ခဲ့သော အဋ္ဌကထာ ကျမ်းများ

သီရိလင်္ကာ၌ စတုတ္ထသင်္ဂါယနာတင်စဉ်အခါက ပေထက် အက္ခရာ တင်ခဲ့သော ကျမ်းစာတို့တွင် ပိဋကတ်သုံးပုံပါဠိတော်သာမက အဋ္ဌကထာကျမ်းများလည်း ပါဝင်ကြောင်းကို ဒီပဝံသ၊ မဟာဝံသ– စသည်တို့၌ ဖော်ပြထားပြီးဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ စသည့် ထေရဝါဒနိုင်ငံတို့တွင် အသုံးပြုနေသော အဋ္ဌကထာကျမ်းများမှာ အေဒီ–၅ရာစုတွင် အရှင်မဟာ ဗုဒ္ဓဃောသပြုစုသော အဋ္ဌကထာကျမ်းအများစုဖြစ်ပါသည်။ ထိုအရှင်မဟာ ဗုဒ္ဓဃောသ လက်ထက်မတိုင်မီ အနှစ်ငါးရာကျော် အလွန် ၃၃–ဘီစီ စတုတ္ထ သင်္ဂါယနာ တင်စဉ်အခါက ပေထက်အက္ခရာတင်ခဲ့သော အဋ္ဌကထာကျမ်းများမှာ မည်သည့်ခေတ်ကာလက မည်သည့်မထေရ်တို့ ရေးသားခဲ့ကြသည့် အဋ္ဌကထာကျမ်းများဖြစ်ကြောင်းကို လေ့လာစိစစ်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

ဝဇိရဗုဒ္ဓိဋီကာစသော ဝိနည်းဋီကာကျမ်းများအရ အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာသစ်တို့ မတိုင်မီကာလက ပေါ်ထွန်းခဲ့သော ရှေးရှေးသော အဋ္ဌကထာတို့ကို ပေါရာဏအဋ္ဌကထာ သို့မဟုတ် ပုဗ္ဗအဋ္ဌကထာဟု ခေါ်ကြသည်။ ထိုပေါရာဏ အဋ္ဌကထာတို့တွင်–

၁။ ဘုရားရှင်လက်ထက်ကရှိနေသော ဘုရားဟော ဗုဒ္ဓသံဝဏ္ဏိတ အဋ္ဌကထာခေါ် မူလအဋ္ဌကထာ၊

၂။ အဂ္ဂသာဝက အစရှိကုန်သော အရိယာသံဃာမထေရ်မြတ်တို့ သင်္ဂါယနာတင်ခြင်း စသည်ဖြင့်အနက်ကို ဖွင့်ဆိုခြင်းအားဖြင့်လည်းကောင်း၊ ဂုဏ်ကိုဖွင့်ဆိုခြင်းအားဖြင့်လည်းကောင်း ဖွင့်ဆိုအပ်သော ဗုဒ္ဓါနုဗုဒ္ဓသံဝဏ္ဏိတ အဋ္ဌကထာခေါ် သာဝကသံဝဏ္ဏိတ အဋ္ဌကထာများ၊

၃။ အရှင်မဟိန္ဒ သီဟိုဠ်ကျွန်းသို့သွားရာ မဇ္ဈိမဒေသမှ သယ်ဆောင် ယူသွားသော မဂဓအဋ္ဌ ကထာခေါ် မဟာအဋ္ဌ ကထာများ၊

၄။ ထိုအရှင်မဟိန္ဒ သယ်ဆောင်ခဲ့သော မဂဓအဋ္ဌကထာတို့ကို သီဟိုဠ်ကျွန်းသား မထေရ်တို့က သီဟိုဠ်ဘာသာဖြင့် ဖလှယ်ထားအပ်သော သီဟဠဋ္ဌကထာများ၊

၅။ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာသစ်ပြုသောကာလ၌ မှီခို၍ အထည်ကိုယ်ပြုခဲ့သော မဟာအဋ္ဌကထာများ၊

၆။ မဟာပစ္စရိအဋ္ဌကထာ၊

၇။ ကုရုန္ဒီအဋ္ဌကထာ၊

၈။ အန္ဓကအဋ္ဌကထာ၊

၉။ သင်္ခေပအဋ္ဌကထာ၊

၁၀။ စူဠပစ္စရိအဋ္ဌကထာ၊

၁၁။ အရိယအဋ္ဌကထာ၊

၁၂။ ပန္နဝါရအဋ္ဌကထာဟူ၍ ရှေးအဋ္ဌကထာအမျိုးမျိုး ရှိပါသည်။

သီရိလင်္ကာနိုင်ငံ အာနန္ဒာကျောင်းအုပ် အဒိကရမ် (E.W. Adikaram) က Early History of Buddhism in Ceylon စာအုပ်တွင် အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဒတ္တ၊ အရှင်မဟာဗုဒ္ဓဃောသ၊ အရှင်မဟာနာမ၊ အရှင်မဟာဥပသေန၊ အရှင်သိဒ္ဓတ္ထ၊ အရှင်ဓမ္မပါလအစ ရှိသော အဋ္ဌကထာသစ် ဆရာများ၏ အဋ္ဌကထာသစ်များပြုစုရာ၌ တွေ့ရသော ရှေးရှေးသောအဋ္ဌကထာများနှင့် အကိုးစာရင်းတို့ကို အောက်ပါအတိုင်း စာရင်းပြုစုတင်ပြထားပါသည်။ ထိုစာရင်း၌ ရှေးအဋ္ဌကထာများစွာ ပါဝင်ကြောင်း တွေ့ရသည်။ ယင်းတို့မှာ–

၁။ မဟာအဋ္ဌကထာ (ခေါ်) မူလအဋ္ဌကထာ

၂။ မဟာပစ္စရိယအဋ္ဌကထာ

၃။ ကုရုန္ဒီအဋ္ဌကထာ

၄။ အန္ဓကအဋ္ဌကထာ

၅။ သင်္ခေပအဋ္ဌကထာ

၆။ ဝိနယအဋ္ဌကထာ

၇။ သုတ္တန္တအဋ္ဌကထာ
၈။ အာဂမအဋ္ဌကထာ
၉။ ဒီဃအဋ္ဌကထာ
၁၀။ မဇ္ဈိမအဋ္ဌကထာ
၁၁။ သံယုတ္တအဋ္ဌကထာ
၁၂။ အင်္ဂုတ္တရအဋ္ဌကထာ
၁၃။ အဘိဓမ္မအဋ္ဌကထာ
၁၄။ သီဟဠအဋ္ဌကထာ
၁၅။ အဋ္ဌကထာ (ဧကင်္ဂုတ္တရအဋ္ဌကထာ)
၁၆။ အဋ္ဌကထာ (ဒုကင်္ဂုတ္တရအဋ္ဌကထာ)
၁၇။ အဋ္ဌကထာစရိယာ
၁၈။ အာစရိယာ
၁၉။ အာစရိယဝါဒ
၂၀။ အာစရိယမတ
၂၁။ ထေရသလ္လာပ
၂၂။ ပရသမုဒ္ဒဝါသီထေရာ
၂၃။ ဝိတဏ္ဍဝါဒီ
၂၄။ ပေါရာဏာ
၂၅။ ပေါရာဏာကတ္ထေရာ
၂၆။ ပေါရာဏာစရိယာ
၂၇။ ပေါရာဏာအဋ္ဌကထာ
၂၈။ ဘာဏကတို့ဖြစ်ကြသည်။

အထက်ဖော်ပြပါ ရှေးရေးအဋ္ဌကထာများတွင် စတုတ္ထသင်္ဂါယနာ တင်စဉ်က စတုတ္ထသင်္ဂီတိမထေရ်တို့ ပေထက်အက္ခရာတင်ခဲ့သော အဋ္ဌကထာကျမ်းများမှာ အရှင်မဟိန္ဒမထေရ် မဇ္ဈိမဒေသမှ သီဟိုဠ်သို့ သယ်ဆောင်ခဲ့သော မူလအဋ္ဌကထာတို့ကို သီဟိုဠ်သံဃာတော်များက သီဟဠဘာသာဖြင့် ရေးသားခဲ့ကြသည့်အတိုင်း၊ တနည်း၊ သီဟဠ အဋ္ဌကထာတို့ကို ပေထက်အက္ခရာတင်သည်ဟု ယူဆနိုင်လေသည်။ အကြောင်းမှာ ထိုစတုတ္ထသင်္ဂါယနာတင်သည်မှ အနှစ်ငါးရာခန့်ကြာသော် အရှင်မဟာဗုဒ္ဓဃောသမထေရ် သီရိလင်္ကာသို့လာ၍ အဋ္ဌကထာ သစ်ပြုရန် သီဟိုဠ်မထေရ်တို့မှ သီဟဠအက္ခရာဖြင့် တင်ထားသော သီဟဠဋ္ဌကထာတို့ကို တောင်းယူကြောင်း စသည်အချက်တို့ကို မဟာဝံသကျမ်း၊ သတ္တတိံသတိမပရိစ္ဆေဒ၌ တွေ့ရသောကြောင့် ဖြစ်သည်။

## ၂၄။ ပဉ္စမသင်္ဂါယနာတင်ပွဲ

ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူပြီး ၂၄၁၅–ခုနှစ်တွင် မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးမြို့တွင် မင်းတုန်းမင်းကြီးသည် ပဉ္စမသင်္ဂါယနာ၏ သာသနာ့ဒါယကာအဖြစ်ခံယူပြီး ဘုရားကြီးဆရာတော် အရှင်ဇာဂရာဘိဝံသကို သံဃမဟာနာယကအကြီးအမှူးပြု၍ သံဃာတော်အပါး ၂၄၀၀ တို့ဖြင့် ၁၂–နှစ်တိုင်ကြာအောင် ပဉ္စမသင်္ဂါယနာ တင်တော်မူခဲ့ပါသည်။

## ၂၅။ ပဉ္စမသင်္ဂါယနာ၏ ဒါယကာ မင်းတုန်းမင်းကြီး (၁၈၁၄–၁၈၇၈)

မင်းတုန်းမင်းသည် ကုန်းဘောင်မင်းဆက် (၁၇၅၂–၁၈၈၅)ကို တည်ထောင်ခဲ့သူ အလောင်းမင်းတရား (၁၇၅၂–၁၇၆၀)၏ မြစ်၊

ကုန်းဘောင်ဆင္ဒမဆက် ဗဒုံမင်း (၁၇၈၂–၁၈၁၉) ၏ မြေး၊ ကုန်းဘောင်အင္ဒမဆက်၊ သာယာဝတီမင်း (၁၈၃၇–၁၈၄၆)၏ သားတော် ဖြစ်သည်။

သာယာဝတီမင်းသည် ပုဂံမြို့သူကြီးသမီး သီရိသုစန္ဒာမလ္လာမဟေ တောင်ဆောင်တော် ကျောက်မော်မြို့စား မိဖုရား (အေဒီ–၁၈၄၆) နှင့် စုံဖက်၍ မင်းတုန်းမင်း (မောင်လွင်)ကို အေဒီ ၁၈၁၄–ခု၊ ဇူလိုင်လ(၅) ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ မင်းတုန်းမင်း၏ မယ်တော် ကျောက်မော်မိဖုရားသည် နန်းရိုးမဟုတ်၊ မြို့သူကြီးသမီးဖြစ်၍ မိဖုရားငယ်အဖြစ် နေခဲ့ရသော်လည်း၊ သားဖြစ်သူ မင်းတုန်းမင်းသားကိုမူ ငယ်စဉ်ကပင် ထီးမွေနန်းရဲ ဆက်ခံနိုင်စေရန် ကောင်းစွာထိန်းသိမ်း၍ လမ်းပြခဲ့သည်။ မင်းတုန်းမင်းသား ဖွားတော်မူစဉ်အခါက မင်းတဲအိကင်းရပ်ရှိ ရတနာမဥ္ဇူစေတီမှ ရောင်ခြည်တော်ကွန့်မြူး၍ ထူးခြားသောဖြစ်ရပ်ကို ကြုံတွေ့ရသဖြင့် မယ်တော်က 'ငါ့သားတော်သည် ဧကန်နန်းစည်းစိမ် စိုးစံ၍ ပေါ်လွင်မည့် သာသနာပြုမင်း'ဟု နိမိတ်ဖတ်ခဲ့သည်။ အမည်ကို 'ထိပ်တင်လွင်'၊ နောင်–မွေးနံလိုက်၍ 'ထိပ်တင်စံလွင်' ဟု ခေါ်တွင်စေခဲ့သည်။

မင်းတုန်းမင်းသား ကျောင်းနေရန်အရွယ်သို့ ရောက်သောအခါ ခမည်းတော် သာယာဝတီမင်းက မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားညီနောင်တို့ကို သူရိယဝံသာဘိသီရိ ပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ သဲအင်းသာသနာပိုင် ဆရာတော် ဦးသူရိယ (အေဒီ ၁၇၆၅–၁၈၃၉)ထံ အပ်နှံ၍ ပညာသင်ယူစေခဲ့သည်။ သဲအင်းသာသနာပိုင်က တစ်ဖန်အမရပူရမြို့ သဲအင်းတိုက်အတွင်းရှိ ဘုန်းကြီး ဦးစန္ဒိမာ (အေဒီ ၁၇၉၈–၁၈၆၃) ထံသို့ လွှဲပြောင်းအပ်နှံကာ ပညာသင်ယူစေခဲ့သည်။ ဤသို့ ပညာသင်နေစဉ် မင်းတုန်း

မင်းသား၏ မယ်တော် တောင်ဆောင်တော် မိဖုရားတည်သော မှန်လာချဉ်အိုး၌ မှန်လာပင်ပေါက်၍ အညွန့်အသား ထွက်သဖြင့် မယ်တော်က ငါ့သားတော် မချွတ်မင်းဖြစ်လိမ့်မည်ဟု နိမိတ်ဖတ်ကာ ပညာကို အထူးကြိုးစား၍ သင်ယူစေခဲ့သည်။

ခမည်းတော် သာယာဝတီမင်းက မင်းတုန်းမင်းသားကို ဦးစွာ အဝှန်းမြို့တိုက်စား မင်းရဲဗေယျအဖြစ် ချီးမြှောက်ခဲ့သည်။ ထို့နောက် မင်းတုန်းမြို့စားအဖြစ် ချီးမြှောက်ခဲ့သည်။ ထိုအခါမှစ၍ မင်းတုန်း မင်းသားဟု ခေါ်တွင်ခဲ့ကြသည်။ အေဒီ ၁၈၄၀-ပြည့်တွင် မင်းတုန်း မင်းသား မင်းရဲဗေယျကို သီရိသုမဟာဓမ္မရာဇာ ဘွဲ့အမည်နှင့် မင်းသားကြီးတို့ နေရာတွင်ထားခဲ့၏။ ၁၈၄၅-ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်နေ့တွင် သာယာဝတီမင်း ကျန်းမာရေးညံ့သောကြောင့် သားတော် ပုဂံမင်းသားကို အိမ်ရှေ့အရာကိုပေးခဲ့ပြီး၊ မင်းတုန်းမင်းသားကို ဝန်ကြီး၊ အတွင်းဝန်တို့နှင့် တိုင်းရေးပြည်မှုရှိသည်များကို တိုင်ပင်ဆွေးနွေး ကြည့်ရှုစီရင်စေရန် လွှတ်တက်မင်းသားအဖြစ် ခန့်ထားခဲ့သည်။ ထိုစဉ်အခါ ရှမ်းကလေးကျွန်း အရှင်နန္ဒကို ပုဂံမင်း၏ မင်းဆရာ ဒုတိယဗားကရာသာသနာပိုင် အရှင်ပညာဇောတ(အေဒီ ၁၇၈၅-၁၈၆၀)က 'အမရပူရ၊ အင်းဝ၊ စစ်ကိုင်း သုံးနယ်မှ ထွက်စေ'ဟု နယ်နှင်ထားသည်ကို မင်းတုန်းမင်းသား သိရှိလျှင်၊ 'လဇ္ဇီသီလဝန် ပုဂ္ဂိုလ်များ ညှဉ်းပန်း နှိပ်စက်ခံနေကြရခြင်းမျိုး ငါအထွတ်အမြတ်ရောက်က မဖြစ်စေရ၊ သာသနာတော်ကောင်းစေရန် လဇ္ဇီသီလဝန် ပညာဝန်ပုဂ္ဂိုလ်တို့အား ချီးမြှောက်အားပေးမည်'ဟု နှလုံးသွင်းရှိခဲ့သည်။

အေဒီ ၁၈၄၆-ခုနှစ်၊ နိုဝင်ဘာလ(၁၇)ရက်နေ့တွင် ခမည်းတော် သာယာဝတီမင်း လွန်တော်မူရာ အိမ်ရှေ့မင်း ပုဂံမင်းသားသည်

ခမည်းတော်၏ အရိုက်အရာကို ဆက်ခံခဲ့သည်။ ထိုအခါ ညီတော် မင်းတုန်းမင်းသားကို သီရိမဟာသီဟသူရဓမ္မရာဇာ ဘွဲ့ပေး သနား၍ မင်းသားကြီးတို့နေရာတွင် ချထားခစားစေခဲ့သည်။ ပုဂံမင်း (အေဒီ ၁၈၄၆–၁၈၅၃)လက်ထက် အေဒီ ၁၈၅၂–ခုနှစ်၊ ဧပြီလတွင် အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲဖြစ်ခဲ့သည်။ ထိုစစ်ပွဲနှင့် စပ်လျဉ်း၍ ပုဂံမင်းက အင်္ဂလိပ်ကို တိုက်လိုပြီး မင်းတုန်းမင်းသားကြီးက မိမိထက်အရေး သာသော အင်္ဂလိပ်ကို ရာဇပရိယာယ်ဖြင့်စေ့စပ်ကာ နှလုံးရည်ဖြင့် ဖြေရှင်း လိုသည်။ ဤအချက်တို့ဖြင့် ပုဂံမင်းဘက်သား၊ မင်းတုန်းမင်းသား ဘက်သားဟု နှစ်စုနှစ်ဖက် အကွဲစခဲ့သည်။ ဤသို့ အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ဖြစ်နေစဉ်အတွင်းမှာ ပုဂံမင်း၏ ဘက်တော်သားတစ်စုက မင်းတုန်းမင်းသား၏ မင်္ဂလာအိမ်တော်သား အချို့ကို ဓားပြတိုက်မှုဖြင့် ဝင်၍ဖမ်းရာမှ မင်းတုန်းမင်းသားနှင့် ညီတော်ကနောင်မင်းသားတို့သည် နောင်တော် ပုဂံမင်းအား ပုန်ကန် ခြားနားသောအားဖြင့် ရွှေဘိုမြို့သို့ လူအစုစုနှစ်ရာကျော် သုံးရာခန့် စုရုံးမိသမျှနှင့် ထွက်ခွါခဲ့ကြသည်။

နောင်တော်ပုဂံမင်းသည် မြန်မာနိုင်ငံအလယ်ပိုင်း ပြည်မြို့နှင့် မိုင် ၅၀ အကွာရှိ မြေထဲသို့ ရောက်နေသော အင်္ဂလိပ်တပ်ကို ရပ်စဲအောင် မနှိမ်နှင်းနိုင်ရုံသာမက ညီတော်မင်းတုန်းနှင့် ကနောင်တပ်ကိုလည်း မတွန်းလှန်နိုင်သည့်အတွက် အေဒီ ၁၈၅၃–ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်နေ့တွင် ပုဂံမင်းသည် ညီတော်မင်းတုန်းမင်းသား၏ အလိုသို့ လိုက်လျောကာ ထီးနန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။ မင်းတုန်း မင်းသားသည် ထီးနန်းရသည်နှင့် အင်္ဂလိပ်–မြန်မာဒုတိယစစ်သည် လည်း အပြီးတိုင် ပြေငြိမ်းခြင်းမရှိသေးသည့်အတွက် အင်္ဂလိပ်တို့ထံ

ကိုယ်စားလှယ်များစေ၍ စစ်ပြေငြိမ်းရန် အင်္ဂလိပ်တို့ထံ ပြောကြားစေရာ အင်္ဂလိပ်တို့က ပဲခူးနယ်ကို သိမ်းပြီးဖြစ်ကြောင်းနှင့် အကယ်၍ အင်္ဂလိပ် မင်း ပိုင်နယ်မြေတို့ကို နှောင့်ယှက်လျှင် မြန်မာမင်းကိုပင် တိုင်းနိုင်ငံမှ နှင်ထုတ်မည်ဖြစ်ကြောင်း အိန္ဒိယဘုရင်ခံ ဒါလဟိုဇီ (Lord Dalhorsie) အကြောင်းပြန်လေသောကြောင့် မင်းတုန်းမင်းသည် မြန်မာမင်း အဆက်ဆက်တို့ပိုင်ဆိုင်ခဲ့သော မြန်မာနိုင်ငံ၏ မူလရှိ ရင်းနယ်မြေမှ သုံးပုံတစ်ပုံခန့်ကိုသာ မင်းအဖြစ် အုပ်ချုပ်ခွင့်ရလေတော့သည်။

မင်းတုန်းမင်းသည် မင်းအဖြစ်သို့ရောက်သော် ရှေးဦးစွာ ရွှေဘို မြို့၌ နန်းစံခဲ့သည်။ ၁၈၅၃–ခုနှစ်၊ နိုဝင်ဘာလ(၂၀)ရက်နေ့တွင် ရွှေဘို မြို့မှ အမရပူရမြို့သို့ မြို့ပြောင်းရွှေ့၍ နန်းသိမ်းခဲ့သည်။ ၁၈၅၇–ခုနှစ်၊ မတ်လ(၆)ရက်နေ့တွင် မန္တလေးမြို့တော်သစ်တည်ရန် မြေနေရာ၌ ရွှေထွန်၊ ငွေထွန်များဖြင့် မြေသန့်ခဲ့သည်။ ၁၈၅၈–ခုနှစ်၊ ဇူလိုင်လ (၁၆)ရက် နေ့တွင် အမရပူရမှ မန္တလေးရတနာပုံမြို့သစ်သို့ ရွှေ့ပြောင်း၍ နန်းသိမ်းပွဲကျင်းပသည်။ ၁၈၅၉–ခုနှစ်၊ အောက်တိုဘာလ(၂၆)ရက် နေ့တွင် ပိဋကတ်သုံးပုံ ပါဠိတော်တို့ကို ကျောက်ထက် အက္ခရာတင်ခဲ့ သည်။ ၁၈၇၁–ခုနှစ်၊ ဧပြီလ (၁၅)ရက်နေ့တွင် ပဉ္စမ သင်္ဂါယနာတင်ပွဲ စတင်ကျင်းပသည်။ ထိုနှစ် စက်တင်ဘာလ(၁၂) ရက်နေ့တွင် ပဉ္စမ သင်္ဂါယနာတင်ပွဲ ပြီးဆုံးသည်။ ၁၈၇၈–ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် မင်းတုန်းမင်းကြီးနတ်ရွာစံသည်။

## ၂၆။ ပဉ္စမသင်္ဂါယနာတင်ပွဲ၏ သံဃမဟာနာယကသုံးပါး

မင်းတုန်းမင်းကြီး၏ ပဉ္စမသင်္ဂါယနာတင်ပွဲတွင် သာသနာပြု သုဓမ္မာဆရာတော် ရှစ်ပါးနှင့်တကွ တိပိဋကရေသိက္ခာကာမသီလ ဝိသုဒ္ဓိ

ဖြစ်သော တံဆိပ်တော်ရ၊ မရသံဃာတော် ၂၄၀၀–ပါးတို့ ရွှေနန်း ပြာသာဒ်တော်ကြီး သီဟာသနရာဇပလ္လင်တော်ရှေ့တွင် ဝိနည်းပိဋကတ်တော်ကို အဦးထား၍ သင်္ဂါယနာတင် မင်္ဂလာသဘင် ဆင်ယင်ကြောင်းကို ကုန်းဘောင်မင်းဆက် မဟာရာဇဝင်တော်ကြီး၊ တတိယအုပ်တွင် ဖော်ပြထားရာ၌ သံဃမဟာနာယကအကြီးအမှူး ဆရာတော်သုံးပါး၏ ဘွဲ့အမည်ကို မတွေ့ရပေ။

ဆီးပန်းနီဆရာတော် အရှင်နရိန္ဒ၏ ပဉ္စမသင်္ဂါယနာတင် အန်ချင်း၌ ပဉ္စမသင်္ဂါယနာတင်ပွဲ အကြီးအမှူး ဆရာတော်ကြီးသုံးပါး ရှိပုံကို–

'သုမင်္ဂလာ၊ ဇာဂရာနှင့် နရိန္ဒာဘိဓေ၊ အတုလဓိပ်၊ တံဆိပ် တစ်မှတ်၊ ပိဋကတ်ကို၊ ပတ်ပတ်ရစ်လိမ့် စက်နှယ်အိမ့်သား'ဟူ၍ ဖော်ပြထားသည်။

ထိုအန်ချင်းပါ ဆရာတော်ကြီးသုံးပါးတို့မှာ–

၁။ စီးတော်မြင်းဝန်တိုက် ဆရာတော်ကြီး အရှင်သုမင်္ဂလ

၂။ ဘုရားကြီးတိုက် ဆရာတော်ကြီး အရှင်ဇာဂရနှင့်

၃။ ဆီးပန်းနီတိုက် ဆရာတော်ကြီး အရှင်နရိန္ဒတို့ဖြစ်သည်။

သီရိလင်္ကာမှ မြန်မာနိုင်ငံ မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမတိုက်သို့ လာရောက်၍ ပညာသင်ယူခဲ့သော အရှင်သီရိဓမ္မက ပါဠိဘာသာ ဂါထာနှင့်ရေး၍ လယ်တီပဏ္ဍိတ (ဆရာဦးမောင်ကြီး) မြန်မာပြန်ဆိုသည့် မဟာဝိသုဒ္ဓါရာမိက ထေရုပ္ပတ္တိဒီပနီကျမ်း၌–

မင်းတုန်းမင်းကြီးသည် သင်္ဂါယနာတင်ရမှုကား ကောင်းလေစွဟု သမ္မာသင်္ကပ္ပဖြစ် လတ်ရကား– 'ဌေယျာဓမ္မာဘိမုနိပဝရညာဏကိတ္တိ သိရီသဒ္ဓမ္မဓဇဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု' တံဆိပ်နာမံ

တော်ရှိသော သာသနာပိုင်ဆရာတော်ဘုရားကြီးနှင့်တကွ သုဓမ္မာဆရာတော် ၈ ပါးတို့အား လျှောက်ထားပြီးလျှင် ပိဋကရေ သိက္ခာကာမ သီလဝိသုဒ္ဓိဖြစ်ကုန်သော တံဆိပ်တော်ရ၊ မရ ဆရာတော် သံဃာတော် ၂၄၀၀–ကျော်တို့ သင်္ဂါယနာတင်ကြကြောင်း ရေးသားဖော်ပြထားသည်။

ဥဇ္ဇေယျဓမ္မာဘိဝံသဘွဲ့တံဆိပ်ရှိ သာသနာပိုင်ဆရာတော်ကြီး ဦးဥဇ္ဇေယျသည် သာယာဝတီမင်းနှင့် မင်းတုန်းမင်းတို့၏ မင်းနှစ်ဆက် သာသနာပိုင်အဖြစ် ဆောင်ရွက်တော် မူခဲ့ပြီး၊ သက္ကရာဇ် ၁၂၂၇–ခုနှစ်၊ တပို့တွဲလဆန်း (၁၂)ရက် (၂၇–၁–၁၈၆၆) နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ သာသနာပိုင် ဦးဥဇ္ဇေယျသည် ၁၈၆၆–ခုနှစ်တွင် ဘဝနတ်ထံပျံလွန်ခဲ့ပြီဖြစ်သဖြင့် ၁၈၇၁–ခုနှစ်တွင် ကျင်းပသော ပဉ္စမ သင်္ဂါယနာတင်ပွဲနှင့် မည်သို့မျှ ဆက်စပ်ပါဝင်ရန်အကြောင်း မရှိကြောင်း တင်ပြအပ်ပါသည်။

## ၂၇။ ပဉ္စမသင်္ဂါယနာတင်ရာ၌ ပါဝင်သော ပိဋကတ်ပါဠိတော် ကျမ်းစာများ

မင်းတုန်းမင်းကြီးသည် ပဉ္စမသင်္ဂါယနာတင်ပွဲကြီး မကျင်းပမီ ပိဋကတ်ပါဠိတော်တို့ကို လေးကြိမ်တိုင်တိုင် သန့်စင်ပြီး ပေထက် အက္ခရာတင်ခဲ့ကြောင်းကို ရာဇဝင်သမိုင်းမှတ်တမ်းများအရ သိရသည်။ ထိုသို့ ပိဋကတ်ပါဠိတော်တို့ကို လေးကြိမ်သန့်စင်ရာ၌ ဒုတိယအကြိမ် သန့်စင်ပြီးသည့်နောက်၌ အေဒီ ၁၈၆၀–ပြည့်နှစ်တွင် မန္တလေးမြို့ ရွှေနန်းတော်ကြီးအတွင်း စကျင်ကျောက်ဖြူသားပေါ်၌ ပိဋကတ်ပါဠိတော်တို့ကို ကျောက်ထက်အက္ခရာ တင်တော်မူ ပါသည်။ အေဒီ ၁၈၇၁–ခုနှစ်တွင် ပိဋကတ်ပါဠိတော်တို့ကို နှုတ်လွတ်အာဂုံရွတ်ဆိုကာ ပဉ္စမ

သင်္ဂါယနာတင်ပွဲ ဆင်ယင်ကျင်းပခဲ့ပါသည်။ မင်းတုန်းမင်းကြီး ပါဠိတော် ပိဋကတ်တို့ကို ရေးဦးစွာ ပေထက်အက္ခရာတင်ခဲ့သော ပိဋကတ် ပါဠိတော် ကျမ်းများကိုပင် နောင်အခါ ကျင်းပသော ပဉ္စမသင်္ဂါယနာ တင်ပွဲ၌ ရွတ်ဆိုကြလိမ့်ဦးမည်ဟု ယူဆဖွယ်ရှိလေသည်။ ဤနေရာ၌ ပေထက်အက္ခရာတင်ခဲ့သော ပါဠိတော်ကျမ်းစာရင်း၊ ကျောက်ထက် အက္ခရာတင် ပါဠိတော်စာရင်းနှင့် ပဉ္စမသင်္ဂါယနာ တင်ပွဲ၌ သန့်စင် ရွတ်ဖတ်ခဲ့သော ပါဠိတော်ကျမ်းစာရင်းတို့ကို နှိုင်းယှဉ် လေ့လာသော အခါ စာရင်းတစ်ခုနှင့် တစ်ခုအနည်းငယ် ကွဲမှုရှိကြောင်း တွေ့ရသည်။

| (က) ပေထက်အက္ခရာတင် ပိဋကတ်တော် | (ခ) ကျောက်ထက်အက္ခရာတင် ပိဋကတ်တော် | (ဂ) ပဉ္စမသင်္ဂါယနာတင် ပိဋကတ်တော် |
|---|---|---|
| ၁။ ပါရာဇိကဏ်ပါဠိတော် | ၁။ ပါရာဇိကဏ်ပါဠိတော် | ၁။ ဒွေမာတိကာ |
| ၂။ ပါစိတ်ပါဠိတော် | ၂။ ဒွေမာတိကာ၊ ပါစိတ် | ၂။ ဥဘတောဝိဘင်္ဂ |
| ၃။ မဟာဝါပါဠိတော် | ၃။ မဟာဝါပါဠိတော် | ၃။ မဟာဝါပါဠိတော် |
| ၄။ စူဠဝါပါဠိတော် | ၄။ စူဠဝါပါဠိတော် | ၄။ စူဠဝါ ပါဠိတော် |
| ၅။ ပရိဝါပါဠိတော် | ၅။ ပရိဝါပါဠိတော် | ၅။ ပရိဝါပါဠိတော် |
| ၆။ ◻ဒီဃနိကာယ် | ၆။ ဒီဃနိကာယ် | ၆။ ဒီဃနိကာယ် |
| ၇။ မဇ္ဈိမနိကာယ် | ၇။ မဇ္ဈိမနိကာယ် | ၇။ မဇ္ဈိမနိကာယ် |
| ၈။ သံယုတ္တနိကာယ် | ၈။ သံယုတ္တနိကာယ် | ၈။ သံယုတ္တနိကာယ် |
| ၉။ အင်္ဂုတ္တရနိကာယ် | ၉။ အင်္ဂုတ္တရနိကာယ် | ၉။ အင်္ဂုတ္တရနိကာယ် |
| ၁၀။ - | ၁၀။ ခုဒ္ဒကပါဌ | ၁၀။ ခုဒ္ဒကပါဌ |

| | | |
|---|---|---|
| ၁၁။ ဓမ္မပဒ | ၁၁။ ဓမ္မပဒ | ၁၁။ ဓမ္မပဒ |
| ၁၂။ ဥဒါန် | ၁၂။ ဥဒါန် | ၁၂။ ဥဒါန် |
| ၁၃။ ဣတိဝုတ္တက | ၁၃။ ဣတိဝုတ္တက | ၁၃။ ဣတိဝုတ္တက |
| ၁၄။ သုတ္တနိပါတ | ၁၄။ သုတ္တနိပါတ | ၁၄။ သုတ္တနိပါတ |
| ၁၅။ ဝိမာနဝတ္ထု | ၁၅။ ဝိမာနဝတ္ထု | ၁၅။ ဝိမာနဝတ္ထု |
| ၁၆။ ပေတဝတ္ထု | ၁၆။ ပေတဝတ္ထု | ၁၆။ ပေတဝတ္ထု |
| ၁၇။ ထေရဂါထာ | ၁၇။ ထေရဂါထာ | ၁၇။ ထေရဂါထာ |
| ၁၈။ ထေရီဂါထာ | ၁၈။ ထေရီဂါထာ | ၁၈။ ထေရီဂါထာ |
| ၁၉။ ပါဠိဇာတ် | ၁၉။ ပါဠိဇာတ် | ၁၉။ ပါဠိဇာတ် |
| ၂၀။ မဟာနိဒ္ဒေသ | ၂၀။ မဟာနိဒ္ဒေသ | ၂၀။ မဟာနိဒ္ဒေသ |
| ၂၁။ ပဋိသမ္ဘိဒါမဂ္ဂ | ၂၁။ ပဋိသမ္ဘိဒါမဂ္ဂ | ၂၁။ ပဋိသမ္ဘိဒါမဂ္ဂ |
| ၂၂။ ထေရအပဒါန် | ၂၂။ ထေရအပဒါန် | ၂၂။ ထေရအပဒါန် |
| ၂၃။ ထေရီအပဒါန် | ၂၃။ ထေရီအပဒါန် | ၂၃။ ထေရီအပဒါန် |
| ၂၄။ ဗုဒ္ဓဝံသ | ၂၄။ ဗုဒ္ဓဝံသ | ၂၄။ ဗုဒ္ဓဝံသ |
| ၂၅။ စရိယာပိဋက | ၂၅။ စရိယာပိဋက | ၂၅။ စရိယာပိဋက |
| ၂၆။ နေတ္တိ | ၂၆။ နေတ္တိ | ၂၆။ နေတ္တိ |
| ၂၇။ ပေဋကောပဒေသ | ၂၇။ ပေဋကောပဒေသ | ၂၇။ ပေဋကောပဒေသ |
| ၂၈။ | ၂၈။ မိလိန္ဒပဉှာ | ၂၈။ မိလိန္ဒပဉှာ |
| ၂၉။ | ၂၉။ | ၂၉။ သုတ္တသင်္ဂဟ |
| ၃၀။ ဓမ္မသင်္ဂဏီ | ၃၀။ ဓမ္မသင်္ဂဏီ | ၃၀။ ဓမ္မသင်္ဂဏီ |
| ၃၁။ ဝိဘင်္ဂ | ၃၁။ ဝိဘင်္ဂ | ၃၁။ ဝိဘင်္ဂ |
| ၃၂။ | ၃၂။ ဓာတုကထာ | ၃၂။ ဓာတုကထာ |
| ၃၃။ ပုဂ္ဂလပညတ္တိ | ၃၃။ ပုဂ္ဂလပညတ္တိ | ၃၃။ ပုဂ္ဂလပညတ္တိ |

| | | |
|---|---|---|
| ၃၄။ ကထာဝတ္ထု | ၃၄။ ကထာဝတ္ထု | ၃၄။ ကထာဝတ္ထု |
| ၃၅။ ယမက | ၃၅။ ယမက | ၃၅။ ယမက |
| ၃၆။ ပဋ္ဌာန | ၃၆။ ပဋ္ဌာန | ၃၆။ ပဋ္ဌာန |

အထက်ပါ နှိုင်းယှဉ်ချက်အရ ပေထက်အက္ခရာတင်စာရင်း၌ သုတ္တန်ပိဋကတွင် ခုဒ္ဒကပါဌနှင့် မိလိန္ဒပဉှာ၊ အဘိဓမ္မာပိဋကတွင် ဓာတုကထာကျမ်းတို့ မပါဝင်ကြောင်း တွေ့ရသည်။ သင်္ဂါယနာတင် စာရင်း၌ ပေထက်အက္ခရာတင်စာရင်းနှင့် ကျောက်ထက်အက္ခရာတင် စာရင်း၌ မပါဝင်သော သုတ္တသင်္ဂဟကျမ်းကို သုတ္တပိဋက၊ ခုဒ္ဒကနိကာယ် ၌ ဖြည့်စွက်ထား ကြောင်းတို့ကို တွေ့ရှိရပါသည်။

## ၂၈။ ကျောက်ထက်အက္ခရာတင်ပွဲနှင့် ပဉ္စမသင်္ဂါယနာတင်ပွဲ သီးခြားစီ ဖြစ်ပုံ

နရိန္ဒာဘိသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု အစရှိသည့် ဘွဲ့တံဆိပ်တော် ၃ ထပ်ရ ဆီးပန်းနီ ဆရာတော် အရှင်နရိန္ဒ(အေဒီ ၁၈၁၇–၁၈၈၈) ၏ ပဉ္စမသင်္ဂါယနာတင် အန်ချင်းကဗျာတွင် မင်းတုန်း မင်းကြီး၏ ကျောက်ထက်အက္ခရာတင်ခြင်းနှင့် ပဉ္စမသင်္ဂါယနာတင်ခြင်း ဤကိုသိုလ်နှစ်ရပ်ကို ရောပြီးလျှင်၊ 'သေလာရုဋ္ဌပဉ္စမ သင်္ဂါယနာ တင်တော်မူသည်' ဟူ၍ အောက်ပါအတိုင်း ရေးဖွဲ့ခဲ့သည်။

မနောမဏီဓိ၊ ရည်သန်ရှိလျက်၊ ပကတိငွေရောင်၊ သလင်း တောင်မှ၊ ယူဆောင်ကျောက်ချပ်၊ တမော့အပ်၍၊ ပွတ်သပ်ပြီးခါ၊ သာသနာမူ၊ ဃာ၊ နာ၊ ဝရ၊ ဂေါစာ့ပုံရေး၊ ဒွေးဒွေးဒွေက၊ သရဒသဘင်၊ ဦးရက်တွင်၌၊ ရေးတင်ဆစ်ထု၊ လက်သားစုကို၊ သုမင်္ဂလာ၊ ဇာဂရာနှင့်၊ နရိန္ဒာဘိဓဇ၊ အတုလမိပ်၊ တံဆိပ်တစ်မှတ်၊ ပိဋကတ်ကို၊ ပတ်ပတ်

ရစ်လိုမ့်၊ စက်နှယ်အိမ့်သား၊ နှစ်သိမ့်လောက်စွာ၊ ထေရ်သုံးဖြာလျှင်၊ သေချာဖြက်တည်း၊ ပြင်ဆင် လည်းသည်၊ ဝိနည်းဘိဓမ္မာ၊ သုတ္တန္တာဟု၊ ရာတဆယ့်တစ်၊ နှစ်ရာ့ရှစ်နှင့်၊ ဇော, ဇက်, သုည၊ ပေါင်းလ က,မူ၊ ခုနစ်ရာ့နှစ်ဆယ်၊ ကိုးသွယ်ချပ်မှန်၊ ဓမ္မက္ခန်ရှစ်သောင်း၊ လေးထောင် ပေါင်းကား၊ ရှင်ကောင်းသာသနာ၊ နှစ်ထောင်သာလျက်၊ လေးရာ ဆယ့်နှစ်၊ သက္ကရာဇ်မူ၊ တစ်, နှစ်, သုံး နောက်၊ သုညပေါက်၍၊ လ, ရောက်ကဆုန်၊ ပုဏ္ဏာဖိတ်နေ့၊ ပြီးစုံစေ့ရှင်၊ ချမ်းမြေ့နှစ်သက်၊ အထက်လေးဖြာ၊ သင်ယနာတွင်၊ သေလာရှင္ဒု၊ ပဥ္စမသင်္ဂါယနာ၊ တင်ပြန် လှာသည်။ ။ ရတနာပုံနန်းတွင် တည့်လေး။ မေတ္တာသက်ဝေ သူတော်ကောင်းတို့-။' ဟု ဖြစ်သည်။

ဆီးပန်းနီဆရာတော် အရှင်နရိန္ဒက ဤသို့ ပဥ္စမသင်္ဂါယနာကို 'သေလာရှင္ဒုပဥ္စမ သင်္ဂါယနာ'ဟု ကျောက်ထက်အက္ခရာတင်ပွဲနှင့်ရော၍ ရေးသားဖွဲ့ဆိုပြီးသည့်နောက် အခြားခြားသော ပုဂ္ဂိုလ်တို့ကလည်း ပဥ္စမသင်္ဂါယနာနှင့် ကျောက်ထက်အက္ခရာတင်ပွဲကို ရော၍ပင် ရေးသား ခဲ့ကြလေသည်။

ပုဂံဝန်ထောက် ဦးတင်၏ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ တတိယ ပိုင်းတွင် ကျောက်ထက်အက္ခရာ တင်ခြင်းနှင့် ပဥ္စမသင်္ဂါယနာတင်ခြင်း ခြားနားသည့်အကြောင်းကို အောက်ပါအတိုင်း ရှင်းလင်းရေးသား ထားပါသည်။

'အချို့မြန်မာရာဇဝင်နှင့် ကဗျာများတွင ကျောက်ထက်အက္ခရာ တင်သည်ကို ပဥ္စမသင်္ဂါယနာဟူ၍ မှတ်ယူရေးသားကြသည်။ ကျောက် ထက်အက္ခရာတင်ခြင်းတခြား ပဥ္စမသင်္ဂါယနာတင်ခြင်း တခြားအားဖြင့် ကွဲပြားသည့်အရာ ကျောက်စာထင်ရှားရှိသည်။ ဆီးပန်းနီဆရာတော် ရေးသော အန်ချင်းတွင် 'အထက်လေးဖြာ၊ သင်ယနာတွင်၊ သေလာရှင္ဒု၊

ပဉ္စမသင်္ဂါယနာ၊ တင်ပြန်လာသည့်။ ရတနာပုံနန်းတွင်း တည့်လေး။' ဟူ၍စပ်သည်။ ကျောက်ထက်အက္ခရာ တင်သည်ကို ပဉ္စမသင်္ဂါယနာ တင်သည့်အလား ရေးသားစပ်ဆိုရာ ရောက်သည်။ ကျောက်ထက် အက္ခရာတင်သောကာလမှာ ၁၂၂၂-ခုကစ၍၊ ၁၂၃၀-ပြည့်အထိ တခြား။ ပဉ္စမသင်္ဂါယနာတင်သည့်ကာလ မှာ ၁၂၃၃-ခု နှစ်ဦးကစ၍ ၁၂၃၃-ခု တော်သလင်းလတိုင် တခြားကွဲပြားစွာသိသာနိုင်သည်' ဟု ဖြစ်သည်။

# အခန်း(၂)

## ဆဋ္ဌသင်္ဂါယနာတင်ရန်အတွက် ကြိုတင်ကြိုးပမ်းဆောင်ရွက်ချက်များ

### ၁။ ဆဋ္ဌသင်္ဂါယနာတင်ရခြင်းအကြောင်း

ဆဋ္ဌသင်္ဂါယနာတင်ရခြင်း၏ အကြောင်းရင်းများကို မတင်ပြမီ ဆဋ္ဌသင်္ဂါယနာတင်ပွဲနှင့် စပ်လျဉ်း၍ထားရှိခဲ့သော ရည်ရွယ်ချက်တို့ကို ရှေးဦးစွာတင်ပြလိုပေသည်။ ဆဋ္ဌသင်္ဂါယနာတင်ရခြင်း၏ အဓိက ရည်ရွယ်ချက်များမှာ –

(၁) မြတ်စွာဘုရား ဟောကြားတော်မူသော နိကာယ်ငါးရပ်တို့ကို အထပ်ထပ်အဆင့်ဆင့် ရေးကူးခဲ့ကြရာ၌ရေးသူတို့ သတိချွတ်ယွင်း ရေးမှားမိခြင်းကြောင့်ဖြစ်သော ပမာဒလေခ(ပါဠိပျက်) များကို အထူးသန့်ရှင်းစင်ကြယ်စေလိုသောကြောင့် လည်းကောင်း၊

(၂) ထိုစင်ကြယ်သောပိဋကတ်တော်များကို စက်တင်ပုံနှိပ်၍ ကမ္ဘာအရပ်ရပ်သို့ပျံ့နှံ့၍ အခွန့်ရှည်စွာ တည်တံ့စေလိုသောကြောင့် လည်းကောင်း၊

(၃) လွတ်လပ်သောမြန်မာနိုင်ငံနှင့်တကွ ဗုဒ္ဓဘာသာနိုင်ငံအားလုံးတို့က သာသနာတော်ကို စုပေါင်းအားပေးချီးမြှောက်စေလိုသောကြောင့် လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ရခြင်းဖြစ်သည်။

ထိုအပြင်သာသနာတော်၏ အညစ်အကြေးအလဇ္ဇီဒုဿီလ မိစ္ဆာဝါဒတို့ကို ဆေးကြောသုတ်သင်ရန် နှင့်မြတ်စွာဘုရားဟောကြား

တော်မူခဲ့သော ပိဋကတ်တော်တို့ကို ပုဒ်ပါဌ်အက္ခရာချွတ်ယွင်းခြင်း မရှိတိကျမှန်ကန်၍ သာသနာငါးထောင်တည်တံ့ခိုင်မြဲစေရန်တို့ ဖြစ်သည်။ သို့ပါ၍ သာသနာနှစ်ပေါင်း(၂၅၀၀)အတွင်းဝယ် ရှေးရှေးက တင်ခဲ့ကြသော သင်္ဂါယနာငါးကြိမ်မှာလည်း သာသနာတော်ကြီး၏ အညစ်အကြေးတို့ကို ငါးကြိမ် ဆေးကြောသုတ်သင်ခြင်းပင် ဖြစ်ပေသည်။

ပိဋကတ်တော်များကို စတုတ္ထသင်္ဂါယနာတွင် ပေထက် အက္ခရာ တင်ခဲ့ပါသည်။ ထိုပိဋကတ်တော်များသည် အတိုင်းတိုင်း အပြည်ပြည် တို့၌ အချိန်ကာလကြာမြင့်စွာကပင် အဆင့်ဆင့် လက်ဆင့်ကမ်း၍ ဆောင်လာကြရာတွင် ပိဋကတ်တော်၏ အချို့နေရာများတွင် မညီမညွတ် ကွဲပြားသည်ကို တွေ့မြင်နိုင်သည်။ ထိုသို့ဖြစ်ရခြင်းမှာ မကျွမ်းကျင်သော စာရေး၊ စာကူးသမားများ ကြောင့်ကျပေါက်မှားယွင်းသော ပါဌ်များဟု ဆိုနိုင်ပေသည်။ ဆဋ္ဌသင်္ဂါယနာဖွင့်ပွဲအခမ်းအနားသို့ သီဟိုဠ်ကျွန်း၊ ဥတ္တရိတရမဏ္ဍလမှ ပေးပို့သည့် သဝဏ်လွှာတွင် မြန်မာနိုင်ငံအပါအဝင် ထေရဝါဒနိုင်ငံတို့၌ တည်ရှိကြသော ပိဋကတ်ပေမူတို့သည် သီဟိုဠ်နိုင်ငံမှ ပင်ဆောင်ယူထားသည့် ပေမူများဖြစ်သည်ဟူသော စကား၌ ငြင်း နိုင်ဘွယ်မရှိပါ။ ရှေးအခါက သီဟိုဠ်အက္ခရာ နားလည်သော နိုင်ငံခြား သား စာရေးဆရာများသည် သီဟိုဠ်အက္ခရာဖြင့် ရေးသားထားသော ပေမူတို့ကိုကြည့်ကာ တိုင်းရင်းဘာသာစာလုံး တို့ဖြင့် ရေးကူးကြသည်။ ထိုပေမူတို့၌ ပါဌ်ကွဲများ ဖြစ်ပေါ်လွယ်ပါသည်။ ဥပမာအားဖြင့် မြန်မာ စာလုံးဖြင့်ပုံနှိပ်ထားသော ပါဠိစာအုပ်တို့၌ တွေ့မြင်ရသော မျက်ရည် ဟော 'ခပ္ပ' သဒ္ဒါသည် ဤနေရာ၌ သက်သေပင်ဖြစ်ပါသည်။ ထို'ခပ္ပ' သဒ္ဒါကို သီဟိုဠ်အက္ခရာဖြင့် ရေးသားထားသော စာအုပ်အားလုံးတို့၌

'ဗပ္ပ'ဟု တွေ့မြင်ရပါသည်။ ထိုသဒ္ဒါကိုသာ ပါဠိကောင်းပါဠိမှန် အဖြစ်ဖြင့် အသိအမှတ်ပြုသင့်ပါသည်။ ဤသဒ္ဒါကို သက္ကတသဒ္ဒါအနေအားဖြင့် 'ဗာပ္ပ'ဟုသိရပါသည်။ပါဠိဘာသာ၌ ထိုသဒ္ဒါမျိုးမှာရုပ်ပြီး ပုံမပေါ်လွင်ပါ။ ဤမှတပါးများစွာ သောမူကွဲပါဠိ ပျက်တို့ကိုမြန်မာစာအုပ်တို့၌ တွေ့မြင်ရပါသည်။ ထိုကြောင့် ထိုကဲ့သို့သော ပါဠိပျက်အချို့ကို ပါဠိမှန်ဖြစ်စေ၍ အချို့သော ဗျာကရဏ်းဆရာတို့က သုတ်တို့ကိုလည်း စီရင်ထားကြောင်းပါဠိ ကျွမ်းကျင်သော သဒ္ဒါဆရာများအသိပင် ဖြစ်သည်'ဟု ဖော်ပြထား သည်။ သီဟိုဠ်ကျွန်း၊ သီရိပညာသာရ နာယကမထေရ်၏ သံန္နေသ ကထာတွင်လည်း ရှေးရိုက် ပိဋကတ်တော်ကျမ်းဂန်တို့တွင် ထိုထို နေရာများ၌အဓိပ္ပါယ်မရှိသော ပုဒ်တို့ကိုသာမကဝါကျများ စွာတို့ကိုပင် တွေ့မြင်ရပါသည်။သဒ္ဒါအမှားတို့သည်ကား ပြောဘွယ်ရာပင် မရှိတော့ပါ။ ပုဒ်ဝါကျ အမှားများမှာ–မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ သုနက္ခတ္တသုတ်တွင် ' အပိ နု တဿ ပုရိသဿ တသ္မိံ ဝဏ္ဏေ ပုန ဘောတ္တုကမျတာ အဿ နော်ဟေတံ ဘန္တေ အဒုံ ဟိ ဘန္တေ ဝန္တံ ပဋိကုလသမ္မတံ 'ဟူ၍၄င်း၊ 'အသပ္ပါယံ စက္ခုနာ ရူပံ အနုယုဉ္ဇေယျ အသပ္ပါယံ မနသာ ဓမ္မံ အနုယုတ္တဿ အနုယုတ္တဿ ရောဂါ စိတ္တံ အနုဒ္ဓံသေယျ၊ သော ရာဂါနုဒ္ဓံသိတေန စိတ္တေန မရဏံ ဝါ နိဂစ္ဆေယျ 'ဟူ၍၄င်း ဖြစ်သင့်သော ပါဠိတို့၌ ယိုးဒယား၊ မြန်မာ၊ အင်္ဂလန် နိုင်ငံများမှသာမက သီဟိုဠ်ကျွန်းမှာပင်ကောင်းမွန်စွာတည်းဖြတ်၍ ပုံနှိပ်ထားသောစာအုပ်များ၌ ' တသ္မိံ ဘတ္တေ တသ္မိံ ဘုတ္တေ အဒုံ ဟိ ဘန္တေ ဘတ္တံ အဒုံ ဟိ ဘန္တေ ဝန္တံ'ဟူ၍၄င်း အသပ္ပါယံ စက္ခုနာ ရူပဒဿနံ အနုယုဉ္ဇေယျ အသပ္ပါယံ စက္ခုနာ ရူပဿနံ အနယုတ္တဿ 'ဟူ၍၄င်း ရှိကြပါသည်ဟုဖော်ပြထားလေသည်။

အထူးအားဖြင့်သာသနာတော်၏ မူလဘူတအခြေခံပဓာနဖြစ်သော ပရိယတ္တိသာသနာ ပိဋကတ်တော်တို့မှာအရေးကြီးဆုံးဖြစ်ပါသည်။ ပိဋကတ်တော်တို့၌ ပုဒ်ပါဠ်အက္ခရာလွဲမှား ပါလျှင်အနက်လွဲမှားတတ်သည်။ အနက်လွဲမှားပါလျှင် အဓိပ္ပါယ်လွဲမှားတတ်ပြီးလျှင် ကျင့်ဝတ်ပဋိပတ်လမ်းစဉ်ပါလွဲမှားနိုင်သည်။ ကျင့်ဝတ်ပဋိပတ်လွဲမှားပါလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကိုမရနိုင်ပါ။ သို့အတွက်ပိဋကတ်တော်၌ ပုဒ်ပါဠ်အက္ခရာ မှန်ကန်ကျနဘို့ အရေးကြီးပါသည်။

ထိုင်းနိုင်ငံ၏ သံဃမဟာရာဇာသာသနာပိုင် ဆရာတော်ကြီးကလည်း သင်္ဂါယနာတင်ခြင်း အားဖြင့်ပိဋကတ်သုံးပုံတို့သည် အတိုင်းတိုင်းအပြည်ပြည်တို့၌ အချိန်ကာလကြာမြင့်စွာ ဆက်ကာဆက်ကာဆောင်လာရသောကြောင့် အချို့နေရာတို့၌ မညီမညွတ် ကွဲပြား ဆန့်ကျင်ခြင်းရှိပါသည်။ ထိုကွဲပြားဆန့်ကျင်သော ပိဋကတ်များကို သန့်ရှင်းစင်ကြယ်စွာသုတ်သင်အပ်သည်ရှိသော် စ၊ လယ်၊ ဆုံး သုံးပါးကောင်းခြင်းနှင့်ပြည့်စုံသော အနက်သဒ္ဒါတို့နှင့်ပြည်စုံမည် ဖြစ်သည်ဟု မိန့်ဆိုတော်မူဆိုပါသည်။ ထိုကြောင့်မြန်မာနိုင်ငံ အစိုးရသည် လွတ်လပ်ရေး ရရှိသည်နှင့်တပြိုင်နက်တည်း သင်္ဂါယနာတင်ရန်ကိစ္စကို အရေးတယူအလေးမူ၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ဤသင်္ဂါယနာမဟာဓမ္မသဘင်သည် ရာဇဝင်၊ မဟာဝင်တို့ မှတ်တမ်းများအရ ရာဇဂြိုဟ်၊ ဝေသာလီ၊ ပါတလိပုတ်၊ သီဟိုဠ်နှင့် မြန်မာနိုင်ငံမန္တလေးမြို့တို့၌ ကျင်းပခဲ့သော သင်္ဂါယနာငါးကြိမ်ကို ထောက်ဆ၍ခြောက်ကြိမ်မြောက် ဆဋ္ဌသင်္ဂါယနာဟု ခေါ်တွင်စေခဲ့သည်။ ရှေးရှေးကတင်ခဲ့ကြသော သင်္ဂါယနာများသည် တနိုင်ငံတည်း၌သာကျင်းပကြပြီး ယခုတင်အပ်သော ဆဋ္ဌသင်္ဂါယနာ၏ ထူးခြား

ချက်မှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမဟုတ်ဘဲ ယိုးဒယား၊ သီဟိုဠ်၊ လာအို၊ ကမ္ဘောဒီးယား၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများမှ ထေရဝါဒဂိုဏ်းဝင် သံဃာတော်များပါဝင်ဆင်နွှဲစေရန် ရည်ရွယ်ခဲ့သည်ကို လေ့လာတွေ့ရှိနိုင်သည်။

## ၂။ လွတ်လပ်ရေးရပြီးစ သာသနာရေးအခြေအနေ

မြန်မာနိုင်ငံတစ်ခုလုံးသည် ၁၈၈၆–ခုနှစ်တွင် အင်္ဂလိပ်၏ ကိုလိုနီဘဝကျရောက်မှုနှင့်အတူ အုပ်ချုပ်သူမင်း၊ ရဟန်းသံဃာနှင့် ပြည်သူလူထုအတွင်း သာသနာရေးအရလိုက်လျော ညီညွတ်မှုအစဉ်အလာပျက်သုဉ်းသွားပါသည်။ သာသနာ့ဒါယကာမြန်မာမင်းနေရာတွင်တိုင်းတပါးလူမျိုးခြားဘာသာကွဲပြားသည့် အစိုးရအုပ်ချုပ်လာမှုနှင့်အတူ ဗုဒ္ဓသာသနာစည်ပင်ထွန်းကားရေးအတွက် အဓိက အားပေးထောက်ခံမှုများ ပျောက်ကွယ်သွားခဲ့သည်။ ဗြိတိသျှအစိုးရ၏ သိမ်းယူအုပ်ချုပ်မှုကို မိမိတို့ အမျိုးဘာသာ သာသနာအတွက် ဘေးအန္တရာယ်တစ်ရပ်အဖြစ် ဗုဒ္ဓဘာသာဝင်ပြည်သူတို့က ထင်မြင်ယူဆခဲ့ပါသည်။

မြန်မာနိုင်ငံ၌အင်္ဂလိပ်များကြီးစိုးစဉ် (၁၈၈၅ခုနှစ် နောက်ပိုင်း) သာသနာရေးနှင့်စပ်လျဉ်း ၍လုပ်ဆောင်ချက်တို့တွင် သာသနာပိုင်ခန့်ထားခြင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ဆက်ကပ် လှူဒါန်းခြင်း၊ ပထမပြန်စာမေးပွဲနှစ်စဉ်ကျင်းပပြုလုပ်ခြင်း စသည့်အားဖြင့် သာသနာတော်ကို အထိုက်အလျောက်ထောက်ပံ့ပြုစုကြောင်းတွေ့မြင်ခဲ့ရပေသည်။ တနည်းအားဖြင့် 'သာသနာ တော်အရေး၌ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုသည်'ဟူသော ပြည်သိမ်း ဗြိတိသျှတပ်မတော်၏ ကြေငြာချက်အတိုင်း ဘာသာရေးကို ဖိနှိပ်ချုပ်ချယ်မှုများမတွေ့ကြုံ ခဲ့ရခြင်းသည်ပင် သာသနာ

တော်အတွက် ကံကောင်းသည်ဟု ဆိုရပေမည်။ သို့သော် မျိုးတူ ဘာသာတူချင်း မဟုတ်သည့်အတွက်ကြောင့် အားရကျေနပ်လောက်အောင် ချီးမြှင့်ထောက်ပံ့မှုကိုကားမရရှိခဲ့ပေ။ သို့ရာတွင် အင်္ဂလိပ်တို့ ကိုးကွယ်ရာ ခရစ်ယာန်သာသနာ၏ အခြေမှာကား ဘကြီးတော်ဘုရား လက်ထက် (အေဒီ ၁၈၁၉–၁၈၃၈) တွင် ဒေါက်တာဂျပ်ဆင် (Dr.A.Judson) (A.D 1788-1850) ရောက်လာသည်မှအစ မြန်မာနိုင်ငံတော်၌ တစတစခြေကုပ်ရခဲ့၍ အင်္ဂလိပ် လူမျိုးတို့ လုံးဝကြီးစိုးလာသော အချိန်အခါ၌မူကား လူအား၊ ငွေအား၊ အဖွဲ့အားဖြင့် အင်္ဂလိပ်၊ အမေရိကန်စသော သာသနာပြုပုဂ္ဂိုလ်များသည် ခရစ်ယာန်သာသနာကို အင်တိုက်အားတိုက်ပြုစု ဆောင်ရွက်လေတော့သည်။ထို့ကြောင့် အင်္ဂလိပ်တို့ အုပ်စိုးနေချိန်အတွင်း၌ အခြားဘာသာသာသနာသို့ ကူးပြောင်းကိုးကွယ်၍သွားကြသော တိုင်းရင်းသားတို့၏အရေအတွက်များမှာ မနည်းလှချေ။

အင်္ဂလိပ်အစိုးရလက်ထက်တွင် အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်ရန်အတွက် မြန်မာနိုင်ငံအနှံ့မြို့ရွာတို့တွင် ဘာသာရေးအသင်းအဖွဲ့များကို၁၈၉၃–ခုနှစ်မှစ၍ စတင်တည်ထောင်ခဲ့ကြသည်။ ၁၈၉၃–ခုနှစ်တွင် မော်လမြိုင်မြို့တွင် ရေ့နေဦးရွှေသွင် ဦးစီးသော သာသနရေအသင်း၊ ၁၈၉၇–ခုနှစ်တွင် မန္တလေးမြို့တွင် လက်ထောက်ပညာဝန်ဦးကျော်ရန်ဦးစီးသော ဗုဒ္ဓဘာသာကလျာဏမိတ္တအသင်း၊ ၁၉၀၂–ခုနှစ် ပုသိမ်မြို့တွင်အင်္ဂလိပ်လူမျိုးဗုဒ္ဓဘာသာရဟန်းတပါး ဦးစီးသော အသောကအသင်း၊ ၁၉၀၄–ခုနှစ်တွင် ရန်ကုန်ကောလိပ်ဗုဒ္ဓဘာသာအသင်း၊ ၁၉၀၅–ခုနှစ်တွင် မုံရွာမြို့ ကျေးရှူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်အသင်းများနှင့် နိုင်ငံခြား

ဗုဒ္ဓသာသနာ့ပြုအသင်း၊ သာသနဟိတအသင်း၊ ၁၉၀၆ခု နှစ် ရန်ကုန် မြို့တွင် ဝိုင်အမ်ဘီအေ(ဗုဒ္ဓဘာသာကလျာဏယုဝ)အသင်း စသည် တို့ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

ကိုလိုနီခေတ်တွင် သာသနာတော်ရှည်ကြာစွာ တည့်တံ့ရန် သာသနာ၏ အခြေအမြစ်ဖြစ်သော ပရိယတ္တိသာသနာစည်ပင်ရေး အတွက် ရဟန်းသံဃာနှင့် လူပုဂ္ဂိုလ်တို့က သာသနာ၏အခြေခံဖြစ် သော ပရိယတ္တိစာမေးပွဲကို နှစ်ဘက်စလုံးမှ ကြိုးပမ်းအားထုတ်ခဲ့သည်။ အင်္ဂလိပ်အစိုးရအနေဖြင့် ပရိယတ္တိပထမပြန်စာမေးပွဲကျင်းပပေးမှုကို ရှေးအစဉ်အလာအတိုင်း ဝတ္တရားမပျက် ကျင်းပပေးခဲ့သည်။ ပရိယတ္တိ သာသနာစည်ပင်ပြန့်ပွားရေးအတွက် ရဟန်းသံဃာများ၊ အဖွဲ့အစည်း များကလည်း ပရိယတ္တိစာမေးပွဲများ၊ ဝိနည်းစာပြန်ပွဲများကို တသီး တခြားအနေဖြင့်အမြို့မြို့အနယ် နယ်တို့တွင်ကျင်းပခဲ့ကြပါသည်။

ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံတနိုင်ငံလုံး၌ ဒေသလိုက်၊ အဖွဲ့ အစည်းအလိုက်၊ ကျောင်းတိုက်အလိုက် ကျင်းပသော စာမေးပွဲများ အနက် မန္တလေးမြို့တွင်ကျင်းပသောသကျသီဟစာမေးပွဲနှင့် ရန်ကုန် မြို့တွင်ကျင်းပသော စေတီယင်္ဂဏစာမေးပွဲတို့မှာ အထင်ရှားဆုံးနှင့် အကြီးကျယ်ဆုံးဖြစ်သည်။

မန္တလေးမြို့၌ပရိယတ္တိသာသနာဟိတအသင်းကြီးကို ၁၈၉၈– ခုနှစ်၊ဇူလိုင်(၂)ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။ အသင်း၏ ရည်ရွယ်ချက်မှာ ပရိယတ္တိသာသနာ မပျောက်မပျက် ဆက်လက်တည်ရှိ နိုင်ရန်နှင့် စာချဆရာတော်များနှင့် စာသင်ပုဂ္ဂိုလ်များ ဆွမ်းကွမ်းအတွက် ကိုယ်စိတ်မပင်ပန်းအောင် ထောက်ပံ့လှူဒါန်းရန်ဟူ၍ ဖြစ်သည်။ ပရိယတ္တိသာသနာဟိတ အသင်းကြီးကကြီးမှူး၍၁၉၀၃–ခုနှစ်၊ ဇွန်လမှ

စ၍စာပြန်ပွဲများ ကိုကျင်းပခဲ့သည်။၎င်းစာပြန်ပွဲကို မန္တလေးမြို့ သကျသီဟဘုရားပရဝုဏ်အတွင်းတွင် ကျင်းပခဲ့သဖြင့် သကျသီဟစာမေးပွဲဟုလည်း ခေါ်သည်။

ရန်ကုန်မြို့တွင် ၁၈၉၄–ခုနှစ်တွင် စေတီယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းကြီးကို တည်ထောင်ခဲ့သည်။ အသင်းကြီး စတင်တည်ထောင်ကာစက ရွှေတိဂုံစေတီတော်ကြီး၏ ဝေယျာဝစ္စလုပ်ငန်း များပြုလုပ်ရန် စေတီယင်္ဂဏဝတ်အသင်းအဖြစ် ဦးစွာရပ်တည်ခဲ့ပါ သည်။ ၁၉၁၃–ခုနှစ် မှစ၍ အသင်း၏အမည်ကို စေတီယင်္ဂဏ ပရိယတ္တိအသင်းဟူ၍ ပြောင်းလဲခဲ့ပါသည်။သာသနာဒါယကာ မြန်မာမင်းများကိုယ်စား ပြည်သူလူထုတို့မှသာသနာတော် အရှည်တည်တံ့အောင်ထောက်ပံ့လှူဒါန်းရန်ရည်ရွယ်ပါသည်။ စေတီယင်္ဂဏ ပရိယတ္တိ အသင်းကြီးသည် ၁၉၁၃–ခုနှစ် မှစ၍ စာလျှောက်စာမေးပွဲများ ကျင်းပခဲ့သည်။

အထက်အောက် မြန်မာနိုင်ငံတဝန်းလုံးတွင် ဌာနပေါင်း ခုနှစ်ဆယ်တို့၌ ဝိနယအာဂုံ ပြန်ပွဲများကျင်းပခဲ့ကြောင်း၊ ဒွေမာတိကာမှစ၍ ဝိနည်းပါဠိတော်ကြီးများတိုင်အောင် ပြန်ဆိုကြရ ကြောင်းသိရှိရပါသည်။ အောက်မြန်မာနိုင်ငံတွင်လည်း ဝေဠုဝန်ဂိုဏ်းသည် ၁၉၁၉–ခုနှစ်မှစ၍ ဂိုဏ်းလုံးဆိုင်ရာစာပြန်ပွဲများကိုလည်းကောင်း ဒွါရဂိုဏ်းသည်လည်း ၁၉၂၀–ပြည့်နှစ်မှစ၍ ဗဟုသုတဝိနယစာမေးပွဲ အမည်ဖြင့် စာမေးပွဲများအသီးသီးကျင်းပခဲ့သည်။ ရွှေကျင်နိကာယ ရွှေကျင်ဂိုဏ်းကြီးမှလည်း ရွှေကျင်ကျောင်းတည်ရာ မြို့ရွာဒေသ အသီးသီးတွင် အစုလိုက်ရုံးစုကြပြီးဝိနည်းစာပြန်ပွဲများကို ကျင်းပခဲ့ကြသည်။ ဗြိတိသျှအစိုးရအနေဖြင့် သာသနာရေး၌ ပါဝင်လုပ် ဆောင်ပေးခြင်းမှာ ယင်းတို့၏ ပညာရေးစီမံကိန်းတွင် သာသနာပိုင်နှင့် နာယကဆရာတော်ကြီးများ၏ ပူးပေါင်း

ကူညီမှုရရှိရေး၊ ဗုဒ္ဓဘာသာဝင် ပြည်သူတို့ကလည်းအင်္ဂလိပ် အစိုးရသည် သာသနာရေးဆိုင်ရာ ပထမပြန်စာမေးပွဲများကို ရှေးမြန်မာမင်းများအဆက်ဆက်ကဲ့သို့ ဆက်လက် ချီးမြှောက်ကြောင်းခံယူကာ အစိုးရအပေါ် ယုံကြည် အားထားစေရေး ၊အုပ်ချုပ်သူမင်းမှ ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းမှု ခံယူစေခြင်းဖြင့် အင်္ဂလိပ်အစိုးရသည် ရဟန်းသံဃာတို့အား ချီးမြှောက်သူ အဖြစ်လွှမ်းမိုးကိုင်တွယ်နိုင်ရေးတို့ကို မျှော်လင့်ခဲ့သည်ဟု ယူဆပါသည်။

တောင်တန်းဒေသများရှိသာသနာပြု အခြေအနေနှင့်စပ်လျဉ်း၍ တောင်တန်းသာသနာပြု အဖွဲ့ကြီး၏ သုံးနှစ်ချုပ်သာသနာပြု မှတ်တမ်းတွင် အောက်ပါအတိုင်း အစီရင်ခံဖော်ပြထားပါသည်။

အင်္ဂလိပ်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံတော်အတွင်းရှိ တောင်တန်းဒေသများနှင့် ပတ်သက်၍ သံဃာတော်အရှင်မြတ်တို့ သည် သာသနာပြုရန်အတွက်ကြွရောက်လှည့်လည် ဟောပြောမှု၊ သီတင်းသုံးမှုအလွန်နည်းပါးခဲ့သည်ကိုတွေ့ရပေသည်။ ထိုသို့ ဖြစ်ရခြင်းမှာ အစိုးရ၏အထောက်အပံ့နည်းပါးခြင်း၊ တောင်တန်းဒေသများသို့ သွားလာဖို့ရန် မလွယ်ကူခြင်း၊ အရှည်ဆက်ဆံ သီတင်းသုံးဖို့ရန် မလွယ်ကူခြင်း၊ ဘေးအန္တရာယ်အမျိုးမျိုးတို့နှင့်တကွ ရောဂါဥပါဒ်များပြားခြင်း စသည့်အခက်အခဲအမျိုးမျိုးတို့ကြောင့် ထိုတောင်တန်းဒေသများသို့ သာသနာပြုကြွတော်မူသည့် ရဟန်းသံဃာများမရှိသလောက်နည်းပါးခဲ့ရခြင်းဖြစ်သည်။ ထိုတောင်တန်း ဒေသများသို့ သာသနာပြုလုပ်ငန်းနှင့် ပတ်သက်၍ အင်္ဂလိပ်တို့ အုပ်စိုးစဉ် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ နှစ်အနည်းငယ်အတွင်း ပုသိမ်ဆရာတော်ဦးဝိမလသည် တောင်တန်းဒေသများသို့ မိုင်ပေါင်းများစွာ ခြေလျင်လှည့်၍ သာသနာ

ရေးကိစ္စနှင့် တောင်တန်းသားတို့၏ အခြေအနေကို မျက်မြင်စုံစမ်း ထောက်လှမ်းခဲ့သည်။ထိုနောက်ရန်ကုန် မြို့သို့ ပြန်လည်ကြွလာပြီးလျှင် သာသနာတော်ကို အထူးကြည်ညို လေးစားသောသူဌေးကြီး ဆာဦးသွင်အား မိမိတွေ့မြင်ခဲ့ရသော အကြောင်းအရာတို့ကို ပဌမဦးစွာ စိတ်ဝင်စားဘွယ်ရာ မိန့်ကြားခဲ့ပါသည်။ ၎င်းနောက် ပုသိမ်ဆရာတော် ဦးဝိမလကိုပင် အကြောင်းပြု၍ ဆာဦးသွင်၊ စက်သူဌေးဦးဖိုးပျော့၊ ဝတ်လုံတော်ရ ဦးသိမ်းမောင် (နောင်လွှတ်တော်တရားဝန်ကြီးချုပ်)၊ ဗြိတိသျှ ဘားမားသူဌေးဦးညွန့်၊ အောင်ဇေယျတုဦးဖိုးဘ၊ ပါဠိဆရာကြီး ဆရာဝ အစရှိသော ပုဂ္ဂိုလ်များနှင့် ရန်ကုန်မြို့ သွင်ရုပ်ရှင်ရုံကြီး၌ မြို့လုံးကျွတ် အစည်းအဝေးတရပ် ကျင်းပကာ ဥက္ကဋ္ဌကြီးဆာဦးသွင် အမှူးပြု၍ အထက် ပါပုဂ္ဂိုလ်များပါဝင်သော တောင်တန်းသာသနာပြု အဖွဲ့ကို ၁၉၄၆–ခုနှစ်မေလတွင် ဖွဲ့စည်း ခဲ့ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းဆောင် ရွက်ရာ၌ ၁၉၄၄–ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် 'ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်'သည် အရေးပါသော အခန်းကဏ္ဍတွင်ပါဝင်ခဲ့သည်။ ၁၉၄၇–ခုနှစ်ဦး အချိန်လောက်ကပင် ဗုဒ္ဓဘာသာ သာသနာနှင့်ပတ်သက်၍၎င်း၊ အမျိုးသားစည်းလုံးညီညွှတ် ရေး၊ နိုင်ငံတော်လွတ်လပ်ရေး၊ ပညာရေး၊ စီးပွားရေးစသည့်နိုင်ငံတော်၏ အခြေအမြစ်ဖြစ်သည့် လုပ်ငန်းစဉ် များနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ အဖွဲ့ဝင်နှင့် ဖဆပလအဖွဲ့ဝင် များသည် စီမံကိန်းအမျိုးမျိုးရေးဆွဲခဲ့သည်။ ထိုစီမံကိန်းများအနက် ပထမကျော်ဦးကြီးဖေ၏ ဆဋ္ဌသင်္ဂါယနာစီမံကိန်း၊ ပိဋကတ်တော် မြန်မာပြန်စီမံကိန်း၊ ပါဠိမြန်မာအဘိဓာန်စီမံကိန်းတို့လည်း ပါဝင်သည်။ ဦးကြီးဖေသည် ရဟန်း(၁၇)ဝါ ရကတည်းကပင် ဆဋ္ဌ

သင်္ဂါယနာစီမံကိန်းကို စိတ်ကူးရခဲ့ခြင်းဖြစ်သည်။ သို့သော်တိုင်းပြည် အခြေအနေအရပ်ရပ်ကြောင့် ထိုစီမံကိန်းကိုမဖော်ဆောင်နိုင်ခဲ့ပေ။ ဦးကြီးဖေသည်ရဟန်းဘဝမှ ထွက်၍ လူဝတ်လဲသည်နှင့် တပြိုင်နက် မြန်မာပြည်၌ အလွန်ချမ်းသာသော ပုဂ္ဂိုလ်များကို အမျိုးမျိုး တရားဟော၍ ဝါဒဖြန့်ခဲ့သည်။ ဦးကြီးဖေ ပဌမဆုံးဝါဒ ဖြန့်ခဲ့သော ပုဂ္ဂိုလ်မှာ ဆာဦးသွင်ဖြစ်သည်။ ဦးကြီးဖေ၏တရားဟောမှုကြောင့် ဆာဦးသွင်သည် ဆဋ္ဌသင်္ဂါယနာတင်ရန် အကြံဉာဏ်များရရှိခဲ့သည်။ ဦးကြီးဖေနှင့် ဆာဦးသွင်တို့ ဆဋ္ဌသင်္ဂါယနာတင်ရန် တိုင်ပင်သောအခါတွင် သင်္ဂါယနာတို့၏ မူလဘူတဖြစ်သော ပိဋကသုံးပုံဆောင် ပုဂ္ဂိုလ်များပေါ်သင့်သည် ဆိုသောအကြံဉာဏ်များ ဖြစ်ပေါ်ခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ရေး အတွက် ရဟန်းတော်အရှင်မြတ်များ၏ လှုံ့ဆော်မှုသည်၎င်း၊ ဆဋ္ဌသင်္ဂါယနာတင်ဖြစ်မြောက်ရေးအတွက် ကောလဟာလဖြစ်ပွားမှုသည် ၎င်း တပြိုင်နက်ပေါ်ပေါက်လာခဲ့သည်။ တိပိဋကရွေးချယ်ရေးနှင့် ဆဋ္ဌသင်္ဂါယနာတင်ကိစ္စမှာ တဆက်တည်း ကွင်းဆက်သဘွယ် ထွန်းလင်း ပေါ်ပေါက်လာခဲ့ပါသည်။

ထို့အပြင် ဝန်ကြီးချုပ်သည် ၁၉၄၇-ခုနှစ်၊ စက်တင်ဘာလ(၂၈)ရက်နေ့မှ အစပြု၍ မိမိထမ်းဆောင်နေသော တာဝန်ဝတ္တရားများမှ ခေတ္တအားလပ်ခွင့်ယူ၍ သထုံခရိုင်၊ ဘီးလင်းမြို့ရှိ မြသပိတ်တောင်တော်၌ ကိုးရက်တိုင်တိုင် နဝင်္ဂသီလဥပုသ် သီတင်းဆောက်တည်၍ မေတ္တာဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်ခဲ့သည်။ ထိုအချိန်၌ ဝန်ကြီးချုပ်သည် မြသပိတ်တောင်နှင့်တကွပတ်ဝန်းကျင်ရှိ သာသနာ့ အဆောက်အဦး လမ်းပန်းစခမ်းစသည့်တို့မှာ သွားလာမှုခက်ခဲ၍ အချို့နေရာများတွင် ပျက်စီးယိုယွင်းလျက်ရှိ နေကြောင်းကို တွေ့ရှိရသည်။ ဝန်ကြီးချုပ်သည်

ဗုဒ္ဓမြတ်စွာ သာသနာ့အဆောက်အဦး တို့ကို ပြန်လည်မွမ်းမံဆောင်ရွက်ရန်နှင့် သာသနာတော်သုံးရပ်ကို ချီးမြှင့်ရန် စိတ်စေတနာသဒ္ဓါတရားများ ပေါ်ထွန်းလာခဲ့သည်။ သို့ဖြစ်၍ ဝန်ကြီးချုပ်သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသောအခါ ဗုဒ္ဓသာသနာ တော်ကြီးပွားတိုးတက်ရေးအတွက် ၁၉၄၇–ခုနှစ်တွင် အစည်းအဝေး တစ်ရပ်ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် သူဌေးကြီးဆာဦးသွင်၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဟသ်ာတဦးမြ၊ ဘဏ္ဍာရေးဝန်ကြီး (မြန်မာအလင်း)ဦးတင်၊ ငွေစာရင်းမင်းကြီးဦးဘခင်၊ ဝန်ကြီးချုပ်၏ အတွင်းဝန် ဦးစံသိန်းတို့ ပါဝင်သည်။

ထိုအစည်းအဝေးတွင် ဆာဦးသွင်ကဗုဒ္ဓသာသနာတော် တိုးတက်ကြီးပွါးစေမှုတွင်ဓမ္မစက်၊ အာဏာစက်နှစ်ခု ဒွန်တွဲပြီး ဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်၍ ဗုဒ္ဓသာသနာတော်အား လေးစား ကြည်ညိုသူတို့ စုပေါင်း၍ အဖွဲ့တစ်ခုဖွဲ့စည်း၍ သာသနာသုံးရပ်ကို ဖွံ့ဖြိုးအောင်စည်းလုံး ညီညွတ်စွာဆောင်ရွက်လျှင် ဗုဒ္ဓသာသနာတော်သည် ကမ္ဘာအဝှမ်း၌ ထွန်းလင်းနိုင်မည်ဟု ယုံကြည်သည်ဟုဆိုသည်။ဆာဦးသွင်၏အဆိုကို ဝန်ကြီးချုပ်နှင့်တကွ ကြွရောက်လာကြသော ပုဂ္ဂိုလ်များက သဘောတူညီ၍ ၁၉၄၇–ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက်နေ့၌ နိုင်ငံတော်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး (Union of Burma Buddha Sasananuggaha Organization) ကို စတင်ဖွဲ့စည်း တည်ထောင်ကြပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး ဖွဲ့စည်းတည်ထောင်ပြီးနောက် ၁၉၄၈–ခုနှစ် ဇန်နဝါရီ(၄)ရက် နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရရှိခဲ့သည်။ ထိုအခါမှစ၍ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် နိုင်ငံရေးစနစ်ကို ဖေါ်ဆောင်ကျင့်သုံးခဲ့ရာ ပြည်သူလူထုအများစုက ထောက်ခံအားပေး

သော ဖဆပလပါတီသည် လွှတ်တော်၌ အများစုဖြစ်၍ ဖဆပလအစိုးရဖွဲ့၍ အုပ်ချုပ်ခဲ့ပါသည်။ ဖဆပလအစိုးရအဖွဲ့တွင် သမ္မတစဝ်ရွှေသိုက်၊ ဝန်ကြီးချုပ်အပါအဝင် အဖွဲ့ဝင်(၁၆)ဦး ဖြင့်ဖွဲ့စည်းခဲ့သည်။ ထိုလွှတ်လပ်ရေးရပြီးစအချိန်တွင် ပြည်တွင်းဆူပူသောင်းကျန်းမှု ပေါ်ပေါက်လာရာ ဖဆပလအစိုးရသည် နိုင်ငံတော်တည်ငြိမ်ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်နေရ သဖြင့်သာသနာရေးကိစ္စများကို အာရုံစိုက်နိုင်ခြင်းမရှိချေ။ လွှတ်လပ်ရေးရရှိသည့်တိုင်အောင် သာသနာတော်ကြီး တည်မြဲခဲ့သော်လည်း သာသနဒါယကာမင်းနှင့် ကင်းကွာခဲ့သည်မှာ နှစ်ပေါင်း(၆၈)နှစ်မျှ ကြာရှိသဖြင့် အလဇ္ဇီ ဒုဿီလ မိစ္ဆာဝါဒ သာသနအညစ်အကြေးတို့ စွန်းထင်းလျက်ရှိသောကြောင့် သာသနာတော်၏ အရောင်အဝါမှာ မှေးမှိန်ခဲ့ရသည်ကို တွေ့ရှိရသည်။ ထိုကြောင့် သာသနာတော်ကြီးထွန်းလင်းတောက်ပလာအောင် ဖဆပလ အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရာတွင် (၁)သာသနာ့ အညစ်အကြေးကို ဆေးကြောသုတ်သင်ခြင်းနှင့် (၂)သာသနာတော်ကို ချီးမြှောက်ခြင်းဟူသော လုပ်ငန်းနှစ်ရပ်တို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် သာသနာအညစ်အကြေးကို ဆေးကြောသုတ်သင်ရန်အတွက် အစိုးရအနေဖြင့် ဆဋ္ဌသင်္ဂါယနာတင်ရန် အကြံဖြစ်ပေါ်ခဲ့သည်။ ၎င်းအပြင် သာသနာတော်ကြီးကို စောင့်ရှောက်ချီးမြှောက်ရာတွင်လည်း ရဟန်းတော်များက စောင့်ရှောက်ချီးမြှောက်ခြင်း သာမကလူဒါယကာများကလည်း စောင့်ရှောက် ချီးမြှောက်ရပါမည်။ သာသနာတော်ထမ်းရဟန်းတော်များနှင့် လူဒါယကာများက သာသနာတော်ကြီးကိုစောင့်ရှောက် ချီးမြှောက်ကြရာ၌ ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ ဆိုသကဲ့သို့ တစ်ဦးနှင့်တစ်ဦးအမှီသဟဲပြုကာ

စောင့်ရှောက်ချီးမြှောက်ရမြဲဖြစ်ပါသည်။ ပဉ္စမသင်္ဂါယနာမှစ၍ ပဋ္ဌ သင်္ဂါယနာတိုင်အောင် ရဟန်းတော်များနှင့် သာသနာ ဒါယကာမင်းများ တွဲဘက်၍ သင်္ဂါယနာတင်ပွဲများကိုကျင်းပခဲ့သည်မှာ သာသနာ တော်ကြီး သန့်ရှင်းစင်ကြယ်စွာနှင့် တည့်တံ့ပြန့်ပွားရေးအတွက် သက်သေသာဓကများဖြစ်သည်ကို တွေ့ရသည်။ ထိုကြောင့် သာသနာ တော် သန့်စင်ရေးအတွက် ဆဋ္ဌသင်္ဂါယနာတင်ပွဲကျင်းပရန် စီစဉ် ခဲ့သည်။

ဖဆပလအစိုးရသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်းပရန် အတွက် ပါလီမန်၏ခွင့်ပြုချက်ကို ရယူခဲ့သည်။ ဖဆပလအစိုးရသည် သာသနာတော် သန့်ရှင်းရေး၊ တိုးတက်ရေးနှင့် တည်တံ့ရေးအတွက် ဆောင်ရွက်ရာတွင် လဇ္ဇီပေသလသိက္ခာကာမ သန့်ရှင်းသော သံဃာ အဖွဲ့၊ စည်းလုံးညီညွတ်၍ အင်အားတောင့်တင်းသော သာသနာ ဒါယကာ လူထုနှင့် ပရိယတ္တိ၊ ပဋိပတ္တိ တွင်တိုးတက်အောင် အစွမ်းကုန် ဆောင် ရွက်မည့် သာသနာ့ဒါယကာအစိုးရဖြစ်စေရန် အထူးကြိုးပမ်းဆောင် ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ရဟန်းသံဃာတော် အပေါင်း တို့၏ ပရိယတ္တိလုပ်ငန်း၌ တိုးတက်ရန် ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေ(၁၉၅၀)ကို စတင်ပြဋ္ဌာန်းခြင်း၊ သာသနာတော် သန့်ရှင်း ရေး၏ အထောက်အပံ့ဖြစ်သော ဝိနိစ္ဆယအက်ဥပဒေ(၁၉၅၀) ကို ပြဋ္ဌာန်း ခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာ လူထုကြီး၏ စည်းလုံးညီညွတ်ခြင်းကို ပဓာန ထား၍ ဗုဒ္ဓသာသနာ အက်ဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်သည်။ ထို အက်ဥပဒေ(၃)ရက်အနက် ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေနှင့် ပတ်သက် ၍ ပြန်ကြားရေးနှင့် သာသနာရေးဝန်ကြီး ဦးထွန်းဖေကိုယ်တိုင် ပါလီမန်လွှတ်တော်၌ အဆိုတင်သွင်းခဲ့သည်။ ဦးထွန်းဖေအဆိုတင်သွင်း

ရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းတွင် သီတင်းသုံး နေထိုင်ကြသော ဗုဒ္ဓဘာသာဝင်တို့၏ ဦးစီးခေါင်းဆောင်ကိုယ်စားလှယ် ပြုနိုင်သော အဖွဲ့တဖွဲ့စည်းပေးရန်၊ ဗုဒ္ဓဘာသာဝင်တို့သည် ကုသိုလ် ပြုရာတွင် အချင်းချင်းတိုင်ပင် ဆောင်ရွက်နိုင်ကြစေရန်၊ ဗုဒ္ဓဘာသာဝင် နိုင်ငံသူနိုင်ငံသားအပေါင်းတို့သည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသော သာသနာတော်သုံးရပ်တို့ကို တိုးတက်ထွန်းကား ပြန့်ပွားရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်တို့ဖြစ်သည်။ ထိုနောက်ဗုဒ္ဓဘာသာ ဝင် အပေါင်းတို့၏ ကိုယ်စားလှယ် ဦးစီးခေါင်းဆောင်အဖွဲ့ ဖွဲ့ စည်းပေးရန် တင်ပြခဲ့သည်။

၁၉၅၀–ပြည့်နှစ်၊ ဩဂုတ်လ(၅)ရက်နေ့တွင် ရန်ကုန်မြို့ သာသနာရိပ်သာ၌ ဗုဒ္ဓဘာသာအဖွဲ့ပေါင်းစုံနှင့် ဆွေးနွေးပွဲများ ပြုလုပ် ခဲ့သည်။ ထိုဆွေးနွေးပွဲကြီးမှ ကော်မတီတစ်ခုကို ခန့်အပ်ခဲ့သည်။ ထိုကော်မတီအဖွဲ့တွင် အဖွဲ့ဝင်(၇)ဦးပါရှိပါသည်။ ယင်းတို့မှာ (၁)သာသနာရေး ဝန်ကြီး၊ (၂) နိုင်ငံတော်တရားဝန်ကြီးဦးဇမောင်၊ (၃) တရား လွှတ်တော်ချုပ် တရားဝန်ကြီးဦးသိမ်းမောင်၊ (၄)တရားဝန်ကြီး ဦးအုန်းဖေ၊ (၅) ဦးစံကြူးပရိယတ္တိသာသနာနုဂ္ဂအသင်း၊ (၆) ချုပ်သင်း ဦးဘတင်၊ (၇) နိုင်ငံတော်ရှေ့နေချုပ်ဦးချန်ထွန်းတို့ ပါဝင်သော အက် ဥပဒေကြမ်းရေးဆွဲရန် ကော်မတီတစ်ခု ဖွဲ့စည်းလွှဲအပ်ခဲ့သည်။ ဆက်လက်၍ ၁၉၅၀–ပြည့်နှစ်၊ ဩဂုတ်လ (၁၂)ရက်နေ့တွင် ဒုတိယ အကြိမ် ဗုဒ္ဓဘာသာအဖွဲ့ပေါင်းစုံ၏ ရှေ့မှောက်၌ အပြန်အလှန် ဆွေးနွေး ခဲ့သည်။ ၄င်းနောက် ၁၉၅၀–ပြည့်နှစ်၊ စက်တင်ဘာ(၁၀)ရက်နေ့တွင် သာသနာ့ရိပ်သာ၌ နိုင်ငံတော် ဝိနည်းဓိုရ်နှင့် ဩဝါဒါစရိယ ဆရာတော် များ၊ အဖွဲ့ပေါင်းစုံမှ ဆရာတော်များ၊ ဂိုဏ်းအသီးသီးမှဆရာတော်များ

ပါဝင်သော သံဃာတော် အပါး တစ်ရာကျော်တို့၏ ရှေ့မှောက်တွင် ဥပဒေကြမ်းကို ထောက်ခံ အတည်ပြုခဲ့ပါသည်။

ငှင်းအပြင် ၁၉၅၀ပြည့်နှစ်၊ စက်တင်ဘာလ(၁၆)ရက်နေ့တွင် မန္တလေး အိမ်တော်ရာဘုရားဝင်းအတွင်း မန္တလေးမြို့ပေါ်ရှိ ဆရာတော်များနှင့်ဗုဒ္ဓဘာသာ အဖွဲ့ပေါင်းစုံရှေ့ မှောက်တွင်တင်ပြခဲ့သည်။ယင်းအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်တော်မူသော ညောင်ရမ်းဆရာတော်က 'သာသနာမှာ တကယ်အကျိုးရှိပါတယ်' ဟု မိန့်ကြားသွားခဲ့သည်။

ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဥပဒေကြမ်းကို အားပေးထောက်ခံခဲ့သည်။ အက်ဥပဒေကြမ်းနှင့်ပတ်သက်၍ ဖဆပလ ခေါင်းဆောင်များနှင့် ဆွေးနွေးရာတွင် ထိုအက်ဥပဒေကြမ်းကို တင်သွင်းဆွေးနွေးအတည်ပြုခြင်းအားဖြင့် အခြားဘာသာဝင်များကို မထိခိုက်စေရပါဆိုသောဝန်ခံ ကတိများဖြင့် ဥပဒေကြမ်းကို ဆွေးနွေး တင်သွင်းခဲ့သည်။ ထိုအက်ဥပဒေကြမ်းကို အတည်ပြုပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးက ကြီးမှူး၍ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့(Buddha Sasana Council)ကို ၁၉၅၀–ပြည့်နှစ်၊ နိုဝင်ဘာလ(၁၃)ရက်တွင် စတင် ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ ပထမအကြိမ် ညီလာခံကြီး ကို၁၉၅၀–ပြည့်နှစ်၊ ဩဂုတ်(၂၆)ရက်တွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံကြီး၌ကျင်းပခဲ့သည်။ ထိုညီလာခံ၌ ကိုယ်စားလှယ်ပေါင်း(၅၁)ဦးတို့၏ အမည်များကို ကြေငြာခဲ့သည်။ ထို့နောက် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ အမှုဆောင်အဖွဲ့အတွက် ဒေသဆိုင်ရာ ကိုယ်စားလှယ်(၁၀)ဦး၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များက ရွေးချယ်သည့် ပုဂ္ဂိုလ်(၉)

ဦး၊ နိုင်ငံတော်သမ္မတမှ ခန့်အပ်သည့်ပုဂ္ဂိုလ်(၈)ဦးတို့ ပါဝင်သော အဖွဲ့ဝင်(၂၇)ဦးတို့ကို ရွေးချယ်ခဲ့သည်။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကို ဖွဲ့စည်းပြီးနောက် ယင်းအဖွဲ့သည် ပြည်တွင်းပြည်ပသာသနာပြု ကိစ္စအဝဝတို့ကို ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ ရုံးခန်းကို ယခင်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့တည်ရာ သာသနာ့ရိပ်သာ၌ပင် ဖွင့်လှစ်ခဲ့သည်။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ ကြီးမှူး၍ ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

## ၃။ နိုင်ငံတော်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့

နိုင်ငံတော်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကို ၁၉၄၇–ခုနှစ်၊ နိုဝင်ဘာ (၁၃)ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။အသင်းကြီး၏ဥက္ကဋ္ဌမှာ ဆာဦးသွင်ဖြစ်သည်။အသင်းကြီး၏ ရည်ရွယ်ချက်များမှာ–(၁)ဗုဒ္ဓသာသနာတော်၏ ကြီးပွားစည်ပင် ပြန့်ပြောတည်တန့်စေခြင်းငှါ ဆောင်ရွက်ရန်။ (၂)ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ တော်များကို အစွမ်းကုန်ချီးမြှင့်ဆောင်ရွက်ရန်။ (၃)ဘာသာပေါင်းစုံ ဗုဒ္ဓဘာသာပိဋကတ်တိုက်တော်ကြီး တည်ဆောက်ရန်တို့ဖြစ်သည်။ အသင်းဝင်တို့သည် သာသနာတော်မြတ်၌ လေးနက်စွာကြည်ညိုခြင်း၊ လောကီ၊ လောကုတ္တရာ လျောက်ပတ်သော ဗဟုသုတနှင့်ပြည့်စုံခြင်း၊ သေရည်သေရက် ရှောင်ကြဉ်ခြင်း၊ လောင်းတမ်း ကစားရှောင်ကြဉ်ခြင်း၊ တစ်လလျှင် အနည်းဆုံးလပြည့်လကွယ်နေ့များ၌၄င်း အခြားနှစ်သက်ရာ နှစ်ရက်၌၄င်း ဥပုသ်သီတင်းဆောက်တည်ခြင်း စသောအင်္ဂါရပ်များနှင့် ပြည့်စုံရပါမည်။

သာသနာနုဂ္ဂဟအဖွဲ့၏ လုပ်ငန်းစဉ်များမှာ– (၁)နိုင်ငံပေါင်းစုံ ဗုဒ္ဓဘာသာပိဋကတ်တိုက်တော်ကြီးဇာစ်ခု တည်ဆောက်ရန် (၂)တိပိဋက

ရေ ပိဋကတ်သုံးပုံအာဂုံဆောင်နိုင်သည့် ပုဂ္ဂိုလ်များ ပေါ်ထွန်းရေးနှင့် ထိုပုဂ္ဂိုလ်များ သီတင်းသုံးနိုင်ရေးအတွက် ကျောင်းတော်ကြီး တစ်ဆောင် ဆောက်လုပ်ရန်၊ (၃)ပဋိပတ္တိ သာသနာတော်ထွန်းကားရေးအတွက် ကမ္မဋ္ဌာနာစရိယဆရာတော်နှင့် ကမ္မဋ္ဌာန အဆောက်အဦးများ ဆောက်လုပ်ရန်၊ (၄)နိုင်ငံခြားပဋိပတ္တိ သာသနာပြုစုရေးအတွက် မြန်မာနိုင်ငံသို့ လာရောက်လေ့လာ ဆည်းပူးနိုင်ရန် တစ်ကြိမ်လျှင် ပုဂ္ဂိုလ်(၁၀)ဦး တည်းခိုနိုင်သည့် အဆောက်အဦးများ ဆောက်လုပ်ရန် (၅)တိပိဋကဓရပုဂ္ဂိုလ် ပေါ်ထွန်းလာသောအခါ ပရိယတ္တိသာသနာ အားပေးနိုင်သည့် စာချစာသင်ကျောင်းများထူထောင်ရန်-တို့ဖြစ်သည်။

ထိုကိစ္စအောင်မြင်ရန်အတွက် ဥက္ကဋ္ဌဆာဦးသွင်၊ ကူးသန်းရောင်း ဝယ်ရေးဝန်ကြီး ဟသ်ာတဦးမြ၊ အကျိုးဆောင်ဦးစံသိန်းတို့ သုံးဦး ပါဝင်သောအဖွဲ့အား တာဝန်လွှဲအပ်ကြသည်။ ဗုဒ္ဓသာသနာနုဂ္ဂဟ အသင်းတည်ထောင်ပြီးနောက် တိပိဋကဓရရွေးချယ်ရေးအဖွဲ့ခွဲတစ်ခု ဖွဲ့စည်းပြီးလျှင် တိပိဋကဓရရွေးချယ်ရေးဆိုင်ရာလိုက်နာသင့်သော (စည်းမျဉ်းဥပဒေ)ကို ရေးသားစေခဲ့သည်။ နိုင်ငံတော်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့မှဦးဆောင်၍ တိပိဋကဓရရွေးချယ်ပွဲများကို ၁၉၄၉-ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ကျင်းပပေးခဲ့သည်။

## ၄။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကို ၁၉၅၀-ပြည့်နှစ်၊ နိုဝင်ဘာ (၁၃)ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ သာသနာရေးဆောင်ရွက်ချက်များမှာ-

(၁) ရာဇဝင်သမိုင်းကျောက်စာများအရ မြတ်စွာဘုရားရှင် ၏ စွယ်တော်၊ ဆံတော်၊ ဓါတ်တော်များ အထင်အရှား ကိန်းအောင်းပြီး

ထိုစဉ်အခါက မရှုမလှပျက်စီးနေသော စေတီ၊ ပုထိုး၊ ရုပ်ပွား၊ ဆင်းတုတော်များကို ပြုပြင်မွမ်းမံ ပြန်လည်တည်ဆောက်ခြင်း။

(၂) ပရိယတ္တိသာသနာတော်ကို လွတ်လပ်သော ရှေ့ဆောင်ဗုဒ္ဓဘာသာနိုင်ငံကြီးတနိုင်ငံ၏ ကိုယ်အင်္ဂါနှင့် လျော်ညီအောင် ရှေးကထက်တိုးတက်အောင်အားပေးခြင်း။

(၃) ပဋိပတ္တိသာသနာတော်ကြီးကိုလည်း ဆထက်တန်ပိုး တိုးတက်ကြီးပွားအောင် ထိထိရောက် ရောက်ချိုးမြှောက် အားပေးခြင်း။

(၄) ဗုဒ္ဓသာသနာတော်ကြီးကို နေရောင်၊ လရောင်တို့ကဲ့သို့ ကမ္ဘာကိုထွန်းလင်းတောက်ပစေရန် ရည်သန်ပြီး ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ခမ်းနားကြီးကျယ်စွာ ကျင်းပနိုင်စေရန် အစွမ်းကုန်ကြိုးစားအားထုတ်ခြင်းတို့ ဖြစ်သည်။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့သည် ၁၉၅၁–ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်နေ့တွင် ဥပဒေပုဒ်မ(၂၃)နှင့်အညီ ဗုဒ္ဓသာသနာအဖွဲ့ငယ်များကို ဖွဲ့စည်းခဲ့သည်။ ယင်းတို့မှာ–

(၁) ပရိယတ္တိအဖွဲ့ငယ်

(၂) ပဋိပတ္တိအဖွဲ့ငယ်

(၃) ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ငယ်

(၄) ဘဏ္ဍာရေးအဖွဲ့ငယ်တို့ဖြစ်သည်။

ထိုအပြင်ဆဋ္ဌသင်္ဂါယနာစီစဉ်ရေးအဖွဲ့ငယ်ကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့ငယ်၏ လုပ်ငန်းတာဝန်များမှာ–

(၁) ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တံ့ စေခြင်း ဌါငှင်း။

(၂) ပိဋကတ်ပါဠိတော်များကို ပိုမို၍ သန့်ရှင်းကောင်းမွန်ပါစေခြင်း ဌါငှင်း။

(၃) ပါဠိဘာသာကို မတတ်မြောက်သော ပုဂ္ဂိုလ်များ ပိဋကတ်တော်၏အရသာကိုလွယ်လင့်တကူခံ ယူသုံးဆောင်နိုင်ကြပါစေရန်နှင့်။

(၄) နိုင်ငံခြားဒေသများ၌ သာသနာတော်ထွန်းကားပြန့်ပွားပါစေခြင်းအတွက်နှင့်။

နိုင်ငံတော်အစိုးရသည် ဆဋ္ဌသင်္ဂါယနာတင်ခမ္မသဘင်ကြီးဖြစ်မြောက်ရေးအတွက် ပစ္စယာနုဂ္ဂဟအားဖြင့် ထောက်ပံ့လှူဒါန်းရန် ပြင်းထန်သောဆန္ဒရှိခဲ့သည့်အတိုင်း အစီအစဉ်များကိုပြည့်စုံအောင် စီစဉ်ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် ၁၉၅၁–ခုနှစ်၊နိုဝင်ဘာ(၈)ရက်တွင် ကျင်းပခဲ့သောနိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အမှုဆောင်အစည်းအဝေးတွင် သာသနာရေးဝန်ကြီးဦးဝင်းက နိုင်ငံတော်အစိုးရကိုယ်စား ဆဋ္ဌသင်္ဂါယနာတင်ကိစ္စကိုနိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့သို့ လွှဲအပ်ခဲ့သည်။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က ဆဋ္ဌသင်္ဂါယနာတင်ပွဲသို့ ကြွရောက်တော်မူလာကြကုန်သောပြည်တွင်းပြည်ပ သင်္ဃိတိကာရက ဆရာတော်ကြီးများနှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲသို့ အကူအညီပေးရန် ကြွလာကုန်သော ထေရ်ကြီးဝါကြီးတို့အားနှင့်၊ တိပိဋကရေ စာပြန်စာဖြေအရှင်မြတ်များအားနှင့်၊ ဝိပဿနာ တရားနည်းယူ အားထုတ်ရန် အိန္ဒိယ၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ အင်္ဂလန်၊ ဂျာမန်၊ ဂျပန်စသော အပြည်ပြည်တို့မှရောက်လာကြကုန်သော နိုင်ငံရပ်ခြား၊ လူယောဂီ၊ ရဟန်းယောဂီအပေါင်းတို့အားနှင့်၊ ပစ္စည်းလေးပါးတို့ကို စွမ်းဆောင်နိုင်ရာဘက်မှအစွမ်းကုန် ဧည့်ခံပြုစု စောင့်ရှောက်ခြင်းတို့ဖြစ်သည်။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့သည် အထူးသဖြင့် သေးသိမ်မေးမိန်လျက်ရှိသော ချင်း၊ ကချင်၊ ကယား၊ လဝ၊ နာဂ စသော

တောင်တန်းဒေသများသို့လည်း သာသနာတော်ပြန့်ပွား ထွန်းကားစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ထိုပြင်နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့သည် ပိဋကကျမ်းစာများ ပုံနှိပ် ဖြန့်ချိခြင်း၊ အဘိဓမ္မာစာမေးပွဲကျင်းပပေးခြင်း၊ အကျဉ်းထောင်အတွင်း ဗုဒ္ဓဘာသာသင်တန်းပြုလုပ်ပေးခြင်း၊ ဓမ္မဒူတသိပ္ပံကျောင်း တည်ဆောက်ခြင်း၊ တိပိဋကရေစာမေးပွဲပြုလုပ်ခြင်း၊ နိုင်ငံခြားသို့ ဖြန့်ချိရန်အတွက် ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပုံနှိပ်ခြင်း၊ ဗုဒ္ဓဘာသာရတနာသုံးပါးနှင့် စပ်လျဉ်းသောပျို့များ ပုံနှိပ်ခြင်း ကျောင်းသားများအတွက် စာပေဆုများ ပေးခြင်းနှင့်ဘုန်းတော်ကြီးကျောင်းများတွင် တိုင်းရင်းဘာသာ ပညာသင်ကြားရေးတို့ဖြစ်သည်။ နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့မှ ကြီးမှူး၍ သုံးနှစ်တိုင်တိုင် သာသနာရိပ်သာ၌ ကျင်းပခဲ့သော တိပိဋကရေရွေးချယ်ရေးစာမေးပွဲကို ၁၉၅၁–ခုနှစ်၊ နိဝင်ဘာလမှစ၍ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က ဆက်လက်၍ တာဝန်ခံ ကျင်းပပေး ခဲ့ပါသည်။

## တိပိဋကရေရွေးချယ်ရေးစာမေးပွဲရည်ရွယ်ချက်

တိပိဋကရေရွေးချယ်ရေးစာမေးပွဲ၏ ရည်ရွယ်ချက်မှာ–

(၁) ဗုဒ္ဓသာသနာတော်၌ ဘုန်းကံပါရမီဉာဏ်ပညာထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖေါ်ထုတ်ရန်။

(၂) ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံး ချီးမြှောက်ရန်။

(၃) သာသနာတော်၌ ဓမ္မစေတီထိုက်သော ပိဋကနှုတ်ငုံဆောင် ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရန်တို့ဖြစ်သည်။

သင်္ဂါယနာတင်သမိုင်းကို လေ့လာသောအခါ သင်္ဂါယနာတင်ပွဲတွင် မြတ်ဗုဒ္ဓ၏ ပါဠိစနပါဠိတော်များကို နှုတ်လွတ် ပြန်ဆိုသော အစဉ်အလာရှိခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်သောအခါတွင်လည်း ပိဋကစာပေများကို နှုတ်တက်အာဂုံဆောင်နိုင်သော ပုဂ္ဂိုလ်ထူး ပေါ်ထွက်စေလိုသည်။ ထိုကြောင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ တိပိဋကရေရွေးချယ်ရေးအဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ တိပိဋကရေရွေးချယ်ပွဲကြီးကိုကျင်းပရန် ဥက္ကဋ္ဌကြီးဆာဦးသွင်မှ အဆိုပြုခဲ့သည်။ ဆာဦးသွင်၏ အဆိုကို အဖွဲ့ဝင်အားလုံး သဘောတူ အတည်ပြုကြသည်။

## ၅။ နိုင်ငံတော်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် တိပိဋကရေရွေးချယ်ရေး စာမေးပွဲ

ဆဋ္ဌသင်္ဂါယနာတင်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် တိပိဋကရေ ပေါ်ထွက်ရေးသည် အဓိကကျသော အကြောင်းရင်း တစ်ရပ်ပင်ဖြစ်သည်။ တိပိဋကရေပေါ်ထွက်ရန် အကြံသည် ဥက္ကဋ္ဌကြီး ဆာဦးသွင်ကြောင့်ဖြစ်ပေါ်ခဲ့ရသည်။ ဆာဦးသွင်သည်မိသားစုနှင့်အတူ လွတ်လပ်ရေးမရမီ(၁၀)နှစ်ခန့်က သီဟိုဠ်ကျွန်းသို့ စွယ်တော်ဖူးရန် ရောက်ခဲ့သည်။ ဆာဦးသွင်သည် မြန်မာနိုင်ငံ၌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်လည်းဖြစ်၍ သာသနာရေးဘက်တွင်ထင်ရှားသော ပုဂ္ဂိုလ်လည်းဖြစ်ပေရာ သီဟိုဠ်ကျွန်း၌ ကျင်းပသော နှုတ်ဆက်ပွဲ တစ်ခုတွင်သီဟိုဠ်စွယ်တော်ထိန်း အမတ်ကြီးတို့က 'မြန်မာပြည်မှာ စာတတ်ပုဂ္ဂိုလ်၊ အကျင့်သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ပေါများသော်လည်း တိပိဋကရေပုဂ္ဂိုလ်ရှိပါသလား၊ ထိုပုဂ္ဂိုလ်မျိုးရှိကြောင်း မကြားဖူး'ဟု ပြောဆိုကြ၏။ ဆာဦးသွင်ကလည်း 'မိမိလည်းမကြားဖူး ပါကြောင်း' ဝန်ခံခဲ့ရသည်။

ဆာဦးသွင်သည် မြန်မာနိုင်ငံသို့ ပြန်ရောက် ပြီးနောက် ရန်ကုန်မြို့၊ ရွှေတိဂုံစေတီရင်ပြင်ရှိ စေတီယင်္ဂဏ အသင်းတိုက် ပြုလုပ်ထားသော ဒေါ်ဖွားကောင်းမှု ထိီးတော်ရုံကြီး၌ မိမိတစ်ဦးတည်း ဒကာခံယူကာ တိပိဋကရေ ရွေးချယ်ရေး စာမေးပွဲ တစ်ရပ်ကျင်းပရန် ဆရာတော်များ၊ ပါဠိပညာရှင်လူပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆွေးနွေးခဲ့ဘူးသည်။ သို့ပါသော် လည်း ဒုတိယကမ္ဘာစစ်ကြီး နှင့်ကြုံတွေ့ကာ ထိုအကြံပျက်ခဲ့ရသည်။

သာသနာဝင်တို့၌ မြတ်စွာဘုရားပွင့်တော်မူသည်မှစ၍ စတုတ္ထ သင်္ဂါယနာတင်သည့်ခေတ်တိုင်အောင် နှစ်ပေါင်း(၄၅၀)ခန့်လောက် အတွင်း သာသနာပြုမင်းကောင်းမင်းမြတ်တို့၏ အချီးအမြှောက်ကို ခံရသဖြင့် ပိဋကတ်သုံးပုံဆောင် တိပိဋကရေ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးတို့ အမြောက်အမြားပေါ်ထွန်းခဲ့ပါသည်။ မြန်မာနိုင်ငံတွင် လည်း ပုဂံခေတ် (အေဒီ ၁၀၄၄-၁၂၈၇)တွင် ပိဋကတ်သုံးပုံဆောင် တိပိဋကရေ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးတို့ ပေါ်ထွက်ခဲ့ပြီးနောက်၊ ပင်းယခေတ်(အေဒီ ၁၃၁၃-၁၃၆၄)၊ အင်းဝခေတ်(အေဒီ၁၃၆၄-၁၇၅၂)တို့တွင် ပိဋကနှစ်ပုံဆောင်၊ တစ်ပုံဆောင်သာသနာ့ အာဇာနည် တို့ပင် တစတစနည်းပါးလာ၍ ပိဋကတ်အစိတ်အပိုင်းငါးကျမ်းအောင်၊ ခြောက်ကျမ်းအောင်၊ ခုနစ်ကျမ်းအောင် ပုဂ္ဂိုလ်တို့သာ ထွန်းကား ခဲ့ပါသည်။ ကုန်းဘောင်ခေတ် (အေဒီ၁၇၅၂-၁၈၈၆) နှစ်ပေါင်း (၂၀၀)လောက်အတွင်း ပိဋကတ်အရာကျွမ်းကျင်လိမ္မာသော သာသနာ့ အာဇာနည်ပုဂ္ဂိုလ်ထူးများ တစတစတိုးတက်လာသဖြင့်၊ ပိဋကတ်သုံးပုံ ဆောင်သံဃာတော်အသီးသီးတို့ ခွဲဝေတာဝန်ယူ၍ ပဉ္စမသင်္ဂါယနာ တင်ခဲ့သည်ကို ထောက်သဖြင့် ပိဋကတ်အာဂုံဆောင် ပုဂ္ဂိုလ်ထူးများ အဆက်မပြတ် ရှိခဲ့ကြောင်းထင်ရှားပါသည်။ ကိုလိုနီခေတ် (အေဒီ

၁၈၈၆–၁၉၄၈)တွင်း ပိဋကတ်အာဂုံဆောင် ပုဂ္ဂိုလ်ထူးတို့ တစတစ ပျောက် ကွယ်ကာ တိုင်းပြည်ရှိ ရဟန်းရှင်လူတို့ ကျင်းပသော စာမေးပွဲများ နှင့် အစိုးရမင်းတို့ ကျင်းပပြုလုပ်ခဲ့သော ပဋ္ဌမပြန်စာမေးပွဲလောက်နှင့်ပင် တင်းတိမ်ခဲ့ကြရပါသည်။

လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရှေးရှေး သာသနာပြုမင်းကောင်းမင်းမြတ်တို့ထုံးကို နှလုံးသွင်းလျက် ဓမ္မစက်၊ အာဏာစက်နှစ်မျိုးပြည့်စုံ၍ သာသနာတော်ကြီးကို အစွမ်းကုန် ချီးမြှောက်နိုင်ရန် ပါဠိတက္ကသိုလ်ကြီးများ ထူထောင်ခြင်း၊ သာသနာ တော်နှင့်စပ်သော ဗုဒ္ဓဘာသာဆိုင်ရာ အက်ဥပဒေတို့ကို ပြုလုပ်ခြင်း စသည်တို့ဖြင့် သာသနာရေးရာအတွက် ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ တည်ထောင်ပြီးသည့်နောက် ၁၉၄၈–ခုနှစ်၊ မတ်လ(၁၁)ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး၏ စံအိမ် တော်၌ကျင်းပသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ သုံးကြိမ်မြောက် အမှုဆောင်အစည်းအဝေးတွင် အဖွဲ့ချုပ်၏ မူလ ရည်ရွယ်ချက်ဖြစ်သော ပရိယတ္တိသာသနာတော်ကို ချီးမြှောက် ထောက်ပံ့ရေးကိစ္စကို ဆွေးနွေး ခဲ့ပါသည်။ တိပိဋကဓရ ရွေးချယ်ရေးကိစ္စသည် ပရိယတ္တိသာသနာ တော်ဘက်တွင် အလွန်နက်နဲ ကျယ်ပြန့်သော ကိစ္စကြီးတစ်ရပ်ဖြစ်သော ကြောင့် ရဟန်းပညာရှိ၊ လူပညာရှိများစွာတို့နှင့် အကြိမ်ကြိမ်တိုင်ပင် ဆွေးနွေးခဲ့ကြပြီးလျှင် ဗုဒ္ဓသာသနာ့တိပိဋကဓရရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ တိပိဋကဓရရွေးချယ်ရေးအဖွဲ့တွင် နာယကဆရာတော် များအဖွဲ့ (နောင်ဩဝါဒါစရိယအဖွဲ့)နှင့် အမှုဆောင်အဖွဲ့ဟူ၍ အဖွဲ့ခွဲ နှစ်ခုရှိပါသည်။

(က)နာယကဆရာတော်များအဖွဲ့တွင်–

၁။ ရန်ကုန်မြို့၊ ပုဇွန်တောင်၊ နေ့ဲမကျောင်းဆရာတော်ဦးဉာဏ (ဥက္ကဋ္ဌ)

၂။ ရန်ကုန်မြို့၊ ရွှေဂုံတိုင်၊ ဘုရားကြီးတိုက်ဆရာတော် ဦးကောဏ္ဍည (ဒုတိယဥက္ကဋ္ဌ)

၃။ ရန်ကုန်မြို့၊ တာမွေ၊ သိမ်ကုန်းကျောင်းဆရာတော်ဦးရေဝတ (အဖွဲ့ဝင်)

၄။ ရန်ကုန်မြို့၊ ကျိုက္ကလားပါဠိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဝိသုဒ္ဓါစာရ (အဖွဲ့ဝင်)

၅။ ရန်ကုန်မြို့၊ ကျားကူးကျောင်းဆရာတော်ဦးစန္ဒ (အဖွဲ့ဝင်)

၆။ ရန်ကုန်မြို့၊ ရွှေကျင်တိုက် မန်ဦးကျောင်းဆရာတော် ဦးဇောတ (အဖွဲ့ဝင်)

၇။ ရန်ကုန်မြို့၊ ကြည်မြင်တိုင်၊ စလင်းကျောင်းဆရာတော် ဦးနာရဒ (အဖွဲ့ဝင်)

၈။ ရန်ကုန်မြို့၊သရက်တောတိုက် သာသနာလင်္ကာရကျောင်း ဆရာတော် ဦးနန္ဒသာမိ (အဖွဲ့ဝင်)

၉။ ရန်ကုန်မြို့၊သရက်တောတိုက် ပိဋကတ်တိုက်သစ်ကျောင်း ဆရာတော်ဦးသူရိယ (အဖွဲ့ဝင်)တို့ ဖြစ်တော်မူကြသည်။

ထိုနာယကဆရာတော်ကြီးများသည် တိပိဋကရွေးချယ်ပွဲ အောင်မြင်ရေးအတွက် ၁၉၄၈–ခုနှစ်၊ ဩဂုတ်လမှစ၍ အမှုဆောင်အဖွဲ့ အား ဆုံးမဩဝါဒပေးတော်မူပါသည်။

(ခ)အမှုဆောင် အဖွဲ့တွင်–

၁။ ဆာဦးသွင် (ဥက္ကဋ္ဌ)

၂။ အဂ္ဂမဟာပဏ္ဍိတဆရာကြီးလင်း (အဖွဲ့ဝင်)

၃။ မေဓာဝီဆရာဆိုင် (ပါဠိပညာရှင်)(အဖွဲ့ဝင်)

၄။ ပါဠိပါမောက္ခဆရာညဏ် (ပါဠိပညာရှင်)(အဖွဲ့ဝင်)

၅။ ဆရာအုပ် (ပါဠိပညာရှင်)(အဖွဲ့ဝင်)

၆။ ဦးဘသန်း (မြန်မာစာအထက်တန်းပြဆရာ)(အဖွဲ့ဝင်)

၇။ ဦးအောင်သိမ်း (ရန်ကုန်တက္ကသိုလ်ပါဠိဌာန၊ နည်းပြဆရာ)(အဖွဲ့ဝင်)

၈။ ပထမကျော် ဦးကြီးဖေ(အကျိုးဆောင်)(အဖွဲ့ဝင်)

၉။ ဦးဘခင် (ငွေစာရင်းမင်းကြီး)(အဖွဲ့ဝင်)

၁၀။ ဦးစံသိန်း( ဒုတိယအတွင်းဝန်)(အဖွဲ့ဝင်)တို့ဖြစ်သည်။

ပထမကျော်ဦးကြီးဖေမှာ အမှုဆောင်အဖွဲ့မှာသာမက နာယက အဖွဲ့၏ အကျိုးဆောင်အဖြစ်လည်းဆောင်ရွက်ခဲ့သည်။

တိပိဋကရေရွေးချယ်ရေးအဖွဲ့၏ အမှုဆောင်အဖွဲ့ခွဲသည် နာယက ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူကြကာ သာသနာသုံးရပ်၏ ရေသောက်မြစ်ဖြစ်သော ပရိယတ္တိသာသနာတော် ကြီးပွားထွန်းကား ရန်ဆောင်ရွက်ခဲ့ကြသည်။တိပိဋကရေရွေးချယ်ရေး စည်းမျဉ်း ဥပဒေကို နာယကအဖွဲ့နှင့်အတူ စတင်ရေးဆွဲခဲ့ကြသည်။ ယင်း စည်းမျဉ်းအရ တိပိဋကရေရွေးချယ်ရေးပွဲကို ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ကြ ပါသည်။

တိပိဋကရေရွေးချယ်ရေးအဖွဲ့ အကျိုးဆောင်ပထမကျော် ဦးကြီးဖေက ၁၉၄၉–ခုနှစ် ဖေဖော်ဝါရီလ(၃)ရက်တွင် ပထမအကြိမ် တိပိဋကရေရွေးချယ်ရေးစာမေးပွဲကြီး ကျင်းပမည်ဖြစ် ကြောင်းစာမေးပွဲ ဖြေဆိုလိုသော ရဟန်းသာမဏေများ စာရင်းသွင်းကြပါရန် သတင်းစာမှ ဖိတ်ခေါ် ကြေငြာခဲ့သည်။

ပထမအကြိမ်တိပိဋကစရေ ရွေးချယ်ပွဲစာမေးပွဲကို ၁၉၄၉–ခုနှစ်၊ ဖေဖေါ်ဝါရီ( ၇)ရက်တွင် သံဃာတော်(၁၇)ပါး လက်မှတ်ရေးထိုး စာရင်းသွင်းထားပြီး ယင်းတို့အနက် သံဃာတော် (၆)ပါး ဝင်ရောက် ဖြေဆိုရာ တစ်ပါးမျှအောင်မြင်ခြင်းမရှိခဲ့ပေ။ ထိုသို့ပထမအကြိမ် တိပိဋကစရေ ရွေးချယ်ရေးစာမေးပွဲတွင် တစ်ပါးမျှ အောင်မြင်ခြင်း မရှိခဲ့သဖြင့် ထိ တိပိဋကစရေရွေးချယ်ရေးစာမေးပွဲကို ကန့်ကွက်ခဲ့ကြပါသည်။ အကြောင်းမှာ ရှေးရှေးအခါက ပိဋကတ်တော်ကို အာဂုံဆောင်တော်မူခဲ့ရခြင်းမှာ ထိုပိဋကတ်တော်တို့သည် ပေစာများ၊ ကျောက်စာများဖြင့် ရှိနေကြခြင်းကြောင့် အာဂုံဆောင်ရခြင်းဖြစ်သည်။ယခုအခါတွင်စာအုပ်များဖြင့် ပုံနှိပ်ပြီးရှိသောကြောင့်ထို ပိဋကတ်တော်တို့ကို အာဂုံဆောင်ထားရန် မလိုတော့ကြောင်း၊ အခြားပြည့်စုံသော ပရိယတ္တိစာပြန်ပွဲများလည်း ရှိပြီးဖြစ်ပါ၍ တိပိဋကစရေ ရွေးချယ်ရေးစာမေးပွဲကြီးကို ငွေကုန်ကြေးကျခံပြီး ကျင်းပရန် မလိုအပ်ကြောင်း၊ ရဟန်းတော်များကိုလည်း ညှင်းဆဲသတ်ဖြတ်ရာရောက်ကြောင်း စသည့်ဖြင့် ဗမာခေတ်သတင်းစာတွင် အကြောင်းပြ ကန့်ကွက်သော ဆောင်းပါးများ ရေးသားခဲ့ကြသည်။ ထိုသို့ကန့်ကွက်မှုများကြားမှပင် တိပိဋကစရေရွေးချယ်ရေးစာမေးပွဲကြီးကို ဆက်လက်ကျင်းပခဲ့သည်။ တိပိဋကစရေရွေးချယ်ရေးစာမေးပွဲကို ဒုတိယအကြိမ်ကျင်းပ၍ တစ်ပါးမျှမအောင်မြင်ပါက ထိုစာမေးပွဲကို ဆက်လက် မကျင်းပတော့ဘဲ ပယ်ဖျက်ရန်ဆုံးဖြတ်ချက်ကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ သင်းလုံးကျွတ်အစည်းအဝေးကြီးတွင် ဆုံးဖြတ်အတည်ပြုခဲ့ပါသည်။ ဒုတိယအကြိမ်ကိုပိဋကစရေ ရွေးချယ်ရေး စာမေးပွဲကြီးကို ၁၉၄၉ခုနှစ်၊ ဒီဇင်ဘာ(၂၅)ရက်မှစ၍ (၂၆) ရက် တိုင်တိုင် ကျင်းပခဲ့သည်။ ရဟန်းတော်(၅)ပါး ဝင်ရောက်ဖြေဆိုတော်မူပါသည်။

သုတ်သုံးကျမ်း ပြန်ဆိုမည့် ရဟန်းတော်တစ်ပါး၊ ဝိနည်း ငါးကျမ်းပြန်ဆို မည့် ရဟန်းတော်သုံးပါး၊ အဘိဓမ္မာအောက် ငါးကျမ်း ပြန်ဆိုမည့် ရဟန်းတော်တစ်ပါးတို့ဖြစ်သည်။ထိုရဟန်းအာဇာနည် ငါးပါးအနက် ပလ္လင် အမှတ်(၅)မှ အရှင်ပညာသာရ တစ်ပါးတည်းသာ စာမျက်နှာ (၂၂၆၀)မျက်နှာရှိသော ဝိနည်းပါဠိတော်ကြီး ငါးကျမ်းလုံးကို နေ့စဉ် အထောက်အမကင်း၍ သန့်ရှင်းကြည်လင် ပြတ်သားစွာ ပြန်ဆိုတော် မူနိုင်သဖြင့် 'ဝိသိဋ္ဌ'ဂုဏ်ထူးရရှိ၍ 'ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရ' ဟူသော ဘွဲ့ထူးကို အောင်မြင်စွာဆွတ်ခူးတော်မူသည်။ ထိုသို့ ဦးပညာ သာရ၏ကျေးဇူးကြောင့်သာလျှင် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး ရပ်ဆိုင်းမသွားဘဲ တိပိဋကဓရစာမေးပွဲများ ဆက်လက်ကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။

တတိယအကြိမ် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကို ၁၉၅၀– ပြည့်နှစ်၊ ဖေဖော်ဝါရီ(၅)ရက်နေ့မှစ၍ (၂၇)ရက်တိုင်တိုင်ကျင်းပခဲ့ရာ ရဟန်းပေါင်း(၅)ပါး ဝင်ရောက်ဖြေဆိုတော်မူခဲ့ရာ စစ်ကိုင်းတိုင်း၊ မင်းကွန်း တိုက်နယ်၊ ဓမ္မနာဒကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရာဘိဝံသ တစ်ပါး သာ ဝိနယပိဋကတွင် အာဂုံနှင့် သဘောရေးဖြေ နှစ်ရပ်လုံးတွင် ဂုဏ်ထူး ဖြင့် အောင်မြင်တော်မူခဲ့ပါသည်။ ထိုကြောင့် အရှင်ဝိစိတ္တသာရာဘိဝံသ အား 'ဗုဒ္ဓသာသန ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ' တံဆိပ်တော် အောင်လက်မှတ်၊ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်တစ်လက်၊ တံဆိပ် ဘွဲ့ပုံ ပါရှိသော သာသနာ အောင်လံ တော်နှင့် မီးရထား၊ မီးသင်္ဘော ခရီးသွားလာခွင့် ပထမတန်း အခလွတ် လက်မှတ်(Pass)တို့ကို ဆက် ကပ်လှူဒါန်းခဲ့ပါသည်။ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့အနေဖြင့် တိပိဋက ဓရ ရွေးချယ်ပွဲကို တတိယအကြိမ်အထိ ဆောင်ရွက်ခဲ့ပြီးသည့်နောက်

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကို ပြောင်းလဲ ဖွဲ့စည်းတည်ထောင်သော အခါ၊ ထိုတိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကို နိုင်ငံတော်ဗုဒ္ဓသာသနာ အဖွဲ့ သို့လွှဲအပ်ခဲ့သည်။ သို့ပါ၍ ၁၉၅၁–ခုနှစ်၊ စတုတ္ထအကြိမ် တိပိဋက ဓရ ရွေးချယ်ရေး စာမေးပွဲကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကပင် ဦးဆောင်တာဝန် ယူ၍ ကျင်းပခဲ့သည်။

## ၆။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့နှင့် တိပိဋကဓရရွေးချယ်ပွဲ

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကကြီးမှူး၍ စတုတ္ထအကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကို ၁၉၅၁–ခုနှစ်၊ နိုဝင်ဘာ(၂၃)ရက် နေ့မှစ၍ (၂၇)ရက်တိုင်တိုင် ကျင်းပခဲ့သည်။ ဖြေဆိုသူဆရာတော် (၄)ပါးတို့တွင် ပိဋကတစ်ပုံစီအောင်မြင်ခဲ့ပါသည်။ အရှင်ဝိစိတ္တသာရာ ဘိဝံသသည် အဘိဓမ္မာရှေ့ပိုင်းငါးကျမ်းကို အာဂုံပြန်ဆိုရာ၌ အထောက် အမလွတ်ကင်းစွာ ပြန်ဆိုနိုင်၍ 'ဝိသိဋ္ဌ'ဂုဏ်ထူးဖြင့် အောင်မြင်သည့် အပြင်၊ သဘောရေးဖြေပွဲ၌လည်း အမှတ်ရာခိုင်နှုန်း (၉၄)မှတ် ရရှိတော် မူသောကြောင့် 'မဟာ'ဂုဏ်ထူးဖြင့် အောင်မြင်တော်မူသည်။ ပဥ္စမအကြိမ် တိပိဋကဓရရွေးချယ်ပွဲကို ၁၉၅၂–ခုနှစ်၊ ဒီဇင်ဘာလ(၂၈)ရက်နေ့မှစ၍ (၃၂)ရက်တိုင်တိုင် ကျင်းပခဲ့သည်။ ဖြေဆိုသူ(၄)ပါး အနက်(၂)ပါး အောင်မြင်သည်။ ၎င်းတို့မှာ အရှင်ဝိစိတ္တသာရာဘိဝံသနှင့် ပခုက္ကူမြို့မှ အရှင်ကောဝိဒတို့ဖြစ်သည်။ ၁၉၅၁ခုနှစ် စတုတ္ထအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲတွင် အရှင်ဝိစိတ္တသာရာဘိဝံသသည် အဘိဓမ္မာပိဋက (ပဌမပိုင်း) ငါးကျမ်းကို အာဂုံနှင့် သဘောရေးဖြေ နှစ်ရပ်လုံးတွင် ဂုဏ်ထူးနှစ်ဆင့် ဖြင့်ပင် အောင်မြင်တော်မူခဲ့သည်။

၁၉၅၂–ခုနှစ် ပဥ္စမအကြိမ် တိပိဋကဓရရွေးချယ်ပွဲ၌တွင်လည်း အဘိဓမ္မာပိဋက( ဒုတိယပိုင်း) အာဂုံနှင့် သဘောရေးဖြေ နှစ်ရပ်လုံးတွင်

ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူသည့်အတွက် 'ဝိသိဋ္ဌ အာဘိဓမ္မိက မဟာအာဘိဓမ္မကောဝိဒ 'ဘွဲ့တံဆိပ်တော်နှင့် ဘွဲ့ပုံလက်မှတ်တို့နှင့် နိုင်ငံတော်အစိုးရ၏ အရိုးဝါကနက္ကဒဏ်ထီးဖြူတော်(၂)လက် အမှတ် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ဆက်လက်လှူဒါန်း ခြင်း ခံရသည်။

ပခုက္ကူသာသနဝိပုလာရာမတိုက် အရှင်ကောဝိဒသည် ၁၉၅၁– ခုနှစ်တွင် စတုတ္ထအကြိမ် တိပိဋကဓရရွေးချယ်ပွဲတွင် ဝိနယပိဋက အာဂုံပြန်ပွဲ၌ သာမန်အောင်မြင်၍ သဘောရေးဖြေပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်တော်မူသည့်အတွက် ' ဝိနယဓရ မဟာဝိနယကောဝိဒ 'ဘွဲ့ တံဆိပ်တော် အောင်လက်မှတ်တော်နှင့် သာသနာ့အောင်လံတော်တို့ကို ရရှိခဲ့ပြီး ၁၉၅၂–ခုနှစ် ပဥ္စမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲတွင်လည်း အဘိဓမ္မာပိဋက(ပဌာန်းမပိုင်း)ငါးကျမ်းအာဂုံနှင့် သဘော ရေးဖြေတွင် အောင်မြင်တော်မူသည့်အတွက် အသိအမှတ်ပြု အောင်လက်မှတ်ကို ဆက်ကပ်လှူဒါန်းခြင်း ခံရသည်။

ဆဋ္ဌအကြိမ်တိပိဋကဓရရွေးချယ်ပွဲကို ၁၉၅၃–ခုနှစ်၊ ဒီဇင်ဘာ (၂)ရက်မှစ၍ (၃၂)ရက် တိုင်တိုင်ကျင်းပခဲ့သည်။ ဖြေဆိုသူ (၆)ပါး ရှိသည့်အနက် (၂)ပါးသာ အောင်မြင်တော်မူခဲ့သည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် စတုတ္ထကြိမ်နှင့် ပဥ္စမအကြိမ် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတို့၌ ဝင်ရောက်ဖြေဆို နေတော် မူသောအချိန်တွင် ဆဋ္ဌသင်္ဂါယနာတင်ရန် ပြင်ဆင်သောအချိန်လည်း ဖြစ်သည်။ အရှင်ဝိစိတ္တသာရာဘိဝံသသည် မန္တလေးတိုင်း၊ စစ်ကိုင်း ခရိုင်၊ မင်းကွန်းတိုက်နယ် ပါဠိဝိသောအဖွဲ့၏အကျိုးဆောင်ဖြစ်သည်။ အရှင်ဝိစိတ္တသာရာဘိဝံသပါဝင်သော မင်းကွန်းတိုက်နယ်အဖွဲ့မှ ဝိနည်း

မဟာဝါပါဠိတော်ကို သန့်စင်ရန် တာဝန်ယူရသည်။ အရှင်မြတ် သည် (၁၉)ရက်အတွင်း ထိုလုပ်ငန်းတာဝန် ပြီးစီးအောင်ဆောင်ရွက်၍ ပရိဝါ ပါဠိတော်ကို သန့်စင်ရန် တာဝန်ယူခဲ့ပြန်ပါသည်။ ဤလုပ်ငန်းကိုလည်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်တော်မူခဲ့သည်။

ထိုတာဝန်များ ထမ်းဆောင်နေစဉ် အရှင်ဝိစိတ္တသာရာဘိဝံသ သည် ပါဠိတော်စာအုပ်တို့ကို ပါဠိတော် စစ်ဆေးသန့်စင်ရုံသာမဟုတ်ဘဲ မှုကွဲဆိုင်ရာပါဠိများနှင့်ဆိုင်ရာ အဋ္ဌကထာ၊ ဋီကာတို့၌ ရှာဖွေ၍ အားလုံး ကို သဘောတူသည့်အခါ မှတ်ချက်များကို ကိုယ်တိုင် လက်နှိပ်စက်ဖြင့် ရိုက်ခြင်း၊ အဖွဲ့ဝင်ဆရာတော်များအား မှတ်ချက် မိတ္တူများ ရိုက်နှိပ် ဆက်ကပ်ခြင်းဖြင့် နိုင်ငံတော်ဗုဒ္ဓ သာသနာ့အဖွဲ့ကြီးနှင့်တကွ အဖွဲ့ဝင် ဆရာတော်အားလုံး၏ စိတ်နှလုံးကို ကျေနပ် နှစ်သိမ့်စေခဲ့ပါသည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် ဆဋ္ဌသင်္ဂါယနာဝိသောဓက အဖွဲ့တွင်လည်း ပါဝင်ဆောင်ရွက်တော်မူသည်။ ထိုအဖွဲ့အတွင်း မြန်မာ ရဟန်းတော်များသည် ပါဠိစာပေတွင် ကျွမ်းကျင်ပါသော်လည်း ဘာသာ စကားဖက်တွင် အားနည်းကြသည်။ သီရိလင်္ကာဆရာတော်များမှာ ဘာသာစကားတွင် ကျွမ်းကျင်ကြပြီး၊ ပါဠိစာပေ ကျမ်းဂန် ဖက်များတွင် အားနည်းတော်မူကြပြန်သောကြောင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ နားလည်းမှု ရရန်ခဲယဉ်းသည်။အချို့သောအကြောင်းကိစ္စများ ပေါ်ပေါက်လာသော အခါ အရှင်ဝိစိတ္တသာရာဘိဝံသသည် အဖွဲ့ဝင်သံဃာတော်တို့အား ရှိသေစွာ ရှင်လန်းနှစ်သိမ့်လျက် ပြဿနာများကို ဖြေရှင်း၍ ဖြစ်နိုင် ချေရှိသော ဖြေရှင်းချက်တို့ကို နှစ်ဘက်စလုံးသို့ ပေးနိုင်ခဲ့သည်။ ထိုကြောင့် အဖွဲ့ဝင်သံဃာများ ကျေနပ်နှစ်သက်သော နားလည်မှုကိုရကြသည်။ အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဆောင်ရွက်ချက်ကို သတိမူမိတော် မူကြ

သော သီရိလင်္ကာဆရာတော်များက 'ဤရဟန်းတော်မျိုး သီရိလင်္ကာမှာမရှိ၊ ဇမ္ဗူဒီပါကျွန်း(အိန္ဒိယ) တွင်လည်း ရှိမည်မဟုတ်ပါ'ဟု ပြောစမှတ်ပြုကြကုန်သည်။အရှင်မြတ်သည် မင်းကွန်းသို့ပြန်ကြွ၍ အဋ္ဌကထာ၊ ဋီကာများ သန့်စင်ခဲ့သည်။ တိပိဋကရေရွေးချယ်ရေးစာမေးပွဲကို နောက်ဆုံးကျန်နေသော သုတ္တန်ပိဋကအတွက် ဝင်ရောက်ဖြေဆိုရန် ပြင်ဆင်နေခဲ့သည်။ ဝိနည်းနှင့် အဘိဓမ္မာတို့ကို ဖြေဆိုပြီးနောက် သုတ္တပိဋကမှ စာမျက်နှာ (၇၇၉)မှာ တာဝန်မကြီးတော့ပေ။ ထိုနှစ်တွင် အရှင်ဝိစိတ္တာသာရာဘိဝံသသည် ဒီဃနိကာယ်သုတ် သုံးကျမ်းအာဂုံနှင့် သဘောရေးဖြေနှစ်ရပ်လုံးတို့ကို ဂုဏ်ထူးဖြင့် အောင်မြင်တော်မူသောကြောင့် 'ဝိသိဋ္ဌဒီဃဘာဏက မဟာဒီဃနိကာယကောဝိဒ'ဟူသော ဘွဲ့တံဆိပ်တော်ကို သာမက တိပိဋကရေရွေးချယ်ပွဲ စည်းမျဉ်းအပိုဒ်(၄၀) အရ သင်ရိုးပိဋကသုံးပုံတွင် ဂုဏ်ထူးဖြင့်အောင်မြင်တော်မူ၍ 'ဝိသိဋ္ဌ တိပိဋကရေမဟာတိပိဋကကောဝိဒ'တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကိုပါ ဆက်ကပ်လှူဒါန်းခံခဲ့ပါသည်။ နိုင်ငံတော်အစိုးရကလည်း ဆင်စွယ်ယပ်ဝန်း 'ဝိစိတ္တာသာရာဘိဝံသ၊ တိပိဋကရေမဗ္ဘဏ္ဍာဂါရိက' ဘွဲ့တံဆိပ်တော်နှင့် တကွ ကုန်း၊ ရေ၊ လေ သုံးဌာန ပဋ္ဌမတန်း ခရီးသွားလာခွင့် အခလွတ်လက်မှတ်တို့ကို ဆက်ကပ်ခဲ့ပါသည်။

ဤသို့အားဖြင့် ၁၉၅၄–ခုနှစ်၊ ဇန္နဝါရီလ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတွင် တိပိဋကရေမဗ္ဘဏ္ဍာဂါရိက'ပုဂ္ဂိုလ်တစ်ပါးသည် မီးပုံအတွင်း၌ ငွါးငွါးစွင့်စွင့်ပွင့်ထွန်းခဲ့ရသည့် ပဒုမ္မာကြာပွင့်ကြီးအလားမွေးဖွားသန့်စင် ပေါ်ထွန်း၍လာခဲ့သည်။

## ၇။ ဆဋ္ဌသင်္ဂါယနာတင် ပရိက်များပြုလုပ်ခြင်း

ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အရှည်တည်တံ့စေခြင်းငှါ၄င်း၊ ပိဋကတ်ပါဠိတော်များကို ပိုမိုသန့်ရှင်းကောင်း မွန်စေခြင်းငှါ၄င်း၊

ပါဠိဘာသာကို မတတ်မြောက်သူ လူပုဂ္ဂိုလ်တို့သည် ပိဋကတ်တော်၏ အရသာကို လွယ်လင့်တကူ ခံယူသုံးဆောင်နိုင်ကြစေခြင်းငှါ၄င်း၊ နိုင်ငံခြား ဒေသများ၌ သာသနာတော်ထွန်းကားပြန့်ပွားလာစေခြင်းငှါ၄င်း နိုင်ငံတော်အစိုးရသည် ဆဋ္ဌသင်္ဂါယနာတင်စေ့မွသဘင်ကြီး ဖြစ်မြောက် ရေးအတွက် ပြင်းထန်သောဆန္ဒရှိခဲ့ပါသည်။ ထိုကြောင့် ဆဋ္ဌသင်္ဂါယနာ တင်ရန် ပရိကံများပြုလုပ်အပ်သည့်အားလျော်စွာ ၁၉၅၁–ခုနှစ်၊ စက်တင် ဘာလ(၁၃)ရက်နေ့နံနက်(၉)နာရီအချိန်တွင် ဝန်ကြီးချုပ်၏ နေအိမ်တွင် ဗုဒ္ဓသာသနာအဖွဲ့အမှုဆောင်များနှင့် ပိဋကတ် မြန်မာပြန်စီစဉ်ရေး ကော်မီတီအဖွဲ့ဝင်တို့သည် အစည်းအဝေးတရပ်ကျင်းပ၍ ဆဋ္ဌသင်္ဂါယနာ တင်ကိစ္စကို အောက်ပါအတိုင်း ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

၁။ ဆဋ္ဌသင်္ဂါယနာတင်ရန်

သာသနာသက္ကရာဇ် ၂၄၉၈ (ကောဇာသက္ကရာဇ် ၁၃၁၆)ခုနှစ်၊ ကဆုန် လပြည့်နေ့မှစ၍ သာသနာသက္ကရာဇ် ၂၅၀၀ (ကောဇာသက္ကရာဇ် ၁၃၁၈)ခုနှစ် ၊ ကဆုန်လပြည့်နေ့တွင် ပြီးစီးအောင် ဆဋ္ဌသင်္ဂါယနာ တင်ရန်၊

၂။ ဆဋ္ဌသင်္ဂါယနာတင်မည့်ကျမ်းစာများ

(က) သုတ်သင်ပြီး ပိဋကတ်ပါဠိတော်များ

(ခ ) သုတ်သင်ပြီး ၄င်းအဋ္ဌကထာနှင့်ဋီကာများ

(ဂ ) သုတ်သင်ပြီး ပိဋကတ်မြန်မာပြန်ကျမ်းစာများ

၃။ သုတ်သင်ပြင်ဆင်ရန်နှင့် မြန်မာပြန်ဆိုရန်

(က) နိုင်ငံတော်အစိုးရကခန့်ထားသည့် ပိဋကမြန်မာပြန် အဖွဲ့က ပါဠိတော်များကိုမူအမျိုးမျိုးနှင့် ညှိနှိုင်းတိုက်ဆိုင်၍ သုတ်သင် ပြီးလျှင် ဆက်လက်၍ ပါဠိတော်များကို မြန်မာပြန်ဆိုရန်။

(ခ) ပိဋကတ်မြန်မာပြန်အဖွဲ့က သုတ်သင်ပြီးသမျှ ပါဠိတော်များနှင့် ပြန်ဆိုပြီးသမျှ ပိဋကတ်မြန်မာပြန်များကို ထပ်မံစစ်ဆေးအတည်ပြုရန်အတွက် ဆရာတော်ကြီးများ အဖွဲ့ချုပ်သို့တင်ပြရန်။

(ဂ) ထိုဆရာတော်ကြီးများအဖွဲ့ချုပ်ကပင် အဋ္ဌကထာနှင့် ဋီကာပါဠ်များကို သုတ်သင်ပြင်ဆင်ရန်။

(ဃ) ဆရာတော်ကြီးများအဖွဲ့ချုပ်က အတည်ပြုပြီး သုတ်သင်ပြီးသမျှ ပါဠိတော်၊ အဋ္ဌကထာ ဋီကာများနှင့် ပိဋကတ်မြန်မာပြန်ကျမ်းစာများကို ဆက်ကာဆက်ကာ ပုံနှိပ်ရန်။

(င) ကျမ်းစာများကို ပုံနှိပ်ရာတွင် ကြည့်ရှုရန် လွယ်ကူစိမ့်သောငှါအစဉ် မာတိကာ၊ အဆုံး၌ အက္ခရာဝလိ ထည့်သွင်း၍ ဖြတ်သင့်သည့် ဝါကျနှင့် အပိုဒ်များ၌ ပုဒ်ဖြတ်ပြီးလျှင် ကဏ္ဍအသီးသီး၌ ခေါင်းစဉ်များ ထည့်သွင်းပုံနှိပ်ရန်။

၄။ အရံသံဃာရွေးချယ်ထားရန်

ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် အဖွဲ့ငယ်များတွင် နေရာလစ်လပ်ပါက အချိန်မီ အစားဖြည့်သွင်းနိုင်ရန် ပိဋကဆေက ဆရာတော်အပါး (၁၅)ပါးခန့်ကို အရံသံဃာအဖြစ် ရွေးချယ်၍ထားပါ မည့်အကြောင်း 'ရွေးချယ်ရေးဆရာတော်အဖွဲ့' အားလျှောက်ထားရန်။

၅။ ကျမ်းစာအုပ်များထားရှိရန်

ဤအဖွဲ့များအတွက် လိုအပ်သည့်ပါဠိတော်၊ အဋ္ဌကထာနှင့် ဋီကာ များကို အနည်းဆုံး(၁၂)စုံခန့် ထားရှိရန်။

၆ သင်္ဂါယနာတင်နေရာသတ်မှတ်ရန်

ရေကူး ကမ္ဘာအေးစေတီ တည်ရှိရာနေရာကို ဆဋ္ဌသင်္ဂါယနာတင်ရန် နေရာအဖြစ်သတ်မှတ်ရန်။

၇။ အဆောက်အဦးများဆောက်လုပ်ရန်။

၎င်းနေရာတွင် အောက်ပါ အဆောက်အဦးများ ဆောက်လုပ်ထားရန်။

(၁) သံဃာ(၅၀၀)ခန့်အပြင် လူပုဂ္ဂိုလ်အများအပြား ဝင်ဆံ့သည့် သင်္ဂါယနာတင်ခန်းမကြီး၊

(၂) သင်္ဂါယနာတင်ကျမ်းစာများကို ရန်သူမျိုးငါးပါး ဘေးရန်မှ လုံခြုံစွာထားရှိဘို့ အလွန်ခိုင်ခန့်သည့် (Vault)ပိဋကတ်တိုက်၊

(၃) သင်္ဂါယနာတင်ဆရာတော်များ သီတင်းသုံးရန် ကျောင်းများ၊

(၄) ပဋိပတ်အားထုတ်ရန်အခန်းငယ်များ ပါဝင်သည့် တန်းလျားကျောင်းများ၊

(၅) အခြားလိုအပ်သည့် အဆောက်အဦးများ၊

(အထက်ပါအဆောက်အဦးများကို အခိုင်အခံ့ ဆောက်လုပ်ပြီးလျှင် ဆဋ္ဌသင်္ဂါယနာတင်ကိစ္စ ပြီးစီးပါက ဗုဒ္ဓဘာသာတက္ကသိုလ်ကြီးနှင့် နိုင်ငံတော်ဗုဒ္ဓ သာသနာအဖွဲ့အတွက် ဆက်လက်အသုံးပြုရန် ရည်ရွယ်သည်။)

၈။ အဆောက်အဦးပုံစံရေးဆွဲရန်

၎င်းသင်္ဂါယနာတင်အဆောက်အဦးများ၏ (Plan)ကို ထိုစဉ်က မြန်မာပြည်သို့ရောက်ရှိနေသော ကမ္ဘာ့ဗိသုကာဆရာကြီးများနှင့် တိုင်ပင်ရေးဆွဲရန်။

၉။ ပုံနှိပ်စက်ဝယ်ယူရန်

ဆဋ္ဌသင်္ဂါယနာတင်မည့်ကျမ်းစာများစသည့်တို့ကို ပုံနှိပ်ရန် အလို့ငှါ နောက်ဆုံးပေါ်ခေတ်မီ စာပုံနှိပ်စက်ကြီးတခုကို နိုင်ငံခြားမှ ဝယ်ယူရန်။

**၈။ ဆဋ္ဌသင်္ဂါယနာတင်ရန် တာဝန်ကို ဗုဒ္ဓသာသနာအဖွဲ့သို့ လွှဲအပ်ခြင်း**

၁၉၅၁–ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့တွင် မြန်မာနိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော်(ပါလီမန်)၏ စုဒ္ဒသမညီလာခံ၌ ပြည်ထဲရေးနှင့် သာသနာရေးဌာနဝန်ကြီး တင်သွင်းသော အောက်ပါအဆိုကို တညီတညွတ်တည်းလက်ခံ အတည်ပြုခဲ့ပါသည်။ ယင်းအဆိုမှာ–

'ကမ္ဘာသူကမ္ဘာသားများနှင့် ယနေ့ရင်ဆိုင်တွေ့နေကြရသော ပြဿနာအရပ်ရပ်ကို ထိရောက်စွာဖြေရှင်းနိုင်ရန်ကြိုးပမ်းကြရာ၌ ကျွန်ုပ်တို့သည် ကမ္ဘာသူ၊ ကမ္ဘာသားတို့၏ စားဝတ်နေထိုင်ရေး၊ သက်သာမှု၊ ချောင်ချိမှု၊ တိုးတက်မှုတည်းဟူသော ပစ္စုပ္ပန်ဘဝ ကောင်းစားရေးအစီအစဉ်တို့အတွက်သာ လုံးပမ်းခြင်းဖြင့် ရောင့်ရဲ တင်းတိမ်ခြင်း မရှိနိုင်ပေ။ ဤသို့ရောင့်ရဲတင်းတိမ်နေခြင်းဖြင့် ကျွန်ုပ်တို့ ဖြေရှင်းရမည့် ပြဿနာများ၏ အချို့တဝက်ကိုသာ ဖြေရှင်းရာ ရောက်သည်ကို ကျွန်ုပ်တို့ကောင်းစွာ သိပြီးဖြစ်ကြသည်။ သို့အတွက် ထိုသို့သော အစီအစဉ်တို့ကို ပြုလုပ်ဆောင်ရွက်ပေးခြင်းဖြင့်သာ မတင်းတိမ် မရောင့်ရဲဘဲ ကမ္ဘာကြီးတခုလုံး မီးဟုန်းဟုန်းတောက်အောင် ရှို့ပေးနေသော အဓမ္မမှုအပေါင်းတို့၏ အကြောင်းရင်းကြီးများ ဖြစ်ကြသည့် လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ကို အချုပ်အချယ် မရှိလောင်ချင်တိုင်း မလောင်နိုင်ရအောင် တားဆီးချုပ်ချယ် ပိတ်ပင် နိုင်ရန်အတွက်၎င်း၊ ဖြစ်နိုင်လျှင် အဆိုပါ လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ကို ငြိမ်းသွားသည့်အထိ ငြိမ်းနိုင်ရန်အတွက်၎င်း၊ ဘာသာရေးအစီအစဉ်များကိုလည်း ဧကန်မုချ ပြုလုပ်ပေးကြရဦးမည် ဟူသော(မူ)ကို ဤလွှတ်တော်ကြီးသည် အကြွင်းမဲ့ ယုံကြည်လျက်ရှိ သည်ဖြစ်ကြောင်း။

ထိုဆုံးဖြတ်ချက်သည် ဆဋ္ဌသင်္ဂါယနာဓမ္မသဘင် ဆင်ယင်ကျင်းပရေးအတွက် လမ်းခင်းပေးခြင်းပင် ဖြစ်ဖြစ်လေသည်။ မြန်မာနိုင်ငံတော်အစိုးရသည် ထိုဆုံးဖြတ်ချက်အရ လူတို့စိတ်ဓါတ်နှင့် စာရိတ္တမြင့်တင်ရေးတည်းဟူသော အစီအစဉ်တို့ကို ထမြောက် အောင်မြင်စေခြင်းငှာ သာသနာရေးလုပ်ငန်းများအတွက် ငွေကြေးများကို တင်ကြိုရာထားကြောင်းသိရှိရပါသည်။ ထိုကြောင့် သာသနာရေးဝန်ကြီး၏ မေတ္တာရပ်ခံချက်အရ အထူးခေါ်ယူသည့် ၁၉၅၂–ခုနှစ်၊ ဇန္နဝါရီလ (၈)ရက်နေ့တွင် ကျင်းပသည့် ဗုဒ္ဓသာသနာ အမှုဆောင်အဖွဲ့၏ အထူးအစည်းအဝေး၌ သာသနာရေးဝန်ကြီးက အောက်ပါအတိုင်း မြွက်ကြား၍ ဆဋ္ဌသင်္ဂါယနာကိစ္စကို ဗုဒ္ဓသာသနာ အမှုဆောင်အဖွဲ့က နိုင်ငံတော်အစိုးရကိုယ်စား ဆောင်ရွက်ရန် လွှဲအပ်ပါသည်။

## သာသနာရေးဝန်ကြီး၏ မြွက်ကြားချက်

ယနေ့ဤနိုင်ငံတော်ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့ အထူးအစည်းအဝေးကို ဆဋ္ဌသင်္ဂါယနာကိစ္စနှင့် စပ်လျဉ်း၍ တိုင်ပင် ဆွေးနွေးလိုသည့်အတွက် ဖိတ်ခေါ်ကျင်းပရခြင်းဖြစ်ပါသည်။ လွန်ခဲ့တဲ့ (၂၈.၁၂.၅၁) နေ့ ညနေ ကျွန်တော်အိမ်ဖွင် ကျင်းပသည့် အစည်းအဝေးမှာ အစီရင်ခံခဲ့သည့်အတိုင်း နိုင်ငံတော်အစိုးရက ဤဆဋ္ဌသင်္ဂါယနာကို ကျင်းပရန် အထူးပြင်းပြသော အာသီသရှိသည့် အလျောက် စကားစပ်မိတိုင်း နယ်အရပ်ရပ် သံဃာနှင့် လူပုဂ္ဂိုလ်များအား ဆွေးနွေးကြည့်ခဲ့ရာ အစိုးရကို ဆန့်ကျင်ဘက်ပြုနေသူ တစ်စုမှတပါး၊ အားလုံးကဘဲ သာဓုခေါ်လျက် ထိုဆဋ္ဌသင်္ဂါယနာကို ကျင်းပရန် လိုလားနေ ကြသည်ကိုသိရှိရပါသည်။ တိုင်းပြည်ကို အတည့်အလင်း မကျေညာသေးသည်

မှာ ထိုဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသည် အလွန်ကြီးကျယ်ခမ်းနားမည့် အလျောက် ကုန်ကျမည့် ငွေအတွက်ရရန်မှာ မရေရာသေးသဖြင့် မကျေညာခဲ့ရသည့်အပြင်၊ ဤအဖွဲ့ကြီးကိုလည်း ပွင့်ပွင့်လင်းလင်း တိုင်ပင်ခြင်း မပြုနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုအခါမှာမူ ငွေကြေးအတွက် အားတက်ဘွယ် အရိပ်အရောင်များ ထင်ရှားစွာ သိမြင် လာရပြီးဖြစ်၍ အစိုးရကလည်း တိုင်းသိပြည်သိ ကျေညာပြီးလုပ်ဖို့ ဆုံးဖြတ်ပြီး ဖြစ်သဖြင့်၊ ယနေ့ ဤအစည်းအဝေးကို ခေါ်ယူပြီးလျှင် ထိုဆဋ္ဌသင်္ဂါယနာ ကိစ္စကို လူကြီးမင်းများ၏ နိုင်ငံတော်ဗုဒ္ဓသာသနာ အဖွဲ့ကြီးကဘဲ ကြီးမှူးပြီးကျင်းပပါလို့ အစိုးရကိုယ်စားကျွန်တော်က လွှဲအပ်ခြင်း ဖြစ်ပါ တယ်။

ဆဋ္ဌသင်္ဂါယနာတင်ရန် တာဝန်ကို နိုင်ငံတော်အစိုးရက ဗုဒ္ဓ သာသနာအဖွဲ့ကို လွှဲအပ်ခဲ့သည့်အတိုင်း ဗုဒ္ဓသာသနာအမှုဆောင် အဖွဲ့သည် ဆဋ္ဌသင်္ဂါယနာတင်ကိစ္စနှင့်ပတ်သက်၍ တာဝန်အသီးသီး တို့ကို ထမ်းဆောင်နိုင်စေရန်အတွက် ၁၉၅၂–ခုနှစ်၊ ဇန်နဝါရီလ (၂၆)ရက် နေ့တွင် ကျင်းပသည့် အစည်းအဝေး၌ ရာထူးခန့်ထားရေး အဖွဲ့ငယ်၏ ထောက်ခံချက်အရ အဖွဲ့ငယ်များကို ဖွဲ့စည်းခဲ့ပါသည်။ ၎င်းတို့မှာ–

(၁) ဘဏ္ဍာရေးအဖွဲ့ငယ် – ဤအဖွဲ့ငယ်၏ လုပ်ငန်းများကို ဗုဒ္ဓသာသနာအဖွဲ့၏ဘဏ္ဍာရေးအဖွဲ့ငယ်ကပင် တာဝန်ယူ၍ ဆောင်ရွက် ရန်၊ ထိုသို့ဆောင်ရွက်ရာ၌ ဘဏ္ဍာရေးဝန်ကြီးနှင့် ကူးသန်းရောင်းဝယ် ရေး ဝန်ကြီးတို့ ပါဝင်ဆောင်ရွက်မှုကို ရယူရန်။

(၂) ပိဋကတ်တော်စီစဉ်ရေးအဖွဲ့ငယ်– ဤအဖွဲ့ငယ်၏ လုပ်ငန်း များကို ဗုဒ္ဓသာသနာအဖွဲ့၏ ပရိယတ္တိအဖွဲ့ငယ်ကပင် တာဝန်ယူ၍ ဆောင်ရွက်ရန်။

(၃) ပြန်ကြားရေးအဖွဲ့ငယ် – ဤအဖွဲ့ငယ်၏ လုပ်ငန်း များကို ဗုဒ္ဓသာသနာအဖွဲ့ဖြန့်ချိရေးအဖွဲ့ငယ်ကပင် တာဝန်ယူ၍ ဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်ရာ၌ ပြန်ကြားရေးဝန်ကြီး၏ ပါဝင်ဆောင်ရွက်မှုကိုရယူရန်။

(၄) သံဃာတော်များဆိုင်ရာ (သံဃုပဋ္ဌာက)အဖွဲ့ငယ်– ဤအဖွဲ့ငယ်၏ လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သို့မေတ္တာရပ်ခံရန်နှင့် သံဃာတော်များအတွက် ကုန်ကျစရိတ်ကို ဗုဒ္ဓသာသနာအဖွဲ့က တာဝန်ယူရန်။

(၅) မြေယာနှင့်အဆောက်အဦးဆိုင်ရာ (ဝတ္ထုသမ္ဘာရ) အဖွဲ့ငယ်– ဤအဖွဲ့ငယ်၏ လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် သီရိမင်္ဂလာကမ္ဘာအေးစေတီအဖွဲ့သို့ မေတ္တာရပ်ခံရန်။

(၆) နိုင်ငံခြားဆက်သွယ်ရေး(ရဋ္ဌန္တရ)အဖွဲ့ငယ်– ဤအဖွဲ့ငယ်၏ လုပ်ငန်းများကို ဗုဒ္ဓသာသနာအဖွဲ့၏ ရာထူးခန့်ထားရေးအဖွဲ့ငယ်ကပင်တာဝန်ယူ၍ ဆောင်ရွက်ရန်။ ထိုသို့ဆောင်ရွက်ရာ၌ နိုင်ငံခြားရေးဝန်ကြီး၏ (ကိုယ်တိုင်မတက်ရောက်နိုင်ပါက ၎င်း၏ ကိုယ်စားလှယ်တစ်ဦး၏) ပါဝင်ဆောင်ရွက်မှုကိုရယူရန်။

(၇) ဆဋ္ဌသင်္ဂါယနာစီစဉ်ရေးအဖွဲ့ငယ်– ဤအဖွဲ့ငယ်၏ လုပ်ငန်းများကို ဗုဒ္ဓသာသနာအဖွဲ့၏ ရာထူးခန့်ထားရေးအဖွဲ့ငယ်ကပင် တာဝန်ယူ၍ဆောင်ရွက်ရန်–တို့ဖြစ်သည်။

ဤအဖွဲ့ငယ်များသည် ယာယီအဖွဲ့ငယ်များဖြစ်၍ ဆဋ္ဌသင်္ဂါယနာ စီစဉ်ရေးအဖွဲ့ငယ် အဖွဲ့ခွဲများကို ဖွဲ့စည်းပြီးသည့်အခါ ပိဋကတ်တော် စီစဉ်ရေးအဖွဲ့ငယ်၏ လုပ်ငန်းများ၊ ပြန်ကြားရေးအဖွဲ့ငယ်၏ လုပ်ငန်းများသည် ဆဋ္ဌသင်္ဂါယနာ စီစဉ်ရေးအဖွဲ့ငယ်အောက်ရှိ

ပုံနှိပ်တိုက်နှင့် ပုံနှိပ်ရေးဆိုင်ရာအဖွဲ့ခွဲ၊ ပါဠိတော်စာမူအဖွဲ့ခွဲ၊ မြန်မာပြန် ပိဋကတ်စာမူအဖွဲ့ခွဲနှင့် ပြန်ကြားရေးနှင့် ဆက်ဆံရေးအဖွဲ့ခွဲတို့၏ အောက်သို့ရောက်ရှိသွားပါသည်။ မြေယာနှင့်အဆောက်အဦးဆိုင်ရာ (ဝတ္ထုသမ္ဘာရ)အဖွဲ့ငယ်၏ လုပ်ငန်းများကို သီရိမင်္ဂလာကမ္ဘာအေး စေတီအဖွဲ့သို့ လွှဲအပ်ရန်ဖြစ်သော်လည်း၊ လွှဲအပ်သည်ကိုမတွေ့ရှိပါ။ ဗုဒ္ဓသာသနာ အမှုဆောင်အဖွဲ့ကပင်လျှင် မြေယာနှင့်အဆောက်အဦး ဆိုင်ရာ ကိစ္စတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဆင်္ဃသဂ်ါယနာဆိုင်ရာ လုပ်ငန်းများအတွက် ဆင်္ဃသဂ်ါယနာ စီစဉ်ရေး အဖွဲ့ငယ်ကို အထက်ဖေါ်ပြခဲ့သည့်အတိုင်း ၁၉၅၂–ခုနှစ်၊ ဇန္နဝါရီလ(၁၇)ရက်နေ့တွင် ဖွဲ့စည်းပြီး ထိုအဖွဲ့ငယ်တွင်ပါဝင်သည့် ပုဂ္ဂိုလ် များမှာ ရာထူးလိုက်ဖြစ်၍ ဗုဒ္ဓသာသနာအဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ငယ်များ၏ သဘာပတိများအပြင်၊ အကျိုးဆောင် စာချီ(၁)နှင့် အကျိုးဆောင် စာချီ(၂)တို့လည်း ပါဝင် ကြသည်။ ဤအဖွဲ့ငယ်တွင် လိုအပ်သလို တိုးချဲ့ဖွဲ့စည်းနိုင်ခွင့် အာဏာရှိသည်။

အဖွဲ့ငယ်၏တာဝန်ဝတ္တရားများမှာ ယေဘုယျအားဖြင့် ဆင်္ဃ သဂ်ါယနာမွေ့သဘင် ဆင်ယင်ကျင်းပနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များကို ပြုလုပ်ဆောင်ရွက်သွားရန်ဖြစ်သည်။ ထိုသို့ ဆောင် ရွက်နိုင်ရန်အတွက် တာဝန်အသီးသီးကို ပြဋ္ဌာန်းပြီးလျှင်၊ အောက်ပါ အဖွဲ့ခွဲ များကို ၁၉၅၂–ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် ဖွဲ့စည်း၍ ဆောင်ရွက်စေခဲ့ပါသည်။ အဖွဲ့ခွဲတိုင်းတွင်လည်း ဗုဒ္ဓသာသနာအဖွဲ့၏ ဥက္ကဋ္ဌနှင့် အကျိုးဆောင်များသည် ပါဝင်နိုင်ခွင့် ရှိကြ၍ တိုးချဲ့ခန့်ထား နိုင်ခွင့် အာဏာလည်းရှိသည်။ ငွေကြေးသုံးစွဲရာ၌ ဆင်္ဃသဂ်ါယနာ

စိစဉ်ရေးအဖွဲ့ငယ်၏ သဘောတူညီချက် ရယူရန် လိုအပ်ပေသည်။ ထိုအဖွဲ့ခွဲများမှာ–

(၁) ပုံနှိပ်တိုက်နှင့်ပုံနှိပ်ရေးဆိုင်ရာအဖွဲ့ခွဲ
(၂) ပြန်ကြားရေးနှင့်ဆက်ဆံရေးအဖွဲ့ခွဲ
(၃) ပါဠိတော်စာမူအဖွဲ့ခွဲ
(၄) မြန်မာပြန်ပိဋကတ်စာမူအဖွဲ့ခွဲ
(၅) သယ်ယူပို့ဆောင်ရေးအဖွဲ့ခွဲ
(၆) ဧည့်ခံရေးအဖွဲ့ခွဲတို့ပင်ဖြစ်ပါသည်။

(၁) ပုံနှိပ်တိုက်နှင့်ပုံနှိပ်ရေးဆိုင်ရာအဖွဲ့ခွဲ၏လုပ်ငန်း
(က) ပုံနှိပ်တိုက်ဆိုင်ရာလုပ်ငန်းများစုဖွဲ့ရေး
(ခ) အမှုထမ်းအရာထမ်းများကြီးကြပ်ရေး
(ဂ) အလုပ်ပညာသင်ကြားပေးရေး
(ဃ) စက်ကိရိယာများ
(င) ပစ္စည်းများ
(စ) ပုံနှိပ်ရေး
(ဆ) သိမ်းဆည်းရေး
(ဇ) ပုံနှိပ်တိုက်နှင့်ပုံနှိပ်ရေးဆိုင်ရာအခြားကိစ္စများ

(၂) ပြန်ကြားရေးနှင့် ဆက်ဆံရေးအဖွဲ့ခွဲ၏လုပ်ငန်း
(က) သင်္ဂါယနာကိစ္စများ ပြည်တွင်းပြည်ပသိရှိစေရန် စာအုပ် စာတမ်းစာရွက်များ ထုတ်ဝေဖြန့်ချိခြင်း။
(ခ) ဤအဖွဲ့ခွဲထုတ်စာအုပ်များဖြန့်ချိခြင်း
(ဂ) စာနယ်ဇင်းအသံလွှင့်ဌာနစသည်တို့မှ သင်္ဂါယနာတင် အကြောင်း ထုတ်ပြန်ကျေညာခြင်းများ
(ဃ) အခြားပြန်ကြားရေးနှင့် ဆက်ဆံရေးကိစ္စများ

(၃) ပါဠိတော်စာမူ အဖွဲ့ခွဲ၏လုပ်ငန်း

(က) နိုင်ငံအသီးသီးမှ ပုံနှိပ်ထုတ်ဝေထားသည့် ပါဠိတော်များနှင့် အဋ္ဌကထာစသည့် စာမူရရှိရေး။

(ခ) ထိုစာမူများကို သက်ဆိုင်ရာ ပါဠိဝိသောဓကအဖွဲ့များသို့ ပေးအပ်ဆက်ကပ်ရေး။

(ဂ) ပါဠိတော်မူကြမ်းများကို သက်ဆိုင်ရာ (ပြည်တွင်းပြည်ပ) ပါဠိဝိသောဓကအဖွဲ့များသို့ ပေးအပ်ဆက်ကပ်ရေး။

(ဃ) ထိုပေးအပ်ဆက်ကပ်ပြီးသော စာမူကြမ်းများကို သက်ဆိုင်ရာ ပါဠိဝိသောဓကအဖွဲ့များက သုတ်သင်ပြင်ဆင်ပြီးသောအခါတွင် အချိန်မီပြန်လည်ရယူရန် ဆောင်ရွက်ရေး။

(င) ပါဠိတော်စာမူဆိုင်ရာအခြားကိစ္စများ။

(၄) မြန်မာပြန်ပိဋကစာမူ အဖွဲ့ခွဲ၏လုပ်ငန်း

(က) ပါဠိတော်မြန်မာပြန်ဆိုခြင်းကို အဓိပ္ပါယ်တိကျရန်၄င်း၊ ရှေ့နောက်စကားအသုံးအနှုန်းညီညွတ်စေရန်၄င်း၊ မြန်မာစကားအထက်တန်းကျ၍ ခံ့ညားစေရန်တို့ကို ဆောင်ရွက်ရန်။

(ခ) ပါဠိဝေါဟာရများနှင့် ပဒဝါကျများကို ထုတ်နုတ်စုဆောင်းရေးနှင့် မြန်မာဘာသာပြန်ဆိုခြင်းကိစ္စကို ကြပ်မတ်ရေး။

(ဂ) ဝိသောဓကအဖွဲ့များသို့ မြန်မာပြန်စာမူများကို ပေးအပ်ဆက်ကပ်ရေး။

(ဃ) ထိုစာမူများကို အချိန်မီပြန်၍ရရန်ဆောင်ရွက်ရေး။

(င) မြန်မာပြန်ပိဋကတ်စာမူဆိုင်ရာအခြားကိစ္စများ။

(၅) သယ်ယူပို့ဆောင်ရေး အဖွဲ့ခွဲ၏လုပ်ငန်း

(က) သင်္ဂါယနာစီစဉ်ရေးကိစ္စများအတွက် ကျင်းပသော အစည်းအဝေးများသို့ ကြွရောက်သည့် ရဟန်းတော်များ သယ်ယူပို့ဆောင်ရေး။

(ခ) သင်္ဂါယနာသန္နိပါတများနှင့် အစည်းအဝေးများသို့ တက်ရောက်သည့် ရဟန်းတော်များနှင့် အခြားကိုယ်စားလှယ်တော်များအား သယ်ယူပို့ဆောင်ရေး။

(ဂ) သယ်ယူပို့ဆောင်ရေးဆိုင်ရာအခြားကိစ္စများ။

(၆) ဧည့်ခံရေးအဖွဲ့ခွဲ၏လုပ်ငန်း

(က) သင်္ဂါယနာစီစဉ်ရေးကိစ္စအတွက် ကျင်းပသော အစည်းအဝေးများ၊ သင်္ဂါယနာသန္နိပါတများနှင့် အခြားအစည်းအဝေးသို့ တက်ရောက်ရန်လာကြသည့် ရဟန်းတော်များနှင့် အခြားကိုယ်စားလှယ်များ သီတင်းသုံးနေထိုင်ရန်အဆောက်အဦး နေရာစီစဉ်ရေး။

(ခ) ဆွမ်းကွမ်းစီစဉ်ရေး။

(ဂ) ကျန်းမာမှုစောင့်ရှောက်ရေး။

(ဃ) စကားပြန်များ၊ ဘာသာပြန်များစီစဉ်စုဖွဲ့ရေး။

(င) တက်ရောက်ကြသည့်ပုဂ္ဂိုလ်များအားပြုစုရေး။

(စ) ဧည့်ခံရေးဆိုင်ရာအခြားကိစ္စများ

ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့ဝင်တို့သည် သံဃာတော်များဆိုင်ရာ အဖွဲ့ငယ်၏ အကူအညီဖြင့် ၁၉၅၂–ခုနှစ်၊ ဖေဖော်ဝါရီ (၁၀)ရက်တွင် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းခိုရ်ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရဆရာတော်ကြီးများကို သာသနာရိပ်သာမင်္ဂလာမဏ္ဍပ်သို့ပင့်ဖိတ်၍ ဆရာတော်ကြီးများ၏

မျက်နှာစုံညီ ဆွေးနွေးပွဲမှ ညွှန်ကြားတော်မူချက်များကို နာခံကြပါသည်။ ထိုအစည်းအဝေးတွင်ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဦးဝင်းက နိုင်ငံတော်အစိုးရ၏ ကိုယ်စားလျှောက်ထားခြင်းကိုပြုခဲ့သည်။ ၄င်းနောက် ဟသ်ာတမြို့ ဘုရားကြီးဆရာတော်အား ခေတ္တသဘာပတိ အဖြစ်ဖြင့်၄င်း၊ မန္တလေးမြို့ ညောင်ရမ်းဆရာတော်အား ခေတ္တ အကျိုးဆောင်အဖြစ်၄င်း တင်မြှောက်တော်မူကြသည်။ ၄င်းနောက် နိုင်ငံတော်ဗုဒ္ဓသာသနာကြီး၏ကိုယ်စား ဥက္ကဋ္ဌဆာဦးသွင်က ဆဋ္ဌသင်္ဂါယနာတင်ကိစ္စနှင့်ပတ်သက်၍ လျှောက်ထားခဲ့ပါသည်။ ထိုဆွေးနွေးပွဲကြီးတွင် အဓိကအားဖြင့်–

(က) မြတ်စွာဘုရား ဟောကြားတော်မူအပ်သော နိကာယ်ငါးရပ်ကို အထပ်ထပ်အဆင့်ဆင့် ရေးကူးကြရာ၌ သတိချွတ်ယွင်း ရေးမှားမိခြင်းဟု ဆိုအပ်သော ပမာဒလေခ ပါဠိပျက်များကို အထူးသန့်ရှင်း စင်ကြယ်စေလိုသောကြောင့်၄င်း။

(ခ) ထိုစင်ကြယ်သော ပိဋကတ်တော်များကို စက်တင်ပုံနှိပ်ပြီးလျှင် ဆဋ္ဌသင်္ဂါယနာတင်၍ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ စေခြင်းအားဖြင့် အဓွန့်ရှည်စွာ တည်စေလိုသောကြောင့် ၄င်း။

(ဂ) လွတ်လပ်သောမြန်မာနိုင်ငံတော်နှင့်တကွ ဗုဒ္ဓဘာသာနိုင်ငံအားလုံးတို့က သာသနာတော်ကို စုပေါင်းအားပေး ချီးမြှောက်လိုသောကြောင့်၄င်း။ ဆဋ္ဌသင်္ဂါယနာတင်ရန် သဘောတူကြသည်။

ထိုအစည်းအဝေးတွင် ဆဋ္ဌသင်္ဂါယနာတင်ရန် ပိဋကတ်တော်များ ၁၃တ်သင်ရေးအတွက် ပိဋကတ်စာမူဝိသောဓက လုပ်ငန်းစဉ်များကိုလည်း ချမှတ်တော်မူကြသည်။ သို့ပါ၍ ဆဋ္ဌသင်္ဂါယနာတင်ကိစ္စကြီး အချိန်မီ ပြီးမြောက်အောင်မြင်ရေးအတွက် ဆောင်ရွက်ရာတွင်

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ကိုယ်စား ဥက္ကဋ္ဌဖြစ်သော ဆာဦးသွင်က ဆဋ္ဌသင်္ဂါယနာရေးအတွက်ပါဝင်ရန် ရဟန်းတော်များကို စိစစ်ရွေးချယ်သင့်ကြောင်းတင်ပြခဲ့သည်။ ဆာဦးသွင်၏အဆိုပြုချက်အရ ဆဋ္ဌသင်္ဂါယနာတင် သံဃာတော်များရွေးချယ်ရာတွင်–

၁။ မည်သို့သောရဟန်းတော်များကိုရွေးချယ်မည်။

၂။ မည်သို့ရွေးချယ်မည်။

၃။ မည်သို့သံဃာအဖွဲ့ကြီးကို ဖွဲ့စည်းမည်။

၄။ မည်သို့သံဃာအဖွဲ့ငယ်များကို ဖွဲ့စည်းမည်။

၅။ မည်သို့ကျမ်းစာအုပ်များနှင့် အလုပ်ကိစ္စများကိုခွဲဝေမည်။

၆။ မည်သို့ကျမ်းစာအုပ်များကိုသုတ်သင်မည်။

၇။ ခွဲဝေသုတ်သင်ပြီးကျမ်းစာမူများကို အားလုံးသုံးသပ် ဝေဖန်ရအောင်မည်သို့စီမံမည်။

၈။ အားလုံးသုံးသပ်ဝေဖန်၍ လက်ခံပြီးကျမ်းစာမူများကို မည်သို့သင်္ဂါယနာတင်ရမည် စသောအကြောင်းအရာများကို အသေးစိတ်ဆွေးနွေးခဲ့ပါသည်။ အဆိုပါအချက်အလက်များမှာ ဆရာတော်များနှင့်သာလျှင် လုံးဝသက်ဆိုင်သော အချက်အလက်များဖြစ်သည့် အားလျော်စွာ ဆရာတော်များကသာလျှင် ဆုံးဖြတ်စီမံ ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။ ဆက်လက်၍ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဒုတိယဥက္ကဋ္ဌ တရားဝန်ကြီးဦးသိမ်းမောင်က ယခင်ဖော်ပြခဲ့သည့် (၁၃၊၉၊၁၉၅၁)နေ့အစည်းအဝေး၌ ဆဋ္ဌသင်္ဂါယနာတင်ကိစ္စအတွက် အကြံပေးချက်များကို ပြန်ကြားလျှောက်ထားခဲ့သည်။ ၄င်းနောက် ပိဋကတ် မြန်မာပြန်ဌာနအယ်ဒီတာချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်ကာ ဦးလင်းက ပိဋကတ်မြန်မာပြန်အဖွဲ့ ဖွဲ့စည်းပုံအကျယ်တဝင့် လျှောက်

ထားသည့်ပြင် ပိဋကတ်မြန်မာပြန်အဖွဲ့ လက်ထောက်အယ်ဒီတာ ပဥ္စမကျော်ဦးသန့်စင်က ပိဋကတ်မြန်မာ ပြန်အဖွဲ့တွင်ပါဝင်သော ပုဂ္ဂိုလ်တို့၏ အရည်အချင်းများကို ဖတ်ကြားလျှောက်ထားခဲ့ပါသည်။

## ၉။ ဆဋ္ဌသင်္ဂါယနာတင်ရန်ရှေ့ပြေးဖိတ်ခေါ်ဆွေးနွေးခြင်း

နိုင်ငံတော်အစိုးရသည် ဆဋ္ဌသင်္ဂါယနာတင်သောအခါလည်း ရှေးသင်္ဂါယနာများထက် ထူးခြားအောင်တင်လိုကြသည်။ ရှေးသင်္ဂါယနာများကို တိုင်းပြည်တစ်ခုတည်းကသံဃာများကသာ တင်ခဲ့ကြသည်။ ယခုဆဋ္ဌသင်္ဂါယနာ၌မူ မြန်မာသံဃာများသာမကဘဲ အခြားထေရဝါဒနိုင်ငံများမှ သံဃာတော်များ ပါဝင်ဆောင်ရွက်စေလိုသည်။ မြန်မာနိုင်ငံ၏ သင်္ဂါယနာမဟုတ်ဘဲထေရဝါဒ (၅)နိုင်ငံတို့ စုပေါင်းတင်သော ထေရဝါဒသင်္ဂါယနာ ဖြစ်စေလိုကြသည်။ ထိုသို့ဖြစ်ရန်မှာလည်း ထိုင်းစသော ထေရဝါဒနိုင်ငံများမှ အစိုးရနှင့် သံဃာတော်တို့က ကူညီပါဝင်ဆောင်ရွက်မှသာဖြစ်နိုင်မည်။ထို့ကြောင့် ဆဋ္ဌသင်္ဂါယနာရှေ့ပြေးလုပ်ငန်းတစ်ခုမှာ အခြားသောထေရဝါဒနိုင်ငံများကို စည်းရုံးရေးပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ၁၉၅၂-ခုနှစ်တွင် ဆဋ္ဌသင်္ဂါယနာ စည်းလုံးရေးသာသနာ့ မစ်ရှင်တစ်ခုကို ထိုင်းနိုင်ငံသို့ စေလွှတ်ခဲ့သည်။ ထိုအဖွဲ့တွင် သံဃာတော်များဘက်မှ ညောင်ရမ်းဆရာတော်ဘုရားကြီးနှင့် မဟာစည်ဆရာတော်တို့ပါဝင်၍ လူပုဂ္ဂိုလ်များဘက် ဆရာတော်တို့၏ စကားပြန်အဖြစ် ရွှေပြည်တော်ဦးတင်နှင့် ကပ္ပိယအဖြစ် ပါလီမန်အတွင်းဝင် ဦးသန်းစိန်တို့ပါဝင်ကြသည်။ ညောင်ရမ်းဆရာတော်ဘုရားကြီးခေါင်းဆောင်သော ထို(၄)ဦးအဖွဲ့

သည် ၁၉၅၂–ခုနှစ်၊ အောက်တိုဘာလ(၉)ရက်နေ့တွင် မြန်မာနိုင်ငံမှ ထွက်ခွါခဲ့သည်။

ဆရာတော်တို့အဖွဲ့သည် ရှေးဦးစွာ ထိုင်းနိုင်ငံသို့ကြွ၍ ထိုင်းသာသနာပိုင်နှင့် တွေ့ဆုံပြီး ဆဋ္ဌသင်္ဂါယနာအကြောင်း လျှောက်ထားဆွေးနွေးကြသည်။ ထိုင်းသာသနာပိုင်ဆရာတော်က မြန်မာနိုင်ငံ၌ ရေမြေ့ရှင်ဘုရင် မရှိသောကြောင့်လည်းကောင်း၊ သာသနာပိုင် မရှိသောကြောင့်လည်းကောင်း ဆဋ္ဌသင်္ဂါယနာတင်နိုင်မည် မထင်ကြောင်း အမိန့်ရှိတော်မူသည်။ ညောင်ရမ်းဆရာတော် ဘုရားကြီးကလည်း မြန်မာနိုင်ငံ၌ ဘုရင်မရှိသော်လည်း အများဆန္ဒအရ ရွေးကောက်တင်မြှောက်ထားသော အစိုးရရှိ၍ ထိုအစိုးရ၏ ဥသျှောင်အဖြစ် သမ္မတကြီးရှိနေသဖြင့် ဘုရင်ကဲ့သို့ပင်ဖြစ်ကြောင်း မြန်မာနိုင်ငံ၌ သာသနာပိုင် မရှိသော်လည်း သာသနာပိုင်ရှိစဉ်ကကဲ့သို့ပင် သာသနာ့ဝန်ထမ်းရဟန်းတော်များသည် ပရိယတ် ပဋိပတ်ကြိုးစား အားထုတ်လျက်ရှိကြကြောင်း ထိုသို့ကြိုးစား အားထုတ်ကြသဖြင့် ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်သော ပုဂ္ဂိုလ် ပေါ်ထွက်နေပြီဖြစ်ကြောင်း ဤအကြောင်းများကြောင့် မြန်မာနိုင်ငံ၌ သင်္ဂါယနာတင်နိုင်ကြောင်း အချက်ကျကျပြန်လည် လျှောက်ထားခဲ့သည်။ (ထိုအချိန်ကအရှင်ဝိစိတ္တသာရာဘိဝံသသည် တိပိဋကဘွဲ့ကို မရသေး။ ဝိနည်းငါးကျမ်းကို ပြန်ဆိုအောင်မြင်ပြီဖြစ်၍ အဘိဓမ္မာခုနစ်ကျမ်းရှေ့ပိုင်းကို ပြန်ဆိုရန်အားထုတ်နေဆဲသာဖြစ်သည်။ သို့သော် မချွတ်အာဂုံအောင်မြင်လတ္တံ့သည်ကိုရည်၍ ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်ပေါ်နေပြီဟု ဆိုခြင်းဖြစ်ဟန်ရှိပါသည်။) မြန်မာနိုင်ငံ၌ ပိဋကတ်သုံးပုံဆောင်ပုဂ္ဂိုလ်ရှိနေပြီဟု ကြားသောအခါ ထိုင်းသာသနာပိုင် ဆရာတော်က 'ဒီလိုဆိုလျှင် မြန်မာနိုင်ငံကသာ သင်္ဂါယနာတင်နိုင်ပါတယ်'ဟု

အမိန့်ရှိ၍ မြန်မာနိုင်ငံကတင်သော ဆဋ္ဌသင်္ဂါယနာကို ထိုင်းသံဃာက ကန့်ကွက်မည်မဟုတ်သည့်အပြင် အားပင်ပေးဦးမည်ဖြစ်ကြောင်းများကို အမိန့်ရှိလိုက်လေသည်။

ထိုင်းနိုင်ငံ၌ ပြုဘွယ်ကိစ္စ ပြီးသောအခါ ဆရာတော်တို့အဖွဲ့သည် ကမ္ဘောဒီယားသို့ ဆက်လက်ထွက်ခွါခဲ့သည်။ ဆရာတော်တို့သည် ကမ္ဘောဒီးယားသာသနာပိုင်ဆရာတော်ကြီးနှင့် တွေ့ဆုံပြီးနောက် ထိုဆရာတော်ကြီး၏ ကျောင်းမှာပင် တည်းခိုကြ၍ ဆဋ္ဌသင်္ဂါယနာအကြောင်းကို ဆွေးနွေးပြန်သည်။ ကမ္ဘောဒီးယားသာသနာပိုင်ဆရာတော်ကြီးမှာ နဂိုကပင် ဆဋ္ဌသင်္ဂါယနာတင်မည်ကို ကျေနပ်ပြီးဖြစ်နေရာ ထိုင်းသာသနာပိုင်နှင့်တုန်းကလို မြန်မာနိုင်ငံက သင်္ဂါယနာတင်သင့်ကြောင်း ရှင်းလင်းပြဖွယ်မရှိတော့ပေ။

သင်္ဂါယနာတင်ရာတွင် သံဃာအားလုံးနှင့် တိုင်ပင်ရမည်။ သံဃာအားလုံးညီညွတ် သဘောတူရမည်ဆိုသော အစဉ်အလာနှင့်အညီ ပါဝင်သင့်သောသံဃာများကိုလည်း စီစစ်ရွေးချယ်ခဲ့ပါသည်။ ပဌမသင်္ဂါယနာတွင် ရဟန္တာ (၅၀၀)၊ ဒုတိယသင်္ဂါယနာတွင် ရဟန္တာ (၇၀၀)၊ တတိယသင်္ဂါယနာတွင်ရဟန္တာ(၁၀၀၀)၊ စတုတ္ထသင်္ဂါယနာတွင် သံဃာတော် (၅၀၀)၊ ပဥ္စမသင်္ဂါယနာတွင် ရဟန်းတော်(၂၄၀၀) ပါဝင်၍ သင်္ဂါယနာပွဲများကို တင်ခဲ့ကြပါသည်။ ယခု ဆဋ္ဌသင်္ဂါယနာ တင်ရာတွင်လည်း သီလဝန္တလဇ္ဇီပေသလသိက္ခာကာမဖြစ်သော ပိဋကတ်ကျမ်းဂန်တွင် ထင်ထင်ရှားရှားဖြစ်တော်မူသော သံဃာတော်များသာ ပါဝင်ဆောင်ရွက်စေလိုသည်။ ထို့ကြောင့် ထေရဝါဒငါးနိုင်ငံမှ ပါဝင်သင့်သော သံဃာတော်များ အများဆုံးပါဝင်နိုင်အောင်စီစဉ်၍ ရွေးချယ်ခဲ့သည်။

## ၁၀။ ဩဝါဒါစရိယသံဃနာယကအဖွဲ့ဖွဲ့စည်းခြင်း

ထိုနောက်သံဃာတော်များဆိုင်ရာ သင်္ဂါယနာကိစ္စများတွင် အခါအားလျော်စွာ ဩဝါဒပေးတော်မူရန်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဩဝါဒစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများပါဝင်သည့် ဩဝါဒါစရိယ သံဃနာယက အဖွဲ့ကို ဖွဲ့စည်းတော်မူကြသည်။

ထိုဩဝါဒါစရိယသံဃနာယကအဖွဲ့ကြီးက သံဃာတော် ဘက်ဆိုင်ရာကိစ္စများကို ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်မှ သံဃာ့ကိုယ်စားလှယ်တော်(၂၅)ပါး၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ကိုယ်စားလှယ်တစ်ပါးစီပါဝင်သော ဘာရနိတ္ထာရက သံဃာ့ဝန်ဆောင်အဖွဲ့ကို ဖွဲ့စည်းတော်မူကြသည်။

ဆဋ္ဌသင်္ဂါယနာဩဝါဒါစရိယသံဃနာယကအဖွဲ့၏ အာဏာနှင့် တာဝန်ဝတ္တရားများမှာ–

(က) သင်္ဂါယနာဆိုင်ရာ၌ ရဟန်းတော်များ ဆောင်ရွက်ရန် စပ်လျဉ်းသမျှလုပ်ငန်းကိစ္စအားလုံးအတွက် ဝန်ဆောင် သံဃအဖွဲ့အား ဩဝါဒပေးတော်မူခြင်း။

(ခ) နိုင်ငံတော်အစိုးရနှင့်တကွ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီးက ပစ္စယာနုဂ္ဂဟစသော ဆောင်ရွက်ဘွယ်ရှိသည့် ကိစ္စအားလုံးအတွက် အခါအားလျော်စွာဩဝါဒပေးတော်မူခြင်း–တို့ဖြစ်သည်။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဝင်များသည် ဩဝါဒစရိယဆရာတော်ကြီးများထံမှ ဩဝါခံယူပွဲကို ဆက်လက်ကျင်းပခဲ့သည်။ ထိုဩဝါဒခံယူပွဲတွင် ပခုက္ကူမြို့(အရှေ့) မဟာဝိဇယာရာမဆရာတော်ဘုရားကြီးက ဆဋ္ဌသင်္ဂါယနာကိစ္စအတွက် ဆဋ္ဌ၊ ဆဋ္ဌမကွဲပြားပုံမှစ၍ သင်္ဂါ

ယနာတင် ရေးဟောင်းထုံးတမ်းများကို ပြန်လှန်မြွက်ကြားတော်မူလေသည်။ ပခုက္ကူဆရာတော်ဦးနန္ဒဝံသကလည်း သင်္ဂါယနာတင်ကိစ္စနှင့်ပတ်သက်၍ ပါဠိဝိသောဓနိဂဏ္ဌိကျမ်း၏ နိဒါန်းမှ သင်္ဂီတိစာတမ်းကို ရေနံချောင်းဆရာတော်ဦးပညာအား ဖတ်ကြားစေခဲ့ပါသည်။ ညောင်ရမ်းဆရာတော်ကြီးကလည်း (က) သံဃ၊ (ခ) အစိုးရ၊ (ဂ) ပြည်သူ ဤသုံးခုသမဂ္ဂဖြစ်မှသာလျှင် သာသနာတော်ထွန်းလင်း ပြန့်ပွားနိုင်မည်ဖြစ်ကြောင်းတို့ကို အကျယ်တဝင့်မိန့်ကြားတော်မူခဲ့ပါသည်။

## ၁၁။ ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃအဖွဲ့

၁၉၅၂–ခုနှစ်၊ဖေဖော်ဝါရီ(၁၅)ရက်နေ့တွင် ကျင်းပသော ဩဝါဒါစရိယ သံဃနာယကအစည်းအဝေးကြီးမှ ဆဋ္ဌသင်္ဂါယနာနှင့် ပတ်သက်၍ သံဃာ ဘက်များဘက်မှ ဆောင်ရွက်ဖွယ်များကို ဆောင်ရွက်တော်မူကြစေရန် ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃအဖွဲ့ကို ခန့်ထားတော်မူခဲ့ပါသည်။ ဝန်ဆောင်သံဃာအဖွဲ့ဝင်ဆရာတော်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်ကြီး၏ နာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး ဦးသူရိယ(ဥက္ကဋ္ဌ)

၂။ ရေနံချောင်းမြို့၊ ရွှေစေတီဆရာတော်ဦးဇဿိက

၃။ ရန်ကုန်မြို့၊ သာသနာလင်္ကာရဆရာတော် (ယခုနှစ်ကျိပ်ရှစ်ဆူ ဆရာတော်) ဦးဉာဏိက

၄။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက် နာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတဦးနန္ဒဝံသ

၅။ မန္တလေးမြို့၊ ခင်မကန်တိုက်စံကျောင်းဆရာတော်ဦးနန္ဒိမာ

၆။ ရန်ကုန်မြို့၊ ဘုရားကြီးတိုက်နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဦးကောဏ္ဍည

၇။ မန္တလေးမြို့၊ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဟံသာဝတီ ဆရာတော်ဦးဣန္ဒာသဘ

၈။ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ် မင်းကျောင်း ဆရာတော်ဦးပဏ္ဍိစ္စ

၉။ မန္တလေးမြို့၊ဘုရားကြီးတိုက်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးကြယ်(ခေါ်)ရွှေဘုန်းရှိန် ဆရာတော်ဦးဥက္ကံသ

၁၀။ ရန်ကုန်မြို့၊ အရှင်အာဒိစ္စဝံသကျောင်းတိုက် နာယကဆရာတော်ဦးဣဿရိယ

၁၁။ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးဉာဏဝံသ (မြောင်းမြဆရာတော်)

၁၂။ ရန်ကုန်မြို့၊ ကံဘဲ့ကျောက်ကုန်းတောရ မေဒိနီဆရာတော် အဂ္ဂမဟာပဏ္ဍိတဦးအာဠာဝရ

၁၃။ ပျဉ်းမနားမြို့၊ လယ်တီစံကျောင်းတိုက်ဆရာတော် ဦးဧယျ

၁၄။ ဟသ်ာတမြို့၊ သပြေပင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးသောဘန

၁၅။ ရန်ကုန်မြို့၊ ကျောက်မြောင်းရပ် မင်္ဂလာသုခ ဆရာတော်ဦးကေသရ

၁၆။ စစ်ကိုင်းတောင်ရိုး အနီးစခမ်းဆရာတော်ဦးပဏ္ဍိတ

၁၇။ ရန်ကုန်မြို့၊ ဝန်ဆောင်သံဃာ့အဖွဲ့ အတွင်းရေးမှူး ဗားကရားတောရဆရာတော်ဦးနာဂဝံသ

၁၈။ ပုသိမ်မြို့၊ မြောင်းမြကျောင်းတိုက်ဆရာတော်ဦးဓမ္မနန္ဒ

၁၉။ အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဇနက

၂၀။ မန္တလေးမြို့၊ ဝန်ဆောင်သံဃာ့အဖွဲ့ တွဲဘက်အတွင်းရေးမှူး ဝိဇ္ဇာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓ

၂၁။ ရန်ကုန်မြို့၊ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ဦးသောဘန

၂၂။ ညောင်ရွှေမြို့၊ ကန်ကြီးကျောင်းဆရာတော်ဦးနေမိန္ဒ

၂၃။ စစ်တွေမြို့၊ ကျားကျောင်းဆရာတော်ဦးနရသီဟ

၂၄။ ရန်ကုန်မြို့၊ ကြည့်မြင်တိုင် ဗားကရာတိုက်ဆရာတော် ဦးတိလောက

၂၅။ မင်းကွန်း၊ ဓမ္မနာဒကျောင်းတိုက် ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ တို့ဖြစ်သည်။

ဝန်ဆောင်သံဃာ့အဖွဲ့၌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတာဘိဝံသ (ညောင်ရမ်းဆရာတော်ကြီး)က ဥက္ကဋ္ဌအဖြစ်ဖြင့်၄င်း၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည (ဘုရားကြီးတိုက်ဆရာတော်)က ဒုတိယဥက္ကဋ္ဌအဖြစ်၄င်း၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ (ဗားကရားတောရဆရာတော်) နှင့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါ ဘိဝံသ(ဝိဇ္ဇာလင်္ကာရဆရာတော်)တို့က အကျိုးဆောင်များအဖြစ်ဖြင့်၄င်း ဆောင်ရွက်တော်မူကြသည်။ ၁၉၅၅–ခုနှစ်၊ ဖေဖေါ်ဝါရီလ (၇)ရက်နေ့တွင် ညောင်ရမ်းဆရာတော်ကြီး ဘဝနတ်ထံစံလွန်တော်မူသဖြင့်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယာဘိဝံသ (မစိုးရိမ်ဆရာတော်ကြီး)က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။

## ၁၂။ ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃာ့အဖွဲ့ခွဲများ

၁။ သင်္ဂါယနာစီစဉ်ရေးအဖွဲ့(သင်္ဂီတိဝိဓာယက)

၂။ စောင့်ရှောက်ရေးအဖွဲ့(အာရက္ခ)

၃။ သာသနာရေးရာဖြေရှင်းရေးအဖွဲ့(ကထာဝိသဇ္ဇက)

၄။ သံဃာ့အမှုဆောင်ကိစ္စကို ဆောင်ရွက်ပြုစုရေးအဖွဲ့(ဝေယျာဝစ္စ ကရ)

၅။ စုံစမ်းပြန်ကြားရေးနှင့်ဖြန့်ချိရေး (ပဝတ္တိသမ္ပဝေဒက)စသော အဖွဲ့များကိုလည်းထပ်မံ၍ ဖွဲ့စည်းခဲ့သည်။

### ၁။ သင်္ဂါယနာစီစဉ်ရေးအဖွဲ့(သင်္ဂီတိဝိဓာယက)

ယင်းအဖွဲ့၏ တာဝန်ဝတ္တရားများမှာ–သင်္ဂီတိကာရကပုဂ္ဂိုလ်များ ရွေးချယ်ခြင်း၊ ကဏ္ဍ၊ ဘာဏဝါရစသည် ပိုင်းခြားခြင်း၊ ရွတ်နည်း၊ ဖြတ်နည်း၊ ရပ်နည်းတို့ကို ညွှန်ကြားခြင်း၊ ဆဋ္ဌသင်္ဂါယနာအတွက်နှစ်၊ လ၊ ရက်၊ အချိန် ပိုင်းခြားသတ်မှတ်ခြင်း၊ ဆဋ္ဌသင်္ဂါယနာတွင် ဆောင်ရွက်ရန် အခမ်းအနား၊ အစီအစဉ်တို့ကို ပြဋ္ဌာန်းသတ်မှတ်ခြင်းနှင့် ရဟန်းတော်များကိုပင့်ဆောင်ရေး၊ နေရာချထားရေးတို့အတွက် သတ်မှတ်ခြင်းတို့ဖြစ်သည်။

### ၂။ စောင့်ရှောက်ရေးအဖွဲ့(အာရက္ခ)

ယင်းအဖွဲ့သည် ဆဋ္ဌသင်္ဂါယနာတင်သံဃာတော်များ၏ နေ့ထိုင် သွားလာရေးစသော ကိစ္စတို့၌ သမဏသာရုပ္ပရှိ၍ အပ္ပသဒ္ဒါနံ ပသာဒါယ ပသန္နာနံ ဘိယျော ဘာဝါယဖြစ်အောင် စောင့်ရှောက် ထိန်းသိမ်းရေးတို့ဖြစ်သည်။

၃။ သာသနာရေးရာဖြေရှင်းရေးအဖွဲ့(ကထာဝိသဇ္ဇက)

ယင်းအဖွဲ့သည် သာသနာတော်အတွင်း၌ ဖြစ်ပေါ်ရှုတ်ထွေးနေသော ကထာများနှင့် သာသနာတော်အပမှ ဝင်ရောက်ရှုတ်ထွေးနေသော ကထာများကို ဗုဒ္ဓအလိုတော်နှင့်အညီ တိကျပြတ်သားစွာ အကြွင်းမဲ့ ဖြေရှင်းအောင်ဖြေရှင်းခြင်းတို့ဖြစ်သည်။

၄။ သံဃအမှုဆောင်ကိစ္စကိုဆောင်ရွက်ပြုစုရေးအဖွဲ့(ဝေယျာဝစ္စကရ)

ဤအဖွဲ့၏တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ယင်းတို့မှာ–

(က) ကျောင်းနေရာ၊ သင်္ကန်း၊ ဆွမ်း၊ ဆေးပစ္စည်းများနှင့် တကွ ပရိဘောဂအသုံးအဆောင်များကို စီမံထားရှိ ထိန်းသိမ်း ကြည့်ရှုခြင်း။

(ခ) ထိုပစ္စည်းများကို သပ်ရပ်တင့်တယ်စွာစီစဉ်ချထားခြင်း။

(ဂ) သင်္ဂါယနာတင်ရဟန်းတော်များ၏ သင်္ကန်းများကို ဖွပ်လျှော်ခြင်း၊ လက်လိပ်ထိုးခြင်း၊ ဖါထေးခြင်း၊ ဆိုးရေ သခြင်း။

(ဃ) ဝိနည်းနှင့်လျော်စွာဆွမ်းကိစ္စကိုစီမံခြင်း။

(င) သံဃိကဆွမ်းကပ်၊ ဆွမ်းလောင်းပင့်ဘိတ်မှုကို လက်ခံခြင်း။ ရဟန်းတော်ရွေးချယ်ခြင်း။

(စ) သင်္ဂါယနာတင်ရဟန်းတစ်ပါးပါး ရောဂါကပ်ရောက်ခဲ့သော် အလျင်အမြန်အရေးယူ၍ ဆေးဝါးကုသစေခြင်း။

(ဆ) ကျောင်းနေရာ၊ ရေအိမ်၊ ကုဋီတို့ကို သန့်ရှင်းစွာ စီမံထားရှိစေခြင်း။

(ဇ) သောက်ရေ၊ မျက်နှာသစ်ရေ၊ သုံးရေ၊ ချိုးရေ၊ သန့်သက်ရေ စသော လိုအပ်သည့် ရေများထားရှိစေခြင်း။

(ဈ) မျက်နှာသုတ်ပဝါ၊ လက်သုတ်ပုဝါ၊ စောင်၊ အိပ်ရာခင်း စသည့်တို့ကို ပြည့်စုံသန့်ရှင်းစွာ ထားရှိစေခြင်း။

(ည) ခရီးသွားမှု၊ ပစ္စည်းကပ္ပိယမှုစသော နဝကမ္မကိစ္စများအတွက် ညွှန်ကြားစီမံခြင်းတို့ ဖြစ်သည်။

၅။ စုံစမ်းပြန်ကြားရေးနှင့် ဖြန့်ချိရေး (ပဝတ္တိသမ္ပဝေဒက)

ယင်းအဖွဲ့၏တာဝန်ဝတ္တရားများမှာ–

(က) ဆဋ္ဌသင်္ဂါယနာကိစ္စအားလုံးကိုလေ့လာခြင်း။

(ခ) သင်္ဂါယနာဝင်ရဟန်းတော်အားလုံးကိုသိရှိထားခြင်း။

(ဂ) ဆောင်ရွက်ဆဲသင်္ဂါယနာကိစ္စကိုအမြဲစုံစမ်းခြင်း။

(ဃ) ဆောင်ရွက်သောရဟန်းသံဃာကိုအမြဲစုံစမ်းခြင်း။

(င) အခြေအနေအားလုံးကို ဝန်ဆောင်သံဃအဖွဲ့သို့ အနည်းဆုံး တစ်သီတင်းလျှင် တစ်ကြိမ်လျှောက်ထားအစီရင်ခံခြင်း၊ အကယ်၍ အကြောင်းထူးလျှင် ထူးသည့်အလျှောက် နေ့စဉ်ဖြစ်စေ၊ ချက်ချင်း ဖြစ်စေ လျှောက်ထားအစီရင်ခံခြင်း။

(စ) သင်္ဂါယနာကိစ္စနှင့်ဖြစ်စေ သင်္ဂါယနာဝင်ရဟန်းတော်များ ကိစ္စနှင့် စုံစမ်းလာလျှင် ပြန်ကြားခြင်း၊ ညွှန်ကြားခြင်း၊ ပို့ဆောင်ခြင်း စသည့်ဖြင့် အဆင်ပြေကြေနပ်အောင် ဆောင်ရွက်ခြင်း။

(ဆ)ဆဋ္ဌသင်္ဂါယနာဖြစ်ပေါ်ပုံ၊ ဆဋ္ဌသင်္ဂါယနာသံဃာ ဖွဲ့စည်းပုံ၊ တာဝန်ခွဲဝေပုံ ဒါယကာခံယူသော ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ အကြောင်းနှင့် ထိုအဖွဲ့ကြီးကတာဝန်ယူပုံ၊ ဗုဒ္ဓဘာသာ နိုင်ငံအားလုံးတို့ ပူးပေါင်း ပါဝင်ဆောင်ရွက်သော သင်္ဂါယနာဖြစ်ပုံနှင့်တကွ သင်္ဂါယနာလုပ်ငန်း ၏ ရောက်ဆဲအခြေအနေစသည့်တို့ကို ပါဠိဘာသာ၊ မြန်မာဘာသာ နှင့် အခြားဘာသာများဖြင့် ကမ္ဘာသူ၊ ကမ္ဘာသား အပေါင်းတို့သည် ဗုဒ္ဓသာသနာသို့ သဒ္ဓါညွတ်စေမှုအတွက် ဖြန့်ချိကျေညာခြင်း၊ ထိုလုပ်ငန်း များကို နည်းအမျိုးမျိုး ဖြင့်ဆောင်ရွက်ခြင်း။

(၉) ဆဋ္ဌသင်္ဂါယနာအောင်မြင်ကြောင်းနှင့် သာသနာသို့ သဒ္ဓါညွတ်စေကြောင်းဖြစ်သော အနုမောဒနာကထာ၊ အနုသာသနီကထာ၊ ယောဂါဝစရကထာစသော ဓမ္မာနုဓမ္မပဋိပတ္တိကထာများကို (ဂိုဏ်း၊ ပုဂ္ဂိုလ်၊ ဝါဒစသည့်တို့အား ထိခိုက်ငြိစွန်းခြင်းမရှိစေဘဲ) ဟောပြောရန် ဓမ္မကထိကများ ရွေးချယ်စုဖွဲ့စီစဉ်ခြင်း တို့ဖြစ်သည်။ ထိုအစည်းအဝေးကြီး၌ သင်္ဂါယနာတင်ခြင်းနှင့်ပတ်သက်၍ ညောင်ရမ်းဆရာတော်က ဤကဲ့သို့ မိန့်ဆိုခဲ့သည်။

အင်မတန်ဆိုးဝါးတဲ့ကလိယုဂ်ဆုတ်ကပ်တည်းမှာ တပည့်တော်တို့ ဂေါတမဗုဒ္ဓရှင်တော် ဘုရားပွင့်တော်မူလာခြင်းဟာ မီးပုံအတွင်းမှ ကြာစွယ်ကြာပန်းများ ပေါက်ရောက်လာဘိသကဲ့သို့ အင်မတန်မှ အံ့ဩဘို့ကောင်းပါတယ်။ သတ္တဝါများအတွက်လည်း အထူးကုသိုလ်ကောင်းတယ်လို့ဆိုရမယ်။ ထိုနည်းအတူပင် အခါသမယ မငြိမ်မသက်သည့်ကြားတည်းမှ နိုင်ငံတော်အစိုးရနှင့် တိုင်းသူပြည်သား အပေါင်းတို့၏ သဒ္ဓါတရားထက်သန်စွာ လူအား၊ ငွေအား၊ ပစ္စည်းအားများ စိုက်ထုတ်ပြီးသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်းပနိုင်အောင် ကြိုးစားဆောင်ရွက်ကြခြင်းဟာလည်း မီးပုံအတွင်းမှ ကြာစွယ်ကြာပန်းများ ငွါးငွါးစွင့်စွင့်ပေါ်ထွက်ဘိသကဲ့သို့ အင်မတန်မှ အံ့ဩဖွယ်ကောင်းလှပါတယ်ဘုရား။

## ၁၃။ ပိဋကတ်တော်များမြန်မာပြန်ခြင်း

မြတ်စွာဘုရားရှင်ဟောကြားတော်မူအပ်သော ပါဠိတော်များသည် ဓမ္မဂန္ထီရ၊ အတ္ထဂန္ထီရ၊ ဒေသနာဂန္ထီရ၊ပဋိဝေဓဂန္ထီရ၊ သဒ္ဒဂန္ထီရ၊ အတ္ထဂန္ထီရ၊ သဒ္ဒတ္ထဂန္ထီရ၊ အဓိပ္ပါယဂန္ထီရတို့နှင့် ပြည့်စုံတော်မူသည်။

ထိုပါဠိတော်များကို ယထာဘူတ၊ ယထာသဘာဝအားဖြင့် သိရှိနိုင်ရန်မှာ မလွယ်ကူလှပေ။ ထိုသို့မလွယ်ကူသည့်အားလျော်စွာ ထိုထိုပါဠိတော်များ၏ အဖွင့်ဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ ဒီပနီ၊ အနု၊ မဓု၊ လက်သန်း၊ ယောဇနာ၊ ဂဏ္ဌိကျမ်းတို့ကို နောင်လာနောင်သားတို့အတွက် ဖွင့်ဆိုရေးသားတော်မူခဲ့ကြသည်။ ပါဠိတော်နှင့်တကွ ဖွင့်ဆို ရေးသားတော်မူခဲ့ကြသော အဖွင့်သံဝဏ္ဏနာကျမ်းတို့မှာလည်း ပါဠိဘာသာဖြင့်သာ အစဉ်မပြတ်တည်ရှိခဲ့ကြသဖြင့် မိမိတို့ဒေသအလိုက် ဘာသာအသီးသီး ရှိနေကြသောသူတို့မှာ မိမိတို့၏မျိုးရိုးဘာသာဖြင့် သဘာဝကျကျ သိရှိနိုင်ခွင့်ကို စင်စစ်မရရှိခဲ့ကြချေ။

ယင်းဘုရားဟောပိဋကတ်တော်များမှာ ပါဠိဘာသာဖြင့်သာ တည်ရှိနေသောကြောင့် ပါဠိဘာသာကို မတတ်မြောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ ဗုဒ္ဓဘာသာဝင် လူအများစု အဖို့မှာကား ပိဋကတ်တော်က ညွှန်ပြထားသော လောကကောင်းစားရေးနှင့် လောကနှင့်မဆက်စပ်သော ဘဝလွတ်မြောက်ရေးများအတွက် ပါဠိတတ်ပုဂ္ဂိုလ်တို့၏ တဆင့် ဟောပြောချက်မျှဖြင့်သာ တင်းတိမ်ရောင့်ရဲလျက် သိသင့်သမျှကိုပင် စုံလင်စွာမသိရပဲရှိခဲ့လေသည်။ သို့ဖြစ်၍ ဘုရားဟော ပိဋကတ်ကျမ်းဂန်များကို သင်ယူလေ့လာချပို့ရာတွင် လွယ်ကူစွာသင်ယူပို့ချ နားလည်နိုင်ကြစေရန် ရည်သန်၍ ရှေးဆရာကြီးများသည် မြန်မာပြန်မှီရာ နိဿရည်းခေါ် နိဿယကျမ်းများကို ရေးသားပြန်ဆိုတော် မူခဲ့ကြသည်။

ထိုနိဿယဘာသာပြန်တို့မှာ (၁) ပါဠိတချက်အနက်တချက်ဖြင့် ပြန်ဆိုနည်းနှင့် (၂) ပါဠိမဖက်မြန်မာသက်သက်ဖြင့် ပြန်ဆိုနည်းဟူ၍

နှစ်မျိုးရှိခဲ့သည်။ ထိုနည်းနှစ်နည်းအနက် ပါဠိတချက်အနက်တချက် ပြန်ဆိုသော ပဌမနည်းမှာ ရဟန်းသာမဏေများ ယနေ့တိုင်သင်ယူချပို့ လေ့လာနေကြဆဲပင်ဖြစ်သည်။ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယားစသော ဗုဒ္ဓဘာသာ ဝင်နိုင်ငံများ၌လည်း မိမိတို့ရိုးရာ ဒေသဘာသာဖြင့်ပင် ပိဋကတ်ကျမ်းဂန်များကို သင်ယူချပို့ လေ့လာခြင်းဖြင့် တတ်မြောက်လိမ္မာတော်မူခဲ့ကြလေသည်။ ဒုတိယ နည်းမှာသင်ယူပို့ချရာ၌ အသုံးနည်း၍အများအားဖြင့် ပါဠိမာဂဓ ဘာသာကို မတတ်မြောက် မကျွမ်းကျင်ကြသောလူ ပုဂ္ဂိုလ်များ ကြည့်စာအဖြစ်ဖြင့် အသုံးပြုခဲ့ကြလေသည်။

၁၉၅၀ပြည့်နှစ်တွင် ဝန်ကြီးချုပ်သည် မိမိနေအိမ်၌ သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရန် တိုင်ပင်ဆွေးနွေးကြစဉ် အခါကပင် ပိဋကတ်ပါဠိတော်များကို မြန်မာဘာသာပြန်ဆိုခြင်း၊ ဗုဒ္ဓဝင်ကျမ်းကြီးကိုရေးသားခြင်းနှင့် ပိဋကတ်သုံးပုံပါဠိမြန်မာ အဘိဓာန်ကျမ်းကြီး စီရင်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရန်အတွက် စီမံစေလိုကြောင်း သာသနာရေးဝန်ကြီးဦးဝင်းအား တိုက်တွန်းစကားပြောကြားခဲ့သည်။ ထိုသို့ပြောကြားရာတွင် ဝန်ကြီးချုပ် 'ထိုပိဋကတ်သုံးပုံပါဠိတော် ဓမ္မများကို မိမိတို့ရိုးရာဖြစ်သော မြန်မာဘာသာသက်သက်ဖြင့် ပြန်ဆိုရေးသားစေရပါမူ ထိုပါဠိဘာသာ၌ မသက်ဝင်နိုင်သော ဗုဒ္ဓဘာသာဝင်သူတော်စင်အများအတွက် အလွန်အကျိုးများလေရာ၏' ဟုဆိုသည်။ သို့ဖြစ်ရာ သာသနာရေးဝန်ကြီးဦးဝင်း၏ အစီအမံဖြင့် နိုင်ငံတော်အစိုးရ၏ ဆုံးဖြတ်ချက်အရပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတကြီးက ပိဋကတ်တော်မြန်မာပြန်စီစဉ်ရေးကော်မီတီတစ်ရပ်ကို သတ်မှတ်ဖွဲ့စည်းခဲ့သည်။

ထိုကော်မီတီတွင်–

(၁) အဂ္ဂမဟာပဏ္ဍိတမဟာစည်ဆရာတော်(နာယက)

(၂) အဂ္ဂမဟာပဏ္ဍိတဒေါက်တာဦးလင်း(ပဌမဥက္ကဋ္ဌ)

(၃) သာသနာညွှန်ကြားရေးဝန် ပဌမကျော် မဟာပညာဗလ ဦးကြီးဖေ (ဒုတိယဥက္ကဋ္ဌ)

(၄) ပါဠိပါမောက္ခမဟာပညာဗလစာပြင်မှူးချုပ်ဆရာညဏ်

(၅) သာသနာရေးအထူးအရာရှိ ဝဏ္ဏကျော်ထင်ဦးဘဆွေ (အကျိုးတော်ဆောင်)

(၆) ပရိယတ္တိသာသနဟိတဓမ္မာစရိယ ကျမ်းပြုဆရာကြီး ဝဏ္ဏကျော်ထင်မေဓာဝီဆရာဆိုင်

(၇) ပဌမကျော်ဦးသန့်စင်

(၈) စေတိယင်္ဂဏဓမ္မာစရိယ သာသနာရေးအရာရှိဦးခင်မောင်လင်း (တွဲဘက်အကျိုးဆောင်)တို့ပါဝင်ကြသည်။

ထိုကော်မီတီသည် (၇)ကြိမ်တိုင်တိုင် စည်းဝေးဆွေးနွေး တိုင်ပင်ကြပြီးမှ ပိဋကတ်တော်ကို မြန်မာဘာသာပြန်ဆိုရန် ဗုဒ္ဓဝင်ကျမ်းကြီးရေးသားပြုစုရန်နှင့် ပိဋကတ်သုံးပုံလာ ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးကိုစီရင်ရန် သင့်လျော်ကြောင်းတို့ကို တညီတညွတ်တည်း ဆုံးဖြတ်ချက်ချကြ၍ မည့်သို့မည်ပုံ ပြန်ဆိုရေးသားပြုစုရမည်ဟူသော စီမံကိန်းအသီးသီးနှင့်တကွ ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်ဝန်ကြီးချုပ်ထံတင်ပြရာ ဝန်ကြီးချုပ်ကလည်း သဘောတူညီသဖြင့် ထိုကိစ္စအရပ်ရပ်ကိုကောင်းစွာဆောင်ရွက်မည့် စာပြုစာတည်းများရရှိရေးအတွက် အောက်ပါပုဂ္ဂိုလ်ငါးဦး ပါဝင်သော ရွေးချယ်ရေးအဖွဲ့ငယ်တရပ်ကိုသတ်မှတ်ဖွဲ့စည်းခဲ့သည်။ ၎င်းတို့မှာ–

(၁) သာသနာရေးဝန်ကြီးဦးဝင်း

(၂) နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးသိမ်းမောင်

(၃) အဂ္ဂမဟာပဏ္ဍိတဦးလင်း

(၄) သာသနာ့ညွှန်ကြားရေးဝန် ပဌမကျော်မဟာပညာဗလ ဦးကြီးဖေ (အကျိုးဆောင်)

(၅) သာသနာရေးအထူးအရာရှိ ဝဏ္ဏကျော်ထင်ဦးဘဆွေ-တို့ဖြစ်သည်။

ဤအဖွဲ့ငယ်ကရေးဦးစွာ အယ်ဒီတာချုပ်ရာထူးအတွက် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဦးလင်းအား ရွေးချယ်တင်မြှောက်၍ ကျမ်းစာပြုစာတည်းဆရာများ ရွေးချယ်ခန့်ထားရေးကိစ္စကိုမူ နိုင်ငံတော်အစိုးရရာထူးဝန်အဖွဲ့သို့လွှဲအပ်ခဲ့ရာ ရာထူးဝန်အဖွဲ့က အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဦးလင်း၊ ပဌမကျော်ဦးကြီးဖေတို့နှင့် တိုင်ပင်၍ စာမေးပွဲပြုလုပ်စမ်းသပ်ကာ အဆိုပါစာပြု၊ စာတည်းဆရာများကို ရွေးချယ်ခဲ့သည်။ ထိုနောက်၁၉၅၁-ခုနှစ် အောက်တိုဘာလ (၁)ရက်နေ့မှစ၍ ပိဋကတ်တော်မြန်မာပြန်ဌာနကို တည်ထောင်ဖွင့်လှစ် ခဲ့သည်။ ပိဋကတ်တော်မြန်မာပြန်စီစဉ် ရေးကော်မိတီကိုဖွဲ့စည်း၍ ၎င်းကော်မိတီက ရေးဆွဲသော စီမံကိန်းများအရ ပိဋကတ်တော်မြန်မာပြန်ဌာနကို တည်ထောင်ဖွင့်လှစ်ပြီးမှ ဤဌာနကို (၁)သတိုးသီရိသုဓမ္မ ဆာဦးသွင် (ပဌမဥက္ကဋ္ဌ) (၂)သတိုးသီရိသုဓမ္မအဂ္ဂမဟာသရေစည်သူ နိုင်ငံတော်တရားဝန်ကြီးချုပ်(ဒုတိယဥက္ကဋ္ဌ) (၃)သတိုးမဟာသရေ စည်သူတရားဝန်ကြီး ဦးချန်ထွန်း(အကျိုးတော်ဆောင်) (၄)သာသနာရေးအထူးအရာရှိ ဦးဘဆွေ (တွဲဘက်အကျိုးတော်ဆောင်) စသည့်တို့ပါဝင်သော နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီးသို့ လွှဲပြောင်း အပ်နှင်းခဲ့လေသည်။

ပိဋကတ်တော်မြန်မာပြန်ဌာနတွင်လည်း သတ်မှတ်ထားရင်း ဖြစ်သော ဆောင်ရွက်ရမည့် ကိစ္စဌာနကြီးရှိသည်။ ယင်းတို့မှာ ပိဋက မြန်မာပြန်ဝိသောဓကအဖွဲ့၊ ပိဋကတ်မြန်မာပြန် ပဋိဝိသောဓကအဖွဲ့နှင့် ပိဋကတ်မြန်မာပြန် သြသာနသောဓေယျပတ္တပါဠကအဖွဲ့တို့ဖြစ်သည်။ ထိုသုံးဌာနလုံး၌ပင် အဂ္ဂမဟာပဏ္ဍိတဒေါက်တာဦးလင်းက စီမံအုပ်ချုပ်စေရန် တာဝန်လွှဲအပ်ခဲ့သည်။

ပိဋကတ်မြန်မာပြန်ဆိုရာတွင် အောက်ပါစည်းမျဉ်းများကို ပြဋ္ဌာန်းခဲ့သည်။ ယင်းတို့မှာ

(၁) ပါဠိတော်တွင်ရှိသည့်အတိုင်း အတိအကျအဓိပ္ပါယ်ရအောင် ပြန်ဆိုရမည်။

(၂) မြန်မာစာဖတ်တတ်သူတိုင်း သိရှိနားလည်နိုင်သော စကားဝါကျတို့ဖြင့် ပြေပြစ်ချောမောအောင် ပြန်ဆိုရမည်။

(၃) ပါဠိတော်အစဉ်အတိုင်း စကားချောမောပြေပြစ်ခဲ့လျှင် ၄င်းပါဠိတော်ဝါကျအတိုင်းပင် ပြန်ဆိုရမည်။

(၄) ရှေ့နောက်အဆက်အစပ်လိုသောအရာ၌ဖြစ်စေ၊ မြန်မာစကား၌ မပေါ်လွင်သောအရာ၌ဖြစ်စေ၊ လက်သည်းကွင်းပြ၍ မြုပ်နေသော အဓိပ္ပါယ်ကို ထည့်သွင်းပြီးပြန်ဆိုရမည်။

(၅) ပါဠိတော်အတိုင်းမပေါ်လွင်မထင်ရှားသော အဓိပ္ပါယ်ကို အောက်ခြေ၌မှတ်ချက်ပြ၍ ပြန်ဆိုရမည်။

(၆) မြန်မာဝေါဟာရဖြစ်နေသောပုဒ်များကို၄င်း၊ မြန်မာ သက်သက် ပြန်ဆိုလျှင်နားမလည်နိုင်၊ အဓိပ္ပါယ်အတိအကျ မရနိုင်သော ပုဒ်များကို၄င်း ပါဠိဝေါဟာရအတိုင်းထားရမည်။

(၇) ထိုထိုကျမ်းတို့၌ထပ်တူလာသော ပါဠိပဒဝါကျများကို မြန်မာပြန်ဆိုရာတွင် ထပ်တူထပ်မျှ တမျိုးတည်းဖြစ်စေရမည်။

(၈) မြန်မာစကားအသုံးအနှုန်းများကို ခန့်ခန့်ငြားငြား ဖြစ်စေရမည်။

(၉) အကြောင်းအားလျော်စွာ ကဏ္ဍအပိုင်းတို့၌ စာအညွှန်းခေါင်းများ ထည့်သွင်းရမည်။ သို့သော်အလွန်မများစေရ။

ဤနည်းဖြင့် ဘာသာပြန်ဆိုလာခဲ့ကြရာ ပြီးစီးသမျှသော ပိဋကတ်တော်မြန်မာပြန်များကို ထပ်မံသုံးသပ်ပြင်ဆင်တော်မူနိုင်ကြစေရန် ကျေးရွာရှင်အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆဋ္ဌသင်္ဂါယနာမဟာနာယက ညောင်ရမ်းဆရာတော်ဘုရားကြီး ကြီးမှူးတော်မူသော (ပြည်ထောင်စုမြန်မာနိုင်ငံတော်အရပ်ရပ်ရှိ ပိဋကတ္တယဆောကပိဋကတ္တယပါရဂူဓမ္မာစရိယဆရာတော်တို့ပါဝင်သည့်) ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃအဖွဲ့သို့တင်သွင်းခဲ့လေသည်။

အဆိုပါဝန်ဆောင်သံဃအဖွဲ့ဝင်ဆရာတော်တို့ကလည်း ဤပိဋကတ်တော်မြန်မာပြန်များကို အကြောင်းအားလျော်စွာ သင်္ဂါယနာတင်နိုင်ကြရန် ရည်သန်တော်မူကြပြီးလျှင် 'စာကောင်းစေလိုလျှင် အကြိမ်ကြိမ်တည်းဖြတ် ပြင်ဆင်ရမည်'ဟူသော ထုံးအရ မြန်မာပြန်ပဋိဝိသောဓကအဖွဲ့အား အကူအညီပေးသော ဝေါဟာရ စီစဉ်ရေးအဖွဲ့နှင့် မြန်မာပြန်ပဋိဝိသောဓကအဖွဲ့ကို အသီးသီး ဖွဲ့စည်းစေပြီး၍ တဖန်ပြင်ဆင်တော်မူခဲ့သည်။ ထိုမြန်မာပြန် ပဋိဝိသောဓက အဖွဲ့ဝင်ဆရာတော်များ သုတ်သင်ပြင်ဆင်ပြီးမှုကိုပင် အဆုံးသတ် ပြင်ဆင်သောသဘောဖြင့် ပိဋကတ်တော်မြန်မာပြန် ဩသာနသော ဓေယျပတ္တပါဠကအဖွဲ့ကိုလည်း ပါဠိမြန်မာနှစ်ဘာသာကျွမ်းကျင်၍ ပြင်ဆင်ရေးဘက်က အားထားလောက်သော ဆရာတော်များကို ရွေးကောက် ဖွဲ့စည်းစေပြီးလျှင် အဆုံးသတ်ပြင်ဆင်တော်မူခဲ့ကြသည်။ ထိုသို့ ဩသာနအဖွဲ့ဝင်

ဆရာတော်တို့က အဆုံးသတ် ပြင်ဆင်တော်မူကြရာ၌ ပေါရာဏစကား အသုံးအနှုန်းများကို နည်းနိုင်သမျှ နည်းပါး စေလျက် အသိလွယ်ကူခြင်း အများသုံးဖြစ်ခြင်း၊ အသင့်လျော်ဆုံး ဖြစ်ခြင်းတို့ကို အရေးထား၍ စဉ်းစားလက်ခံခဲ့ကြလေသည်။ ဝေါဟာရ အသုံးအနှုန်းမှာလည်း မယဉ်ကျေးခြင်း၊ နားမသာခြင်း(သုတိမသာ)၊ စကားသိမ်ဖျင်း သေးနုတ်ခြင်း တို့ကို အထူးသတိပြု၍ ရှောင်ရှားခဲ့သည်။ လိုအပ်သော မြန်မာဘာသာ သတ်ပုံသတ်ညွှန်းဘက်ကလည်း ပြည့်စုံလုံလောက်ခြင်းရှိစေရန် ရဟန်း ပုဂ္ဂိုလ်(၆)ပါး၊ လူပုဂ္ဂိုလ်(၉)ဦး ပါဝင်သည့် သတ်ပုံသတ်ညွှန်း ကော်မီတီ ၏ ကူညီမှုကို လက်ခံသုံးသပ် တော်မူခဲ့ကြသည်။

**၁၄။ ပါဠိဝိသောဓကအဖွဲ့**

ဆဋ္ဌသင်္ဂါယနာတင်ရန် နိကာယ်ငါးရပ်ပိဋကတ်တော်များ သုတ်သင်ရေးအတွက်

(၁) နိုင်ငံတော်အလိုက်သီးခြားဖွဲ့စည်းခြင်းနှင့်

(၂) နိုင်ငံပေါင်းစုံဖွဲ့စည်းခြင်းဟူ၍ နှစ်မျိုးခွဲခြားဖွဲ့စည်းခဲ့ ပါသည်။

မြန်မာနိုင်ငံတော်အတွက် ပိဋကတ်ပါဠိတော်ကို သုတ်သင်ရန် အတွက် ရွေးချယ်ရာတွင်

(၁) အစိုးရဓမ္မာစရိယ၊ ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ စေတီ ယင်္ဂဏဓမ္မာစရိယ၊ မူလဓမ္မာစရိယတစ်ခုခုဖြစ်ခြင်း။

(၂) သံဃာ့အစည်းအဝေးမှပေးအပ်သည့် ပိဋကပါဠိတော် သုတ်သင်ရေး တာဝန်ကို ထမ်းဆောင်နိုင်ခြင်း။

(၃) ပါဠိဝိသောဓကအဖွဲ့တွင်ပါဝင်သော ရဟန်းပုဂ္ဂိုလ်သည် သိက္ခာတော်နှစ်ဆယ်အောက် မငယ်ခြင်း။ (သို့ရာတွင်) သိက္ခာတော်နှစ်ဆယ်မပြည့်သော်လည်း တာဝန်ကိုဆောင်ရွက်နိုင်မည့် သတ္တိအရည်အချင်းနှင့် ပြည့်စုံသည်ဟု ဆရာတော်ကြီးများက ရွေးချယ်ခြင်းခံရသော ရဟန်းများလည်း ပါဝင်နိုင်ခြင်း။

(၄) ဝိနည်းသိက္ခာပုဒ်နှင့်စပ်လျဉ်း၍ ရိုသေလေးစားလောက်သော ပုဂ္ဂိုလ်ဖြစ်ခြင်းစသော ဤလေးချက်နှင့်ပြည့်စုံသော ရဟန်းတော်များ၏ စာရင်းကို နိုင်ငံတော်တဝန်းလုံးတွင် ကောက်ယူသည်။

ထိုသို့ကောက်ခံရရှိသည့် ရဟန်းတော်များကို ပါဠိဝိသောဓကအဖွဲ့အဖြစ် ဖွဲ့စည်းပါသည်။ ရဟန်းတော်(၁၁၈၇)ပါး ပါဝင်သည့် ပါဠိဝိသောဓကအဖွဲ့(၁၁၆)ဖွဲ့ကို ဖွဲ့စည်းသည်။ ထိုနောက် ပိဋကတ်တော်များကို သုတ်သင်နိုင်ရန် ပဥ္စမသင်္ဂါယနာကျောက်စာတော်မူနှင့် တိုက်ထားသည့် မြန်မာမူအပြင် ယိုးဒယား၊ သီဟိုဠ်၊ ကမ္ဘောဒီးယား၊ လာအို၊ ဗြိတိန်နိုင်ငံများကိုလည်း ဝိသောဓကအဖွဲ့များသို့ ပေးပို့သည်။ ဝိသောဓကအဖွဲ့များက အဆိုပါမူများနှင့်တကွ အဋ္ဌကထာ၊ ဋီကာစသည်တို့နှင့် ညှိနှိုင်းကာ သုတ်သင်ကြသည်။

ပါဠိဝိသောဓကအဖွဲ့၏တာဝန်ဝတ္တရားများမှာ–

(၁) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို ညွှန်ကြားအပ်သော နည်းစနစ်အတိုင်း ကျနမှန်ကန်အောင် ညှိနှိုင်းသုတ်သင်ရမည်။

(၂) သင်္ဂါယနာဝန်ဆောင်သံဃအဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ဩဝါဒစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်။

(၃) ပါဠိဝိသောဓကအဖွဲ့အသီးသီးတွင် (က)စာတည်းအဖွဲ့ (ခ)စာကြည့်အဖွဲ့ (ဂ)စာမအဖွဲ့ ဟူ၍ အဖွဲ့သုံးဖွဲ့ခွဲခြားထားပါသည်။

စာတည်းအဖွဲ့သည်ပေးအပ်သော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို ညွှန်ကြားထားသော နည်းစံနစ်အတိုင်း မှန်ကန်ကျန အောင် ညှိနှိုင်း၍ သုတ်သင်ရမည်။ စာကြည့်အဖွဲ့သည် စာတည်း အဖွဲ့က သုတ်သင်ပြီးသော စာမူများကို ပိုမိုကျနမှန်ကန်အောင် သုတ်သင်ရမည်။ စာမအဖွဲ့သည် စာကြည့်အဖွဲ့က သုတ်သင်ပြီးသော စာမူများကို အကောင်းဆုံး ကျနမှန်ကန်အောင် သုတ်သင်ရမည် ဖြစ်သည်။

ပိဋကတ်တော်များကိုသုတ်သင်ရာတွင် အောက်ပါစည်းကမ်း အတိုင်း သုတ်သင်ပါသည်။

(၁) ပိဋကတ်တော်၏ ယာဘက်မျက်နှာ၌ ကျနေသော အက္ခရာပုဒ်များကို ယာဘက်မျက်နှာ၏ ယာဘက်အစွန်၌ ထည့်သွင်းရန်။

(၂) ဝဲဘက်မျက်နှာ၌ ကျနေသော အက္ခရာပုဒ်များကို ဝဲဘက် မျက်နှာ၏ ဝဲဘက်အစွန်၌ ထည့်သွင်းရန်။

(၃) မူကွဲများကို စာမျက်နှာ၏အောက်၌ ချပြီးလျှင် မူကွဲသော နေရာကိုမျဉ်းသား၍ပြထားရန် မူကွဲသောနေရာသည် တမျက်နှာတည်း၌ သုံးလေးမျိုးရှိနေလျှင်အထက်အောက် နှစ်ရပ်လုံးမှာပင် နံပါတ်စဉ်ပြရန်။

(၄) မိမိပြင်ဆင်ချက်ကိုကား သီးခြားပေးထားသောစာအုပ် ပေါ်၌ နံပါတ်စဉ်အလိုက် အထောက် သာဓကရေးသား၍ ညွှန်ပြ ရန်။ ထိုသို့အထောက်ပြရာ၌–

(က) အခြားသောပါဠိတော်မူကွဲများကိုထောက်ခြင်း။

(ခ) အဋ္ဌကထာ၊ ဋီကာ၊ နိဿယများကိုထောက်ခြင်း။

(ဂ) သဒ္ဒါကျမ်းအမျိုးမျိုးကိုထောက်ခြင်း။

(ဃ) မာဂဓ၊ သက္ကတနှစ်မျိုးမတူဖြစ်လျှင် လက်စွဲရိုးရာ မာဂဓ သဒ္ဒါကျမ်းများကိုသာ ထောက်ခြင်း။

(င) အာစရိယဝါဒကိုထောက်ခြင်း–တို့ဖြစ်သည်။

ဆဋ္ဌသင်္ဂါယနာတင်သံဃအဖွဲ့ကြီးတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများကိုခွဲဝေ၍၄င်း၊ ပိဋကတ်မြန်မာပြန်ကို၄င်း၊ သုတ်သင်စစ်ဆေးရန် အဖွဲ့ငယ်ဝင်ဆရာတော်များအပြင် ဥက္ကဋ္ဌ၊ ဒု ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူးဆရာတော်များရှိသင့် မရှိသင့်ကို၄င်း၊ အဖွဲ့ငယ်များ၌အရံဆရာတော်မည်မျှရွေးချယ်သင့်ကြောင်းကို၄င်း ၁၉၅၂ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် ဩဝါဒါစရိယ သံဃာ့နာယက ဆရာတော်ကြီးများ၏ အစည်းအဝေး၌ ဆွေးနွေးခဲ့ပါသည်။

ထိုအစည်းအဝေးတွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ လျှောက်ထားချက်အရ ပါဠိဝိသောဓကဆရာတော်များသည် မန္တလေးမြို့ရှိ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီးရေးထိုးခဲ့သော လောကမာရဇိန်ဘုရားဝင်းရှိ ကျောက်စာမူများကို အရင်းခံ၍ သုတ်သင်ထားသော သင်ရိုး ပိဋကတ်မှတပါး ကျန်ရှိနေသည့် နိကာယ်များကို ထိုနည်းအတိုင်းပင် ပြီးဆုံးအောင် သုတ်သင်ရေးအတွက် မန္တလေးမှ ပါဠိဝိသောဓကအဖွဲ့ ဆရာတော်များကိုပင် သံဃအစည်းအဝေးကြီးမှ တိုက်တွန်းမေတ္တာရပ်ခံခဲ့သည်။

ပိဋကတ်တော်များမူကောင်းမူသန့်ရရှိရေးအတွက် ရန်ကုန်မြို့၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)၏ မန္တလေးမြို့ရှိ ဆရာတော်များအား လျှောက်ထားတောင်းပန်ချက်အရ ဆရာတော်များသည် ပိဋကတ်တော်များကို မင်းတုန်းမင်းကြီး၏ ကျောက်စာတော်မူ စသော မူအမျိုးမျိုးများနှင့် တိုက်ဆိုင်တည်းဖြတ်ပါသည်။ ထိုသို့တိုက်ဆိုင်တည်းဖြတ်ရာတွင် (၁)ဝိနည်းငါးကျမ်း (၂)သုတ္တန်ပိဋကမှ သုတ်သီလက္ခန်နှင့် သုတ်ပါထေယျပါဠိတော် (၃)အဘိဓမ္မာ

ပိဋကမှ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ္တိနှင့် ကထာဝတ္ထု ပါဠိတော်တို့ဖြစ်သည်။ ဤပိဋကပါဠိတော်များပြီးစီးခဲ့၍ သုတ်မဟာဝါနှင့် အဘိဓမ္မာပိဋကမှ ဓမ္မသင်္ဂဏီ၊ ယမိုက်နှင့် ပဋ္ဌာန်းပါဠိတော်များသာ ကျန်ရှိပါသည်။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ မေတ္တာရပ်ခံချက်အရ ထိုသုတ်သင်ပြီး ပိဋကပါဠိတော် ကျမ်းစာများကို (YMBA) အသင်းကြီးသည် ဆဋ္ဌသင်္ဂါယနာတင်ရန် အတွက် လှူဒါန်းခဲ့ပါသည်။ ၄င်းအပြင်မသုတ်သင်ရသေးဘဲ ကျန်ရှိနေသေးသော ပိဋကကျမ်းစာများကိုလည်း ဆက်လက်သုတ်သင်တော်မူရန် သာသနာရေး ဝန်ကြီးက နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ ကိုယ်စားမန္တလေးမြို့ရှိ ဆရာတော်များအား တောင်းပန်လျှောက်ထားခဲ့ပါသည်။

သီဟိုဠ်နိုင်ငံတွင် သံဃာတော်နှင့်အစိုးရတို့ စုပေါင်းဖွဲ့စည်းသည့် ရဟန်းတော်(၁၈၅)ပါး ပါဝင်သည့် ကာကရမင်္ဂလခေါ်ဝိသောဓကအဖွဲ့ (၃၇)ဖွဲ့ ဖွဲ့စည်းသည်။ ထို(၃၇)ဖွဲ့က နိကာယ်ငါးရပ်ပါဠိတော်ကို (၃၇)ပိုင်း ပိုင်း၍ ခွဲဝေသုတ်သင်ကြသည်။ ထိုအဖွဲ့များသည် သီဟိုဠ်နိုင်ငံတော်ရှိ ပိဋကတ္တယကောဝိဒ ဖြစ်တော်မူကြသည့် ရဟန်းတော်များ ပါဝင်သောအဖွဲ့များဖြစ်သည်။ ထို(၃၇)ဖွဲ့က သုတ်သင်ပြီးသည့် မူများကို ဂိုဏ်းအသီးသီးတို့မှ ဂဏပါမောက္ခများပါဝင်သည့် ဥတ္တရီတရ မင်္ဂလ မဟာသံဃအဖွဲ့က အပြီးသတ်တည်းဖြတ်သည်။ ထိုသို့ သုတ်သင်တည်းဖြတ်၍ သီဟိုဠ်မူအဖြစ်ဖြင့် မြန်မာနိုင်ငံသို့ ပေးပို့တော်မူကြသည်။

ယိုးဒယားနိုင်ငံအတွက် ယိုးဒယားဘုရင်ချုလာလောင်ကောင်ခေါ် စူဠာလင်္ကာရဘုရင်မင်းမြတ် ပုံနှိပ်ထုတ်ဝေတော်မူခဲ့သော ချုလာလောင်ကောင် ပိဋကတော်မူကို ယိုးဒယားမူအဖြစ် သတ်မှတ်ပါသည်။

ယိုးဒယားမှုကို ယိုးဒယားနိုင်ငံ၊ သံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားက မြန်မာနိုင်ငံညြဝါဒါစရိယသံဃနာယကအဖွဲ့သို့ ပေးအပ်ခဲ့သည်။ ထိုချူလာလောင်ကောင်မှုသည် ယိုးဒယားတနိုင်ငံလုံး၌ ဌာနရှိသော ပိဋကတ္တယဆေကပိဋကတ္တယကောဝိဒဖြစ်တော်မူ ကြသောဌာနယိုးဒယားဆရာတော် အရှင်သူမြတ်များ စုပေါင်းသုတ်သင်ပြင်ဆင်တည်းဖြတ်ပြီး ယိုးဒယား ဘုရင်မြတ်က ရိုက်နှိပ်ထုတ်ဝေခဲ့သောပိဋကတ်တော်မူ ဖြစ်ပါသည်။

ကမ္ဗောဒီးယားနိုင်ငံအတွက်မူ ကမ္ဗောဒီးယားသာသနာပိုင်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ကြီးကြပ်သုတ်သင် ပြင်ဆင်တည်းဖြတ်ပြီးထုတ်ဝေခဲ့သော ပါဠိတော်မူကိုနိုင်ငံအလိုက် ကမ္ဗောဒီးယားသံဃာတော်များက သီးခြားသုတ်သင်တည်းဖြတ်၍ ပေးပို့ပါသည်။

လန်ဒန်မြို့ပါဠိကျမ်းစာအသင်းကြီး(Pāli Text Society)သည် ကမ္ဘာပေါ်ရှိ ထင်ရှားကျော်ကြားသော ပါဠိပညာရှင်များကို သုတ်သင်ပြင်ဆင်တည်းဖြတ်စေ၍ ရောမအက္ခရာဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့ပါ သည်။ ထိုရောမအက္ခရာ (Roman Script)ဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့သော ပါဠိကျမ်းစာအသင်းမူကို 'လန်ဒန်မူ'ဟုခေါ်ပါသည်။ ထိုမူကို နိုင်ငံတော်ညြဝါဒါစရိယသံဃ နာယကအဖွဲ့က ရရှိပါသည်။

ထိုသုတ်သင်ပြီး ပိဋကတ်တော်များကို နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့က ဆဋ္ဌသင်္ဂါယနာအတွက် ဖွဲ့စည်းရမည့်အဖွဲ့ဝင် သက်ဆိုင်ရာဆရာတော်များအား ထပ်မံစစ်ဆေးရန်တင်ပြ၍ ဆရာတော်များ စစ်ဆေးပြီးသည့်အခါမှ ဆဋ္ဌသင်္ဂါယနာတင် ကျမ်းစာများအဖြစ်ဖြင့် ပုံနှိပ်ဖြန့်ချိမည်ဖြစ်ပါသည်။ ဗုဒ္ဓသာသနာအဖွဲ့၏ လှော်ကားတောင်းပန်ချက်

အရ ပါဠိဝိသောဓကအသီးသီးက တာဝန်ကျသော ပါဠိတော်ကို သုတ်သင်တော်မူပြီးနောက် ၎င်းပါဠိတော်ဆိုင်ရာ အဋ္ဌကထာနှင့် ဋီကာကျမ်းစာများကိုလည်း ဆက်လက်သုတ်သင်တော် မူပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ရန်အတွက် ပိဋကတ်တော်များကို သုတ်သင်ရာတွင် ဘယ်မူသာလျှင် မှန်ရမည်၊ ဘယ်မူများ မမှန်စေရဟူသော တဖတ်သတ်ဖိနှိပ်ဆုံးဖြတ်ခြင်းမျိုး မရှိခဲ့ချေ။ မူအမျိုးမျိုးကို သုတ်သင်ပြင်ဆင် တည်းဖြတ်ရာတွင် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ မူအမျိုးမျိုးဖြင့် ညှိနှိုင်းဝေဘန်ခဲ့သည်။ မူကွဲရှိသမျှတို့ကိုလည်း အောက်ခြေတွင် အထင်အရှားဖော်ပြပါသည်။ ထိုအပြင်မူကွဲများကို အလွယ်တကူရှာဖွေကြည့်ရှုနိုင်စေရန် သက်ဆိုင်ရာ ပါဠိတော် အုပ်တိုင်းတွင် နောက်ဆက်တွဲအဖြစ်ဖြင့် အက္ခရာစဉ်၍လည်း ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။

**၁၅။ ပဋိဝိသောဓကအဖွဲ့**

နိုင်ငံအသီးသီးမှ နိုင်ငံအလိုက်ဖွဲ့စည်းထားသော ပိဋကတ္တယဆေက ပိဋကတ္တယကောဝိဒဖြစ်ကြသော ပညာရှိများ သုတ်သင်ပြင်ဆင်ပြီးပေးပို့သော ပိဋကတ်မူများကို စုပေါင်းညှိနှိုင်း၍ သုတ်သင်ပြင်ဆင်တည်းဖြတ်ရန်အတွက် ပဋိဝိသောဓက အဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ထိုအဖွဲ့တွင် နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ်ဆရာတော်ကြီးများကို ထည့်သွင်း၍ ဖွဲ့စည်းခဲ့ပါသည်။ ထိုပဋိဝိသောဓက အဖွဲ့တိုင်းတွင် ဝန်ဆောင်သံဃအဖွဲ့မှ ရွေးချယ်တင်မြှောက်လိုက်သော မြန်မာသံဃကိုယ်စားလှယ်ဆရာတော်ကြီးများ၊ သီဟိုဠ်ကျွန်းသံဃအဖွဲ့ချုပ်မှ ရွေးကောက်တင်မြှောက်လိုက်သော သံဃကိုယ်စားလှယ်ဆရာတော်ကြီးများ၊ ယိုးဒယားသံဃရာဇာက ရွေးချယ်စေလွှတ်လိုက်သော ယိုးဒယားသံဃကိုယ်စားလှယ်ဆရာတော်ကြီးများ ပါဝင်ကြသည်။

ပဋိဝိသောဓကအဖွဲ့များက စစ်ဆေးတည်းဖြတ်ပြီးသမျှ ကျမ်းစာများကို ဝန်ဆောင်သံဃအဖွဲ့၏ အတည်ပြုချက် ရရှိသည့်အခါ ဆိုင်ရာ နိဒါန်း၊ မာတိကာ၊ ဘာဏဝါရ၊ ဝဂ္ဂ၊ သုတ္တ အမည်စသော ခေါင်းစဉ်ငယ်များနှင့် အက္ခရာဝလီများထည့်သွင်းကာ စက်တင်ပုံနှိပ်ရန် ဖြစ်သည်။

## ၁၆။ ဩသာနသောဓေယျ

ပါဠိဝိသောဓကနှင့် ပဋိဝိသောဓကဆရာတော်တို့ ပြင်ဆင်ပြီးသော ပုဒ်ပါဌ်များကို ဩသာနသောဓေယျအဖွဲ့ဆရာတော်များသည် ထပ်မံ၍ သုတ်သင်ရသည်။ အနေအထား အကျဲအစိတ်နှင့်တကွ တစ်ချောင်း၊ ပိုဒ်၊ ကော်မာစသော သင်္ကေတများကိုလည်း မှန်မမှန် စစ်ဆေးရသည်။ စာပိုဒ်များ၏ ခေါင်းစဉ်များကိုလည်း ပါဠိလို ထည့်ပေးရသည်။ စာအုပ်တအုပ်လုံး ကောင်းမွန်သန့်ရှင်းရေး အပြစ်ကင်းစင်ရေးသည် ဩသာနအဖွဲ့၏ တာဝန်ဖြစ်သည်။ ပိဋကတ်ပါဠိတော်များကို ဆဋ္ဌသင်္ဂါယနာတင်ရန် အဖွဲ့အသီးသီးတို့က အထပ်ထပ်ပြင်ဆင်သည့်နည်းတူ ဤပိဋကတ်မြန်မာပြန်စာမူကိုလည်း ထိုထိုအဖွဲ့အသီးသီးတို့က အထပ်ထပ်ပြင်ဆင်ပြီးမှသာလျှင် စက်တင်ပုံနှိပ်ခြင်းပြုလုပ်ခဲ့ကြပါသည်။

## ၁၇။ ဥပတ္ထမ္ဘကအဖွဲ့

ပဋိဝိသောဓကအဖွဲ့များကိုကူညီရန်အတွက် ဓမ္မာစရိယဘွဲ့ရ ဘာသန္တရကောဝိဒဖြစ်သော ရဟန်းပညာရှိ၊ လူပညာရှိများပါဝင်သော ဥပတ္ထမ္ဘကအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့များက တဖွဲ့လျှင် ပါဠိပိဋကတ်တော်တအုပ်စီကို တာဝန်ယူ၍ ထပ်မံညှိနှိုင်း သုတ်သင် ပြင်ဆင်တည်းဖြတ်ပါသည်။ ထိုသို့ညှိနှိုင်းသုတ်သင် ပြင်ဆင်တည်း

ဖြစ်ရာတွင် နိုင်ငံအလိုက် သံဃာတော်များက သုတ်သင် ပြင်ဆင်ပေး ခဲ့သည်။ ပိဋကမူများကို အခြေခံထားပြီးအဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ယောဇနာ၊ ဂဏ္ဌိများအပြင် ပါဠိသဒ္ဒါကျမ်း၊ သက္ကတ အဘိဓာန်ကျမ်း အမျိုးမျိုးတို့နှင့် ညှိနှိုင်းဝေဘန်သုံးသပ်ကာ ပြင်ဆင်တည်းဖြတ်တော် မူကြပါသည်။

## ၁၈။ ပါဌကနှင့်ဘာဏကများ

ဩဝါဒါစရိယသံဃနာယကအဖွဲ့ဝင်များ၊ ဝန်ဆောင်သံဃအဖွဲ့ ဝင်များ၊ ဩသာန သောဓေယျပတ္တပါဌကများ၊ ပဋိဝိသောဓကများ၊ ဘာဏကများနှင့် ထေရဝါဒနိုင်ငံများမှ သံဃကိုယ်စားလှယ်များ၊ အိန္ဒိယ၊ ပါကစ္စတန၊ နီပေါလ်၊ ဗီယက်နမ်နိုင်ငံတို့မှ ထေရဝါဒ သံဃာ တော်များ၊ စုစုပေါင်းသံဃာတော်(၂၅၀၀)တို့က သင်္ဂီတိကာရက ပါဌက များအဖြစ်ဖြင့် ဆောင်ရွက်တော်မူကြသည်။ ထိုသင်္ဂီတိ ကာရကများမှ ဘာဏက ရဟန်း(၁၂၀၀)ကျော်ပါဝင်သော ဘာဏက အဖွဲ့(၁၀၂)ဖွဲ့ကို ဖွဲ့စည်းကြပါသည်။ ဘာဏကအဖွဲ့ဝင်တို့သည် မိမိတို့အဖွဲ့အတွက် တာဝန် ပေးအပ်ခြင်းခံရသော ပါဠိတော်များကို ပါဌကများနှင့်တွဲဖက်၍ အာဂုံပြန်ဆိုကြသည်။

## ၁၉။ ဆဋ္ဌသင်္ဂါယနာ အာဂုံပြန် စည်းကမ်း

(က) ပါဠိဝိသောဓကအဖွဲ့တိုင်းသည် မိမိတို့တာဝန်ကျသော ကျမ်းစာပါဠိတော်တအုပ်လုံးကို အများဆုံးသုံးပိုင်းပိုင်း၍ အနည်းဆုံး (၁၀)ပါး၊ အများဆုံး(၁၅)ပါးစီ အာဂုမ်ကျက်မှတ်တော်မူကြရန်။ သို့ရာ တွင် အောက်ပါပါဠိတော်ကျမ်းစာအုပ်များကို ဖော်ပြထားသည့်အတိုင်း ပိုင်းခြားသတ်မှတ်တော်မူကြပါသည်။

ယင်းတို့မှာ ပါဠိဇာတ် ပါဠိတော်(၃)ပိုင်း။ မဟာနိပါတ(၂)ပိုင်း။ အပဒါန်၊ ဗုဒ္ဓဝံသ၊ စရိယာပိဋက (၃)ပိုင်း။ ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တက၊ သုတ္တနိပါတ(၂)ပိုင်း။ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ(၂)ပိုင်းတို့ဖြစ်သည်။ သက်ဆိုင်ရာ ပါဠိဝိသောဓကအဖွဲ့များက အာဂုမ် မကျက်နိုင်သော ပါဠိတော် စာအုပ်နှင့်စပ်လျဉ်း၍ ပါဠိဝိသောဓကအဖွဲ့ဝင်မဟုတ်သော ရဟန်း တော် အနည်းဆုံး(၁၀)ပါး၊ အများဆုံး(၁၅)ပါး ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းပြီးလျှင် အနည်းဆုံး ပါဠိတအုပ်စီ အာဂုမ်ကျက်မှတ်စေရန်။

(ခ) ပါဠိဝိသောဓကအဖွဲ့တဖွဲ့သည် မိမိတို့နှင့်သက်ဆိုင်သည့် ကျမ်းအတွက် အာဂုမ်ပြန်ဆိုရန် တာဝန်မယူနိုင်ခဲ့လျှင် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့သို့ အချိန်မီ (၁၃၁၅–ခု၊ နယုန်လပြည့်မတိုင်မီ) အကြောင်းကြားတော်မူရန်။

(ဂ) ပါဠိဝိသောဓကအဖွဲ့ဝင်မဟုတ်သော အာဂုမ်ပြန်အဖွဲ့များ စုဖွဲ့ရေးလုပ်ငန်းကို အာဂုမ်ပြန်စီစဉ်ရေးအဖွဲ့ငယ်သို့ တာဝန်လွှဲအပ်တော်မူကြရန်။

(ဃ) အာဂုမ်ပြန်အဖွဲ့များရွတ်ဆိုတော်မူကြရာ၌ ကြည်ညိုဘွယ်ဖြစ်အောင် တပါးနှင့်တပါး အဖြတ်အတောက် တညီတညွတ်တည်းရှိစေရန်ကိစ္စနှင့် အခြားလိုအပ်သော ညွှန်ကြားချက်စည်းကမ်းချက်များ သတ်မှတ်ရန်ကိစ္စကို အာဂုမ်ပြန်စီစဉ်ရေးအဖွဲ့ငယ်သို့ တာဝန် လွှဲအပ်တော်မူရန်။

(င) စာရင်းပေးပြီးသော အာဂုမ်ပြန်အဖွဲ့များကို အထက်ပါစည်းမျဉ်းများနှင့်အညီ ပြန်လည်ဖွဲ့စည်းရန် သက်ဆိုင်ရာ အဖွဲ့ဝင်များထံသို့ အကြောင်းကြားလျှောက်ထားရန်တို့ဖြစ်သည်။

ဓမ္မသင်္ဂါဟက ရဟန်းတော်များအား လျှောက်ထားတောင်းပန်လျှာ ၁၃၁၄–ခု၊တန်ခူးလဆန်း(၇)ရက်။

ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃအဖွဲ့ ဥက္ကဋ္ဌညောင်ရမ်း ဆရာတော်က ကောင်းမြတ်သော သမ္မာဆန္ဒဖြင့် သတိပေးစကား လျှောက်ထားတောင်းပန်ပါသည်။ ပဌမ၊ ဒုတိယ၊ တတိယသင်္ဂါယနာတွင် ရဟန္တာမထေရ်မြတ်တို့ကဲ့သို့ ပိဋကသုံးပုံပါဠိတော်မြတ်ကို စေ့သင်္ဂါယနာက ရဟန်းတော်တိုင်းသည် နှုတ်ဖြင့် မရွတ်နိုင်စေကာမူ 'ယခုကျင်းပလတ္တံ့သော ဆဋ္ဌသင်္ဂါယနာသန္နိပါတ အစနေ့များ၌ ပုဗ္ဗကိစ္စဖြင့် ညီညီညာညာ ပေါင်းစု၍ နှုတ်လွတ်ရွတ်ဆိုတော်မူလျက်၊ သင်္ဂါယနာတင်တော်မူနိုင်ကြစေရန်' ဆဋ္ဌသင်္ဂါယနာစေ့သင်္ဂါဟက ရဟန်းတော်တိုင်းသည် အနည်းဆုံးအောက်ပါအတိုင်း အာဂုမ်ရရှိအောင် အားထုတ်တော်မူကြပါမည့်အကြောင်း ရိုသေလေးမြတ်စွာ လျှောက်ထားတောင်းပန်ပါသည်ဘုရား။

(က) ပရိတ်ကြီးပါဠိတော်(၁၁)သုတ်၊
(ခ) မဟာသမယသုတ်ပါဠိတော်
(ဂ) ဝိနည်းမဟာဝါပါဠိတော်အစ ဗောဓိကထာ
(ဃ) ဓမ္မစက္ကပဝတ္တနသုတ်ပါဠိတော်
(င) အနတ္တလက္ခဏသုတ်ပါဠိတော်
(စ) မဟာသတိပဋ္ဌာနသုတ်ပါဠိတော်
(ဆ) ဩဝါဒပါတိမောက်(၃)ဂါထာ
(ဇ) ဘိက္ခုပါတိမောက်ပါဠိတော်
(ဈ) ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသပါဠိတော်။

အထူးအားဖြင့် ဆက်လက်လျှောက်ထားလိုသည်မှာ–အရှင်မဟာကဿပစသော ရဟန္တာမဟာထေရ်မြတ်တို့သည် ပဌမသင်္ဂါယနာတင်ရန် ညှိနှိုင်းတိုင်ပင်သောအစည်း အဝေးကြီး၌ ရဟန်းတော် အရှင်မြတ်များသိန်းသန်းကုဋေမကရှိစေကာမူ ဤပဌမ သင်္ဂါယနာတင်ရာ၌ အထူးသဖြင့် အလွန်စင်ကြယ်သော ရဟန်းတော် ပရိသတ်ရမှသာလျှင်

သင့်လျော်မည်ဟု ဆင်ခြင်တော်မူကြပြီးလျှင် တိပိဋကရေ၊ ဆဋ္ဌာဘိညာ၊ ခီဏာသဝ၊ အသေက္ခ၊ ရဟန္တာမဟာထေရ်မြတ်(၅၀၀)တို့ကိုသာ ရွေးကောက်တော်မူကြလေသည်။ ဤပရိသတ်တွင် ဗဟုသုတဇေတဒဂ် ရသေက္ခဖြစ်သော အရှင်အာနန္ဒာ ပါဝင်နေသည်ဖြစ်၍ ရဟန္တာမဟာထေရ် မြတ်ကြီးတို့က ဤပရိသတ်၌ အစိမ်းနံ့နံ့စော်သည်ဟု မိန့်ဆိုတော် မူကြရာ အရှင်အာနန္ဒာသည် ငါ့ကိုရည်၍ ဆိုသည်ဟု သတိသံဝေဂ ရတော်မူပြီးလျှင် အသေက္ခဖြစ်အောင် မနေမနားစကြံသွား၍ (၃၂)ပါး သော ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်တော်မူလေသည်။ ထိုသို့ အားထုတ်၍ အသေက္ခခီဏာသဝအဖြစ်သို့ ရောက်ပြီးမှသာလျှင် ပဋ္ဌမသင်္ဂါ ယနာတင် မဟာဓမ္မသဘင်ကြီးတွင် ပါဝင်ဆောင်ရွက်တော် မူသကဲ့သို့ ယခုကျင်းပလတ္တံ့သော ဆဋ္ဌသင်္ဂါယနာတင် ဓမ္မသဘင် ကြီး၌လည်း အထူးသဖြင့် စင်ကြယ်သော ရဟန်းမွန် ရဟန်းမြတ် ပရိသတ်ကို အလိုရှိအပ်ပါသောကြောင်း အရှင်မြတ်တို့သည် အသေက္ခ မဖြစ်နိုင်စေကာမူ ကလျာဏသေက္ခဖြစ်အောင် မိမိတို့၏သန္တာန်၌ ကိလေသာ အညစ်အကြေးများကို သီလဝိသုဒ္ဓိ ဝိပဿနာ ဘာဝနာ ရေစင်ဖြင့် စင်ကြယ်နိုင်သမျှစင် ကြယ်စေပြီးလျှင် ဖြစ်နိုင်ခဲလှစွာသော ဤဆဋ္ဌသင်္ဂါယနာတင် ဓမ္မသဘင်ကြီးတွင်သမ္ဗဇ်တရားဖြင့် ပါဝင် ဆောင်ရွက်တော်မူကြပါ့မည့်အကြောင်း သတိပေးစကား လျှောက်ထား တောင်းပန်ပါသည်ဘုရား။

ဦးရေဝတ
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု
ညောင်ရမ်းဆရာတော်
ဥက္ကဋ္ဌ
ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃာ့အဖွဲ့။

## ၂၀။ ပုစ္ဆကနှင့် ဝိဿဇ္ဇက

သင်္ဂါယနာဆိုင်ရာ စုပေါင်းရွတ်ဆိုရခြင်းဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်လေရာ သင်္ဂါယနာအစဉ်အလာအရ ထိုသို့မရွတ်ဆိုမီ ပါဠိတော်များကို တစ်ခုစီ စစ်ဆေးရသည်။ ဤသုတ်ကို မြတ်စွာဘုရား ဘယ်ဌာနမှာ ဟောခဲ့ပါသနည်း၊ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောခဲ့ပါသနည်း၊ အဘယ်အကြောင်းကြောင့် ဟောခဲ့ပါသနည်း အစရှိသည်ဖြင့် ဘုရားဟော အစစ်ဖြစ်ကြောင်း ခိုင်လုံသေချာအောင် အထပ်ထပ်စိစစ်ရသည်။ ဤသို့အထပ်ထပ်မေးစီစစ်၍ ကျေနပ်မှသာ ပိဋကတ်တော်အဖြစ် လက်ခံအတည်ပြု၍ အတည်ပြုလက်ခံကြောင်း ထင်ရှားရန် သံဃာတော်အားလုံးရွတ်ဆိုတော်မူကြသည်။ ထိုကိုပင် သင်္ဂါယနာတင်သည်ဟု ခေါ်လေသည်။ ပထမသင်္ဂါယနာတင်စဉ်က အရှင်မဟာကဿပက မေးစီစစ်သူအဖြစ်ဆောင်ရွက်၍အရှင်ဥပါလိ၊ အရှင်အာနန္ဒာတို့က ဖြေဆိုသူများအဖြစ် ဆောင်ရွက်တော်မူကြသည်။ ထိုအစဉ်အလာအတိုင်းပင် ဆဋ္ဌသင်္ဂါယနာ၌ မေးစီစစ်မည့်ဆရာတော် အဖြေဆိုမည့်ဆရာတော်အားဖြင့် ပုဂ္ဂိုလ်ထူး (၂)ပါးလိုအပ်နေသည်။ သံဃာ့ပရိသတ်လူပရိသတ်အလယ်တွင် အမေးအဖြေပြုလုပ်ရမည် ဖြစ်၍ထိုလုပ်ငန်းမှာ မလွယ်ကူလှ၊ ပရိတ်သတ်တိုးဖူး၍ ဝါရင့်သော ပုဂ္ဂိုလ်များသာဖြစ်နိုင်မည်၊ အများရှေ့မှာလုပ်ရမည့်အလုပ်ဖြစ်၍ စာရွက်ပေါ်မှာ ရေးကူးလာပြီး စာကိုဖတ်၍ မေးဖြေရန်လည်းမလျော် မေးသူ၊ ဖြေသူ(၂)ပါးလုံး အလွတ်မေးဖြေရမည်ဖြစ်သည်။ထို့ထက် သာ၍ခက်သည်မှာ မေးဖြေလုပ်သောအခါ ပါဠိ–မြန်မာနှစ်ဘာသာဖြင့် လုပ်ရမည်ဖြစ်ရာ နှစ်ပါးစလုံး ပါဠိတို့ကိုလည်း ကျေပွန်စွာ လေ့လာပြီး သူဖြစ်ရမည်။ ပါဠိဘာသာကိုလည်း ပြောဆိုနိုင်သည်အထိ ကျွမ်းကျင်သူဖြစ်ရမည်။ သို့ဖြစ်၍ဆိုပြီး အရည်

အချင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကိုရရန်မှာ မလွယ်ကူလှသော အလုပ်ဖြစ်သည်။

ထိုအမေးအဖြေပြုမည့် နှစ်ပါးတွင် ဆရာတော်ရှာရန်မှာ ကံကောင်းထောက်မသဖြင့် လွယ်ကူလျက်ရှိခဲ့သည်။ အဘယ်ကြောင့်ဟူမူ ပိဋကတ်သုံးပုံ အာဂုံဆောင် တိပိဋကဓရဘွဲ့ရ အရှင်ဝိစိတ္တသာရာဘိဝံသဆရာတော် ပေါ်ထွန်းလာသောကြောင့်ဖြစ်သည်။ ဆရာတော်သည် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကစတင်၍ ကျင်းပပြုလုပ်အပ်သော ပိဋကတ်သုံးပုံ အာဂုံရေးဖြေ စာမေးပွဲကြီးတွင် ၁၉၅၀-ပြည့်နှစ်၌ ဝိနည်းပိဋကတ်ကိုင်း၊ ၁၉၅၁-ခုနှစ်၌အဘိဓမ္မာပိဋကတ်ကိုင်း၊ ၁၉၅၃-ခုနှစ်၌ သုတ္တန္တပိဋကတ်၊ ဒီဃနိကာယ်ကိုင်း ပြန်ဆိုရေးဖြေ နှစ်ထွေလုံးမှာပင် ဂုဏ်ထူးနှင့်ချည်းအောင်မြင်ခဲ့သဖြင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဟူသော ဘွဲ့တံဆိပ်တော်ကိုရပြီးစအခါ ဖြစ်လေသည်။ ထိုဆရာတော်ကိုပင် သင်္ဂါယနာဖြေဆိုသူအဖြစ် ဆောင်ရွက်ရန် ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃာ့အဖွဲ့ဝင် ဆရာတော်တို့က ရွေးချယ်တော်မူကြလေသည်။

မေးစိစစ်တာဝန်ကို ဆောင်ရွက်ရမည့်ပုစ္ဆက ဆရာတော်ကို ရွေးချယ်ရာ၌ကား ဝန်ဆောင်ဆရာတော်တို့သည် ပုစ္ဆကလုပ်ငန်းနှင့် အထိုက်အတန်ဆုံးလည်းဖြစ် လက်လှမ်းလည်းမီသော မဟာစည် ဆရာတော်ကိုပင် ရွေးချယ်ထားကြသည်။

# အခန်း (၃)

# ဆဋ္ဌသင်္ဂါယနာတင်ရာ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ

## ၁။ ဆဋ္ဌသင်္ဂါယနာတင်ရာဒေသ

မြန်မာနိုင်ငံတွင်သင်္ဂါယနာတင်ပွဲ နှစ်ကြိမ်ကျင်းပခဲ့သည်။ ပထမအကြိမ် သင်္ဂါယနာတင်ပွဲမှာ မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးမြို့တွင် ကုန်းဘောင်မင်းဆက်၏ ဆယ်ဆက်မြောက် မင်းတုန်းမင်းကြီး လက်ထက် (အေဒီ၁၈၅၃–၁၈၇၈)တွင် တင်ခဲ့သည့် ပဉ္စမသင်္ဂါနာတင်ပွဲကြီးဖြစ်သည်။

ဒုတိယအကြိမ်တင်သော သင်္ဂါယနာတင်ပွဲမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစအခါ အေဒီ ၁၉၅၄–ခုနှစ်တွင် မြန်မာနိုင်ငံအောက်ပိုင်း ရန်ကုန်မြို့တွင် ပြည်သူလူထုက ဒါယကာပြု၍ တင်ခဲ့သော ဆဋ္ဌသင်္ဂါယနာတင်ပွဲဖြစ်သည်။

ထိုသင်္ဂါယနာတင်ပွဲကြီးနှစ်ခုတွင် ပဉ္စမသင်္ဂါယနာတင်ပွဲ၏ ဒါယကာမှာ မင်းတုန်းမင်းကြီး (အေဒီ ၁၈၁၄–၁၈၇၈) ဖြစ်ပြီး၊ သင်္ဂါယနာတင်ရာဌာနမှာ မင်းတုန်းမင်းကြီး အေဒီ၁၈၅၇–ခုနှစ်က အသစ်တည်ထောင်ခဲ့သော မန္တလေးရတနာပုံ ရွှေမြို့တော်သစ်ကြီး အတွင်း အဆောင်ပေါင်း၁၀၀ ကျော်ပါဝင်သည့် မြေနန်းပြာသာဒ် သီဟာသနပလ္လင်တော်အရှေ့တွင် အေဒီ ၁၈၇၁ ခုနှစ်တွင် သံဃာတော် ၂၄၀၀–ပါးတို့ဖြင့် ဆင်ယင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုစဉ်အခါက

သင်္ဂါယနာတင်ပွဲကျင်းပရာ မန္တလေးရတနာပုံသည် နိုင်ငံအုပ်ချုပ်သူ ဘုရင်မင်းမြတ်၏ ထီးနန်းစိုက်ရာဌာနဖြစ်၍ နိုင်ငံတော်၏အချက်အချာ မြို့တော်ဖြစ်လေသည်။

ပဉ္စမသင်္ဂါယနာတင်ပွဲကြီးပြီးသည့်နောက် နှစ်ပေါင်း(၈၃)နှစ် အကြာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရလက်ထက်၌ ၁၉၅၄-ခုနှစ်တွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကို မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် လူထုသင်္ဂါယနာတင်ပွဲအဖြစ် ကျင်းပခဲ့လေသည်။ ဤတွင် ဆဋ္ဌသင်္ဂါယနာတင်ရာဌာနဖြစ်သည့် ရန်ကုန်မြို့တော်၏ သမိုင်းနောက်ခံကို အနည်းငယ် တင်ပြလိုပေသည်။

**၂။ ရန်ကုန်မြို့၏နောက်ခံသမိုင်းအကျဉ်း**

ရန်ကုန်မြို့ကို ဓမ္မစေတီမင်းခေါ် ရာမာဓိပတိ(အေဒီ-၁၄၇၂) လက်ထက်ထိုး ရွှေတိဂုံစေတီတော်ကြီးကျောက်စာ (အေဒီ-၁၄၈၅)အရ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်အခါ (၅၆၆-၅၂၈ ဘီစီ)တွင် ပေါက္ခရဝတီပြည်ခေါ် အသိတဉ္စနနဂိုရ်ပြည်ဟု တွင်ကြောင်း၊ ရွှေတိဂုံဘုရားသမိုင်းတို့၌ကား ဥက္ကလာပဟု တွင်ကြောင်း ဖော်ပြထားလေသည်။

ရွှေတိဂုံစေတီတော်တည်ရာ ကုန်းတော်ကြီးနှင့်တကွ ရန်ကုန်မြို့ကို ဒဂုန်ဟုခေါ်တွင်ကြောင်း အထောက်အထားများကိုလည်း တွေ့ရသည်။ ထိုပြင် စမ္ပူဒီပဥဆောင်းကျမ်းတွင် 'သက္ကရာဇ်၆၃၃-ခု၊ တန်ခူးလပြည့်ကျော် ၁၀ရက်၊ အင်္ဂါနေ့၊ ပြိဿစန်း ဓနုတြင်းနဝင်းတွင် အမတ်ကွန်တည်ရော ဒဂုံပြည်ဟု ဖော်ပြထားသဖြင့် အေဒီ ၁၂၇၂-ခုနှစ်ကပင် ဒဂုန်ပြည်ကို တည်ထောင်ကြောင်းသိရ၏။

ပုဂံခေတ် (အေဒီ ၁၀၄၄–၁၂၈၇)က ဒဂုန်မြို့ကို ရွှေတိဂုံစေတီတော်ကည်ရာအရပ်ဟု သာမညသိကြပုံရပြီး၊ ဒဂုန်မြို့၏ အနောက်ဘက် ရန်ကုန်မြစ်ခေါ် လှိုင်တစ်ဖက်ကမ်းရှိ ဒလ(တလ)မြို့ကိုသာ အသိများထင်ရှား၍ ကျောက်စာတို့၌လည်း ထိုဒလကို မှတ်တမ်းတင်ထားကြောင်းတွေ့ရသည်။ ပင်းယခေတ်(အေဒီ ၁၃၂၃–၁၃၆၄)၊ အင်းဝခေတ်(အေဒီ ၁၃၆၄–၁၅၅၅)တို့တွင် ဒဂုန်သည် အတော်အသင့် အမည်တွင်ကျယ်လာပြီး၊ ဝါရီရူမင်း (အေဒီ ၁၂၈၇–၁၂၉၆)၏ မြစ်တော်ဆင်ဖြူရှင် ဗညားဦးလက်ထက် (အေဒီ ၁၃၅၃–၁၃၈၅ခုနှစ်) တွင် ဂုန်မြို့သည် ရာဇဝင်၌ ထင်ရှားလာခဲ့သည်။

ထိုစဉ်က ဗညားဦး၏အစ်မတော် မဟာဒေဝီနှင့် တူတော်ဗညားနွဲ့ (အေဒီ ၁၃၈၅–၁၄၂၃)တို့ ဒဂုန်၌အောင်မြေနင်းကာ တသီးတခြားမြို့တည်ခဲ့၏။ ဗညားနွဲ့သည် ရာဇဓိရာဇ်ဘွဲ့ကိုခံယူပြီး အင်းဝဘုရင်မင်းခေါင်(၁၄၀၀–၁၄၂၃)နှင့် စစ်ခင်းခဲ့သည်။ ရာဇဓိရာဇ်၏ သမီးတော်ရှင်စောပု(အေဒီ ၁၄၅၃–၁၄၆၀)နှင့် ရှင်စောပု၏ သမက်တော် ဓမ္မစေတီမင်း(အေဒီ၁၄၆၀–၁၄၉၂)တို့ လက်ထက်၌ ဒဂုန်မြို့သည် အထူးထင်ရှားခဲ့လေသည်။ ရှင်စောပုဘုရင်မကြီးသည် ဒဂုန်၌ မြို့သစ်တည်၍ စံမြန်းကြောင်း၊ ထိုစဉ်က ဒဂုံမြို့၏ မြို့နေရာမှာ ရွှေတိဂုံဘုရားအနောက်တောင်ဘက် ဗဟန်း၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗားကရာစသည့် နေရာတစ်ဝိုက် ဖြစ်ကြောင်း သိရသည်။

တပင်ရွှေထီး (အေဒီ ၁၅၃၁–၁၅၅၀)၊ ဘုရင့်နောင် (အေဒီ ၁၅၅၁–၁၅၈၁)တို့နှင့် ညောင်ရမ်းမင်းဆက် (အေဒီ ၁၅၉၉–၁၇၅၂) လက်ထက်တွင် ဒဂုန်မြို့သည် သမိုင်း၌မှေးမှိန် ခဲ့ရပြန်ပြီး၊ ပေါ်တူဂီလူမျိုး ဖီလစ်ဒီဘရစ်တိုသည် ဂိုအာမြို့မှ ပဲခူးသို့လာရောက်သော အေဒီ

၁၆၀၆-ခုတွင် သန်လျင်၌မြို့သစ်တည်ကာ အင်းဝကိုဖိဆန်သောအခါ မြို့ဟောင်း၊ ပုသိမ်၊ ဒလ၊ သန်လျင်၊ ပဲခူး၊ မုတ္တမနှင့် တနင်္သာရီ တို့သည် ကုန်စည်ကူးသန်းရာ ဆိပ်ကမ်း မြို့များအဖြစ် ထင်ရှားခဲ့ပြီး၊ ဒဂုန်မှာ မြို့အနေမှ ကျေးရွာအခြေနီးပါးသို့ရောက်ရှိ သွားဟန် တူလေသည်။ ထို့ကြောင့်အလောင်းဘုရား(အေဒီ ၁၇၅၂-၁၇၆၀) ရာမညတိုင်း အလုံးကို သိမ်းကျုံးတိုက်ခိုက်ရာတွင် ဒဂုန်မြို့သို့ဝင်မိလျှင် ယာတောဖြစ်လျက်ရှိသည်ကို တွေ့ရသည်ဟု လည်းကောင်း၊ ဒဂုန်သည် မွန်အမျိုးသား တံငါများနေထိုင်ရာ တံငါရွာကလေးမျှ ဖြစ်သည်ဟုလည်းကောင်း ဆိုပါသည်။

အလောင်းမင်းတရား(၁၇၁၄-၁၇၆၀)သည် ဒဂုန်မြို့ကို သိမ်းပိုက်ပြီးလျှင် မြို့သစ်တည်ခြင်းနှင့်စပ်၍ အလောင်းမင်းတရား အရေးတော်ပုံကျမ်း၌ 'ရန်အပေါင်းကို အကုန်စင်အောင် တော်မူသောကြောင့် ထိုမြို့ကို ရန်ကုန်သမိုက်တော်မူသတည်း' ဟု ဖော်ပြထားသည်။ အလောင်းဘုရားတည်သော ရန်ကုန်မြို့သစ်သည် ရန်ကုန်မြစ်ကမ်းနံဘေး၌ နှစ်မိုင်သာသာ ကွာဝေးသောနေရာ၌ မြို့ကွက်ထွင်၍ တည်ထားခဲ့ခြင်းဖြစ်သည်။ အလောင်းဘုရား၏ ရန်ကုန်မြို့ကို ၁၇၅၅-ခုနှစ်၊ မေလ(၂)ရက်နေ့တွင် တာဝန်း(၁၁၁၉)တာရှိ မြို့သစ်အဖြစ် (၇)ရက်နှင့်ပြီးအောင် တည်ခဲ့သည်။ ထိုမြို့သစ်သည် မြောက်ဘက်၌ ဆူးလေစေတီ၊ တောင်ဘက်တွင် ရန်ကုန်မြစ်၊ အရှေ့ဘက်တွင် သိမ်ဖြူလမ်း၊ အနောက်ဘက်တွင် ယခု-လမ်း၃၀ခန့်အထိဖြစ်သည်။ ထိုမြို့သစ်အပါအဝင် ရန်ကုန်တစ်မြို့လုံးအနေဖြင့်ကား မြောက်ဘက်တွင် ကမာရွတ်၊ တောင်ဘက်တွင် ဒလ၊ အရှေ့ဘက်တွင် ပုဇွန်တောင်ချောင်း၊ အနောက်ဘက်တွင် ခနောင်တို-တို့ ပါဝင်သည်။

အေဒီ ၁၈၂၄-ခုနှစ်၌ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲတွင် ရန်ကုန်သည် အင်္ဂလိပ်လက်အောက်သို့ ခေတ္တကျရောက်ခဲ့ပြီး၊ အေဒီ ၁၈၂၆-ခုနှစ်တွင် မြန်မာတို့လက်သို့ပြန်လည်ရောက်ရှိ လာပါသည်။

အေဒီ ၁၈၄၁-ခုနှစ်တွင် သာယာဝတီမင်း(အေဒီ၁၇၈၇-၁၈၄၆)သည် ရန်ကုန်သို့ ရေကြောင်းဖြင့် စုန်ဆင်းပြီး တာဝန်း၁၈၀၀ ရှိသော မြေမြို့ကို (၇)ရက်အတွင်းဖြည့်၍ မြို့တော်ကို 'အောင်မြေရန်နိုင်'၊ နန်းတော်ကို 'မြတ်နန်းအောင်ချာ'-ဟုသမုတ်တော်မူခဲ့ပါသည်။ သာယာဝတီမင်း၏ ရန်ကုန်မြို့တော်သည် ယခုရွှေတိဂုံဘုရားအနီး ဒဂုံမြို့နယ်အတွင်း ကျရောက်နေပါသည်။

ပုဂံမင်းလက်ထက်(အေဒီ၁၈၄၆-၁၈၅၃)တွင် အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲ(၁၈၅၂-ခုနှစ်) ဖြစ်ပေါ်ခဲ့ကာ ရန်ကုန်မြို့အပါအဝင် အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့(၁၇)၊ ဒီဇင်ဘာလ၊ ၁၈၅၂-ခုနှစ်တွင် သိမ်းယူခဲ့ကြသည်။ ထိုနှစ်ဒီဇင်ဘာ(၂၀)ရက်နေ့တွင် ရန်ကုန်မြို့တွင် မေဂျာအာသာဖယ်ယာသည် ပထမဆုံး မဟာဝန်ရှင်တော် မင်းကြီးအဖြစ် ရုံးစိုက်ခဲ့သည်။

အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲ(အေဒီ၁၈၈၅-ခုနှစ်)အပြီး အထက်အောက် မြန်မာပြည်နှစ်ရပ်လုံးကို ချားလ်ဘားနဒ်အား မဟာဝန်ရှင်တော်မင်းကြီးခန့်အပ်၍ အုပ်ချုပ်စေခဲ့သည်။

၁၈၈၇-ခုနှစ်တွင် ဆာချားလ်ဘားနဒ်ဇ်နေရာကို ခရော့စဝိတ်က ဆက်ခံခဲ့သည်။ ထိုကြောင့်မဟာဝန်ရှင်တော်မင်းကြီး ဆာချားလ် ခရော့စဝိတ်သည် ဝင်ဆာလမ်း(ယခု -ရှင်စောပုလမ်း)ရှိ အစိုးရ အိမ်တော်ဝင်းအတွင်း သစ်အဆောက်အအုံ၌နေထိုင်၍ ရန်ကုန်မြို့မှာပင် ရုံးစိုက်ခဲ့သည်။ နောင်အခါ ရန်ကုန်မြို့သည် ကိုလိုနီခေတ်ဦး၌ မဟာဝန်

ရှင်တော်မင်းကြီးနှင့် ဘုရင်ခံတို့ရုံးစိုက်ရာမြို့ဖြစ်ခဲ့သဖြင့် မြို့ပြအနေဖြင့် အဆင့်အတန်းတိုးမြင့်လာပါသည်။

ရန်ကုန်သည် မြို့ဟုဆိုရာတွင် ရှင်စောပု၊ အလောင်းဘုရား၊ သာယာဝတီနှင့် ဖရေဇာ–စသည့်ပုဂ္ဂိုလ်တို့ တည်ခဲ့သော ရန်ကုန်မြို့ ကွက်များသည် ရန်ကုန်မြို့မြေအနံ့ ပျံ့နှံ့ဆက်စပ်ခြင်းမရှိဘဲ ရပ်ကွက် တစ်ကွက်နှင့် တစ်ကွက်အကြား မြေပိုမြေကွက်များစွာ ရှိနေကြောင်း တွေ့ရသည်။

## ၃။ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ

ရန်ကုန်မြို့တော်သည် မြစ်ဆိပ်ကမ်းတွင် ဂုန်တောရွာကလေး ဘဝမှ ဒဂုန်မြို့၊ ထိုမှ တစတစရန်ကုန်မြို့၊ ထိုမှ ရန်ကုန်မြို့တော်ကြီး အဖြစ်သို့ အဆင့်မြင့်တက်လာသော်လည်း ဆဋ္ဌသင်္ဂါယနာတင်မည့် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသည်ကား ၁၉၄၈–ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်အချိန်အထိ ကုန်းကမူ၊ ရှိုမြောင်ချိုင့်ဝှမ်းတို့ဖြင့် ရော်ဘာပင်များစွာ ပေါက်ရောက်လျက်ရှိသော ရော်ဘာတောကြီး အဖြစ် ရှိနေခဲ့သည်။ ထိုရော်ဘာတော၏တောင်ဘက်၌ ရေကူးရွာ တည်ရှိသည်။ အရှေ့ဘက်တွင် ရှမ်းအဆက်အနွယ်များနေရာ စော်ဘွား လေးရွာ တည်ရှိ၏။ အရှေ့တောင်ထောင့်အရပ်၌ တံတားကလေးရွာနှင့် မြန်မာ့ အဆွေ ကုမ္ပဏီပိုင်သော အဝေမ်းခြံကြီးတည်ရှိသည်။

ထိုအဝေမ်းခြံအနီး တံတားကလေးရွာအနီးအတွင်းမှ အလွန်ရှေး ကျသော အုတ်ခွက်ဘုရားများ၊ ဆင်းတုတော်များ စသည့် ရှေးဟောင်း ပစ္စည်းတို့ကို ၁၉၃၈–၁၉၃၉ ခုနှစ်အတွင်း တူးဖော်ရရှိသည့်အတွက် ဤသီရိမင်္ဂလာကုန်းမြေအပါအဝင်ဝန်းကျင်ဒေသသည် အနိရုဓမင်း (အေဒီ ၁၀၄၄–၁၀၇၇)လက်ထက်ကပင် ဗုဒ္ဓသာသနာ ပျံ့နှံ့ရောက်ရှိနေ ကြောင်း ရှေးဟောင်းသုတေသနပညာရှင်တို့ ယူဆထားကြသည်။

ဆဋ္ဌသင်္ဂါယနာတင်ရာ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသည် ရန်ကုန်တိုင်းမြောက်ပိုင်းဒေသ၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၇) ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းမကြီးနံဘေး၌ တည်ရှိနေပါသည်။ ထိုကုန်းမြေသည် အစဉ်အလာပြောစကားများအရ ဉက္ကလာပမင်းကြီး လက်ထက်က အရညဝါသီရသေ့ညီနောင်တို့ နေထိုင်ရာကုန်းဖြစ်ပြီး၊ သိင်္ဂုတ္တရ(၉၉) ကုန်းတွင် တစ်ကုန်း အပါအဝင်ဖြစ်ကြောင်း၊ ၁၉၃၉–ခုနှစ်မတိုင်မီက ဤကုန်းမြေတွင် နိုင်ငံခြားသားများအိမ်ရာ ဆောက်လုပ်နေထိုင်ရာ ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်တွေ့ရ၍ မနေဝံ့ကြကြောင်းသိရသည်။ ထိုနေရာသည်လွတ်လပ်ရေးမရမီ ၁၉၄၈–ခုနှစ်မတိုင်မီက ရာဘာတောကြီးဖြစ်သည်။ ထိုကုန်းမြေ၌ ရှေးဦးပထမပေါ်ထွန်းလာသော သာသနိကအဆောက်အအုံမှာ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ပင် ဖြစ်သည်။ သို့ပါ၍ ဆဋ္ဌသင်္ဂါယနာတင်ရာ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၏ အစသည် သီရိမင်္ဂလာစေတီက စတင်ကြောင်းမှတ်တမ်းတင်ရပေလိမ့်မည်။

## ၄။ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်သည် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၏ အနောက်ဘက်ရှိ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေပေါ်တွင်တည်ရှိသည်။ စေတီတော်ကြီးကို ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်အမှူးပြုသော မြန်မာနိုင်ငံတော်နိုင်ငံသားတို့က မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေလျက် အေးချမ်းသာယာမှုကို ခံစားနိုင်ကြစေရန်ရည်မှန်း၍ တည်ထားသော စေတီတော်မြတ်ကြီးဖြစ်ပါသည်။

ကမ္ဘာအေးစေတီတည်ဆောက်ရာတွင် ပခုက္ကူမြို့၊ ပခန်းကြီးရွာနေ ရှင်မတောင်ဆရာဒွေးသည် အရေးပါသော အခန်းကဏ္ဍတွင်ပါဝင်သည်။ ၁၉၄၈–ခုနှစ်တွင် ရှင်မတောင်ဆရာဒွေးသည် ပခုက္ကူမြို့ အပိုင်၊ ပခန်းကြီးရွာအနီးတွင် ကမ္မဋ္ဌာန်းတရားအားထုတ်ခဲ့သည်။ ၁၉၅၀–ပြည့်နှစ်၊ ဇန္နဝါရီလ(၂)ရက်နေ့တွင် ဆရာဒွေး တရားအားထုတ်နေခိုက် တောင်ထိပ်သို့ သူတော်တစ်ပါးရောက်ရှိလာပြီး လောကီလောကုတ္တရာအကျိုးများကို ဆွေးနွေးခဲ့ကြသည်။ ထိုသူတော်က ၄င်းကိုင်ဆောင်လာသည့် 'ဝဏ္ဏသီရိမင်္ဂလာ'ဟု အမည်ထွင်းပါရှိသော တောင်ဝှေးကို ဝန်ကြီးချုပ်ထံ အပေးခိုင်းသည်။ ထိုတောင်ဝှေးကို ဌာပနာ၍ စေတီတည်ဆောက်ပြီး ဆုတောင်းပါက 'တိုင်းပြည် ငြိမ်းချမ်းရေး၊ ကမ္ဘာငြိမ်းချမ်းရေးရရှိလိမ့်မည်'ဟုလည်း မှာကြားသွားသည်။ ထိုမှာကြားချက်အရ ရှင်မတောင်ဆရာဒွေးသည် ၁၉၅၀–ပြည့်နှစ်၊ ဇူလိုင်(၁၈)ရက်နေ့တွင် တရားရေးဌာနဝန်ကြီး သတိုးသရေစည်သူ ဦးဘဂျမ်းနေအိမ်သို့သွား၍ အကျိုးအကြောင်း စုံလင်စွာ ပြောပြခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်မတောင်ဆရာဒွေးနှင့် တွေ့ဆုံ၍ လူသူတော်ပေးအပ်လိုက်သည့် တောင်ဝှေးကို လက်ခံခဲ့သည်။ ထိုနောက်ကမ္ဘာငြိမ်းချမ်းရေးနှင့် ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးတို့ကို ရှေးရှုပြီးစေတီတော်တဆူ တည်ထားကိုးကွယ်ရန် မြေနေရာရရှိရေးအတွက် ဝန်ကြီးဦးဘဂျမ်းအား တာဝန်လွှဲအပ်ပေးခဲ့သည်။

ဝန်ကြီးဦးဘဂျမ်းသည် နိုင်ငံတော်မီးသတ်ဌာန ညွှန်ကြားရေးဝန် သရေစည်သူဦးလှကျော်ကိုခေါ်ယူ၍ စေတီတော်တည်ထားရန် မြေနေရာ တစ်ခုရရှိရေးအတွက် ထပ်ဆင့်တာဝန်ပေးခဲ့သည်။ ဦးလှ

ကျော်သည် ရန်ကုန်မြို့ဆင်ခြေဖုံးစည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးအရာရှိ ဦးဘကြိုင်ကို အကူအညီတောင်းပြီး မြေနေရာ ရှာဖွေခဲ့သည်။ ပထမတွင် တောင်ဥက္ကလာပမြို့နယ် ကျိုက္ကဆံဘက်တွင် မြေနေရာ ရွေးချယ်ကြသည်။ နေရာကျယ်ဝန်းသော်လည်း မြေနေရာရွေးချယ်သူများက ကြိုက်နှစ်သက်ခြင်းမရှိပေ။ တဖန် ဒုတိယအကြိမ် ဦးဘကြိုင်၏ တိုက်တွန်းချက်အရ ထိုစဉ်က ရန်ကုန်မြို့၏ ဆင်ခြေဖုံးရပ်ကွက်ဖြစ်သော ရေကူးရွာအနီးကုန်းမြေသို့ သွားရောက်ကြည့်ရှုခဲ့သည်။ ထိုကုန်းမြေသည် ရွှေတိဂုံစေတီတော် တည်ရှိရာ သိင်္ဂုတ္တရကုန်းတော်ကို ဝန်းရံလျက်ရှိသည့် ကိုးကုန်းတွင်တစ်ခုအပါအဝင်ဖြစ်သည်။ ထိုကုန်းမြေကို လှည့်လည်ကြည့်ရှု ရာစည်မျက်နှာကဲ့သို့ မြေညီညွတ်ခြင်း၊ မြေအဆင်းနီမြန်းခြင်း၊ နွယ်မြက်သစ်ပင်တို့ လက်ျာရစ် ပေါက်ခြင်းစသည်တို့ကို တွေ့ရသည်။ ထိုပြင် ထိုကုန်းမြေပေါ်မှ ဘေးပတ်ဝန်းကျင်သို့ လှည့်လည်ရှုမျှော် လိုက်သောအခါ ရွှေတိဂုံစေတီတော်၊ ကျိုက်ခေါက်စေတီတော်၊ ကျိုက္ကဆံစေတီတော်၊ မိုးကောင်းစေတီတော်၊ ရွှေနားပန်စေတီတော်တို့ကို ဖူးမျှော်နိုင်လေသည်။ ထိုသို့ထူးခြားချက်တို့နှင့် ပြည့်စုံသော ထိုကုန်းမြေပေါ်၌စေတီတော်တည်ရန် ရွေးချယ်ခဲ့သည်။

သာသနာမြေရှာသူများသည် ဝန်ကြီးဦးဘဂျမ်းအား ထိုကုန်းမြေကို တွေ့ရှိကြောင်းခေါ်၍ ပြသရာတွင် အလွန်နှစ်ခြိုက် သဘောကျခဲ့ပါသည်။ ဝန်ကြီးဦးဘဂျမ်းမှတဆင့် နိုင်ငံတော်ဝန်ကြီးချုပ်၊ စိန်ဘရားသားဦးထွန်းစိန်၊ ဦးမြရင်၊ ဦးမောင်မောင် စသောပုဂ္ဂိုလ်ကြီးများခေါ်ဆောင်၍ မြေနေရာကို ပြသကြည့်ရှုကြရာ ထိုကုန်းမြေသည် အခြားတပါးသောကုန်းမြေတို့ထက် ထူးမြတ်သည့်အဖြစ်ကို တွေ့ရှိကြရာ ဤကုန်းမြေ၌ပင် သာသနာ့အုတ်မြစ်ချ စေတီတည်ထားရန် သဘော

တူညီခဲ့ကြသည်။ ထို့ကြောင့်မဟာသီရိသုဓမ္မဟာသ်ာတ ဦးမြနှင့် မီးသတ်ညွှန်ကြားရေးဝန်ဦးလှကျော်တို့အား ကိုးတောင်ပြည့် စေတီတည်ရန် ဆုံးဖြတ်၍ တာဝန်လွှဲအပ်ကြသည်။

ကမ္ဘာအေးစေတီတော် ပန္နက်တင်မင်္ဂလာမကျင်းပမီ ၁၉၅၀-ပြည့်ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့တွင် ဝန်ကြီးချုပ်၏ဆန္ဒအရ ညပိုင်းမှ အစပြု၍ ရတနာသုံးပါးကိုဦးထိပ်ထားကာ ဘုရားကိုးဆူပူဇော်ခြင်း၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များအား ဗလိနတ်စာပူဇော်ခြင်း စသည့် ကိစ္စများကို ဆောင်ရွက်ခဲ့ပါသည်။ ၁၉၅၀-ခုနှစ်၊ စက်တင်ဘာ(၁)ရက် နံနက်(၈)နာရီတွင် သတိုးသီရိသုဓမ္မ ဆာဦးသွင်၊ နိုင်ငံတော် တရားဝန်ကြီးဆာဘဦး (ဆဋ္ဌသင်္ဂါယနာတင်ချိန်တွင် နိုင်ငံတော်သမ္မတ ဖြစ်လာသူ)၊ တရားဝန်ကြီးဦးသိမ်းမောင်၊ မဟာသီရိသုဓမ္မဟာသ်ာတ ဦးမြစသော နိုင်ငံတော်ဝန်ကြီးများက ဘုရားမြေ ပန္နက်ရိုက်ခဲ့ကြသည်။ ၁၉၅၀-ခုနှစ်၊ စက်တင်ဘာလ (၃)ရက်နေ့တွင် အုတ်မြစ်ချကာ တည် ဆောက်ခဲ့ပါသည်။ ၁၉၅၀-ခုနှစ်၊ စက်တင်ဘာလ(၃)ရက်နေ့တွင် အုတ်မြစ်ချကာ တည်ဆောက်ခဲ့ပါသည်။ စေတီတော်ကြီး၏ ထီးတော် တင် မင်္ဂလာကို ၁၉၅၂-ခုနှစ်၊ မတ်လ (၅)ရက်တွင် ပြုလုပ်ပြီး၊ ပင့်သံဃာ ၁၀၈-ပါးတို့ဖြင့် အနေကဇာတင်ခဲ့ပါသည်။ တည်ဆောက်ကာလမှာ (၁)နှစ်၊ (၆)လ၊ (၂၇)ရက် ကြာမြင့်ခဲ့သည်။ စေတီတော်ကြီး၏ ဉဏ်တော်အမြင့်မှာ (၁၁၈)ပေ (သို့မဟုတ်) (၇၈)တောင် (၂)မိုက် ဖြစ်၍၊ လုံးပတ်တော်မှာ (၂၂၅)ပေ ဖြစ်ပါသည်။ စေတီတော်ကြီး၏ ဘွဲ့တော်မှာ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ဖြစ်ပါသည်။

စေတီတော်ကြီး၏ဖွဲ့စည်းပုံမှာ မြန်မာနိုင်ငံတွင် စံထားလောက် သော ပုဂံခေတ်က ငါးမျက်နှာဘုရားဖုံစံမျိုး တည်ထားပြီး ခေတ်မီ

ဗိသုကာပညာဖြင့် သံထုတ်တန်းကြီးများဖြင့် အတွင်းလိုဏ်ဂူသဖွယ် ဌာပနာတိုက်ကို အုံထပ်၍တည်ထားသည်။ စေတီတော်၏ လိုဏ်တွင်း၌ အလယ်ဌာပနာတိုက်ကို ပတ်၍ ဉာဏ်တော် (၈)ပေစီ ရှိသော ဒီပင်္ကရာ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမစသော ဆင်းတုတော်ကြီး ငါးဆူတို့ကို ကိုးကွယ်ထားပါသည်။ ဆင်းတုတော် တို့ မျက်နှာမူရာတွင် မုခ်ငါးမုခ်ထားရှိသည်။ ထိုမုခ်ဝ၏အထက်၌ ပြတင်းပေါက်နှစ်ခု ရှိသည်။ မုခ်ဝ၏ ဘေးနံရံတွင် ပြတင်းပေါက် (၁၆)ခု၊ မုခ်ဝကြီး(၅)ခု၊ အထက်ပြူတင်းပေါက်ပေါင်း (၁၀)ခု၊ မုခ်ဝနံရံကြီး (၅)ခုနှင့်ပြူတင်း ပေါက်(၈)ခုရှိပါသည်။ မုခ်ဝများတွင် စကြာပုံတောင်း သဏ္ဌာန်နှင့် ကြာပွင့်ကြာဖူးသဏ္ဌာန်များကို သာသနာရိပ်မြုံအဖြစ် ပုံဖော်ထားသည်။ စေတီတော်ကြီး၏ အလယ် တည့်တည့်ဌာပနာတိုက်၌ ဓာတ်တော်တိုက် ထိုဌာပနာတိုက်အတွင်း၌ မြတ်စွာဘုရားရှင်၏ အဂ္ဂသာဝကနှစ်ပါး ဖြစ်သော ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်များ၊ သီရိ မင်္ဂလာ မဟာရာဇိန္ဒြ ဘွဲ့တော်ရှိသော ဘော်ဆင်းတုတော်ကြီးတစ်ဆူ တို့ရှိသည်။ လိုဏ်အတွင်း ဌာပနာတိုက်ပတ်လည်အထက်ဆင့်တွင် နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ ရုပ်ပွားတော်များကို ထိုဘုရားရှင် တို့၏ ပွင့်တော်မူရာ ဗောဓိပင်နှင့်တကွ ထားရှိသည်။ စေတီတော်မြတ် ကြီး၏ အပြင်နံရံပတ်လည်၌ ၁၉၈၉–ခုနှစ်တွင်အေဒီ(၂)ရာစုမှ မျက် မှောက်ခေတ် (၂၀)ရာစုခေတ်အထိ မုဒြာ(၁၁)မျိုးတို့ဖြင့် ခေတ်အဆက် ဆက်၌ သွန်းလုပ်ပူဇော်ထားခဲ့ကြသော ထေရဝါဒဗုဒ္ဓဘာသာထွန်းကား ရာ နိုင်ငံပေါင်း(၁၄)နိုင်ငံတို့မှ အရုပ်တော်ပမာအားဖြင့် (၆ပေ ၆လက်မ) ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော် အဆူ(၂၀)တို့ကိုလည်း ထားရှိကာ ဖူးမျှော် ကြည်ညိုနိုင်ကြသည်။ စေတီတော်ကြီး၏ အင်္ဂါထောင့်အရပ်တွင် ဗုဒ္ဓဝင်

ပြခန်းကြီးကိုလည်း ရဟန်းရှင်လူပြည်သူများလေ့လာနိုင်ပါသည်။ ပြခန်းကြီးအတွင်း၌ သီရိမင်္ဂလာကမင်းကြီးလက်ထက် တတိယသင်္ဂါယနာတင်အပြီးတွင် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုကြွတော်မူကြကုန်သော ရဟန္တာမထေရ်မြတ်တို့၏ သာသနာ ပြုရာဒေသများကို ဗုဒ္ဓသာသနိက ပထဝီဝင်အတိုင်းသရုပ်ဖော် ပြသထားပါသည်။

ကမ္ဘာအေးစေတီတော်၏ အံ့ဖွယ်ကိုးပါးမှာ – (၁)ကမ္ဘာအေးစေတီတော်သည် အဝေးမှဖူးမျှော်ပါက သေးငယ်သည် ထင်ရသော်လည်း သေချာစွာ အာရုံပြုက ကြီးမားကျယ်ဝန်းလှသော စေတီတော်ကြီး ကဲ့သို့ ဖူးမျှော်ရခြင်း။ (၂)ကမ္ဘာအေးစေတီတော်ကြီးသည် ပြည်တွင်း ပြည်ပ အရပ်ရပ်က ဖူးမျှော်ရန်လာရောက်သည့်အခါ အာရုံခံအတွင်း ပြည့်နှက်သည်မရှိ၊ မဆန့်သည်မရှိခြင်း။ (၃) ကမ္ဘာအေးစေတီတော်ကြီးကို နေ့စဉ်နံနက်အရုဏ်တက်တိုင်း ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ သစ်သီး၊ ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်ပူဇော်ပြီးဖြစ်ခြင်း။ (၄)ကမ္ဘာအေးစေတီတော်သည် နေ့စဉ်နှင့်အမျှ ဘုရားဖူးသူ ပြတ်သည်မရှိ၊ စည်ကားစွာ ရပ်နီးရပ်ဝေးဖူးမျှော်ကန်တော့ရန် ရောက်လာရခြင်း။ (၅)နိုင်ငံရပ်ခြားသမ္မတကြီးများက လာရောက်ဖူးမြော်ရခြင်း။ (၆) နှစ်စဉ် တပို့တွဲလတွင် ဘုရားပွဲတော်ကို စည်ကားစွာဆင်နွှဲကြရခြင်း။ (၇)ကမ္ဘာအေးစေတီတော်မြတ်ကို နေ့ညဉ့်မပြတ် လျှပ်စစ်မီးများဖြင့် လုံးတော်ပြည့်မျှ ဓာတ်မီးပူဇော်ခြင်း။ (၈)ကမ္ဘာအေးစေတီတော်မြတ်၏တန်ခိုးတေဇော်အာနုဘော်ကြောင့် ဆဋ္ဌပါသာဏဂုဟာပေါ်လာပြီး၍ ထိုလိုဏ်ဂူတော်အတွင်း၌ ပါဠိတော်များကို ပဌမသန္နိပါတမှ ပဥ္စမသန္နိပါတ အထိ၄င်း၊ အဋ္ဌကထာများကို ပဌမသန္နိပါတမှ စတုတ္ထသန္နိပါတ အထိ၄င်း၊ ဋီကာများကို ပထမ၊ ဒုတိယသန္နိပါတများဖြင့်၄င်း၊ ဆဋ္ဌသင်္ဂါယနာ တင်တော်မူကြရခြင်း၊ (၉)ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသို့ ထေရဝါဒငါးနိုင်ငံမှ

ကြွရောက်လာသော သာသနာပိုင်များက ကမ္ဘာအေးစေတီမြတ်ကို ပူးမျှော်ရခြင်းတို့ဖြစ်သည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တွင် မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်များနှင့် ရဟန္တာဓာတ်တော်များအပြင် မြတ်စွာဘုရားရှင်၏ အဂ္ဂသာဝကများဖြစ်သော ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်များလည်းရှိပါသည်။ ထိုအဂ္ဂသာဝကတို့၏ ဓာတ်တော်များသည် ၁၉၅၀ ခုနှစ်၊ ဖေဖော်ဝါရီ (၄)ရက်နေ့တွင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ပင့်ဖိတ်၍ မြန်မာနိုင်ငံ အနှံ့အပြား၌ ဒေသစာရီလှည့်လည်ကြွရောက်ခဲ့ဘူးသည်။ နိုင်ငံတော်ဝန်ကြီးချုပ်သည် ထိုသာဝကနှစ်ပါး၏ ဓာတ်တော်များကို မြန်မာနိုင်ငံ၌ အမြဲတမ်း ကိုးကွယ်ပူဇော်ရန်အတွက် အိန္ဒိယဝန်ကြီးချုပ် Pandit Jawaharlal Nehru ထံမှ တောင်းခံခဲ့သည်။ ၁၉၅၁– ခုနှစ် ဇန္နဝါရီလ (၂၀)ရက်နေ့တွင် အိန္ဒိယအစိုးရနှင့် မဟာဗောဓိအသင်းကြီးကကြီးမှူး၍ မြန်မာနိုင်ငံအား ဓာတ်တော်လှူဒါန်း ပေးအပ်ပွဲအခမ်းအနားကို ကာလကတ္တားမြို့၌ ကျင်းပခဲ့သည်။ ၁၉၅၁ခုနှစ်၊ ဇန္နဝါရီလ(၂၁)ရက် နေ့နံက်(၇)နာရီတွင် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့သည် ကာလကတ္တားမြို့ ဒန်ဒန်လေဆိပ်မှ လေယာဉ်ဖြင့် ဓာတ်တော်များကို မြန်မာနိုင်ငံသို့ ပင့်ဆောင်ခဲ့ကြပါသည်။ ဤသို့ဖြင့် **အဂ္ဂသာဝက**နှစ်ပါး၏ ဓာတ်တော်များသည် မြန်မာနိုင်ငံသို့ ကြွရောက် **တော်မူလာ**ကြကာ ကမ္ဘာအေးစေတီတော်၏ ဓာတ်တော်တိုက်အတွင်းတွင် ကိန်းဝပ်စံပယ်လျက်ရှိသည်။

## ၅။ ဆဋ္ဌသင်္ဂါယနာတင် အဆောက်အဦး စီစဉ်ရေးအဖွဲ့

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့သည် ၁၉၅၂–ခုနှစ်တွင် ဆဋ္ဌသင်္ဂါယနာတင်ရန်အတွက် စီစဉ်ရေးအဖွဲ့ငယ်တစ်ခုကို ဦးစွာ ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့ငယ်တွင် (၁)သတိုးသီရိသုဓမ္မ ဆာဦးသွင် (၂) သတိုး

သီရိသုဓမ္မဦးသိမ်းမောင် (၃) သာသနာရေးဝန်ကြီး ဦးဝင်း (၄) စည်သူ ဦးစံသိန်း (၅)သတိုးမဟာသရေစည်သူဦးချန်ထွန်း (၆) စည်သူ ဦးဘခင် (၇) မဟာသီရိသုဓမ္မ ဟသံာတဦးမြ (၈) ဘဏ္ဍာရေးဝန်ကြီး ဦးတင် (၉) စက်မှုလက်မှု ဝန်ကြီးဦးကျော်ငြိမ်း (၁၀) လယ်ယာမြေ ပြည်သူပိုင် ပြုလုပ်ရေးဝန်ကြီးသခင်တင် (၁၁)သတ္တုတွင်းဌာနဝန်ကြီး ဦးကျော်မြင့် ကလေး (၁၂)ပြန်ကြားရေး ဝန်ကြီးဦးထွန်းဝင်း (၁၃)ကာကွယ်ရေး ဝန်ကြီး ဦးဘဆွေ (၁၄)ပြည်ထဲရေးဝန်ကြီးဗိုလ်ခင်မောင်ကလေး (၁၅)ပြန်လည် ထူထောင်ရေးနှင့်ပြည်သူ့လုပ်ငန်းဌာနဝန်ကြီး ဗိုလ် မင်းခေါင်တို့ပါဝင်ကြသည်။ ထိုအဖွဲ့တွင် အဖွဲ့ခွဲနှစ်ရပ်ကို ထပ်မံပိုင်းခြား ဖွဲ့စည်းထားရှိပြန်ရာ ယင်းတို့မှာ ဆဋ္ဌသင်္ဂါယနာတင်စီစဉ်ရေးအဖွဲ့ခွဲနှင့် အဆောက်အဦးအဖွဲ့ခွဲတို့ဖြစ်သည်။

၁၉၅၂ခုနှစ်၊ မေလ(၁၇)ရက်တွင် ဆဋ္ဌသင်္ဂါယနာတင် စီစဉ်ရေး အဖွဲ့၏ (၅)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ်(၅၅)အရ ဆဋ္ဌသင်္ဂါယနာတင်ရမည့်နေရာကို ရေကူးရပ်၊ သီရိမင်္ဂလာကုန်းမြေ၊ ကမ္ဘာအေးစေတီပတ်ဝန်းကျင်ဟု သတ်မှတ်ပြီး ထိုမြေနေရာ၌ အောက်ပါ အဆောက်အဦး(၉)ခု (နဝဌာန)ကို ဆောက်လုပ်ရန် ဆုံးဖြတ်ချက် ချခဲ့သည်။ ၄င်းတို့မှာ (၁)သင်္ဂါယနာတင်ရာ ပင်မအဆောက်အဦး (သံဃာတော်အပါး၂၅၀၀ မှ ၃၀၀၀ဆန့်ရမည်။) (၂) ဆရာတော်များ သီတင်းသုံးရန် ကျောင်းဆောင်များ (တစ်ဆောင်လျှင် သံဃာအပါး ၄၀၀ခန့် ဆန့်ရမည်။) (၃) ဆွမ်းစားကျောင်း (ကပ္ပိယ၊ ဒါယကာဆောင် များ) (၄) နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ်ရုံး၊ (၅) သံဃာ့ဆေးရုံ၊ (၆) ပိဋကတ် တိုက်တော်ကြီး၊ (၇) အမှုထမ်းများ ဂေဟာ၊ (၈) စာပုံနှိပ်တိုက် အဆောက်အဦး၊ (၉) မဟာသိမ်တော်ကြီးတို့

ဖြစ်ပါသည်။ ထိုအစည်းအဝေးတွင် အဆောက်အဦးများ တည်ရှိမည့် ပုံစံကို အင်ဂျင်နီယာဦးကျော်စိန် ရေးဆွဲတင်ပြသည့် မြေပုံအမှတ်–၃ ဖြင့် လက်ခံကြပြီးလျှင် အဆောက်အဦးများ၏ ပုံစံအသီးသီးကိုမူ အင်ဂျင်နီယာဦးကျော်စိန်အား ထပ်မံရေးဆွဲရန် ဆုံးဖြတ်ချက်ချခဲ့သည်။

**၆။ ဆဋ္ဌသင်္ဂါယနာတင် အဆောက်အဦးများ ဆောက်လုပ်ရန် မြေနေရာရရှိရန် ကြိုးပမ်းဆောင်ရွက်ခြင်း**

ကမ္ဘာအေးကုန်းမြေတွင် ဆဋ္ဌသင်္ဂါယနာတင်ရန် ဆုံးဖြတ်ချက်ချပြီးနောက် သင်္ဂါယနာတင်မြေရရှိရေးအတွက် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆဋ္ဌသင်္ဂါယနာတင်ရန် အဆောက်အဦးများ ဆောက်လုပ်ရေးအတွက် အင်းစိန်ခရိုင်၊ သမိုင်းမြို့နယ်၊ ရေကူးရပ်ကွက်အတွင်းရှိ မြေနေရာများကို သိမ်းယူရန် စာဖြင့်ရေးသား တောင်းဆိုခဲ့သည်။ မြေများကိုတိုင်းတာ၍ စုစုပေါင်း ဧရိယာ (၁၁၇.၃၃၀)ဧကကို လျော်ကြေးငွေ (၆၁၁၉၆.၀၀)ကျပ် ပေးဆောင်ရန် အစိုးရက ခွင့်ပြုခဲ့သည်။ သာသနာရေးဝန်ကြီးဌာန၊ ၁၉၅၂ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့စွဲပါ စာအမှတ် ၁ ဘ–၀တ–၅၂ အရ ထိုလျော်ကြေးပေးရသော ငွေကို '၂၇– သာသနာရေးကိစ္စများ၊ ဃ၊ ထောက်ပံ့ငွေများ၊ ၁၁၂၊ ဆဋ္ဌသင်္ဂါယနာတင်' ခေါင်းစဉ်အောက်တွင် ခွင့်ပြုထားသော ငွေကျပ်သိန်း(၃၀)မှ ပေးဆောင်ရမည်ဟု ညွှန်ကြား၍ မြေသိမ်းယူရာ၌ ကုန်ကျသော စရိတ်များကို ရန်ကုန်မြို့ ဆင်ခြေဖုံးစည်ပင်သာယာရေးအရာရှိထံ ပေးနိုင်ရန် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကို ထုတ်ပေးလိုက်သည်။

ငှင်းအပြင် တဆက်တည်းဖြစ်သော မြေဧရိယာ (၄၅.၈၄၁) ဧကရှိ မြေကွက်များကို နောက်ထပ်သိမ်းယူရန်အလို့ငှါ ထိုရန်ပုံငွေ ခေါင်းစဉ် အောက်မှပင် သာသနာရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန်၏ ၁၉၅၃ ခုနှစ် ဧပြီလ(၇)ရက်နေ့စွဲပါစာအမှတ် ၁၁၂-အခ-၅၃ (၃၁၇-၁၉၀၅)ဖြင့် လျော်ကြေးငွေ (၄၅၄၀၀)ကျပ်ကို ထုတ်ပေးရန် သတ်မှတ်ခဲ့သည်။ ဤနှစ်ကြိမ်တိုင် သိမ်းယူသောမြေဧရိယာမှာ စုစုပေါင်း (၁၆၃.၁၇၁)ဧက ဖြစ်ပါသည်။ဖော်ပြပါ မြေဧက(၁၆၃.၁၇၁)အတွက် လျော်ကြေးပေး၍ မြေတန်ဖိုး၊ အိမ်များပြောင်းရွှေ့စရိတ်၊ သစ်ပင်များ အတွက် ပေးရသောလျော်ကြေးငွေများနှင့် လျော်ကြေးမပေးရသော မြေများနှင့် အချို့ပုဂ္ဂိုလ်များပေးလှူဒါန်းသော မြေအားလုံး၏ တန်ဖိုး ငွေမှာ (၄၃၇၅၄ . ၂၆)ကျပ် ဖြစ်ပါသည်။

**၇။ ဆဋ္ဌသင်္ဂါယနာတင် အဆောက်အဦးကြီး ဆောက်လုပ်ရန် ဆောင်ရွက်ခြင်း**

၁၉၅၂-ခုနှစ်၊ ဇန္နဝါရီလ(၁၈)ရက်နေ့တွင် ရန်ကုန်မြို့၊ ကုက္ကိုင်း သာသနာရိပ်သာရှိဗုဒ္ဓသာသနာအဖွဲ့ တည်ရာဌာနတွင် ဆဋ္ဌ သင်္ဂါယနာ တင် စီစဉ်ရေးအဖွဲ့ငယ်၏ (၁၈)ကြိမ်မြောက် အစည်းအဝေးကို ကျင်းပ ခဲ့သည်။ ထိုအစည်းအဝေးမှ ဆဋ္ဌသင်္ဂါယနာတင် ခန်းမကြီးဆောက်လုပ် ရန်အတွက် တင်ဒါခေါ်ပြီး ပုံစံရေးဆွဲတင်ပြရန် အင်ဂျင်နီယာဦးတင်အား တာဝန်ပေးအပ်ခဲ့သည်။ ၁၉၅၂-ခုနှစ်၊ နိုဝင်ဘာလ(၂၄)ရက်နေ့တွင် လည်း ဆဋ္ဌသင်္ဂါယနာတင် စီစဉ်ရေး အဖွဲ့ငယ်၏ (၂၀)ကြိမ်မြောက် အစည်းအဝေးကို ထပ်မံကျင်းပခဲ့သည်။ ထိုအစည်းအဝေးမှ ဆဋ္ဌ သင်္ဂါယနာတင်ရန် အဆောက်အဦးပုံစံနှင့် ကုန်ကျမည့် ခန့်မှန်းခြေငွေ စာရင်းကို အသေးစိတ် စစ်ဆေးကြည့်ရှုကြပြီးလျှင် အဆောက်အဦး

ဆောက်ရန်အတွက် တင်ဒါခေါ်ယူခဲ့သည်။ တင်ဒါခေါ်ယူရာတွင် ၁၉၅၂-ခုနှစ်၊ နိုဝင်ဘာလ(၂၆)ရက်နေ့မှ ၁၉၅၂-ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက်နေ့အထိ အင်္ဂလိပ်သတင်းစာများဖြစ်သော Nation, New Times နှင့် Burman သတင်းစာများအပြင် မြန်မာသတင်းစာများ ဖြစ်သော မြန်မာအလင်း၊ ဟံသာဝတီနှင့် တိုးတက်ရေး သတင်းစာများ တွင် တင်ဒါပေးသွင်းနိုင်ကြောင်း ကြော်ငြာခဲ့သည်။

**၈။ ဆဋ္ဌသင်္ဂါယနာတင်အဆောက်အဦး၏ လုပ်ငန်းဆောင်ရွက်မှု**

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့သည် ဆဋ္ဌသင်္ဂါယနာတင် အဆောက်အဦးများ ဆောက်လုပ်ရန်အတွက် ပုံစံရေးဆွဲခြင်း၊ ကြီးကြပ် ခြင်း စသည့်လုပ်ငန်းများအတွက် တာဝန်ခံဗိသုကာ ဦးအုံးကြိုင်အား နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ ဗိသုကာအဖြစ်ခန့်ထားသည်။ ဆဋ္ဌ သင်္ဂါယနာတင် အဆောက်အဦးဆောက်လုပ်ရန်အတွက်မှု စည်သူ ဦးတင်အား တာဝန်ပေးအပ်ခဲ့သည်။ စည်သူဦးတင်သည် ဆဋ္ဌသင်္ဂါယ**နာ** တင်ရန်အတွက် အကောင်းဆုံးခေတ်မီအဆောက်အဦးပုံစံကို တင်**ပြ** ခဲ့သည်။ ထိုခေတ်မီပုံစံကို နိုင်ငံတော်ဝန်ကြီးချုပ်အား တင်ပြရာတွင် ဝန်ကြီးချုပ်က ရှေးရှေးသင်္ဂါယနာတင်ရာ လိုဏ်ဂူ အဆောက်အဦးတို့ကို မှီ၍ တည်ဆောက်လို၍၄င်း၊ ထိုအဆောက်အဦးကြီးကို သာသနာ ၅၀၀၀ တည်တံ့ခိုင်မြဲရန်ရည်သန်၍၄င်း၊ လိုဏ်ဂူတော်ကြီးတည်ဆောက် ရန် အကြံဉာဏ်ဖြစ်ပေါ်လာသည့်အတိုင်း အဖွဲ့ဝင်များအား လိုဏ်ဂူကြီး ကဲ့သို့ တည်ဆောက်လိုကြောင်း မိန့်ကြားခဲ့သည်။ ထိုကြောင့် မီးသတ် ဌာနညွှန်ကြားရေးဝန် သရေစည်သူဦးလှကျော်အား ဆဋ္ဌသင်္ဂါယနာတင် အဆောက်အဦးပုံစံ ရေးဆွဲစေ၍ တည်ဆောက်စေခဲ့သည်။

## ၉။ ဆဋ္ဌသင်္ဂါယနာတင်လိုဏ်ဂူတော်

ဆဋ္ဌသင်္ဂါယနာတင်လိုဏ်ဂူတော် တည်ဆောက်ရေးအတွက် ပထမအကြိမ်အစည်းအဝေးကို ၁၉၅၃–ခုနှစ်၊ ဇန္နဝါရီ(၁၀)ရက်နေ့တွင် ကမ္ဘာအေးစေတီတော်မွှာရုံတွင် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် ဝန်ကြီးချုပ်၏ဆန္ဒအရ ဦးလှကျော်သည် ကျောက်လိုဏ်ဂူတော် ဖြစ်မြောက်ရေးအတွက် ရွှံ့ပုံစံတစ်ခု ပြုလုပ်တင်ပြစေခဲ့သည်။ ထို့နောက် ၁၉၅၂–ခုနှစ်၊ ဒီဇင်ဘာလ (၂၃)ရက်နေ့တွင် ဦးလှကျော် တင်ပြသော လိုဏ်ဂူနမူနာပုံစံကို ကြည့်ရှုသဘောတူကြပြီးနောက် လိုဏ်ဂူတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများကို ချက်ခြင်း စတင်ဆောင်ရွက်နိုင်ရန် ဦးလှကျော်အား တာဝန်ပေးအပ်ခဲ့သည်။

လိုဏ်ဂူတော်ကြီးတည်ဆောက်ရာတွင် အဖွဲ့ခွဲနှစ်ဖွဲ့ကိုဖွဲ့စည်း၍ လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။ ယင်းအဖွဲ့ခွဲနှစ်ဖွဲ့မှာ (၁)ဘဏ္ဍာရေးအဖွဲ့နှင့် (၂)ပစ္စည်းရှာဖွေရေးနှင့် လုပ်ငန်းဆောင်ရွက်ရေး အဖွဲ့တို့ဖြစ်သည်။ ထိုအဖွဲ့ခွဲနှစ်ခု၏ တာဝန်ဝတ္တရားများမှာ လိုဏ်တော်ကြီးအတွက် လိုအပ်သောပစ္စည်းများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ထိန်းသိမ်းရေးကို ပစ္စည်းရှာဖွေရေးနှင့် လုပ်ငန်းဆောင်ရွက်ရေး အဖွဲ့ခွဲက တာဝန်ယူ၍ ဆောင်ရွက်ရပါသည်။ လိုဏ်ဂူတော်ကြီး၏ ဘဏ္ဍာရေးထိန်းသိမ်းမှုတို့ကိုမူ အထက်ပါ ဘဏ္ဍာရေးအဖွဲ့ခွဲက တာဝန်ယူ ဆောင်ရွက်ပါသည်။ လိုဏ်ဂူတော်ကြီး တည်ဆောက်မည့် နေရာသည် မူလကရော်ဘာခြံကြီးဖြစ်သည့်အတွက် ရှေးဦးစွာ ကုန်းမြေကို ရှင်းလင်းသုတ်သင်ရပါသည်။ ထိုကုန်းမြေကြီးကို ရှင်းလင်းသုတ်သင်ပြီး ပန္နက်တင် မင်္ဂလာမကျင်းပမီ ရန်ကုန်မြို့ ဘုရားကြီးတိုက် ဆရာတော်အရှင်ကောဏ္ဍညအမှူးပြု၍ သံဃာတော် အပါး(၅၀၀)တို့သည် (၃)ရက်

တိုင်တိုင် ညနေတိုင်း(၅)နာရီအချိန်မှ အစပြု၍ ပရိတ်တော်မြတ်များ ရွတ်ဖတ်ခြင်း၊ သိမ်နှုတ်ခြင်း စသည့် ကိစ္စများကို ဆောင်ရွက်ခဲ့ကြသည်။ ထိုအပြင် သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့မှ မဟာသီရိသုဓမ္မဦးမြနှင့် သာသနာညွှန်ကြားရေးဝန် ဦးကြီးဖေတို့ကလည်း ပရိတ်တော်(၃၁)သုတ်ကို ရွတ်ဖတ်သရဇ္ဈာယ် ကြပါသည်။

လိုဏ်ဂူတော်ကြီးကို ၁၉၅၃–ခုနှစ်၊ ဇန်နဝါရီလ(၁၅)ရက်နေ့ နံက်(၈)နာရီတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဝင်တို့က အရပ်ရှစ်မျက်နှာ၌ တပြိုင်နက် ပန္နက်ရိုက်ခဲ့သည်။ လိုဏ်ဂူတော်ကြီးကို ဦးဆောင်တည်ဆောက်သူမှာ မီးသတ်ညွှန်ရေးဝန် ဦးလှကျော်ဖြစ်သည်။ စတင်တည်ဆောက်သည့် ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီ(၄)ရက်နေ့မှစ၍ ၁၉၅၄–ခုနှစ်၊ မေလ(၁၀) ရက်နေ့အထိ နေ့စဉ်ပျမ်းမျှ အရာရှိ၊ အရာခံ၊ အရာထမ်း၊ အမှုထမ်း၊ အလုပ်သမားပေါင်း(၈၄၈၆)ယောက် ပါဝင်လုပ်ဆောင်ခဲ့ကြသည်။ လိုဏ်ဂူတော်ကြီးတည်ဆောက်ရာ ကုန်ကျစရိတ် စုစုပေါင်းမှာ (၉၁)သိန်းကျော်ဖြစ်သည်။

**၁၀။ ဆဋ္ဌသင်္ဂါယနာတင် လိုဏ်တော်ကြီး၏ ပုံသဏ္ဌာန်နှင့် အနေအထား**

လိုဏ်ဂူတော်ကြီး တည်ဆောက်ရာတွင် သံပါကွန်ကရစ်များဖြင့်သာ အမာခံတည် ဆောက်ထားသည်။ လိုဏ်ဂူတော်ကြီးကို ပဌမသင်္ဂါယနာတင်ရာ ရာဇဂြိုဟ်ပြည် စရည်းပင်ရောက်ရာ လိုဏ်ဂူတော်ကြီးကို ပုံစံထား၍ ဆောက်လုပ်ခဲ့သည့်အတိုင်း အပြင်ဘက်မှ ကြည့်လျှင် ကျောက်တောင်ကြီးကဲ့သို့ မှတ်ထင်ရသည်။ အတွင်းသို့ ဝင်ကြည့်ပါက

ကျောက်တောင်ကြီးမှာ သီးသန့်ပန္နက်ပေါ်တွင် တည်နေသည်ကို တွေ့မြင်နိုင်သည်။

လိုဏ်ဂူတော်ကြီး၏ အပြင်ဘက်ဝန်းကျင်မှာ အလျား(၄၅၅)ပေ၊ အနံပေ(၃၇၀)ရှိသည်။ အတွင်းဘက်မှာမူ အလျားပေ(၂၂၀)ပေ၊ အနံပေ(၁၄၀)ပေမျှရှိသည်။ ခြောက်ကြိမ်မြောက် သင်္ဂါယနာတင်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် ဝင်ပေါက်ကြီး (တံခါးပေါက်) ခြောက်ပေါက်နှင့် တိုင်ကြီးခြောက်တိုင်ရှိသည်။ တိုင်တစ်တိုင်စီလျှင် (၅၅)ပေမြင့်ရှိသည်။ ရတနာသုံးပါးကို ရည်စူးလျက် လိုဏ်ဂူတော်ကြီး၏ အတွင်းနံရံအား ဖောက်ထွင်းထားသည့် အပေါက်သုံးဆင့်မျှရှိသည်။ တဖန် အပေါက်ရှိရာ နံရံတထပ်တထပ်လျှင် ပဋ္ဌာန်း(၂၄)ပစ္စည်းတို့ကိုရည်စူး လျက် အခန်းပေါင်း(၂၄) ခန်းရှိသည်။ ကမ္မဋ္ဌာန်းကျောက်ဂူ(၂၅)ခန်း၊ သံပြူ ဘင်းပေါက်(၆၂)ပေါက်၊ ပန်ကာပေါက်(၂၄)ပေါက်၊ တံခါးပေါက်ကြီး နှစ်ဆင့်(၄၈)ပေါက်တို့ဖြင့် တည်ဆောက်ထားသည်။ထိုအပြင်မျက်နှာကြက်နှင့် အပေါ်ဆုံးလေစုပ်ပေါက်များ၌ ဓမ္မစကြာ တံဆိပ်တော်ဖြင့် ဝန်းရံအုပ်ခြုံထားသည်။

လိုဏ်ဂူတော်ကြီးကိုပတ်၍ သွားရန်(၈)ပေ အကျယ်ရှိသော အတွင်း လိုဏ်ဂူလမ်း(၂)ထပ်ရှိ၍ လိုဏ်ဂူအပေါ် လိုဏ်ဂူတော်ပတ်သည့် လမ်းနှစ်ထပ်ရှိသည်။ လိုဏ်ဂူတော်ကြီး၏ မြောက်ဘက် အတွင်းတွင် အထပ်(၄)ထပ်ရှိ၍၊ ထိုအထပ်(၄)ထပ်အပေါ်ဆုံး ဘုရားရှင်ပြင်တော်နှင့် အများပူဇော်နိုင်ရန် ဆင်းတုတော် (ရုပ်ပွားတော်) တစ်ဆူရှိပါသည်။ လိုဏ်ဂူတော်ပေါ်သို့တက်နိုင်ရန် အပြင်ကျောက်လမ်း၊ အရှေ့နှင့်အနောက်မှ ကျောက်လမ်းနှစ်ခု ဖန်တီးထားပါသည်။ထိုအပြင်အတွင်း လမ်းပေါ် တောင်ဘက်မှ လှေကားနှစ်ဆင့်၊ မြောက်ဘက်မှ လှေကားတစ်ဆင့်

အပြင် ခေတ်လှေကားတစ်ခုကလည်း တပ်ဆင်ထားပါသည်။ လိုဏ်တော်ကြီး၏ မျက်နှာကြက်နှင့် နံရံများတွင်လည်း အသံထိန်းသည့် အရာဝတ္ထုပစ္စည်းများဖြင့် တည်ဆောက်ထားပါသည်။

ထိုလိုဏ်ဂူတော်ကြီး အတွင်းနံရံပတ်လည်တွင် အံ့ဖွယ်ရှစ်ဖြာ ဗုဒ္ဓသာသနာစာတမ်း ပိုစတာ(၈)ချပ်ကပ်ထားသည်။ ယင်းတို့မှာ–၁။ ဝေလာတိက္ကမသာသနာ ၂။ အနုပုဗ္ဗသိက္ခာသာသနာ ၃။ မဟန္တာဝါသသာသနာ ၄။ ဧကနာမသာသနာ ၅။ အနုပုရသာသနာ ၆။ ဧကရသသာသနာ ၇။ ရတနာကရသာသနာ ၈။ ဒုဿီလ သက္ခိပန သာသနာတို့ဖြစ်သည်။ ၎င်းအပြင် သာမဏပဋိရူပခြောက်ပါးပိုစတာ (၆)ချပ်တို့ကို ချိတ်ဆွဲထားသည်။ ယင်းတို့မှာ ၁။ပဌမသမဏပဋိရူပ ၂။ဒုတိယသမဏပဋိရူပ ၃။တတိယသမဏပဋိရူပ ၄။စတုတ္ထ သမဏ ပဋိရူပ ၅။ပဉ္စမသမဏပဋိရူပ ၆။ဆဋ္ဌသမဏပဋိရူပ ၇။အလဇ္ဇီပုဂ္ဂိုလ် လက္ခဏာတို့ဖြစ်သည်။ ရဟန်းပြုရခြင်း ရည်ရွယ်ချက်၊ ဘယ်အခါမဆို ရဟန္တာဖြစ်နိုင်သည်၊ သာသနာတော်၏အသက်၊ အနာဂတေလဇ္ဇီရက္ခတိ၊ အမြဲဆရာရှိသည်၊ ပစ္ဆိမဗုဒ္ဓဝစနစသော စာတမ်းများကိုလည်း ချိတ်ဆွဲထားသည်။ လိုဏ်ဂူတော်အတွင်းတွင် အသီတိရှစ်ကျိပ်ရဟန္တာပုံတော် (ယခုရုပ်တုတော်)များကိုလည်း တွေ့နိုင်ပါသည်။ လိုဏ်ဂူတော်အပြင် ပတ်လည်၌ ဗောဓိပင်(၂၈)ပင်တို့ကိုလည်း စိုက်ပျိုးထားပါသည်။ လိုဏ်ဂူတော်၏အပြင် ပတ်လည်တွင် ထိုးစည်(၁၀၈)လုံးနှင့် အမြင့်(၇)ပေရှိသော ခေါင်းလောင်းတော်ကြီး(၆)လုံးရှိပါသည်။ လိုဏ်ဂူတော်ကြီးကို ၁၉၅၄–ခုနှစ်၊ မေလ (၁၀)ရက်နေ့တွင် ပြီးစီး၍ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သော ဆာဦးသွင်ထံသို့ အပ်နှံခဲ့ပါသည်။ လိုဏ်ဂူတော်ကြီးကို ဆဋ္ဌသင်္ဂါယနာမဟာပါသာဏဂုဟာဟု အမည်ပေးခဲ့သည်။

## ၁၁။ သိမ်အဖြစ်သမုတ်ခြင်း

ဆဋ္ဌသင်္ဂါယနာ တင်ရာဌာနဖြစ်သော ကျောက်လိုဏ်ဂူတော်ကြီး တစ်ခုလုံးကို နိုင်ငံတော်ဩဝါဒါစရိယ ဆဋ္ဌသင်္ဂါယနာတင် ပဌမသံဃနာယကဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတာဘိဝံသ(ညောင်ရမ်းဆရာတော်) ကိုယ်တိုင် ဦးဆောင်၍ ဆဋ္ဌသင်္ဂါယနာတင်ရာ သို့ကြွရောက်လာကြသော သင်္ဂါယနာတင် အရှင်မြတ်များ၏ ဥပုသ်ပဝါရဏာစသော သံဃာ့ကံပြုလုပ်နိုင်ရန် သိမ်အဖြစ်လည်း သမုတ်ထားပါသည်။ ထိုစဉ်အခါက လိုဏ်ဂူတော်ကြီးကို သိမ်သမုတ်ပွဲနှင့်ပတ်သက်၍ ရွှေကျင်နိကာယနှင့် ဒွါရနိကာယတို့အတွင်း၌ ဝိဝါဒကွဲပြားမှုများ ဖြစ်ပေါ်ခဲ့သည်။ သင်္ဂါယနာတင်ရာတွင် သံဃာအပေါင်းတို့၏ စည်းလုံးညီညွတ်စွာ ပြုမူဆောင်ရွက်ရန် အစိုးရအနေဖြင့် လိုလားခဲ့သည်။ ထိုကြောင့် ပြဿနာကိုပြေလည်စွာဖြေရှင်းနိုင်ရန်အတွက် ဖြေရှင်းပေးခဲ့ရသည်။

ရွှေကျင်နိကာယဆရာတော်များက သိမ်သမုတ်ရာတွင် အညနိကာယခေါ် အခြားနိကာယဝင်တို့နှင့်အတူရော၍ ဆောင်ရွက်သင့်၊ မသင့်စဉ်းစားကြသည်။ ဆုံးဖြတ်ချက်မပေးနိုင်လောက်အောင် ဖြစ်နေကြသည်။ သို့ဖြစ်သောကြောင့် တာဝန်ရှိပုဂ္ဂိုလ်များက ရွှေကျင်သာသနာပိုင် ဆရာတော်ဦးစန္ဒာဘိဝံသ (စံကင်းဆရာတော်)ကို ရန်ကုန်မြို့သို့ မရအရ ပင့်ဆောင်ကြသည်။ သို့ရာတွင် ဆရာတော်ဘုရားကြီး ရန်ကုန်ရောက်တော်မူသည့် ၁၉၅၄–ခုနှစ်၊ မေလ(၄) ရက်နေ့၌ ထိုကိစ္စသည် ချောမောပြေလည်သွားခဲ့သည်။ စံကင်း ဆရာတော်ကြီးက သင်္ဂါယနာတင်ပွဲသို့ ကြွရောက်လာသော သံဃာတော်များ သိမ်သမုတ်ပွဲနှင့် ဥပုသ်

ပြုပွဲသို့ မိမိတို့ဆန္ဒအရ ပါဝင်လိုမှသာ ပါဝင်နိုင်ကြောင်း၊ မပါဝင်လိုကလည်း နေနိုင်ကြောင်း ဆုံးဖြတ်ပေးခဲ့ကြသည်။

ဒွါရနိကာယအနေဖြင့်လည်း အခြားသော နိကာယဝင်သံဃာတို့နှင့် တပေါင်းတည်း သိမ်သမုတ်မှု၊ ဥပုသ်ပြုမှု၊ ရွတ်ဆိုမှုတို့သည်ကား မိမိတို့၏ နိကာယစည်းမျဉ်းနှင့် မညီညွတ်သောကြောင့် ထိုအမှုတို့မှ ကင်းလွတ်ခွင့်ပေးပါရန် တင်ပြတောင်းဆိုကြသည်။ သင်္ဂါယနာစီစဉ်ရေးအမှုဆောင်တို့ကလည်း ထိုသုံးချက်တို့၌ ပါဝင်နိုင်လျှင် သင်္ဂါယနာတင်ပွဲသို့ တက်ရောက်နိုင်ကြောင်း၊ မပါဝင်နိုင်လျှင် မတက်ရောက်နိုင်ကြောင်းကို ပြန်ကြားကြသည်။ ထိုကြောင့် မူလဒွါရနိကာယ၏ ပဓါနအမှုဆောင်ဖြစ်တော်မူသော ဆရာတော်ဦးဓမ္မာဘိဝံသ (ကန်တွင်းဆရာတော်)သည် မဟာဒွါရအမှုဆောင်ဖြစ်တော်မူသော ဟသ်ာတမြို့ ဆရာတော်ဦးသောဘန (သပြေပင်ဆရာတော်) ဆရာတော်ဦးစာရိန္ဒာသဘ (ဟသ်ာတမြို့ လယ်တီဆရာတော်ကြီး) တို့ထံသို့ အကြောင်းကြားတိုင်ပင် ညှိနှိုင်းလျက် ဆဋ္ဌသင်္ဂါယနာသို့ ဒွါရနိကာယမှ မတက်ရောက်ကြရန် ဆုံးဖြတ်လိုက်ကြသည်။ ဆဋ္ဌသင်္ဂါယနာဖွင့်ပွဲသဘင် စတင်သည့်နေ့မှာ ၁၉၅၄-ခုနှစ်၊ မေ(၁၇)ရက်နေ့ဖြစ်သည်။ ၎င်းနေ့မတိုင်မီ မေလ(၃)ရက်နေ့ ညရေဒီယိုမှ ဒွါရနိကာယ၏ တောင်းဆိုချက်ကို အစိုးရအဖွဲ့မှ လိုက်လျောပါကြောင်း၊ ဒွါရနိကာယဆရာတော် သံဃာတော်တို့သည် ဆဋ္ဌသင်္ဂါယနာဖွင့်ပွဲသဘင်သို့ ကြွရောက်တော်မူကြမည့် အကြောင်းကို ကျေညာပင့်လျှောက်သည်။ မဟာရာဇိကာရုမ် ဆရာတော်နှင့် ပန်းတောင်းဆရာတော်တို့သည် ဥပသမ္ပဒကံကို ဆောင်ရွက်ကြပြီးလျှင် လပြည့်ကျော်တစ်ရက် လပြည့်နေ့၌ ကန်တွင်းဆုတောင်းပြည့်ကျောင်းတိုက်တွင် ပင့်ဆောင်ရန် ရောက်ရှိ

နေသော မော်တော်ကားဖြင့် ဆဋ္ဌသင်္ဂါယနာဖွင့်ပွဲသဘင်အတွက် ရန်ကုန်မြို့သို့ ကြွရောက်တော်မူခဲ့ကြလေသည်။ ဆရာတော် ဘုရားကြီးသည် ဖွင့်ပွဲပြီးနောက် ရက်အတန်ကြာမျှ နေတော်မူ၍ ပြန်လည်ကြွတော်မူကြသည်။ သင်္ဂါယနာဆိုသည်မှာ သံဃာတော်များ စည်းလုံးညီညွတ်မှသာလျှင် ဆောင်ရွက်နိုင်သောကိစ္စရပ်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဆဋ္ဌသင်္ဂါယနာတင်လိုဏ်ဂူတော်ကြီး၏ သိမ်သမုတ်ပွဲနှင့် ဆဋ္ဌသင်္ဂါယနာဖွင့်ပွဲအခမ်းအနားတို့တွင် သံဃာအဖွဲ့ အစည်းနိကာယတို့၏ သဘောထားကွဲလွဲမှုကို သိမ်မွေ့စွာ ဖြေရှင်း နိုင်ခဲ့သည်။

## ၁၂။ အာဂန္တုကျောင်းဆောင်လေးဆောင်

အာဂန္တုကျောင်းဆောင်လေးဆောင်သည် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ အနောက်ဘက်တွင်တည်ရှိသည်။ ဆဋ္ဌသင်္ဂီတိကာရကသံဃာတော်များ သီတင်းသုံးရန်အတွက် အာဂန္တုကျောင်းဆောင် လေးဆောင်ကို ဆောက်လုပ်ရခြင်းဖြစ်သည်။ အာဂန္တုကျောင်းဆောင်လေးဆောင်ကို ၁၉၅၃–ခုနှစ်၊ ဖေဖော်ဝါရီလ(၄)ရက်မှစတင်၍ ဆောက်လုပ်ခဲ့သည်။ ၁၉၅၄–ခုနှစ်၊ မေလ(၃၀)ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ဤကျောင်းဆောင်လေးဆောင်တို့ကို သင်္ဂါယနာတင်ရာကာလသံဃာ (၂၅၀၀)တို့ (၂)နှစ်ကြာ နေထိုင် သီးတင်းသုံးတော်မူကြပြီးလျှင် နောင်အခါ၌ သံဃာတို့အား ပိဋကတ်တော်ပို့ချရန် တိပိဋကတက္ကသိုလ်ကြီးများအဖြစ် ရည်မှန်းကာ တည်ဆောက်ခြင်းလည်း ဖြစ်သည်။ ၄င်းကျောင်းဆောင်လေးဆောင်ကို ဇမ္ဗုဒီပ၊ ပုဗ္ဗဝိဒေဟ (ပြုဗ္ဗာဝိဒေဟ)၊ အပရဂေါယာန၊ ဥတ္တရကုရုဟူ၍ ကျွန်းကြီးလေးကျွန်းတို့၏ အမည်များဖြင့်မှည့်ထားပါသည်။

ထိုကျောင်းဆောင်လေးဆောင်တို့တွင် ပုဗ္ဗဝိဒေဟနှင့် ဥတ္တရကုရု ကျောင်းဆောင်တို့မှာ အလျား(၈၀)ပေ၊ အနံ(၄၈)ပေစီရှိကြသည်။ ထိုကျောင်းဆောင်နှစ်ဆောင်မှာ အထပ်ပေါင်း (၃)ထပ်ပါရှိပြီးလျှင် အပေါ်ဆုံးထပ်နှင့် အလည်ထပ်တို့တွင် အခန်းပေါင်း(၅၀)စီ အောက်ဆုံးထပ်၌ ခန်းမကြီး(၆)ခန်းနှင့် ခန်းမငယ်(၂)ခန်းစီ ရှိကြပါသည်။

ဇမ္ဗူဒီပကျောင်းဆောင်နှင့် အပရဂေါယာနကျောင်းဆောင်တို့မှာ အလျားပေ(၁၈၀) အနံ(၄၈)ပေမျှစီ ရှိကြသည်။ ထိုကျောင်းဆောင်ကြီးနှစ်ဆောင်တို့၌ အထပ်ပေါင်း(၃)ထပ်စီရှိကြ၍ အပေါ်ထပ်၌ ခန်းမကြီး(၂)ခန်းစီနှင့် ဒေါင့်ခန်းငယ်(၂)ခန်းစီရှိ၍ အလည်ထပ်၌ အခန်းပေါင်း(၅၀)စီ၊ အောက်ထပ်၌ခန်းမကြီး(၆)ခန်းနှင့် ဒေါင့်ခန်းငယ် (၂)ခန်းစီ ရှိကြသည်။

ထိုကျောင်းဆောင်လေးဆောင်တို့၏ရှေ့တွင် ကျွန်းကြီးသစ်ပင် လေးပင်စိုက်ပျိုးထားသည်။ ပုဗ္ဗဝိဒေဟကျောင်းဆောင်၌ ကုက္ကိုပင်၊ ဥတ္တရကုရုကျောင်းဆောင်၌ ပဒေသာပင်၊ ဇမ္ဗူဒီပကျောင်းဆောင်၌ သပြေပင်၊ အပရဂေါယာနကျောင်းဆောင်၌ ထိန်ပင်တို့ကို အသီးသီး စိုက်ပျိုးထားသည်ကို တွေ့မြင်နိုင်သည်။

**၁၃။ ဆွမ်းစားကျောင်းဆောင်**

ဆွမ်းစားကျောင်းသည် မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ အနောက်ဘက်တွင်ရှိသည်။ဆဋ္ဌသင်္ဂါယနာတင်ပွဲသို့ ကြွရောက်တော်မူကြမည့် သံဃာတော်တို့အားတပြိုင်တည်း ဆွမ်းကပ်နိုင်ရန် အတွက် ဤဆွမ်းစားကျောင်းဆောင်ကြီးကို ဆောက်လုပ်ခြင်းဖြစ်သည်။ ဆွမ်းစားကျောင်းကို ၁၉၅၄-ခုနှစ်၊ ဖေဖော်ဝါရီလ(၄)ရက်တွင် စတင်တည်ဆောက်ရာ ၁၉၅၄-ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့တွင် ဆောက်လုပ် ပြီးစီးခဲ့သည်။

ဆွမ်းစားကျောင်းမှာ (၃)ထပ်တိုက်ဖြစ်၍ တထပ်စီလျှင် သံဃာအပါး(၃၀၀၀)ကျော် စုစုပေါင်းသံဃာ(၁၀၀၀၀)တို့အား တပြိုင်တည်း ဆွမ်းကပ်နိုင်ရန် ရည်ရွယ်၍တည်ဆောက်ခဲ့သည်။ ထိုဆွမ်းစားကျောင်းတွင် (၁၅)မိနစ်တွင် ဆွမ်းအိုး(၁၀)လုံး၊ ဆွမ်းအိုးတလုံး ဆွမ်းဆန်(၅)တင်း၊ ဆွမ်းဆန်တင်းရေ(၅၀) ချက်နိုင် သော လျှပ်စစ်မီးဖိုရှိသည်။

## ၁၄။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့အုပ်ချုပ်ရေးအရာရှိချုပ်ရုံး

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ်ရုံး အဆောက်အအုံ (ယခုသာသနာရေးဝန်ကြီးဌာနရုံးအဆောက်အအုံ) သည် မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည်။ အဆောက်အဦး၏ပုံသဏ္ဍာန်မှာ အင်္ဂလိပ်အက္ခရာ(E) ပုံသဏ္ဍာန်ဖြစ်၍ နှစ်ထပ်အဆောက်အဦးဖြစ်သည်။ အလျားပေ(၃၈၄)ပေ၊ အနံပေ(၄၈)ပေ ကျယ်ဝန်း၍၊ အလျားပေ(၇၈)ပေ၊ အနံပေ(၄၈)ရှိ အဆောင်(၃)ဆောင် ထုတ်လျက် ဆောက်လုပ်ထားပါသည်။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ်ရုံး အဆောက်အဦးတွင် သံဃဝိနိစ္ဆယသာသနာအုပ်ချုပ်ရေးရုံးကိုလည်း ထားရှိပါသည်။ ယင်းအဖွဲ့တွင် ဥက္ကဋ္ဌ ဆာဦးသွင်၊ ဒုဥက္ကဋ္ဌ တရားဝန်ကြီးချုပ်ဦးသိမ်းမောင်၊ အတွင်းရေးမှူး ဦးချန်ထွန်း၊ အုပ်ချုပ်ရေးအရာရှိချုပ်ဦးစိန်းမောင်တို့ ရုံးထိုင်ကြသည်။ ၎င်းအဖွဲ့အပြင် အဂ္ဂမဟာပဏ္ဍိတဒေါက်တာ ဦးလင်းတာဝန်ခံ ဆောင်ရွက်သော ပိဋကတ်မြန်မာပြန်အဖွဲ့၊ ပါဠိမြန်မာအဘိဓာန်အဖွဲ့၊ မဟာဗုဒ္ဓဝင်ဌာနအဖွဲ့တို့ကိုလည်း ထားရှိပါသည်။

အုပ်ချုပ်ရေးအရာရှိ(၁) ဝဏ္ဏကျော်ထင်ဦးဘိုးစိန် တာဝန်ခံဆောင်ရွက်သော ဝန်ဆောင်သံဃာအဖွဲ့(၆)ဖွဲ့ကိုလည်း ထားရှိပါသည်။

ယင်းအဖွဲ့တွင် သင်္ဂါယနာစီစဉ်ရေးအဖွဲ့၊ သိက္ခာဝိဓာယကအဖွဲ့၊ ကထာဝိသဇ္ဇက၊ သံဃဝေယျာဝစ္စ(ကာရက)အဖွဲ့၊ ပြန်ကြားရေး အဖွဲ့နှင့် ဖြန့်ချိရေးအဖွဲ့တို့ ပါဝင်သည်။

အုပ်ချုပ်ရေးအရာရှိ(၂) ဦးဆိုင်ကျော်ဦး ဆောင်သောဌာန (၇)ဌာနကိုလည်းထားရှိပြီး ယင်းဌာနတို့မှာအမှုဆောင်အဖွဲ့ ပရိယတ် ပဋိပတ်အဖွဲ့၊ ဓမ္မဒူတဝိဇ္ဇာလယအဖွဲ့ ရာထူးခန့်ထားရေးအဖွဲ့၊ ဆဋ္ဌ သင်္ဂါယနာစီစဉ်ရေးအဖွဲ့၊ ပါဠိတော်စာမူအဖွဲ့၊မြန်မာစာမူအဖွဲ့ တို့ပါဝင်သည်။

အုပ်ချုပ်ရေးအရာရှိ(၃) ဦးသိန်းဟန်ဦးဆောင်၍ ဌာန(၃)ဌာန တွင် နိုင်ငံခြားဆက်သွယ်ရေးအဖွဲ့ခွဲ၊ ဗုဒ္ဓသာသနာဖြန့်ချိရေးအဖွဲ့ခွဲ၊ ပြည်ပဧည့်သည်တော်များ စောင့်ရှောက်ရေးအဖွဲ့တို့ပါဝင်သည်။

အုပ်ချုပ်ရေးအရာရှိ(၄) ဦးကျော်စိန်ဦးဆောင်သော ဌာန(၃)ခုကို လည်းထားရှိပြီး ယင်းတွင်သယ်ယူပို့ဆောင်ရေးအဖွဲ့ခွဲ၊ မော်တော် ယာဉ်ဌာန၊ စာစောင်နှင့် ကျမ်းစာများ ဖြန့်ချိရေးဌာနတို့ ပါဝင်သည်။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့လက်အောက်တွင် အင်္ဂလိပ်–မြန်မာ စာစောင်ဌာန၊ ပရိယတ်နှင့် ပဋိပတ်ဌာန၊ ပိဋကတ်စာပေဖြန့်ချိရေးဌာန၊ ဆဋ္ဌသင်္ဂါယနာအထွေထွေဌာန၊ အမှုဆောင်ဌာန၊ ငွေစာရင်းဌာန၊ ပိဋကတ်မြန်မာပြန်ပုံနှိပ်တိုက်ဌာန၊ နယ်မြေအရာရှိဌာန၊ ဖြန့်ချိရေးမှူး ဌာန၊ အမျိုးသမီးဌာန၊ မော်တော်ယာဉ်ဌာနနှင့် အထွေထွေ ဌာနတို့ ဖြစ်သည်။ ယင်းဌာနပေါင်းစုံတို့သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ အောင်မြင် စွာ ကျင်းပရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

## ၁၅။ သံဃာဆေးရုံ

သံဃာဆေးရုံသည် မဟာပါသာဏလိုဏ်ဂူကြီး၏ အနောက် ဘက်တွင် တည်ရှိသည်။ ပြည်တွင်းပြည်ပမှ ရောက်ရှိလာသော

ဆဋ္ဌသင်္ဂီတိကာရကဆရာတော်များ၏ ကျန်းမာရေးကိုပြုစု ဆောင်ရွက်ရန်အတွက် တည်ဆောက်ခြင်းဖြစ်သည်။ ထိုသံဃဆေးရုံကို ၁၉၅၃-ခုနှစ်တွင် စတင်တည်ဆောက်၍ ၁၉၅၄-ခုနှစ်၊ စက်တင်ဘာ(၂၆)ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

သံဃဆေးရုံ၏ အဆောက်အဦးပုံသဏ္ဌာန်မှာ မြန်မာအက္ခရာ 'ပ' ပုံသဏ္ဌာန်ဖြစ်၍ တစ်ထပ်တိုက်အဆောက်အဦးဖြစ်သည်။ထိုသံဃဆေးရုံကို ၁၉၅၅ခုနှစ်၊ဇန္နဝါရီလ(၁)ရက်နေ့မှစတင်၍ ဆရာဝန်(၃)ဦး၊ ဆေးစပ်ဆရာ(၂)ဦး၊ အမျိုးသားသူနာပြု(၃)ဦးတို့ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။ တာဝန်ခံဆရာဝန်မှာ ဒေါက်တာဦးမြင့်ဆွေဖြစ်သည်။ သံဃာ့ဆေးရုံတွင် အနောက်တိုင်းဆေးပညာအပြင် မြန်မာတိုင်းရင်းဆေးဆရာအဖွဲ့များကိုပါ ပေါင်းစည်း၍ ဆောင်ရွက်ပေးခဲ့သည်။ ယင်းတို့မှာ ကလျာဏဘိသက္ကအသင်း၊ ပရမတ္ထအလင်းပြ ဆေးပညာအသင်း၊ အရှေ့တိုင်းဆေးပညာအဖွဲ့၊ တိုင်းရင်းမြန်မာဆေး သမားတော်အဖွဲ့၊ အဘိဓမ္မာ ဆေးပညာအဖွဲ့၊ ဗဟိုရ်မြန်မာသမားတော်အဖွဲ့ချုပ်၊ ဂိုဏ်းပေါင်းစုံညီညွတ်ရေး ဆေးပညာအဖွဲ့ချုပ်ကြီး၊ အောင်ဆန်းမြို့၊ စံပြဆေးကျန်းမာရေးဌာနခွဲတို့ဖြစ်သည်။ ထိုသံဃာဆေးရုံကို ၁၉၆၄-ခုနှစ်၊ ဧပြီ(၃၀)ရက်တွင် ကုတင်(၅၀)ဆန့် သံဃာ့ဆေးရုံအဖြစ် သတ်မှတ်ခဲ့သည်။

ယခုအခါ ထိုသံဃာဆေးရုံ၏ အရှေ့မြောက်ဘက်ကိုက်(၅၀)အကွာတွင် သံဃဆေးရုံသစ်ကို တိုးချဲ့ဆောက်လုပ်ထားသည်။ ၁၉၉၁-ခုနှစ်၊ ဖေဖော်ဝါရီလ(၇)ရက်နေ့တွင် စတင်ဆောက်လုပ်၍ ၁၉၉၃ခုနှစ်၊ ဇန္နဝါရီလ(၃)ရက်နေ့တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ဆေးရုံသစ်မှာ အင်္ဂလိပ်အက္ခရာ'L'ပုံသဏ္ဌာန် နှစ်ထပ်တိုက်ဖြစ်သည်။ ဆေးရုံသစ်သည် ကုတင်(၂၅)လုံးဆန့်ဆေးရုံဖြစ်သည်။ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်

မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ အထူးလူနာခန်းများကိုပါ စီစဉ်တည်ဆောက်ထားသည်။ ၁၉၉၃–ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သန့်စင်က ဖွင့်လှစ်ပေးခဲ့သည်။

## ၁၆။ ပိဋကတ်တိုက်

ပိဋကတ်တိုက်အဆောက်အဦးသည် မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ မြောက်ဘက်တွင်တည်ရှိသည်။ ပိဋကတ်တိုက်ကို ၁၉၅၄–ခုနှစ်၊ ဧပြီ(၃)ရက်နေ့တွင် ဝန်ကြီးချုပ် အုတ်မြစ်ချ၍၊ ဗုဒ္ဓသာသနာကောင်စီဥက္ကဋ္ဌ တရားသူကြီးဦးဝင်း၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များက ပန္နက်ရိုက်တည်ဆောက်ခဲ့သည်။

ပိဋကတ်တိုက် အဆောက်အဦးပုံစံကို ဗိသုကာပညာရှင် Mr.Benjamin Polk သည် ရှေးမြန်မာမှုပုံစံနှင့် ခေတ်ပုံစံအနုပညာယဉ်ကျေးမှုများ စုပေါင်းဖော်ဆောင်၍ ရေးဆွဲထားခြင်းဖြစ်သည်။ အင်ဂျင်နီယာ Mr.V.N ဂျမ်းဂျီနှင့် လက်ထောက်အင်ဂျင်နီယာ Mr.D.K မဇွန်းဒါးတို့မှ ဦးဆောင်၍ ဆောက်လုပ်ခဲ့သည်။

ထိုအဆောက်အဦးပုံစံမှာ အလယ်ပင်မအဆောင်ကြီးသည် အဝိုင်းပုံဖြစ်၍ ဝဲယာ၌ ငှက်တောင်ပံပမာ အဆောင်ကြီးနှစ်ခုပါရှိသည်။ ဝဲဘက်အဆောင်မှာ အစည်းအဝေးဆောင်ဖြစ်သည်။ ယာဘက်အဆောင်မှာ စာအုပ်စာတမ်းများ ထိန်းသိမ်းထားရှိသော စာကြည့်ဆောင်ဖြစ်သည်။ အနောက်ဘက်တွင် ဗုဒ္ဓယဉ်ကျေးမှုပြတိုက်ရှိသည်။ ကောင်းကင်အထက်မှကြည့်လျှင် ထိပ်ဆုံးအမိုးအဝိုင်းပေါ်တွင် ဓမ္မစကြာပုံ အဝိုင်းပြုလုပ်ထားသည်။ ဒုတိယအမိုးအဝိုင်းကြီးပေါ်တွင် မြတ်စွာဘုရားရှင်၏ ဝိနည်းဒေသနာတော်သည် ဗုဒ္ဓသာသနာတော် အသက်ဖြစ်ကြောင်း

ကို ပါဠိဘာသာဖြင့် 'ဝိနယေဋ္ဌိတေ သာသနံဋ္ဌိတံ ဟောတိ။ ဝိနယောတိ သာသနဿ အာယု'ဟူသော စာတမ်းကိုရေးထိုးထားပါသည်။

ရတနာသုံးပါးကိုရည်စူး၍ ပိဋကတ်တိုက်အဆောက်အအုံကို သုံးထပ်တည်ဆောက်ထားပါသည်။ ထိုအထပ်သုံးထပ်တို့တွင် အောက်ဆုံးမြေညီထပ်ကို ပဌမထပ်၊ အလယ်ထပ်ကို ဒုတိယထပ်၊ အပေါ်ဆုံးအထပ်ကို တတိယအထပ်ဟူ၍ခေါ်တွင်စေခဲ့သည်။

မြေညီရှိပထမထပ်တွင် ဗုဒ္ဓဘာသာတို့၏ ရည်မှန်းရာ နိဗ္ဗာန်သို့သွားရာလမ်းကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးတရားတော်ကို ရည်စူး၍ တံခါးမကြီးရှစ်ခုထားရှိပါသည်။

ဒုတိယထပ်တွင် ပဋ္ဌာန်းဒေသနာတော်(၂၄)ပစ္စည်းကိုရည်စူး၍ ပြတင်းပေါက်(၂၄)ပေါက်ဖောက်ထားသည်။ မြတ်စွာဘုရား လက်ထက်တော်က ပထမဦးစွာသာသနာပြုကြွတော်မူသော ရဟန္တာမထေရ်ကြီးခြောက်ကျိပ်လေးပါးကိုရည်စူး၍ မှန်ပြတင်းပေါက် (၆၄)ပေါက်ကိုလည်း ဖောက်လုပ်ထားပါသည်။ ထိုအထပ်တွင်ရှားပါးသောပေမူ၊ ပုရပိုက်မူ၊ လက်ရေးစာမူများထားရှိသည်။

တတိယထပ်တွင် တရားအားထုတ်လိုသော ပုဂ္ဂိုလ်များ တရားအားထုတ်ကြရန်နှင့် စင်္ကြံသွားနိုင်ရန် အဆောက်အအုံတပတ် စင်္ကြံပြုလုပ်ထားရှိပါသည်။ ယင်းစင်္ကြံ၏အတွင်းဘက်တွင် မြတ်စွာဘုရား၏ တစ်ရာ့ရှစ်သွယ်သောစက်လက္ခဏာအစုံကိုရည်စူး၍ အင်္ဂတေ တာရာဖြင့် ကြာပန်းတစ်ရာ့ရှစ်ခုပြုလုပ်၍ တပ်ဆင်ထားပါသည်။

ပိဋကတ်တိုက်ကြီးဆောက်လုပ်၍မပြီးမီ ပိဋကတ်တိုက် လုပ်ငန်းများ စတင်နိုင်ရန်အတွက် ယာယီပိဋကတ်တိုက်အဖြစ် ကမ္ဘာအေးကုန်းမြေရှိ အပရဂေါယာနကျောင်းဆောင်မြေညီထပ်တွင် ၁၉၅၅–ခုနှစ်၊

မေလ(၁)ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထိုယာယီ ပိဋကတ်တိုက်ကို အပရဂေါယာနကျောင်းဆောင်မှ သာသနာရေး ဦးစီးဌာနရုံးချုပ်အဆောက်အအုံသို့ ပြောင်းရွှေ့ထားရှိခဲ့သည်။ ၁၉၅၉ခုနှစ်တွင် ထိုအဆောက်အအုံမှ ဥတ္တရကုရုကျောင်းဆောင်သို့ ပြောင်းရွှေ့ပြန်သည်။ ပိဋကတ်တိုက်အဆောက်အအုံသစ်သို့ ၁၉၆၁ခုနှစ်၊ မေလ(၁၁)ရက်နေ့တွင် ပြောင်းရွှေ့ခဲ့၍ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဟု အမည်ပေးခဲ့သည်။

ဤပိဋကတ်တိုက်တွင် ပြည်တွင်းသုတေသီများသာမက ကမ္ဘာ့အရပ်ရပ်ရှိ ဗုဒ္ဓဘာသာကို လေ့လာလိုသူ သုတေသီများပါ ဗုဒ္ဓဘာသာဆိုင်ရာထေရဝါဒ၊ မဟာယာန၊ တန္တရာယာန၊ မန္တရာယာန၊ ဝဇီရာယာန၊ ဇင်ဗုဒ္ဓဘာသာ စသောဂိုဏ်းအမျိုးမျိုးအကြောင်းကို လည်းကောင်း၊ ဗုဒ္ဓဘာသာဆိုင်ရာ ပါဠိပိဋကတ်တော်နှင့် သက္ကတ ပိဋကတ်တော်များကို လည်းကောင်း လေ့လာသုတေသနပြုနိုင်သည်။ (ဤပိဋကတ်တိုက်ကြီးအတွင်း ပိဋကတ်တိုက်၊ ဗုဒ္ဓယဉ်ကျေးမှုပြတိုက်၊ သုတေသနစာကြည့်တိုက်ဟူ၍ သုံးမျိုးခွဲကာ၊ ဗုဒ္ဓယဉ်ကျေးမှု၊ အရှေ့တောင်အာရှတိုက်ယဉ်ကျေးမှု၊ အရှေ့တိုင်းနှင့် အနောက်တိုင်း ယဉ်ကျေးမှုတို့ကို နှိုင်းယှဉ်လေ့လာနိုင်သည်။

## ၁၇။ ဗုဒ္ဓယဉ်ကျေးမှုပြတိုက်

ဗုဒ္ဓယဉ်ကျေးမှုပြတိုက်သည် ပိဋကတ်တိုက်နှင့် ဆက်သွယ်လျက်ရှိသည်။ ပြတိုက်ကို ၁၉၅၆–ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့သည်။ ပြတိုက်၏ တည်နေရာမှာ ယခင်ဗုဒ္ဓသာသနာအဖွဲ့ ရုံးအဆောက်အအုံတွင် ဖြစ်ပါသည်။ ၎င်းပြတိုက်ကို ယခင်က ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ပြတိုက်ဟု ခေါ်တွင်ခဲ့ပါသည်။

၎င်းပြတိုက်ကို ယခင်ဗုဒ္ဓသာသနာ့ရုံးအဖွဲ့ အဆောက်အအုံတွင် တည်ရှိနေခဲ့ရာမှ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဥတ္တရကုရုဆောင်သို့ ရွှေ့ပြောင်းဖွင့်လှစ်ခဲ့ရပါသည်။ သို့သော် ပြတိုက်ပစ္စည်းများ ပြသ ထားရှိရန် နေရာအခက်အခဲရှိသဖြင့် ပြတိုက်ကို စနစ်တကျပြသခွင့်မရခဲ့ပါ။ ၁၉၆၂–ခုနှစ်၊မတ်လမှစ၍ ယင်းပြတိုက်ကိုအဆောက်အအုံကို ယခင် ပိဋကတ်တိုက်ပုံစံ ရေးဆွဲပေးခဲ့သော ဗိသုကာများ၏ ညွှန်ကြားချက်များ အတိုင်း ပြည်သူ့အိုးအိမ်အဖွဲ့နှင့်နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏အဖွဲ့ခွဲ တစ်ခုဖြစ်သော ကမ္ဘာအေးကုန်းမြေနှင့် အဆောက်အအုံများ ထိန်းသိမ်း ရေးအဖွဲ့ငယ်တို့ စာချုပ်ချုပ်ဆိုပြီး ဆောက်လုပ်ခဲ့ပါသည်။

ပြတိုက်မှာ အမြင့်အားဖြင့် တထပ်ဖြစ်သော်လည်း ၎င်းတွင် ရှေးဟောင်းပစ္စည်းများ ထားရှိနိုင်ရန် စတုရန်းပေ(၂၁၉၃)ပေ ကျယ်ဝန်း သော မြေအောက်ထပ် ခန်းမကြီးနှစ်ခုလည်း ပါရှိပါသည်။ အဆောက် အအုံ၏အမြင့်မှာ မြေမျက်နှာပြင်မှ ဘုံဆောင်ထိပ်အထိ (၄၅)ပေ ရှိပါသည်။ ဆင်ဝင်အပါအဝင်အလျား(၁၄၃)ပေ ရှိပြီး လျှင်၊အနံ(၈၁) ရှိပါသည်။ ပြတိုက်၏အတွင်း ဧရိယာမှာ စတုရန်းပေပေါင်း(၅၀၀၀) အကျယ်အဝန်းရှိပြီး အခန်းပေါင်း(၅)ခန်းဖြင့် ဖွဲ့စည်းထားပါသည်။

ပြတိုက်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်နှင့် သက်ဆိုင် သော ရှေးဟောင်းယဉ်ကျေးမှုအနုပညာရုပ်တုများ၊ တံဆိပ်ပစ္စည်းများကို လေ့လာနိုင်ရန်ထားရှိပါသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ပါဝင်ခဲ့သော အခြားထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများဖြစ်သည့် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် သီရိလင်္ကာနိုင်ငံများမှ ကြွရောက်တော်မူလာကြသော သံဃာ ကိုယ်စားလှယ်တော်တို့က ယင်းတို့ဘာသာ စကားဖြင့် ရေးသားထား သည့် ပိဋကတ်တော်များနှင့် ဘာသာရေးဆိုင်ရာ အဆောင်အယောင် များ၊ အခမ်းအနားပစ္စည်းများကိုအများ ပြည်သူလေ့လာလိုသူများ

ကြည့်ရှုလေ့လာနိုင်စေရန် ဆဋ္ဌသင်္ဂါယနာ အထိမ်းအမှတ်ပစ္စည်းအဖြစ် ထားရစ်ခဲ့ကြသည်။ ထိုပစ္စည်းများကို နိုင်ငံအလိုက်ထားရှိရန် ပိဋကတ်တိုက်အဆောက်အအုံအတွင်း ထိုင်းခန်းမဆောင်၊ ကမ္ဘောဒီးယားခန်းမဆောင်၊ လာအိုခန်းမဆောင်၊ သီရိလင်္ကာခန်းမဆောင်ဟူ၍ သီးခြားခန်းမဆောင်များ သတ်မှတ်ထားရှိ၍ ပြသထားပါသည်။

## ၁၈။ သုတေသနစာကြည့်တိုက်

သုတေသနပြုရာတွင်၌ ပိဋကတ်တိုက်ရှိ စာအုပ်စာတမ်းများ၊ ပြတိုက်ရှိ ဗုဒ္ဓအနုပညာပစ္စည်းများဖြင့် အခြေပြုကာလေ့လာနိုင်စေရန်အတွက် သုတေသနစာကြည့်ပိဋကတ်တိုက်အဖြစ် စတင် တည်ထောင်ဖွင့်လှစ်ထားရှိခြင်းဖြစ်သည်။ စာကြည့်ပိဋကတ်တိုက်နှင့် ပူးတွဲ၍ ရှားပါးသော စာပေနှင့် စာအုပ်စာတမ်းများဌာန၊ သုတေသနပြတိုက်၊ သုတေသနဌာနတို့ကို ပူးတွဲကာ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဟူသော အမည်ဖြင့် အစိုးရက တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

၁၉၇၂-ခုနှစ်တွင် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကို သာသနာရေးဦးစီးဌာန သုတေသနနှင့်ကျွမ်းကျင်မှုဌာနခွဲအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ယခုအခါ ဤစာကြည့်ပိဋကတ်တိုက်သည် ဗုဒ္ဓဘာသာအပြင် တိုင်းရင်းသား လုပ်သားပြည်သူများ ယုံကြည်ကိုးကွယ်လျက်ရှိသော မိရိုးဖလာနတ်ကိုးကွယ်မှုဘာသာကိုလည်းကောင်း၊ ခရစ်ယာန်ဘာသာကိုလည်းကောင်း၊ အစ္စလာမ်ဘာသာကိုလည်းကောင်း လေ့လာသုတေသန ပြုစုနိုင်သည်။

သုတေသနစာကြည့်တိုက်တွင် ပုံနှိပ်စာအုပ်များအပြင်ပေ၊ ပုရပိုက်၊ လက်ရေးစာများကိုလည်း စုဆောင်းထားရှိသည်။ ပေ၊ ပုရပိုက်များသည် ဗုဒ္ဓဘာသာစာပေသာမက မြန်မာစာပေ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ သမိုင်းစသည့် လောကီပညာရပ်များ၊ ပေ၊ ပုရပိုက်၊ ကမ္မဝါ၊

စာချွန်တော်နှင့် မင်ကူးကျောက်စာများကိုလည်း စုဆောင်းထားရှိသည်။ စုဆောင်းရရှိသောပေများမှ ပုံမနှိပ်ရသေးသော စာမူများနှင့် ပုံနှိပ်ပြီးသော်လည်း ရှားပါး၍ အဖိုးတန်ကာ ပုံနှိပ်စာအုပ် ဝယ်ယူရန် မလွယ်ကူသော ပေမူ၊ ပုရပိုက်မူများကို သီးသန့်ထားရှိသည်။ ပုံမနှိပ်ရသေးသော ပေမူများကိုလည်း လက်ရေးဖြင့်ကူး၍ ပြင်ဆင်တည်းဖြတ်ကာ ပုံနှိပ်ထုတ်ဝေရန် စီစဉ်ထားပါသည်။ ယခင်က ပေ၊ ပုရပိုက်ဌာနနှင့် စာကြည့်တိုက်ဌာနသီးခြားစီရှိသော်လည်း ၁၉၉၁–ခုနှစ်တွင် ပေ၊ ပုရပိုက်နှင့်စာကြည့်တိုက်ကို ပူးပေါင်း၍ သုတေသန စာကြည့်တိုက် အဖြစ် ဖွင့်လှစ်ခဲ့သည်။

(က) သုတေသနစာကြည့်တိုက်ရှိစာအုပ်စာရင်း

| | | |
|---|---|---|
| ၁။ | မြန်မာစာအုပ် | ၂၆၂၂၇ – အုပ် |
| ၂။ | အင်္ဂလိပ်စာအုပ် | ၁၇၁၈၆ – အုပ် |
| ၃။ | အခြားဘာသာစာအုပ် | ၂၂၄၉ – အုပ် |
| ၄။ | မြန်မာမဂ္ဂဇင်း | ၂၈၆၆ – အုပ် |
| ၅။ | အင်္ဂလိပ်မဂ္ဂဇင်း | ၁၅၇၅ – အုပ် |
| | စုစုပေါင်း | ၅၀၁၀၃ – အုပ် |

(ခ) ပေ၊ ပုရပိုက်၊ ကမ္မဝါစာ၊ ကျောက်စာ၊ စာချွန်တော်စာရင်း

| | | |
|---|---|---|
| ၁။ | ပေစာ | ၁၁၇၃၂ – ထုတ် |
| ၂။ | ပုရပိုက် | ၁၂၄၄ – ဆူ |
| ၃။ | ကမ္မဝါစာ | ၁၁၁ – ဆူ |
| ၄။ | မင်ကူးကျောက်စာ | ၁၉၆ – ချပ် |
| | စုစုပေါင်း | ၁၃၃၀၂ – |

ဤသုတေသနစာကြည့်တိုက်သည် အထူးစာကြည့်တိုက်ဖြစ်သည်နှင့်အညီ မည်သည့် စာအုပ်ကိုမျှပြင်ပသို့ ထုတ်မငှားပါ။ ဌာနဆိုင်ရာများကိုသာငှားရမ်းပါသည်။ သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသည့် စာအုပ်များကို စာကြည့်တိုက်အတွက် အခမဲ့ရရှိသည်။ စာကြည့်တိုက်ကို ဌာနစုမှူးတစ်ဦး၊ စာကြည့်တိုက်မှူးတစ်ဦး၊ လက်ထောက်စာကြည့်တိုက်မှူးလေးဦးနှင့် အခြားဝန်ထမ်းများဖြင့် စီမံကွပ်ကဲလျက်ရှိပါသည်။ လက်ရှိစာကြည့်တိုက်မှူးမှာ ဒေါ်လှလှသန်း ဖြစ်သည်။

## ၁၉။ ပိဋကတ်ပုံနှိပ်တိုက်

ဆဋ္ဌသင်္ဂါယနာတင်ကျမ်းစာအုပ်များကို ပုံနှိပ်ရန်အတွက် ပိဋကတ်တိုက် အဆောက်အဦးကို တည်ဆောက်ခဲ့သည်။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီးက ဆဋ္ဌသင်္ဂါယနာတင်ရေးကို ရှေးရှု၍ **ထေရဝါဒငါးနိုင်ငံအားလုံးတို့တွင် အသန့်ရှင်းဆုံး ပါဠိပိဋကတ်စာမူ တမူကို မပြတ်မလပ် ပုံနှိပ်ထုတ်ဝေဖြန့်ချိနိုင်စေရန် ရည်ရွယ်ချက်ဖြင့်** ဤပိဋကတ်ပုံနှိပ်တိုက်ကို တည်ဆောက်ခြင်းဖြစ်သည်။

ပိဋကတ်ပုံနှိပ်တိုက် အဆောက်အဦးမှာ နှစ်ထပ်တိုက် အဆောက်အဦးဖြစ်သည်။ ၁၉၅၃–ခုနှစ်၊ အောက်တိုဘာလ (၂၅)ရက်တွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲအမီ ပိဋကတ်တော်များကို အကြိမ်ကြိမ် ပြင်ဆင်တည်းဖြတ်ပြီးနောက် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အဆောက်အဦးသစ်ကြီး၌ ဝိနည်းငါးကျမ်းပါဠိတော်တို့ကို စတင်ပုံနှိပ်ခဲ့ပါသည်။ ထိုသို့ပုံနှိပ်ရာတွင် Committe For Free Asia မှ လှူဒါန်းပေးပို့ထားသော ပုံနှိပ်စက်နှင့် ပစ္စည်းသေတ္တာများကို ကမ္ဘာအေးစေတီအနီးရှိ ဂိုဒေါင်မှ ပုံနှိပ်တိုက်အဆောက်အဦးသစ်သို့ ၁၉၅၃–ခုနှစ်၊ ဩဂုတ်လ(၅)ရက်မှစ၍ ပြောင်းရွှေ့ခဲ့သည်။ ထိုနောက် အမေရိကန်ပြည်ထောင်စုမှ

စာပုံနှိပ်တိုက်ဆိုင်ရာပါရဂူ မစ္စတာ စတင်တန်၏အကူအညီဖြင့် ၁၉၅၃–ခုနှစ်၊ ဩဂုတ်လ(၇)ရက်နေ့တွင် ပုံနှိပ်စက်နှင့် စာအုပ်ချုပ်စက်များကို နေရာတကျတပ်ဆင်ခဲ့ပါသည်။ အောက်ဖော်ပြပါစက်ပစ္စည်းများဖြင့် ပုံနှိပ်တိုက်ကို စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းတို့မှာ ကွက်ကရောင်းမိုလီစက်တစ်လုံး၊ လီချယ်လင် ဒဗယ်ဒီမိုင်းစက်တစ်လုံး၊ စာရွက်ခေါက်စက်တစ်လုံး၊ ကြိုးချုပ် စက်တစ်လုံး၊ သံကြိုးချုပ်စက်တစ်လုံး၊ စက္ကူဖြတ်စက်တစ်လုံး၊ စာအုပ်ဖုံးလုပ်စက်တစ်လုံး၊ စက္ကူဖြတ်စက်တစ်လုံး၊ တံဆိပ်ရိုက်စက်တစ်လုံး၊ ခဲစာလုံးသွန်းစက်တစ်လုံးတို့ဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် Asia Foundation မှ ထပ်မံလှူဒါန်းသည့် လစ်သိုအော့ဖ်ဆက်ခေါ် ပုံနှိပ်စက် စက်ကြီးများဖြင့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများ၊ အင်္ဂလိပ်ဘာသာရေးဗုဒ္ဓဘာသာကျမ်းစာအုပ်များ၊ စာစောင်များ၊ စာရွက်စာတမ်းများကို ကျနသေသပ်စွာ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

## ၂၀။ မဟာသိမ်တော်ကြီး

မဟာသိမ်တော်ကြီးသည် မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ တောင်ဘက်တွင် တည်ရှိသည်။ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင် ကျင်းပသောအခါ ထေရဝါဒငါးနိုင်ငံမှ ကြွရောက်တော်မူ လာကြမည့် ဆဋ္ဌသင်္ဂီတိကာရက ရဟန်းတော်များ သံဃာ့ဥပုသ် ပဝါရဏာစသောကံကြီး ကံငယ်တို့ကို ဝိနည်းဒေသနာနှင့်အညီ အလွယ်တကူ ဆောင်ရွက်တော်မူကြစေရန်အတွက် ၁၉၅၃–ခုနှစ်တွင် မဟာသိမ်တော်ကြီးအဆောက်အဦးကို စတင်ဆောက်လုပ်ခဲ့သည်။

သိမ်တော်ကြီးဆောက်လုပ်မည့်နေရာကို ၁၉၅၃–ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့မှစ၍ ရန်ကုန်မြို့ ခြောက်ထပ်ကြီးကျောင်း

တိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးကောဏ္ဍညအမှူးရှိသော သံဃာတော်များက ကမ္မဝါစာများ ရွတ်ဖတ်လျက် သိမ်နှုတ်တော်မူကြပါသည်။ ထိုသို့ သိမ်နှုတ်ရာတွင် သာသနာနှစ်(၂၅၀၀)ကို ရည်မှန်း၍ သံဃာတော် (၂၅၀၀)တို့ကပါဝင်၍ သိမ်နှုတ်တော်မူကြပါသည်။ ထိုသို့ (၇)ရက် ပတ်လုံးသိမ်နှုတ်ပြီးနောက် ၁၉၅၃ခုနှစ်၊ ဒီဇင်ဘာလ(၁၃)ရက်နေ့ နံနက်တွင် ရန်ကုန်မြို့၊ စာသင်တိုက်အသီးသီးမှ ဆရာတော်များကြွရောက်တော်မူကြရာတွင် အဂ္ဂမဟာပဏ္ဍိတလေသာဆရာတော်၊ မန္တလေးမစိုးရိမ်ဆရာတော်၊ ပခုက္ကူ မဟာဝိသုတာရာမဆရာတော်၊ ခြောက်ထပ်ကြီးကျောင်းတိုက်ဆရာတော်၊ ကျားကူးဆရာတော်၊ ဗဟန်းမဟာအောင်မြေဘုံစံဆရာတော်၊ မဟာစည်ဆရာတော်စသောဆရာတော်ကြီးများပါဝင်၍ ဆရာတော်ကြီး(၁၀၈)ပါးက သီမသမ္မုသနကမ္မဝါစာများ ရွတ်ဖတ်တော်မူလျက်သိမ်သမုတ်တော်မူကြသည်။ မဟာသိမ်တော်ကြီးအဆောက်အဦးကို ဟင်္သာတဦးမြက တာဝန်ယူကြီးကြပ်၍ တည်ဆောက်ခဲ့ရာ ၁၉၅၄ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။

မဟာသိမ်တော်ကြီးသည် သီဟိုဠ်စေတီပုံသဏ္ဌာန်ကို အတုယူ၍ တည်ဆောက်ထားခြင်း ဖြစ်သည်။ မဟာသိမ်တော်ကြီး၏ အဝန်းအကျယ်မှာ ပေ(၃၁၅)ပေရှိသည်။ အချင်းပေ (၁၀၀)ကျော်ရှိ၍ အောက်ထပ်အမြင့်(၁၀)ပေ၊ အလယ်ထပ်အမြင့်(၂၅)ပေနှင့် အာလိန် ငါးဆင့်မှ အမြင့်ခေါင်ဆုံးအထိ ပေ(၁၁၅)ပေရှိသည်။ မဟာ သိမ်တော် ကြီးသည် ပေ(၁၅၀)အမြင့်ရှိသည်။ မဟာသိမ်တော်ကြီးအတွင်း ဘုရားစင်၊ ရဟန္တာစင်နှင့် တိုင်လုံးကြီးခြောက်လုံးနှင့် အသီတိရှစ် ကျိပ်ရုပ်တုများရှိပါသည်။

မူလက ထိုသိမ်တော်ကြီးအတွင်းအပြင်တို့၌ အမွှမ်းများ မရှိသေးပေ။ ထီးတော်မှအစ အမွှမ်းအပြောက်များ မပါရှိခဲ့ပေ၊ ငှက်ပျောဖူးအတွင်း ပိန္နဲတိုင်မစိုက်ဘဲ ထီးတော်တင်နိုင်ခဲ့သည်။ ဟမ္မိယခေါ် ဓာတ်တော်တိုက် လေးထောင့်နေရာတွင် ပန်းဆွဲနှင့် ဓမ္မစကြာ ခန်းထည့်ကာ သပိတ်မှောက်ကိုတန်ဆာဆင်ထားသည်။ ရင်ဖွဲ့တွင် စဥ့်ခါးပတ်ပန်းများဖြင့် ပတ်ထားသည်ကို တွေ့မြင်နိုင်သည်။ မဟာသိမ်တော်ကြီး၏ အဝင်ဘေးနှစ်ဘက်တွင် သဲကျောက်(ပန်းတမော့) လက်ရာကောင်းဖြင့် ဝိသုကမ္မနတ်မင်းနှင့် မော်ကွန်းကျောက်စာတိုင် ရှိပါသည်။

မဟာသိမ်တော်ကြီးကို နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့အောက်ရှိ ကမ္ဘာအေးကုန်းမြေနှင့် အဆောက်အဦးများ ထိန်းသိမ်းရေးအဖွဲ့က ပိုင်ဆိုင်ကြောင်း ၁၉၆၂ခုနှစ်၊ မေလ(၂၁)ရက်တွင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့အစီရင်ခံစာတွင် သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ ဦးသိမ်းမောင်(ဥက္ကဋ္ဌ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့)က ပြောကြားခဲ့ပါသည်။

ဤမဟာသိမ်တော်ကြီးကို ၁၉၈၆–ခုနှစ်၊ ဇွန်(၂၆)ရက်တွင် မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီးအမှူးပြုသော တိပိဋကနိကာယသာသနာပြုအဖွဲ့မှ တာဝန်ယူပြုပြင်ကာ အမွှမ်းတန်ဆာများဆင်ယင်၍ ပြုပြင်မွမ်းမံခဲ့ပါသည်။ မဟာသိမ်တော်ကြီးကို ၁၉၉၁–ခုနှစ်၊ မေ(၃၁)ရက်နေ့မှစ၍ သာသနာတော်ပြန့်ပွားရေးဦးစီး ဌာနက ယနေ့ထိ တာဝန်ယူ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

❀

# အခန်း(၄)

# ဆဋ္ဌသင်္ဂါယနာတင်ပွဲ

## ၁။ ဆဋ္ဌသင်္ဂါယနာစမ္မသဘင်ဖွင့်ပွဲ

ဆဋ္ဌသင်္ဂါယနာစမ္မသဘင် ဖွင့်ပွဲအခမ်းအနားကို သာသနာ ၂၄၉၈-ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၁၆-ခုနှစ်၊ ကဆုန်လပြည့် (၁၈-၅-၅၄)နေ့မှစ၍ ကဆုန်လပြည့်ကျော်(၂)ရက် (၂၀-၅-၅၄) နေ့အထိ ရန်ကုန်မြို့၊ ကမ္ဘာအေးသီရိမင်္ဂလာကုန်းမြေ၊ ဆဋ္ဌသံဂီတိ မဟာပါသာဏလိုဏ်ဂူ တော်၌ (၃)ရက်ကျင်းပခဲ့သည်။

ထိုဖွင့်ပွဲသို့မြန်မာနိုင်ငံတော်မှ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတဆရာတော်များ၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များ၊ သီဟိုဠ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတော်များမှ သံဃရာဇာသာသနာပိုင် ဆရာတော်ကြီးများ၊ သံဃနာယကဆရာတော်များ၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါလ်၊ ဗီယက်နမ်နိုင်ငံများမှ ဂဏာစရိယများပါဝင်သည့် သံဂီတိကာရက မထေရ်ပေါင်း(၂၅၀၀)တို့ ကြွရောက်တော်မူခဲ့ကြသည်။

ထိုပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမ္မတကြီး အဂ္ဂမဟာသီရိသုဓမ္မဒေါက်တာဘဦး၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ သီရိသုဓမ္မဆာဦးသွင် အမှူးပြုသော နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဝင်များ၊ နိုင်ငံတော်တရားဝန်ကြီးချုပ်နှင့် တရားဝန်ကြီးများ၊ လူမျိုးစုလွှတ်တော်နာယက အဂ္ဂမဟာသီရိသုဓမ္မစဝ်ရွှေသိုက်၊ ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဗိုလ်မှူးအောင်နှင့်အမတ်များ၊ အစိုးရ အရာရှိများ၊ မြန်မာနိုင်ငံအရပ်ရပ်သာသနာရေးအသင်းအဖွဲ့ခေါင်း ဆောင်များနှင့် ဗုဒ္ဓဘာသာဝင်များ၊ အိန္ဒိယ၊ သီဟိုဠ်၊ ထိုင်း၊ ကမ္ဘော ဒီးယား၊ လာအို၊ ဂျပန်၊ ပါကစ္စတန်၊ နီပေါလ်၊ ဗီယက်နမ်၊ ရှုကျူ (Ryukyu Islands)၊ ဆီကင်(Sikkim)၊ အင်ဒိုနီးရှား၊ မလေး၊ စင်္ကာပူ နိုင်ငံများမှ သံအမတ်များ၊ အစိုးရကိုယ်စားလှယ်တော်များ၊ သာသနာရေးအသင်း အဖွဲ့ ခေါင်းဆောင်များ တက်ရောက်ကြသည်။ အစုစုပရိသတ်ပေါင်း အသိန်းမက ကြွရောက်ကြသည်။

ထိုဖွင့်ပွဲအခမ်းအနားတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတ (ညောင်ရမ်းဆရာတော်)က သံဃမဟာနာယကအဖြစ်ဖြင့်၎င်း၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ (ဗားကရာတောရဆရာတော်)က အကျိုးဆောင်အဖြစ်ဖြင့်၎င်း၊ ဆောင်ရွက်တော်မူခဲ့သည်။

ပထမနေ့(၁၈-၅-၅၄)၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတက ဗုဒ္ဓနိုင်ငံများအတွက် ဆဋ္ဌသင်္ဂါယနာဒါယကာအဖြစ် ခံယူကြောင်းကို၎င်း၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ ဆာဦးသွင်က သင်္ဂါယနာပစ္စယာနုဂ္ဂဟ ဒါယကာအဖြစ် ခံယူကြောင်းကို၎င်း လျှောက်ထားသည်။ နိုင်ငံ အသီး သီးရှိသံဃရာဇာများနှင့် ဘုရင်မင်းမြတ်များထံမှ ပေးပို့သည့် သဝဏ်လွှာ များကိုဖတ်ကြားသည်။ အဘိဓဇမဟာရဋ္ဌဂုရု ကမ္ဘောဒီးယား သံဃရာဇာ ဆောမ်ဒတ်ဖရား မဟာသုမေဓါဓိပတိ ဘဒ္ဒန္တဇောတဉာဏ၊ ထိုင်းနိုင်ငံ သံဃအုပ်ချုပ်ရေးဌာန အဂ္ဂမဟာပဏ္ဍိတ ဖရားဝိမလဓမ္မ (Phra Vimala Dhamma)နှင့် သီဟိုဠ်နိုင်ငံ ဝိဒျောဒယ ပရိဝေဏာဓိပတိ ဘဒ္ဒန္တသိရိပိယ ရတန နာယကထေရတို့က မိန့်ခွန်း မြွက်ကြားကြသည်။

ထိုနောက် ပခုက္ကူမြို့ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိဇယာ ရာမ ဆရာတော်ဘဒ္ဒန္တဇဝနက ပုစ္ဆကအဖြစ်ဖြင့်၎င်း၊ တိပိဋကဓရဓမ္မ ဘဏ္ဍာ ဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသက ဝိဿဇ္ဇကအဖြစ်ဖြင့်၎င်း၊ ဆောင် ရွက်တော်မူကြပြီးလျှင် သံဂီတိကာရက(၂၅၀၀)တို့က ပါရာဇိကပါဠိ တော်၊ ဝေရဥ္စကဏ္ဍကို သင်္ဂါယနာတင်တော်မူကြသည်။

ဒုတိယနေ့(၁၉-၅-၅၄)၌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ ပြုရေးကို၎င်း၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် တရားဝန်ကြီးချုပ် အဂ္ဂမဟာသရေစည်သူဦးသိမ်းမောင်က နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို၎င်း လျှောက် ထားကြသည်။ အခြားနိုင်ငံများမှ ဝန်ကြီးချုပ်များပေးပို့သည့် သဝဏ် လွှာတို့ကို ဖတ်ကြားကြသည်။ အခြားနိုင်ငံများမှ ကြွရောက်တော် မူကြသည့် မဟာထေရ်များနှင့် ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ခေါင်း ဆောင်များက ပဋိသန္ထာရကထာများကို လျှောက်ထားကြသည်။

ဆက်လက်၍ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန (မဟာစည် ဆရာတော်)က ပုစ္ဆကအဖြစ်ဖြင့်၎င်း၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသက ဝိဿဇ္ဇကအဖြစ်ဖြင့်၎င်း၊ ဆောင်ရွက် တော်မူကြပြီးလျှင် သံဂီတိကာရက(၂၅၀၀)တို့က ပါရာဇိကပါဠိတော် ပထမ၊ ဒုတိယ၊ တတိယပါရာဇိကသိက္ခာပုဒ်များကို သင်္ဂါယနာ တင်တော်မူကြသည်။

တတိယနေ့(၂၀-၅-၅၄)၌ သာသနာရေးဝန်ကြီး သတိုးမဟာ သရေစည်သူ ဦးဝင်းက သာသနာသန့်ရှင်း စည်ပင်ရေးကို၎င်း၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အကျိုးဆောင်(၁) နိုင်ငံတော် ရှေ့နေချုပ်

သတိုးမဟာသရေစည်သူဦးချန်ထွန်းက အခမ်းအနားအောင်မြင်စွာ ဖွင့်လှစ်နိုင်သဖြင့် ပီတိသောမနဿဖြစ်ကြောင်းကိုင်း လျှောက်ထားကြသည်။

အဂ္ဂမဟာပဏ္ဍိတမဟာစည်ဆရာတော်က ပုစ္ဆကအဖြစ်ဖြင့်၄င်း၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသက ဝိဿဇ္ဇကအဖြစ်ဖြင့်၄င်း၊ ဆောင်ရွက်တော်မူကြပြီးလျှင် သံဂီတိကာရက (၂၅၀၀) တို့က ပါရာဇိကပါဠိတော်၊ စတုတ္ထပါရာဇိကသိက္ခာပုဒ်ကို သင်္ဂါယနာတင်တော်မူကြသည်။

## ၂။ ဆဋ္ဌသင်္ဂါယနာသန္နိပါတများ

သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟုဆိုအပ်သော ပိဋကတ်သုံးပုံတွင် ပါဝင်သည့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ပါဠိတော်များကို အချိန်အခါအားဖြင့် ခွဲခြား၍ ပဌမသန္နိပါတ၊ ဒုတိယ သန္နိပါတ၊ တတိယသန္နိပါတ၊ စတုတ္ထသန္နိပါတ၊ ပဥ္စမသန္နိပါတဟူ၍ သန္နိပါတ ငါးကြိမ်ခွဲဝေ၍ သင်္ဂါယနာတင်တော်မူကြပါသည်။

၁။ ပဌမသန္နိပါတကို ဆဋ္ဌသင်္ဂါယနာဓမ္မသဘင်ဖွင့်ပွဲနှင့် တဆက်တည်း သံဃာတော်(၅၀၀)တို့က သင်္ဂါယနာတင်တော်မူကြပါသည်။

၂။ ဒုတိယသန္နိပါတကို ၁၃၁၆–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၅)ရက် (၁၅–၁၁၅၄)နေ့တွင် စတင်ကျင်းပရန် ဆဋ္ဌသင်္ဂါယနာစီစဉ် ရေးအဖွဲ့ငယ်၏ (၂၄–၈–၅၄)နေ့တွင် ကျင်းပသည့် အစည်းအဝေး၌ ဆုံးဖြတ်ခဲ့ပါသည်။

၃။ တတိယသန္နိပါတကို ၁၃၁၇–ခုနှစ်၊ ကဆုန်လဆန်း– (၇)ရက် (၂၈–၄–၅၅)နေ့တွင် စတင်ကျင်းပရန် ဆဋ္ဌသင်္ဂါယနာစီစဉ်ရေး

အဖွဲ့ငယ်၏ (၂၂-၂-၅၅)နေ့တွင် ကျင်းပသည့်အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ထိုနောက်(၁၈-၄-၅၅)နေ့တွင် ကျင်းပသည့် ထို အဖွဲ့ငယ်၏အစည်းအဝေး၌ သံဃာ့ရာဇာ (သာသနာပိုင်) များက အလှည့်ကျ သံဃနာယကအဖြစ်ဖြင့် ဆောင်ရွက်ရန်နှင့် ထိုနိုင်ငံများမှ ဘုရင်မင်းမြတ်များကိုယ်တိုင် ကြွရောက်ဖွင့်လှစ်စေရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ဤတတိယသန္နိပါတကို ကမ္ဘောဒီးယားနှင့် လာအိုတို့မှ သံဃ မဟာနာယကမထေရ်ကြီးတို့ ဦးဆောင်ဖွင့်လှစ်တော်မူပါသဖြင့် 'ကမ္ဗုဇလဝသန္နိပါတ' ဟု ခေါ်တွင်ခဲ့ပါသည်။ ဆဋ္ဌသင်္ဂါယနာ စီစဉ်ရေး အဖွဲ့ငယ်၏ (၂၄-၅-၅၅)နေ့တွင် ကျင်းပခဲ့သည့် အစည်းအဝေး၌မူ ပဉ္စမသန္နိပါတအတွက် သီဟိုဠ်နိုင်ငံမှ ဂိုဏ်းပေါင်းစုံ သံဃာ့ကိုယ်စား လှယ် သံဃာ့မဟာထေရ်ကြီးများကို ပင့်လျှောက်ရန်နှင့် သီဟိုဠ်နိုင်ငံ ဝန်ကြီးချုပ်အားဖိတ်ကြားရန်ဆုံးဖြတ်ခဲ့ပါသည်။

၄။ စတုတ္ထသန္နိပါတကို ၁၃၁၇-ခုနှစ်၊ နတ်တော်လဆန်း (၂)ရက် (၁၆-၁၂-၅၅)နေ့တွင်ကျင်းပရန် ဆဋ္ဌသင်္ဂါယနာစီစဉ်ရေး အဖွဲ့ငယ်၏ (၁၀-၁၁-၅၅) နေ့တွင်ကျင်းပသည့် အစည်းအဝေး၌ ဆုံးဖြတ်ခဲ့ပါသည်။ ဤသန္နိပါတကို ထိုင်းနိုင်ငံမှသံဃမဟာနာယက မဟာထေရ်ကြီးတို့ ဦးဆောင်ဖွင့်လှစ်တော်မူကြသဖြင့် 'သျာမသန္နိပါတ' ဟု ခေါ်တွင်ခဲ့ကြသည်။

၅။ ပဉ္စမသန္နိပါတကို ၁၃၁၈-ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက် (၂၃-၄-၅၆)နေ့တွင် စတင်ကျင်းပရန် အမှုဆောင်အဖွဲ့၏ (၂၅-၂-၅၆) နေ့တွင် ကျင်းပသည့် အစည်းအဝေး၌ ဆုံးဖြတ်ခဲ့ပါသည်။ ဤ ပဉ္စမသန္နိပါတကို သီရိလင်္ကာမှသံဃမဟာနာယက မဟာထေရ်ကြီးတို့ ဦးဆောင်ဖွင့်လှစ်တော်မူကြသဖြင့် 'သီရိလင်္ကာ သန္နိပါတ'ဟူ၍ အသိ အမှတ်ပြုခဲ့ကြပါသည်။

## ၃။ ပါဠိတော် သင်္ဂါယနာ ပဌမသန္နိပါတ

ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင်ကြီးကို မြန်မာသက္ကရာဇ် ၁၃၁၆–ခုနှစ်၊ ကဆုန်လပြည့် (၁၇–၅–၅၄)နေ့မှစ၍ သုံးရက်တိတိ ဖွင့်လှစ်ကာ ကြားတစ်ရက်အနားယူခဲ့ပြီးနောက် ကဆုန်လပြည့်ကျော် ၄ ရက် (၂၁–၅–၅၄)နေ့ကစ၍ ပဌမသန္နိပါတအခါတော်ကို ကျင်းပခဲ့ရာ ဥပုသ်နေ့ သီတင်းပတ်များကို ချန်လှပ်၍ ဝါဆိုလဆန်း ၇ ရက် (၇–၇–၅၄)နေ့အထိ ရက်ပေါင်း(၄၁)ရက် ကြာခဲ့သည်။

ပဌမသန္နိပါတအခါတော်၌ ထေရဝါဒနိုင်ငံအားလုံးမှ သမ္မုတိရ သင်္ဂီတိကာရက သံဃာတော်ပေါင်း(၂၅၀၀)တို့က ကျေးဇူးရှင် မန္တလေး မြို့ ညောင်ရမ်းဆရာတော်ဘုရားကြီးအား သံဃနာယကအဖြစ် တင်မြှောက်တော်မူကြလေသည်။ ရန်ကုန်မြို့ဗားကရားတောရ ဆရာတော် အရှင်နာဂဝံသမဟာထေရ်က အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက် တော်မူလေသည်။

ထိုပဌမသန္နိပါတအခါတော်၌ ဝိနည်းငါးကျမ်းပါဠိတော်ကြီး များကို သင်္ဂါယနာတင်၍ ပြီးစီးခဲ့သည်။ စာအုပ်အရေအတွက်အားဖြင့် ငါးအုပ်၊ စာမျက်နှာအားဖြင့် (၂၂၆၀)မျှ ရှိသည်။ ထိုဝိနယ ပိဋကတ် တော်ကြီးကို ပဌမသင်္ဂါယနာတင်စဉ်က အကြိမ်ပေါင်း (၁၆၉)ကြိမ် တိတိရွတ်ဆိုခဲ့ကြ သဖြင့် ဘာဏဝါရပေါင်း (၁၆၉)ဘာဏဝါရမျှ ရှိခဲ့သည်။

ပါရာဇိကဏ်ပါဠိတော်ကြီးကို–စစ်ကိုင်းမြို့၊ ရွှေကျင်ပဌမ ဘာဏက အဖွဲ့မှ (၁၅)ပါး၊ ၄င်းဒုတိယဘာဏကအဖွဲ့မှ(၁၅)ပါး၊ တတိယ ဘာဏကအဖွဲ့မှ (၁၅)ပါးအားဖြင့် (၄၅)ပါးသော ဘာဏက ဆရာတော်များက အာဂုမ်ရွတ်ဆိုကာ သင်္ဂါယနာတင်တော်မူခဲ့ ကြသည်။

ပါစိတ် ပါဠိတော်ကြီးကို– စစ်ကိုင်းမြို့၊ သုဓမ္မာပဌမဘာဏက အဖွဲ့(၁)မှ (၁၄)ပါး၊ ၄င်းဒုတိယဘာဏကအဖွဲ့မှ(၁၄)ပါး၊ တတိယ ဘာဏကအဖွဲ့မှ(၁၅)ပါးအားဖြင့် (၄၃)ပါးသော ဘာဏက ဆရာ တော်များက အာဂုမ်ရွတ်ဆိုကာ သင်္ဂါယနာတင် တော်မူခဲ့ကြသည်။

မဟာဝါပါဠိတော်ကြီးကို–မင်းကွန်းမြို့၊ ဘာဏကအဖွဲ့ဝင် ဆရာ တော်(၁၃)ပါးတို့ အာဂုမ်ရွတ်ဆိုကာ သင်္ဂါယနာတင်တော်မူခဲ့ကြသည်။

စူဠဝါပါဠိတော်ကြီးကို– မိတ္ထီလာမြို့၊ ဘာဏကအဖွဲ့ဝင် ဆရာတော် (၁၅)ပါးတို့က အာဂုမ်ရွတ်ဆိုကာ သင်္ဂါယနာတင်တော်မူခဲ့ ကြသည်။

ပရိဝါပါဠိတော်ကြီးကို– မြင်းခြံမြို့၊ ပဌမဘာဏကအဖွဲ့မှ (၁၅)ပါး၊ ၄င်းဒုတိယဘာဏကအဖွဲ့မှ(၁၅)ပါး၊ တတိယဘာဏကအဖွဲ့မှ (၁၅)ပါး အားဖြင့် (၄၅)ပါးသောဘာဏက ဆရာတော်များက အာဂုမ် ရွတ်ဆိုကာ သင်္ဂါယနာတင်တော်မူခဲ့ကြသည်။

## ၄။ ပါဠိတော်ဒုတိယသန္နိပါတ

ဒုတိယသန္နိပါတအခါတော်ကို ၁၃၁၆–ခု၊ တန်ဆောင်မုန်းလပြည့် ကျော် (၅)ရက်နေ့မှ တပို့တွဲလဆန်း(၆)ရက်နေ့အထိ (၁၅–၁၁–၅၄)မှ (၂၈–၁၅၅)ရက်နေ့အထိ ဥပုသ်သီတင်းပတ်များနှင့် လွှတ်လပ်ရေးနေ့ သံဂါယနာပိတ်ရက်များမပါ ရက်ပေါင်း(၆၅)ရက်တိတိကြာခဲ့လေသည်။ ဒီဃနိကာယ်သုံးကျမ်း၊ မဇ္ဈိမနိကာယ်သုံးကျမ်း၊ သံယုတ္တနိကာယ် ငါးကျမ်းအားဖြင့် နိကာယ်ကြီးသုံးရပ် ကျမ်းကြီးတစ်ဆယ့် တစ်ကျမ်းမျှ ပြီးစီးခဲ့လေရာ စာအုပ်အရေအတွက်အားဖြင့် (၉)အုပ် စာမျက်နှာပေါင်း (၃၄၃၉)မျက်နှာမျှရှိသည်။

ဤသန္နိပါတ၌ ကျေးဇူးရှင်ညောင်ရမ်းဆရာတော် ဘုရားကြီး အမှူးရှိတော်မူသည့် ပြည်တွင်းပြည်ပ ထေရဝါဒနိုင်ငံတော်များမှ သင်္ဂီတိကာရက သံဃာတော်ပေါင်း(၅၀၀)ကျော်မျှ ပါဝင်ဆောင်ရွက် တော်မူခဲ့ကြသည်။ ထေရဝါဒငါးနိုင်ငံမှ သင်္ဂီတိကာရက ဆရာတော် (၇၇၅)ပါးတို့က (၁၅-၁၁-၅၄)မွန်းလွဲ (၁)နာရီ (၂၉)မိနစ် အချိန်တွင် ဒုတိယသန္နိပါတသဘင်ကို စတင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတကြီး ဒေါက်တာဘဦး၊ ရန်ကုန်မြို့သို့ ရောက်ရှိနေသော ကမ္ဘောဒီးယားပြည့်ရှင် ဘုရင်နရုတ္တမသီဟာနု ဝန်ကြီးချုပ်နှင့် ဝန်ကြီးချုပ်ကတော် ဒေါ်မြရီ၊ နိုင်ငံတော်တရားဝန်ကြီးချုပ် သတိုးသီရိ သုဓမ္မဦးသိမ်းမောင်နှင့်ဇနီး၊ လူမျိုးစုလွှတ်တော်နာယကကြီး စပ်ရွှေ သိုက်နှင့်ဇနီး မဟာဒေဝီ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ဗိုလ်မှူးအောင်၊ ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်နှင့်ဇနီး လေဒီသွင်၊ အစိုးရ အဖွဲ့ဝင်ဝန်ကြီး များနှင့် ဇနီးများ၊ သီဟိုဠ်၊ ယိုးဒယား သံအမတ်ကြီးများနှင့် ဇနီးများ၊ ဖဆပလ အဖွဲ့ချုပ်အမှုဆောင်များ၊ မြို့တော်ဝန် ဦးဘညွှန့်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အမှုဆောင်လူကြီး များ၊ အတွင်းဝန်များ၊ သာသနာ ရေးအသင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ သီလရှင်များနှင့် ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကြွရောက်ကြည်ညို ကြသည်။

ရှေးဦးစွာ ဒုတိယသန္နိပါတအခါတော်ကြား ကျေညာစာတမ်း ကို ဝန်ဆောင်သံဃအဖွဲ့ အကျိုးဆောင် ဗားကရားတောရဆရာတော် ဘဒ္ဒန္တနာဂဝံသက ဖတ်ကြားလျှောက်ထားတော်မူပြီးနောက် ဆဋ္ဌ သင်္ဂါယနာ ဒုတိယသန္နိပါတ ဖွင့်ပွဲမင်္ဂလာ သြဘာစာကို အနီးစခမ်း ဆရာတော်က ဖတ်ကြားတော်မူ၍ လူပရိသတ်အပေါင်းတို့က ဆဋ္ဌ

သံဂီတိမဟာ နာယက အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော် ဘုရားကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထိုနောက် သင်္ဂီတိကာရက ရဟန်းတော်များက မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဆို တော်မူကြသည်။

ဆက်လက်၍ ညောင်ရမ်းဆရာတော်ဘုရားကြီးက မိန့်ခွန်း မြွက်ကြားပြီးနောက် ညနေ (၃)နာရီအထိ ခေတ္တရပ်နားတော်မူကြ သည်။ ညနေ(၃)နာရီအချိန်တွင် ဆဋ္ဌသင်္ဂါယနာမဟာစေ့သဘင်၏ ဒုတိယသန္နိပါတကို ဆက်လက်ကျင်းပသောအခါ သီဟိုဠ်နိုင်ငံ သျာမနိကာယမှ အရှင်ဝိမလထေရ်၊ ရာမညနိကာယမှ အရှင်ဂုဏသိရိ ထေရ်နှင့် အမရပူရနိကာယမှ အရှင်အရိယဝံသထေရ်တို့က ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် အသီးသီးမိန်းခွန်းစကား မြွက်ကြားကြသည်။

ထိုနောက်ယိုးဒယားနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတဝပ်မဟာထ ကျောင်း ဆရာတော်အရှင်ဝိမလဓမ္မထေရ်က ယိုးဒယားဘာသာဖြင့် မိန့်ခွန်း စကားမြွက်ကြားရာ မြန်မာရဟန်းတော် ဦးတေဇိန္ဒက ဘာသာ ပြန်ဆို တော်မူလေသည်။

ထိုနောက် ကမ္ဘောဒီးယားသာသနာပိုင် ဆရာတော်ကြီး၏ သဝဏ်လွှာကို ဆရာတော်ဘုရားကြီး၏ ကိုယ်စားလှယ်မြန်မာ ရဟန်း တော် အရှင်ခေမာစာရက မြန်မာဘာသာဖြင့် ဖတ်ကြားတော်မူပြီးလျှင် ကမ္ဘောဒီးယားဒုတိယသာသနာပိုင်က သန္ဒေသကထာကို ကမ္ဘောဒီးယား ဘာသာဖြင့် မိန်ကြားလေရာ မြန်မာရဟန်းတော် အရှင်ခေမာစာရက ဘာသာပြန်ဆိုခဲ့သည်။ ကမ္ဘောဒီးယား ဘုရင်မင်းမြတ်နှင့် နန်းရင်း ဝန်ကြီးလျှောက်ထား ချက်များကို အဆိုပါမြန်မာရဟန်းတော်ကပင်လျှင် မြန်မာဘာသာ ပြန်ဆိုလျှောက်ထားလေသည်။

ဆက်လက်၍ လာအိုနိုင်ငံမှ သာသနာပိုင်ဆရာတော်ဘုရား၏ သဝဏ်လွှာကို လာအို ရဟန်းတော်အရှင်ဝီရစိတ္တရထေရ်က လာအိုဘာသာဖြင့် ဘတ်ကြားတော်မူပြီးနောက်၊ ဗီယက်နမ်နိုင်ငံမှ သန္ဒေသကထာကို ဗီယက်နမ်ရဟန်းတော်အရှင်က အင်္ဂလိပ်ဘာသာဖြင့် ဖတ်လျှောက်မိန့်ကြားလေသည်။

ထိုနောက် ဆဋ္ဌသံဂီတိမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော်ဘုရားကြီးက အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်အား ပုစ္ဆကအဖြစ်နှင့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသအား ဝိဿဇ္ဇကအဖြစ် ဥတ်ထားတော်မူပြီးနောက် ထိုအရှင်နှစ်ပါးတို့က ဒီဃနိကာယ်သီလက္ခန္ဓဝဂ္ဂကို အမေးအဖြေပြုလုပ်တော်မူကြပြီးလျှင် သံဂီတိကာရကသံဃာတော်များက ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂပါဠိ၊ စူဠသီလကထာကုန်သည်အထိ ဆက်လက်၍ သံဂါယနာတင်တော်မူကြလေသည်။

## (က) ဒီဃနိကာယ်

ဒီဃနိကာယ်ပါဠိတော်ကြီး သုံးရပ်တို့ကို သင်္ဂါယနာတင်ရာတွင် ၁၃၁၆ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၅)ရက်မှ နတ်တော်လဆန်း(၅) ရက်နေ့အထိ (၁၅-၁၁-၅၄)နေ့မှ (၃၀-၁၁-၅၄)နေ့အထိ ဥပုသ်ရက်များ အလွတ်ရက်ပေါင်း(၁၄)ရက်မျှကြာသည်။ ဒီဃနိကာယ်ပါဠိတော်၌ စာမျက်နှာပေါင်း(၇၇၉)၊ သုတ်ပေါင်း(၃၄)မျှရှိသည်။ ရှေးဟောင်းဘာဏဝါရပေါင်း(၆၄)ဘာဏ ဝါရမျှရှိခဲ့သော်လည်း ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင်၌မူ အရှေ့အနောက်သံဃာစင်များ တလှည့်စီခွဲဝေ၍ ရွတ်ရသဖြင့်(၁၀၆)ကြိမ်တိတိ ပိုင်းခြားရွတ်ဆိုတော်မူခဲ့ကြရသည်။ ဘာဏကအဖွဲ့ပေါင်း(၁၀)ဖွဲ့မှာ ဘာဏကဆရာတော်ပေါင်း(၁၃၄)ပါးမျှ ပါဝင်တော်မူခဲ့ကြလေသည်။

(က) သုတ်သီလက္ခန်ပါဠိတော်ကို မုံရွာခရိုင်ဆားလင်းကြီး မြို့နယ်၊ ဗန်ကျီရွာမှပထမဘာဏကအဖွဲ့(၁၀)ပါး၊ ဒုတိယဘာဏက အဖွဲ့(၁၀)ပါး၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်မှ ပထမ ဘာဏက အဖွဲ့(၁၅)ပါး၊ ဒုတိယဘာဏကအဖွဲ့(၁၅)ပါး၊ အစုစုဘာဏက(၄)ဖွဲ့ စုစုပေါင်း (၅၀)ပါး။ (ခ) သုတ်မဟာဝါပါဠိတော်ကို မန္တလေးမြို့ မစိုးရိမ် ကျောင်းတိုက်မှ ပထမဘာဏကအဖွဲ့(၁၅)ပါး၊ ဒုတိယဘာဏကအဖွဲ့ (၉)ပါး၊ အစုစုဘာဏက(၂)ဖွဲ့ ဆရာတော်ပေါင်း (၂၄)ပါး။ (ဂ)သုတ် ပါထေယျပါဠိတော်ကို–ရန်ကုန်မြို့၊ မဇ္ဈိကာရုံဘာဏကအဖွဲ့(၁၅)ပါး၊ ဆုတောင်းပြည့်ဘာဏကအဖွဲ့ (၁၅)ပါး၊ မိုလ်တထောင်မြို့နယ် မြသိန်း တန်ဘာဏကအဖွဲ့(၁၅)ပါး၊ ပုဇွန်တောင်မြို့နယ် ကျောက်တိုင် ဘာဏက အဖွဲ့(၁၅)ပါး၊ စုစုပေါင်း ဘာဏက(၄)ဖွဲ့တို့မှ ဆရာတော် ပေါင်း(၆၀)ပါး။

## (ခ) မဇ္ဈိမနိကာယ်

ပဏ္ဏာသသုံးကျမ်းခေါ် မဇ္ဈိမနိကာယ်ကြီးကို သံဂါယနာတင်ရာ တွင် ၁၃၁၆–ခု၊ နတ်တော် လဆန်း(၆)ရက်နေ့မှ ပြာသိုလဆန်း (၄)ရက်နေ့အထိ(၁–၁၂–၅၄)မှ(၂၈–၁၂–၅၄နေ့)အထိ ဥပုသ်နေ့ များမှတပါး၊ ရက်ပေါင်း(၂၄)ရက်မျှကြာသည်။ စာမျက်နှာပေါင်း (၁၂၈၆)၊ သုတ်ပေါင်း(၁၅၂)၊ ရေးဟောင်းဘာဏဝါရပေါင်း (၈၀)တိတိ ရှိလေသည်။ ဆဋ္ဌသံဂါယနာတင်ရာ၌ အရှေ့အနောက် သံဃာစင်(၂)ခု ခွဲဝေရွတ်ဆိုရသဖြင့် အကြိမ်ပေါင်း(၁၉၂)ကြိမ်မျှ ရွတ်ဆိုတော်မူကြရသည်။ ဘာဏကအဖွဲ့ပေါင်း(၅)ဖွဲ့မှ ဘာဏကဆရာတော်ပေါင်း(၅၈)ပါး တို့က နှုတ်ဖြင့်အာဂုံရွတ်ဆို၍ သံဂါယနာတင်တော်မူခဲ့ကြသည်၊ မူလ ပဏ္ဏာသပါဠိတော်ကို– မန္တလေးမြို့၊ မစိုးရိမ်တိုက်ပဌမဘာဏက

အဖွဲ့(၁၀)ပါး၊ ၄င်းဒုတိယဘာဏကအဖွဲ့(၉)ပါး၊ ၄င်းတတိယ ဘာဏက အဖွဲ့(၁၀)ပါး၊ အစုစုပေါင်းမစိုးရိမ် ဘာဏက(၃)ဖွဲ့မှ ဆရာတော်ပေါင်း(၂၉)ပါး။ မဇ္ဈိမပဏ္ဏာသပါဠိတော်ကို မန္တလေးမြို့၊ မဟာဝေယံဘုံသာ ဘာဏကအဖွဲ့ဝင်ဆရာတော်(၁၄)ပါး။ဥပရိပဏ္ဏာသပါဠိတော်ကို မော်လမြိုင်မြို့ရာမညဘာဏက အဖွဲ့ဝင် ဆရာတော်(၁၅)ပါး။

## (ဂ) သံယုတ္တနိကာယ်

သံယုတ္တနိကာယ်ကြီးကို သံဂါယနာတင်ရာတွင် (၁၃၁၆–ခု၊ ပြာသိုလဆန်း(၅)ရက်မှ တပို့တွဲလဆန်း(၆)ရက်နေ့ (၂၉–၁၂–၅၄နေ့မှ ၂၉–၁–၅၅နေ့)အထိ ဥပုသ်နေ့နှင့် လွတ်လပ်ရေးနေ့များမပါ ရက်ပေါင်း (၂၇)ရက်မျှကြာလေသည်။ စာမျက်နှာပေါင်း(၁၄၅၄)၊ သုတ်ပေါင်း (၇၇၆၂)ရှိသည်။ ပဌမသံဂါယနာတင်စဉ်က အကြိမ်ပေါင်း (၁၀၀)တိတိ ရွတ်ဆိုခဲ့သဖြင့် ဘာဏဝါရပေါင်း (၁၀၀)မျှ ရှိခဲ့သော်လည်း ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်၌မူ အရှေ့အနောက် သံဃာစင်ခွဲ၍ ရွတ်ဆိုတော်မူခဲ့ကြသဖြင့် (၂၁၆)ကြိမ်ရှိခဲ့သည်။ အာဂုမ်ပြန် ဘာဏကအဖွဲ့(၆)ဖွဲ့မှ ဆရာတော်ပေါင်း (၇၉)ပါးမျှပါဝင်ခဲ့သည်။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်ကို မော်လမြိုင်မြို့ ရာမညဓမ္မစရိယ အဖွဲ့ဝင်ဆရာတော် (၁၅)ပါး။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်ကို–မုံရွာခရိုင်အရာတော်မြို့နယ် ဝိဇ္ဇာလင်္ကာရဘာဏက အဖွဲ့ဝင်ဆရာတော်(၁၅)ပါး။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ကို– ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဝိဇ္ဇာလင်္ကာရဘာဏက အဖွဲ့ဝင်ဆရာတော်(၁၂)ပါး။

သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်ကို ပျဉ်းမနားမြို့၊ မြို့မ ဘာဏကအဖွဲ့ဝင် ဆရာတော် (၁၄)ပါး။

မဟာဝဂ္ဂသံယုတ်ပါဠိတော်ကို–မန္တလေးမြို့၊ အရှေ့မဟာဝိသုဒ္ဓါရုံ ဘာဏကအဖွဲ့ဝင်ဆရာတော်(၁၁)ပါးနှင့် ပတ္တမြားတိုက် ဘာဏက အဖွဲ့ဝင်ဆရာတော်(၁၂)ပါး။

## ၅။ ပါဠိတော် သင်္ဂါယနာတတိယသန္နိပါတ (ကမ္ဘောဇလေဝသန္နိပါတ)

ပါဠိတော်တတိယသန္နိပါတကို ၁၃၁၇–ခု၊ ကဆုန်လဆန်း (၇)ရက် ၁၉၅၅–ခုနှစ်၊ဧပြီလ (၂၈)ရက်နေ့မှစ၍ ဆင်ယင်ကျင်းပခဲ့သည်။ ဥပုသ် သီတင်းလေးပတ်ကို ချန်လှပ်၍ ရက်ပေါင်း (၂၇)ရက် ကြာမြင့်ခဲ့သည်။၁၉၅၅–ခုနှစ်၊မေလ(၂၈)ရက်နေ့ ညနေပိုင်းတွင် အင်္ဂုတ္တရနိကာယကို သင်္ဂါယနာတင်၍ပြီးစီးခဲ့သည်။ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင် တတိယသန္နိပါတဖွင့်ပွဲအခမ်းအနားကို (၂၈–၅–၅၅)နေ့ မွန်းလွဲတစ်နာရီခွဲအချိန်တွင် စတင်ကျင်းပသည်။ ထိုအခမ်းအနားတွင် သံဃနာယကနေရာတွင် ဆောင်ရွက်တော်မူသော အဂ္ဂမဟာပဏ္ဍိတ မန္တလေးမြို့ မစိုးရိမ်ဆရာတော် ဦးသူရိယာဘိဝံသနှင့်တကွ ပခုက္ကူ အရှေ့တိုက်သစ်ဆရာတော် မိုးညှင်းတောရဆရာတော်၊ စစ်ကိုင်းတိုင်း စကုမော်ဆရာတော်၊ ရန်ကုန်မြို့ တာမွေမြို့နယ် ယသဓေယျ ဆရာတော်များနှင့် ဝန်ဆောင်ဆရာတော်များ၊ ထေရဝါဒနိုင်ငံအသီးသီးနှင့် မြန်မာနိုင်ငံအရပ်ရပ်မှ သံဃိတိကာရက ဆရာတော်များက ပါဝင် ဆောင်ရွက်ခဲ့သည်။

၎င်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးဒေါက်တာဘဦး၊ လောနိုင်ငံ အိမ်ရှေ့ဥပရာဇာမင်းသားကြီး Savang Vatthana နှင့် ကြင်ယာတော်မင်းသမီးနှင့် သမီးတော်၊ ဝန်ကြီးချုပ်နှင့်ဇနီး၊ လောနိုင်ငံ ဝန်ကြီးချုပ်နှင့် ကောင်စီဥက္ကဋ္ဌ H.R.E Kou Abhay၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E Leng Ngeth ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌဆာဦးသွင်

နှင့်ဇနီး၊ တရားလွှတ်တော်ချုပ် တရားဝန်ကြီးချုပ် သတိုးသရီသုဓမ္မ ဦးသိမ်းမောင်နှင့်ဇနီး၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လောနိုင်ငံတို့မှ အစိုးရ ဧည့်သည်တော်များ၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဗုဒ္ဓဘာသာ မိတ်ဆက် အဖွဲ့ဝင်များ၊ တရားဝန်ကြီးများနှင့် သီလရှင်များ၊ ဆွမ်းကွမ်းဆိုင်ရာ ဗုဒ္ဓဘာသာ အမျိုးသမီးအဖွဲ့ဝင်များ၊ ဝန်ကြီးချုပ်ကတော် ဒေါ်မြရီ ခေါင်းဆောင်သော တပ်မတော် သက်သာချောင်ချိရေးအမျိုးသမီးအဖွဲ့ ဝင်များ၊ မြန်မာနိုင်ငံအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်သူတော်စင် အများအပြား စည်ကားစွာတက်ရောက် ကြပါသည်။

တတိယသန္နိပါတအခါတော်ကို နှစ်ပိုင်းခွဲ၍ ကျင်းပခဲ့ပါသည်။ တတိသန္နိပါတပဌမပိုင်းကို ကျင်းပရာတွင် အခမ်းအနား စတင်သည်နှင့် တပြိုင်နက် ထိုးစည် စည်တော်ကြီး (၁၀)ချက်တီးကာ အခမ်းအနားကို စတင်ဖွင့်လှစ်ပါသည်။ ထိုနောက် ဝန်ဆောင်သံဃာ့အဖွဲ့အကျိုးတော် ဆောင်ဆရာတော် ဘဒ္ဒန္တနာဂဝံသမထေရ်က တတိယသန္နိပါတအခါ ကျေညာစာတမ်းကို ပါဠိ-မြန်မာနှစ်ဘာသာဖြင့် လျှောက်ထား ကျေညာသည်။ ထိုနောက် မြန်မာနိုင်ငံတော်သံဃမဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်ဆရာတော်က ကမ္ဘောဒီးယား နိုင်ငံတော် သာသနာပိုင်ဆရာတော် သုမေဓါဓိပတိဇောတဉာဏောအား ဆဋ္ဌသင်္ဂီတိသံဃမဟာနာယက (ပဌမပိုင်းသဘာပတိ)အဖြစ်ဖြင့် ဆောင်ရွက်ရန် ပါဠိဘာသာဖြင့် သမုတိပေးတော်မူပါသည်။

ထိုနောက် သမ္မုတိရသံဃမဟာနာယကကိုယ်စား အလှည့်ကျ အုပ်ချုပ်ဆောင်ရွက်ရန် သဘာပတိဆရာတော်များ၏ စာရင်းကို ကျေညာပါသည်။ ထိုသို့ကျေညာပြီးနောက် ဝန်ဆောင် သံဃအဖွဲ့ဝင် ဘဒ္ဒန္တပဏ္ဍိတက တတိယသန္နိပါတဖွင့်ပွဲ မင်္ဂလာ သြဘာစာကို ပါဠိ- မြန်မာနှစ်ဘာသာဖြင့် ဖတ်ကြားပြီးလျှင် ဆဋ္ဌသံဂီတိသံဃ မဟာနာယက

က မိန့်ခွန်းစကားမြွက်ကြားတော်မူပါသည်။ ဆက်လက်၍ ထေရဝါဒ နိုင်ငံများနှင့် အခြားဗုဒ္ဓဘာသာ နိုင်ငံများမှ နာယကဆရာတော်ကြီး များက အသီးသီးမိန့်ခွန်းစကား မြွက်ကြားတော်မူပါသည်။

တတိယသန္နိပါတ၏ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာတွင် သံဃမဟာထေရ်က လောနိုင်ငံသာသနာပိုင်ဆရာတော် Pa*f*mokkha Samdach Phrabuddhajinoros Sakala maha*f*sangha အား ဆဋ္ဌသင်္ဂီတိသံဃမဟာနာယက(ဒုတိယပိုင်းသဘာပတိ) အဖြစ်ဖြင့် ဆောင်ရွက်ရန်အလို့ငှာ ပါဠိဘာသာဖြင့် သမုတိပေးတော်မူပါသည်။ ထိုနောက်သံဃမဟာနာယကက မိန့်ခွန်းစကား မြွက်ကြားတော်မူ ပါသည်။ လောနိုင်ငံ အိမ်ရှေ့မင်းဥပရာဇာမင်းသားကြီးနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ဗုဒ္ဓဘာသာ မိတ်ဆက်အဖွဲ့ခေါင်းဆောင် ဆရာတော်ရှီရှော့ဗ်ဂျော်လ်ဆို(Shirob Jaltso)တို့က ဆဋ္ဌသင်္ဂါယနာ ထုတိမင်္ဂလာစကား လျှောက်ထားတော်မူသည်။ ဆက်လက်၍ ဆဋ္ဌ သံဂီတိသံဃမဟာနာယက သဘာပတိမထေရ်က အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘနနှင့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသတို့အား အင်္ဂုတ္တရနိကာယ ပဥ္စမဘာဂဆိုင်ရာ ပုစ္ဆကနှင့် ဝိသဇ္ဇကအဖြစ်ဖြင့် ဥဒ္ဒတ်ထားပြီး အသီးသီးဆောင်ရွက်ရန်အလို့ငှာ ပါဠိဘာသာ ဖြင့် သမုတိပေးတော်မူပါသည်။

ဆက်လက်၍ပုစ္ဆကဆရာတော်က ပုစ္ဆနဥဒ္ဒတ်ထားပြီး၊ ဝိသဇ္ဇက ဆရာတော်က ဝိသဇ္ဇနဥဒ္ဒတ်ထားလျက် မိမိတို့သက်ဆိုင်ရာ နေရာသို့ ကြွရောက်တော်မူပါသည်။ ထိုနောက်အင်္ဂုတ္တရ နိကာယပထမ ဘာဂကို ပါဠိ–မြန်မာနှစ်ဘာသာဖြင့် မေးမြန်းဖြေဆိုတော်မူကြပြီးနောက် သံဂီတိ ကာရကသံဃာတော်များက အင်္ဂုတ္တရနိကာယဧကနိပါတ်၊

ရှုပါဒိဝဂ်မှ ပဏ္ဏိဟိတအစ္ဆဝဂ် ကုန်သည်အထိ သင်္ဂါယနာတင်တော်မူပါသည်။

အင်္ဂုတ္တရနိကာယသည် စာမျက်နှာပေါင်း(၁၆၅၁)၊ သုတ်ပေါင်း(၉၅၅၇)သုတ်ရှိသည်။ အင်္ဂါတပါးစီရှိသော တရားတော် သုတ်တော်များကို ပေါင်းစည်းထားရာ ကျမ်းကို ဧကအင်္ဂုတ္တရ၊ ထိုအတူ အင်္ဂါနှစ်ပါးရှိသော တရားစုဝေးရာကျမ်းကို ဒုကအင်္ဂုတ္တရစသည်ဖြင့် အင်္ဂါတစ်ဆယ့်တစ်ပါးစီရှိသော တရားစုများစုဝေးပေါင်းစည်းရာ ဧကာဒသကအင်္ဂုတ္တရကျမ်းတိုင်အောင် ဆယ့်တစ်ကျမ်းရှိသည်။ ယခုခေတ်စာအုပ်ရေအားဖြင့် သုံးတွဲဖြစ်သည်။

အင်္ဂုတ္တရနိကာယကို ပဌမသင်္ဂါယနာတင်တော်မူစဉ်က ဘာဏဝါရပေါင်း(၁၂၀)တိတိ ရှိခဲ့လေသည်။ ယခုခေတ်ဆဋ္ဌသင်္ဂါယနာတင်တော်မူရာ၌ ပါဠကခေတ်ဖြစ်၍ အရှေ့ဘက်အနောက် ဘက်သံဃာစင်များမှ သံဃာတော်များ အလှည့်ကျစီ သင်္ဂါယနာတင်ရန် ပြုလုပ်စီမံထားသည့်အလျောက် သံဃာ့ဝန်ဆောင်ဆရာတော်များက အကြိမ်ပေါင်း (၂၁၀) သတ်မှတ်ကာ သင်္ဂါယနာတင်တော်မူခဲ့ကြသည်။

## (က) အင်္ဂုတ္တရ နိကာယ် (ပဌမပိုင်း)

အင်္ဂုတ္တရနိကာယကို ပဌမ၊ ဒုတိယ၊ တတိယအားဖြင့် အပိုင်းကြီးသုံးပိုင်းခွဲခြားထားသည်။ ပဌမပိုင်းကို ဆဋ္ဌသင်္ဂါယနာတတိယသန္နိပါတဖွင့်ပွဲဖြစ်သည့် ၁၃၁၇–ခုနှစ်၊ ကဆုန်လဆန်း ၇ရက်(၂၈–၄–၅၅)နေ့ကပင် ထေရဝါဒနိုင်ငံများဖြစ်သော မြန်မာ၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဗောဒီးယား၊ လာေနိုင်ငံများမှ သံဃာတော်(၅၉၈)ပါးစုပေါင်း၍ ဧကနိပါတ် ရှုပါဒိဝဂ်မှ ပဥ္စအစ္ဆဝဂ်ကုန်သည်အထိ စာမျက်နှာ(၁၀)မျှ စတင်ရွတ်ဆိုကာ သင်္ဂါယနာတင် တော်မူကြသည်။

ကြွင်းကျန်သော အင်္ဂုတ္တရ ပဌမပိုင်းကို ၁၃၁၇–ခုနှစ်၊ ကဆုန်လဆန်း(၉)ရက်(၃၀–၄–၅၅)နေ့တွင် ဆက်လက်၍(သီတင်းနေ့များမှတပါး) နေ့စဉ် သင်္ဂါယနာတင်တော်မူကြရာ သံဃနာယကအဖြစ်ဖြင့် ပခုက္ကူမြို့၊ မဟာဝိဇယာရာမအရှေ့တိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝနမဟာထေရ်ကြင်း၊ အကျိုးတော်ဆောင်အဖြစ် ဗားကရားတောရဆရာတော်ဘဒ္ဒန္တနာဂဝံသမဟာထေရ်ကြင်း ဆောင်ရွက်တော်မူကြသည်။

ဆဋ္ဌသံဂီတိ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း သံဃာ့နာယကမဟာထေရ်၏ ဝဲဘက်ယာဘက်ဖြစ်သော အရှေ့နှင့်အနောက်ဘက်များတွင် ဘာဏကပါဌကသံဂီတိကာရက သံဃာတော်(၅၀၀)မျှရှိသည့်အနက် မန္တလေးမြို့၊ ခင်မကန်ဘာဏက အဖွဲ့က နှုတ်လွှတ်အာဂုံရွတ်ဆိုတော်မူကြရာ ဗားကရားတောရ ဆရာတော်ဦးနာဂဝံသ၊ ကြံခင်းမြို့ ဓမ္မစကြာကျောင်းတိုက် ဆရာတော်ဦးကုမုဒ၊ သိရောမဏိနှင့် ဝင်္ကသကာဘွဲ့တော်ရ ဆရာတော်ဦးနာရဒါဘိဝံသ၊ အင်္ဂုတ္တရနိကာယကောဝိဒဘွဲ့တော်ရ အရှင်သောဘိတာဘိဝံသနှင့် ဘုံပျံဆရာတော် ဦးပညာသာမိတို့က အလှည့်ကျခေါင်းဆောင်၍ သင်္ဂါယနာတင်တော်မူကြသည်။

ဧကကနိပါတ်၊ ရူပါဒိဝဂ်မှစ၍ စတုက္ကနိပါတ် ဒေါသအဘိညာဒိ သုတ်တိုင်အောင် စာမျက်နှာ(၅၈၀)ရှိသော အင်္ဂုတ္တိရ ပဌမပိုင်းကို ၁၃၁၇–ခုနှစ်၊ ကဆုန်လဆန်း(၃)–ရက်(၉–၅–၅၅)နေ့တွင် သင်္ဂါယနာတင်၍ ပြီးစီးအောင်မြင်သည်။

## (ခ) အင်္ဂုတ္တရနိကာယ် (ဒုတိယပိုင်း)

၁၃၁၇–ခုနှစ်၊ ကဆုန်လဆုတ်(၄)–ရက်(၁၀–၅–၅၅)နေ့တွင် အင်္ဂုတ္တုရ်ဒုတိယပိုင်းကို ဆက်လက်၍သင်္ဂါယနာတင်တော်မူကြသည်။

၄င်းအင်္ဂုတ္တိုရ်ဒုတိယပိုင်းကို အလှည့်ကျဖြစ်သော မန္တလေးမြို့ ခေမာသီဝံ ကျောင်းတိုက် နိုင်ငံတော်ဝိနည်းဓိုရ် ခေမာသီဝံ ဆရာတော်ဘဒ္ဒန္တဝိသာလ မဟာထေရ်က သံဃနာယကအဖြစ်ဖြင့်၄င်း၊ ဗားကရားတောရ ဆရာ တော် ဘဒ္ဒန္တနာဂဝံသမဟာထေရ်က အကျိုးတော်ဆောင်အဖြစ်ဖြင့်၄င်း အသီးသီးဆောင်ရွက်တော်မူကြသည်။

ဆဋ္ဌသံဂီတိ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း သံဃ နာယကမဟာထေရ်၏ ဝဲဘက်ယာဘက်ဖြစ်သော အရှေ့နှင့် အနောက် ဘက်များတွင် ဘာဏကပါဠကသံဂီတိကာရကသံဃာတော် ၅၀၀ မျှ ရှိသည့်အနက် မန္တလေးခရိုင် မတ္တရာဘာဏကအဖွဲ့က နှုတ်လွှတ် အာဂုမ် ရွတ်ဆိုတော်မူ၍ သင်္ဂါယနာတင်တော်မူကြရာ မန္တလေးခရိုင်၊ မတ္တရာမြို့ ကမ်းတဘက်ကျောင်း ဆရာတော်ဦးကောသလ္လ၊ ဗားကရားတောရ ဆရာတော်ဦးနာဂဝံသ၊ ဘုံပျံဆရာတော်ဦးပညာသာမိ၊ ကြံခင်းမမွှစကြာ ဆရာတော် ဦးကုမုဒတို့က ဦးဆောင်တော်မူကြသည်။

ပဥ္စကနိပါတ်၊ သေလဝဂ်သံခိတ္တသုတ်မှ သတ္တကနိပါတ်၊ ရာဂ ပေယျာလဝဂ်တိုင်အောင် စာမျက်နှာ(၅၁၃)ရှိသော အင်္ဂုတ္တုရ် ဒုတိယ ပိုင်းကို ၁၃၁၇–ခုနှစ်၊ ကဆုန်လဆုတ်(၁၂)ရက်(၁၈–၅–၅၅) နေ့တွင် သင်္ဂါယနာတင်၍ပြီးစီးအောင်မြင်ခဲ့သည်။

## (ဂ) အင်္ဂုတ္တရ (တတိယပိုင်း)

၁၉–၅–၅၅ရက်နေ့တွင် အင်္ဂုတ္တရတတိယပိုင်းကို ဆက်လက်၍ သင်္ဂါယနာတင်တော်မူ ကြရာ အစီအစဉ်အရ အင်္ဂုတ္တရ တတိယပိုင်း ပထမနေ့တွင် သီဟိုဠ်ကျွန်း ဘာလံကိုဒါမြို့ လင်္ကာဒီပ သုဓမ္မနိကာယ၊ တိပိဋကဝါစိဿရာစရိယ မဟာနာယကဖြစ်တော်မူသော ဘဒ္ဒန္တ အာနန္ဒာ မေတ္တေယမဟာထေရ်က၄င်း၊ ၂၀–၅–၅၅ ရက်နေ့မှစ၍ အလှည့်

ကျဖြစ်တော်မူသည့် စစ်ကိုင်းတောင်ရိုး တောလေးထပ်ချောင် နိုင်ငံတော်ဝိနည်းမိုရ် အဂ္ဂမဟာပဏ္ဍိတ စကုမော်ဆရာတော် ဘဒ္ဒန္တဥတ္တမမဟာထေရ်က သံဃနာယကအဖြစ် ဆောင်ရွက်တော်မူ၍ ဗားကရာတောရဆရာတော် ဘဒ္ဒန္တနာဂဝံသ မဟာထေရ်နှင့် သိရောမဏိနှင့်ဝဋံသကာဘွဲ့ရဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသမဟာထေရ်တို့က အလှည့်ကျအကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူကြသည်။

ဆဋ္ဌသင်္ဂီတိမဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း သံဃနာယက မဟာထေရ်၏ ဝဲဘက် ယာဘက်ဖြစ်သော အရှေ့နှင့်အနောက်ဘက်များတွင် ဘာဏကပဋ္ဌကသံဂီတိကာရကသံဃာတော် (၅၀၀)မျှရှိသည့်အနက်ကောလင်းနှင့် နတ္တလင်းဘာဏကအဖွဲ့များက နှုတ်လွှတ်အာဂုံရွတ်ဆိုတော်မူကြ၍ သင်္ဂါယနာတင်တော်မူကြရာ ကသာခရိုင်၊ ကောလင်းမြို့ အနောက်ကျောင်းကြီးတိုက် ဆရာတော် ဦးကလျာဏာဘိဝံသ၊ နတ္တလင်းမြို့ ခေမာသီဝံကျောင်းတိုက် တိုက်အုပ် ဆရာတော်ဦးဉာဏဝံသာဘိဓဇ၊ နတ္တလင်းမြို့၊ ထန်းပင်ကုန်း ကျောင်းဆရာတော်ဦးဂန္ဓမာ၊ ဆရာတော်ဦးနာဂဝံသ၊ ကြံခင်းမြို့ ဓမ္မစကြာကျောင်းတိုက်ဆရာတော်ဦးကုမုဒ၊ သိရောမဏိနှင့် ဝဋံသကာ ဘွဲ့တော်ရဆရာတော်ဦးနာရဒါဘိဝံသတို့က အလှည့်ကျ ခေါင်း ဆောင်၍ သင်္ဂါယနာတင်တော်မူကြသည်။

အင်္ဂုတ္တရနိကာယ်ပါဠိတော်၊ မေတ္တာသုတ်အစ ဓမ္မောဒသကနိပါတ်၊ ရာဂပေယျာလဝဂ်တိုင်အောင် စာမျက်နှာ(၅၈၈)ရှိ အင်္ဂုတ္တရတတိယပိုင်းကို ၂၈-၅-၅၅ နေ့တွင် သင်္ဂါယနာတင်၍ပြီးစီး အောင်မြင်တော်မူကြလေသည်။

## (ဃ) အဘိဓမ္မာပိဋက

အဘိဓမ္မာပိဋကဓမ္မသင်္ဂဏီမှ ယမိုက်ကျမ်းအထိ အဘိဓမ္မာအောက်ခြောက်ကျမ်းတို့ကို ၁၃၁၇-ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၃၀-၅-၅၅)နေ့မှစ၍ သင်္ဂါယနာတင်ရာ ပဌမဝါဆိုလဆန်း ၁၃ ရက် (၂-၇-၅၅)နေ့၌ပြီးစီးလေသည်။

ဓမ္မသင်္ဂဏီပါဠိတော်ကိုတင်ရာတွင် ပခုက္ကူအနောက်တိုက် ဆရာတော်က နာယကအဖြစ် ဆောင်ရွက်တော်မူသည့် မကွေးမြို့ မဟာဝိသုတာရာမဘာဏက-၁၃ပါး။

ဝိဘင်းပါဠိတော်တွင် မန္တလေးမြို့၊ ဆင်တဲတိုက်သစ်ဆရာတော်က နာယကအဖြစ် ဆောင်ရွက်တော်မူသည်။ ပေါင်းတည် ပဌမဘာဏက အဖွဲ့မှ-(၈)ပါး၊ ဒုတိယ(၁၀)ပါး၊ ပြည်မြို့ မဟာဇောတိကာရုံ ဘာဏက(၁၀)ပါး၊ စုစုပေါင်း(၂၇)ပါး။

ဓာတုကထာနှင့် ပုဂ္ဂလပညတ် ပါဠိတော်များတွင် မန္တလေးမြို့၊ ရွှေကျင်နိကာယမဟာနာယက ပတ္တမြားဆရာတော်က နာယကအဖြစ် ဆောင်ရွက်တော်မူသည်။ ရွှေတောင်ဘာဏက (၉)ပါး၊ မင်းလှမှ ဒွါရဝါဒီဘာဏက(၁၂)ပါး၊ မင်းလှမှဂိုဏ်းပေါင်းစုံဘာဏက(၁၃)ပါး၊ ပြည်မြို့ ပွင့်လှသိမ်ကုန်းဘာဏက(၁၅)ပါး၊စုစုပေါင်း(၄၉)ပါး။

မှတ်ချက်။ ။ပုဂ္ဂပလညတ်၌ မူလသတ်မှတ်ချက်အတိုင်း ပန်းတောင်းဘာဏကအဖွဲ့ မကြွလာသဖြင့် မင်းလှမှ ဒွါရဝါဒီဘာဏကမှတစ်ပါး၊ ဓာတုကထာဘာဏက (၃၇)ပါးတို့က ဆောင်ရွက်တော်မူသည်။

ကထာဝတ္ထု ပါဠိတော်တွင် မန္တလေးမြို့၊ ပတ္တမြားတိုက် ဆရာတော်က နာယကအဖြစ် ဆောင်ရွက်တော်မူသည့် မန္တလေး၊ အနောက်ထီးလင်းတိုက်ဘာဏက(၁၃)ပါး။

ယမက(ပဌမပိုင်း)တွင် ရန်ကုန်မြို့ ဒေဝသာဂရသိမ်ကုန်း ဆရာတော်က နာယကအဖြစ် ဆောင်ရွက်တော်မူသည့် အမရပူရဘာဏက(၁၅)ပါး။

ယမက (ဒုတိယပိုင်း)တွင် ရန်ကုန်မြို့ဒေဝသာဂရ သိမ်ကုန်း ဆရာတော်ကနာယကအဖြစ် ဆောင်ရွက်တော်မူသည့် တောင်ငူဘာဏက (၁၄)ပါး။

ယမက(တတိယပိုင်း)တွင် မန္တလေးမြို့၊ မစိုးရိမ်ဆရာတော်က နာယကအဖြစ် ဆောင်ရွက်တော်မူသည့် ညောင်လေးပင်ဘာဏက (၁၅)ပါး။

အစုစုစာမျက်နှာပေါင်း(၂၃၀၂)၊ နာယကဆရာတော်ပေါင်း (၅)ပါး၊ ဘာဏကပေါင်း (၁၅)ဖွဲ့။ ဘာဏကဆရာတော်ပေါင်း(၁၈၁) ပါးမျှရှိသည်။

## ၆။ ပါဠိတော် သင်္ဂါယနာ စတုတ္ထသန္နိပါတ (သျှာမသန္နိပါတ)

ဆဋ္ဌသင်္ဂါယနာပါဠိတော်စတုတ္ထသန္နိပါတကို ၁၃၁၇-ခုနှစ်၊ နတ်တော်လဆန်း(၂)ရက် ၁၉၅၅-ခုနှစ်၊ ဒီဇင်ဘာ (၁၆)ရက်နေ့မှ စ၍ ဆဋ္ဌသင်္ဂါယနာစတုတ္ထ(သျှာမ)သန္နိပါတ မဟာဓမ္မသဘင်ကို ဆင်ယင် ကျင်းပခဲ့ရာ ဥပုသ်နေ့ သီတင်းပတ်များနှင့် လွတ်လပ်ရေးနေ့ကို ချန်လှပ် ၍ တပို့တွဲလဆန်း(၅)ရက် (၁၆-၂-၅၆)နေ့အထိ ရက်ပေါင်း-(၅၄)ရက် ကြာခဲ့သည်။

ပါဠိတော်စတုတ္ထသန္နိပါတဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် သမ္မတကြီး အဂ္ဂမဟာသီရိသုဓမ္မဒေါက်တာဘဦးက ယိုးဒယားမှ ပင့်ဆောင်လာသည့် ရုပ်ပွားတော်အား ဖရောင်းတိုင်နှင့် အမွှေးတိုင်များ ထွန်းညှိ ပူဇော်ပြီးနောက် 'ဆဋ္ဌသင်္ဂါယနာ ဤစတုတ္ထသန္နိပါတသည် ယိုးဒယား(သျှာမ)သန္နိပါတ အမည်တွင်စေ' ဟု ကျေညာပြီးလျှင် ယိုးဒယားဝန်ကြီးချုပ် Field-Marshal P. Pibulsonggram အား

ဤသန္နိပါတကိုဖွင့်ရန် မေတ္တာရပ်ခံပါသည်။ ယိုးဒယားနိုင်ငံ ဝန်ကြီးချုပ်ကလည်း ထောမနာစကားဖြင့် ဆဋ္ဌသင်္ဂါယနာသျှာမသန္နိပါတ ဖွင့်လှစ်ကြောင်းကို လျှောက်ထားပါသည်။ ထိုနောက်ဝန်ဆောင်သံဃအဖွဲ့ အကျိုးတော်ဆောင် ဗားကရာတောရဆရာတော် ဘဒ္ဒန္တနာဂဝံသက အခါတော်ကျေညာစာတမ်းကို ပါဠိ–မြန်မာ နှစ်ဘာသာဖြင့် လျှောက်ထား ကျေညာတော်မူပါသည်။ ဆက်လက်၍ ယိုးဒယားနိုင်ငံ သံဃနာယကအား ဆဋ္ဌသံဂီတိသံဃနာယကအဖြစ်ဖြင့် ဆောင်ရွက်ရန် ပါဠိဘာသာဖြင့် သမုတိပေးတော်မူပါသည်။ ဝန်ဆောင် သံဃအဖွဲ့ဝင် ဘဒ္ဒန္တပဏ္ဍိတ(အနီးစခမ်းဆရာတော်)က သျှာမသန္နိပါတဖွင့်ပွဲ မင်္ဂလာသြဘာစာကို ဖတ်ကြားတော်မူခြင်း၊ အကျိုးတော်ဆောင် ဆရာတော်က ဆဋ္ဌသံဂီတိသံဃနာယကကိုယ်စား အလှည့်ကျ အုပ်ချုပ်ဆောင်ရွက်တော်မူမည့် သဘာပတိဆရာတော်များ စာရင်းကို ကြေညာတော်မူပါသည်။

သံဃမဟာနာယကက ယိုးဒယားဘာသာဖြင့် မိန့်ခွန်းစကားမြွက်ကြားတော်မူသည်ကို ဓမ္မာစရိယဦးတေဇိန္ဒအရှင်မြတ်က မြန်မာဘာသာဖြင့် ပြန်ဆိုဖတ်ကြားခြင်း၊ ထေရဝါဒနိုင်ငံနှင့် အခြားနိုင်ငံ များမှ ဆရာတော်ကြီးများက မိန့်ခွန်းစကား မြွက်ကြားတော်မူကြခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ်က သံဂီတိကာရက အရှင်မြတ်များအား လျှောက်ထားခြင်း၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီးကိုယ်စား ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်တရားဝန်ကြီးချုပ် သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူဦးသိမ်းမောင်က သံဂီတိကာရက အရှင်မြတ်တို့ကို လျှောက်ထားခြင်းပြုလုပ်ပြီးနောက် အခမ်းအနားကို ခေတ္တရပ်နားပါသည်။ ထိုနောက် သံဃာတော်များက အဘိဓမ္မာပိဋက ပဋ္ဌာန ပစ္စယနိဒ္ဒေသပါဠိတော်ကိုဆက်လက်၍ သင်္ဂါယနာ တင်တော်မူပါသည်။

စတုတ္ထသန္နိပါတအခါတော်၌ ထေရဝါဒနိုင်ငံတော်အားလုံးမှ သမ္မုတိရသံဃိတိကာရက သံဃာတော်(၆၀၀)တို့က ယိုးဒယားနိုင်ငံ သံဃနာယက ဆောမ်ဒဂျ်ဖရားဝနရတကိတ္တိသောဘဏ (Somdej Phra Vanaral Kittisobhana) သံဃမဟာထေရ်အား၎င်း၊ နောက်နေ့များတွင် ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဆရာတော်ဘုရားကြီးအား၎င်း၊ ဆဋ္ဌသံဂီတိသံဃနာယကအဖြစ်ဖြင့် ဆောင်ရွက်တော်မူရန် ရွေးကောက်တင်မြှောက်တော်မူကြပြီးလျှင် ဗားကရာတောရဆရာတော် အရှင်နာဂဝံသမဟာထေရ်က အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူသည်။ ဆရာတော်အရှင်နာဂဝံသမဟာထေရ်မြတ် သာသနာရေးကိစ္စဖြင့် မန္တလေးသို့ ခေတ္တကြွသွားတော်မူခိုက်၌၎င်း၊ ခုဒ္ဒကနိကာယ်နောက်ပိုင်း ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရ–ထေရီဂါထာ၊ ထေရ–ထေရီအပဒါန်၊ ဗုဒ္ဓဝံသ၊ စရိယာပိဋက၊ မဟာနိဒ္ဒေသ၊ စူဠနိဒ္ဒေသပါဠိတော်များ အမေးအဖြေပြုလုပ်တော်မူစဉ် ဆရာတော်သည် အမေးပုစ္ဆကပုဂ္ဂိုလ်အဖြစ်ဖြင့် ဆောင်ရွက်တော်မူခိုက်၌၎င်း၊ ဗားကရာတောရကျောင်းတိုက် ဝင်္ကသကာနှင့် သိရောမဏိဘွဲ့ခံ ဆရာတော် အရှင်နာရဒါဘိဝံသက အကျိုးတော်ဆောင်အဖြစ်ဖြင့် အရှင်နာဂဝံသကိုယ်စား ဆောင်ရွက်တော်မူခဲ့ပါသည်။

စတုတ္ထသန္နိပါတ၌ အဘိဓမ္မာပိဋကမှ ပဋ္ဌာန်းပါဠိတော်ကြီး ငါးအုပ်နှင့် ခုဒ္ဒကနိကာယ်မှ ခုဒ္ဒကပါဌပါဠိတော်အစ စူဠနိဒ္ဒေသပါဠိတော်အထိ (၁၅)ကျမ်း(စာအုပ်ရေ–၆အုပ်မျှ) ပြီးစီးခဲ့သဖြင့် စုစုပေါင်း စတုတ္ထသန္နိပါတ၌ ကျမ်းပေါင်း(၁၆)ကျမ်း၊ စာအုပ်ရေ(၁၁)မျှ၊ စာမျက်နှာပေါင်း (၄၉၈၅)မျှရှိလေသည်။

သက်ဆိုင်ရာကျမ်းများကို သင်္ဂါယနာတင်တော်မူစဉ် အုပ်ချုပ်တော်မူသည့် နာယကဆရာတော်များနှင့် ဘာဏကအဖွဲ့စသော အသေးစိတ်များကို အသီးသီးခွဲခြား၍ ဖော်ပြပါမည်။

## (က) ပဋ္ဌာန်းပါဠိတော်

စတုတ္ထသန္နိပါတအခါတော်၌ စာအုပ်အရေအတွက်အားဖြင့် (၅)အုပ်၊ စာမျက်နှာအားဖြင့် (၂၆၈၆)မျှရှိသော အဘိဓမ္မာပိဋကပဋ္ဌာန်းပါဠိတော်ကို စတုတ္ထသန္နိပါတ၌ အကြိမ်ပေါင်း(၂၃၇)ကြိမ်တိတိ ရွတ်ဆိုခဲ့ကြပါသည်။

ပဋ္ဌာန်းပါဠိတော်ကျမ်းကြီးကို ပဌမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမအုပ်အားဖြင့် (၅) အုပ်၊ (၅)တွဲ ခွဲခြားထားသည့်အနက် ပဌမအုပ်ကို ဆဋ္ဌသင်္ဂါယနာ စတုတ္ထသန္နိပါတဖွင့်ပွဲဖြစ်သည့် ၁၃၁၇-ခုနှစ်၊ နတ်တော်လဆန်း ၂ ရက် (၁၆-၁၂-၅၅)နေ့တွင် မုံရွာမြို့၊ ပေပင် ဓမ္မပါရဂူ ဘာဏကအဖွဲ့ဝင် ဆရာတော်(၁၂)ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဃီတိကာရကသံဃာတော်(၅၀၀)တို့က သင်္ဂါယနာ တင်တော်မူခဲ့ကြသည်။ စာမျက်နှာ(၄၆၄)မျက်နှာ၊ ရက်အားဖြင့် (၆)ရက်ဖြစ်သည်။ နာယကဆရာတော်အဖြစ်ဖြင့် ယိုးဒယားနိုင်ငံ သံဃမဟာနာယကထေရ်က ပဌမနေ့တွင်ဆောင်ရွက်၍ ဒုတိယနေ့မှစ၍ ပဌမအုပ်ပြီးသည်အထိ ပခုက္ကူမြို့၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မဟာဝိဇယာရာမတိုက်ဆရာတော်က ဆောင်ရွက်တော်မူ ခဲ့ပါသည်။

## (ခ) ပဋ္ဌာန်းပါဠိတော် ( ဒုတိယအုပ်)

ပဋ္ဌာန်းပါဠိတော် ဒုတိယပိုင်းကို ပျဉ်းမနားမြို့၊ ပဋ္ဌာန်းဒုတိယအုပ် ဘာဏကအဖွဲ့ဝင်ဆရာတော်(၁၄)ပါးတို့က အာဂုမ်ရွတ်ဆိုကာ သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ စာမျက်နှာ (၄၉၃)ရှိ၍ ရက်အားဖြင့်

(၆)ရက်ကြာသည်။ နာယကဆရာတော်မှာ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ တိုက် အဂ္ဂမဟာပဏ္ဍိတနာယကဆရာတော်ဖြစ်သည်။

## (ခ) ပဋ္ဌာန်းပါဠိတော် (တတိယအုပ်)

ပဋ္ဌာန်းပါဠိတော်တတိယပိုင်းကို မုံရွာမြို့၊ ပဋ္ဌာန်းတတိယ အုပ်ဘာဏကအဖွဲ့ဆရာတော် (၆)ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိကာရကသံဃာတော်(၅၀၀)တို့က သင်္ဂါယနာတင်တော်မူခဲ့ ကြသည်။စာမျက်နှာ(၆၀၅)၊ ရက်အားဖြင့်(၅)ရက်ဖြစ်၍ နာယက ဆရာတော်မှာ စစ်ကိုင်းတောင်ရိုး တောလေးထပ်ကျောင်း အဂ္ဂမဟာ ပဏ္ဍိတ စကုမော်ဆရာတော်ဖြစ်သည်။

## (ဂ) ပဋ္ဌာန်းပါဠိတော် (စတုတ္ထအုပ်)

ပဋ္ဌာန်းပါဠိတော်စတုတ္ထပိုင်းကို ပျဉ်းမနားမြို့နယ်၊ ကျည် တောင် ကန်ဘာဏကအဖွဲ့ဆရာတော်(၁၁)ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိကာရသံဃာတော်(၅၀၀)တို့က သင်္ဂါယနာ တင်တော်မူခဲ့ကြ သည်။ စာမျက်နှာ(၆၃၆)၊ ရက် အားဖြင့်(၄)ရက်ဖြစ်၍ နာယက ဆရာတော်မှာ မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ ဆင်တဲတိုက်သစ် ဆရာတော် ဖြစ်သည်။

## (ဃ) ပဋ္ဌာန်းပါဠိတော် (ပဉ္စမအုပ်)

ပဋ္ဌာန်းပါဠိတော် ပဉ္စမပိုင်းကို မုံရွာမြို့၊ ဆားလင်းကြီး ဘာဏက အဖွဲ့ဆရာတော် (၉)ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိကာ ရက သံဃာတော်(၅၀၀)တို့က သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ စာမျက်နှာ(၄၈၈)၊ ရက်အားဖြင့်(၄)ရက်ဖြစ်၍ နာယကဆရာတော်မှာ ရေနံချောင်းမြို့ အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်ဖြစ်သည်။

ပဋ္ဌာန်းပါဠိတော်မှာ စာအုပ်အရေအတွက်အားဖြင့်(၅)အုပ်၊ စာမျက်နှာပေါင်း(၂၆၈၆)မျက်နှာ၊ နာယကဆရာတော်(၆)ပါး၊ ဘာဏကအဖွဲ့(၅)ဖွဲ့၊ ဘာဏကဆရာတော်(၅၂)ပါး၊ သင်္ဂါယနာတင် ရက်အားဖြင့်(၂၅)ရက် ဖြစ်သည်။

## (င) ခုဒ္ဒကနိကာယ (၁၅)ကျမ်း

ခုဒ္ဒကနိကာယ် ခုဒ္ဒကပါဌပါဠိတော်မှ စူဠနိဒ္ဒေသအထိ ကျမ်းရင်း (၁၅)ကျမ်းတို့မှာ ၁၃၁၇–ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် (၁၅–၁–၅၆) နေ့မှစ၍ သင်္ဂါယနာတင်တော်မူကြရာ တပို့တွဲလဆန်း ၅ ရက် (၁၆–၂–၅၆)နေ့တွင် ပြီးစီးတော်မူသည်။ ကျမ်းစာအရေအတွက်အားဖြင့်(၁၅)ကျမ်း၊ စာအုပ်အရေအတွက်အားဖြင့် (၆)အုပ်၊ စာမျက်နှာအားဖြင့်(၂၂၉၉) မျက်နှာရှိသည်။

အဆိုပါ ခုဒ္ဒကနိကာယပါဠိတော် (၁၅)ကျမ်းကို စတုတ္ထသန္နိပါတ၌ အကြိမ်ပေါင်း(၂၂၈)ကြိမ်တိတိ ရွတ်ဆိုခဲ့ကြသည်။ ခုဒ္ဒကပါဌပါဠိတော်မှအစ သုတ္တနိပါတပါဠိတော်အထိ စာမျက်နှာပေါင်း(၄၅၅) မျက်နှာရှိပါဠိတော်(၅)ကျမ်းကို မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ ခေမာသီဝံ ဆရာတော်က သံဃနာယကအဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့သည်။

## (စ) ခုဒ္ဒကပါဌ

ခုဒ္ဒကပါဌပါဠိတော်ကို ကျောက်ကုန်း ဘာဏကအဖွဲ့ဝင်ဆရာတော်(၁၀)ပါး၊ နတ္တလင်း ဘာဏကအဖွဲ့ဝင်ဆရာတော်(၁၅)ပါး၊ စုစုပေါင်း ဘာဏကအဖွဲ့ဝင်ဆရာတော်(၂၅)ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိကာရကသံဃာတော် (၅၀၀)တို့က သင်္ဂါယနာတင်တော်မူခဲ့ကြပါသည်။

## (ဆ) ဓမ္မပဒပါဠိတော်

ဓမ္မပဒပါဠိတော်ကို ညောင်လေးပင်ဘာဏကအဖွဲ့ဝင် ဆရာတော် (၈)ပါး၊ မိုးညှင်းဘာဏကအဖွဲ့ဝင်ဆရာတော်(၁၀)ပါး၊ ဝေါမြို့ငွေကြီး ဘာဏကအဖွဲ့ဝင်ဆရာတော်(၃)ပါး၊ ပြွန်တန်ဆာမြို့ ဘာဏက အဖွဲ့ဝင် ဆရာတော်(၂)ပါး၊ မော်လမြိုင်ဘာဏကအဖွဲ့ဝင် ဆရာတော် (၁)ပါး၊ စုစုပေါင်းဘာဏကအဖွဲ့ဝင်ဆရာတော်(၂၆)ပါးတို့က အာဂုမ် ရွတ်ဆိုကာ သံဂီတိကာရက သံဃာတော် (၅၀၀)တို့က သင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်။

## (ဇ) ဥဒါနပါဠိတော်

ဥဒါနပါဠိတော်ကို ဘာဏကအဖွဲ့ဝင်ဖြစ်သော ညောင်ဦး ဘာဏက အဖွဲ့ဝင်ဆရာတော် (၁၄)ပါးတို့မှာ လမ်းပမ်းအသွားအလာ မလွယ်ကူသဖြင့် ဥဒါနပါဠိတော်ကို သင်္ဂါယနာတင်ပြီးသည့် ညနေကျမှ ကမ္ဘာအေးသို့ ရောက်ရှိကြပါသဖြင့် နောက်ကျသွားပြီး မပါဝင်လိုက်ရ ပါ။ သို့ရာတွင် နောက်တနေ့ ဣတိဝုတ္တကပါဠိတော်ကို သင်္ဂါယနာတင် စဉ်တွင် ပခုက္ကူမဟာဝိသုတာ ရာမဘာဏကအဖွဲ့ဝင်နှင့်ပေါင်း၍ ဘာဏကအဖြစ် ပါဝင်တော်မူကြပါသည်။

## (ဈ) ဣတိဝုတ္တကပါဠိတော်

ဣတိဝုတ္တကပါဠိတော်ကို ပခုက္ကူမဟာဝိသုတာရာမဘာဏက အဖွဲ့ဝင်ဆရာတော် (၁၀)ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိကာရက သံဃာတော်(၅၀၀)တို့က သင်္ဂါယနာတင်တော်မူခဲ့ကြပါသည်။

## (ည) သုတ္တနိပါတပါဠိတော်

သုတ္တနိပါတပါဠိတော်ကို ရွှေဘိုမြို့၊ ဆိပ်ခွန်ဘာဏကအဖွဲ့ဝင် ဆရာတော်(၈)ပါးတို့က အာဂုမ်ရွတ်ဆိုကာသင်္ဂါယနာ တင်တော်မူခဲ့

ကြသည်။ ကျမ်းစာအရေအတွက် ကျမ်းစာအားဖြင့် (၅)ကျမ်း စာမျက်နှာအားဖြင့်(၄၅၅)၊ သင်္ဂါယနာတင်ကြာသောရက်မှာ (ဗြာသိုလဆန်း ၃ ရက်မှ ၇ ရက်အထိ) (၅)ရက်ဖြစ်၍ မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ ခေမာသီဝံ ဆရာတော်က သံဃနာယကအဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့သည်။

## (၄) ဝိမာနဝတ္ထုပါဠိတော်နှင့် ပေတဝတ္ထုပါဠိတော်

ဝိမာနဝတ္ထုပါဠိတော်နှင့် ပေတဝတ္ထုပါဠိတော်ကို သက်ဆိုင်ရာ ဘာဏကအဖွဲ့ဝင် ဆရာတော်များမကြွရောက်လာသဖြင့် ဘာဏက အဖွဲ့မရှိပါ။

## (၅) ထေရဂါထာပါဠိတော်

ထေရဂါထာပါဠိတော်ကို ဟင်္သာတမြို့ ထေရဂါထာဘာဏကအဖွဲ့အမှတ်(၁)မှ ဆရာတော်(၁၂)ပါး၊ အမှတ်(၂)မှ (၁၁)ပါး၊ စုစုပေါင်း ဘာဏကအဖွဲ့ဝင် ဆရာတော် (၂၃)ပါး တို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိ ကာရက သံဃာတော်(၅၀၀)တို့က သင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်။

## (၃) ထေရီဂါထာပါဠိတော်

ထေရီဂါထာပါဠိတော်ကို မြန်အောင်ဘာဏကအဖွဲ့ဝင် ဆရာတော် (၁၁)ပါး၊ ပြည်မြို့ ဘာဏကအဖွဲ့ဝင်ဆရာတော် (၁၄)ပါး၊ စုစုပေါင်း ဘာဏကအဖွဲ့ဝင် ဆရာတော်(၂၅)ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိကာရကသံဃာတော်(၅၀၀)တို့က သင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်။

ကျမ်းစာအရေအတွက်အားဖြင့် (၄)ကျမ်း၊ စာအုပ်အရေအတွက်အားဖြင့်(၁)အုပ်၊ စာမျက်နှာပေါင်း(၄၃၅)မျက်နှာရှိသော ဝိမာန

ပါဠိတော်ကြီးကို (ပြာသိုလဆန်း ၉ ရက်မှ ၁၂ ရက်အထိ) (၄)ရက်ကြာ သင်္ဂါယနာတင်၍ မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတပဋ္ဌာန်မြား ဆရာတော်က သံဃနာယကအဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့ သည်။

## (ဈ) ထေရာပဒါန်ပါဠိတော်

ထေရာပဒါန်ပါဠိတော် ပဌမအုပ်ကို မိုးကုတ်မြို့ဘာဏကအဖွဲ့ဝင် ဆရာတော်(၁၃)ပါးတို့က အာဂုမ်ရွှတ်ဆိုကာ သံဂီတိကာရက သံဃာတော်(၅၀၀)တို့က သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ စာအုပ် အရေအတွက်အားဖြင့်(၁)အုပ်၊ စာမျက်နှာအရေအတွက်အားဖြင့် (၄၄၅)မျက်နှာ၊ (ပြာသိုလဆန်း–၁၃ရက်နေ့မှလဆုတ်၂ရက်နေ့အထိ) (၄)ရက်ဖြစ်၍ သင်္ဂါယနာတင် နာယကဆရာတော်မှာ ယိုးဒယား နိုင်ငံတော် သံဂီတိကာရကနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဓမ္မမဟာထေရ်ဖြစ်သည်။

ထေရာပဒါန်နှင့် ထေရီအပဒါန်၊ ဗုဒ္ဓဝံသ၊ စရိယာပိဋက ပါဠိတော်များအနက် ကျွင်းကျန်သေးသော ထေရာပဒါန်ပါဠိတော်ကို မိုးကုတ်မြို့ ဘာဏကအဖွဲ့ဝင် ဆရာတော်(၁၃)ပါးတို့ကငှင်း၊ ထေရီအပဒါန် ပါဠိတော်ကို ဖျာပုံမြို့၊ ဘာဏကအဖွဲ့ဝင်ဆရာတော်(၁၅)ပါး ကငှင်း၊ ဗုဒ္ဓဝံသပါဠိတော်ကို မော်လမြိုင်မြို့ ဘာဏကအဖွဲ့ဝင် ဆရာတော်(၁၃) တို့ကငှင်း၊ စရိယာပိဋက ပါဠိတော်ကို သမိုင်းမြို့ ဘာဏကအဖွဲ့ဝင် ဆရာတော်(၃)ပါးတို့ကငှင်း၊ စုစုပေါင်းဘာဏက အဖွဲ့ဝင် ဆရာတော် (၅၄)ပါးတို့က အသီးသီးအာဂုမ်ရွှတ်ဆိုကာ သံဂီတိကာရက သံဃာတော် (၅၀၀)တို့က သင်္ဂါယနာတင်တော်မူခဲ့ကြ ပါသည်။

ကျမ်းစာအရေအတွက်အားဖြင့် (၄)ကျမ်း၊ စာအုပ်အရေအတွက် အားဖြင့်(၁)အုပ်၊ စာမျက်နှာအရေအတွက်အားဖြင့် (၄၂၀)မျက်နှာ၊ (ပြာသိုလဆုပ် ၃ ရက်မှ ၄င်းလဆုပ် ၆ ရက်နေ့အထိ) (၄)ရက်ဖြစ်၍ သင်္ဂါယနာတင်နာယကဆရာတော်မှာ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် သီဟိုဠ်နိုင်ငံတော် သံဃိတိ ကာရကမဟာနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတဝိမလ ဓမ္မမဟာထေရ် ဖြစ်သည်။

(မှတ်ချက်။ ။ သီဟိုဠ်ဆရာတော်များသည် ၁-၂-၅၆ နေ့တွင်သာ နာယကအဖြစ်ဆောင်ရွက်တော်မူသည်။)

## (တ) မဟာနိဒ္ဒေသ ပါဠိတော်

မဟာနိဒ္ဒေသပါဠိတော်ကို ရွှေကျင်မြို့ မဟာနိဒ္ဒေသဘာဏက အဖွဲ့ဝင် ဆရာတော် (၁၃)ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိကာရက သံဃာတော်(၅၀၀)တို့က သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ ကျမ်းစာ အရေအတွက်အားဖြင့်(၁)ကျမ်း၊ စာအုပ်အရေအတွက် အားဖြင့် (၁)အုပ်၊ စာမျက်နှာအရေအတွက်အားဖြင့် (၄၁၀)မျက်နှာ၊ (ပြာသိုလဆုပ် ၇ ရက်မှ ၄င်းလဆုပ် ၁၃ ရက်နေ့အထိ) (၆)ရက်ဖြစ်၍ သင်္ဂါယနာတင်နာယက ဆရာတော်မှာ ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ ဒေဝသာရဂသိမ်ကုန်း ဆရာတော်ဖြစ်သည်။

## (ထ) စူဠနိဒ္ဒေသပါဠိတော်

စူဠနိဒ္ဒေသပါဠိတော်ကို ရေနံချောင်းမြို့ စူဠနိဒ္ဒေသဘာဏက အဖွဲ့ဝင် ဆရာတော်(၁၁)ပါးတို့က အာဂုမ်ရွတ်ဆိုကာ သံဂီတိ ကာရက သံဃာတော်(၅၀၀)တို့က သင်္ဂါယနာ တင်တော်မူခဲ့ကြသည်။ ကျမ်းစာ

အရေအတွက်အားဖြင့်(၁)ကျမ်း၊ စာအုပ်အရေအတွက်အားဖြင့် (၁)အုပ်၊ စာမျက်နှာအရေအတွက်အားဖြင့်(၃၀၇)မျက်နှာ၊ (ပြာသိုလဆုပ် (၁၄)ရက်မှ ၄င်းတပို့တွဲ လဆန်း(၅)ရက်နေ့အထိ) (၆)ရက်ဖြစ်၍ သင်္ဂါယနာတင်နာယကဆရာတော်မှာ ဖြူးမြို့ ဆင္ဃသင်္ဂါယနာ ဩဝါဒါစရိယကျောင်းဆရာတော်ဖြစ်သည်။

ခုဒ္ဒကနိကာယ်ကျမ်းရင်း(၁၅)ကျမ်းမှာ စာအုပ်အရေအတွက်အားဖြင့် (၆)အုပ်၊ စာမျက်နှာအရေအတွက်အားဖြင့်(၂၂၉၉)မျက်နှာ၊ (ပြာသိုလဆန်း(၃)ရက် မှတပို့တွဲလဆန်း(၅)ရက်အထိ) (၁၅–၁–၅၆ မှ ၁၆–၂–၅၆) ဥပုသ်နေ့မှတပါး သင်္ဂါယနာတင် သောရက်ပေါင်းမှာ (၂၉)ရက်ဖြစ်၍ နာယကဆရာတော်ပေါင်း(၇)ပါး၊ ဘာဏကအဖွဲ့(၂၀)၊ ဘာဏကအဖွဲ့ဝင်ဆရာတော်ပေါင်း (၁၉၄)ပါး ဖြစ်ပါသည်။

(မှတ်ချက်။ ။ဥဒါန်းဘာဏကအဖွဲ့ဖြစ်သည့် ညောင်ဦးဘာဏကဆရာတော် (၁၄)ပါးတို့မှာ ဥဒါန်းပါဠိတော် သင်္ဂါယနာတင်စဉ်က ရောက်မလာကြဘဲ နောက်တနေ့ ဣတိဝုတ္တကပါဠိတော်သင်္ဂါယနာ တင်သည့်အခါမှ ကြွရောက်လာကြသဖြင့် မမှီလိုက်ဖြစ်သည်။ သို့ရာတွင် ဣတိဝုတ္တက၌ ကျေညာရာတွင် ညောင်ဦးဘာဏက အဖွဲ့ဝင်–၁၄ပါးတို့ပါဝင်ကြောင်း ကျေညာခဲ့ပြီး ပူဇော်ဘွယ် စသည်တို့ကို လှူဒါန်းခဲ့ပါသည်။ သို့ရာတွင် ဥဒါန်းပါဠိတော် သင်္ဂါယနာတင်စဉ်ကမပါရှိ၍ စာရင်း၌ မရေတွက်ခဲ့ခြင်း ဖြစ်ပါသည်)

## ၇။ ပါဠိတော် သင်္ဂါယနာ ပဉ္စမသန္နိပါတ (သီရိလင်္ကာသန္နိပါတ)

ပဉ္စမသန္နိပါတတွင် ခုဒ္ဒကနိကာယ် ခုဒ္ဒကပါဌပါဠိတော်မှ ကျန်ရှိသော ဇာတက(ပဌမ၊ ဒုတိယ)၊ ပဋိသမ္ဘိဒါမဂ္ဂ၊ နေတ္တိ၊ ပေဋကော

ပဒေသနှင့် မိလိန္ဒပဉှာကျမ်းများကို ဆက်လက်၍ သင်္ဂါယနာတင်ခဲ့ပါသည်။ ပဌမသန္နိပါတ၌ ကျမ်းပေါင်း(၄)ကျမ်း၊ စာအုပ်ရေ(၅)အုပ်၊ စာမျက်နှာ ပေါင်း(၁၉၄၆)မျှရှိသည်။ ပါဠိတော်ပဌမသန္နိပါတဖွင့်ပွဲကို သာသနာနှစ် ၂၄၉၉–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၁၈–ခုနှစ်၊ တန်ခူးလဆန်း–၁၃ရက်(၂၃–၄–၅၆)နေ့တွင် ကျင်းပခဲ့ပါသည်။ သီရိလင်္ကာ (သီဟိုဠ်) သန္နိပါတစတင်သည့် အထိမ်းအမှတ်ဖြင့် ခရုသင်းထိုးစည်နှင့် စည်များတီးမှုတ်၍ အချက်ပေးပြီးနောက် ပဌမသီဟိုဠ်နိုင်ငံတော် သိယာမ မဟာနိကာယဂိုဏ်းချုပ် မဟာနာယကထေရ် ဖြစ်တော်မူသော အရှင် ဝေလိဝိဋ္ဋဓမ္မကိတ္တိ အသရဏ သရဏ သီရိ သရဏင်္ကရ မဟာထေရ် (Weliwita Dharmakirti Asarana Sarana Sri Saranankara)က ဘဝနတ်ထံစံလွန်တော်မူသော အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃအဖွဲ့ ဥက္ကဋ္ဌကျေးဇူးရှင် ညောင်ရမ်း ဆရာတော်ကြီး၏ ကြေးရုပ်တော်ကို ဖွင့်လှစ်တော်မူလေသည်။

သင်္ဂါယနာဖွင့်ပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတကြီး ဦးဘဦးက 'ဤပဌမသန္နိပါတသည် သီရိလင်္ကာ(သီဟိုဠ်) သန္နိပါတ အမည်တွင်စေဟု ကျေညာပါသည်။ သီဟိုဠ်နိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဇယဝီရကုရုပ္ပု (Jayaweera Kuruppu)က သီဟိုဠ် ဘာသာဖြင့်၄င်း၊ ပါဠိဘာသာဖြင့်၄င်း၊ မင်္ဂလာစကားမြွက်ကြား၍ ဆဋ္ဌ သင်္ဂါယနာသီရိလင်္ကာ (သီဟိုဠ်) ဓမ္မသဘင်ကို ဖွင့်လှစ်ကြောင်း လျှောက် ထားလေသည်။ ဝန်ဆောင်သံဃအဖွဲ့ အကျိုးဆောင်ဗားကရာတောရ ဆရာတော် ဘဒ္ဒန္တနာဂဝံသထေရ်က ဆဋ္ဌသင်္ဂါယနာ သီရိလင်္ကာ သန္နိပါတ ဓမ္မသဘင် အခမ်းအနားဖွင့်ကြောင်း အခါတော် ကျေညာ စာတမ်းကို ပါဠိမြန်မာနစ်ဘာသာဖြင့် လျှောက်ထား ကျေညာတော် မူသည်။

ဝန်ဆောင်သံဃအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသမဟာထေရ်က သီဟိုဠ်နိုင်ငံ သိယာမ မဟာနိကာယဂိုဏ်းချုပ် မဟာနာယကထေရ်ဖြစ်တော်မူသော အရှင် ဝေလိဝိဋ္ဌ ဓမ္မကိတ္တိ အသရဏ သရဏ သီရိ သရဏင်္ကရ မဟာထေရ် (Weliwita Dharmakirti Asarana Sarana Sri Saranankara)အား ဆင္ဃသင်္ဃိတိမဟာနာယကအဖြစ်ဖြင့် ဆောင်ရွက်တော်မူပါမည့် အကြောင်း ပါဠိဘာသာဖြင့် လျှောက်ထားတော်မူသည်။ ဆင္ဃသင်္ဃိတိ သံဃနာယကအဖြစ်ဖြင့် လျှောက်ထားခြင်းခံရသော သီဟိုဠ်နိုင်ငံ သိယာမ မဟာနိကာယ ဂိုဏ်းချုပ်ဆရာတော်ကြီးသည် ထေရာသန ပလ္လင်ထက်သို့ကြွတော်မူပါသည်။ ဝန်ဆောင်သံဃအဖွဲ့ဝင် ဘဒ္ဒန္တပဏ္ဍိတ အနီးစခန်းဆရာတော်က သီရိလင်္ကာ သန္နိပါတဖွင့်ပွဲ မင်္ဂလာသြဘာ စာကို ပါဠိ-မြန်မာနှစ်ဘာသာဖြင့် ဖတ်ကြားတော်မူသည်။ ဆက်လက်၍ ဆင္ဃသင်္ဃိတိသံဃနာယကအဖြစ်ဖြင့် အလှည့်ကျ အုပ်ချုပ်ဆောင်ရွက် တော်မူရန် သဘာပတိ ဆရာတော်များစာရင်းကို ကျေညာပါသည်။

ဆင္ဃသင်္ဃိတိ သံဃနာယက အရှင်ဝေလိဝိဋ္ဌဓမ္မကိတ္တိ အသရဏ သရဏသီရိသရဏင်္ကရ မဟာထေရ်၏ မိန့်ခွန်းစကားကို သိယာမ မဟာနိကာယ၏ အတွင်းရေးမှူး ဘဒ္ဒန္တယတိဂမ္မနသိရီ မေဓင်္ကရ ဝိမလဉာဏ မဟာနာယကထေရ် (Yamatigammana Sri Medhankara Wimalanana Nayaka Thero) က သီဟိုဠ်ဘာသာဖြင့် ဖတ်ကြား၍ ကလျာဏီသမဂ္ဂီ သံဃသဘာ၏ အနုနာယက ဘဒ္ဒန္တကာလုကုန္ဒဝေသိရီ ပညာထေရ်က ပါဠိဘာသာဖြင့် ဖတ်ကြားပြီးလျှင် ကလျာဏဝံသ နိကာယ၏ အနုနာယက အဂ္ဂမဟာပဏ္ဍိတ အာဘိဓမ္မိက ဘဒ္ဒန္တပေါလ ဝတ္တ ဗုဒ္ဓဒတ္တမထေရ်က မြန်မာဘာသာဖြင့် ဖတ်ကြားတော်မူသည်။

ထေရဝါဒနိုင်ငံတော်နှင့် အခြားနိုင်ငံများမှ နာယကဆရာတော်ကြီးများက အသီးသီး မိန့်ခွန်းစကား မြွက်ကြားတော်မူပါသည်။

ဆက်လက်၍ သီဟိုဠ်ကျွန်းလင်္ကာဗောဒ္ဓလအဖွဲ့ အထွေထွေအတွင်းရေးမှူး ဒေါက်တာအေ–ဒဘလျူ–ပီ၊ ဂုရုဂေးက သီဟိုဠ်နိုင်ငံဝန်ကြီးချုပ်၏ သဝဏ်လွှာကို သီဟိုဠ်–ပါဠိ–အင်္ဂလိပ် ဘာသာတို့ဖြင့် ဖတ်ကြားတော်မူပါသည်။ သီဟိုဠ်နိုင်ငံတိပိဋကသင်္ဂါယနာ လင်္ကာဒါယကသဘာ၏ အတွင်းရေးမှူး မစ္စတာအိပ်(ချ်)ကာ(လ်) ဒေးရားက သီဟိုဠ်နိုင်ငံတွင်ဆောင်ရွက်ပြီးစီးသော ဆဋ္ဌသင်္ဂါယနာ ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဒု၊စ်ရင်ခံစာအကျဉ်းချုပ်ကို ဖတ်ကြားခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ်က လျှောက်ထားခြင်း၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဆာဦးသွင်က လျှောက်ထားခြင်း ပြုလုပ်၍ အခမ်းအနားကို ခေတ္တရပ်နားတော်မူသည်။

ထိုနောက် ဆဋ္ဌသင်္ဂီတိသံဃနာယကမထေရ်က အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘနနှင့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသတို့အား ဇာတကပါဠိဆိုင်ရာ ပုစ္ဆကနှင့် ဝိဿဇ္ဇကအဖြစ်ဖြင့် အသီးသီးဆောင်ရွက်ရန် အလို့ငှာ ပါဠိဘာသာဖြင့် သမ္မုတိပေးတော်မူပါသည်။ ပုစ္ဆကနှင့် ဝိဿဇ္ဇကမထေရ်တို့က ဇာတက ပါဠိတော်ကို မေးမြန်းဖြေဆိုတော်မူကြလျက် သင်္ဂီတိကာရက သံဃာတော်များက ဇာတကပါဠိတော်ကို သင်္ဂါယနာတင်တော်မူကြပါသည်။

ပဥ္စမသန္နိပါတတွင် သင်္ဂါယနာတင်သောကျမ်းတို့တွင် နေတ္တိ၊ ပေဋကောပဒေသနှင့် မိလိန္ဒပဉှာကျမ်းတို့နှင့်ပတ်သက်၍ သီဟိုဠ် ဆရာတော်များနှင့် မြန်မာနိုင်ငံမှဆရာတော်တို့တွင် အငြင်းပွားရန် အကြောင်းရင်းတရပ်ဖြစ်ပေါ်ခဲ့ပါသည်။ သီဟိုဠ်ဆရာတော်များအနေဖြင့် ယင်း

ကျမ်းသုံးကျမ်းတို့သည် ပိဋကတ်ပြင်ပကျမ်းများ ဖြစ်သောကြောင့် သင်္ဂါယနာတင်ရာတွင်ထည့်သွင်း၍ တင်ရန်မလိုကြောင်း တင်ပြဆွေးနွေးခဲ့သည်။ ယင်းသို့ ပိဋကတ်ပြင်ပကျမ်း များကို သင်္ဂါယနာတင်ခြင်းဖြင့် နောင်အခါ သီဟိုဠ်နိုင်ငံ၌ဖြစ်စေ၊ ထိုင်းနိုင်ငံ၌ဖြစ်စေ သတ္တမသင်္ဂါယနာတင်ရန် လိုအပ်ပြီးဖြစ်ကြောင်းကိုလည်း ထပ်မံဆွေးနွေးတင်ပြခဲ့သည်။ မြန်မာနိုင်ငံမှ ဆရာတော်များတွင်လည်း ပေဋကောပဒေသကျမ်း သင်္ဂါယနာတင်တင်ခြင်းကို သဘောမတူသော ဆရာတော်များလည်း ပေါ်ပေါက်ခဲ့သည်။ ထိုဆရာတော်များမှာ မော်လမြိုင် ပန်းဘဲတန်းမင်းကျောင်း ဆရာတော်ကြီး၊ မဟာစည်ဆရာတော်၊ အမရပူရ မဟာဂန္ဓာရုံဆရာတော်နှင့် မင်းကွန်းဆရာတော်တို့ဖြစ်သည်။ မင်းကွန်းဆရာတော် အနေဖြင့် မိလိန္ဒပဉှကျမ်းနှင့်ပတ်သက်သော ချို့ယွင်းချက်(၁၄)ချက် တို့ကိုပြ၍ ဆွေးနွေးတင်ပြခဲ့သော်လည်း ညောင်ရမ်းဆရာတော်ကြီး၏ မိလိန္ဒပဉှာသံဂီတိဝိသဇ္ဇနာနှင့် နေတ္တိ၊ ပေဋကောပဒေသသံဂီတိ ဝိသဇ္ဇနာတို့ဖြင့် တင်ပြဆွေးနွေးခဲ့၍ သင်္ဂါယနာတင်ရန် သဘောတူခဲ့သည်။ ၎င်းအပြင် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ ကျောက်ထက်အက္ခရာတင်ရာတွင်လည်း ဤကျမ်းများပါဝင်သည်ကို တွေ့ရသဖြင့် ပဉ္စမသန္နိပါတ၌ သင်္ဂါယနာတင်ရန်အဆိုပြုခဲ့သည်။ ထိုကြောင့်ပိဋကတ်ပြင်ပ ကျမ်းများဖြစ်သော်လည်း ဤဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ထည့်သွင်းသင်္ဂါယနာတင်ခဲ့ပါသည်။

ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကို မြောင်းမြသုဓမ္မာဘာဏကအဖွဲ့ဝင် ဆရာတော်(၁၄)ပါး၊ မန္တလေးမစိုးရိမ်ဘာဏကအဖွဲ့ ဆရာတော် (၇)ပါး၊ ဝါးခယ်မဘာဏကအဖွဲ့ ဆရာတော်(၁၃)ပါး၊ အနောက်ချောင်း(ပုသိမ်) ဒွါရဂိုဏ်းဘာဏကအဖွဲ့ ဆရာတော်(၁၄)ပါး၊ ညောင်တုန်းရွှေဟသ်ာ

ဘာဏကအဖွဲ့ဆရာတော်(၁၀)ပါး၊ ညောင်တုန်း သုမေဓာဘာဏကအဖွဲ့ ဆရာတော်(၁၅)ပါး၊ မြောင်းမြ ဘာဏကအဖွဲ့ဆရာတော်(၁၅)ပါး၊ စုစုပေါင်း ဘာဏကအဖွဲ့ ဆရာတော် (၈၈)ပါးတို့က အာဂုံရွတ်ဆိုကာ သံဂီတိကာရက သံဃာတော်(၅၀၄)ပါးတို့က သင်္ဂါယနာတင်တော်မူခဲ့ကြပါသည်။

နေတ္တိ ပါဠိတော်ကို ပခုက္ကူပဌမဘာဏကအဖွဲ့ဆရာတော် (၉)ပါး၊ ဒုတိယဘာဏကအဖွဲ့ ဆရာတော်(၈)ပါး၊ တတိယဘာဏက အဖွဲ့ ဆရာတော်(၈)ပါး၊ စုစုပေါင်း(၂၅)ပါးတို့က အာဂုံရွတ်ဆိုကာ သင်္ဂါယနာတင်ခဲ့ပါသည်။

ပေဋကောပဒေသပါဠိတော်ကို သထုံဘာဏကအဖွဲ့ ဆရာတော် (၁၂)ပါးတို့က အာဂုံရွတ်ဆိုကာ သင်္ဂါယနာတင်ခဲ့ပါသည်။

မိလိန္ဒပဉှာ ပါဠိတော်ကို ထူးကြီးမိလိန္ဒပဉှာ ပဌမဘာဏက အဖွဲ့ဆရာတော်(၁၀)ပါး၊ ဒုတိယဘာဏကအဖွဲ့ဆရာတော်(၉)ပါး၊ တတိယဘာဏကအဖွဲ့ဆရာတော်(၁၀)ပါး၊ စုစုပေါင်း(၂၉)ပါးတို့က အာဂုမ်ရွတ်ဆိုကာ သင်္ဂီတိကာရကဆရာတော်များက သင်္ဂါယနာ တင်တော်မူပါသည်။

**၈။ ဆဋ္ဌသင်္ဂါယနာနှင့် သာသနာ ၂၅၀၀ ပြည့်အောင်ပွဲကျင်းပခြင်း**

သာသနာ–၂၄၉၈–ခုနှစ်၊ မြန်မာသက္ကရာဇ်–၁၃၁၆ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် စတင်ဖွင့်လှစ်ကျင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာ တင် လုပ်ငန်းကြီး အောင်မြင်သည့် အထိမ်းအမှတ်နှင့် သာသနာ ၂၅၀၀ ပြည့်အောင်ပွဲကို သာသနာ–၂၅၀၀၊ မြန်မာ–၁၃၁၈–ခုနှစ်၊ ကဆုန် လဆန်း (၁၂) ရက်နေ့မှစ၍ ကဆုန်လပြည့်ကျော် (၃) ရက်နေ့အထိ

(၂၂-၅-၁၉၅၆ မှ ၂၇-၅-၁၉၅၆) ရန်ကုန်မြို့၊ ကမ္ဘာအေး သီရိမင်္ဂလာ ကုန်းမြေလိုဏ်ဂူတော်ကြီး၌ (၆)ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။ နယ်များတွင် ကဆုန်လဆန်း(၁၄)ရက်မှ ကဆုန်လပြည့်ကျော် (၁)ရက်နေ့အထိ (၂၃-၅-၁၉၅၆ မှ ၂၅-၅-၁၉၅၆) (၃)ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။ ထိုအောင်ပွဲကြီးသို့ ပြည်တွင်း ပြည်ပမှ သံဃာတော် (၂၅၀၀)၊ နိုင်ငံတော်သမ္မတဒေါက်တာဘဦး၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ နိုင်ငံတော်တရားဝန်ကြီးချုပ် အဂ္ဂမဟာသရေစည်သူ ဦးသိမ်းမောင်နှင့် တရားဝန်ကြီးများ၊ နိုင်ငံခြားသံတမန်များ၊ နိုင်ငံခြား ဧည့်သည်တော်များ၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌ သတိုးသီရိ သုဓမ္မဆာဦးသွင်နှင့် အဖွဲ့ဝင်များ၊ ဆဋ္ဌသင်္ဂါယနာဆွမ်းကွမ်းဆိုင်ရာ ဗုဒ္ဓဘာသာဆိုင်ရာ အမျိုးသမီးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအရပ်ရပ်မှ သာသနာရေးအသင်းအဖွဲ့ ခေါင်းဆောင်များနှင့် ဗုဒ္ဓဘာသာဝင်များ တက်ရောက်ကြပါသည်။ ထိုအခမ်းအနားများ၌ ဝန်ဆောင်သံဃာ့အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်က သံဃမဟာနာယက အဖြစ်ဖြင့်၎င်း၊ အဂ္ဂမဟာပဏ္ဍိတ ဗားကရာတောရဆရာတော်က အခမ်းအနားမှူးအဖြစ်ဖြင့်၎င်း၊ ဆောင်ရွက်တော်မူပါသည်၊ ထို အခမ်းအနား၌ ဆဋ္ဌသင်္ဂါယနာဆိုင်ရာ အခမ်းအနားများကျင်းပကာ ပြည်တွင်းပြည်ပမှ သဝဏ်လွှာများကို ဖတ်ကြားခြင်း၊ ပုဂ္ဂိုလ်အသီးသီးတို့က သန္ဒေသကထာ မြွက်ကြားခြင်း၊ သံဃာတော်များအား လျှောက်ထားခြင်းတို့ကို ပြုလုပ်ကြပါသည်။ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦးက ကုသိုလ်ရှင်အပေါင်းတို့ကိုယ်စား ရေစက်သွန်းချ အမျှပေးဝေသည်။ သင်္ဂီတိကာရက သံဃာတော် (၂၅၀၀)အား ဆဋ္ဌသံဂါယနာ သာသနာပြုလက်မှတ်များ ဆက်ကပ်လှူဒါန်းကြပါသည်။

## ၉။ အဋ္ဌကထာနှင့်ဋီကာသင်္ဂါယနာစမ္မေသဘင်ကျင်းပခြင်း

ပါဠိတော်များကို သင်္ဂါယနာတင်ပြီးနောက် ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင် သံဃာတော်အဖွဲ့က အဋ္ဌကထာနှင့် ဋီကာကျမ်းများကိုလည်း ဆက်လက်၍ သင်္ဂါယနာတင်ရန် ၁၃၁၈–ခုနှစ်၊ တန်ခူးလဆန်း(၁၁)ရက် (၂၁–၄–၅၆)နေ့တွင် ကျင်းပသည့် ဝန်ဆောင်သံဃာအဖွဲ့၏ အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်တော်မူခဲ့သည်။ ထိုဆုံးဖြတ်ချက်အရ (၂၆–၄–၅၆)နေ့တွင်ကျင်းပသည့် ဆဋ္ဌသင်္ဂါယနာစီစဉ်ရေးအဖွဲ့ငယ်၏ အစည်းအဝေးတွင် ဝန်ဆောင်သံဃာ့အဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း အဋ္ဌကထာနှင့် ဋီကာသင်္ဂါယနာစမ္မေသဘင်များ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါသည်။

အဋ္ဌကထာ သင်္ဂါယနာအတွက် ပဌမသန္နိပါတ၊ ဒုတိယသန္နိပါတ၊ တတိယသန္နိပါတ၊ စတုတ္ထသန္နိပါတဟူ၍ အချိန်ကာလပိုင်းခြားပြီးလျှင် ကျင်းပရန် အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ကြပါသည်။

၁။ ဆဋ္ဌသင်္ဂါယနာစီစဉ်ရေးအဖွဲ့ငယ်၏ (၂၂–၁၀–၅၆)နေ့တွင် ကျင်းပသည့် အစည်းအဝေးအရ ပဌမသန္နိပါတကို ၁၃၁၈–ခုနှစ်၊ နတ်တော်လဆုတ်(၉)ရက်(၂၆–၁၂–၅၆)နေ့တွင် စတင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ ဆဋ္ဌသင်္ဂါယနာစီစဉ်ရေးအဖွဲ့ငယ်၏ (၂၃–၇–၅၇)နေ့တွင် ကျင်းပသည့်အစည်းအဝေးအရ ဒုတိယသန္နိပါတကို ၁၃၁၉–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၅)ရက်(၁၁–၁၁–၅၇)နေ့တွင် စတင် ရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ ဆဋ္ဌသင်္ဂါယနာစီစဉ်ရေးအဖွဲ့ငယ်၏(၂၃–၈–၅၇)နေ့တွင် ကျင်းပသည့် အစည်းအဝေးအရ တတိယသန္နိပါတကို ၁၃၂၀–

ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၅)ရက်(၃၀–၁၁–၅၈)နေ့တွင် စတင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၄။ ဆဋ္ဌသင်္ဂါယနာစီစဉ်ရေးအဖွဲ့ငယ်၏(၂၃–၈–၅၉)နေ့တွင် ကျင်းပ သည့်အစည်းအဝေးအရ စတုတ္ထသန္နိပါတကို ၁၃၂၁– ခုနှစ်၊ တန်ဆောင် မုန်းလဆုတ်(၄)ရက်(၁၈–၁၁–၅၉)နေ့တွင် စတင်ရန် ဆုံးဖြတ် ခဲ့ပါသည်။

ဋီကာသင်္ဂါယနာအတွက်မူ ပဉ္စမသန္နိပါတနှင့် ဒုတိယသန္နိပါတ ဟူ၍ နှစ်ပိုင်းခွဲခြား၍ကျင်းပရန် အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ကြပါ သည်။

၁။ ဆဋ္ဌသင်္ဂါယနာစီစဉ်ရေးအဖွဲ့ငယ်၏ (၂၁–၈–၆၀)နေ့တွင် ကျင်းပသည့်အစည်းအဝေးအရ ပဉ္စမသန္နိပါတကို ၁၃၂၂–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၄)ရက် (၆–၁၁–၆၀)နေ့တွင် စတင် ရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ ဆဋ္ဌသင်္ဂါယနာစီစဉ်ရေးအဖွဲ့ငယ်၏(၂၀–၈–၆၁)နေ့တွင် ကျင်းပသည့်အစည်းအဝေးအရ ဒုတိယသန္နိပါတကို ၁၃၂၃– ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၄)ရက် (၂၆–၁၁–၆၁)နေ့တွင် စတင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

## ၁၀။ အဋ္ဌကထာသင်္ဂါယနာပထမသန္နိပါတ

အဋ္ဌကထာပထမသန္နိပါတကို ၁၉၅၆–ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက် နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ထိုအဋ္ဌကထာ ပထမသန္နိပါတ ၌ သံဃနာယကအဖြစ် ဆောင်ရွက်တော်မူကြသော ဆရာတော်များမှာ လောနိုင်ငံ ဩဝါဒါစရိယသံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဖရာမဏိ ဝံသ၊ ပခုက္ကူမြို့ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိဇယာရာမ အရှေ့တိုက်သစ်

ဆရာတော်၊ ပခုက္ကူမြို့ အဂ္ဂမဟာပဏ္ဍိတ မဟာဝိသုတာရာမတိုက်ဆရာတော်၊ စစ်ကိုင်းတောင်ရိုး တောလေးထပ်ကျောင်း အဂ္ဂမဟာပဏ္ဍိတ စကုမော်ဆရာတော်၊ မန္တလေးမြို့ ရွှေကျင်နိကာယမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ပတ္တမြားဆရာတော်၊ ရေစကြိုမြို့ ဆဋ္ဌသင်္ဂါယနာ ဩဝါဒါစရိယ အောင်မြေသာယာတိုက် ဆရာတော်၊ မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတဆင်တဲတိုက်သစ် ဆရာတော်၊ မန္တလေးမြို့ အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်တို့ဖြစ်သည်။ ထိုသန္နိပါတအစမှ အဆုံးထိ ဗားကရားတောရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ အရှင်မြတ်က အကျိုးဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

သင်္ဂါယနာတင်သောကျမ်းများမှာ ဝိနယပိဋက ပါရာဇိကကဏ္ဍ အဋ္ဌကထာ၊ ပါစိတျာဒိ အဋ္ဌကထာ၊ စူဠဝဂ္ဂါဒိအဋ္ဌကထာ၊ သုတ္တပိဋက– ဒီဃနိကာယ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ၊ အဘိဓမ္မပိဋက– အဋ္ဌသာလိနီ အဋ္ဌကထာတို့ဖြစ်သည်။

ထိုအဋ္ဌကထာပထမသန္နိပါတတွင်(၂၆–၁၂–၅၆)နေ့ အဋ္ဌကထာကျမ်းများဖြစ်ပေါ်လာပုံတို့ကို မဟာစည်ဆရာတော်နှင့် အရှင်ဝိစိတ္တသာရာဘိဝံသတို့က အကျယ်တဝင့် မေးဖြေတော်မူကြပါသည်။

(၂၇–၁၂–၅၆)နေ့တွင် အဋ္ဌကထာသင်္ဂါယနာတင်ရာ၌ အမေးအဖြေ ပြုလုပ်တော်မမူကြပဲ သံဃနာယက ဆရာတော်ကြီး၏ သမ္မုတိပေးတော်မူချက်အရ မဟာစည်ဆရာတော်က ဝိနယ ပိဋက အဋ္ဌကထာမှ မှတ်သားဘွယ်ရာများကို ဟောကြားတော်မူခဲ့သည်။

(၂၈–၁–၅၇)နေ့တွင် မဟာစည်ဆရာတော်က အသောကမင်းကြီး၏ သာသနာတော်ကြည်ညိုလာပုံနှင့် နိဂြောဓသာမဏေဝတ္ထုတို့ကို ဟောကြားတော်မူပါသည်။

(၂၉–၁၂–၅၇)နေ့တွင် မဟာစည်ဆရာတော်က အသောက မင်းကြီး၏ ရေတွင်းရေကန်၊ ကျောင်း၊ ဇရပ်ပေါင်းရှစ်သောင်း လေးထောင်စီ လှူဒါန်းပုံနှင့် သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာ တို့ကို သာသနာတော်တွင် ရဟန်းပြုစေခြင်းဖြင့် သာသနာ အမွေခံယူ တော်မူပုံတို့ကို ဟောကြားတော်မူပါသည်။

(၃၀–၁၂–၅၇)နေ့တွင် မဟာစည်ဆရာတော်က အသောက မင်းကြီး သာသနာတော်ကို ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ရာ၌ တိတ္ထိ မျိုးစုံတို့ သာသနာအရေခြုံကာ သာသနာတွင်းသို့ ဝင်ရောက်လာရာ ကြီးစွာသော သာသနာ့ဘေးရန် ကြီးဖြစ်ခဲ့ပုံတို့ကို ဟောကြားတော် မူသည်။

(၁–၁–၅၇)နေ့တွင် မဟာစည်ဆရာတော်က အသောကမင်း တရားလက်ထက် သာသနာတော်ကြီး၌ အဓိကရုဏ်းမှုနှင့်ပတ်သက်၍ သံဃကုက္ကုစ္စဖြစ်ပေါ်လာပုံနှင့် မင်းကြီး၏ သံဃကုက္ကုစ္စကို အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က ပယ်ဖျောက်ရှင်းလင်းပြီး တတိယ သင်္ဂါယနာတင်ပုံကို ဟောကြားတော်မူပါသည်။

(၂–၁–၅၇)နေ့တွင် အဘိဓဇမဟာရဋ္ဌဂုရု သံဃနာယက ပခုက္ကူ အရှေ့တိုက်ဆရာတော်က အဋ္ဌကထာများသည် မူလက ဗုဒ္ဓဘာသာ သိတ ဒေသနာတော်အစစ်ဖြစ်ကြောင်းကို ကျမ်းဂန်အမျိုးမျိုးကို သာဓက ထား၍ ဟောကြားတော်မူပါသည်။

(၃–၁–၅၇)နေ့တွင် ပခုက္ကူဆရာတော်က အဋ္ဌကထာနှင့် မှတ် သားဖွယ်ရာ အဖြာဖြာတို့ကို ရှင်းလင်းဟောကြားတော်မူပါသည်။

(၅–၁–၅၇)နေ့တွင် မဟာစည်ဆရာတော်က တတိယ သင်္ဂါယနာ တင်အပြီး၌ ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်ရာတွင် ကသ္မီရ

ကိုင်း၊ ဂန္ဓာရတိုင်း၌ မဇ္ဈန္တိကမထေရ်ကြီးမှူးသော သာသနာပြုအဖွဲ့က သာသနာပြုစုပုံကို အကျယ်တဝင့် ဟောတော်မူပါသည်။

(၆-၁-၅၇)နေ့နှင့် (၇-၁-၅၇)တွင် မဟာစည်ဆရာတော်က ကိုးတိုင်းကိုးဌာနသို့ သာသနာပြုကြွရောက်ကြသည့် ပုဂ္ဂိုလ်တို့တွင် ကသ္မီရတိုင်း၊ ဂန္ဓာရတိုင်းသို့ သာသနာပြုကြွရောက်သော မဇ္ဈန္တိကမထေရ်က ပြည်သူပြည်သားတို့အား အာသီဝိသောပမသုတ်ကို ဟောတော်မူရာတွင် ရှစ်သောင်းသော တိုင်းသူပြည်သားတို့ အကျွတ်တရားရကြပုံကို အကျယ်တဝင့် ဟောကြားတော်မူသည်။

(၉-၁-၅၇)နေ့နှင့် (၁၀-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က ကိုးတိုင်းကိုးဌာနသို့ သာသနာပြုကြွရောက်တော်မူကြသည့် သာသနာပြုအဖွဲ့များအနက် ဒုတိယသာသနာပြုအဖွဲ့မှ ပဥ္စမသာသနာပြုအဖွဲ့တိုင်အောင် သာသနာပြုကြွရောက်တော်မူကြပုံနှင့် ပဥ္စမသာသနာပြုအဖွဲ့ အရှင်မဟာရက္ခိတမထေရ်သည် မဟာရဋ္ဌ တိုင်းသူတိုင်းသားတို့အား မဟာနာရဒကဿပဇာတ်တော်ကို ဟောကြားတော်မူပါသည်။

(၁၁-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က သာသနာပြုအဖွဲ့ဝင်တို့တွင် ဆဋ္ဌ၊ သတ္တမ၊ အဋ္ဌမ သာသနာပြုအဖွဲ့ဝင် မထေရ်မြတ်တို့ အသီးသီးသာသနာပြု ကြွရောက်တော်မူကြပုံ အကြောင်းအရာများကို အကိုးအကားပြ၍ ဟောကြားတော်မူပါသည်။

(၁၂-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒမထေရ်အမှူးရှိသော သာသနာပြုအဖွဲ့ကြွရောက်တော်မူကြပုံနှင့် သီဟိုဠ်ကျွန်း၌ သာသနာတော်စည်ပင် ထွန်းကားလာပုံတို့ကို ရှင်းလင်းဟောကြားတော်မူပါသည်။

(၁၃-၁-၅၇)နေ့တွင် သံဃနာယက၊ ပခုက္ကူမြို့၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မဟာဝိသုတာရာမဆရာတော်ကြီးက ဆဋ္ဌ

သင်္ဂါယနာတင်ခဲ့ရခြင်း၏ အကြောင်းရင်း၊ သင်္ဂါယနာတင်ရခြင်းဖြင့် ဖြစ်ပေါ်လာသောအကျိုး၊ အနာဂတ်သာသနာတိုးတက် ဖွံ့ဖြိုးအောင် ဆောင်ရွက်တော်မူကြရန် တိုက်တွန်းခြင်း ဥယျောဇဉ် ၃-မျိုးတို့ကို ရှင်းလင်းခွဲခြား၍ ဟောကြားတော်မူပါသည်။

(၁၄-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က အဗျတ္တိကနိဒါန်း ဝေရဉ္စကဏ္ဍလာ အရဟံဂုဏ်တော်ဖွင့်များကို အကျယ်တဝင့် ရှင်းလင်း ဟောကြားတော်မူပါသည်။

(၁၆-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က ရဟန်းရှစ်မျိုး ပေါ်လာပုံနှင့် ပါရာဇိက အစရှိသော သိက္ခာပုဒ်တို့၌ လိုလားအပ်သော ရဟန်းအကြောင်းကို ခွဲခြား၍ ဟောကြားတော်မူပါသည်။

(၁၇-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က ဝိနည်းသိက္ခာ ပုဒ်တော်လာ သိက္ခာသာဇီဝ သမာပန္နောပုဒ်အရ သိက္ခာ ၃-ပါး၏ အဓိပ္ပါယ်ကို အကျယ်တဝင့် ရှင်းလင်းဟောကြားတော်မူပါသည်။

(၁၈-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က ဘိက္ခုနီခန္ဓကလာ ဘိက္ခုနီသာသနာဖြစ်ပေါ်လာပုံနှင့် သာသနာငါးထောင်နှင့်ဆိုင်သော စကားတို့ကို ရှင်းလင်းပြီး ဝိနည်းအဋ္ဌကထာနိဂုံးလာဗဟုသုတများကို ဟောကြားတော်မူပါသည်။

(၁၉-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က ဒီဃနိကာယ်နှင့် စပ်ဆိုင်ရာ သုတ္တပိဋကတော်၏ မှတ်သားဘွယ်ရာများကို အကျယ်တဝင့် ဟောကြားတော်မူပါသည်။

(၂၀-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က သုတ္တန်ပိဋက တော်၏ အဓိပ္ပါယ်များကို ရှင်းလင်းဟောကြားတော်မူပါသည်။

(၂၁-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က သာမညဖလ သုတ်လာ သတိသမ္ပဇဉ တရားတော်အကြောင်းကို ဟောကြားတော် မူပါသည်။

(၂၂-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က အသုဘကမ္မဋ္ဌာန်းနှင့် သက်ဆိုင်ရာသမ္မောဓိ တရားများကို ဟောကြားတော်မူပါသည်။

(၂၄-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က ဝေါစရသမ္ဗောဓိနှင့် အသမ္မောဟသမ္ဗောဓိအကြောင်းကို ဟောကြားတော်မူပါသည်။

(၂၅-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က အဋ္ဌသာလိနီအဋ္ဌကထာ ဂန္ထာရမ္ဘကထာ၌လာသည့် မှတ်သားဘွယ်ရာ အဖြာဖြာတို့ကို ဟောကြားတော်မူပါသည်။

(၂၆-၂-၅၇) နေ့တွင် မဟာစည်ဆရာတော်က အဘိဓမ္မာပိဋကတော်ကြီးသည် သုတ္တပိဋကတော်များထက် လွန်ကဲထူးမြတ်သည်ဟူသော စကားကို ရှင်းလင်းဟောကြားတော်မူပါသည်။

(၂၇-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က အဘိဓမ္မာခုနစ်ကျမ်းတွင် ကထာဝတ္ထုကျမ်းကို ထည့်သွင်း၍ ယူသင့်မယူသင့် အငြင်းပွားခဲ့ကြသည့်ဝါဒများ အကြောင်းကို အကျယ်ချဲ့၍ ဟောကြားတော်မူပါသည်။

(၂၈-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က အဘိဓမ္မာပိဋကတော်၏ နက်နဲသိမ်မွေ့ပုံအကြောင်းကို ဟောကြားတော်မူပါသည်။

(၂၉-၁-၅၇)နေ့တွင် မဟာစည်ဆရာတော်က ရုပ်တရားတို့၏ ဖြစ်ပျက်ပုံကို အကျယ်တဝင့် ဟောကြားတော်မူပါသည်။

## ၁၁။ အဋ္ဌကထာသင်္ဂါယနာဒုတိယသန္နိပါတ

အဋ္ဌကထာ သင်္ဂါယနာဒုတိယသန္နိပါတမဟာမဓ္မသဘင်ကြီးကို မြန်မာသက္ကရာဇ် ၁၃၁၉ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၅)ရက် (၁၁-၁၁-၅၇)တွင် ကျင်းပခဲ့ပါသည်။ ထိုဒုတိယသန္နိပါတတွင် ထေရဝါဒနိုင်ငံများမှ သံဃကိုယ်စားလှယ်ဆရာတော်ကြီးများနှင့် ပြည်တွင်းမှ

ဆရာတော်များအပါအဝင် စုစုပေါင်း သံဂီတိကာရက သံဃာတော် ၃၀၀ ကျော်မျှ ပါဝင်သည်။

ထိုအဋ္ဌကထာသင်္ဂါယနာတွင် သံဃနာယကများအဖြစ် မစိုးရိမ် ဆရာတော်၊ ကမ္ဘောဒီးယားနိုင်ငံ သံဃရာဇာဆောမ်ဒတ်ဖရား မဟာ သုမေဓါဓိပတိ ဘဒ္ဒန္တဇောတညာဏ၊ ရွှေဘိုခရိုင်၊ သစ်ဆိမ့်ကြီး ဘဒ္ဒန္တ နန္ဒမာလာ (မြသိန်းတန်ဆရာတော်)၊ ထိုင်းနိုင်ငံ သံဃအုပ်ချုပ် ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ ဖရာ့ဝိမလဓမ္မ၊ ဖြူးမြို့၊ ဘဒ္ဒန္တဇဝန (မြို့ထောင့် ကျောင်းဆရာတော်)၊ ရေစကြိုမြို့၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစာရိန္ဒ (အောင်မြေသာယာဆရာတော်)၊ ပခုက္ကူမြို့ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇဝန (မဟာဝိဇယာရာမတိုက်ဆရာတော်)၊ တိုက်ကြီးမြို့၊ ဥတို့ရွာ ဘဒ္ဒန္တဝိသုဒ္ဓ (လမ်းသစ်ကျောင်းဆရာတော်)၊ စစ်ကိုင်းမြို့၊ တောလေး ထပ်ချောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ (စကုမော်ဆရာတော်)၊ ပွင့်တန်ဆာမြို့ ဘဒ္ဒန္တညာဏိန္ဒ (သာသနာသောဘိဏိကာရုံ ကျောင်း တိုက်ဆရာတော်)၊ မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရ (ပတ္တမြား တိုက်ဆရာတော်)တို့က အသီးသီး သံဃနာယကအဖြစ် ဆောင်ရွက် တော်မူပါသည်။ အကျိုးတော်ဆောင် ဆရာတော်များအဖြစ် အဂ္ဂမဟာ ပဏ္ဍိတ ဗားကရာတောရဆရာတော် ဦးနာဂဝံသနှင့် ဦးဝရသမ္ဘောဓိ အရှင်မြတ်တို့က ဆောင်ရွက်တော်မူပါသည်။

သင်္ဂါယနာတင်သောကျမ်းများမှာ ဒီဃနိကာယ် – မဟာဝဂ္ဂ အဋ္ဌကထာ၊ ပါထိကဝဂ္ဂအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ မဇ္ဈိမ နိကာယ်– မူလပဏ္ဏာသအဋ္ဌကထာ၊ ဥပရိပဏ္ဏာသအဋ္ဌကထာ၊ သံယုတ္တ နိကာယ်– သဂါထာဝဂ္ဂအဋ္ဌကထာ၊ နိဒါနဝဂ္ဂအဋ္ဌကထာနှင့် ခန္ဓဝဂ္ဂ အဋ္ဌကထာ၊ သဠာယတနဝဂ္ဂအဋ္ဌကထာနှင့် ခုဒ္ဒကနိကာယ်–အဘိဓမ္မာ

ပိဋ္ဋက–သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ပဉ္စပကရဏအဋ္ဌ ကထာတို့ ဖြစ်သည်။

ထိုအဋ္ဌကထာ ဒုတိယသန္နိပါတတွင် သံဃနာယကဆရာတော် မထေရ်၏ သမ္မုတိပေးတော်မူချက်အရ မဟာစည်ဆရာတော်နှင့် မင်းကွန်းဆရာတော်တို့သည် မဟာဝဂ္ဂအဋ္ဌကထာ မဟာပဒါန သုတ်တော်ကို အကျယ်တဝင့် အမေးအဖြေပြုလုပ်တော်မူကြပါသည်။

ဆက်လက်၍ (၁၂–၁၁–၅၇)နေ့မှ (၁၃–၁၁–၅၇)နေ့အထိ နေ့ ၁ နာရီအချိန်တွင်မဟာစည် ဆရာတော်က မဟာပရိနိဗ္ဗာနသုတ်တော်လာ မှတ်သားဖွယ်အကြောင်းအရာများကို စီစစ်ဟောကြား လျှောက်ထားတော်မူပါသည်။

(၁၅–၁၁–၅၇)နေ့မှ (၂၃–၁–၅၈)နေ့အထိတွင် အနီးစခန်း ဆရာတော်က သင်္ဂါယနာတင်ဆဲဖြစ်သည့် ဆိုင်ရာအဋ္ဌကထာများမှ မှတ်သားဖွယ်အကြောင်းအရာများကို စီစစ်ဟောကြားလျှောက်ထား တော်မူပါသည်။

(၁၉–၁၁–၅၇)နေ့မှ (၂၅–၁၁–၅၇)နေ့အထိ သင်္ဂါယနာတင် ရက်များ၌၄င်း၊ (၃–၁၂–၅၇)နေ့မှ (၁၃–၁၂–၅၇)နေ့အထိ သင်္ဂါယနာ တင်ရက်များ၌ရင်း ဆိုင်ရာအဋ္ဌကထာများမှ မှတ်သားဖွယ်ရာ အကြောင်း အရာများကို အနီးစခန်းဆရာတော် မအားလပ်သည့်အတွက် ဟောကြား စီစစ်ခြင်း မပြုလုပ်ခဲ့ပေ။

## ၁၂။ အဋ္ဌကထာသင်္ဂါယနာတတိယသန္နိပါတ

အဋ္ဌကထာသင်္ဂါယနာ တတိယသန္နိပါတမဟာမဏ္ဍပ်သဘင်ကြီး ကို မြန်မာသက္ကရာဇ် ၁၃၂၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် (၃၀–၁၁–၅၈)တွင် ကျင်းပခဲ့ပါသည်။ ထိုတတိယ သန္နိပါတ

တွင် ထေရဝါဒနိုင်ငံတော်များမှ သံဃကိုယ်စားလှယ်ဆရာတော်ကြီးများနှင့် ပြည်တွင်းမှ ဆရာတော်များအပါအဝင် စုစုပေါင်း သံဂီတိကာရက သံဃာတော် ၃၀၀ ကျော်မျှ ပါဝင်သည်။

ထိုအဋ္ဌကထာသင်္ဂါယနာတွင် သံဃနာယကများအဖြစ် မစိုးရိမ်ဆရာတော်၊ မြသိန်းတန်ဆရာတော်၊ ထိုင်းနိုင်ငံသံဃအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတဖရာ့ဝိမလဓမ္မ၊ ဖြူးမြို့၊ မြို့ထောင့်ကျောင်းဆရာတော်၊ ရေစကြိုမြို့အောင်မြေသာယာဆရာတော်၊ ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်ဆရာတော်၊ တိုက်ကြီးမြို့ ဥတို့ရွာ လမ်းသစ်ကျောင်းဆရာတော်၊ စစ်ကိုင်းမြို့ တော်လေးထပ်ချောင် အဂ္ဂမဟာပဏ္ဍိတ စကုမော်ဆရာတော်၊ ပွဲနံတန်ဆာမြို့ သာသနာ သောဘိဏီကာရုံကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့ ပတ္တမြားတိုက် ဆရာတော်တို့က အသီးသီးသံဃနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ အကျိုးတော်ဆောင်ဆရာတော်များအဖြစ် အဂ္ဂမဟာပဏ္ဍိတ ဗားကရာတောရဆရာတော် ဦးနာဂဝံသနှင့် ဦးဝရသမ္ဘောဓိ အရှင်မြတ်တို့က ဆောင်ရွက်တော်မူပါသည်။

သင်္ဂါယနာတင်သောကျမ်းများမှာ အင်္ဂုတ္တရနိကာယ် အဋ္ဌကထာများ၊ ကင်္ခါဝိတရဏီအဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၊ ခုဒ္ဒကပါဌအဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာ၊ ဥဒါနအဋ္ဌကထာ၊ ဣတိဝုတ္တက အဋ္ဌကထာ၊ သုတ္တနိပါတအဋ္ဌကထာ၊ ဝိမာနဝတ္ထုအဋ္ဌကထာနှင့် ပေတဝတ္ထုအဋ္ဌကထာတို့ဖြစ်သည်။

သင်္ဂါယနာတင်ဖွင့်ပွဲနေ့၌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီးက သံဃမဟာနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ ကျန်ရက်များတွင် မန္တလေးမြို့နိုင်ငံတော်ဝိနည်းဓိုရ် အဂ္ဂမဟာ

ပဏ္ဍိတ ခေမာသီဝံသဆရာတော်ကြီးက သံဃမဟာနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ အင်္ဂုတ္တရအဋ္ဌကထာကို မဟာစည်ဆရာတော် နှင့် မင်းကွန်းဆရာတော်နှစ်ပါးတို့က မေးဖြေတော်မူကြပါသည်။ အင်္ဂုတ္တရနိကာယ်အဋ္ဌကထာများမှ ခုဒ္ဒကပါဠအဋ္ဌကထာအထိ (၇)ကျမ်းကို မဟာစည်ဆရာတော်ကစီစစ်၍ ဓမ္မပဒအဋ္ဌကထာမှ ပေတဝတ္ထု အဋ္ဌကထာများကို အနီးစခန်းဆရာတော်က စီစစ်တော်မူပါသည်။

အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ ပဌမအုပ်ကို (၃၀–၁၁–၅၈)နေ့မှ (၈–၁၂–၅၈)နေ့အထိ သင်္ဂါယနာတင်တော်မူပါသည်။စာမျက်နှာပေါင်း(၄၁၆)မျက်နှာရှိပါသည်။ ထိုကျမ်း သင်္ဂါယနာတင်စဉ်အတွင်း နေ့စဉ် နေ့ ၁နာရီအချိန်၌ အဂ္ဂမဟာပဏ္ဍိ မဟာစည်ဆရာတော်ဘုရားက အင်္ဂုတ္တရအဋ္ဌကထာစိစစ်ခဏ်းများကို မှတ်သားဘွယ်ရာ စိစစ်လျှောက်ကြားပါသည်။

အင်္ဂုတ္တရအဋ္ဌကထာ ဒုတိယအုပ်ကို (၉–၁၂–၅၈) နေ့မှ (၁၄–၁၂–၅၈)နေ့အထိ သင်္ဂါယနာတင်တော်မူပါသည်။ စာမျက်နှာပေါင်း(၃၉၇)မျက်နှာ ရှိပါသည်။ ထိုကျမ်း သင်္ဂါယနာတင်တော်မူစဉ် ထိုင်းနိုင်ငံဒုတိယသာသနာပိုင် (သံဃမန္တရီအဖွဲ့ဥက္ကဋ္ဌ) အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဖရာ ဝိမလဓမ္မဆရာတော်ကြီးကသံဃနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ မဟာစည်ဆရာတော်ဘုရားက အင်္ဂုတ္တရအဋ္ဌကထာလာမှတ်သားဖွယ်ရာများကို နေ့စဉ်စိစစ်လျှောက်ထားတော်မူပါသည်။

အင်္ဂုတ္တရအဋ္ဌကထာတတိယအုပ်ကို (၁၅–၁၂–၅၈)နေ့မှ (၁၉–၁၂–၅၈)နေ့အထိ သင်္ဂါယနာတင်တော်မူပါသည်။ စာမျက်နှာပေါင်း(၃၅၇)မျက်နှာရှိပါသည်။ ထိုကျမ်း သင်္ဂါယနာတင်တော်မူစဉ်

သီရိလင်္ကာနိုင်ငံ သံဃကိုယ်စားလှယ်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ အရှင်ဗုဒ္ဓဒတ္တဆရာတော်ကြီးက သံဃနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။မဟာစည်ဆရာတော်ဘုရားက အင်္ဂုတ္တရ အဋ္ဌကထာလာ မှတ်သားဖွယ်ရာများကို နေ့စဉ်စီစစ်လျှောက်ထား တော်မူပါသည်။

ကင်္ခါဝိတရဏီအဋ္ဌကထာကို (၂၀-၁၂-၅၈)နေ့မှ (၂၂-၁၂-၅၈) နေ့အထိ သင်္ဂါယနာတင်တော်မူပါသည်။ စာမျက်နှာပေါင်း(၂၇၅) မျက်နှာရှိပါသည်။ ထိုကျမ်းသင်္ဂါယနာတင်တော်မူစဉ် ဆဋ္ဌသင်္ဂါယနာ ဩဝါဒစရိယဖြစ်တော်မူသော ရေစကြိုမြို့ အောင်မြေသာယာဆရာတော်က သံဃနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ မဟာစည် ဆရာတော်ဘုရားက အင်္ဂုတ္တရအဋ္ဌကထာလာ မှတ်သားဖွယ် ရာများ အပြင် ကင်္ခါအဋ္ဌကထာမှ ဗဟုသုတများကိုလည်း နေ့စဉ်စီစစ် လျှောက်ထားတော်မူပါသည်။

ပဋိသမ္ဘိဒါအဋ္ဌကထာပဌမအုပ်ကို (၂၃-၁၂-၅၈)နေ့မှ (၂၇-၁၂-၅၈)နေ့အထိ သင်္ဂါယနာ တင်တော်မူပါသည်။ စာမျက်နှာပေါင်း(၃၄၅)မျက်နှာရှိပါသည်။ ထိုကျမ်း သင်္ဂါယနာတင်တော်မူစဉ် ပခုက္ကူမြို့ အဂ္ဂမဟာပဏ္ဍိတ မဟာဝိသုတာရာမဆရာတော်ကြီးက သံဃနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ မဟာစည်ဆရာတော်ဘုရားက ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာလာသည့် သီလနှင့် သိက္ခာပုဒ် အဖွင့်များမှစ၍ ဥဒယဗ္ဗယဉာဏ်အထိ ဝိပဿနာခဏ်း မှတ်သားဖွယ်ရာများကို နေ့စဉ် စီစစ်လျှောက်ထားတော်မူပါသည်။

ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ ဒုတိယအုပ်ကို(၂၈-၁၂-၅၈)နေ့မှ (၃၁-၁၂-၅၈)နေ့အထိ သင်္ဂါယနာတင်တော်မူပါသည်။ စာမျက်နှာပေါင်း(၃၂၃)မျက်နှာရှိပါသည်။ ထိုကျမ်းသင်္ဂါယနာတင်တော်မူစဉ်

တိုက်ကြီးမြို့၊ ဥတို့ရွာ၊ လမ်းသစ်ကျောင်းဆရာတော်ကြီးက သံဃနာယက အဖြစ် ဆောင်ရွက်တော်မူပါသည်။ မဟာစည်ဆရာတော်ဘုရားက ဥဒယဗ္ဗယဉာဏ်အကျယ်၌ ရုပ်ဖြစ်ပုံများမှ ဘင်္ဂါ နုပဿနာဉာဏ်ဖြစ်ပုံ အထိ ဝိပဿနာခဏ်းများကို နေ့စဉ်စီစစ်လျှောက် ထားတော်မူပါသည်။

ခုဒ္ဒကပါဌအဋ္ဌကထာကို (၁-၁-၅၉)နေ့မှ (၃-၁-၅၉)နေ့ အထိ သင်္ဂါယနာတင်တော်မူပါသည်။ စာမျက်နှာပေါင်း(၂၁၆)မျက်နှာ ရှိပါသည်။ ထိုကျမ်း သင်္ဂါယနာတင်တော်မူစဉ် တိုက်ကြီးမြို့၊ ဥတို့ရွာ၊ လမ်းသစ်ဆရာတော်ကြီးက သံဃနာယကအဖြစ်ဆောင်ရွက်တော်မူပါ သည်။ မဟာစည်ဆရာတော်ဘုရားက ခုဒ္ဒကပါဌအဋ္ဌကထာလာ မှတ်သား ဖွယ်ရာများကို နေ့စဉ် စီစစ်လျှောက်ထားတော်မူပါသည်။

ဓမ္မပဒအဋ္ဌကထာပဌမအုပ်ကို (၅-၁-၅၉)နေ့မှ (၁၁-၁-၅၉) နေ့အထိ သင်္ဂါယနာတင်တော်မူပါသည်။ စာမျက်နှာပေါင်း (၄၄၇) မျက်နှာ ရှိပါသည်။ ထိုကျမ်း သင်္ဂါယနာတင်တော်မူစဉ် စစ်ကိုင်းတောင်ရိုး၊ တောလေးထပ်ချောင်၊ အဂ္ဂမဟာပဏ္ဍိတ စကုမော် ဆရာတော်ကြီးက သံဃနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ အနီးစခန်းဆရာတော် ဘုရားက ဓမ္မပဒအဋ္ဌကထာ လာမှတ်သားဖွယ်ရာများကို နေ့စဉ် စီစစ်လျှောက်ထားတော်မူပါသည်။

ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ်ကို (၁၂ - ၁ - ၅၉) နေ့မှ (၁၇-၁-၅၉) နေ့အထိ သင်္ဂါယနာတင်တော်မူပါသည်။ စာမျက်နှာပေါင်း (၄၅၆) မျက်နှာရှိပါသည်။ ထိုကျမ်း သင်္ဂါယနာတင်တော်မူစဉ် ပြွန်တန် ဆာမြို့၊ ခုံဝိနည်းမိုရ်သာသနသောဘဏိကာရုံ ဆရာတော်ကြီးက သံဃ နာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။အနီးစခန်းဆရာတော် ဘုရားက ဓမ္မပဒအဋ္ဌကထာလာ မှတ်သားဖွယ်ရာများကို နေ့စဉ် စီစစ် လျှောက်ထားတော်မူပါသည်။

ဥဒါနအဋ္ဌကထာကို (၁၈-၁-၅၉)နေ့မှ (၂၁-၁-၅၉)နေ့အထိ သင်္ဂါယနာတင်တော်မူပါသည်။ စာမျက်နှာပေါင်း(၃၉၃)မျက်နှာ ရှိပါသည်။ ထိုကျမ်း သင်္ဂါယနာတင်တော်မူစဉ် မန္တလေးမြို့၊ ရွှေကျင် နိကာယ မဟာနာယကအဂ္ဂမဟာပဏ္ဍိတ ပတ္တမြား ဆရာတော်ကြီးက သံဃနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ အနီးစခန်း ဆရာတော် ဘုရားက ဥဒါနအဋ္ဌကထာလာ မှတ်သားဖွယ်ရာများကို နေ့စဉ် စီစစ် လျှောက်ထားတော်မူပါသည်။

ဣတိဝုတ္တကအဋ္ဌကထာကို (၂၂-၁-၅၉)နေ့မှ (၂၆-၁-၅၉) နေ့အထိ သင်္ဂါယနာတင်တော်မူပါသည်။ စာမျက်နှာပေါင်း (၃၅၅) မျက်နှာရှိပါသည်။ ထိုကျမ်းသင်္ဂါယနာတင်တော်မူစဉ် ဆဋ္ဌသင်္ဂါယနာ ဩဝါဒါစရိယဖြစ်တော်မူသော ဖြူးမြို့၊ မြို့ဒေါင့်ဆရာတော်ကြီးက သံဃနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ အနီးစခန်း ဆရာတော် ဘုရားက ဣတိဝုတ္တိကအဋ္ဌကထာလာ မှတ်သားဖွယ်ရာများကို နေ့စဉ် စီစစ်လျှောက်ထားတော်မူပါသည်။

သုတ္တနိပါတအဋ္ဌကထာ ပဌမအုပ်ကို (၂၇-၁-၅၉)နေ့မှ (၂၉-၁-၅၉)နေ့အထိ သင်္ဂါယနာတင်တော်မူပါသည်။ စာမျက်နှာပေါင်း (၃၁၄)မျက်နှာရှိပါသည်။ ထိုကျမ်း သင်္ဂါယနာတင်တော် မူစဉ် ရန်ကုန်မြို့၊ အဂ္ဂမဟာပဏ္ဍိတ ဗဟန်း၊ ဝေဠုဝန်ဆရာတော်ကြီးက သံဃနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ အနီးစခန်း ဆရာတော် ဘုရားက သုတ္တနိပါတအဋ္ဌကထာလာသည့် ခဂ္ဂဝိသာဏ သုတ်တော် ကြီး မှတ်သားဖွယ်ရာများကို နေ့စဉ် စီစစ်လျှောက်ထားတော်မူပါသည်။

သုတ္တနိပါတအဋ္ဌကထာ ဒုတိယအုပ်ကို (၃၀-၁-၅၉)နေ့မှ (၃-၂-၅၉)နေ့အထိ သင်္ဂါယနာတင်တော်မူပါသည်။ စာမျက်နှာပေါင်း

(၃၂၄)မျက်နှာရှိပါသည်။ ထိုကျမ်းသံဂါယနာတင်တော်မူစဉ် အဂ္ဂမဟာပဏ္ဍိတ ဒါးပိန်ဆရာတော်ကြီးက သံဃနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ အနီးစခန်းဆရာတော်ဘုရားက သုတ္တနိပါတအဋ္ဌကထာလာ မှတ်သားဖွယ်ရာများကို နေ့စဉ်စီစစ် လျှောက်ထားတော်မူပါသည်။

ဝိမာနအဋ္ဌကထာကို (၄-၂-၅၉)နေ့မှ (၆-၂-၅၉)နေ့အထိ သင်္ဂါယနာတင်တော်မူပါသည်။ စာမျက်နှာပေါင်း (၃၃၅)မျက်နှာရှိပါသည်။ ထိုကျမ်းသင်္ဂါယနာတင်တော်မူစဉ် နိုင်ငံတော်ဩဝါဒစရိယဖြစ်တော်မူသော ရန်ကုန်မြို့ အလယ်တောရဆရာတော်ကြီးက သံဃနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ အနီးစခန်းဆရာတော်ဘုရားက ဝိမာနအဋ္ဌကထာ လာမှတ်သားဖွယ်ရာ ဗိမာန်ရှင်များအကြောင်းကို နေ့စဉ်စီစစ်လျှောက်ထားတော်မူပါသည်။

ပေတဝတ္ထုအဋ္ဌကထာကို (၈-၂-၅၉)နေ့မှ (၁၀-၂-၅၉)နေ့အထိ သင်္ဂါယနာတင်တော်မူပါသည်။ စာမျက်နှာပေါင်း(၂၇၀)မျက်နှာရှိပါသည်။ ထိုကျမ်းသင်္ဂါယနာတင်တော်မူစဉ် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးက သံဃနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ အနီးစခန်း ဆရာတော်ဘုရားက ပေတဝတ္ထုအဋ္ဌကထာလာမှတ်သားဖွယ်ရာများကို နေ့စဉ် စီစစ်လျှောက်ထားတော်မူပါသည်။

## ၁၃။ အဋ္ဌကထာသင်္ဂါယနာစတုတ္ထသန္နိပါတ

အဋ္ဌကထာသင်္ဂါယနာ စတုတ္ထသန္နိပါတ မဟာမေ့သဘင်ကြီးကို မြန်မာသက္ကရာဇ် ၁၃၂၁ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၁၈-၁၀-၅၉)တွင် ကျင်းပခဲ့ပါသည်။ ထိုတတိယသန္နိပါတတွင် ထေရဝါဒနိုင်ငံတော်များမှ သံဃကိုယ်စားလှယ်ဆရာတော်ကြီးများနှင့်

ပြည်တွင်းမှ ဆရာတော်များအပါအဝင် စုစုပေါင်း သံဃိတိကာရက သံဃာတော် ၃၀၀ ကျော်မျှ ပါဝင်သည်။

ထိုအဋ္ဌကထာသင်္ဂါယနာတွင် သံဃမဟာနာယကများအဖြစ် ဖွင့်ပွဲနေ့တွင် အဘိဓဇ မဟာရဋ္ဌဂုရုဘဒ္ဒန္တသူရိယ(မစိုးရိမ်ဆရာတော်)၊ ကျန်နေ့များတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုနန္ဒ မဟာဝိသုတာရာမဆရာတော်၊ ကမ္ဘောဒီးယားနိုင်ငံ သံဃနာယက ဖရားဗောဓိဝံသ ဆရာတော်၊ သီဟိုဠ်နိုင်ငံ အဂ္ဂမဟာပဏ္ဍိတ အာနန္ဒာမေတ္တေယျ ဆရာတော်၊ ထိုင်းနိုင်ငံ အဂ္ဂမဟာပဏ္ဍိတ ဖရားဝိမလဓမ္မဆရာတော်၊ မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ ပတ္တမြားတိုက် ဆရာတော် ဘဒ္ဒန္တဇာဂရ၊ ဖြူးမြို့ အဂ္ဂမဟာပဏ္ဍိတ မြို့ထောင့်ကျောင်းဆရာတော် ဘဒ္ဒန္တဇဝန၊ ရေစကြိုမြို့ အဂ္ဂမဟာပဏ္ဍိတ အောင်မြေသာယာဆရာတော် ဘဒ္ဒန္တစာရိန္ဒ၊ တိုက်ကြီးမြို့ ဥတိုရွာလမ်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၊ စစ်ကိုင်းမြို့ တောလေးထပ်ချောင် အဂ္ဂမဟာပဏ္ဍိတ စကုမော်ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ ဗဟန်း ဝေဠုဝန် ဆရာတော်ဘဒ္ဒန္တခေမာစာရ၊ ပြွန်တန်ဆာမြို့ သာသနာ သောဘိဏိကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ ပြည်မြို့ အဂ္ဂမဟာပဏ္ဍိတ ပွင့်လှသိမ်ကုန်း ဆရာတော် ဘဒ္ဒန္တတိက္ခ၊ ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ အလယ်တောရ ဆရာတော် ဘဒ္ဒန္တရေဝတ၊ မအူပင်မြို့ မြို့လယ် ကျောင်းဆရာတော် ဘဒ္ဒန္တအာစိက္ခဏ၊ ဒါးပိန်မြို့ အဂ္ဂမဟာပဏ္ဍိတ ဇီးဖြူးကုန်းဆရာတော် ဘဒ္ဒန္တနာဂိန္ဒ၊ စစ်ကိုင်းတောင်ရိုး ဘဒ္ဒန္တ ပညာလင်္ကာသယ ဆရာတော်၊ မြိတ်မြို့ အဂ္ဂမဟာပဏ္ဍိတ တောကျောင်းဆရာတော် ဘဒ္ဒန္တပဒုမတို့က အသီးသီး သံဃနာယက အဖြစ်ဆောင်ရွက်တော်မူပါသည်။ အကျိုးတော်ဆောင် ဆရာတော်များအဖြစ် အဂ္ဂမဟာပဏ္ဍိတ ဗားကရာတောရ ဆရာတော်ဦးနာဂဝံသက ဆောင်ရွက်တော်မူပါသည်။

သင်္ဂါယနာတင်သော ကျမ်းများမှာ ခုဒ္ဒကနိကာယ်-ထေရဂါထာ အဋ္ဌကထာ၊ ထေရီဂါထာအဋ္ဌကထာ၊ အပဒါနအဋ္ဌကထာ၊ ဇာတက အဋ္ဌကထာ၊ မဟာနိဒ္ဒေသအဋ္ဌကထာ၊ စူဠနိဒ္ဒေသ အဋ္ဌကထာ၊ ဗုဒ္ဓဝံသ အဋ္ဌကထာ၊ စရိယာပိဋကအဋ္ဌကထာ၊ ဝိနယပိဋကဝိနယသင်္ဂဟ အဋ္ဌကထာတို့ဖြစ်သည်။

အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘန၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တ သာရာဘိဝံသတို့က သင်္ဂါယနာ စိစစ် ခဏ်းပြုလုပ်တော်မူကြသည်။

## ၁၄။ ဋီကာသံဂါယနာပထမသန္နိပါတ

ဋီကာသင်္ဂါယနာ ပထမသန္နိပါတမဟာဓမ္မသဘင်ကြီးကို မြန်မာသက္ကရာဇ် ၁၃၂၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် (၅-၁၁-၆၀)တွင် ကျင်းပခဲ့ပါသည်။ ထိုဋီကာ သင်္ဂါယနာ ပထမသန္နိပါတ တွင် ထေရဝါဒနိုင်ငံတော်များမှ သံဃကိုယ်စားလှယ် ဆရာတော်ကြီး များနှင့် ပြည်တွင်းမှ ဆရာတော်များအပါအဝင် စုစုပေါင်း သံဂီတိကာ ရက သံဃာတော် ၃၀၀ ကျော်မျှ ပါဝင်သည်။

ထိုအဋ္ဌကထာသင်္ဂါယနာတွင် သံဃမဟာနာယကများအဖြစ် ဖွင့်ပွဲနေ့တွင်အဘိဓဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တသူရိယ(မစိုးရိမ်ဆရာတော်)၊ ကျန်နေ့များတွင် ရေစကြိုမြို့ အဂ္ဂမဟာပဏ္ဍိတ အောင်မြေသာယာ ဆရာတော် ဘဒ္ဒန္တစာရိန္ဒ၊ တိုက်ကြီးမြို့၊ ဥတိုရွာ၊ လမ်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၊ စစ်ကိုင်းမြို့ တောလေးထပ်ချောင် အဂ္ဂမဟာ ပဏ္ဍိတ စကုမော်ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ပြွန်တန်ဆာမြို့ သာသနာ

သောဘိတဇိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ ပတ္တမြားတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရ၊ ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ ဗဟန်းဝေဠုဝန်ဆရာတော် ပဏ္ဍိတခေမာစာရ၊ ဒါးပိန်မြို့၊ အဂ္ဂမဟာပဏ္ဍိတ ဓိးဖြူးကုန်းဆရာတော် ဘဒ္ဒန္တနာဂိန္ဒ၊ မြိတ်မြို့၊ အဂ္ဂမဟာပဏ္ဍိတ တောကျောင်းဆရာတော် ဘဒ္ဒန္တပဒုမ၊ စစ်ကိုင်းတောင်ရိုး ဘဒ္ဒန္တပညာလင်္ကာရသဃ ၊ရန်ကုန်မြို့၊ အဂ္ဂမဟာပဏ္ဍိတ အလယ်တောရ ဆရာတော် ဘဒ္ဒန္တရေဝတ၊ မအူပင်မြို့ မြို့လယ်ကျောင်း၊ ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏတို့က အသီးသီးသံဃနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ အကျိုးတော်ဆောင်ဆရာတော်အဖြစ် အဂ္ဂမဟာပဏ္ဍိတ ဗားကရာတောရဆရာတော် ဦးနာဂဝံသက ဆောင်ရွက်တော် မူပါသည်။

သင်္ဂါယနာတင်သောဋီကာများမှာ ဝိနယပိဋက–သာရတ္ထဒီပနီ၊ ဝိမတိဝိနောဒနီဋီကာ၊ ဝဇိရဗုဒ္ဓိဋီကာ၊ သုတ္တန္တပိဋက–ဝိသုဒ္ဓိမဂ္ဂဋီကာ၊ အဘိဓမ္မပိဋက ဓမ္မသင်္ဂဏီမူလ ဋီကာ၊ ဓမ္မသင်္ဂဏီအနုဋီကာ၊ ဝိဘင်္ဂမူလဋီကာ၊ ဝိဘင်္ဂအနုဋီကာ၊ ပဥ္စပကရဏမူလဋီကာ၊ ပဥ္စပကရဏအနုဋီကာတို့ဖြစ်သည်။ သင်္ဂါယနာတင်ပြီးဆုံးသည်နေ့မှာ မြန်မာသက္ကရာဇ် ၁၃၂၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၁၃ရက် (၁၃–၁–၆၁)နေ့ ဖြစ်သည်။

## ၁၅။ ဋီကာသင်္ဂါယနာဒုတိယသန္နိပါတ

ဋီကာသင်္ဂါယနာ ဒုတိယသန္နိပါတမဟာဓမ္မသဘင်ကြီးကို မြန်မာသက္ကရာဇ် ၁၃၂၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် (၅–၁၁–၆၀)တွင် ကျင်းပခဲ့ပါသည်။ ထိုဋီကာသင်္ဂါယနာ ပထမ သန္နိပါတတွင် ထေရဝါဒနိုင်ငံတော်များမှ သံဃကိုယ်စားလှယ် ဆရာ

တော်ကြီးများနှင့်ပြည်တွင်းမှ ဆရာတော်များအပါအဝင် စုစုပေါင်း သံဃိတိ ကာရကသံဃာတော် ၃၀၀ ကျော်မျှ ပါဝင်သည်။

ထိုအဋ္ဌကထာသင်္ဂါယနာတွင် သံဃမဟာနာယကများအဖြစ် ဖွင့်ပွဲနေ့တွင် အဘိဓဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တသူရိယ (မစိုးရိမ်ဆရာတော်)၊ ကျန်နေ့များတွင် တိုက်ကြီးမြို့၊ ဉတိုရွာ၊ လမ်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၊ ရေစကြိုမြို့ အဂ္ဂမဟာပဏ္ဍိတ အောင်မြေသာသယာ ဆရာတော် ဘဒ္ဒန္တစာရိန္ဒ၊ မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ ပတ္တမြားတိုက် ဆရာတော် ဘဒ္ဒန္တဇာဂရ၊ ဖြူးမြို့ မြို့ထောင့်ကျောင်းဆရာတော် ဘဒ္ဒန္တဇဝန၊ စစ်ကိုင်းတောင်ရိုး ဘဒ္ဒန္တပညာလင်္ကာသယ၊ ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ ဗဟန်းဝေဠုဝန်ဆရာတော် ဘဒ္ဒန္တခေမာစာရ၊ မအူပင် မြို့၊ မြို့လယ်ကျောင်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ၊ ပွဲနိတန်ဆာမြို့၊ သာသနသောဘိဏိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ ပြည်မြို့ အဂ္ဂမဟာပဏ္ဍိတ ပွင့်လှသိမ်ကုန်းဆရာတော် ဘဒ္ဒန္တတိက္ခ၊ မြိတ်မြို့ အဂ္ဂမဟာပဏ္ဍိတ တောကျောင်းဆရာတော် ဘဒ္ဒန္တ ပဒုမ၊ ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ အလယ်တောရဆရာတော် ဘဒ္ဒန္တရေဝတ၊ ဒါးပိန်မြို့ အဂ္ဂမဟာပဏ္ဍိတ ဓိးဖြူးကုန်းဆရာတော် ဘဒ္ဒန္တနာဂိန္ဒ၊ ရန်ကုန်မြို့ ဇေယျဝတီဆရာတော် ဘဒ္ဒန္တဉက္ကံသ၊ သီဟိုဠ်နိုင်ငံ ဘဒ္ဒန္တအရိယဝံသဆရာတော်တို့က အသီးသီး သံဃနာယကအဖြစ် ဆောင်ရွက်တော်မူပါသည်။ အကျိုးတော်ဆောင် ဆရာတော်အဖြစ် အဂ္ဂ မဟာပဏ္ဍိတ ဗားကရာတောရဆရာတော် ဦးနာဂဝံသက ဆောင်ရွက် တော်မူပါသည်။

သင်္ဂါယနာတင်သော ဋီကာများမှာ သီလက္ခန္ဓဝဂ္ဂဋီကာ၊ သီလ က္ခန္ဓဝဂ္ဂ အဘိနဝဋီကာ၊ မဟာဝဂ္ဂဋီကာ၊ ပါထိကဝဂ္ဂဋီကာ၊ မူလ

ပဏ္ဏာသဋီကာ၊ မဇ္ဈိမပဏ္ဏာသနှင့် ဥပရိပဏ္ဏာသဋီကာ၊ သံယုတ္တဋီကာ (သဂါထာဝဂ္ဂ၊ နိဒါန၊ ခန္ဓ၊ သဠာယတန၊ မဟာဝဂ္ဂ)၊ အင်္ဂုတ္တရ ဋီကာ (ဧကကနိပါတမှဧကာဒသကထိ)၊ ကင်္ခါပုရာဏာဘိနဝဋီကာ၊ နေတ္တိ ဋီကာနှင့် နေတ္တိဝိဘာဝိနီဋီကာတို့ဖြစ်သည်။ သင်္ဂါယနာတင် ပြီးဆုံး သည့်နေ့မှာ မြန်မာသက္ကရာဇ် ၁၃၂၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် (၁၆-၂-၆၂)နေ့ဖြစ်သည်။

## ၁၆။ ဆဋ္ဌသင်္ဂါယနာဓမ္မဝိနယအမိန့်တော်ပြန်တမ်း

ဆဋ္ဌသင်္ဂါယနာနှင့် သာသနာတော်(၂၅၀၀)ပြည့် အောင်ပွဲ သဘင် ဆင်ယင်ကျင်းပသည့်အချိန်အခါတွင် ဆဋ္ဌသင်္ဂါယနာ ဩဝါဒါ စရိယ ဆရာတော်များ၊ ဝန်ဆောင်သံဃာ့အဖွဲ့ဝင်ဆရာတော်များ အမှူး ရှိသော သံဃိတိကာရက ၂၅၀၀ ကျော်တို့က ကြွင်းကျန်သော အနာဂတ် သာသနာ (၂၅၀၀) တည်မြဲရေး၊ တိုးတက်ကြီးပွားရေး၊ သန့်ရှင်းရေး၊ ဘုရားရှင်၏ အဆုံးအမနှင့်အညီ ကျင့်ကြံရေးတို့ကို ရှေ့ရှု၍ ၁၃၁၈- ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်နေ့ ည-၇နာရီအချိန် လိုဏ်ဂူတော် ကြီး၌ ဩဝါဒါစရိယဆရာတော်များ၊ ဝန်ဆောင်ဆရာတော်များ၊ ပါဠိ ဝိသောဓကအဖွဲ့ ကိုယ်စားလှယ်ဆရာတော်များ၊ ဘာဏကအဖွဲ့ ကိုယ်စားလှယ်ဆရာတော်များ၊ သံဃိတိဂါဟကအဖွဲ့၊ သိက္ခာဝိဓာယက အဖွဲ့၊ ကထာဝိသဇ္ဇကအဖွဲ့၊ ဝေယျာဝစ္စကာရကအဖွဲ့၊ ပဝတ္တိ သမ္ပဝေဒကအဖွဲ့ ဆရာတော်များ၏ ကျင်းပအပ်သော အစည်းအဝေး ဆုံးဖြတ်ချက်အရ အောက်ပါ ဆဋ္ဌသင်္ဂါယနာဓမ္မဝိနယ အမိန့်တော် ပြန်တမ်းကို ထုတ်ပြန်တော်မူခဲ့သည်။

၁၃၁၆ ခုနှစ်၊ သာသနာ-၂၄၉၈-ခုနှစ်၊ ကဆုန်လပြည့်နေ့မှ စတင်ကျင်းပ၍ ၁၃၁၈ ခုနှစ်၊ သာသနာ-၂၅၀၀ ပြည့်နှစ်၊ ကဆုန်

လပြည့်နေ့တွင် ပြီးဆုံးအောင်မြင်သည့် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသင်္ဂါယနာသြဝါဒါစရိယဆရာတော်များ၊ ဝန်ဆောင် သံဃအဖွဲ့ ဆရာတော်များအမှူးရှိသော သံဃီတိကာရက ၂၅၀၀ ကျော်တို့က ကြွင်းကျန်သော အနာဂတ်သာသနာ (၂၅၀၀) တည်မြဲရေး၊ တိုးတက်ကြီးပွားရေး၊ သန့်ရှင်းရေး၊ ဘုရားရှင်၏ အဆုံးအမနှင့်အညီ ကျင့်ကြံရေးတို့ကိုရှေ့ရှု၍ အောက်ပါဆဋ္ဌသင်္ဂါယနာ ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကို ထုတ်ပြန်တော်မူလိုက်ကြသည်။

**ဆဋ္ဌသင်္ဂါယနာဓမ္မဝိနယအမိန့်တော်ပြန်တမ်း**

၁။ ကယဝိက္ကယသိက္ခာပုဒ်တော်အရ ရောင်းဝယ်ဖေါက်ကားခြင်း အမှုမှ ရှောင်ကြဉ်ကြရမည်။

၂။ ဇာတရူပသိက္ခာပုဒ်တော်နှင့်အညီ ရွှေငွေစသော ရတနာတို့ကို ကိုင်တွယ်ခံယူခြင်းမှ ရှောင်ကြဉ်ကြရမည်။

၃။ သစ်သီးပေးခြင်း၊ ပန်းပေးခြင်း၊ ဆေးကုခြင်းစသော ကုလဒူသန၊ အနေသန၊ မိစ္ဆာဇီဝအမှုတို့မှ ရှောင်ကြဉ်ကြရမည်။

၄။ အာဇီဝဟူသောအကြောင်းကြောင့် ပညတ်တော်မူအပ်သော ခြောက်ပါးသော သိက္ခာပုဒ်တော်တို့ကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ကြရမည်။

၅။ ဂီရဂ္ဂသမဇ္ဇသိက္ခာပုဒ်တော်အရ ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ အငြိမ့်ပွဲ၊ ရုပ်ရှင်ပွဲ၊ ပြဇာတ်၊ ဆပ်ကပွဲ၊ ဘောလုံးပွဲ၊ လက်ဝှေ့ပွဲအစရှိသော ပွဲလမ်းသဘင်တို့ကို ကြည့်ရှုခြင်းမှ ရှောင်ကြဉ်ကြရမည်။

၆။ မြင်းပွဲ၊ လှေပွဲ၊ နွားပွဲစသည့်များသို့ သွားလာခြင်း၊ လောင်းတမ်းကစားခြင်းများမှ ရှောင်ကြဉ်ကြရမည်။

၇။ မြို့တွင်း၊ ရွာတွင်းသို့ သွားလာသည့်အခါ သေခိယသိက္ခာပုဒ်တော်နှင့်အညီ သက်န်းရုံ၍ သွားခြင်းစသည့်တို့ကို ပြုကျင့်ကြရမည်။

၈။ ရာဇဝတ်မကင်းသော ပြုကျင့်မှုများမှ ရှောင်ကြဉ်ကြရမည်။

၉။ ဝိနည်းတော်အရ လုံလောက်သောအကြောင်းမရှိဘဲ မြို့တွင်းရွာတွင်းသို့ အချိန်မဲ့အခါမဲ့တို့၌ သွားလာခြင်းမှ ရှောင်ကြဉ်ကြရမည်။

၁၀။ မြို့တွင်းရွာတွင်း၌ ရဟန်းတို့နှင့် မလျော်သောနေရာဌာနသို့ သွားလာခြင်းမှ ရှောင်ကြဉ်ကြရမည်။

၁၁။ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကျန်သော ဝိနည်းသိက္ခာပုဒ်တော် တို့ကိုလည်း မိမိအသက်နှင့်အတူ ရိုသေစွာ စောင့်ထိန်းကြရမည်။

၁၂။ ပရိယတ်၊ ပဋိပတ်လုပ်ငန်းမှတပါး ရဟန်းတို့၏ အလုပ်မဟုတ်သော ဂိဟိကမ္မများမှ ရှောင်ကြဉ်ကြရမည်။

သာသနာစင်ကြယ်သန့်ရှင်းစွာ တည်တံ့ရေးအတွက် နိုင်ငံတော်ဗုဒ္ဓသာသနာ အဖွဲ့ အမှုဆောင်အစည်းအဝေးမှ ဆုံးဖြတ်တိုက်တွန်းချက် ၁၃၁၆–ခု၊ ကဆုန်လပြည့်နေ့မှစတင်၍ ၁၃၁၈–ခု၊ ကဆုန်လပြည့်နေ့တွင် ပြီးဆုံးအောင်မြင်သည့် ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသင်္ဂါယနာဩဝါဒါစရိယဆရာတော်များ၊ ဝန်ဆောင်အဖွဲ့ဝင်ဆရာတော်များအမှူးရှိသော သံဃီတိကာရက(၂၅၀၀)ကျော်တို့က အနာဂတ်သာသနာတော်တည်မြဲရေး၊ တိုးတက်ကြီးပွါးရေး၊ သန့်ရှင်းစင်ကြယ်ရေး၊ ဘုရားရှင်အဆုံး အမနှင့်အညီ ကျင့်ကြံရေးတို့ကို ရှေးရှု၍ ဆဋ္ဌသင်္ဂါယနာဓမ္မဝိနယအမိန့်ပြန်တမ်းတော်နှင့်အညီ လိုက်နာတော်မူကြသည့် ရဟန်းတော်အရှင်မြတ်များသည်သာလျှင် 'အနာဂတေ လဇ္ဇီရက္ခိ ဿတိ' ဟူသော စကားတော်နှင့်အညီ သာသနာတော်ကို

စောင်ထိန်းသည့်အရှင်မြတ်များ ဖြစ်သည်ဟူ၍၄င်း၊ အဆိုပါဆဋ္ဌသင်္ဂါယနာ ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းနှင့် ဆန့်ကျင်သည့် အလဇ္ဇီ ဒုဿီလပါပပုဂ္ဂိုလ်တို့မှာမူ သာသနာတော်၏ ဆူးညောင့် အညစ် အကြေးသဖွယ်ဖြစ်သည်ဟူ၍၄င်း၊ ဤနိုင်ငံတော်ဗုဒ္ဓသာသနာတော် အဖွဲ့က ယုံကြည်ပါသောကြောင့် အနာဂါတ်သာသနာတော် တည်မြဲရေး တိုးတက်ရေးကြီးပွားရေး၊ သန့်ရှင်းစင်ကြယ်ရေးတို့ကို ရှေးရှုကာ 'ဝိစေယျ ဒါနံဒါတဗ္ဗံ' ဟူသော ပါဠိတော်နှင့်အညီ အဆိုပါ ဆဋ္ဌသင်္ဂါယနာ ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းနှင့် ညီညွတ်စွာ လိုက်နာတော်မူသည့် ရဟန်းတော်အရှင်မြတ်တို့အားစိစစ်၍ ကိုးကွယ်ပူဇော်ကြရန် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးက ဗုဒ္ဓဘာသာဝင် အပေါင်းတို့အား လေးနက်စွာ တိုက်တွန်းပါကြောင်း။

အဆိုပါဆဋ္ဌသင်္ဂါယနာဓမ္မဝိနယပြန်တမ်းအတိုင်း မလိုက်နာ သေးသည့် ပုဂ္ဂိုလ်တို့ကို နိဂ္ဂဟမပြု ပဂ္ဂဟအမှုဖြင့် ကိုးကွယ်ပူဇော်ခဲ့လျှင် အဆိပ်ပင်ရေလောင်းဆို သကဲ့သို့ဖြစ်သည်ဟု ယူဆဖွယ်ရှိသော ကြောင့် ထိုပုဂ္ဂိုလ်တို့အား အလျှင်အမြန် အကျင့်သိက္ခာကို ပြုပြင်ထိန်း သိမ်းကြရန် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က လေးနက်စွာ မေတ္တာရပ်ခံ ပါကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ဝှန်းလုံးရှိ သာသနာရေး ဆိုင်ရာ အသင်းအဖွဲ့များက ဆုံးဖြတ်ချက်ကိုထောက်ခံ၍ မိမိတို့ဆိုင်ရာ ဒေသများတွင် အထက်ပါအတိုင်း တိုက်တွန်းခြင်း မေတ္တာရပ်ခံခြင်းအမှု များကို ပြုကြပါရန် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က လေးနက်စွာ တိုက်တွန်းပါကြောင်း။

# အခန်း (၅)

## ဆဋ္ဌသင်္ဂါယနာဝေါဟာရများ

ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မဘာသင်အခမ်းအနား၌ သင်္ဂါတိ ကာရက သံဃာတော်အရှင်မြတ်များသည် အောက်ဖော်ပြပါ ဝေါဟာရများကို သုံးနှုန်းတော်မူခဲ့ကြပါ၍ ထိုအသုံးအနှုန်းတို့ကို ဆဋ္ဌသင်္ဂါယနာ ဝေါဟာရများအဖြစ် အောက်ပါအတိုင်း စုစည်းဖော်ပြအပ်ပါသည်။

၁။ အာဝုသော=ငါ့ရှင် (ကြီးသောရဟန်းက ငယ်သောရဟန်းကို ခေါ်သောစကား)

၂။ ဘန္တေ=အရှင်ဘုရား (ငယ်သောရဟန်းက ကြီးသောရဟန်းကို ခေါ်သောစကား)

| | | |
|---|---|---|
| ၃။ | ဘဒ္ဒန္တ | အရှင် |
| ၄။ | ပုစ္ဆန | မေးခြင်း |
| ၅။ | ဝိဿဇ္ဇန | ဖြေခြင်း |
| ၆။ | ပုစ္ဆက | မေးတတ်သောပုဂ္ဂိုလ် |
| ၇။ | ဝိဿဇ္ဇက | ဖြေတတ်သောပုဂ္ဂိုလ် |
| ၈။ | ဆဋ္ဌ | ခြောက်ကြိမ်မြောက် |
| ၉။ | သင်္ဂါယနာ | တညီတညွတ်ရွတ်ဆိုခြင်း |
| ၁၀။ | သင်္ဂီတိ | တညီတညွတ်ရွတ်ဆိုခြင်း |
| ၁၁။ | ကာရက | ပြုလုပ်တတ်သောပုဂ္ဂိုလ် |

| | | |
|---|---|---|
| ၁၂။ | သင်္ဂီတိကာရက | သင်္ဂါယနာကိုပြုလုပ်တတ်သောပုဂ္ဂိုလ် |
| ၁၃။ | သံဃာ | သံဃာ |
| ၁၄။ | သင်္ဂီတိကာရကသံဃာ | သင်္ဂါယနာကိုပြုလုပ်တတ်သောသံဃာ |
| ၁၅။ | နာယက | အကြီးအမှူးမထေရ် |
| ၁၆။ | သင်္ဂီတိကာရကသံဃ– | သင်္ဂါယနာကိုပြုလုပ်တတ်သော သံဃအကြီးအမှူးထေရ် နာယက |
| ၁၇။ | ဩဝါဒ | ဆုံးမသွန်သင်ခြင်း |
| ၁၈။ | အာစရိယ | ဆရာ |
| ၁၉။ | ဩဝါဒါစရိယ | ဆုံးမသွန်သင်တတ်သောဆရာ |
| ၂၀။ | ဩဝါဒါစရိယသံဃနာယက | ဆုံးမသွန်သင်တတ်သော ဆရာတော် သံဃာတော်များ၏ အကြီးအမှူး (ဩဝါဒါစရိယသံဃနာယကအဖွဲ့) |
| ၂၁။ | ဘာရ | ဝန်(လုပ်ငန်းတာဝန်) |
| ၂၂။ | နိတ္ထာရက | ဆောင်ရွက်သောပုဂ္ဂိုလ် |
| ၂၃။ | ဘာရနိတ္ထာရကသံဃ | ဝန်ဆောင်သံဃာ |
| ၂၄။ | ဘာရနိတ္ထာရက | ဝန်ဆောင်ပုဂ္ဂိုလ် |
| ၂၅။ | ဆဋ္ဌသင်္ဂါယနာဘာရ– | ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃာ |
| ၂၆။ | နိတ္ထာရကသံဃာ | (ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃာအဖွဲ့) |
| ၂၇။ | ဝိစာယက | စီမံတတ်သောပုဂ္ဂိုလ် |
| ၂၈။ | သင်္ဂီတိဝိစာယက | သင်္ဂါယနာစီမံတတ်သောပုဂ္ဂိုလ် (တင်ရန်ကျမ်း အပိုင်းအချိန်ကာလစသည်) |
| ၂၉။ | ကထာ | ဘုရားစကားတော် |

| | | |
|---|---|---|
| ၃၀။ | ဝိသဇ္ဇက | ဖြေကြားသောပုဂ္ဂိုလ် |
| ၃၁။ | ကထာဝိသဇ္ဇက | ဘုရားစကားတော် (ဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာသောအခါ ဖြေကြားသော ပုဂ္ဂိုလ် (ကထာဝိသဇ္ဇကအဖွဲ့) |
| ၃၂။ | အာရက္ခ | စောင့်ရှောက်သောပုဂ္ဂိုလ် (သင်္ဂီတိကာရက ရဟန်းတော်များ |
| ၃၃။ | သမဏသာရုပ္ပ | သမဏသုခ ဖြစ်ရေးအတွက် စောင့်ရှောက်သော ပုဂ္ဂိုလ် (အာရက္ခအဖွဲ့) |
| ၃၄။ | ဝေယျာဝစ္စ | ဆွမ်းကွမ်းစသောဝေယျာဝစ္စ |
| ၃၅။ | ကရ | ပြုလုပ်ဆောင်ရွက်သောပုဂ္ဂိုလ် |
| ၃၆။ | ဝေယျာဝစ္စကရ | ဆွမ်းကွမ်းစသော ဝေယျာဝစ္စကိုပြုလုပ်ဆောင်ရွက်သောပုဂ္ဂိုလ် (ဝေယျာဝစ္စကရအဖွဲ့) |
| ၃၇။ | ပဝတ္တိ | အဖြစ်သနစ်အကြောင်းအရာ |
| ၃၈။ | သမ္ပဝေဒက | (ကြားသိစေရန်) ပြန်ကြား ကျေညာသော ပုဂ္ဂိုလ် (ပဝတ္တိသမ္ပဝေဒကအဖွဲ့) |
| ၃၉။ | ပဝတ္တိသမ္ပဝေဒက | အဖြစ်သနစ်အကြောင်းအရာကို ပြန်ကြားကျေညာသောအဖွဲ့ |
| ၄၀။ | ပါဠိ | ဘုရားဟောစကားတော်အစဉ် (ပါဠိတော်) |
| ၄၁။ | ဝိသောဓန | သုတ်သင်ခြင်း၊ စီစစ်ခြင်း=တည်းဖြတ်ခြင်း |
| ၄၂။ | ပါဠိဝိသောဓက | ပါဠိတော်ကိုသုတ်သင်တည်းဖြတ် တတ်သောပုဂ္ဂိုလ် (ပါဠိဝိသောဓကအဖွဲ့) |
| ၄၃။ | ပဋ္ဋိ | နောက်ထပ်-ထပ်မံ |

| | | |
|---|---|---|
| ၄၄။ | ပဋိဝိသောကေ | ထပ်မံသုစ်သင်တည်းဖြတ်တတ်သော ပုဂ္ဂိုလ် (ပဋိဝိသောကေအဖွဲ့) |
| ၄၅။ | ပါဠ | ဘတ်ခြင်း (ပါဠ်) |
| ၄၆။ | ပါဠက | ဘတ်သောပုဂ္ဂိုလ် |
| ၄၇။ | သောဓေယျ | သုစ်သင်အပ်သောစာ |
| ၄၈။ | ပတ္တ | စာရွက် (အလွှာ) စာလွှာ=စာမူ |
| ၄၉။ | သောဓေယျပတ္တပါဠက | သုစ်သင်အပ်သောစာလွှာကို (မူကြမ်းကို) ဘတ်သောပုဂ္ဂိုလ် (သောဓေယျပတ္တပါဠကအဖွဲ့) |
| ၅၀။ | ဩသာန | အဆုံးသတ် (အပြီးသတ်) |
| ၅၁။ | ဩသာနသောဓေယျပတ္တ | သုစ်သင်အပ်သောစာလွှာကို အဆုံး သတ် |
| ၅၂။ | ပါဠက | (တည်းဖြတ်)ဘတ်ကြားသောပုဂ္ဂိုလ် (ဩသာနသောဓေယျပတ္တပါဠကအဖွဲ့) |
| ၅၃။ | သန္ဓိပါတ | အစည်းအဝေး |
| ၅၄။ | ပဌမသန္ဓိပါတ | ပဌမအကြိမ်မြောက်အစည်းအဝေး |
| ၅၅။ | ဒုတိယသန္ဓိပါတ | ဒုတိယအကြိမ်မြောက်အစည်းအဝေး |
| ၅၆။ | တတိယသန္ဓိပါတ | တတိယအကြိမ်မြောက်အစည်းအဝေး |
| ၅၇။ | စတုတ္ထသန္ဓိပါတ | စတုတ္ထအကြိမ်မြောက်အစည်းအဝေး |
| ၅၈။ | ပဉ္စမသန္ဓိပါတ | ပဉ္စမအကြိမ်မြောက်အစည်းအဝေး |
| ၅၉။ | ဝိဟာရ | ကျောင်း (ကျောင်းဆောင်) |
| ၆၀။ | ဓမ္မုဒ္ဒိပ | တောင်ကျွန်း |
| ၆၁။ | အပရဂေါယာန | အနောက်ကျွန်း |

| | | |
|---|---|---|
| ၆၂။ | ဥတ္တရကုရု | မြောက်ကျွန်း |
| ၆၃။ | ပုဗ္ဗဝိဒေဟ | အရှေ့ကျွန်း |
| ၆၄။ | ဇမ္ဗူဒီပဝိဟာရ | တောင်ကျွန်းကျောင်း |
| ၆၅။ | ဆဋ္ဌသင်္ဂီတိ | ဆဋ္ဌသင်္ဂါယနာတင် |
| ၆၆။ | မဟာပါသာဏဂုဟာ | ကျောက်လိုဏ်ဂူတော်ကြီး |

❁

## နိဂုံး

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ သင်္ဂါယနာတင်ပွဲများနှင့် အတူ ပဲ ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံ၌ တင်ခဲ့သော ဆဋ္ဌသင်္ဂါယနာတင်ပွဲသည် ရှေးရှေးသော သင်္ဂါယနာတင်ပွဲတို့၏ ဝိသေသလက္ခဏာ ဂုဏ်ရည် စုံညီရုံမျှမက ထိုင်း၊ လာအို၊ သီရိလင်္ကာစသော ထေရဝါဒနိုင်ငံ အသီးသီး တို့မှ ကိုယ်စားလှယ် မဟာနာယက ဆရာတော်ကြီးများ၊ ဆိုင်ရာနိုင်ငံ၏ အကြီးအကဲပုဂ္ဂိုလ်များပါ ကြွရောက်ခဲ့ကြသည့်အတွက် ထိုဆဋ္ဌသင်္ဂါယနာ တင်ပွဲသည် ထေရဝါဒဗုဒ္ဓဘာသာ မြန်မာတစ်နိုင်ငံတည်းက တင်ခဲ့သော ထေရဝါဒဆိုင်ရာ သင်္ဂါယနာတင်ပွဲမဟုတ်ဘဲ ထေရဝါဒနိုင်ငံစုံညီပါဝင် ၍ တင်ခဲ့သော ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ သာသနာ့သမိုင်းတွင် မှတ်တိုင်စိုက်မော်ကွန်းထူနိုင်သော ထေရဝါဒ သင်္ဂါယနာတင်ပွဲကြီး စစ်စစ် ဖြစ်ခဲ့ပါသည်။

ထို့ပြင် ဤဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ မင်းတုန်းမင်းကြီး၏ ကုသိုလ်တော် ကမ္ဘာ့အံ့ချီးဖွယ်ရာ ကျောက်ထက်အက္ခရာ ပိဋကတ် ပါဠိ တော်တို့ကိုမူထား၍ မြန်မာနိုင်ငံအတွင်း ရှေးရှေးဆရာတော်ကြီး အစဉ် အဆက် ကိုင်တွယ်ကြည့်ရှုခဲ့သော ပေမူအစောင်စောင်၊ ပါဠိစာပေ ပညာရှင်ကြီးများဖြစ်ကြသော ပါဠိပါမောက္ခ ဆရာကြီးဦးဖြေ၊ ဦးလင်းမှ စ၍ ပါဠိစာပေကျွမ်းကျင်သော ပညာရှင်တို့ တည်းဖြတ်ပုံနှိပ်ခဲ့သော ပါဠိတော် စာအုပ်မူအမျိုးမျိုး၊ ထေရဝါဒနိုင်ငံများဖြစ်သော သီရိလင်္ကာ၊ လာအို၊ ကမ္ဘောဒီးယား နိုင်ငံတို့မှ နိုင်ငံတော်မူအဖြစ် စံထားသည့် ပိဋကတ် ပါဠိတော်များနှင့် အနောက်တိုင်းပါဠိစာပေ ပညာရှင်တို့ တည်းဖြတ်

အပ်သော လန်ဒန်ပါဠိကျမ်းစာအသင်းထုတ် ပါဠိတော်ကျမ်းစာတို့ကို ကြည့်ရှုသုံးသပ် တိုက်ဆိုင်တည်းဖြတ်ပြီး ထေရဝါဒ ငါးနိုင်ငံအသီးသီး တို့မှ သံဃာကိုယ်စားလှယ်တော် အပါး ၂၅၀၀တို့ သဘောတူအတည် ပြုပြီး ပေါ်ထွက်လာသော ဆဋ္ဌမူ ပိဋကတ်ပါဠိတော်ကြီးသည်လည်း ယခုအခါ ကမ္ဘာ့ဗုဒ္ဓဘာသာစာပေ လောက၌ 'ဆဋ္ဌမူ'ဟူ၍ ထေရဝါဒ မြန်မာဗုဒ္ဓဘာသာဝင်တိုင်း ဂုဏ်ယူလောက်အောင် ဝင့်ထည်လျက်ရှိနေ ခဲ့ပြီဖြစ်ပါသည်။

ထိုဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်စာတော်မူတို့ကို ပုံနှိပ်ရာတွင် လည်း အခြားထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံအသီးသီးက ပုံနှိပ်မှုတို့နှင့် လည်းကောင်း၊ အလွန်စနစ်ကျနသည်ဟု သတင်းကျော်သော လန်ဒန် ပါဠိအသင်း ကျမ်းစာမူတို့နှင့်လည်းကောင်း နှိုင်းယှဉ်ကြည့်ပါက ဆဋ္ဌ သင်္ဂါယနာတင် ပါဠိတော်စာအုပ်များသည် စာအုပ်အရွယ်အစား၊ ထုထည်ပမာဏမှစ၍ အပြင်အဆင်ခန့်သန့်ထည်ဝါမှု၊ အချုပ်အလုပ် သေသပ်ကောင်းမွန်မှု၊ စာလုံးပွိုင့်အရွယ် အစားတည်ငြိမ်မှု၊ စာသား အထားအသိုရှင်းလင်းမှု၊ ခေါင်းစဉ်ကြီး၊ ခေါင်းစဉ်ငယ်၊ ခေါင်းစဉ်ခွဲ များနှင့်တကွ အောက်ခြေ၌ မူကွဲပြသထားမှု၊ ကျမ်းအဆုံးတွင် မှတ်သား ဖွယ်အက္ခရာဝလိ၊ ထူးခြားသောပုဒ်တို့၏ အဘိဓာန်ရာဝလိ စသည်ဖြင့် ဖော်ပြထားလေရာ ဖတ်ရှုရသူတိုင်း ရင်သပ်ရှုမော အံ့သြခြင်းဖြစ်ရ လောက်အောင် ပုံနှိပ်ထားကြောင်းတွေ့ရသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသည် ပွဲပြီးမီးသေဟုဆိုရသော အခြားအခြားသော ပွဲမျိုးနှင့် လုံးဝမတူဘဲ ထိုဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ပြီးစီးခဲ့သည်မှာ ယခုအခါ အနှစ် ၅၀ ကျော်ခဲ့ပြီ ဖြစ်သော်လည်း ဆဋ္ဌသင်္ဂါယနာတင်ပွဲမှ ချမှတ်ထားသော လုပ်ငန်းရပ်များကို ယနေ့တိုင်

မြန်မာနိုင်ငံရှိ သံဃာတော်တို့ ဦးဆောင်၍ နိုင်ငံတော်အစိုးရ အစဉ်အဆက်က ပစ္စယာနုဂ္ဂဟ ထောက်ပံ့လှူဒါန်းလျက် လုပ်ဆောင်နေကြသည်ကိုလည်း တွေ့မြင်နေရပါသည်။ ဤအချက်နှင့်စပ်၍ သက်သေပြရန်မှာ တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ကျမ်းပြုလုပ်ငန်းပင် ဖြစ်ပါသည်။ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးကို ရန်ကုန်မြို့၊ ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်၊ မန္တလေးမြို့၌ မစိုးရိမ်တိုက်၊ မဟာဝိသုဒ္ဓါရုံနှင့် ဘုရားကြီးတိုက်၊ ပခုက္ကူရှိ မဟာဝိသုတာရာမတိုက်ဟူသော ကျောင်း တိုက်ဌာနကြီးတို့တွင် အခြေခံကျမ်းပြုဌာနများထားရှိပြီး စာတတ်အကျော် စာချပုဂ္ဂိုလ် မထေရ်တို့စုပေါင်းကာ ဆဋ္ဌမူ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့မှ ပုဒ်စု အကိုးထုတ်၍ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ပြီးသည့်အချိန်မှစ၍ ပြုစုလာကြရာ ယခုအခါ တိပိဋက ပါဠိ-မြန်မာအဘိဓာန် စာအုပ်အတွဲပေါင်း (၁၉)အုပ်၊ ပုဒ်ပေါင်း တစ်သိန်းသုံးသောင်းကျော် (၁၃၃၅၈၉)ကို စာအုပ်အဖြစ်သို့ ပြုစုပုံနှိပ်နိုင်ခဲ့ပြီဖြစ်သည်။ ထိုတိပိဋက ပါဠိ-မြန်မာအဘိဓာန်သာမက ထိုပါဠိအဘိဓါန်၌ ထည့်သွင်းရန် မလျော်သောပုဒ်ဖွင့်တို့ကို စုပေါင်း၍ ပါဠိပဒပိဋက ကျမ်းညွှန်း အုပ်တွဲ(၄)တွဲ၊ ပုဒ်ပေါင်း ရှစ်သောင်း(၈၀၃၇၉)ကိုလည်း တစ်ပါတည်းပုံနှိပ် ထုတ်ဝေနိုင်ခဲ့ပြီဖြစ်သည်။ ပါဠိစာပေ အဘိဓာန်သမိုင်း တွင် မကြုံစဖူးထူးကဲလှ၍ အလွန်ကျယ်ပြန့် ကြီးမားသော အဘိဓာန် ကျမ်းကြီးဖြစ်ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲပြီးဆုံးမှ တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းကို ပြုစုခဲ့၍ တိပိဋကပါဠိ အဘိဓာန်တို့သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၏ အသီးအပွင့်ဟု ခေါ်ဆိုနိုင်သော်လည်း ဆဋ္ဌသင်္ဂါယနာတင်စဉ်မှာပင် ဆဋ္ဌသင်္ဂါယနာ၏ ဦးဆောင်သာသနာ့ဒါယကာ နိုင်ငံတော်ဝန်ကြီး

ချုပ်၏ တောင်းပန်ချက်အရ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဓမ္မနာဒဆရာတော်ဘုရား အရှင်ဝိစိတ္တသာရာ ဘိဝံသသည် ဆဋ္ဌသင်္ဂါယနာ တင်ကာလကို သမိုင်းတွင်စေရန် အတွဲပေါင်း (၆)တွဲ၊ စာအုပ်အနေဖြင့် မဂ္ဂင်ရှစ်ပါးကို အကြောင်းပြု၍ အုပ်ရေ(၈)အုပ် ဟု မာတိကာခွဲဝေကာ နိုင်ငံတော်မှ မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြုစုခဲ့ပါသည်။ ထိုမင်းကွန်း ဆရာ တော်ကြီး၏ မဟာဗုဒ္ဓဝင်ကျမ်းကြီးသည်လည်း ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကြီးဟူသော ပင်စည်ကြီးမှ ညွန့်လန်း၍ ထွက်ပေါ်လာသော အကိုင်း အခက်ကြီးသဖွယ်ဖြစ်လေသည်။ ယခုအခါ စာမျက်နှာပေါင်း လေးထောင် ခန့် ပမာဏရှိသည့် ထိုမဟာဗုဒ္ဓဝင် ကျမ်းကြီးသည် အတွဲအားဖြင့် ၆–တွဲ၊ စာအုပ်အနေအားဖြင့် ၈–အုပ်ကို အကြိမ်ကြိမ် ပုံနှိပ်ရရုံသာမက ထိုမဟာဗုဒ္ဓဝင်ကျမ်းကြီးကို အင်္ဂလိပ်ဘာသာသို့ The Great Chronicle of Buddhas ဟူသော အမည်ဖြင့် မြန်မာစာပေ ပညာရှင်ကြီးများက ပြန်ဆိုပြီး ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသဖြင့် ကမ္ဘာအနှံ့ ဖြန့်ကာတည်နေပြီ ဖြစ်ပါသည်။

၁၉၅၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပ ရန်အတွက် မြန်မာနိုင်ငံမှ ညောင်ရမ်းဆရာတော်ကြီးအမှူးရှိသော သင်္ဂါယနာဖြစ်မြောက်ရေးဝန်ဆောင် ဆရာတော်ကြီးများသည် ထိုင်း နိုင်ငံ၊ သီရိလင်္ကာနိုင်ငံများသို့ ကြွခဲ့ကြရပါသည်။ ထိုသို့ မြန်မာဆရာတော် ကြီးများ ပြည်ပနိုင်ငံများသို့ ကြွကြရသည့်အစဉ်အလာသည် ဆဋ္ဌ သင်္ဂါယနာပွဲ ကျင်းပနေချိန်၌လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ပြီးမြောက်အောင်မြင်ပြီးသည့် အချိန်၌လည်းကောင်း အဆက်မပြတ် ဖြစ်ကာ ဂျပန်နိုင်ငံ၊ သြစတြေးလျနိုင်ငံ၊ ကမ္ဘောဒီးယား နိုင်ငံစသည့် နိုင်ငံများသို့ပါ ဓမ္မဒူတခရီးအဖြစ် ဆက်လက်ကြွချီတော်မူကာ ယနေ့

ကျော်ကြားလျက်ရှိသော နိုင်ငံခြားသာသနာပြုလုပ်ငန်းသည် ထိုအခါက အမြစ်တွယ် အခြေချနိုင်ခဲ့ခြင်းမှာလည်း ဆဋ္ဌသင်္ဂါယနာတင်ပွဲမှ ထွက်ပေါ်လာသော အကျိုးကျေးဇူး တစ်ခုဖြစ်ပါသည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ပြီးစီးသည့်နောက် ပါဠိစာပေနှင့် ပါဠိပိဋကတ်တို့ကို မြန်မာနိုင်ငံက ဦးဆောင်နိုင်မှန်း အခြားထေရဝါဒ နိုင်ငံများအပါအဝင် ဗုဒ္ဓဘာသာနိုင်ငံအသီးသီးတို့က သိရှိကြသည့်အတွက် အခြားနိုင်ငံများမှ ပါဠိစာပေ၊ ပါဠိပိဋကတ်တော်များ လေ့လာရန် ရှင်လူတို့ ရောက်ရှိလာကြရာ ဆဋ္ဌသင်္ဂါယနာတင် ကမ္ဘာအေးကုန်းမြေမှာပင် ဗုဒ္ဓစာပေလေ့လာရေးဌာနတို့ကို ဖွင့်လှစ်ကာ သင်ကြားပေးခဲ့ရပါသည်။ ဤဌာနသည် တဖြည်းဖြည်းပြောင်းလဲ တိုးတက်လာခဲ့ရာ ယခုအခါ နိုင်ငံတော်အစိုးရ၏ အားပေးမှုဖြင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ်ကြီး ဖြစ်ပေါ်လာသည်အထိ အောင်မြင်ဖြစ်ထွန်းခဲ့ပြီ ဖြစ်ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲကာလအတွင်း သင်္ဂါယနာ၏ ပုစ္ဆကဖြစ်တော်မူသော မဟာစည် ဆရာတော်ကြီးနှင့် ထိုစဉ်က မြန်မာနိုင်ငံအတွင်း ထင်ရှားလျက်ရှိသော ဝိပဿနာစုရ ကျောက်ဆည်ဝေဘူဆရာတော်ကြီး၊ မြင်းခြံ စွန်းလွန်းဆရာတော်ကြီး၊ သထုံ မင်းကွန်းဇေတဝန်ဆရာတော်ကြီး အစရှိသော ဝိပဿနာလုပ်ငန်း ပြသလျက်ရှိသော ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်တွင် ငွေစာရင်းမင်းကြီး ဦးဘခင်အမှူးပြုသော အပြည်ပြည်ဆိုင်ရာဝိပဿနာ ကမ္မဋ္ဌာန်းဌာန စသည်တို့နှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲလာ ပြည်ပနိုင်ငံတို့မှ ဆရာတော်တို့ ဆက်သွယ်မိကြကာ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ပြီးဆုံးသည့် နောက်တွင် ထိုဝိပဿနာကမ္မဋ္ဌာန်းဌာနများသို့ နိုင်ငံတကာမှ ဗုဒ္ဓဘာသာယောဂီတို့

လာရောက်၍ တရားအားထုတ်ကြခြင်း၊ ထို့ပြင် ထိုထိုသော နိုင်ငံရပ်ခြား သို့လည်း မြန်မာဝိပဿနာ တရားစခန်းများ ဖွင့်လှစ်ခွင့်ရခဲ့ခြင်းတို့ အတွက် ယခုအခါ မြန်မာဝိပဿနာ ဆရာတော်ကြီးများသည် ကမ္ဘာအနှံ့ တရားပြသနိုင်ခဲ့ပြီ ဖြစ်လေသည်။ ဤသည်မှာလည်း ဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီးမှ ပေါက်ဖွားလာသော အသီးအပွင့်တစ်ခုဟု ဆိုနိုင်သည်ပင်။

စင်စစ် ၁၉၅၃ ခုနှစ်တွင် ဆင်ယင်ကျင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီးအတွက် စစ်ဘေးစစ်ဒဏ်ကြောင့် မွဲပြာကျနေသော လွတ်လပ် ပြီးစ မြန်မာနိုင်ငံသည် အခြားသော နိုင်ငံတော်ထူထောင်ရေးလုပ်ငန်း များနှင့်အတူ ဗုဒ္ဓသာသနာတော်ကို သူမတူအောင် ချီးမြှောက်ထောက်ပံ့ လိုက်သည့်အတွက် သာသနာတော်မြတ်ကြီးသည် ထိုအခါမှစ၍ မြန်မာ နိုင်ငံတွင်း၌သာမက ကမ္ဘာတစ်လွှား၌ပါ ပြန့်နှံ့၍ တည်ထွန်း တောက်ပ ခဲ့ရသည်ဖြစ်ရာ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသည်ကား ကမ္ဘာ့ဗုဒ္ဓသာသနာ ပြု လုပ်ငန်းကြီးတစ်ခုဖြစ်ရုံသာမက မြန်မာနိုင်ငံ၏ အမည်သည်လည်း ဗုဒ္ဓဘာသာသမိုင်းတွင် သာသနာအတွက် စွမ်းစွမ်းတမံ စွမ်းဆောင်နိုင် ခဲ့သော နိုင်ငံတစ်ခုအဖြစ် သမိုင်းမော်ကွန်း တည်ထွန်းနေမည် ဖြစ်ပါ ကြောင်း တင်ပြလျက် ဤစာတမ်းကို နိဂုံးချုပ်အပ်ပါသည်။ ။

## ကျမ်းကိုးစာရင်းများ

### (က) ဆဋ္ဌသင်္ဂါယနာတင်ပိဋကတ်တော်မှ ပါဠိတော်စာရင်း

၁။ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂပါဠိတော်
၂။ ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်
၃။ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂပါဠိတော်
၄။ မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်
၅။ မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်
၆။ မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်
၇။ သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ-နိဒါနဝဂ္ဂသံယုတ္တပါဠိတော်
၈။ သံယုတ္တနိကာယ်၊ ခန္ဓဝဂ္ဂ-သဠာယတနဝဂ္ဂသံယုတ္တပါဠိတော်
၉။ သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ္တပါဠိတော်
၁၀။ ဧကက၊ ဒုက၊ တိက၊ စတုက္ကနိပါတပါဠိတော်
၁၁။ ပဉ္စက၊ ဆက္က၊ သတ္တကနိပါတပါဠိတော်
၁၂။ အဋ္ဌက၊ နဝက၊ ဒသက၊ ဧကာဒသကနိပါတပါဠိတော်
၁၃။ ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တက၊ သုတ္တနိပါတပါဠိတော်
၁၄။ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာပါဠိတော်
၁၅။ ထေရာပဒါန်ပါဠိတော်
၁၆။ ထေရီအပဒါန်၊ ဗုဒ္ဓဝံသ၊ စရိယာပိဋကပါဠိတော်
၁၇။ ဇူဠနိဒ္ဒေသပါဠိတော်
၁၈။ မဟာနိဒ္ဒေသပါဠိတော်
၁၉။ ဇာတကပါဠိတော်၊ ပထမအုပ်

၂၀။ ဇာတကပါဠိတော်၊ ဒုတိယအုပ်
၂၁။ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်
၂၂။ မိလိန္ဒပဉှာပါဠိတော်
၂၃။ ဝိနယပိဋက၊ ပါရာဇိကပါဠိတော်
၂၄။ ဝိနယပိဋက၊ မဟာဝဂ္ဂပါဠိတော်
၂၅။ ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်
၂၆။ ဝိနယပိဋက၊ ပရိဝါရပါဠိတော်
၂၇။ ဓမ္မသင်္ဂဏီပါဠိတော်
၂၈။ ဝိဘင်္ဂပါဠိတော်

**(ခ) အဋ္ဌကထာများ**

၁။ ဗုဒ္ဓဃောသ၊ မဟာထေရ၊ အင်္ဂုတ္တရနိကာယအဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၆၈။
၂။ ဗုဒ္ဓဃောသ၊ မဟာထေရ၊ ဗုဒ္ဓဝံသ အဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၆၈။
၃။ ဗုဒ္ဓဃောသ၊ မဟာထေရ၊ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၈၀။
၄။ ဗုဒ္ဓဃောသ၊ မဟာထေရ၊ ဓမ္မပဒအဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၉၂။
၅။ ဗုဒ္ဓဃောသ၊ မဟာထေရ ဇာတကအဋ္ဌကထာ (ပထမအုပ်) (ဒုတိယအုပ်)
သာသနာရေးဦးစီးဌာန၊ ၁၉၆၈။
၆။ ဗုဒ္ဓဃောသ၊ မဟာထေရ၊ ခုဒ္ဒကပါဌအဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၅၈။

၇။ ဗုဒ္ဓဃောသ၊ မဟာထေရ သုတ္တနိပါတအဋ္ဌကထာ
ပထမအုပ်၊ ဒုတိယအုပ်။
သာသနာရေးဦးစီးဌာန၊ ၁၉၅၈။

၈။ ဗုဒ္ဓဃောသ၊ မဟာထေရထေရဂါထာအဋ္ဌကထာ၊
ပထမအုပ်၊ ဒုတိယအုပ်။
သာသနာရေးဦးစီးဌာန၊ ၁၉၅၉။

၉။ ဗုဒ္ဓဃောသ၊ မဟာထေရ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၅၇။

၁၀။ဗုဒ္ဓဃောသ၊ မဟာထေရ မူလပဏ္ဏာသအဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၇၀။

၁၁။ဗုဒ္ဓဃောသ၊ မဟာထေရ သံယုတ္တနိကာယအဋ္ဌကထာ၊
(ပ၊ဒု၊တ) သာသနာရေးဦးစီးဌာန၊
၁၉၇၀

၁၂။ဗုဒ္ဓဃောသ၊ မဟာထေရ၊ မူလပဏ္ဏာသအဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၉၃။

၁၃။ဓမ္မပါလ၊ မဟာထေရ စရိယာပိဋကအဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၅၉။

၁၄။ဓမ္မပါလ၊ မဟာထေရ၊ ဣတိဝုတ္တကအဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၅၈။

၁၅။ ဗုဒ္ဓဃောသ၊ မဟာထေရ၊ ပါစိတျာဒိအဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၈၆။

၁၆။ ဗုဒ္ဓဃောသ၊ မဟာထေရ၊ ပဥ္စပကရဏအဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၉၁။

၁၇။ ဗုဒ္ဓဃောသ၊ မဟာထေရ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊
ပထမအုပ်
သာသနာရေးဦးစီးဌာန၊ ၁၉၆၁။
၁၈။ ဗုဒ္ဓဃောသ၊ မဟာထေရ ပါရာဇိကကဏ္ဍ အဋ္ဌကထာ၊
ဒုတိယအုပ်
သာသနာရေးဦးစီးဌာန၊
၁၉။ ဓမ္မပါလ၊ မဟာထေရ၊ ဥဒါနအဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၅၈။
၂၀။ ဓမ္မပါလ၊ မဟာထေရ၊ ဝိမာနဝတ္ထုအဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၅၈။
၂၁။ မဟာနာမ၊ မဟာထေရ၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ပထမအုပ်)
(ဒုတိယအုပ်)၊
သာသနာရေးဦးစီးဌာန၊ ၁၉၅၈။
၂၂။ ပေါရာဏ၊ မဟာထေရ၊ အပဒါနအဋ္ဌကထာ
သာသနာရေးဦးစီးဌာန၊ ၁၉၅၉။

**(ဂ) ဋီကာများ**

၁။ ကဿပ၊ မဟာထေရ၊ ဝိမတိဝိနောဒနီဋီကာ
သာသနာရေးဦးစီးဌာန၊ ၁၉၆၀။
၂။ သာရိပုတ္တ၊ မဟာထေရ၊ သာရတ္ထဒီပနီဋီကာ
သာသနာရေးဦးစီးဌာန၊ ၁၉၆၂။

**(ဃ) အခြားကျမ်းဂန်စာပေများ**

၁။ ကုမာရ၊ အရှင်– ဗုဒ္ဓအလိုတော်ကျသာသနာတော်
သန့်ရှင်း တည်တံ့ ပြန့်ပွားရေး၊
ပါရမီစာပေ၊ ရန်ကုန်။ ၁၉၉၄။

၂။ ကုလား၊ ဦး– မဟာရာဇဝင်ကြီး၊ အတွဲ–၁၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ၁၉၅၆။

၃။ ကေလာသ၊ အရှင်– မန္တလေးသာသနာဝင်၊ ပထမတွဲ၊ သာသနာရေးဦးစီးဌာန ရန်ကုန်၊ ၁၉၈၀။

၄။ ကေလာသ၊ အရှင် မန္တလေးသာသနာဝင်၊ ဒုတိယတွဲ၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၁၉၈၂။

၅။ ကေလာသ၊ အရှင် မန္တလေးသာသနာဝင်၊ စတုတ္ထတွဲ၊ သာသနာရေးဦးစီးဌာန ရန်ကုန်၊ ၁၉၈၅။

၆။ ကေလာသ၊ အရှင် မန္တလေးသာသနာဝင်၊ ပဉ္စမတွဲ၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၁၉၈၆။

၇။ ကေလာသ၊ အရှင် မဟာဝံသပါဠိ အတွဲ–၁၊ တိ–နိ ဥပဋ္ဌာကအဖွဲ့၊ ရန်ကုန်၊ ၁၉၈၉။

၈။ ကေလာသ၊ အရှင် ဆဋ္ဌသင်္ဂါယနာသမိုင်းတော်ကြီး၊ ပထမတွဲ၊ သီရိနန္ဒာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၉၇။

၉။ ကျီးသဲလေးထပ် ဓိနတ္ထပကာသနီ၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၁၉၉၇။

၁၀။ ကြန်၊ ဒေါ်၊ မြန်မာနိုင်ငံအခြေအနေ(၁၈၈၅–၈၆)၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၊ ၁၉၇၃။

၁၁။ ကြန်၊ ဒေါ်၊ လောဒ်ဒပ်ဖရင့်မန္တလေးသို့ လာရောက်စဉ်က(၁၈၈၆)နိုင်ငံသမိုင်း သုတေသနစာစောင်၊ စာပေဗိမာန် ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၇၉။

၁၂။ ကြန်၊ ဒေါ်၊ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေး (၁၈၈၆–၈၇)၊ မြန်မာရတနာစာပေ၊ ရန်ကုန်၊ ၂၀၀၃။
၁၃။ ကြန်၊ ဒေါ်၊ ကုန်းဘောင်၏နောက်ဆုံးအားမာန်၊ မြန်မာ့ရတနာ စာပေ၊ ရန်ကုန်၊ ၂၀၀၄။
၁၄။ ခင်ခင်လေး၊ ဒဂုန်၊ ရတနာပုံ၏နိဒါန်းနှင့် နိဂုံး (အပိုင်း–၁)၊ တော်ဝင်မြို့မစာပေ၊ ရန်ကုန်၊ ၂၀၀၃။
၁၅။ ငြိမ်းကျော်၊ ငွေတောင်၊ စာသဘင်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၇၃။
၁၆။ ငြိမ်းမောင်၊ ရှေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ရန်ကုန်၊ ၁၉၈၃။
၁၇။ စောလူ၊ မြန်မာစာပေထဲက ယွန်း၊ အယုဒ္ဓယ (၁၅၄၈–၁၆၁၄) MHRJ. No.8. Dec. 2001. UHRC. ရန်ကုန်။
၁၈။ စံကျော်င်း၊ ဆရာတော်၊ ရှူဠဝဂ္ဂပါဠိတော်နိဿယသစ်၊ အတွဲ–၂။ ပဒေသာပိဋကတ်ပုံနှိပ်တိုက်၊ မန္တလေး၊ ၁၉၉၂။

၁၉။ စံသာအောင်၊ ဦး၊ အာနန္ဒစန္ဒြမင်းကျောက်စာ၊ တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ရန်ကုန်။

၂၀။ စိုးဝင်း၊ သူရိယ ဗုဒ္ဓပိဋကတ်တော်သင်္ဂါယနာတင်သမိုင်း၊ ပြည့်သူ့အလင်းစာပေ၊ ရန်ကုန်၊ ၁၉၅၃။

၂၁။ စက္ကိန္ဒ၊ အရှင်၊ လက်ဝဲသလုံးတော်ဓာတ်သမိုင်း၊ ရခိုင်သားကြီးစာပေ၊ ရန်ကုန်၊ ၁၉၉၄။

၂၂။ စည်ရှင်ဆရာတော်၊ ဝိသုဒ္ဓါရုံသုတ်နက်ဋီကာ၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၂၀၀၃။

၂၃။ ဆုရှင်၊ မောင်၊ မြတ်ဘုရားရွှေတိဂုံ၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၇၅။

၂၄။ ဇနကာဘိဝံသ၊ အရှင်၊ စူဠဝဂ္ဂဘာသာဋီကာ၊ နယူးဘားမား ပုံနှိပ်တိုက်၊ ၁၃၅၆။

၂၅။ ဇနကာဘိဝံသ၊ အရှင်၊ ပါရာဇိကဏ်ဘာသာဋီကာ၊ နယူးဘားမားပုံနှိပ်တိုက်၊ ၁၉၉[illegible]။

၂၆။ ဇနကာဘိဝံသ၊ အရှင်၊ သီလက္ခန္ဓဘာသာဋီကာ၊ အတွဲ [illegible]၊ နယူးဘားမားပုံနှိပ်တိုက်၊ ၂၀၀၄

၂၇။ ဇာဂရာဗုဒ္ဓိ၊ အရှင်၊ သီဟိုဠ်လင်းရောင်ခြည်၊ သမတပုံနှိပ်တိုက်။ မန္တလေး၊ ၁၉၅၅။

၂၈။ ဇော်အောင်ထွတ်၊ မြန်မာနိုင်ငံပိဋကတ်တိုက်စာကြည့်တိုက်များ၊ စာပေဗိမာန်၊ ၂၀၀၁။

၂၉။ ဉာဏ်၊ ဆရာ၊ ပါဠိဓာတ်အဘိဓာန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၄။

၃၀။ ဉာဏ်၊ ဆရာ၊ သင်္ဂါယနာကြည်ညိုဖွယ်အသွယ်သွယ်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၅၅။

၃၁။ ဉာဏ်၊ ဆရာ၊ နိကာယသင်္ဂဟ၊ သာသနာရောင်ခြည်၊ အတွဲ–၈၊ အမှတ်–၂။ ဗုဒ္ဓသာသနာအဖွဲ့၊ ရန်ကုန်၊ ၁၉၅၉။
၃၂။ ညောင်ရမ်းဆရာတော် ညောင်ရမ်းဝိနိစ္ဆယပေါင်းချုပ်ကျမ်း၊ အတွဲ–၁၊ ဣစ္ဆာသယပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၈၂။
၃၃။ ညွန့်ညွန့်ဝေ၊ တောင်ခွင်သာသနာတော်လက်ထက် အရေးအခင်းများ (၁၉၀၃–၁၉၃၈)၊ မန္တလေးတက္ကသိုလ်၊ သမိုင်းဌာန၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ လက်နှိပ်စက်မူ၊ ၁၉၆၉။
၃၄။ သန်းထွန်း၊ Dr. မြန်မာ့ရက်စွဲသမိုင်း၊ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်၊ ၂၀၀၅။
၃၅။ တိုက်စိုး၊ မင်းတုန်းမင်း၊ ရာပြည့်စာပေပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၉၈။
၃၆။ တင်၊ ဦး၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ အတွဲ–၃။ ဗဟိုပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၇၀။
၃၇။ တင်ရွှေ၊ ဆရာဝန်၊ အမျိုးသားရေးနှင့် မြန်မာ့ဆေးပညာရှင်များ၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၉၈။
၃၈။တင်နိုင်တိုး၊ ကုန်းဘောင်မင်းဆက်ရုပ်ပုံလွှာ၊ ပြည့်စုံပုံနှိပ်တိုက်၊ ရန်ကုန်၊ ၂၀၀၃။
၃၉။ တင်နိုင်တိုး ကုန်းဘောင်ခေတ်ရက်စွဲသမိုင်း (၁၇၅၂–၁၈၈၅)၊ ပြည့်စုံပုံနှိပ်တိုက်၊ ရန်ကုန်၊ ၂၀၀၄။

၄၀။ တွင်းသင်းတိုက်ဝန် အလောင်းမင်းတရားကြီးအရေး
တော်ပုံ၊ ဟံသာဝတီပုံနှိပ်တိုက်၊
မဟာစည်သူ ၁၉၄၃။

၄၁။ ထေရိန္ဒ၊ အရှင်၊ ဝိနည်းသာသနာနှင့်ရှင်ဥပါလိထေရ်၊
သာသနာတက္ကသိုလ်မဟာဓမ္မာစရိယ
ဘွဲ့အတွက်တင်သွင်းသောကျမ်း၊
လက်နှိပ်စက်မူ၊ ၁၉၉၂။

၄၂။ ထွန်းမြင့်၊ ဦး၊ ပါဠိသတ်အဘိဓါန်၊ ၁၉၆၈။

၄၃။ ဓမ္မာဘိဝရ၊ ဦး၊ ဓမ္မဝိနယဝံသသာသာလိနီကျမ်း၊ ပန်းတောင်း
မဟာထေရုပ္ပတ္တိကထာ၊
သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၉၇၃။

၄၄။ ဓမ္မသကြီ၊ မဟာ၊ သာသနလင်္ကာရစာတမ်း၊ ၁၉၅၆။

၄၅။ နံမော်ဆရာတော်၊ သီလဝိသောဓနီ၊ သာသနာရေးဦးစီးဌာန၊
ရန်ကုန်၊ ၁၉၉၂။

၄၆။ နန္ဒိသေန၊ ဦး၊ သာရတ္ထဒီပနီဋီကာနိဿသစ် အတွဲ–၁၊
၁၉၈၀။

၄၇။ နှင်းကေသရာ၊ မြန်မာနိုင်ငံအုပ်ချုပ်ရေးစနစ်အမျိုးမျိုး
(၁၉ရာစုမှ၂၀ရာစုအထိ)၊ မြဝတီစာပေ၊
ရန်ကုန်၊ ၁၉၉၇။

၄၈။ ပညာသာမိ၊ အရှင်၊ အက္ခရာဝိသောဓနီ၊ ရတနာဒီပပုံနှိပ်တိုက်၊
မန္တလေး ၁၉၅၃။

၄၉။ ပညာနန္ဒ၊ အရှင်၊ ပထမသင်္ဂါယနာနှင့်အရှင်မဟာကဿပ၊ သာသနာတက္ကသိုလ မဟာဓမ္မာစရိယဘွဲ့ အတွက် တင်သွင်းသောကျမ်း၊ လက်နှိပ်စက်မူ၊ ၁၉၉၅။

၅၀။ ပုည၊ ဦး၊ သာသနာလျှောက်နှင့်ဆွမ်းတော်ကြီး စာတမ်း၊ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၉။

၅၁။ ပုည၊ ဦး၊ စာပန်းကုံးများ အတွဲ-၂၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရန်ကုန်၊ ၁၉၉၁။

၅၂။ ပဏ္ဍိတ၊ အရှင်၊ ရွှေကျင်နိကာယသာသနာဝင်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ရွှေဟင်္သာဆရာတော် ၁၉၆၃။

၅၃။ ဖေမောင်တင်၊ ဦး၊ စမ္ဗူ့ဒီပဥဆောင်းကျမ်း၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ရန်ကုန်၊ ဖာနီဗလ်၊ ဂျေ၊ အက် ၁၉၆၀။

၅၄။ ဖိုးကျား၊ ဦး၊ မြောက်ပိုင်းဗုဒ္ဓဘာသာမဟာယာနဂိုဏ်း၊ မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်၊ ၁၉၅၄။

၅၅။ မိုလ်လေး၊ ဒေါက်တာ၊ ဗုဒ္ဓဇာတာတော်နှင့် ဖြစ်စဉ် လက်တွေ့သုတေသနကျမ်း၊ ဒေါက်တာမိုလ်လေးစာပေ၊ရန်ကုန်၊ ၁၉၈၉။

၅၆။ ဘော၊ ဦး၊ ရတနာမဋ္ဌုဘုရားကျောက်စာနှင့် အဋ္ဌုပ္ပတ္တိစာတမ်း၊ မြန်မာ့တာရာပုံနှိပ်တိုက်၊ မန္တလေး၊ ၁၉၅၄။

၅၇။ ဘုန်းကျော်၊ အင်္ဂလိပ်–မြန်မာစစ်သမိုင်း၊
နတ်မောက်စွန်ရဲစာပေ၊ ရန်ကုန်၊ ၂၀၀၁။
၅၈။ မဟာစည်၊ ဆရာတော်၊ ဝိသုဒ္ဓိမဂ်မြန်မာပြန်၊ ပထမတွဲ၊ ၁၉၇၉။
၅၉။ မဟာစည်၊ ဆရာတော် ပြဿျဝါဒတတ်တော်၊ ဇော်စာပေ၊ ၁၉၅၀။
၆၀။ မာနိတသီရိ၊ ဥူးနှင့် စံကင်းဂုရုပ္ပတ္တိကထာ။ ၁၉၇၂။
နန္ဒမာလာ၊ ဥူး
၆၁။ မဲထီးဆရာတော်၊ ဝံသဒီပနီ၊ ဟံသာဝတီပုံနှိပ်တိုက်၊
ရန်ကုန်၊ ၁၉၆၆။
၆၂။ မိုးကြည်၊ မေမြို့၊ ဘွဲ့တံဆိပ်တော်ဂုဏ်ရည် သမိုင်းချုပ်နှင့်
ဘွဲ့တံဆိပ်တော်ရမဟာ ထေရ်ကြီးများ၊
ဇော်မင်းစာပေပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၈၀။
၆၃။ မင်းထင်ရာဇာ၊ စစ်ကဲ မန္တလေးရတနာပုံမဟာရာဇဝင်တော်ကြီး၊
တက်နေလင်းပုံနှိပ်တိုက်၊ မန္တလေး၊ ၁၉၆၉။
၆၄။ မောင်မောင်၊ ဦး၊ သံဃာ့ဂိုဏ်းကြီးကိုးဂိုဏ်းအကြောင်း၊
စိန်ပန်းမြိုင်စာပေ၊ ရန်ကုန်၊ ဓမ္မဃောသက၊
၁၉၈၉။
၆၅။ မောင်မောင်ကျော်၊ ဦး၊ မန္တလေးမြို့တည်နန်းတည်စာတမ်း၊
ရတနာဒီပပုံနှိပ်တိုက်၊ စည်သူ၊ မန္တလေး၊
၁၉၅၉။

| | |
|---|---|
| ၆၆။ မောင်မောင်တင်၊ ဦး | ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ အတွဲ–၃။ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၈။ |
| ၆၇။ မွန်ဗိုကေ၊ ဗြဟ္မစာရီ၊ | မိလိန္ဒပဉှာအကျဉ်းချုပ်၊ ပဌမပိုင်း၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၅၈။ |
| ၆၈။ ရာကျော်၊ ဦး၊ | မြန်မာမဟာမင်္ဂလာမင်းခမ်းတော်၊ အနော်ရထာ ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၈။ |
| ၆၉။ ရွှေဥမင်ဆရာတော် | ပါရာဇိကဏ်အဋ္ဌကထာနိဿယ၊ ဇမ္ဗူမိတ်ဆွေပုံနှိပ်တိုက်၊ ၁၉၆၁။ |
| ၇၀။ ရှမ်း၊ ဦး၊ | သာသနဝံသကထာစာတမ်း၊ ဗြိတိသျှဘားမား ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၂၂။ |
| ၇၁။ လူဖေဝင်း၊ ဦး၊ | ရွှေတိဂုံမွန်ကျောက်စာ၊ ရွှေသိန်းပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၅၈။ |
| ၇၂။ လေးမောင်၊ မောင် | မြန်မာနိုင်ငံရေးသမိုင်း ပထမတွဲ၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၅၆။ |
| ၇၃။ လေးမြင့်၊ ဦး၊ | အခြေခံပါဠိစာပေသမိုင်း၊ တက္ကသိုလ်များပုံနှိပ် တိုက်၊ ရန်ကုန်၊ ၁၉၇၆။ |
| ၇၄။ လယ်တီ၊ ဆရာတော်၊ | နိရုတ္တိဒီပနီ၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၁၉၇၀။ |
| ၇၅။ လယ်တီ၊ ဆရာတော်၊ | ဂမ္ဘီရကဗျာကျမ်း၊ မြတ်ဆုမွန် စာပေ၊ ရန်ကုန်၊ ၂၀၀၄။ |

၇၆။ လှ၊ ဦး၊ လူထု၊ — သတင်းစာများကပြောတဲ့ စစ်အတွင်းဗမာပြည်၊ တတိယတွဲ၊ ကြီးပွားရေးပုံနှိပ်တိုက်၊ မန္တလေး၊ ၁၉၆၈။

၇၇။ လှကျော်၊ ဦး၊ — ဆဋ္ဌသင်္ဂါယနာတင်လိုဏ်ဂူတော်သမိုင်း၊

၇၈။ လှပိုင်၊ ဦး၊ — လယ်တီပခန်းသာသနာပိုင်၊ ဂန္ထဝင်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၈၁။

၇၉။ လှသမိန်၊ — ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ်၊ ဟံသာဝတီပုံနှိပ် တိုက်၊ ရန်ကုန်၊ ၁၉၆၁။

၈၀။ သီရိဓမ္မ၊ ဦးနှင့် — မဟာဝိသုဒ္ဓါရာမိကထေရုပ္ပတ္တိဒီပနီ၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ပဏ္ဍိတ၊ လယ်တီ၊ ရန်ကုန်၊ ၁၉၇၅။

၈၁။ သီလာနန္ဒာဘိဝံသ — မဟာစည်ဆရာတော်ထေရုပ္ပတ္တိ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၊ အရှင်၊ ရန်ကုန်၊ ၁၉၇၉။

၈၂။ သူရိယာဘိဝံသ၊ အရှင်၊ — ညောင်ရမ်းဆရာတော်ဘုရားကြီးသမိုင်း၊ တိုင်းချစ်ပုံနှိပ်တိုက်။

၈၃။ သောဘန၊ အရှင် — မဟာဒွါရနိကာယသာသနာဝံသဒီပနီ၊ လယ်တီ မဏ္ဍိုင်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၇၄။

၈၄။ သန်းထွန်း၊ ဒေါက်တာ — မဟာကဿပဂိုဏ်း၊ JBRS. xø. ii. Dec. 1959.

၈၅။ သိန်း၊ ဦး၊ — ဆံတော်ထိမ်း ကမ္ဘာအေးစေတီသမိုင်း။

၈၆။ သိမ်းမောင်၊ — အလောင်းဘုရား၊ ၁၉၃၈။

၈၇။ သိမ်းမောင်၊ — ရန်ကုန်ရာဇဝင်သမိုင်း၊ ဓွဲပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၆။

၈၈။ ဟုတ်စိန်၊ ဦး၊ ပါဠိ–မြန်မာအဘိဓာန်၊ ၁၉၅၉။
၈၉။ အာဒိစ္စဝံသ၊ အရှင် ဗုဒ္ဓသာသနာသမိုင်း၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၂၀၀၅။
၉၀။ အုန်း၊ ဒေါ်၊ ပါဠိစာပေသမိုင်း၊ ၁၉၅၆။
၉၁။ အာလောက၊ ဦး၊ သောတတ္ထကီပါဠိနိသျ၊ သုဓမ္မဝတီ ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၂၈။
၉၂။ အုံ၊ မောင်၊ ဗုဒ္ဓသာသနာတော်၂၅၀၀ခရီး၊ ပုသိမ်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၇၇။
၉၃။ ဣန္ဒာဝဓိရ၊ ဆဋ္ဌသင်္ဂါယနာတင်လက်ာသမိုင်း၊ သုဓမ္မဝတီ ပုံနှိပ်တိုက်၊ ရန်ကုန်၊
၉၄။ ဩဘာသာဘိဝံသ၊ သုတေသနသရုပ်ပြအဘိဓာန်၊ သာသနာရေးဝန်ကြီးဌာန၊ အရှင် ရန်ကုန်၊ ၂၀၀၂။
၉၅။ မန္တလေးမြို့ပရိယတ္တိသာသနဟိတအသင်း အနှစ်(၅၀)မြောက် အတ္ထုပ္ပတ္တိစာစောင်၊ သုခဝတီပုံနှိပ်တိုက်၊ ၁၉၄၈။
၉၆။ ဓမ္မနာဒဆရာတော်ဘုရား၏သက်တော်(၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ထေရုပ္ပတ္တိအကျဉ်း၊ မင်းကွန်းတိပိဋက ရေ စိန်ရတုပူဇော်ရေးအဖွဲ့၊ ၁၃၄၈။
၉၇။ မြန်မာစွယ်စုံကျမ်း၊ အတွဲ–၁၊ မြန်မာနိုင်ငံဘာသာပြန် စာပေအသင်း၊ ၁၉၅၄။
၉၈။ တိပိဋကဓရရွှေရတုစာစောင် (၁၃၁၀–၁၃၆၀)၊ သာသနာရေး ဝန်ကြီးဌာန၊ ၁၉၉၈။

၉၉။ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့် အထိမ်းအမှတ်မော်ကွန်း၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ၂၀၀၄။
၁၀၀။ ၁၃၁၄–ခု၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာ သံဃအဖွဲ့ ဥပဒေအပိုင်း(ဂ)၊ ဆဋ္ဌသင်္ဂါယနာလုပ်ငန်းစဉ် ဥပဒေသကထာ၊ ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၆၂။
၁၀၁။ မြန်မာ–အင်္ဂလိပ် အဘိဓာန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ ၁၉၉၃။
၁၀၂။ လူထုသင်္ဂါယနာမော်ကွန်း၊ ဣန္ဒာသယပိဋကတ်တိုက်၊ ရန်ကုန်၊ ၁၃၁၈။
၁၀၃။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ စုံစမ်းစစ်ဆေးရေးကော်မတီ အစီရင်ခံစာ၊ နိုင်ငံတော်ဗုဒ္ဓ သာသနာအဖွဲ့၊ ၁၉၆၂။
၁၀၄။ ပါဠိ–ပဒကျမ်းညွှန်း၊ အ–ဝဂ်၊ အတွဲ–၂၊ ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၇၃။
၁၀၅။ မြန်မာအဘိဓာန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ ရန်ကုန်၊ ၁၉၉၁။

## (င) ဆောင်းပါးများ

၁။ ခင်ခင်စု၊ ဒေါ်၊ သာသနာရေးဦးစီးဌာနပိဋကတ်တိုက် (ဆောင်းပါး)၊ သာသနာ့ရောင်ခြည်၊ အတွဲ–၁၊ အမှတ်–၄၊ ၁၉၈၂။
၂။ စောမင်းနွယ်၊ အာနန္ဒစန္ဒြမင်းရေးကူးသောပိဋကတ်တော် လာသည်ထေရဝါဒမြောက်ဦး ပိဋကတ်တော် လာဖြစ်သည်။ (ဆောင်းပါး) ရခိုင်မဂ္ဂဇင်းငွေရတု၊ သန်းထိုက်ရတနာ ပုံနှိပ်တိုက်၊ ရန်ကုန်၊၂၀၀၃။

၃။ ညွှန့်မောင်၊ ဦး၊ ပိဋကတ်ကျမ်းစာမိတ်ဆက် (ဆောင်းပါး) တက္ကသိုလ်ပညာပဒေသာဝိဇ္ဇာစာစောင်၊ အတွဲ–၁၁၊ အမှတ်–၂၊ ရန်ကုန်၊ ၁၉၇၆။

၄။ နီတွတ်၊ သကျသီဟစာမေးပွဲသမိုင်း (ဆောင်းပါး) သန်းထွန်း ၇၅ မွေးနေ့လက်ဆောင်–ရှာရှာဖွေဖွေမြန်မာသမိုင်း၊ အတွဲ–၂။ အင်းဝစာပေ၊ ရန်ကုန်၊ ၁၉၉၉။

၅။ မုဏိစေ၊ ဦး၊ ပဥ္စမသင်္ဂါယနာမော်ကွန်းစာ (ဆောင်းပါး) မြောက်ဦး၊ ရခိုင်ယဉ်ကျေးမှုများ၊ အမှတ်–၄၊ ရခိုင်သားကြီးစာပေ၊ ရန်ကုန်၊ ၁၉၉၅။

၆။ မြကေတု၊ မင်းတုန်းမင်းနှင့်ငါးခြောက်ပြား (ဆောင်းပါး)နန်းခလေ့မှတ်တမ်းများ၊ နှလုံးလှစာပေ၊ ရန်ကုန်၊ ၁၉၆၆။

၇။ မြသောင်း၊ ဦး၊ ဗုဒ္ဓတက္ကသိုလ်အနုပညာပြတိုက် (ဆောင်းပါး)သာသနာရောင်ခြည်၊ အတွဲ–၁၊ အမှတ်–၂၊ ၁၉၈၁။

၈။ မွန်ပိုကေ၊ ဗြဟ္မစာရီ ဗြသိန်မည်ခေါ်ဆင်းရုပ်တုတော်၊ အပိုင်း–၂ (ဆောင်းပါး) ရတနာမွန်မဂ္ဂဇင်း၊ အတွဲ–၁၃၊ အမှတ်–၁၁၊ ၁၉၈၆။

၉။ မှိုင်း၊ သခင်၊ ရာဇဝင်နီတိ (ဆောင်းပါး) ကိုယ်တော်တိုးတက်ရေးမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၁၉၃၃။

၁၀။ သော်၊ မောင်၊ ဘုရင်အနော်ရထာသထုံမြို့ကို
စစ်တိုက်ပါ၏လော (ဆောင်းပါး)၊
အတွေးအမြင်သစ်များ၊ ချိုးဖြူစာပေ၊
ရန်ကုန်၊ ၁၉၆၅။
၁၁။ သိန်း၊ မော်ဘီ၊ ရှင်စောပုအရိုးအိုး (ဆောင်းပါး)
သူရိယမဂ္ဂဇင်း၊ ဇန္နဝါရီ၊ ၁၉၂၉။
၁၂။ သိန်းလှိုင်၊ ဦး၊ ဝိနယပိဋကလာလူမှုဆက်ဆံရေး
(စာတမ်း) တက္ကသိုလ်သုတေသနစာစောင်၊
အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်၊ ၁၉၈၀။
၁၃။ အမာ၊ ဒေါ်၊ လူထု၊ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး (စာတမ်း)
လူ့မိတ်ဆွေစာအုပ်၊ ၁၉၇၂။
၁၄။ အောင်ထွတ်၊ ဦး၊ ပထမသင်္ဂါယနာ (ဆောင်းပါး)
တက္ကသိုလ်ပညာပဒေသာစာစောင်၊
အတွဲ–၂၊ အပိုင်း ၃။ ၁၉၆၇။
၁၅။ သင်္ဂါယနာစာစောင် အတွဲ–၁၊ အမှတ်–၁၊
နိုင်ငံတော်ဗုဒ္ဓ သာသနာအဖွဲ့၊ ၁၉၅၂။
၁၆။ သင်္ဂါယနာစာစောင် အတွဲ–၁၊ အမှတ်–၁၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၃။
၁၇။ သင်္ဂါယနာစာစောင် အတွဲ–၁၊ အမှတ်–၂၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၃။
၁၈။ သင်္ဂါယနာစာစောင် အတွဲ–၁၊ အမှတ်–၃၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၃။
၁၉။ သင်္ဂါယနာစာစောင် အတွဲ–၁၊ အမှတ်–၆၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၃။

၂၀။ သင်္ဂါယနာစာစောင် အတွဲ–၁၊ အမှတ်–၇၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၃။
၂၁။ သင်္ဂါယနာစာစောင် အတွဲ–၁၊ အမှတ်–၉၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၃။
၂၂။ သင်္ဂါယနာစာစောင် အတွဲ–၄၊ အမှတ်–၁၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၅။
၂၃။ သာသနာရောင်ခြည်အတွဲ–၁၊ အမှတ်–၁၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၂။
၂၄။ သာသနာရောင်ခြည်အတွဲ–၁၊ အမှတ်–၃၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၃။
၂၅။ သာသနာရောင်ခြည်အတွဲ–၄၊ အမှတ်–၂၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၅။
၂၆။ သာသနာရောင်ခြည်အတွဲ–၃၊ အမှတ်–၂၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၆။
၂၇။ သာသနာရောင်ခြည်အတွဲ–၅၊ အမှတ်–၂၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၆။
၂၈။ သာသနာရောင်ခြည်အတွဲ–၆၊ အမှတ်–၂၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၇။
၂၉။ သာသနာရောင်ခြည်အတွဲ–၇၊ အမှတ်–၁၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၈။
၃၀။ သာသနာရောင်ခြည်၊ အတွဲ–၈၊ အမှတ်–၂၊
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၉။
၃၁။ သာသနာရောင်ခြည်၊ အတွဲ–၁၊ အမှတ်–၂၊
သာသနာရေးဦးစီးဌာန၊ ၁၉၈၃။

**Secondary Sources**


| | | |
|---|---|---|
| 1. | A,,diccavam·sa, Ashin | Buddha Sasana Thamaing. Sarpay Beikman, Yangon, 2005 |
| 2. | Adikaram, E.W. | Early History of Buddhism in Ceylon. M.D. Gunasena and Co.Ltd., Colombo, 1953. |
| 3. | Banerjee, A.C. | Sarāstivāda Literature. Calcutta Oriental Press, Calcutta, 1957. |
| 4 | Bapat, P. V | 2500 year of Buddhism. Tara Art Press, Sixth Reprint, New Delhi, May, 1997. |
| 5. | Basham, A.L | The Wonder that was India. Fontana, Collins, Reprint, 1967. |
| 6. | Beal, S. (tr.) | Hiuen Tsiang's Buddhist Records of The Western World. Vol II. Kegan Paul, Trench, Trubner, London, 1906. |

| | | |
|---|---|---|
| 7. | Brohm, John Frank | Burmese Religion and the Burmese Religious Revival. University Microfilms, A Xerox Company, USA, 1957 |
| 8. | Buddhadatta, A.P | The Early Buddhist Councils; in Corrections of Geiger's Mahāvam·sa, The A„nanda Book Company, Ceylon, 1957. |
| 9. | Buddhadatta, A.P | Concise Pāli-English Dictionary. Motilal Banarsidass Publishers Private Limited, Delhi, Colombo, Reprint, Delhi, 2002. |
| 10. | Burhell, A.C | Hobson-Jobson. Dhlhi. 1968. |
| 11. | Bu-ston | The History of Buddhism Vol. II. Heidelberg, 1932 |
| 12. | Cady, John F | A History of Modern Burma, Cornell University Press, Ithaca and London, 1978. |

13. Childer, R.C. A Dictionary of the Pāli Language. Kegan Paul, Trench, Trubner and Co. Ltd, London, 1909.

14. Chula Chakrabongse Lords of Life: A History of the Kings of Thailand. DD Books, Bangkok, 1982.

15. Codrintong, H.W. A Short History of Ceylon. Macmillan and Co. Ltd., London, 1947.

16. Davids, Rhys. T.W. (ed.) The Pāl™i Text Society's Pāl™i English Dictionary. London, 1959.

17. Davids, Rhys. T.W Buddhist India. Motilal Banarsid SS, Delhi, 1971.

18. Dey, N.L The Geographical Dictionary of Ancient and Mediavel India, Orient Reprint, New Delhi, 1971.

19. Dutt, Nalinaksha Early Monastic Buddhism. Calcutta, 1945.

20. Eitel, Ernest J. Handbook of Chinese Buddhism. Amsterdam Philo Press, 1970.

21. Ferguson, John .P The Symbolic Dimensions of Burmese Sangha. Cornell University, Ph.D, Diss, 1975.

22. Finot, L. Mahāparinibbana Sutta and Cullavagga: in the Journal Indian History Quaterly, 1932.

23. Franklin Degerton Buddhist Hybrid Sanskrit Grammar and Dictionary Vol. II, Yale, University Press, Yale, 1953.

24. Frank Perera The Early Buddhist Historiography of Ceylon. Ph.D Diss., Gottingen, 1974.

25. Geiger, W The Mahāvam·sa or The Great Chronicle of Ceylon. The Ceylon Government Information Department, Colombo, 1950.

26. Geiger, W — The Mahāvam-sa or The Great Chronicle of Ceylon, Asian Educational Services, New Delhi, Madras, 2000

27. Guillon, Emmanuel — The Mons. The Siam Society, Bangkok, 1999.

28. Hall, D.G.E — Burma. Hutchinson University Library, London, 1960.

29. Harvey, G.E. — History of Burma. Frank Cass & Co. Ltd, London, 1967.

30. Herbert Keuneman — Insight Guides: Sri Lanka. Tien Wah Press, Singapore, 1983.

31. Hiuen Tsiang — Buddhist records of the Western World Vol. 2. Kegan Paul, Trench, Trubner, London. 1906.

32. Horner, I. B (tr.) — Minlinda's Questions. Vol. I. Luzac & Company Ltd., London, 1964.

33. Horner, I. B (tr.) — The Book of the Discipline, Vol. V. Luzac & Co.Ltd, London, 1952.

34. Horner, I. B — The Book of The Discipline. Vol. IV. Luzac & Co. Ltd. 1951.

35. Horner, I. B — The Book of The Discipline, (Vinaya-Pit™aka), Vol. V, (Cullavagga), Luzac & Co. Ltd. 1952.

36. Horner, I. B (tr.) — Chronicle of Buddhas. PTS, London, 1975.

37. Hui Li — The Life of Hsuan Tsang. The Chinese Buddhist Association, Peking, 1959. Pali Pitaka Kyan Hnyun, A-Wag, Vol. II, 1973

38. Law, B.C — A Manual of Buddhist Historical Traditions. University of Calcutta, 1941.

39. Law, B.C — The Life and Work of Buddhaghosa. Thacker, Spink & Co. Ltd, Calcutta, and Simla, 1923.

40. Law, B.C (ed.) — Dīpavam-sa. Saman Press, Ceylon, 1959.

41. Law, B C — The History of the Buddha's Religion (Sāsanavam-sa). Luzac & Co., Ltd. London, 1952.

42. Ledi, Sayadaw — A Manual pf Buddhism. DRA Press, Yangon. 1978.

43. Ling, T.O — A Dictionary of Buddhism, Charles. Scribner's Sons, New York, 1972.

44. Luce. G. H — Old Burma Early Bangan Vol. 1. New York. 1969.

45. Majumdar, R.C — Buddhist Councils: in Buddhistic Studies. Thacker, Spink and Co. Ltd Calcutta. 1931.

46. Malalasekera, G.P — The PālTMi Literature of Ceylon Royal Asiatic Society of Great Britain and Ireland, London, 1928.

47. May, R. Le — The cultire of South-East Asia. George Allen& Unwin Ltd. London. 1956.

48. Mendelson, — Sam·gha and State in Burma. A Study of Monastic E. Michael Sectarianism and Leadership. Cornell University Press, Ithaca and London, 1975.

49. Minayeff (ed.) — The Sandesakathā. JPTS, 1885.

50. Mitra, D — Buddhist Monuments, Sahitya Samsad, Calcutta, 1971.

51. Muller, F. Max — Sacred Book of The East, Vol. XXXV. Oxford University Press, 1890.

52. Myo Myint, Dr. The Politics of Survival in Burma: Diplomacy and Statecraft in the Reign of King Mindon, 1853-1878. Cornell University. Ph.D. Diss, 1987.

53. Nedimāle JPTS. 1890
Saddhamma Sam·gaho. Saddhānanda(ed.)

54. Ni Ni Myint, Daw A His.ory of Myanmar
dependence struqqle Vol-1 (1885-
1895). Ministry of Education. 1986.

55. Norman, K.R. Pāl™i Literature. Otto Harrassocwitz, Wiesbadan, 1983.

56. Nu, U U Nu Saturday's Son. New Haven and London, Yale University Press, 1975.

57. Nundo Lal Dey The Geographical Dictionary of Ancient and Mediaeval India. Oriental Books Reprint Corporation, 1971.

58. Obermiller, E The Account of The Buddha's Nirvana and the First Councils

According to the Vinayaksudraka: in the India Historical Quarterly, 1932.

59. Oldenberg, H (ed.) The Dīpavam·sa. Asian Educational Services, New Delhi, 2001.

60. Oldenberg, H (ed.) Vinaya Pit™akam·. Humphrey Milford, London, 1929.

61. Pamela Gutman Burma's Lost Kingdoms: Splendours of Arakan. Orchid Press, Bangkok, 2001.

62. Pearn, B.R A History of Rangoon. American Baptist Mission Press, Rangoon, 1939.

63. Perera, Frank The early Buddhist historiography of Ceylon. Ph.D Dissertation. Gottingen. 1974.

64. Phayre, Sir Arthur P. History of Burma. Susil Gupta, London, 1967.

65. Pierre Pichard The pentagonal mounuments of Bangan. White Lotue. Bangkok. 1919.

66. Ray, Niharranjan — An Introduction to the study of Theravāda Buddhism in Burma. University of Calcutta, 1946.

67. Revata Dhamma, Ven. — The Buddha and his Disciples Birmingham Buddhist Vihara, United Kingdom, Okkar Kyaw Press, 2001

68. Rockhill (tr.) — The Life of Buddha. Trench. Trubner & Co. Ltd, London, 1907.

69. Romila Thapar — A History of India. 1982.

70. Saddhātissa, H — The Buddha's Way. George Allen & Unwin Ltd, London, 1970.

71. Saddhātissa, H — Pāl™i Literature of Thailand: in Buddhist Studies in Honour of I.B Horner. D Reidel Bublishing Company, Dordrecht, Holland, 1974.

72. Sarkisyanz. E — Buddhist Backgrounds of the Burmese Revolution. The Hague, Martinus Nijhoff, 1965.

73. Smith Donald Eugene — Religion and Politics in Burma. Princeton, New Jersey, Princeton University Press, 1965.

74. Smith, V. A — The Early History of India. Clarendon Press, Oxford 1924.

75. Spearman, H.R. — The British Burma Gazetteer, Vol.I. Government Press, Rangoon, 1880.

76. Strong, John. S — The legend of King Asoka. delhi. 1989.

77. Strong, John. S — The legend and cult of Upaguta. Princeton. New Jersy. 1992.

78. Sylvia Fraser-Lu — Burmese Lacquerware. The Tamarind Press, Bangkok, 1985.

79. Tāranatha — History of Buddhism in India. Indian Institute of Advanced Study, Simla, 1970.

80. Taik Soe, — Mindon Min. Yarpyae Saroak Taik, Yangon, 1998.

81. Taw Sein Kho — Some remarks on Kalyani Inscriptions. Education Society, Bombay. 1894.

82. Taw Sein Ko — Some Remarks on the Kalyani Inscriptions. Education Society, Bombay, 1894.

83. Tettoni, S.V.L.I — The Arts of Thailand. Travel Publishing Asia Ltd, Hong Kong, 1985.

84. Thaw Kaung & Ni Ni Myint (tr.) — Sithu Gamani Thingyan's Zinme Yazawin. UHRC, Yangon, 2003.

85. Thomas, E. J. — The life of Buddha. London. 1949.

86. William Dwight — The Root, Verb-Forms and Primary derivatives of the Whitney Sanskrit Language. A supplement to his Sanskrit Grammar, New Haven, Connecticut, 1945.

87. Winterniz. M — A history of Indian literature. Vol. 2. Delhi, Reprint. 1999.

88. Yule, Captain Henry A Narrative of the Mission Sent by The Governor-General of India to the Court of Ava in 1855, London, 1858.

